
www.burmeseclassic.com



BURMESE CLASSIC .com

# ခင်ခင်ထူး

# သုံးလွန်းတင်

(ဝတ္ထုလတ်၃-ပုဒ်စုစည်းမှု)

မင်္ဂလာလှည်း ၊ သဒိုး ၊ ကပွဲယ

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၅၀၁၃၉၇၁၁၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၀၁၃၉၈၁၂၁၀

**ထုတ်ဝေခြင်း**

ဒီဇင်ဘာလ၊ ၂၀၁၀။

ပထမအကြိမ်၊ ၁၀၀၀ အုပ်

**မျက်နှာဖုံးပန်းချီ**

ပန်းသမုဒ္ဒရာ

**အတွင်းပန်းချီ**

မောင်မောင်သိုက်၊ ကျော်ဖြူစံ၊ မုတ်သုန်

**အဖုံးဖလင်**

Eagle

**အတွင်းဖလင်**

A-7 Group (Asia Plaza)

**ကွန်ပျူတာစာစီ**

Dream City

**တန်ဖိုး**

၂၅၀၀ ကျပ်

**ထုတ်ဝေသူ** ဦးဝင်းချို (ရွှေစာအုပ်တိုက်)၊ အမှတ် ၂၁၂၊ ၃၁လမ်း၊ ရန်ကုန်မြို့ ထုတ်ဝေ၍ ဒေါ်ချိုချိုအေး ရွှေပုံနှိပ်တိုက်၊ အမှတ် ၃၃၀-၃၃၂၊ အောက်ပုဇွန်တောင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၌ မျက်နှာဖုံးနှင့်အတွင်းစာသားများ ပုံနှိပ်ပါသည်။

၈၀၈.၁၃

ခင်ခင်ထူး

သုံးလွန်းတင် (ဝတ္ထုလတ်သုံးပုဒ်စုစည်းမှု)/ ခင်ခင်ထူး- ရန်ကုန်၊

ရွှေစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၃၅၊ ၁၃.၇× ၂၁.၅ စင်တီ။

(၁) သုံးလွန်းတင် (ဝတ္ထုလတ်သုံးပုဒ်စုစည်းမှု)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## ရှုဝံ့ စာအုပ်တိုက်က ထုတ်ဝေပြီးစာအုပ်များ


၁၁၆။ ရသစာပေ၏သဘော — မောင်ဂျို
၁၁၇။ ဈေးခြင်းတောင်း — ခင်ခင်ထူး
၁၁၈။ ဆရာကောင်းတစ်ယောက် ဖြစ်ရလေအောင် — လူအောင်
၁၁၉။ ကုံကော်လက်ဆောင် စာစီစာကုံးများ — ဖြိုးသာရ
၁၂၀။ အနှစ်နှစ်မွှမ်းအားရှင် သင် — မြတ်ငြိမ်း
၁၂၁။ ဆယ့်နှစ်ကြိုးဝတ္ထုတိုများ — နေဝင်းမြင့်
၁၂၂။ ဟိုးရှေးရှေးတုန်းက ဂျပန်ပုံပြင်များ — နွန်းရီချွေရည်
၁၂၃။ ကလေးတွေသုံး အင်္ဂလိပ်စကားလုံး — ညွှန့်ဝေမိုး
၁၂၄။ ကမ္ဘာတလွှားမှ ထူးဆန်းအံ့ဖွယ်ပုံပြင်များ — နွန်းလဲ့ချွေရည်
၁၂၅။ ကြခတ်တောနှင့် စိမ့်စမ်းရေ ကဗျာများ — မောင်တင်ဗိုင်
၁၂၆။ ကြာဆစ်ကြိုး မဥ္ဇင်းဝတ္ထုရှည်များ — ခင်ခင်ထူး
၁၂၇။ သည်ခရီး သည်ထီးဆောင်း — မသက်ချွေ
၁၂၈။ လှည်းယဉ်ကြော ဝတ္ထုတိုများ — ခင်ခင်ထူး
၁၂၉။ ကျောက်ဆစ်ရုပ်မှ လက်တစ်ချောင်းနှင့် လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ — ကလောင်စုံ
၁၃၀။ ပညာခေတ်၏ရနံ့စာစီစာကုံးများ (၅) — မောင်မောင်ဦး (မဟာဝိဇ္ဇာ)
၁၃၁။ နိုင်ငံတကာရိုးရာပုံပြင်များ — သီဟန်သွင်
၁၃၂။ ရက်ကန်းလွန်း ဝတ္ထုတိုများ (ဒုတိယအကြိမ်) — ခင်ခင်ထူး
၁၃၃။ ဂျပန်ဟာသများ — မြင့်ချွေဦး
၁၃၄။ ရေသွန်မြစ် ဝတ္ထုတိုများ (ဒုတိယအကြိမ်) — နေဝင်းမြင့်
၁၃၅။ အညာသူအညာသား ကျွန်မချွေမျိုးများ (တတိယအကြိမ်) — ခင်ခင်ထူး
၁၃၆။ ပန်းကြာဝတ်မှုန် (ဒုတိယအကြိမ်) — ခင်ခင်ထူး
၁၃၇။ နန်းခလေ့ မှတ်တမ်းများ (ဒုတိယအကြိမ်) — မြကေတု
၁၃၈။ ဘာသာစကားသုတေသန — ဒေါက်တာအောင်မြင့်ဦး
၁၃၉။ ဝိမိုနင်းဝတ္ထုတို ၁၀၀ — ဝိမိုးနင်း
၁၄၀။ လမ်းကြောင်းသစ် အက်ဆေးများ — ညွှန့်ဝေမိုး
၁၄၁။ စားဖွယ်စုံလင် အလှဆင် — နေမျိုးနိုင်
၁၄၂။ ဉာဏ်စမ်း အိုင်ကျူ — မောင်ရေအေး (ဟားဗတ်တက္ကသိုလ်)
၁၄၃။ ပန်းခင်းအလွန်လမ်းနှင့် ရသစာတမ်းများ — မောင်ရင့်မာ (ကျောင်းကုန်း)နှင့် ကျောင်းကုန်း စည်မှူး
၁၄၄။ ဖက်စိမ်းကွမ်းတောင်ဝတ္ထုတိုများ (စတုတ္ထအကြိမ်) — ခင်ခင်ထူး


**ယခု**


၁၄၅။ သုံးလွန်တင် (ဝတ္ထုလတ်သုံးပုဒ်စုစည်းမှု) — ခင်ခင်ထူး


**ဆက်လက်၍**


၁၄၆။ မြန်မာ့ဓာတ်သဘင်သမိုင်း (ဒုတိယအကြိမ်) — မောင်သိန်းနိုင်


# သုံးလွန်တင် (ဝတ္ထုလတ်သုံးပုဒ်စုစည်းမှု)

ခင်ခင်ထူး

ဝင်လာလည်း

သိုး

ကျိုယ

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | |
|---|---|
| ခေါ်လာလှည်း ... ... ... | ၅ |
| သဒိုး ... ... ... | ၉၁ |
| တဗ္ဗိယ ... ... ... | ၁၆၁ |


## အမှာစာ

(၁)

ကျွန်မရေးဖြစ်ခဲ့သော ဝတ္ထုလတ်သုံးပုဒ်ကို စုစည်းကာ 'သုံးလွန်းတင်' အမည်ဖြင့် ထုတ်ဝေလိုက်ပါသည်။ ကျွန်မရေးဖြစ်သမျှ ဝတ္ထုတို၊ ဝတ္ထုလတ်၊ မဂ္ဂဇင်းဝတ္ထုရှည်များကို စုစုစည်းစည်းထုတ်ဝေရန် အကြောင်းရှိလာတိုင်း မြန်မာဆန်ဆန် ခေါင်းစည်းတစ်ခု ရွေးချယ်လေ့ရှိပါသည်။

သနပ်ခါးပွင့်ဝတ္ထုတိုများ၊ ဖက်စိမ်းကွမ်းတောင်ရွှေ ဝတ္ထုတိုများ၊ ဆံရစ်ဝိုင်း ဝတ္ထုတိုများ၊ ပါးကွက်ကျား ဝတ္ထုတိုများ၊ လှည်းယဉ်ကြော ဝတ္ထုတိုများ၊ ရက်ကန်းလွန်းဝတ္ထုတိုများ၊ ကြာဆစ်ကြိုးမဂ္ဂဇင်း ဝတ္ထုရှည်များ၊ ပန်းစည်းကြိုးမဂ္ဂဇင်း ဝတ္ထုရှည်များ စသည်ဖြင့် ကျေးလက်ရနံ့ပါအောင် အမည်ကင်ပွန်းတပ်ခြင်းကို ဆိုလိုပါ၏။ ယခုလည်း ရွှေဝံစာပေက ဝတ္ထုလတ်သုံးပုဒ်ကို ထုတ်ဝေရန် စီစဉ်သည့်အခါ ကျွန်မ ပေးနေကျထုံးစံ ကျေးလက်ရနံ့ပါသော အမည်ကိုဝင် ပေးလိုက်ရပါသည်။

သုံးလွန်းတင်။

"အိမ်နေသူ့သက်ပန်၊ ချက်ပြောင်းဆန်ကို၊ တစ်ပန်းကန်ကုန်အောင်၊ ဘက်တက်သာပြောင်ရော့၊ ကိုတောင်သူ့အနေ၊ ဗိုက်ဝမ်းရေပတ်လည်ကျရယ်နှင့်၊ ယဉ်လှတယ်လေး" ဆိုသလို ကျွန်မတို့ ငယ်ဘဝတုန်းက ဗိုက်ကားအောင်စားခဲ့ရသည့် သုံးလွန်းတင်။

(၂)

သုံးလွန်းတင်ဆိုသော အခေါ်အဝေါ်ကို ကျွန်မ ငယ်စဉ်ကတည်းက အကြားနာခဲ့ရဖူးပါ၏။ ကျွန်မတို့ ရွာပြန်ကြပြီဆိုလျှင် ကျွန်မကြီးတော် (အမေ့အစ်မ) က 'ထမင်းစားပျက်လှသအေ၊ သုံးလွန်းတင် ထမင်းကလေးချက်ဦးမှပါ' ဆိုကာ မှတ်မှတ်ရရ ချက်ကျွေးလေ့ရှိသည်။ သုံးလွန်တင် ထမင်းဆိုတာက ဆန်ကြမ်း၊ ပြောင်းဆန်နှင့် ပဲကို သုံးမျိုးဆတူရောကာ မြေအိုးဖြင့် ရေခန်းချက်သော ရွာထမင်းတစ်မျိုး ဖြစ်ပါ၏။ သုံးလွန်းတင်ထမင်း အငွေ့တထောင်းထောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို နှမ်းဆီကလေးရွှဲရွှဲဆမ်း၊ ဆားပြက်သိကာနှင့် လောလောနယ်ကာ လက်ဖြင့်ဆုပ်ဆုပ်စားရတာကပင် အရသာတစ်မျိုးထူးလှသည်။ သည်ကြားထဲ ငါးခြောက်ဖုတ်ကလေး၊ ရေတ်သီးငပိထောင်းကလေးနှင့် တွဲဖက်လိုက်လျှင် စားမိသူအဖို့ ရာ ဇွဲသတ်လို့ပင်မရနိုင်။ အရသာလည်းရှိ၊ အာဟာရကလည်းပြည့်။ သုံးလွန်းတင် ထမင်း၏ သဘာဝအတိုင်း ပူပူနွေးနွေးမှာ ပျောင်းပျောင်းအိအိ ရှိသော်လည်း အေးသွားလျှင်တော့ သူ့ထက်မာသော၊ ကြမ်းသောထမင်း မရှိတော့ပြီ။ ထမင်းတစ်လုတ် လည်ချောင်းထဲဆင်းဖို့အရေး ဟင်းရည်ချွဲချွဲနှင့် မျှောချပါမှ ဝမ်းထဲ ရှောရှောရှူရှူ ကျရတော့၏။ ထိုကြောင့်ပင် သုံးလွန်းတင်ထမင်း၏ တွဲဖက်မှာ ပီလောရွက်ဟင်းချို ဖြစ်ရသည်။

"ခေတ်ပျက်တုန်းက ရွာတွေမှာ အစားရေစာက ရှားသာကောအေ့၊ ငတို့ရွာတွေက စပါးမထွက်တော့ ဆန်ဆိုသာ တစ်ရွာလုံးဆွဲချလို့မှ တစ်အိတ် အနိုင်နိုင်ဟာကိုး။ ရှိတဲ့ဆန်ဆိုတာကလည်း ဆန်ကြမ်း။ သည်တုန်းကများ ဆန်ဖြူချက်စားနိုင်သဲ့လူ ဘုရင်ခံပေါ့အေ့။ ကိုယ့်အခင်းက မဖြစ်ညစ်ကျယ်ထွက်သဲ့ ပဲတစ်စလယ်နဲ့ ဖွပ်ထားသဲ့ ပြောင်းဆန်ကလေးဖက်ပြီး မကောင်းရင်ခံချက်စားရသာ။ ဆန်ကလေးရှိရင် နတ်ကိုးကြတ်သလို ကြတ်ထားရသာများ ကျစ်ကျစ်ပါလို့။ ဆန်ကြမ်းရယ်၊ ပဲရယ်၊ ပြောင်းရယ် သုံးမျိုးစပ်ပြီး သုံးလွန်းတင်ထမင်း ချက်စားခဲ့ရသာများ အခါပျက် တစ်ပျက်လုံးပဲ။ တို့ရွာတွေမှာ သုံးလွန်းတင် ထမင်းကို ဆင်းရဲသားထမင်း ခေါ်ကြသာ။ ဝမ်းကလေး 'အင့်' ရင်ပြီးရကြေးကိုးအေ့"

သုံးလွန်းတင်ထမင်းနှင့် ကာလခရီး ဆက်ခဲ့ကြရသော တောသူတောင်သား ဘိုးဘွားတို့၏ ညည်းသံကပင် ရင်နင့်စရာ၊ လွမ်းစရာ။ ဥတုကလေး အခါကလေး ကောင်းပြန်တော့လည်း ဆန်ဖြူထမင်းဘက် လှည့်နိုင်ကြပါ၏။ သို့သော် ခံတွင်းမမြိန်တိုင်း သုံးလွန်းတင်ထမင်း တကူးတက ချက်စားတတ်ကြသော မိကြီးဖကြီးတို့၏ခံစားမှုကို ကျွန်မ နားမလည်နိုင်ပါ။

သုံးလွန်းတင်ချက်မည့်နေ့ဆိုလျှင် ကြီးတော်က ပြောင်းဆန်ကလေး ရေစိမ်ကာ မောင်းဆုံထဲထည့်ကာ ချော့သည်။ ချော့သည်ဆိုတာက ညက်ညက်ကွဲအောင် ပြင်းပြင်းမထောင်းဘဲ အခွံကျွတ်ရုံ ဖွဖွကလေး ချော့ထောင်းတာကို ဆိုလိုပါသည်။ ပြောင်းဆန်အခွံကျွတ်ကို ရေစင်စင်ဆေးကာ ဆန်ခါကုံးဖြင့် စစ်ထားရသည်။ ပဲနီပြားတွေကို အိုးကင်းဖြင့် လှော်သင်းကာ ကျောက်ပေါ်တင် ကြိတ်၊ ပဲကျေတွေရတော့ ရေဆေး။ ဆန်ဆတူထည့်ပြီး မြေအိုးဖြင့် ပွက်ပွက်



ဆူအောင် ရေခန်းကျိုကာ မီးကျိုးအေးဖြင့် နှပ်ထားလိုက်လျှင် သုံးလွန်းတင် ထမင်းရပြီ။ တစ်ယောက်တစ်ဆုပ် ပလုပ်ပလောင်းစားကြရုံဖြင့် အိုးလုံးပြောင်တော့သည်။

(၃)

ကျွန်မ ရေးဖြစ်ခဲ့သော ဝတ္ထုလတ်သုံးပုဒ်ကို ပြန်စဉ်းစားကြည့်တော့ အဓိက ဇာတ်ရုပ်များမှာ အမျိုးသားတွေချည်းဖြစ်နေတာ သတိထားမိပါသည်။ ကျွန်မရေးနေကျဆိုလျှင် မိန်းမသားဇာတ်ရုပ်တွေသာ များခဲ့သည်။ ကျွန်မ ပထမဆုံး ရေးဖြစ်သည့် ဝတ္ထုလတ်မှာ 'မင်္ဂလာလှည်း' ဖြစ်သည်။ ကျွန်မ မောင်တစ်ယောက်၏ ကိုယ်တွေ့ဖြစ်ရပ်ကို အခြေခံသောဇာတ် ဖြစ်ပါ၏။ သည်ဝတ္ထုလတ်ကို ကျွန်မတို့ မန္တလေးက စာရေးဆရာ ဆရာစိုးဘားဒိုင်ရေးသော ဝတ္ထုလတ်တစ်ပုဒ်နှင့် ပူးတွဲကာ လင်းလွန်းခင်စာပေက ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ဆရာစိုးဘားဒိုင်က သူ့ဒေသ၊ သူ့ဝန်းကျင်ကလာသော ပင်လယ်နောက်ခံဝတ္ထုသတ် တစ်ပုဒ်ရေးသည်။ ကျွန်မ ဝတ္ထုလတ်က အညာနောက်ခံ ဝတ္ထုလတ်နှစ်ပုဒ်ကို ပေါင်းပြီး ပင်လယ်ဖြတ်တဲ့ လှည်းအမည်ဖြင့် ထုတ်ဝေဖြစ်ခဲ့သည်။ မင်္ဂလာလှည်း ဝတ္ထုလတ်ရေးပြီးသည့်နောက်ပိုင်း နောက်ထပ် ဝတ္ထုလတ်နှစ်ပုဒ် ကျွန်မ ရေးဖြစ်ခဲ့ပါသည်။

BURMESE CLASSIC .com

တစ်ပုဒ်က 'ကပ္ပိယ' ကပ္ပိယဝတ္ထုလတ်ကိုတော့ ပေဖူးလွှာမဂ္ဂဇင်း အခန်းဆက် ဝတ္ထုရှည်အဖြစ် ဖော်ပြရန် ကျွန်မ ပေးထားခဲ့သည်။ တတိယတစ်ပုဒ်ဖြစ်သော 'သဒိုး' ဝတ္ထုလတ်ကိုတော့ ကလျာမဂ္ဂဇင်းကို ပေးခဲ့သည်။ ကပ္ပိယဝတ္ထုမှာ မြန်မာ့ကျေးလက် ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကပ္ပိယအဖြစ်အဝရပ်တည်သော ကပ္ပိယကြီး စံလှဘော်အကြောင်းဖြစ်၍ သဒိုးဝတ္ထုလတ်ကတော့ ကျွဲ၊ နွား တိရစ္ဆာန်များကို ပေါ်ပေးရသော အသားထိုးသမား ဒိုးကလေးအကြောင်း ဖြစ်သည်။ (ကျွန်မတို့ရွာတွေမှာ နွားသတ်သမား၊ ကျွဲသတ်သမားလို့ ရင့်ရင့်သီးသီး မခေါ်ပါ။ အသားထိုးသမား သို့မဟုတ် သားထိုးလို့သာ ခေါ်ကြသည်။ သားထိုးကို သဒိုးလို့ အသံထွက်ကြပါသည်) မင်္ဂလာလှည်းကတော့ တပည့်တစ်ယောက်ကို သတို့သမီးလိုက်တောင်းရမ်းပေးခဲ့သော လူမှုရေးစိတ်ကြီးသူ လိုချစ်တိုးဆိုသူ၏ မင်္ဂလာခရီးအတွင်း ကြုံရသော ဒုက္ခတွေကို ဟာသကဲကဲ သရုပ်ဖော်ထားခြင်း ဖြစ်ပါ၏။

အမျိုးသားဇာတ်ရုပ်တွေကို ဝတ္ထုလတ်သုံးပုဒ်အဖြစ်ရေးပြီးမှ သည်အချက်ကို ကျွန်မ သတိပြုမိခဲ့ခြင်း ဖြစ်သည်။ ဝတ္ထုလတ်သုံးပုဒ်တွင်ပါသော ဘဝ

www.burmeseclassic.com

www.burmeseclassic.com




တွေကို သုံးပုဒ်ပေါင်း၍ အမည်ခေါင်းစီးတစ်ခုပေးချင်မိရာက 'သုံးလွန်းတင်' ဆိုသည့် အမည်ကို ရွေးချယ်လိုက်ရခြင်း ဖြစ်ပါ၏။

(၄)

သည်ဝတ္ထုလတ်သုံးပုဒ်ကို စုစည်းထုတ်ဝေပေးသည့် ကိုဝင်းချို (ရွှေဝံစာပေ) မျက်နှာဖုံးသရုပ်ဖော်ပုံနှင့် အတွင်းသရုပ်ဖော်ပုံများ ရေးဆွဲပေးကြသော ပန်းချီဆရာ ပညာရှင်များကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောလိုပါသည်။ မူရင်းပုံနှိပ် ဖော်ပြပေးခဲ့ကြသော လင်းလွန်းခင်စာပေ၊ ပေဖူးလွှာမဂ္ဂဇင်းနှင့် ကလျာမဂ္ဂဇင်း အယ်ဒီတာများကိုလည်း ကျေးဇူးတင်ပါသည်။ ချစ်စွာသော စာဖတ်ပရိသတ်၏ မေတ္တာကိုခံယူလျက် အားပေးခြင်းအတွက်လည်း ထာဝရ ကျေးဇူးဥပကာရ တင်ရပါ၏။

ချစ်ခင်လေးစားလျက်
ခင်ခင်ထူး
[၂၀၁၀ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ မန္တလေး]



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာလှည်း

## (၁)

အဲသည်နေ့က ကိုချစ်တိုး မနက်အစောကြီး နိုးနေတယ်။ ခါတိုင်း မနက် ရှစ်နာရီ မနိုးချင်တဲ့ ကိုချစ်တိုး။ ခြောက်နာရီထနိုင်အောင် ညဘက်က နာရီသံပတ် ပေးထားရတာပါ။ ကိုချစ်တိုး မိန်းမကတော့ ခုတလော ကိုချစ်တိုး လုပ်နေတာ တွေကို မကြည်သာပါဘူး။ ကိုယ့်ကိစ္စ မဟုတ်။ ကိုယ့်အလုပ် မဟုတ်။ တစ်ဆင့်ခံ လူကြီးလုပ်ချင်တာကို မကြိုက်တာ။ ကိုချစ်တိုးနဲ့ ကိုကျော်သန်းက တစ်ရပ်ကွက် တည်းလည်းဖြစ်ပြန်၊ စီးပွားသောင်သာသူချင်းလည်း ဖြစ်ပြန်ဆိုတော့ နှစ်အိမ် တစ်အိမ် ခင်မင်ကြတာတော့ မှန်ပါရဲ့။ အခု မိန်းမတောင်းမယ့် မောင်ကြိုင် နဲ့ ကိုချစ်တိုးနဲ့က ဘာမှမဆိုင်ဘူး။ မောင်ကြိုင်က သံရည်ကျိုစက်ပိုင်ရှင် ကိုကျော်သန်းရဲ့ တပည့်။ တစ်ရွာက လာအလုပ်လုပ်နေတဲ့ လူငယ်တစ်ယောက် ပါ။ ကိုကျော်သန်းက သူ့တပည့် မိန်းမတောင်းပေးရမယ့်ကိစ္စဆိုတော့ ကိုချစ်တိုး ကိုပါခေါ်လို့ လိုက်ပါမယ်ကတိပေးမိရာက ထလိုက်ဖို့ ဖြစ်ရတာကိုး။ ဒါကို ကိုချစ်တိုးမိန်းမ မခိုင်ဝါက မကြည်ဘူး။

"တော့်မလဲ ကိုယ့်အရေးမဟုတ် ကိုယ့်အရာမဟုတ်။ ဆိုင်မှာ ပစ္စည်းတွေ ဝယ်ရမှာနဲ့၊ ဘုန်းကြီးကျောင်းကိစ္စနဲ့ တော်မလိုက်လည်း ရတဲ့ဟာကို တော်က သူများရှေ့ ခြေတစ်လှမ်းရောက်နေတာ"

"ဟ... မိခိုင်ရ၊ သူ့ကိစ္စဆိုတော့ ကိုယ့်ကိစ္စပေါ့ဟ။ တောင်းတယ်၊ မြန်းတယ်ဆိုတဲ့ကိစ္စမှာ လူကြီးအရာထားတာ ဂုဏ်တောင် ရှိသေးဟာကော၊ ကိုကျော်သန်းခေါ်တာ မလိုက်လို့ ကောင်းရော့လား..."

"တော့်ကိုယ်က လုံ့ဖျားပုစဉ်းနား အကြောင်းရှာနေတာ၊ တော်က ဘာ ပြောတတ် ဆိုတတ်လို့တုန်း"

www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာခန်း မပြောတတ်တော့ ဒါနခန်းချရုံပေါ့ဟ..."

"ဘာမှမဆိုင်ဘူး... ဟင်း"

ကိုချစ်တိုးက စတိုးဆိုင်ကြီး ဟည်းနေအောင်ဖွင့်ထားတဲ့ ပိုင်ရှင်ပါ။ ပစ္စည်းဥစ္စာ ချမ်းသာသလောက် လူမှုရေးစိတ်၊ ဘာသာတရားစိတ်ကလေး ရှိတော့ ထစ်ခနဲဆို သူက ဘဏ္ဍာရေးမှူး ထ,ဖြစ်နေကျ။ သည်ကိစ္စကတော့ ဘဏ္ဍာရေးမှူးမဟုတ်သေးသို လူမှုရေးမဟုတ်လား။ လိုက်ပါ့မယ် ပြောလိုက်မိတယ်။ ပြောသာပြောရတာ မိန်းမယူမယ်ဆိုတဲ့ ကိုကျော်သန်း တပည့်ဆိုတာကိုလည်း ကိုချစ်တိုးက ကောင်းကောင်းသိတာ မဟုတ်ဘူး။ ကိုကျော်သန်းမျက်နှာနဲ့ ဆိုတော့ မောင်ကြိုင့်မသိလည်း ကိစ္စမရှိပါဘူးလေလို့ တွက်တယ်။ ပြီးတော့ မောင်ကြိုင်က တောသူတောင်သား၊ မန္တလေးကို လာလုပ်ကိုင်စားသောက်နေတာပေမယ့် ချစ်သူကို မိသား၊ ဖသားပီပီ ရှိတာလေးနဲ့ တောင်း မြန်းယူတာမျိုးဆိုတော့ တတ်နိုင်သူတွေက ဝိုင်းကြ၊ ဝန်းကြခြင်းဟာ ကုသိုလ်ရတယ်လို့လည်း ကိုချစ်တိုး ခံယူထားတာ ပါပါတယ်။

"နေပါဦး... မောင်ကြိုင် မိန်းမတောင်းသွားရမယ့် ရွာက ဘယ်မှာတုန်း"

"စစ်ကိုင်းအနောက်ထဲ ပြောတာပဲ၊ ဘာရွာဆိုလား"

"မိန်ကလေး မိဘများက ဘာလုပ်ကြတာတုန်း"

"ဘာလုပ်ဆိုလား..."

"မင်္ဂလာက ဘယ်တော့ဆောင်ကြမှာမို့လဲ"

"ဘယ်တော့ဆိုလား... သိပေါင်ကွာ"

မိန်းမ မေးသမျှလည်း ကိုချစ်တိုးက အိုးဝင်ကော်ချက် ဖြေတတ်တာ မဟုတ်ဘူး။ ဟိုနားဆိုလား... သည်နားဆိုလားနဲ့ ပြီးရတာပါ။ သည်လိုဝေ့လေ မိန်းမက မကြည်သာလေ။ မကြည်သာမှနေရော သူလိုက်ပါမယ်ဆိုမှတော့ စောစောထ ရေချိုး၊ ပေါင်ဒါတွေ ဖွေးနေအောင်လိမ်း၊ ရေမွှေးတွေ တဖျန်းဖျန်း ဆွတ်၊ လည်ကတုံးဖြူကလေး သန့်သန့်ကို စွပ်ကျယ်တစ်ထည်ခံ ဝတ်ပြီး ပိုးပုဆိုးရေညှိစိမ်းတစ်ထည် ကောက်ဝတ်တယ်။ ကတ္တီပါစိမ်း မွေးရှည်ဖိနပ်စီးပြီးတော့ ဆိုင်က ကလေးမလေးဖျော်ပေးတဲ့ ကော်ဖီလေးတစ်ခွက် ပူပူလောင်လောင်သောက်ပြီး အိမ်ရှေ့ ကားထွက် မျှော်နေတော့တာပါ။ ခြောက်နာရီခွဲလောက်ကျတော့ ကားမလာသေးဘဲ မောင်ကြိုင်ရောက်လာတယ်။ လူကြီးတွေ လိုက်နိုးတာတဲ့။ သတို့သားလောင်းက အဝတ်အစား မလဲရသေးဘူး။ ကြောင်းမြန်းမယ့်လူက ဝီရိယကောင်းနေတော့ မယားလုပ်သူက အောင့်ပြန်ရော။ သည်တစ်ခါတော့ မောင်ကြိုင့်ကို မခိုင်ဝါကပဲ မေးတယ်။



"နေပါဦး... မင်းက ကိုကျော်သန်းတပည့် မောင်ကြိုင်လား..."

"ဟုတ်တယ် အစ်မ၊ လူကြီးတွေ အဆင်သင့်ဖြစ်အောင် လိုက်ပြောတာပါ"

"အလိုတော်... ကာယကံရှင် မယားတောင်းမယ့်လူက အဆင်သင့် မဖြစ်သေးဘူး။ တို့အိမ်က ဥပက က ကျိုးမနိုးခင် ဆွမ်းထချက်နေတာပါကော၊ နေပါဦး မင်းတို့ရွာက ဘယ်မှာတုန်း..."

"သည်နားလေးပါ... စစ်ကိုင်းအနောက်ထဲတင်"

စစ်ကိုင်းဆိုတာ မန္တလေးနဲ့ မဝေးတော့ ကိုချစ်တိုး စောစောပြန်ရောက်ဖို့ သေချာပြီလေ။ သည့်ထက် ဆက်မမေးတော့ပါဘူး။ သူတစ်ပါး မင်္ဂလာကိစ္စဆိုတော့ သည့်ထက်ပိုပြောလို့လည်း မကောင်းဘူးလေ။ ဒါပေမယ့် ကိုချစ်တိုးတော့ မျက်စောင်းထိုးလိုက်တယ်။ မောင်ကြိုင်ပြန်သွားပြီး နာရီဝက်လောက်ကြာမှ ကိုကျော်သန်းရဲ့ကား ရောက်လာတယ်။ လိုက်ထရပ်ကား ပက်လက်ပေါ်မှာ လူကြီးတော်တော်များများလည်း ပါလာကြတယ်။ သတို့သား မောင်ကြိုင်၊ မောင်ကြိုင့်ဆရာ ကိုကျော်သန်း၊ မောင်ကြိုင့် ဆွေမျိုးနီးစပ်တော်တဲ့ ဒေါ်ငွေ၊ ကိုကျော်ဝင်း၊ တရုတ်ကြီးကိုဝိန်။ ကျန်တာက ကိုချစ်တိုးလိုပဲ ကိုကျော်သန်းခေါ်လို့ပါလာတဲ့ ကျောင်းအုပ်ကြီးဟောင်း ဦးကျော်ဒွန်း၊ လူဝကြီး ဦးမှတ်တင်၊ လူတွေ မနည်းဘူး။ မောင်ကြိုင်နဲ့ သူ့အဒေါ် ဒေါ်ငွေကို ကားခေါင်းထဲ ထိုးထည့်ထားတော့ ကိုချစ်တိုးကလည်း နောက်က ကားပက်လက်ခါးရှည်ကြီးပေါ် ထိုးတက်လိုက်ရတယ်။ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေချည်းဆိုတော့ ကိုချစ်တိုးက မယားကို လူရှိသေရှင်ရှိသေ အလုပ်ဟာဆိုတဲ့ မျက်နှာနဲ့ လှမ်းကြည့်ရင်း နှုတ်ဆက်တယ်။

"ကြွကြွ... ကိုချစ်တိုးရေ တော်မပါရင် ပွဲမစည်ဘူး... ကြွ"

မယားက ရွဲ့ပြောတာ သိသားပဲ။ စပ်ဖြီးဖြီးကြီးနဲ့ လူတွေကြားထဲ တစ်နေရာ ရှာထိုင်တယ်။ လူဝကြီး ဦးမှတ်တင်ကချည်း လူသုံးယောက်စာ နေရာယူထားတော့ ကိုကျော်သန်းနှယ် ဘယ့်နှယ်ကြောင့် ကိုမှတ်တင်ကြီး ကားပေါ်တင်လာရတာပါလိမ့်လို့လည်း တွေးမိသေးတယ်။ ကိုကျော်သန်း ကတော့ သူ့တပည့်ဆိုတော့ သူ့ကား သူကိုယ်တိုင် မောင်းတာကိုး။ ရှေ့ခန်းမှာ။ သည်လိုနဲ့ စစ်ကိုင်းတံတားပေါ်ရောက်တော့ ရှစ်နာရီထိုးပြီ။ စကားတွေ တစ်ယောက်တစ်ပေါက် ပြောကြရင်းက သွားကြတာဆိုတော့ ပျော်စရာလည်းကောင်းပါရဲ့။

လူဝကြီးဦးမှတ်တင်က သူ့အသံပြာအက်အက်နဲ့ "ရေဗလာနှင့် ... ရောဝတီ ... ဧယျာပြည် ... စစ်ကိုင်းတောင် ... တစ်ခွင်လုံးဝန်းပတ် ရှိလည် ... ဗုဒ္ဓထိုး

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစေတီ ... အကျိုးများစေသည် ... ဘိုးဘွားအမွေတည် ...” ဆိုပြီး သီချင်းစလိုက်တော့ ကိုချစ်တိုးက လက်အုပ်များ တောင်ချီလို့။ မြင်ရသမျှ စစ်ကိုင်းတောင် စေတီတွေကို အဝေးက လှမ်းကန်တော့တယ်။ ကားပေါ်မှာ ကွမ်းယာထုပ်ကြီးကလည်း ပြည်တောင်းလောက် ပါလာလေတော့ သူတစ်ယာ ကိုယ်တစ်ယာ စားရင်း နောက်ကြ ပြောင်ကြ။ မောင်ကြိုင်ကလည်း ကားမှန်ပေါက်ကနေ နောက်လှည့်လှည့် ကြည့်တယ်။ ပါးစပ်ကြီး ဖြဲထားလိုက်တာကလည်း နားရွက်ဖျားချိတ်လို့။ ခမ်းခမ်းနားနား ရှိနေတာကိုး။

“မောင်ကြိုင့် ပါးစပ်ထဲ ရှောက်သီးထည့်ရင်တောင် အာမထိ လျှာမထိ လောက်ဘူး မောင်ချစ်တိုးရဲ့”

ကျောင်းအုပ်ဆရာကြီး ဦးကျော်ဒွန်းက ပြောတော့ ကိုချစ်တိုးက ထောက်ခံတယ်။

“ဒီကောင် မိန်းမယူတာကို ပေါ့ပေါ့မှတ်တာကိုး ဆရာကြီးရဲ့၊ နောက်မှ ရှောက်သီးအလုံးလိုက် မျိုချသလိုဖြစ်မှာ”

“ဒါတင် ဘယ်ကမလဲမောင်ရာ' ရှောက်သီးဝမ်းက ဒလဟောသွားဦးမှာ သေချာပေါ့ကွာ”

တရုတ်ကြီးဦးဝိန်က ဝင်တွယ်လိုက်တော့ ကားပေါ်မှာ တဝါးဝါးပေါ့။

❐

(၂)

စစ်ကိုင်းမြို့ထဲရောက်တော့ ကားလေဖြည့်ဖို့ လေဆိုင် အရင်ရှာရတယ်။ လူကများတော့ ဘီးကပြားချင်ချင်ဖြစ်နေပြီ။ တစ်နေရာမှာ ကားလေထိုးတုန်း ကိုကျော်သန်းက သူ့တပည့်ကို မေးတယ်။ စစ်ကိုင်းကိုတော့ရောက်ပြီ၊ သွားရမယ့်ရွာ ဘယ်လမ်းက ဝင်ရမလဲ မေးတာပါ။

“ဘယ်ကို ချိုးရမှာတုန်းကွ...”

“ငါးထပ်ကြီးဘုရား အနောက်ထဲထွက်လိုက်ရင် ရတယ်ပြောတာပဲ ဆရာ”

“ဘယ့်နှယ့် ပြောတာပဲတုန်းကွ၊ မင်း ကိုယ်ယူမယ့်မိန်းမရွာ ကိုယ် မသိဘူးလား”

“ကျွန်တော် မရောက်ဖူးဘူး။ ကျွန်တော့်ကောင်မလေး ပြောထားတာတော့ စစ်ကိုင်းအနောက်ထဲက လယ်ပြင်ကြီးတဲ့”

“ဟေလကွာ...”



ဆရာတပည့် ဖြစ်နေတာကို ကိုချစ်တိုးက ကြားတယ်။ နေပါဦး ဘယ်ရွာက မိန်းကလေးများ ရှာရှာပေါက်ပေါက် သွားကြိုက်ပါလိမ့်။ ဘယ်မှာတွေ့လို့ ဘယ်မှာကြိုက်ပြီး ဘယ်မှာတောင်းရမ်းဖို့ စီစဉ်တာပါလိမ့်လို့လည်း စဉ်းစားတယ်။ သတို့သားက သတို့သမီးရွာကို ထိထိရောက်ရောက် မပြောနိုင်ဘူးဆိုတာကိုက သူဆန်းနေတာ မဟုတ်လား။

“လယ်ပြင်ကြီးက ဘာတုန်း၊ ရွာနာမည်လား လယ်တွေလား”

“ရွာနာမည်”

“မင်းဟာက ဟုတ်ကောဟုတ်ကဲ့လားကွာ”

လေထိုးဆိုင်က လူငယ်တွေကို ကိုချစ်တိုး မေးကြည့်တော့လည်း မသိကြဘူး။ စစ်ကိုင်းအနောက်ဘက် ရွာတွေက ရာနဲ့ချီရှိကြတာ အာစရိရဲ့၊ ရှိချင်လည်း ရှိမှာပေါ့တဲ့။ မနီးမဝေးမှာ ဆန်ရွေးနေတဲ့မိန်းမက နားစွန့်နားဖျားကြားလို့ ထင်ပါရဲ့။ လယ်ပြင်ကြီးက ဟိုးအတွင်းထဲမှာတဲ့။ ရွာရှိကြောင်းပြောတော့ ကိုချစ်တိုး စမ်းသာသွားတယ်။ သေချာအောင်မေးတော့ ငါးထပ်ကြီးဘုရား အနောက်ကထွက်ရင် တွေ့လိမ့်မယ်ဆိုတော့ မောင်ကြိုင်ပြောတာနဲ့ ကိုက်နေပြီကိုး။ သည်လိုနဲ့ ကားထွက်လာကြရော။ ထွက်လာလို့ လမ်းစလည်းတွေ့ရော လမ်းက အခြေအနေ ကောင်းဘူး။ ဒါပေမယ့် ကားမောင်းလို့ဖြစ်သေးတော့ ညစ်လိုက်၊ ရုန်းလိုက်နဲ့ နှစ်ရွာသုံးရွာ ကျော်လာခဲ့ပြီ။ နှစ်ရွာသုံးရွာ ကျော်လို့ ရှေ့လှမ်းမျှော်လိုက်တော့ ရွာရယ်လို့ မမြင်ရတော့ဘူး။ မိုးကုပ်စက်ဝိုင်းအထိ မြင်ရတဲ့ လွင်ပြင်ကြီးပဲ တွေ့ရတယ်။ လမ်းအူကြောင်းတော့ မပျောက်ဘူး။ သည်လမ်းအတိုင်း ဆက်သွားလိုက်ရင် ရောက်မယ့်သဘောတော့ ရှိပုံရတယ်။ ဒါနဲ့ ရွာထဲကထွက်လာတဲ့ ဈေးသည်မိန်းမကို မေးရပြန်တယ်။ ဈေးသည်မက ခံတောင်းကြီးရွက်လို့။ သူကလည်း သူ့ဇာနဲ့ သူဆိုတော့ တိုတိုပဲ ဖြေတယ်။

“လယ်ပြင်ကြီးရောက်ပေါ့တော်... ထိုထိုကြီးပေါက်ပါလိမ့်မယ်”

ရွာရှိတယ်၊ လမ်းရှိတယ်။ ထိုထိုကြီးလည်း ပေါက်ပါလိမ့်မယ် ဆိုမှတော့ ဘာစရာ မရှိတော့ဘူးဆိုပြီး ကိုကျော်သန်းက တဂီးဂီးမောင်းလာရော။ လမ်းက စထွက်လာကတည်းက ကတ္တရာရယ်လို့ တစ်စလောင်းစာတောင် မရှိပါဘူး။ ပုစွန်ကျောင်းလို အမွေးတက်နေတဲ့ မြေဖို့လမ်းမှာ မြေပျော့တဲ့နေရာတွေမှာ ဟက်တက်ကွဲ ချောင်းကြီးတွေများ ထလို့။ တော်ရုံလှည်းတောင် သွားမဖြစ်လောက်ပေမယ့် ကိုကျော်သန်းက ကားအနာခံပြီး ဟိုဘက်ခွ သည်ဘက်ခွ၊ တစ်ပေရွှေ့ နှစ်ပေရွှေ့ရုံ မောင်းလာခဲ့တယ်။ ကားကလေးဆိုတာကလည်း ချောင်ပုခက်ချော

www.burmeseclassic.com

www.burmeseclassic.com



တုပ်နေသလိုပဲ။ ဟိုဘက် သည်ဘက် ယိမ်းတိုင်း ဂျိုဂျိုဂျိုဂျိုနဲ့ မြည်သေးတာ။ ကားထဲကလူတွေခမျာ ဆန်ကောထဲ ဆီးဖြူသီးထည့်လှိမ့်သလိုပေါ့။ ကျောင်းအုပ်ဆရာကြီးဟောင်း ကိုလူဝကြီးက တက်ကြွတ်မိတော့ အော်လိုက်တာ။ ကိုချစ်တိုးခမျာလည်း ကားနားပန်းကို လက်နဲ့ ပြင်းပြင်းဆုပ်ကိုင်ထားရာက မြောက်လေတိုက်တော့ မြောက်ဘက်ယိမ်း၊ တောင်လေတိုက်တော့ တောင်ဘက်ယိမ်းတဲ့ ပဲ့ပြားပင်လို ဖြစ်နေတော့တာပါ။ တစ်နေရာရောက်တော့ ရှေ့မှာ ဗွက်ကျင်းကြီး။ ကြီးလိုက်တဲ့ ဗွက်ကျင်းကလည်း ဆင်ကြီးတစ်ကောင် အိပ်နေရင်တောင် ပျောက်လောက်တယ်။ ကားဆရာ ကိုကျော်သန်းက ဗွက်ကျင်းကြီးကို ဗဟိုထားပြီး ဟိုဘက် လွတ်လိုလွတ်ငြား၊ သည်ဘက် လွတ်လိုလွတ်ငြား အကဲခတ်တယ်။ ဘယ်လိုမှ အကဲခတ်မရတော့ ကားထိုးရပ်ပြီး ဆင်းပါလေရော။

"ဘာဖြစ်လို့တုန်း ကိုကျော်သန်း"

ကိုချစ်တိုးက လူပိန်ပိန်ပါးပါးဆိုတော့ ကားပေါ်က ဖတ်ခနဲခုန်ချပြီး ရှေ့လမ်းကို အကဲခတ်ရင်း မေးလိုက်တာပါ။ ဖြေစရာတောင် မလိုပါဘူး။ ကိုချစ်တိုး မြင်သားပဲ။ သည်ဗွက်ကျင်းကြီးကို ကျော်ဖို့ဆိုတာ မလွယ်လောက်ဘူးဆိုတာလည်း သိပါရဲ့။ မကျော်လို့ကလည်း မဖြစ်ဘူး။ နေကလည်း ပူချင်ပြီ။ နှစ်ရွာသုံးရွာကျော်လို့ ခရီးလည်းပေါက်နေပြီ။ ပြီးတော့ ဒါက မင်္ဂလာကိစ္စ။ တစ်ဖက်မိဘကို မိသားဖသားပီပီ လူကြီးစုံရာနဲ့ တောင်းရ၊ မြန်းရမယ့်ကိစ္စ။ အချိန်နဲ့ ရောက်မှ ဖြစ်မှာကိုး။

"မောင်ကြိုင် မင်းမင်္ဂလာဆောင်တော့ နှလုံးလမ်းကြောင်းမှာ ဗွက်ကျင်းခံနေပါပကော"

စိုင်းထီးဆိုင်သီချင်းကြိုက်တဲ့ ကိုချစ်တိုးက နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတယ်ဆိုတဲ့ သီချင်းကို ဖျက်ပြောလိုက်တာပါ။ မောင်ကြိုင်ကလည်း သူ့မင်္ဂလာဆောင်ကိစ္စမှာ ဗွက်ကျင်းကို ထည့်စဉ်းစားထားပုံ မရတာထား။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ ဗွက်ကျင်းထိပ် ဆောင့်ကြောင့်သွားထိုင်တယ်။ တစ်ဦးတည်းပါလာတဲ့ မောင်ကြိုင့်ဆွေမျိုးဆိုတဲ့ မိန်းမကြီးက ယောက်ျားကြီးတွေပါလာတဲ့ကြားက မအောင့်နိုင်လေတော့ ခပ်လှမ်းလှမ်းသွားပြီး ဆီးထိုင်တယ်။

"မောင်ကြိုင်ရာ မင်း အဒေါ်လား၊ တော်ပါသေးရဲ့ကွာ ဗွက်ကျင်းခံနေလို့ ခမျာ သေးပေါက်ရတယ်"

ကိုချစ်တိုးက ဖြစ်ရလေခြင်း ဆိုတဲ့ပုံနဲ့ မောင်ကြိုင်ကို ငေါက်နေပေမယ့် ကားပေါ်ပါလာကြတဲ့ ယောက်ျားသားတွေကလည်း ကားရပ်တုန်း တော်ရာမှာ



တပိုတပါး သွားကြတာပါပဲ။ ကိုကျော်သန်းက ဘေးကပန်းမောင်းရင် ကျွယ်လောက်မယ့်ဘက်ကို မျက်မှန်းနဲ့ရွေးတယ်။ ရွေးပေမယ့် ဘယ်ကပန်းပန်း ကားတစ်စီးစာ မလွတ်ချင်ဘူး။ သည်တော့ ဘီးတစ်ဖက်စာလောက် လမ်းဘေးက မြေစိုင်ခဲတွေကို ယူဖို့ရင် ရလောက်တယ်လို့ တွက်တယ်။ သူ့စိတ်ကူးကိုလည်း ပြောပြတယ်။

"ဝိုက်တက်သွားရုံဆိုရင် ဘေးက မြေစိုင်ခဲကြီးတွေ တစ်ဘီးရာစာလောက် ဖို့လိုက်ရင် ရမယ်ထင်တာပဲ။ လူတော့ မတက်ကြနဲ့ဦးပေါ့။ ကားအခွံချည်းဆိုရင် မြေမနိမ့်လောက်ပါဘူး"

သည်နည်းပဲရှိတော့ ဝတ်ကောင်းစားလှတွေနဲ့ လူကြီးတွေခမျာ တစ်မွေ့စာ မြေစိုင်ခဲကြီးတွေ လမ်းပခုံးဘေးမှာ တစ်တုံးချင်း ကပ်ဖို့ကြရတော့တာပါ။ နေကပူ။ တိုက်ပုံအင်္ကျီကြီးတွေနဲ့၊ ပိုးပုဆိုးတွေနဲ့ပေမယ့် တစ်ယောက် မြေစိုင်ခဲနှစ်ခဲလောက်ဖို့ရင် ပြီးမယ်ထင်တာ၊ အခေါက်ပေါင်းများစွာ သယ်ဖို့ကြရတာဆိုတော့ ချွေးတွေသံတွေပါ ထွက်လာကြရော။ လက်ပန်းတွေလည်းကျကုန်ကြပြီ။ ရလောက်ပြီဆိုတော့ ကိုကျော်သန်းက ကားကိုဝိုက်ပြီး အရှိန်နဲ့ မောင်းထွက်လိုက်တယ်။ မြေကြီးခဲတွေက မ,တုန်းကသာ ဆေးပြီး မာနေတာ၊ ကားအလေးချိန်နဲ့ကျတော့ အိခနဲ ညွတ်ကျပါလေရော။ ကားကြီးက စောင်းစောင်းကြီး ရပ်သွားတော့ ကားဘေး ပြေးကြပြီး စောင်းတဲ့ဘက်က ပြိုင်တူတောင့်ထားကြရတယ်။ တောင့်ထားတုန်း ဝူးခနဲမောင်းလိုက်တော့ ကားလည်း ဗွက်ကျင်းက ဖယ်ရင်းယမ်းရင်း လွတ်သွားရော။

"ဝေး..."

ချွေးတွေသံတွေကြားက ဝမ်းသာအားရ အော်လိုက်ကြစမ်း ဆိုတာများ။ ဗွက်ကျင်းကိုကျော်ပြီဆိုတော့ ဘာပဲဖြစ်ဖြစ် ရှေ့ဆက်သွားနိုင်ပြီပေါ့လေ။ ဗွက်ကျင်းကျော်တာတော့ ဟုတ်ပါရဲ့။ မောင်ကြိုင့် ယောက္ခမရွာက ဘယ်လောက်ဝေးသေးသလဲဆိုတာ ဘယ်သူမှမသိဘူး။ နောက်ထပ် ဗွက်ကျင်း ဘယ်နှကျင်း ကျန်သေးသလဲဆိုတာ ဘယ်သူမှ မသိဘူး။ အားလုံး ကားပေါ်ရောက်ကြတော့ တစ်ယောက်တစ်ယောက် စကားဟဟ မပြောနိုင်ဘူး။ လူဝကြီး ဦးမှတ်တင်ဆိုတာ ဒေါက်ကြော လေဆွဲဖားဖိုကြီးကျလို့။

"ချီး... ငါ မိန်းမယူတုန်းက သည်လောက် မပင်ပန်းခဲ့ပေါင်ကွာ၊ လက်ဆင်ယူခဲ့တာပါ၊ ကျော်သန်းတပည့်ကျမှ လူကို 'လောင်တိုက်'စော် နံကရော"

သည်လိုပြောလို့လည်း ဘယ်သူမှ မရယ်နိုင်ကြသေးဘူး။ လူဝကြီးပြော

www.burmeseclassic.com

www.burmeseclassic.com

လည်း ပြောစရာ။ ကိုယ့်အိမ်မှာ ဘယ်သူမှ လက်ကြောတင်းကြသူတွေ မဟုတ်ဘူး။ စက်ဘီးတောင် လေထိုးစီးကြတာမဟုတ်ဘူးဆိုတဲ့ လူတွေကိုး။ ရပ်ကွက်ထဲ လူကြီးရယ်လို့ အိမ်ဦးခန်းထိုင်နေကျ လူတွေဆိုတော့ သည်တစ်ချီ တော်တော် ထိလိုက်တာက သူတို့မှာ အမောကိုမပြေနိုင်သလို ဖြစ်နေကြတယ်။ ကိုချစ်တိုး ကတော့ မယားအားခဲပြီး ထွက်လာရသူဆိုတော့ ဖြစ်သမျှအကြောင်း အကောင်း သဘောထားလိုက်တယ်။ တိုက်ပုံဖြူဖြူကတော့ ရွှံ့စေးတွေ ပေတဲ့နေရာကပေ၊ ပွတဲ့နေရာကပွ။ ပေနေတဲ့ လက်တွေကို ဖွက်ကျင်းထဲက ရေနဲ့ ပက်ဆေးခဲ့တာ တော့ ရှိပါရဲ့။ ရွှံ့ရေတွေဆိုတော့ လက်မှာအစေးတွေ ပေါက်လို့။ ကိုချစ်တိုးက သူ့စိတ်ထဲ မှတ်မိလိုက်တာတစ်ခု ပေါ်လာလို့ ကားဂုတ်ပေါက်က လှမ်းမေး တယ်။

"မောင်ကြိုင် ... ဟေ့ မောင်ကြိုင်"

"ဗျာ..."

"မင်းချိန်းထားတာ ဘယ်အချိန်တုန်း ဆယ်နာရီဆိုလားလို့"

"ဟုတ်တယ်"

"ခုပဲ ကိုးနာရီခွဲတော့မယ်၊ မင်းရွာက တံခွန်တိုင်ထိပ်က ဟင်္သာရုပ်တောင် မမြင်ရသေးပါလား"

"ရောက်ကာနီးပြီနဲ့ တူပါတယ်... လေးချစ်တိုးရ"

ကားက ထင်တိုင်းသွားမရတော့ ညွှတ်ပုံ့ညွှတ်ပဲ ရွေ့နေတာပါ။ သည်လိုနဲ့ မောင်းလာရာက ကြွက်တူးတဲ့လူတွေလို့ ထင်ရတဲ့ လူနှစ်ယောက်ကို မျက်နှာချင်း ဆိုင်က လျှောက်လာတာတွေ့ကြရော။ လူနှစ်ယောက်က ပေါက်ပြား တစ်ယောက် တစ်လက် ပခုံးပေါ်ထမ်းလာကြတယ်။ သည်လောက်ဆိုးတဲ့လမ်းများ ကားမောင်း လာရလောက်အောင် မိုက်လုံးကြီးတဲ့ လူတွေပါလားဆိုတဲ့ မျက်နှာနဲ့ ကားကို လှမ်းကြည့်ကြတယ်။ ကိုချစ်တိုးက လမ်းဘေးက လူနှစ်ယောက်နဲ့ နီးလာတော့ လှမ်းမေးတယ်။ မေးသံကြားတော့ ကိုကျော်သန်းက ကားကို ရပ်လိုက်ရော။ အေးအေးဆေးဆေး မေးရအောင်ပေါ့လေ။

"ဗျို့ဆရာတို့ လယ်ပြင်ကြီးရွာဆိုတာ လှမ်းသေးသလားလို့"

"ဘာရွာရယ်ဗျ"

"လယ်ပြင်ကြီး..."

ပေါက်ပြားဆရာတွေက သူတို့အချင်းချင်း တစ်ယောက်တစ်ယောက် ပြန် ကြည့်ကြတယ်။ သည်နားရွာတွေမှာ လယ်ပြင်ကြီးရွာ ရှိလို့လားဆိုတဲ့ မျက်နှာ



အမှတ္တ လုပ်နေကြတာပေါ့လေ။ ခဏနေတော့ မျက်နှာမှာဘာတွေနဲ့ ရွာသား သူသတိရတာနဲ့ တိုက်မေးတယ်။

"ဘယ်ရွာအုပ်စုတုန်း"

"အုပ်စုတော့ မသိဘူးဗျ... လယ်ပြင်ကြီးပြောတာပဲ"

"အော်... ညောင်မှတ်ဆိတ်ဟိုဘက်က ရွာထိပ်မှာ ပေပင်ကြီးရှိတဲ့ရွာ ပြော တာထင်တယ်"

သည်စကားကြားတော့ ကားခေါင်းထဲက သတို့သား မောင်ကြိုင်က အားရ ဝမ်းသာ ဖြစ်သွားတယ်။ ရွာထိပ်မှာ ပေပင်ရှိတယ်လို့ ကြားဖူးထားတာကိုး။

"ဟုတ်တယ်... ကျွန်တော်တို့ လူငယ်ချင်း ချိန်းတွေ့ကြတုန်းက အေးသီ ပြောဖူးတယ်။ သူတို့ရွာထိပ်မှာ ပေပင်ကြီး ရှိတယ်တဲ့..."

"အောင်မာကွာ၊ ပေပင်ကြီးရှိတယ်ဆို ပြီးလျက်နဲ့ ချိန်းတွေ့တုန်းက ဆို တာများ ထည့်ပြောရသေးတယ်။ ခွေးမသား သေချာအောင် လုပ်မထားဘဲနဲ့... လူကြီးတွေ ခေါ်လာပြီး ဒုက္ခပေးတဲ့ကောင်"

သူ့ဆရာ ကိုကျော်သန်းက ငေါက်တော့ သတို့သား မောင်ကြိုင်လည်း ခိုက်လိုက်တဲ့ စပါးပင်လို ငိုက်ခနဲ ကျသွားရော။ ပေါက်ပြားဆရာ နှစ်ယောက်က မေးလို့လည်း အပြစ်မရှိတဲ့ကိစ္စဆိုတော့ "တော်တော်လှမ်းသေးသဗျာ" လောက် ပြောပြီး ထွက်သွားကြတယ်။ ကိုချစ်တိုးက ကားရောက်နေတဲ့ နေရာက ဘေးဘီ ဝဲယာကို ကြည့်တော့ ပဲခင်းတွေလို၊ ပလပ်မြေတွေလို ကွင်းကျယ်ကြီးတွေပဲ တွေ့တယ်။ သူ့မြင်ကွင်းထဲမှာ သူတို့ကားလေးတစ်စီးပဲ ထီးထီးကြီးရှိနေတာ တွေ့ရတော့ ကိုချစ်တိုး အားငယ်သွားတယ်။ ကျန်တဲ့လူတွေကလည်း ဆေးပေါ့ လိပ်ကြီးတွေ ငေါ့သောက်ရုံကလွဲရင် သဗ္ဗေသတ္တာ ကမ္မသကာဆိုတဲ့ မျက်နှာ တွေနဲ့ပါ။ မောင်ကြိုင်နဲ့ ဆွေလေးမျိုးလေးတော်တယ်ဆိုတဲ့ ဒေါ်ငွေခများလည်း သတို့သားရဲ့ တစ်ဦးတည်းသော အမျိုးဆိုတော့ အချိန်နဲ့မရောက်ရင် အပြောခံရ ချည်ရဲ့ ဆိုပြီး ပူပန်နေပုံရရဲ့။ မောင်ကြိုင်ကတော့ သူ့ဆရာ ငေါက်ကတည်းက ငြိမ်နေရပေမယ့် ချစ်သူ့ရွာရောက်ချင်လှပြီ။ မြန်မြန် တောင်းရမ်းပြီး တစ်ဖက် မိဘများ သဘောတူရင် တစ်ခါတည်းတောင် ခေါ်လာချင်ပြီကိုး။ မောင်ကြိုင့် မျက်စိထဲမှာ သူ့ကိုမျှော်နေရှာမယ့် တစ်ရွာသူ မိန်းမချော အေးသီကလေးကိုပဲ [illegible] မြင်နေလေရဲ့။ အဒေါ်လုပ်သူကတော့ လိုက်လာတဲ့လူကြီးတွေကို မျက်နှာ [illegible] ထင်ပါရဲ့။ မောင်ကြိုင့်ကို ငေါက်တယ်။

"ကြိုင်ရယ် နင်ကိုယ်က မဟုတ်တာ၊ ကိုယ်ယူမယ့်မိန်းမ ဘယ်နားမှန်း [illegible] လူကြီးတွေများ ဖိတ်လာရသေးတယ်။ အားများနာရဲ့"

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်နေရာရောက်တော့ လှည်းတစ်စီးစီးပေါ်က ကျကျန်ခဲ့ပုံရတဲ့ သစ်ကိုင်းကြီး ကန့်လန့်ခံနေတော့ ကိုကျော်သန်းက ကားရပ်လိုက်တယ်။ မောင်ကြိုင်က ကားခေါင်းထဲက မစီးချင်တော့ဘူး။ ထွက်လာကတည်းကလည်း လူကြီးတွေကျူးပြီး ရှေ့က မစီးချင်ပါဘူး။ အားလုံးက မင်းက သတို့သားပါကွာ ရှေ့ကသာစီးပါ ခွင့်ပြုလို့သာ စီးခဲ့ရတာကိုး။ စစ်ကိုင်းအနောက်ထွက်လိုက်ရင် ရောက်ပြီဆိုတော့ မိန်းကလေးရွာအဝင် တင့်တယ်အောင် မောင်ကြိုင့်ကို ထိပ်တင်လိုက်ကြတာလည်း ပါပါတယ်။ ပြီးတော့ မိန်းမသားတစ်ယောက်လည်းပါတော့ အတူတွဲမထိုင်ချင်ကြတာလည်း ပါမှာပေါ့။ အခုက ရွာမတွေ့နိုင်တော့ ဆရာ့ကြောက်တာနဲ့ နောက်ပြန်ပြေးချင်ပြီ။ လူလည်း ချွေးတွေ၊ သံတွေ ရွှဲနေပြီ။ ကြောက်ချွေးရော၊ အားနာချွေးရော၊ အပူချွေးရော ရောပြီး ချွေးပေါင်းစုံ ကျောက စီးကျနေလိုက်ပုံများ ရေတံလျှောက်ကရေများ ကျနေသလိုပဲ။

မောင်ကြိုင် သစ်ကိုင်းဖယ်နေတုန်း လူတစ်ယောက် လျှောက်လာတာတွေ့ပြန်ရော။ ကားရပ်ထားတုန်းဆိုတော့ အဲသည်လူက ကားကို ကျော်လာတယ်။ ကိုချစ်တိုးက တွေ့တဲ့လူမေးနိုင်မှ တန်ကာကျမှာဆိုတော့ မေးပြန်ရော။ လူက လွယ်အိတ်ကြီးထဲ သံဘူးခွံတွေထည့်ထားလိုက်တာ ဖောင်းကားလို့။ သူ့စိတ်ကူးနဲ့သူဆိုတော့ ကားတစ်စီးလုံးတောင် မြင်ပုံမရဘူး။

"ဗျို့ဆရာ ဘယ်တုန်း"

"စစ်ကိုင်းကိုပါဗျာ"

"ဟာ ခင်ဗျားဟာ အဝေးကြီး သွားရဦးမှာပါလား၊ ဘယ်ရွာက လာတာတုန်း"

"ပဲဖြူကုန်း၊ ဝေးပေမယ့် ကျုပ်တို့တော့ သည်လိုသွားရတာပါပဲ။ သည်လမ်းက စက်ဘီးတောင် စီးမဖြစ်ဘူး၊ လှည်းကြုံကလည်း ရှားသယ်"

"ဘာသွားလုပ်မှာတုန်း"

"ဂက်စ်သွားဖြည့်မှာ။ ဂက်စ်ဘူးတွေ စစ်ကိုင်းသွားဖြည့်ရတာဗျ။ ဆယ်ဘူးလောက်ဖြည့်ထားရင် သည်နားရွာတွေမှာ တစ်ပတ်လောက် လည်ထည့်လို့ရတယ်။ ခုက ဂက်စ်ကုန်နေလို့"

"နေဦး ခင်ဗျားဂက်စ်ဖြည့်တာ ဘယ်လောက်ရတုန်း တစ်နေ့ကို"

"အမှန်မရှိဘူးပေါ့ဗျာ။ ငါးရာလည်း ရသယ်၊ တစ်ထောင်လည်း ရသယ်။ တစ်ခါတလေ ကံတိုက်ရင် နှစ်ထောင်လည်း ရသယ်"

"ကိုင်း... သည်လိုလုပ်၊ ခင်ဗျားကို သုံးထောင်ပေးမဗျား"



"ခင်ဗျားတို့မှာ မီးခြစ်ဘယ်နှလုံးတောင် ပါလို့တုန်း၊ များလှချည်လား"

"သြော်... သည်လို၊ ငွေသုံးထောင်ဆိုတာ ကျုပ်တို့ကို လယ်ပြင်ကြီးရွာကို လမ်းပြပေးရုံပဲ။ လယ်ပြင်ကြီးရောက်ရင် ပြန်တော့၊ ကျုပ်တို့က နေ့တွက်ပေးတဲ့သဘောထားလိုက်"

သုံးထောင်ပေးမယ်ဆိုတော့ ဂက်စ်ဆရာက စဉ်းစားပြီ။ စစ်ကိုင်းမြို့ကို ဂက်စ်သွားထည့်တာက ဘယ်အချိန်သွားသွား ရတယ်။ တစ်နေ့တည်း ငွေသုံးထောင်ရဖို့ဆိုတာ အခန့်သင့်တာပဲလို့ တွက်ပုံရတယ်နဲ့ တူပါရဲ့။ ကားနဲ့လိုက်ဖို့ သဘောတူတယ်။ ဒါပေမယ့် ဂက်စ်ဆရာက ကိုချစ်တိုးပြောတဲ့ ရွာကို ဝါးတားတား ဖြစ်နေတယ်။

"နေဦး ဘာရွာ၊ ကိုင်းတော်ကြီး"

"လယ်ပြင်ကြီး"

"ကျုပ်တော့ ကြားဖူးသယ်မှတ်သာပဲ။ သည်လို၊ ကျုပ်ကလည်း သည်ဘက်ထဲက ပဲဖြူကုန်းက မိန်းမနဲ့ရလို့ မယားရွာလိုက်နေသာ မကြာသေးဘူး၊ ခင်ဗျားတို့ ပြောသဲ့ရွာ ကြားဖူးသလိုလိုတော့ ရှိသယ်။ ပါးစပ်ပါ ရွာရောက်ရမှာပေါ့ဗျာ ထွေ့မှတ်လို့"

ကိုချစ်တိုးက ဂက်စ်ဆရာတော့ ငွေသုံးထောင်ဆိုတာနဲ့ ထလိုက်မယ့်လူဆိုတာ သဘောပေါက်သွားတယ်။ လမ်းပြခေါ်ပါတယ်ဆိုမှ ဝါးတားတား ဖြစ်နေမှတော့ ဘာသွား အသုံးတည့်မှာတုန်းပေါ့လေ။ ဆရာကြီး ဦးကျော်ဒွန်းက ဒါကို ရိပ်မိတော့ ဂက်စ်ဆရာကို သေချာအောင် မေးတယ်။

"နေပါဦး၊ မင်းက လယ်ပြင်ကြီးမသိဘဲနဲ့ ဘယ့်နှယ့် လိုက်ပြရမှာတုန်းမောင်ရ၊ ရွာမှမသိဘဲနဲ့ ဖြစ်မထင်ပေါင်ကွာ"

ဂက်စ်ဆရာက ငွေသုံးထောင် အလွတ်မခံချင်ဘူးနဲ့ တူပါတယ်။ ပြာပြာသလဲ ပြောတယ်။

"သည်လိုပါ၊ ရှေ့နားကျရင် လမ်းသုံးဆိုင်ကိုရောက်မှာ။ တစ်မွှာက တောင်ဘက်သွားသာ၊ တစ်မွှာက မြောက်ဘက်သွားသာ၊ တစ်မွှာက အနောက်အယောင်ပြီး အနောက်မြောက်ဘက်ထွက်သာ"

"အဲသည်တော့"

"ကျုပ်တို့ရွာက မြောက်ဘက်သွားသဲ့လမ်း၊ မြောက်ဘက်တစ်ခုကြားတော့ ခင်ဗျားတို့ ပြောသဲ့ရွာ မရှိဘူး။ အဲသာ ကျုပ် ဂက်စ်လိုက်ထည့်သဲ့ ရွာတွေ။ အောင်တစ်လမ်းလိုက်ရုံပေါ့ဗျ။ ရွာပါဆိုမှ လိုက်ရင်မိပြီပေါ့"

www.burmeseclassic.com



ဟုတ်သားပဲ။ မြောက်ဘက်တစ်ကြောလုံးမှာမရှိရင် တောင်ဘက်တစ်ကြော လုံးမှာ ရှိရမယ်။ တောင်လမ်းအတိုင်းလိုက်ရင် လယ်ပြင်ကြီးရှိရမယ်။ ကိုချစ်တိုး က အဲသလိုတွေးမိတော့ ဂက်စ်ဆရာ ကားပေါ်တက်တော့လို့ ပြောလိုက်ရော ဂက်စ်ဆရာက လမ်းပြဆိုတော့ ရှေ့ခေါင်းခန်းက စီးရမှာကိုး။ သတို့သား မောင်ကြိုင်က နောက်ကို ပြောင်းစီးရရော။ မောင်ကြိုင်လည်း ခုမှ အနေချော ရတော့တယ်ဆိုတဲ့ မျက်နှာနဲ့ ပြုံးနိုင်ရယ်နိုင် ရှိလာတယ်။ ဒါကလည်း မောင်ကြိုင် အထင်ပါ။ ဆရာလုပ်တဲ့ ကိုကျော်သန်းကသာ ဆူဆူငေါက်ငေါက်နဲ့ ပြီးပြီးရော သဘောထားပေမယ့် နောက်မှာပါလာတဲ့ ကိုချစ်တိုးက ကားပေါ်ရောက်လာတာနဲ့ မျက်နှာသာ မပေးတော့ဘူးကိုး။ သတို့သားဆိုတဲ့ကောင်ကလည်း မျက်နှာပိုး မသေချင်ဘူး။ မျောက်ချောက်နေတဲ့အတိုင်းဆိုတော့ ကိုချစ်တိုးက နေရာကျ ကျယ် ဖယ်မပေးဘူး။ တော်ရာကြည့်ထိုင်ဆိုတဲ့ သဘောနဲ့ ပေါင်ကားထိုင်တော့ မောင်ကြိုင်ကလည်း ထိုင်မယ်လုပ်ပြီးမှ ထိုင်မဖြစ်တော့ လူဝကြီး ဦးမှတ်တင်ရဲ့ ဒူးခေါင်းထိပ်က ကွက်လပ်ထဲ ရုတ်ဆို ထိုင်ချလိုက်ရော။ ဒါပေမယ့် ကား ဆောင့်ထွက်လိုက်တော့ လူဝကြီးပေါင်ပေါ် ဝုန်းဆိုကျတော့တာပေါ့။

"ငါ ... ကွာ နာလိုက်တာဟ၊ အောင်မလေး သတို့သား ကျေးဇူးရှင်ရဲ့ ပုဆိုးထဲထုပ်ထားတဲ့ ဥသျှစ်သီးတွေ ကွဲကုန်ပါရောလားဟ"

ပုဆိုးထဲထည့်လာတဲ့ ဥသျှစ်သီးဆိုတာကို မောင်ကြိုင်က တကယ့် ဥသျှစ်သီး ထင်သွားပုံရတယ်။ အသာလျှောဆင်း ထိုင်ရင်းက ပြန်မေးတယ်။ ဘယ့်နှယ့် မင်္ဂလာဆောင် ကြောင်းမြန်းတဲ့ပွဲ ဥသျှစ်သီးထည့်ယူလာရသလဲ ဆိုတဲ့ မျက်နှာ နဲ့ပါ။

"ဥသျှစ်သီးများ အလေးခံလို့ လေးလေးရာ၊ ကျွန်တော့်ရွာ ရောက်ရင် ခူးခဲ့စမ်းပါ့မယ်"

"မင်းက ဘယ်ရွာကတုန်း"

"သပြေကန်က၊ ဥသျှစ်သီးများ ပေါချက်တော့"

အားလုံးက အူရန်ကောကွာဆိုတဲ့ သဘောနဲ့ ရယ်ကြပေမယ့် ကိုချစ်တိုး မရယ်ဘူး။ လူကြီးတွေခေါ်လာပြီး ပေါ့တီးပေါ့ဆ နိုင်ရပါ့မလားရယ်လို့ ငေါ စရာ အကွက်ချောင်းနေတာ မဟုတ်လား။ အခုလည်း ကြည့်လေ၊ ကံကောင်း ဂက်စ်ဆရာနဲ့ တွေ့လို့သာပေါ့။ နို့မို့ ဒုက္ခရောက်ရပါလား။ ကိုချစ်တိုး မနေနိုင်တော့မေးတယ်။

"နေစမ်းပါဦး၊ မင်းက ကိုကျော်သန်းဆီမှာလုပ်တာ ကြာပြီလား"



"ဟာ ... လေးချစ်တိုးကလဲ။ လေးချစ်တိုးတို့ရုပ်ကွက် ပန်းတျာမြအောင် ဇာတ်လာကတဲ့ နှစ်ကပေါ့ဗျာ၊ နှစ်နည်းမှတ်လို့"

"ဟော့ကောင် ပန်းတျာမြအောင် လာမပြောနဲ့၊ မင်းကို ဇာတ်အကြောင်း မေးတာမဟုတ်ဘူး"

"လေး ငါးနှစ် ရှိပါပြီ"

"သည်လောက်ဝေးတဲ့ရွာက မိန်းကလေးနဲ့ မင်း ဘယ်လိုတွေ့ပြီး ဘယ်လို ကြိုက်ကြတာလဲကွ ဟေ ..."

"လူငယ်တို့ သဘာဝပေါ့ လေးချစ်တိုးရာ၊ နှဖူးစာရွာလည်တယ်ဆို မဟုတ် လား လေးချစ်တိုးရ"

"မင်း ဒီလောက်တတ်နေမှတော့ မင်းဟာမင်း သွားတောင်းမြန်းပါလား မောင်ကြိုင်ရာ၊ ငါ နားရင်းထတီးမိတော့မယ်"

"သည်လိုပါ လေးချစ်တိုးရာ၊ ကမ်းနားဈေးထဲ တွေ့ကြတာပါ။ ကျွန်တော့် ကောင်မလေးက ကမ်းနားဈေးက သနပ်ခါးသည် မတင်ကြည် ဆီကို တစ်လ တစ်ခေါက် သနပ်ခါးလာလာပို့တာလေ။ ကျွန်တော်တို့ချင်းလည်း တစ်လတစ်ခါ တွေ့ကြရတာဗျ"

"နောက်တစ်လတွေ့ဖို့ ဘယ်လို ချိန်းကြတာတုန်း"

"မြန်မာရက်နဲ့ ချိန်းရတာပေါ့။ ဘယ်နေ့ ဘယ်နေ့လာမယ်ဆိုရင် ကျွန်တော် က မနက်ပိုင်း အလုပ်မဆင်းဘဲ ဈေးဝက စောင့်နေတာပဲ"

"မင်းရည်းစားက ဘယ်သူကွ"

"အေးသီ"

❐

## (၃)

မောင်ကြိုင်နဲ့ အေးသီ တွေ့ကြတာ ကမ်းနားဈေးမှာပါ။ ကမ်းနားဈေးက မန္တလေးမြစ်ဆိပ် အစိုးရသင်္ဘောကျင်းနားမှာရှိတဲ့ ကိုကျော်သန်းတို့ သံရည်ကျို စက်နဲ့လည်း နီးတယ်။ သံရည်ကျိုစက် အလုပ်သမားတွေက အလုပ်မဝင်ခင် ဈေးမုန့်စားတတ်ကြတော့ မနက်တိုင်းရင် ဈေးထဲရောက်ကြတာ များတယ်။ မောင်ကြိုင်က မန္တလေးက မဟုတ်ပါဘူး။ သပြေကန်ရွာက။ သပြေကန်ဆိုတာ ချောင်း တန့်ဆည်ဘက်က ရွာပါ။ မောင်ကြိုင် လူပျိုမပေါက်တပေါက်ကတည်းက ကိုကျော်သန်းဆီ လူဆက်နဲ့ ရောက်လာတာဆိုတော့ မန္တလေးရည် မဝသေး

www.burmeseclassic.com

www.burmeseclassic.com



တောင် ချော်ဆိပ်ရည်ဝနေပါပြီ။ သံရည်ကျိုစက်က မန္တလေးချော်ဆိပ်မှာ ရှိတာကိုး။

ကိုကျော်သန်းအလုပ်ရုံ အပေါ်ထပ်က အထပ်ခိုးမှာ မောင်ကြိုင့်လို နယ်က လူငယ်အလုပ်သမားတွေ လေးငါးယောက်ရှိတော့ အလုပ်ပြီးရင် လူငယ်သဘာဝ ရွာရိုးကိုးပေါက် လျှောက်နေကျ။ မောင်ကြိုင်က မိဘတွေ မရှိရှာတော့ပါဘူး။ သူ့ကိုလာအပ်တဲ့ ဦးလေးတော်ကလည်း မောင်ကြိုင့် အပ်ပြီးကတည်းက ပေါ်မလာတော့ မောင်ကြိုင်ကလည်း သပြေကန်ကို စိတ်တောင် မရောက်တော့ပါဘူး။ ကိုကျော်သန်းက ထမင်းကျွေးနေတာဆိုတော့ ထမင်းဖိုးရယ်လို့ ထူးကုန်စရာ မရှိဘူး။ ရတဲ့လခ ဆရာကတော်ဆီအပ်ထားတာပဲ တော်တော်ရပြီ။ ကိုကျော်သန်းသားတွေ ဝတ်တဲ့ အထည်ကျတွေကလည်း မောင်ကြိုင့်အဖို့တော့ အကောင်းစားတွေ ဖြစ်နေတာပါ။ သူ့ဆရာသားတွေက ပေးလိုက်၊ ကမ်းနားဈေးက လေဘေးထည် ကောင်းကောင်းဝယ်ဝတ်လိုက်ဆိုတော့ မောင်ကြိုင့်ခမျာ အဝတ်အစားတော့ လတ်လတ်လောလော ရှိရှာတယ်။ ကောင်းကောင်းစား ကောင်းကောင်းဝတ်ရမှတော့ မန္တလေးလိုမြို့ကြီးမှာ မောင်ကြိုင်မနေချင်ဘဲ ရှိပါ့မလား၊ ပျော်ပြီပေါ့။

သည်ကြားထဲ ကိုကျော်သန်းက သူ့သားတွေ စွန့်တဲ့ ဂစ်တာတစ်လက် တပည့်တွေကို ဘုံချပေးထားတော့ မောင်ကြိုင်တို့ အလုပ်သမားတွေဆိုတာ ကြုံရာလူက တဖျင်းဖျင်းပေါ့။ လူငယ်တွေဆိုတော့ ခုခေတ်စားတဲ့ သီချင်းတွေလည်း ရကြတယ်။ မောင်ကြိုင်ကတော့ ရွာသီချင်းတွေလောက် ကြိုက်တာပါ။ အနိုင်တို့၊ ဟသ်ာတထွန်းရင်တို့၊ တွံတေးသိန်းတန် တို့ဆိုရင် အသေကြိုက်တာ။ ဒါပေမယ့် စိုင်းစိုင်းခမ်းလှိုင် သီချင်းတွေလည်း ရောရောယောင်ယောင် ဆိုတတ်နေပါပြီ။ သံရည်ကျိုစက်ရုံက အလုပ်သိမ်းပြီဆိုရင် ဇရာဝတီမြစ်ထဲဆင်း ရေချိုး၊ ရှိုးကလေးထုတ်ပြီး ရပ်ကွက်ထဲ 'သလား' ကြတော့တာပဲ။ သူတို့ဆရာက အရက်သေစာ သောက်စားတာ ခွင့်မပြုတော့ ဘယ်သူမှ မသောက်ရဲကြဘူး။ အလုပ်သမားတစ်ယောက် အရက်သောက်လာတာတွေ့လို့ ကိုကျော်သန်းက ညတွင်းချင်း အလုပ်က ထုတ်ပစ်လိုက်တာတွေ တွေ့ကြရကတည်းက အရက်တော့ မရဘူးမောင် ဖြစ်ကုန်ကြကာပါ။ ရည်းစားနဲ့ ကွဲလာတဲ့ တင်သိန်းက သူ့အသည်းအရက်နဲ့စိမ်ချင်တယ်ပြောတော့ မောင်ကြိုင်တို့က ဝေးဝေးရှောင်ကြတယ်။

"မင်းဟာမင်း တစ်ခြားသွားစိမ်ပါကွာ၊ ပြဿနာထဲ ငါတို့ပါနေပါ့မယ်။ ရည်းစားနဲ့ကွဲတာများ အရက်သောက်စရာ ဘာလိုသလဲကွ။ ကိုယ့်မကြိုက်တာ သွားပစေပေါ့။ ကိုယ်ကတောင် လုပ်ကျွေးရမယ့်ဟာ၊ အရက်နဲ့ ဘိုးတော်နဲ့ မဖြစ်ဘူးနော့ ငါ့ကောင်"



မောင်ကြိုင်က သူ့ခံယူချက်ကို ပြောတော့ တင်သိန်းကလည်း အရက်သောက်ဝံ့တော့ဘူး။ ဘိုးတော်ဆိုတာ ကိုကျော်သန်းကို ကွယ်ရာမှာ ခေါ်ကြတဲ့နာမည်။ မောင်ကြိုင်ကတော့ သူ့ဘဝကို အပျက်မခံတော့ဘူး။ ရွာပြန်ရမှာစိုးလို့။ ရွာမှာ ပင်ပန်းကြတာ သူအသိ။ ငွေတစ်ကျပ် လက်တွင်းဆုပ်မိဖို့ခက်တာ သူအသိ။ နဂိုက မိဘနှစ်ပါးမရှိတဲ့ မောင်ကြိုင့်ကို ဆရာကသာ မောင်းထုတ်လိုက်ရင် တုံးမှိတိုင်ကပ် ဖြစ်တော့မယ်။ အလုပ်ကိုလည်း ကြိုးစားလုပ်တယ်။ ကိုကျော်သန်းတို့ မိသားစုကလည်း မောင်ကြိုင့်ကို သနားကြတာပါပဲ။ ချစ်လည်း ချစ်ကြပါရဲ့။

"မောင်ကြိုင်က အလုပ်လာဘ်မြင်တော့ သံရည်ကျိုစက်တွေက မောင်ကြိုင့်ကို သွေးတိုးစမ်းနေကြတာကြားတယ် ကိုကျော်သန်း၊ လခပိုပေးမလေး၊ အဝတ်ပိုဆင်မလေး ဖြစ်နေကြသတဲ့။ မောင်ကြိုင့်ကို ကျုပ်တို့က ပျိုးပြီးကာမှ အသီးသူများခူးစားတာမျိုး ဖြစ်နေမနော်"

တစ်ရက် ကိုကျော်သန်း မိန်းမက ကြားလာတဲ့ သတင်းပြောတော့ ကိုကျော်သန်းတောင် သည်ကိစ္စ စဉ်းစားရပြီ။ အလုပ်သမားကောင်းရင် လုပ်ငန်းရှင်တွေက ဖြားယောင်းကြ၊ မျက်စပစ်ကြတာ သဘာဝဆိုတာလည်း သိပါရဲ့။ အပြစ်တင်လို့လည်း ဖြစ်တာမဟုတ်ဘူး။ ဘယ်သူ့ဘယ်သူမှ ငါးနှစ်စာချုပ်ရယ်၊ ဆယ်နှစ်စာချုပ်ရယ် ရှိတာမဟုတ်တော့ သည်လိုပဲ ငယ်မွေးခြံပေါက်ဘဝကနေ အသုံးလှတဲ့အထိ ကိုယ့်လူကိုယ် မွေးကြရတာ မဟုတ်လား။ အလုပ်သမားက ပျော်ပါဘူးဆိုရင် ပြန်လွှတ်ကြရတယ်။ သည်တော့ မောင်ကြိုင်တို့လို ရွာကလာလုပ်နေကြတဲ့ အလုပ်သမားတွေကို ကိုကျော်သန်း ခေါ်ပြောရတယ်။

"မင်းတို့ကို ဆရာ ပြောမယ်။ ဆရာ မင်းတို့ကို ပညာသင်ပေးတယ်၊ ကျွေးမွေးစောင့်ရှောက်တယ်၊ ဘုရားပွဲရှိရင် အခါရက်ကြုံရင် ဝတ်စုံသစ် ချုပ်ပေးတယ်၊ လခကောင်းကောင်း ပေးထားတယ်၊ ရွာပြန်ချင်တယ်ဆိုလည်း မိဘဆီသွား ကန်တော့နိုင်အောင် ငါ ထောက်ပံ့တယ်၊ မင်းတို့လခထဲက မဖြတ်တာမင်းတို့ အသိ။ စောင်၊ ခြင်ထောင်၊ ခေါင်းအုံးကအစ လှူတန်းစေ့ထားတယ်။ ဆရာပြောချင်တာက မင်းတို့ကို သွေးမြှောက်သူတွေရှိရင် သွေးမမြှောက်ကြနဲ့၊ ဆရာ့စေတနာကို ထောက်ထားကြဦး"

ကိုကျော်သန်း စေတနာကိုတော့ တပည့်တွေကလည်း ထောက်ထားကြတယ်။ သည်လိုနဲ့ မောင်ကြိုင်တောင် လက်လွှဲ၊ မျက်စိလွှဲရတဲ့ သံရည်ကျိုဆရာပေါက်စ ဖြစ်လာပြီပဲ။ သည်ဘက် နှစ်တွေမှာတော့ မောင်ကြိုင်က ရည်းစား

www.burmeseclassic.com

www.burmeseclassic.com



စာတွေ ဘာတွေ ရေးလာတယ်။ ရေးတာလည်း သူများလူပျို့တွေလို ရေးပြီး အိတ်ထဲခေါက်ထည့်၊ ကြိုရာကျရာ အဆင်ပြေလောက်မယ့် မိန်းကလေး ပေးတာမျိုး မဟုတ်ဘူး။ ရည်းစားစာကို တစ်လတစ်ခါပဲ ရေးတယ်။ ရည်းစားဆီက စာလာတော့လည်း တစ်လမှတစ်စောင်ပဲ။ သူငယ်ချင်းတွေက ကြာတော့ ရိပ်မိကြတာပေါ့။ ညတိုင်ရင် အထပ်ခိုးလေးပေါ်မှာ လူပျို့သဘာဝ သူ့ရည်းစား ကိုယ့်ရည်းစား၊ သူပိုးကိုယ်ပိုး၊ သူ့အံ့ပုန်း ကိုယ့်အံ့ပုန်းတွေ ပြောဖြစ်နေကျ မဟုတ်လား။

"ဗွီဒီယိုရုံပေါက် ဈေးရောင်းနေတဲ့ သန်းသန်းစိုးက ငါ့ကို စီးကရက်ဝယ်တာ မီးတောင် ညှိပေးတာ၊ နေ့တိုင်း လာကြည့်နော်တဲ့၊ ငါ့ ကြွေနေပြီလား ပြောတတ်ပေါင်ကွာ"

"ညောင်ပင်ကြီးအောက်က သဲကား ထမင်းဆိုင်က ညီအစ်မခုနစ်ယောက်ထဲက မှဲ့လေးနဲ့ကောင်မလေး တွေ့ကြလား၊ မတင့်လေ ... မနေ့က မြစ်ဆိပ်ရေချိုးကြတော့ ဆပ်ပြာတစ်ပွတ်လောက်တောင်းလို့ ငါ ပေးခဲ့ရပါပကော"

"ဈေးထိပ်က ကြာဖံသုပ်ရောင်းတဲ့ ဒေါ်ဝတုတ်တူမ ဆိုတာကွာ၊ မိတ်ကပ်တွေ ဖွေးနေတဲ့ ကောင်မလေးလေ။ ငါ့ကို မြို့ထဲရောက်ရင် သီချင်းစာအုပ် လက်ဆောင်ဝယ်ခဲ့ပေးပါတဲ့၊ ဘာစာအုပ်လဲဆိုတော့ ကြိုက်တာဝယ်ခဲ့တဲ့"

ညဘက် အထပ်ခိုးပေါ်မှာ ဟုတ်တာရော၊ မဟုတ်တာရော မိန်းကလေးတွေ အကြောင်း ပြောကြတော့ မောင်ကြိုင်က မပြောဘူး။ ကြာတော့ ရည်းစားစာတွေ တစ်လတစ်ခါရေးတာကစပြီး မောင်ကြိုင့်အခြေအနေကို အစ်အောက်မေးကြတယ်။ သည်တော့မှ မောင်ကြိုင်က သူ့ရည်းစား အေးသီအကြောင်း ပြောပြတယ်။ အေးသီနဲ့ သူနဲ့ ဈေးထဲမှာတွေ့ကြရာက ကြိုက်ခဲ့ကြတဲ့အကြောင်းက စတယ်။ အေးသီက စစ်ကိုင်းအနောက် လယ်ပြင်ကြီးဆိုတဲ့ရွာကနေ သည်ဈေးထဲကို သနပ်ခါးလာပို့နေတဲ့ တစ်ရွာသူကလေးဖြစ်ကြောင်း၊ လယ်ပြင်ကြီးရွာမှာ အေးသီက အချောဆုံးလို့ အေးသီကိုယ်တိုင်က ပြောတဲ့အကြောင်း၊ အေးသီပြန်ရင် ဥပုသ်တော်ကုန်းထိပ် စစ်ကိုင်းကားမှတ်တိုင်ကို သူ့စက်ဘီးနဲ့ (သံရည်ကျိုရုံက လက်ဖက်ရည်ဝယ်တဲ့ စက်ဘီးပါ) လိုက်ပို့ကြောင်း၊ ဥပုသ်တော်ကုန်းထိပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်ကြပြီး ကားပေါ်တင်ပေးနေကျ ဖြစ်ကြောင်းတွေ ပြောတော့ ကျန်တဲ့ သူငယ်ချင်းတွေက ပါးစပ်ဟောင်းလောင်း။

"မောင်ကြိုင် မိုက်လှချည့်လားကွ။ ငါတို့ဖြင့် မင်းရည်းစား အေးသီကို လိုက်ပို့တာ တစ်ခါမှ မတွေ့ဖူးပေါင်ကွာ"



တင်သိန်းက မယုံသလိုလိုမေးတော့ မောင်ကြိုင်က ပြုံးတယ်။

"အေးသီက ငါတို့ အလုပ်ပိတ်ရက် ဥပုသ်နေ့မှ ဈေးလာတာကွ၊ မင်းတို့ ဘယ်တွေ့မှာလဲ"

"ဒါနဲ့ အေးသီက အတော်ချောသလားကွ မောင်ကြိုင်ရ"

"ချောပြီပေါ့ကွာ၊ မြို့မှာဆို ဗွီဒီယိုမင်းသမီး ဖြစ်လောက်တယ်"

သူငယ်ချင်းတွေက မောင်ကြိုင်တစ်ယောက် မိန်းမချောနဲ့ ကြိုက်မိပါပကောရယ်လို့ အားကျကြတယ်။ ဟုတ်လေသလား မဟုတ်လေသလား မသိရသေမယ့် မောင်ကြိုင် ညွှန်းသလောက်တော့ ဗွီဒီယိုမင်းသမီးဖြစ်လောက်တယ်ဆိုလေတော့ မောင်ကြိုင့်ရည်းစား ကြည့်ချင်ကြတယ်။ သူငယ်ချင်းတွေက လာမယ့် ဥပုသ်နေ့ ဘယ်မှအလည်မထွက်ဘဲ စောင့်ကြည့်ကြမယ် ဖြစ်ကုန်ရော။ ဘကယ်က မောင်ကြိုင်က ရွာမှာ လေးတန်းလောက်နေခဲ့တာဆိုတော့ ဟုတ်တိပတ်တိ ရေးတတ်တာ မဟုတ်ပါဘူး။

တစ်ရက်တော့ မောင်ကြိုင်က ဘာစိတ်ကူးပေါက်သလဲ မပြောတတ်ပါဘူး။ အေးသီက ပေးလိုက်တာဆိုတဲ့စာကို ပြတယ်။ အစ်ကိုလို့ အစချီပြီး မောင်ကြိုင့်ကို လွမ်းရတာက များများ။ တစ်လတစ်လ ကြာတယ်ထင်လွန်းလို့ အမေ မန္တလေးလွှတ်မယ့်ရက်ကို လက်ချိုးရေနေရကြောင်းတွေ ဖတ်ရတယ်။ ကလာစာရွက် ပျော့တိပျော့ဖတ်ပေါ်မှာ ခဲတံ တံတွေးဆွတ်ပြီး ရေးထားတဲ့ စာတစ်စောင်ပါ။ မောင်ကြိုင့်သေတ္တာထဲမှာ တစ်လတစ်စောင်ရတဲ့ စာကပဲ အစောင်နှစ်ဆယ်ကျော်လောက် ရှိပြီဆိုတော့ ရည်းစားသက်ကချည်း နှစ်နှစ်နီးပါးရှိတဲ့သဘော ရောက်နေပြီ။ စာတစ်စောင်မှာတော့ သည်တစ်ခေါက်လာရင် မိသားစုသားပီပီ တောင်းရမ်းဖို့ကိစ္စ ပြောကြရအောင်ဆိုတာ ပါလာတယ်။ အေးသီအမေကိုးမကလည်း သမီးကရတဲ့ သမက်ကို အကြောင်းပြုပြီး မန္တလေးကို လိုက်မယ်ဆိုတာလည်း ပါရဲ့။ မန္တလေးမှာ မအေက သနပ်ခါးရောင်းမယ်၊ အေးသီက ခေါင်းရွက်ဗျပ်ထိုး လည်ရောင်းမယ်။ အစ်ကိုကလည်း အလုပ်ရှိမှတော့ အေးသီ ဘဝကိုရင်ဆိုင်ရဲတယ်တို့ ဘာတို့ ပါလာရော။

"ဒါဖြင့် မင်း မိန်းမယူရတော့မှာပေါ့ ဟုတ်လား မောင်ကြိုင်"

ဘယ်သူမှ ကောင်းကောင်းကန်းကန်း မတီးတတ်တဲ့ ဂစ်တာကို အားချီပြီး သူငယ်ချင်းတွေက မေးတယ်။ မောင်ကြိုင်က မျက်နှာပိုးမသေတဲ့မျက်နှာကြီးနဲ့ ... ဘဝခရီးမှာ ချစ်သူနဲ့ လျှောက်လှမ်းတော့မယ်ဆိုတဲ့ပုံလည်း ပေါ်ရဲ့။

"ယူတာတော့ ဟုတ်ပါပြီကွာ၊ အေးသီ ရေးထားပုံက လွယ်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



မင်းရည်းစားရွာက ဘယ်မှာတုန်း၊ ဈေးထဲတွေ့ကြပြီး ကြိုက်ကြတာ ထားပါတော့၊ ကိုယ့်သူမသိ သူ့ကိုယ်မသိနဲ့ မင်းဟာ မဟုတ်သေးပါဘူး"

သူတို့အလုပ်သမားတွေထဲ အသက်အကြီးဆုံးဖြစ်တဲ့ ကိုသံချောင်းက မေးတော့ မောင်ကြိုင် မဖြေတတ်ပြန်ဘူး။ ကိုယ့်အကြောင်း သိရအောင် မောင်ကြိုင်ကလည်း သူ့ကိုယ်သူ ဘာမှဟုတ်တယ် မထင်ပါဘူး။ ကိုကျော်သန်း သံရည်ကျိုရုံမှာ အလုပ်ကလေး အကိုင်ကလေးနဲ့ လူလုံးပြောင်ပြောင် နေရတာရှိတာပဲ မဟုတ်လား။ အေးသီကလည်း သနပ်ခါးစည်း မြွေရေခွံအိတ်နဲ့ထည့်လာ၊ ဈေးဖြတ်ပြီး အရင်လက ပိုက်ဆံရှင်း။ အရင်းကို ရွာကသနပ်ခါးရှင်ပြန်ပေး၊ အမြတ်သားအမိနှစ်ယောက် စားကြတယ် ဆိုတာလောက်တော့ မောင်ကြိုင်သိသားပဲ။ စစ်ကိုင်းအနောက်ဖျား လယ်ပြင်ကြီးသူ ဆိုတာလောက်၊ နာမည် အေးသီ ဆိုတာလောက်၊ သနပ်ခါးပို့သူ ဆိုတာလောက်နဲ့ ယူတော့ကော ဘာဖြစ်လို့လဲ။ သူကလည်း ချစ်တယ်။ ကိုယ်ကလည်း ချစ်တယ် ပြီးပြီပေါ့။

သည်စကားက အလုပ်သမားတွေကတစ်ဆင့် ကိုကျော်သန်း မိန်းမနားရောက်သွားတော့ မောင်ကြိုင့် ခေါ်မေးတယ်။

"မောင်ကြိုင် နင် မိန်းမယူတော့မလို့ဆို၊ ဘယ်က မိန်းကလေးလဲ ဟဲ့"

"စစ်ကိုင်းအနောက်ဘက် လယ်ပြင်ကြီးသူ သနပ်ခါးသည်၊ နာမည်က အေးသီပါ အစ်မ"

"နင်က အလုပ်က ထွက်တော့မှာပေါ့၊ လယ်ပြင်ကြီး လိုက်နေမှာပေါ့၊ အဲသလိုလား"

"အလုပ်မထွက်ပါဘူး အစ်မရယ်။ မိသားဖသားပီပီ တောင်းရမ်းယူမယ်၊ သူတို့ရွာမှာ ဘုန်းကြီးဆွမ်းကပ်ပြီးရင် ခေါ်လာရုံပဲ"

"နင့် လွယ်လိုက်တာဟယ်၊ မိန်းမယူလာတော့ တို့ထပ်ခိုးပေါ်နေလို့ ဘယ်ဖြစ်တော့မှာတုန်းဟဲ့၊ ယောကျ်ားလေးတွေ တရုန်းရုန်းနဲ့"

"အိမ်ကလေး ငှားနေမလားလို့ဘဲ"

သည်စကားက သူ့မယားကတစ်ဆင့် ကိုကျော်သန်းဆီ ရောက်ကရော။ ကိုကျော်သန်းကတော့ ချိုသည်ခါးသည် မပြောပါဘူး။ လူပျိုတစ်ယောက် မိန်းမယူတာ ဆန်းသလားလို့။

တစ်ရက် အေးသီက သနပ်ခါးလာပို့ရင်း မောင်ကြိုင် အလုပ်လုပ်တဲ့ ကိုကျော်သန်း အလုပ်ရုံရှေ့ကို ရောက်လာတယ်။ မအေလုပ်သူလည်းပါရဲ့။ မောင်ကြိုင်ကလည်း အံ့ဩလို့။ မောင်ကြိုင်နဲ့ အေးသီ ချိန်းထားတဲ့ရက်မဟုတ်ဘဲ



ရောက်လာကြတာကိုး။ သံရည်ကျိုစက်ပိုင်ရှင်ရဲ့ ဧည့်ခန်းမှာ သားအမိနှစ်ယောက် အစွင့်သားထိုင်လို့လေ။ ကိုကျော်သန်းကပဲ မောင်ကြိုင်ကိုခေါ်ပြီး စကားပြောတယ်။ ဘာတွေပြောကြတယ် မသိပါဘူး။ ကိုကျော်သန်းက မောင်ကြိုင့် ရည်းစားရယ်လို့ လမ်းစရိတ်လေး ဘာလေး ထောက်လိုက်သေးတယ်။ ကိုကျော်သန်းမိန်းမကလည်း သူ့အဝတ် အကျႌကလေးတွေ မနည်းပါဘူး ပေးလိုက်တာ။ အေးသီတို့သားအမိ ပြန်ကြတော့ ကိုကျော်သန်းက မေးရော။

"ဘာတဲ့တုန်းကွ မောင်ကြိုင်"

"သီတင်းကျွတ်လပြည့်ကျော်ရင် တောင်းရမ်းဖို့ လာပြောကြတာ ဆရာ၊ ဆရာတို့ပဲ တောင်းပေးပါ၊ ကျွန်တော့်မှာ လူကြီးမိဘရယ်လို့ မရှိတော့ပါဘူး။ ရွာကအမျိုးတွေ သွားခေါ်တော့လည်း စရိတ်ပွန်းတာ အဖတ်တင်ရုံ ရှိမှာပဲ"

ပြဿနာက သည်တင် ပြီးပေမယ့် ညဘက် အထပ်ခိုးပေါ်အိပ်ကြတော့ ဘက်ကရော။ ဗွီဒီယိုမင်းသမီးရှုံးတယ်ဆိုတဲ့ အေးသီကို သူငယ်ချင်း လုပ်ဖော်ကိုင်ဖက်တွေက မျက်မြင် တွေ့လိုက်ကြရတာကိုး။ အေးသီက အသားညိုညို၊ ကိုယ်လုံးပြုးပြုး၊ မျက်နှာဝိုင်းကလေးနဲ့ပေမယ့် အချောကြီးတော့ မဟုတ်ပါဘူး။ သူ့ကိုကိုယ်လို ရွက်ကြမ်းရေကျိုထဲကပါ။ ဒါကို သူ့ရည်းစား အမွန်းတင်ရပါ့မလားလို့ ဟားကြတာပါ။

"မောင်ကြိုင့်ရည်းစား ဗွီဒီယိုရိုက်ဖို့ ကုမ္ပဏီတွေက လုနေကြတာကွ"

"ဟုတ်လား၊ ဘာကားရိုက်မှာတုန်း"

"သရဲကား"

မောင်ကြိုင်ကတော့ သူ့စကားနဲ့သူ ဘာမှမပြောသာဘူး။ မျက်နှာရှုံးကြီးနဲ့ နေတာပဲ။ စိတ်ဆိုးရလည်း ခက်ကိုး။ သူ့စိတ်ထဲတော့ အေးသီက တကယ်လှ ပါတယ်။ သူ့ဘဝမှာ အမြဲနိမ့်ပါးခဲ့ရတာ သူအသိ။ မိဘနှစ်ပါးမရှိကတည်းက ရွာမှာ ကောက်ရိုးပုံဘေးလိုလို၊ နွားစားကျင်းဘေးလိုလို ကြီးခဲ့ရတာဆိုတော့ ငယ်စိတ်ကလည်း အမြဲရှိတယ်။ နွားကျောင်းနိုင်တဲ့ အရွယ်ရောက်တော့ ဦးလေး ဘကြီးတွေက လယ်ထဲကိုင်းထဲ နွားကျောင်းခိုင်းတော့ ရွာပြင်ကွင်းထဲ ချိန်းကုန်ခဲ့ရတယ်။ သူက ရွာမှာမပျော်ဘူး။ ရွာနဲ့ဝေးတဲ့အရပ်မှာ သွားနေချင်တယ်၊ အခုတော့ မန္တလေးမှာ နေရပြီ။ ချစ်သူရည်းစားကလေး တစ်ယောက်တည်း ကောက်ရခဲ့ပြီဆိုတော့ နည်းတဲ့ကုသိုလ်လား။ ဘဝမှာ သားရယ်၊ မယားရယ်လို့ အဖော်တွေ ရှိလာတော့မယ်။ အေးသီကလည်း တောသူကလေးပီပီ ချိုနှိုးလက်ပါ။ ခမျှာ မအေအိုကြီး လုပ်ကိုင်ကျွေးနေရရှာတာဆိုတော့ မိန်းကလေး

www.burmeseclassic.com



တန်မဲ့ မန္တလေးနဲ့ လယ်ပြင်ကြီး ကူးနေရတယ်။ တွေးကြည့်ရင်တောင် အေးသိကို မောင်ကြိုင် သနားလာမိတယ်။ အခုလောက်ဆို ခမျာ သူ့ကို မျှော်နေရှာရောပေါ့။

"ဝုန်း"

ဝုန်းခနဲ အသံကြားလိုက်ရတော့ ကားပေါ်ပါလာတဲ့ လူတွေလည်း လန့်သွားကြတယ်။ မောင်ကြိုင်ဆိုတာ စိတ်ကူးယဉ် ရေယာဉ်ကြော မျောနေရာက 'အမယ်လေးဗျ' လို့တောင် အော်လိုက်မိတဲ့အထိ။

❒

(၄)

လမ်းက ဆိုးသည်ထက် ဆိုးလာပြီ။ ချိုင့်ကြီး၊ ကျင်းကြီးတွေဆိုတာ ရှောင်မလွှတ်ဘူး။ လှည်းလမ်းကြောင်းဆိုပေသိ မိုးတွင်းက ပျက်စီးထားတာဆိုတော့ လမ်းက အသားမကျသေးဘဲ ပျက်ချင်တိုင်းပျက်နေတာပါ။ ထော်လာဂျီ ဘီးရာ တွေတော့ တွေ့သား။ မောင်ကြိုင့်ကောင်မလေးက စစ်ကိုင်းကနေ လယ်ပြင်ကြီး အထိ ကားလမ်းပေါက်တယ်လို့ မောင်ကြိုင့်ကို ပြောထားတော့ ကိုကျော်သန်းက အဟုတ်ကြီးထင်ပြီး စွတ်ရွတ် မောင်းချလာတာပါ။ အညာအရပ်ပီပီ ပဲခင်း၊ ပြောင်းခင်း၊ ငုတ်စိကလေးတွေကလွဲလို့ သစ်တစ်ပင်ကောင်းကောင်း မတွေ့ သေးဘူး။ လမ်းကကြမ်းတော့ ကားကလည်း တီကောင်ဆားနဲ့တို့သလို ထွန့်ထွန့် လူးလို့။

မတတ်နိုင်ဘူးဆိုတဲ့ စိတ်နဲ့ပဲ ကိုကျော်သန်းလည်း သူ့ကားကို ဖြစ်ချင်ရာဖြစ် သဘောထားပြီး ဆက်မောင်းလာရတော့တာပါ။ ရှေ့မှာ သစ်အုပ်ညိုညို ရွာကြီး တွေ့ရပြီ။ လယ်ပြင်ကြီးလားဆိုတော့ ဂက်စ်ဆရာက မဟုတ်ဘူးတဲ့။ မိုးနံ့ကုန်းတဲ့ လမ်းသုံးမွှာဆိုတာတောင် ဘယ်ဆီမသိ နိုင်သေးတော့ မောင်းရုံပေါ့။ ကား ပေါ်က လူတွေလည်း နေပူထဲ ကျပ်တင်ထားတာကမှ သက်သာလိမ့်ဦးမယ်။ သီတင်းကျွတ်ပြီဆိုပေမယ့် အညာအရပ်ဆိုတော့ ပူလိုက်တာ ကောလို့။ သည်ကြား ထဲ တိုက်ပုံအင်္ကျီတွေ၊ ပိုးပုဆိုးတွေနဲ့ဆိုတော့ ကျပ်ထုပ်ကြီးဖြစ်ပြီး မခံနိုင်တော့ ဘူး။ ရေကလည်း ဘယ်သူမှ ပါမလာဘူး။ တော်ပါသေးရဲ့။ ဂက်စ်ဆရာက သောက်ရေသန့်ဘူးဟောင်းလေးတစ်လုံးထဲ ရေထည့်လာလို့။ သူ့ရေကို တစ်ကား လုံး အာစွတ်ရုံ သောက်ကြရတယ်။

"တော်ရုံဝင့်ဆင်းရဲ မဟုတ်ပါလားကွာ၊ ဘဝဟောင်းတုန်းက ငှက်တွေ မီးကင်စားခဲ့ဖူးလို့နေမှာ"



ကျောင်းအုပ်ဆရာကြီးက ညည်းပြီ။ ကျောင်းအုပ်ကြီးရယ်လို့ တစ်သက်လုံး အစည်းအဝေးလောက် ထိုင်ခဲ့ရသူဆိုတော့ ကားပေါ်မှာ လူးလိမ့်နေတဲ့ဒဏ်၊ နေပူ ဒဏ်၊ ရေဆာဒဏ်တွေပေါင်းပြီး မျော့မျော့ကျန်တော့တယ်။ ကိုချစ်တိုးလည်း မထူးဘူး။ လူဝကြီး ဦးမှတ်တင်လည်း မထူးဘူး။ တရုတ်ကြီး ဦးဝိန်ဆိုတာက အသားတွေများ ပိုးနီစပ်ကောင်ကျလို့။ ကိုကျော်ဝင်းကတော့ စကားတောင် ဟဟမပြောနိုင်တော့ဘူး။

"မင်းကွာ၊ စစ်ကိုင်းအနောက်ဘက် လယ်ပြင်ကြီးဆိုတာနဲ့ တို့ကလည်း လိုက်လာတာ။ မင်းကလည်း ရွာမသိ၊ လမ်းကလည်းဆိုး၊ မင်းချိန်းတဲ့ မနက် ဆယ်နာရီဆိုတာ သိသိကျော်ပေါ့။ အခုပဲ ဆယ်နာရီခွဲနေပြီ၊ မင်းရွာ မွန်းတည့် ရောက်ရင် အာဂ"

ကိုချစ်တိုးက မောင်ကြိုင့်ကို ဆူတယ်။ မောင်ကြိုင်က သူလည်း ထမင်းဆာ ပြီ။ ကားပေါ်ပါလာတဲ့ လူကြီးတွေကလည်း ဆာကြရော့မယ်။ ကိုကျော်သန်း ကတော့ ရွာရောက်ရင် ရွာဘုန်းကြီးများကပ်ဖို့ ထိုးမုန့်တွေ၊ လမုန့်တွေ၊ လက်ဖက် တွေ၊ ကိတ်မုန့်ဘူးတွေ ထည့်ပေးလိုက်တာတော့ ရှိပါရဲ့။ ဘုန်းကြီးရဟန်းလှူမယ့် ယ်တွေဆိုတော့ စိတ်နဲ့တောင် မပစ်မှားရဲကြဘူး။ စစ်ကိုင်းအနောက် ခဏ တင်ဆိုတော့ ဖုတ်ဖက်ခါ လိုက်လာခဲ့ကြတဲ့သူချည်းကိုး။ ရွာရောက်ရင် စား ဝဲဆိုပြီး ဘာတစ်စေ့မှ အိမ်က စားမလာခဲ့ကြဘူး။ အဆိုးဆုံးက ရေမပါ ပါ။ ရေဆိုတာကတော့ ဘယ်အရပ်ရောက်ရောက် တောင်းသောက်လို့ရတာ သည်လောက် ခက်ခဲလိမ့်မယ် မထင်ခဲ့ဘူး။ ကိုကျော်သန်းကားထဲ ခါတိုင်း ရေသန့်ဘူး နှစ်ဘူး၊ သုံးဘူးပါနေကျ။ သည်ကနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဘူးမှကို ရေမပါခဲ့တာ။ အရင်ရက်တွေက သောက်ပြီး လွှင့်မပစ်ရသေးတဲ့ ဟောင်းတွေတော့ပါရဲ့။ လူဝကြီး ဦးမှတ်တင်က သူများထက် သုံးဆလောက် သူဆိုတော့ သူများထက် သုံးဆလောက် ပူပုံရတယ်။ သူများထက် သုံးဆ တ် ရေငတ်ပုံလည်းရရဲ့။ ကွင်းထဲက ခပ်ဝေးဝေးမှာ ဘူးစင်ကလေးနဲ့ အခင်း တဲကလေးတစ်လုံးကို မှုန်ပြပြလှမ်းတွေ့တော့ ကိုကျော်သန်းကို ကားအရပ် ယ်။

"ကျော်သန်း ခဏရပ်စမ်းကွာ၊ ရေရှာခိုင်းရအောင်"

"ဘယ်မှာလဲ ရေက"

"ဟိုးကတဲ သွားတောင်းခိုင်းရမှာပဲ၊ မောင်ကြိုင် ဆင်းစမ်း၊ ရေသွား င်"

www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သန်း ကားခေါင်းထဲမှာ ရေသာမပါတာ ရေဘူးခွံက သုံးလေးလုံးလောက်ပါတာဆိုတော့ သတို့သားလောင်း မောင်ကြိုင်က ရေဘူးတွေပွေ့ပြီး ကွင်းထဲပြေးရော။ ကားပေါ်ကလူတွေက တိုက်ပုံချွတ်ပြီး ခေါင်းဆောင်းကြတယ်။ ကွင်းလယ်ခေါင် နေပူကျဲကျဲအောက်မှာ အမိုးမပါတဲ့ ကားကြီးပေါ် ငုတ်တုတ်ကြီးတွေ ထိုင်နေရတာဆိုတော့ စဉ်းစားကြည့်ပေါ့။ ကားမောင်းနေတုန်းကမှ လေကလေးရသေး။ ကိုချစ်တိုးက မောင်ကြိုင့်ကို သနားလည်း သနားမိရဲ့။ နားရင်းလည်း ရိုက်ချင်ရဲ့။ ဂက်စ်ဆရာကတော့ ကားခေါင်းထဲ ငိုက်တောင်နေလိုက်သေးတယ်။ ဒေါ်ငွေက ကားရပ်တုန်း အပေါ့သွားဖို့ ဆင်းပြန်ရော။ ကွင်းထီးထီးထဲပေမယ့် တတ်နိုင်ဘူးဆိုတဲ့ပုံနဲ့ ကားရှေ့နား နည်းနည်းသွားပြီး ထိုင်လိုက်တာပါပဲ။

"ရေက အဝင်သာမရှိတာဗျာ၊ အထွက်တော့ ရှင်ပါ့"

ကိုချစ်တိုးက ဒေါ်ငွေ့ကို ပြောတာပါ။ လူ့ဝကြီး ဦးမှတ်တင်က ဝင်ပြောပြန်ရော။

"အဲဒါက အရေးမကြီးဘူး ငယ်ထိပ်မြွေကိုက်လိုက်မှာ စိုးရတာ"

"မြွေတော့ မရှိလောက်ပါဘူးဗျ၊ မသကာ လယ်ပုဇွန်လုံးညှပ်ရုံ ရှိမှာပဲ"

တစ်ယောက်တစ်ပေါက် ပြောနေကြတာပါ။ လှမ်းကြည့်တော့ မောင်ကြိုင်က တဲရိပ်တောင် မရောက်သေးဘူး။ သူ့ခမျာ သူ့တာဝန်ဆိုတာ သိပုံရပါရဲ့။ ပြေးရှာတယ်။ နေပူပူကြီးထဲ ကားကို မိနစ်နှစ်ဆယ်လောက် ရပ်ထားရတော့ ပူလိုက်တာလည်း ဝက်ဝက်ကို ကွဲကရောပဲ။ မောင်ကြိုင်ပြန်လာတော့ ရေတွေ ပါလာလို့ တစ်ဝကြီးသောက်ကြရတယ်။ မောင်ကြိုင်ကတော့ တဲက သောက်ခဲ့ လို့ မသောက်တော့ဘူး။ ကိုယ့်အိမ်မှာ ရေသန့်ကို ဘူးလိုက်ဆွဲပြီး ရေခဲသေတ္တာ ထဲက ထုတ်သောက်နေကျလူတွေပေမယ့် ငတ်တော့ မနေသာတော့ဘူး။ ရေရတာ ကျေးဇူးတင်ရသေးသကိုး။

"ကျွန်တော် တဲကလူကို မေးခဲ့တယ်၊ လယ်ပြင်ကြီးရွာ ဝေးသလားလို့"

"အေး ဘာတဲ့တုန်း"

"ခေါက်ချိုးတော့ ကျပါပြီတဲ့"

"ခေါက်ချိုး၊ ဟ ... အကျိုးနဲ"

ကားပေါ်မှာ ရေတစ်ဘူးစီ ကိုင်သောက်နေတဲ့ လူတွေအားလုံး မျက်လုံး ပြူးသွားကြတယ်။ ဘယ့်နှယ် သည်လောက်လာပြီးတာတောင် ခေါက်ချိုး ကျ သေးသတဲ့လား။ နောက်တစ်ပြန်သာ ဆက်သွားရရင် စစ်ကိုင်းတိုင်းနယ်စပ်တော



ရောက်တော့မယ့်ဟာ။ မထူးပါဘူး၊ ကိုယ့်ရေကိုယ် ပြန်သောက်ကြပြန်တာ အကျိုတွေတောင် ရွှဲရွှဲစိုလို့။ လူ့ဝကြီးက ကုပ်ပေါ်ရေလောင်းပြီး တဖတ်ဖတ် ရိုက်တယ်။ ဒေါ်ငွေ ရေတစ်ကျိုက် သောက်ပြီးတာနဲ့ ကားလည်း ဆက်ထွက် လာရပြန်တာပေါ့။

ကားကတော့ ရှေ့မှာ လမ်းရှိနေသရွေ့ သွားလို့ရသလောက် သွားနေတာ နဲ့ သွားနေတာပါ။ တစ်ဖက် တစ်ဖက် စောင်းစောင်းသွားလိုက်တာ မှောက် ဘရော မှတ်ရတာလည်း အခါခါဆိုတော့ မှောက်မှမှောက်ကရော၊ ခရိုးခရိုင်နဲ့ လှုပ်လှုပ်သွားနေကြတာပါ။ နေကလည်းပူလိုက်တာ ဝက်ဝက်ကွဲ။ မောင်ကြိုင် တော့ မျက်စိမျက်နှာများပျက်လို့။ သူပူတာက တစ်မျိုး။ စဉ်းစားကြည့်တော့ န်းမမြန်းလိုက်ကြသူတွေက မြန်းရုံတာဝန်ရှိတာ မဟုတ်လား။ ရွာရောက်ရင် လာစကားလေးပြော၊ ကျွေးတာစားပြီး ဖုတ်ဖက်ခါ ထပြန်မယ့်လူတွေကိုး။ က ကာယကံရှင်။ လယ်ပြင်ကြီးသူ မိန်းကလေးကို ယူရမှာကသူ။ လူကြီးစုံ နဲ့ ရွာ့မိရွာ့ဖတချို့ခေါ်ပြီး စောင့်နေကြမယ်ဆိုတာလည်းသိတော့ စိတ်တွေ နေခဲ့တယ်။

ခက်တာက တယ်လီဖုန်း ကောက်ဆက်လို့ရတာလည်း မဟုတ်ဘူး။ လမ်း အသွားအလာရှိကြလို့ ကျုပ်တို့လာနေပြီ ပြောလိုက်ပါ မှာရအောင်ကလည်း ပေါ် နေ့ခင်းကြောင်တောင် သရဲခြောက်မှာတောင် စိုးရတယ် ဆိုတာမျိုး တ်လား။ ဂက်စ်သမားကို အားကိုးပြန်တော့ ကားက ရွာရောက်ကာမှရောက် ကျုပ်ကတော့ အိပ်ပြီဗျာဆိုတဲ့ပုံနဲ့ ငွေသုံးထောင်ယူပြီး ကုပ်ကျိုးအောင် ငိုက် တာမျိုးကိုး။ တကယ်ဆိုရင် ဟိုကဘာရွာ၊ ဟိုဘက်နားကျ ဘာတွေ့မယ်၊ နားရောက်လို့ ဘယ်လိုကွေ့လိုက်ရင် ဘယ်ရွာရောက်ပြီဆိုတာမျိုးလည်း မရဘူး။ ကားနောက်မှန်ပေါက်က မြင်ရသလောက် ကုပ်ချိုးပြီး ငိုက် လာတာ တစ်ရေးသန်သန်တောင်ရတော့မယ်။ သည်လိုအတွေးမျိုး ကား င်းတဲ့ ကိုကျော်သန်းကလည်း တွေးမိတယ်ထင်ပါရဲ့။ ဂက်စ်ဆရာကို နှိုးရော။

"ဂက်စ်ဆရာ ဗျို့ ... ဂက်စ်ဆရာ"

ကိုကျော်သန်းက ကားမောင်းရင်း ဘေးက ဂက်စ်ဆရာကို နှိုးတာပါ။ စ်ဆရာက သူ့ဘေးက၊ ဒေါ်ငွေက ကားတံခါးဘက်ကဆိုတော့ ဒေါ်ငွေကို ခိုင်းလိုက်တယ်။ ဒေါ်ငွေ လက်တို့လိုက်စမ်းပါ ခိုင်းတာပါ။ ရှေ့မှာ ချောက် ကျင်းတွေဆိုတော့ ကိုကျော်သန်း ကားလက်ကိုင်ခွေကို မျက်နှစ်ဖက် တ်ရဲဘူး။

www.burmeseclassic.com



“ဒေါ်ငွေ ဂက်စ်ဆရာ နှိုးစမ်းပါ”

ဒေါ်ငွေကလည်း မလှုပ်တော့ ကိုကျော်သန်းက လှမ်းကြည့်တယ်။ ဒေါ်ငွေကလည်း အိပ်လိုက်တာ သိုးလို့။ ရောက်ချင်တဲ့အချိန်ရောက် အေးအေးဆေးဆေး ဆိုတဲ့ပုံ။ ကိုကျော်သန်းက စိတ်တိုသွားတယ်။ ဘယ့်နှယ် သည်လောက် အိပ်နေကြရသလားပေါ့။ ကားမောင်းရင်း လှည့်အော်ရော။

“ကိုချစ်တိုးရေ ကားခေါင်းထဲက လင်မယားနှစ်ယောက် အိပ်လိုက်ကြတာဗျာ နှိုးလို့တောင် မရဘူး”

ကိုကျော်သန်းက ကားဟွန်းကို အဆက်မပြတ်တီးတော့မှ ဂက်စ်ဆရာက ဆတ်ခနဲ ခေါင်းထောင်တယ်။ ဆောဘီကို လှမ်းကြည့်တယ်။ မျက်လုံးတွေကို ပွတ်တယ်။ ပြန်ငိုက်ချင်တဲ့ပုံ။ ကိုကျော်သန်းကို သူကတောင် ပြန်မေးနေသေးတာပါ။

“ရောက်ပြီလား”

“ဘယ့်နှယ်ရောက်ပြီလားတုန်း၊ ကိုယ့်လူကလည်း အိပ်လိုက်တာ ဘာမှ မေးမရဘူး၊ ခင်ဗျားကိုမေးရမှာ ရွာရောက်တော့မှာလား”

“လိုသေးထင်သာပဲ”

“ဘာလိုသေးထင်တာတုန်း၊ ခင်ဗျား လယ်ပြင်ကြီး မသိဘူးလား” .

“ဂက်စ်ထည့်စားလာတာ သုံးနှစ်ရှိပါပြီဗျာ၊ ခင်ဗျားတို့ပြောသဲ့ရွာ ကျုပ် တစ်ခါမှကို မရောက်ဖူးသာ၊ ဘုရားမျှား စူးရပါစေ့”

“ဘုရားစူးရုံမကဘူး၊ ခင်ဗျားကို မြေပါမျိုဦးမှာ၊ မသိဘဲနဲ့များ လမ်းပြ လိုက်လာရသလား၊ ခင်ဗျားဟာက မဟုတ်သေးပါဘူး။ မသိရင်လည်း ဆင်း တော့”

“လမ်းခုလတ်ဆင်းလို့ ဘယ်ဖြစ်မှာတုန်းဆရာရ၊ ကျုပ်လည်း ဘယ်ဘက် ပြန်ရမှန်းတောင် မသိဘူး။ ကျုပ်ဘက်ကလည်း ထည့်တွက်ဦးမှပေါ့။ ခင်ဗျား တို့ နောက်လိုက်လာသာ စီးပွားရေး လစ်ဟင်းသာပဲ”

ကိုကျော်သန်းက ကားထိုးရပ်လိုက်တယ်။ ကားတံခါးဖွင့်ဆင်းပြီး ရေကျန် သေးသလားမေးတယ်။ ဘူးထဲမှာ ရေလက်နှစ်လုံးလောက်ကျန်တာကို ကိုချစ်တိုး က လှမ်းပေးတော့ တောက်လျှောက်မော့ပြီး ရေဘူးခွံကို လွှင့်ပစ်လိုက်တယ်။ နောက်မှ သတိရလို့ ဘူးခွံကိုပြန်ကောက်တယ်။ လမ်းမှာ ရေဖြည့်ရမှာရှိသေး တာကိုး။

“ကိုချစ်တိုး ခင်ဗျားဂက်စ်ဆရာက ဟုတ်မထင်ဘူးနော၊ သူ့တစ်သက် အဲသည်ရွာ တစ်ခါမှမရောက်ဖူးဘူး ပြောနေတယ်”



“မောင်းချလိုက်လေဗျာ၊ လမ်းမသိဘဲ လမ်းပြလုပ်ပြီး လိုက်လာတဲ့ဆောင်”

“မဆင်းဘူးတဲ့။ သူလည်း သူ့ရွာသူတောင် မပြန်တတ်ဘူးတဲ့၊ ဘယ်လို လုပ်ကြမတုန်း”

ဒါတော့ ဟုတ်သားပဲ။ အခုမှ ဆင်းတော့ဆိုပြန်ရင်လည်း နေပူကြီးထဲ ခေါ်ကိုက်ထုပ် ပစ်ချထားခဲ့သလို ဖြစ်တော့မယ်။ ဘယ်ဘက်မှ မနီးတဲ့လမ်းပေါ် ချထားလို့လည်း မကောင်းတော့ ကိုချစ်တိုးက ဘာလုပ်ရမှန်း မသိတော့ဘူး။ သည်တော့ ငွေသုံးထောင်ပေးပြီး ကားခေါင်းထဲ ထည့်လာတဲ့ ဂက်စ်ဆရာကို နောက်ကို ပြောင်းစီးဖို့ခေါ်ရတယ်။ ကျောင်းအုပ်ဆရာကြီးက အသက်အရွယ်ကြီး ကြီးဆိုတော့ အနာအုံတဲ့ ကုံကုမံရွက် မီးကင်ထားသလို ဖြစ်နေပြီကိုး။ ဆရာကြီး ကို ကားခေါင်းထဲပို့၊ ဂက်စ်ဆရာ နောက်ပြောင်း။ သည်လိုစီစဉ်တော့ တရုတ်ကြီး ဦးဝိန်က မကျေနပ်ဘူး။

“ဆရာကြီးက ကျုပ်ထက် နှစ်နှစ်တောင်ငယ်တာပဲဗျ၊ အသက်ကြီးတဲ့လူ ကြီးကြီးဆိုရင် ကျုပ်က ကားခေါင်းထဲသွားရမှာပေါ့”

ဒါပေမယ့် ဆရာကြီးကိုပဲ ကားခေါင်းခန်း ပို့ရတာပါပဲ။ ဆရာကြီးခမျာ မျောခွေနေပြီ မဟုတ်လား။ လူကြီးဆိုတော့ အဆာလွန်ရာက လေနာလာပုံရ တယ်။ ဗိုက်ကလေး နှိပ်လို့ကိုး။ ကိုချစ်တိုးက ဦးဝိန်ကို ကျိတ်တောင်းပန်တယ်။ မြောက်လည်း ပေးရတယ်။

“ဦးဝိန်က တစ်ချိန်က အားကစားသမားဟောင်းဆိုတော့ အကြောင်းမဟုတ် ဘူး။ ကျောင်းအုပ်ဆရာကြီးက တစ်သက်လုံး စားပွဲထိုင်လာတာ၊ မျှော့မျှော့ကျန် သော့တယ်။ သည်လိုသာ ဆက်သွားရင် လမ်းဆား မြှုပ်ခဲ့ရတော့မှာဗျ၊ ဒါကြောင့် ပါ”

“တို့ငယ်ငယ်က ဗထူးကွင်းမှာ နေကုန်ခဲ့တာလေကွာ။ ပေါက်စီနဲ့ ငါက ဘတ်ဖ်ဝင်း ရိုက်ဝင်း ကစားခဲ့တာ မင်းလဲသိသားပဲ ချစ်တိုးရ။ တစ်ခါတစ်လေ ဘလန်ဒါဆင်း ကစားပေးရတာ ရှိသေးတယ်။ အခု လူငယ်တွေ ကစားတာ အားမရချက်တော့ကွာ”

“အဲဒါပြောတာပေါ့၊ ဦးဝိန်နဲ့ မတူပါဘူးဆို။ နေပူထဲ မိနစ်ကိုးဆယ် လုံးလုံး ပြေးရတဲ့အလုပ် ဦးဝိန်မို့လို့ လုပ်နိုင်ခဲ့တာလေဗျာ၊ အားကစားသမား ဘယ်နှယ်ရရမှတ်လို့”

“သက်လုံကောင်းခဲ့တာကိုးကွ၊ ပြည်ထောင်စုဒိုင်းကြီး ဘီအေအေ ကွင်း ကြီးမှာ လုကြတော့ တို့မန္တလေးတိုင်းနဲ့ ပဲခူးတိုင်း တွေ့ကြပါရောဟာ၊ တွေ့လဲ တွေ့ရော ...”

www.burmeseclassic.com

www.burmeseclassic.com



ဦးဝိန်တောင် စကားဆုံးအောင် မပြောလိုက်ရပါဘူး။ ရှေ့ဘီးဆီက ရှုးခနဲ မြည်ပြီး ကားငြိမ့်ခနဲ ခေါင်းထိုးကျသွားသလို အိကျသွားပါလေရော။ ဦးဝိန်က သူ့စကား မဆုံးလိုက်မှာစိုးတော့ ကားဘီးပေါက်တာ ဂရုမစိုက်နိုင်ဘူး။ ကိုချစ်တိုး ထလိုက်မှာစိုးလို့ ပုဆိုးစဆွဲထားပြီး စကားဆက်တယ်။

"တွေ့လဲတွေ့ရော ငါတို့က ကစားကွက်ပြောင်းထားတာကိုးကွ၊ ပဲခူးတိုင်းက ခါတိုင်းလို ပလေဇင်မှတ်ပြီး ဘယ်သူနဲ့ ဘယ်သူဆိုပြီး ထိန်းနိုင်အောင် လုပ်ထားတယ်၊ ဒါနဲ့တို့က ပဲခူးတိုင်းကို ..."

"နေဦး ... ဦးဝိန်၊ အခုက စစ်ကိုင်းတိုင်းထဲ ကားဘီးပေါက်နေလို့ဗျနော"

ကိုချစ်တိုးနဲ့ မောင်ကြိုင်ပဲ ဆင်းရတာပေါ့။ နေကလည်း မွန်းတည့်ပြီ ဆိုတော့ ခေါင်းပေါ်မှာ မီးဖိုကြီးတင်ထားသလို ကျိုက်ကျိုက်ဆူလို့။ ခေါင်းပေါ် ဆောင်းထားကြတဲ့ တိုက်ပုံတွေဆိုတာ မီးများထတောက်မလား မှတ်ရတယ်။ ကိုကျော်သန်းက ကားဘီးကို ဆင်းကြည့်တယ်။ သံထိုးလို့ ပေါက်တာတော့ ဟုတ်ပုံမရဘူး။ ဘီးက နဂိုကလည်းပါးနေတော့ ကားလမ်းပေါ်မှာ ငါးဆူးတောင် လို ပါးဟက်စောင်းထနေတဲ့ မြေမာမာက ထိုးခွဲလိုက်တာလို့ တွက်တယ်။ တော်ပါသေးရဲ့။ စပယ်ယာဘီး အပိုတစ်လုံးပါလို့။ ဒါပေမယ့် ကိုကျော်သန်း စိတ်ပူတယ်။ သည်အပိုတစ်လုံးနဲ့ ဘီးလဲပြီးသွားလို့တော့ရပါရဲ့။ နောက်တစ်လုံး ပေါက်ရင်ကော၊ အပြန်ခရီးကလည်း ရှိသေးတာကိုး။ ကားများ တစ်စုံတစ်ရာ ချွတ်ယွင်းလို့ကတော့ အနားကရွာတွေမှာ ဘာမှ လုပ်လို့ကိုင်လို့ မဖြစ်နိုင်လေတော့ စစ်ကိုင်းမြို့ ပြန်ရောက်မှ ဖြစ်တော့မှာလေ။ ဒါကို ကိုချစ်တိုးလည်း တွေးမိတယ်။

"ကိုကျော်သန်း ဘီးလဲတာတော့ ဟုတ်ပြီ၊ နောက်တစ်လုံးပေါက်ရင် ခက်ပြီဗျို့၊ အပြန်ခရီးကလည်း ရှိသေးတာဗျ"

"ဟုတ်တယ် ကိုချစ်တိုးရေ၊ ကျွန်တော်လည်း အဲဒါပဲ စဉ်းစားနေတာ။ ကိုင်းဗျာ ဖြစ်လာမှ ရောက်ရာပေါ့၊ မောင်ကြိုင် ဘီးတွေဖြုတ်ကွာ"

သတို့သား မောင်ကြိုင်က ဝတ်ထားတဲ့ လည်ကတုံးအဖြူကို လက်တွေ ပင့်တင်တယ်။ ကားနောက် အောက်ဖက်မှာထားတဲ့ တာယာကို တဂျိဂျိနဲ့ အောက် ချတယ်။ ပေါက်သွားတဲ့ဘီးအောက် အမာခံတန်းမှာ ဂျိုင်းထောက်ပြီးဆွဲမ၊ ကား ခေါင်းကြွလာတော့မှ ဘီးကို မြေစိုင်ခဲနှစ်ခဲညှပ်ပြီး မူလီတွေဖြုတ်ဖို့ လုပ်တယ်။ ကိုချစ်တိုးက မူလီထဲကို ခွစွပ်ပေးတော့ မောင်ကြိုင်က သံပိုက်လုံးနဲ့ ဖိဖိချတယ်။ မူလီတွေပြုတ်သွားတော့ စပယ်ယာ တာယာဟပ်၊ မူလီတွေ ပြန်ကျပ်။ သေချာ အောင် ဆွဲဆွဲညှစ်။ ချွေးတွေလည်း ပေါက်ပေါက်ကျပြီ။ မောင်ကြိုင်က ပေါက်



သွားတဲ့ တာယာကို သူ့နေရာသူ ပြန်ထားမယ်လုပ်တော့ ကိုချစ်တိုးက ...သာတင်လိုက်လို့ ပြောတယ်။ ကြာနေမှာစိုးလို့။

ကိုချစ်တိုး နာရီကိုကြည့်လိုက်တော့ ဆယ်နာရီနဲ့ မိနစ်လေးဆယ်ဝါး ...လုံးကြီးဆိုတာ ခေါင်းပေါ်မှာ ပြူးလို့။

□

(၅)

"အေးသီ"

"အမေ"

"ဘယ်မှာတုန်း နင့်လင် သေချင်းဆိုးက"

"အမေကလဲ မင်္ဂလာဦးမှာ မဦးမချွတ်၊ လာကြမှာပါတော် ဘာဖြစ်နေ ...မှ မသိတာ"

"ဘာမင်္ဂလာဦးလဲ ဟင်၊ ဘာမင်္ဂလာဦးလဲ ဘာဖြစ်ရမလဲ ကားမှောက်လို့ ...မှာပေါ့"

အေးသီတို့ ရွာမှာလည်း ပြဿနာတွေနဲ့ပါ။ သည်နေ့သည်ရက် မနက် ဆယ်နာရီ လူကြီးစုံရာနဲ့ လာမြန်းပါ့မယ် စိတ်ချလို့သာနေပါတော့ဆိုတဲ့ စကား ...ခွန်းက စလိုက်တဲ့ ကြောင်းလမ်းပွဲ မွန်းကြီးထိန်ထိန် တည့်တာတောင် ပေါ် ...လာကြတော့ ရွာက ဘယ့်နှယ့်ဟာတုန်း ညည်းတို့ဟာတွေ ဘာတွေဖြစ်ကုန် ...ပြီ၊ ရွာက ဒေါသဖြစ်တာ ထားလိုက်ဦး။ သတို့သမီးအေးသီရဲ့အမေ မစွန်မ ... မနက်မိုးမလင်းခင်က မရှိတာရှိတာ ရှာဖွေပြီး တင့်တင့်တယ်တယ် တည် ...ညိုပပကလေးမှ ဖြစ်ပါစေတော့ဆိုပြီး မိန်းကလေးရှင်တန်မယ့် ချက်ဟယ် ...ပြုတ်ဟယ် လုပ်ရရှာတယ်။ သားမက်လောင်းက မန္တလေးက စက်ဆရာလို့ပြော ...တော့ ရပ်ရွာကလည်း အေးသီ စက်ဆရာနဲ့ အကြောင်းပါမယ်ဆိုတာကိုပဲ ...သာကြတယ်။ မုဆိုးမသားအမိ ဆင်းရဲရှာတာလည်း မျက်မြင်ကိုး။ အနောက် ...တွေဘက်မယ် ခြံနဲ့စိုက်တဲ့ သနပ်ခါးကို မြို့ယူရောင်းတာနဲ့ စားကြရှာတယ် ...သီ သနပ်ခါးပင်ကို ဆယ်ပင်ဟယ်၊ အပင်နှစ်ဆယ်ဟယ် ဝယ်ထားပြီး ...ပိုင်းရောင်းနိုင်တာမျိုး မဟုတ်ဘူး။ သည်ခေတ် သနပ်ခါးတစ်ပင်ကလည်း ...ွေးကောင်း၊ အပင်လှရင် နှစ်သောင်း၊ သုံးသောင်းဈေးရှိတော့ မစွန်မတို့ ...အမိက တစ်ပင်တောင် မဝယ်နိုင်ဘူး။ သနပ်ခါးခြံပိုင်ရှင်တွေဆိုတာက ...ားလို ကိုယ့်အခင်းထဲကကြဲ တစ်ပင်ချင်းခုတ်ရောင်းနေတာမျိုး မဟုတ်တော့

www.burmeseclassic.com



အကြွေးယူ အရင်းဆပ် လုပ်မဖြစ်ဘူး။ သည်တော့ သနပ်ခါးပွဲစားတွေဆီက ဈေးဖြတ်ပြီး အကြွေးယူရရှာတာပါ။ မန္တလေးကို တစ်ဆင့်ပို့တော့ တစ်ဈေးရပြီ။ မန္တလေးနဲ့ စစ်ကိုင်းဆိုပေမယ့် တစ်ပတ်တစ်ခါတောင် သွားဖြစ်လာဖြစ်တာ မဟုတ်တော့ တစ်လတစ်ခေါက် အနိုင်နိုင်ရယ်။ မန္တလေးက ငွေကလေးပြန်သိမ်း၊ သနပ်ခါးပွဲစားပြန်အပ်။ ပိုတာလေးသုံးကြရတယ်။ အေးသီက ရွာအခင်းတွေမှာ ဘောက်လုပ်ငန်းမှန်သမျှ ဝင်လုပ်တာလေးလည်းရှိရဲ့။ မစွန်မကလည်း နာမည်နဲ့လိုက်အောင် စွန်မကြီးတစ်ကောင် ဝဲနေသလိုပါပဲ။ လူက လုပ်လုပ်ကလေးနဲ့ အလုပ်များတော့ ဒေါင်းတိမောင်းတိ သိပ်ရှိတယ်။ သည်တော့ သားအမိနှစ်ယောက် ဝဝလင်လင် စားရပါရဲ့။ ပိုတယ်ရယ်လို့တော့ မရှိဘူး။

အေးသီနဲ့ မောင်ကြိုင် ကြိုက်ကြလို့ အခါလည်တော့မှ အေးသီက မအေကို ဖွင့်ပြောတာပါ။ မောင်ကြိုင်က သံလျက်မော်ဘက်မှာ စက်ဆရာဖြစ်တဲ့အကြောင်း၊ သဘောမနောကောင်းကြောင်းလောက် ပြောနိုင်တာပါပဲ။ မအေကတော့ အဝေးလွှတ်ရတဲ့ သမီးလေး အချိန်မတိုင်ခင် အမှားအယွင်းရှိမှာ စိုးတာကလွဲရင် မြို့သားနဲ့ မေတ္တာရှိတယ်ဆိုတာကိုတော့ ဝမ်းသာပါရဲ့။ သူလည်း ငယ်ရာကကြီးလာသူဆိုတော့ သည်ကိစ္စ တားမဖြစ်ဘူးဆိုတာလည်း သိတယ်။

"စက်ဆရာဆိုတော့ ဘာစက်ဆရာတုန်း သမီးရဲ့"

"ဘာစက်ဆရာလဲတော့ မပြောတတ်ဘူး"

"ညည်းဟာကအေ ဘာဖြင့်ဘာ ညာဖြင့်ညာဆိုတာတောင် မပြောဘူးလား။ ညည်းကို ညာနေတာများလားအေ"

"သူ့အင်္ကျီ ဘောင်းဘီတွေမှာတော့ စက်ဆီတွေ ပေကျံနေတာပဲ အမေရဲ့ ... စက်ဆရာ ဟုတ်လောက်ပါတယ်"

မစွန်မကလည်း ဘာစက်ဆရာမှန်းမသိတဲ့ သမီးဖြစ်သူရဲ့ ရည်းစားကို စက်ဆရာလို့ပဲ မှတ်ထားလိုက်တာပါပဲ။ တစ်ရက်တော့ လိုက်လည်ကြည့်တယ်။

"နို့ မျိုးရိုးက မန္တလေးကပဲလား"

"ဟုတ်ထင်ပါရဲ့"

"လူပျိုလူလွတ်ကော ဟုတ်ကဲ့လား အေးသီရယ်၊ နဖားကြိုးကြီးနဲ့ ဖြစ်နေပါဦးမအေ"

"ဟုတ်ပုံရပါတယ် အမေရဲ့"

အေးသီက သည်အထိတော့ အတွင်းနိူက် မသိနိုင်ဘူးကိုး။ သူ့စိတ်ထဲရှိတဲ့အတိုင်း ပြောတာပါ။



"နို့...အိမ်နဲ့ရာနဲ့ကော ဟုတ်ကဲ့လားအေ ... ခွေးတိုးဝက်ဝင် ဖြစ်နေပါဦးမယ်"

"ကိုကြိုင် ပြောတာကတော့ သူ့ဆရာအိမ်နေတယ် ပြောတာပဲ အမေရဲ့၊ လခတွေလည်း သူ့ဆရာကတော်က စုဆောင်းပေးတာတဲ့"

"ညည်းက မမေးဘူးလား အိမ်ထောင်ရက်သားပြုရင် ဘယ်လိုနေကြထိုင်ကြမှာလဲလို့ သူ့စိတ်ထဲတော့ တွေးပြုထားတာ ရှိမှာပေါ့"

"ကျုပ်ဖြင့် မသိပေါင်"

"ဟယ်...ဗိုင်းတာမ ကြိုက်သာလာသသယ်၊ ဘာတစ်ခုမှ စစ်စစ်ပေါက်ပေါက်မရှိခဲ့ဘူး။ ကိုယ်ယူမယ့်လင် ချိုကုပ်လား၊ ချိုထောင်လား မကွဲဘူး"

မစွန်မက စိတ်ကလည်းမြန်တော့ သမီးခေါင်း ခေါင်ခနဲခေါက်ပြီး မျက်နှာသစ်ဖက် လွှဲနေတယ်။ မအေပြောလည်း ပြောစရာပါ။ အေးသီက မောင်ကြိုင်နဲ့ တမ်းနားဈေးထဲ တွေ့ကြတာ။ အေးသီ ဖောက်သည်သွင်းတဲ့ဆိုင်က ပိုင်ရှင်မတင်ကြည်က မောင်ကြိုင့်ဆရာ ကိုကျော်သန်းမိန်းမနဲ့ ခင်ကြသူတွေ။ တစ်ရပ်ကွက်တည်းလိုလိုဖြစ်နေတော့ သနပ်ခါးကောင်းလေးများပါရင် ဈေးထဲမုန့်စားလာတဲ့ မောင်ကြိုင်ကတစ်ဆင့် မင်းအစ်မ ပေးလိုက်စမ်းဆိုပြီး သနပ်ခါး လေး၊ ချောင်း ပါးလိုက်တာမျိုးရှိတယ်။ အေးသီက သနားကမားကလေး၊ ဘောသူတာလေးဆိုတာကို မောင်ကြိုင် သဘောကျတယ်။ ရယ်လိုက်ရင် သွားစွယ်လေးပေါ်တာကိုလည်း သူ့စိတ်ထဲ ချောလှချည့်ထင်တာကိုး။ သည်လိုနဲ့ မတင်ကြည်ဆိုင်မှာ တစ်ခါတွေ့ နှစ်ခါတွေ့ တွေ့ကြရုံရှိသေး၊ မောင်ကြိုင်က သည်တစ်ခါလာရင် ရည်းစားစာ ပေးတော့မယ်လို့ ပိုင်းဖြတ်ပြီးနေပြီ။ မတင်ကြည်ဆိုင်သွားတာလဲ အမော။ မတင်ကြည်ကလည်း သိပါတယ်။

"အစ်မ သနပ်ခါးကောင်မလေး လာသေးလား"

"အေးသီလား သူက တစ်လမှ တစ်ခေါက်လောက်လာတာ ငါ့မောင်ရဲ့၊ ... လေးငါးရက်လောက်ဆို လာတော့မှာပါတော်၊ ဘာလဲ မင်းက အေးသီ ... ကြိုက်လို့လား"

"ကြိုက်တယ်ရယ် မဟုတ်ပါဘူး"

"မကြိုက်လဲပြီးတာပဲကွယ်၊ ကြိုက်တယ်ဆိုရင်လဲ ပြောပေးရသား၊ မင်းကကြိုက်မှတော့ ငါ့တူ လှသန်းနဲ့ စပ်ပေးရတော့မှာပေါ့"

မတင်ကြည်က အေးသီကို ကြိုက်မှန်းသိလို့ မောင်ကြိုင့်ကို စလိုက်တာ ... လှသန်းနဲ့ စပ်ပေးမယ်လို့လဲကြားရော မောင်ကြိုင့်မျက်နှာ အိုကျသွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ ဘာပြောကောင်းမလဲ။ ရင်တွေပန်းတွေလည်း တုန်သွားပုံပေါ်တယ်။ ဘာဆက်ပြောရမှန်း မသိတော့ ငူငူကြီးရပ်နေလိုက်တာ ဆိုင်ဝက မပြန်တော့ဘူး။ မတင်ကြည်ကတော့ ရယ်ချင်စိတ်မျိုချထားပြီး သည်ကိစ္စ ဆက်ပြောစရာ အကြောင်း မရှိတော့ဘူးဆိုတဲ့ပုံ လုပ်ထားလေရဲ့။ မောင်ကြိုင် ရိုးသားမှန်းသိတော့ ရယ်ချင်တာနဲ့ တမင်လုပ်ထားတာပါ။

"သည်လို အစ်မရဲ့"

"ဩော်ကွယ်...မင်းမှ မကြိုက်ပဲနဲ့ဟာ ငါ့တူ လှသန်းက ကြိုက်လိုက်တာမှ တစ်ပိုင်းသေလို့"

"အစ်မနှယ် ကျုပ်ကလဲ မကြိုက်ဘူးတော့ ဘယ်ဟုတ်ပါ့မလဲ"

"မင်း အဲသလိုတော့ မဝေ့နဲ့လေကွယ်၊ မိန်းကလေးကိုကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး ပြောမှပေါ့။ ငါက တာဝန်ခံရမှာ ဟဲ့"

"ကြိုက်လှချည့်ဗျာ၊ ကိုင်း ဘာဖြစ်သေးတုန်း"

ကိုင်း... ဘာဖြစ်သေးတုန်းလည်းဆိုရော မတင်ကြည်က ရယ်လိုက်တာ ခွက်ခွက်လန်လို့။ ဆေးဆိုင်က မိန်းမတွေကလည်း မတင်ကြည်နဲ့ မောင်ကြိုင် ပြောနေတာကို ကြားနေရတော့ မတင်ကြည်က စတာရော၊ မောင်ကြိုင် အူ တာကိုပါ သိကြတာကိုး။ အုန်းခနဲ ဝိုင်းရယ်ကြတယ်။ သည်လိုနဲ့ ကြိုက်ရ တဲ့ မိန်းကလေးပေမယ့် တစ်လမှ တစ်ခါတွေ့ရတာပါ။ တစ်လတစ်ခါဆိုတာ ကလည်း ဥပုသ်နေ့နဲ့ မတိုက်ဆိုင်ရင် မျက်နှာလောက် မြင်ရရုံကိုး။ အလုပ် မပိတ်တာရယ်၊ သမီးရည်းစားရယ်လို အေးသီနဲ့ လျှောက်လည်ဖို့ အချိန်မရတာ ရယ်ဆိုတော့ လူချင်းတွေ့ရတာလောက်နဲ့ ပြီးရတာများတယ်။ တစ်ခါတလေ အလုပ်ကျပ်တဲ့ရက်နဲ့တိုးရင် ဈေးထဲသွားဖို့တောင် အချိန်မရတာများလည်းရှိတော့ မတွေ့လိုက်ရတာလည်း ရှိတတ်တယ်။ ဒါဆိုရင် ဝေးပြန်ပါလေရော တစ်လ။

တစ်ခါတော့ မောင်ကြိုင်က အေးသီကို ဓာတ်ပုံတောင်းသတဲ့။ အေးသီမှာ ဓာတ်ပုံမရှိဘူး။ ပြောသာပြောတာပါ။ မောင်ကြိုင့်မှာလည်း ဓာတ်ပုံရယ်လို့ မရှိ ပါဘူး။ အလုပ်ရုံက ကထိန်ခင်းလို့၊ ဘုရားဖူးတို့လို့၊ စစ်ကိုင်း မင်းကွန်းဘက် သွားကြလို့ အများနဲ့ ရိုက်ထားတဲ့ပုံတော့ ရှိပါရဲ့။ တစ်ယောက်တည်းရိုက်တဲ့ ရိုးပုံမရှိဘူး။ မောင်ကြိုင်က ရည်းစားကို ဓာတ်ပုံပေးတဲ့အခါကျတော့ သံရည် ကျိုရုံက သူငယ်ချင်းတွေ မင်းကွန်းမှာ စုရိုက်ထားတဲ့ပုံ ဖြစ်နေတယ်။ အေးသီ က ဓာတ်ပုံကိုကြည့်ပြီး စိတ်ကောက်ချင်ဟန်ဆောင်တယ်။

"ကိုကြိုင့်ဟာက ကျွန်မမှာ ရည်းစားတွေများသလို ဖြစ်နေပါပကောလား။



ကျွန်မသူငယ်ချင်းတွေက ညည်းရည်းစား ဘယ်ဟာလဲဆိုရင် ဘယ်သူ့ပြရမှာ တုန်း၊ ကျရာလူ ပြလိုက်မှာပဲ"

"ကိုကြိုင့်ပုံကိုချန်ပြီး ကျန်တဲ့ပုံ ညှပ်ပစ်လိုက်ရင် ရတာပဲဟာ"

အေးသီးက ရှာရောက်တော့ တကယ်လည်း ညှပ်ပစ်ရှာပါတယ်။ ဘယ့်နှယ် ရည်းစားမဟုတ်တဲ့ပုံတွေ ယူမထားနိုင်ပေါင်တော်ပေါ့လေ။ သည်တော့ မောင်ကြိုင့် ပုံက ရှည်တောက်တောက်ကလေး ဖြစ်နေရော။ ကလေးစားတဲ့ မုန့်လက်ညှိုး လောက် ရှိတာပါ။ အေးသီကလည်း ရည်းစားဓာတ်ပုံဆိုပြီး ရွာကသူငယ်ချင်း တွေကို ပြတယ်။ သူငယ်ချင်းတွေခမျာ သည်လိုဓာတ်ပုံမျိုး မတွေ့ဘူးတော့ မြို့က ဖက်ရှင်ထင်ကြတာပေါ့။ အခု အဲသလို ပုံကလေးတွေ ခေတ်စားနေပုံရ တယ်လို့ပဲ တွေးကြတယ်။ အေးသီမှာ ရည်းစားဓာတ်ပုံရယ်လို့ အဲသလို ရှည် မြှောင်းမြှောင်းကလေးရှိပေမယ့် အေးသီမှာ ဓာတ်ပုံမရှိတော့ မောင်ကြိုင့်ကို မပေး သေးဘူး ဖြစ်နေတယ်။ စစ်ကိုင်းမြို့မှာ ရိုက်ရင်တော့ ရမှန်းသိပါရဲ့။ ဓာတ်ပုံ ဆိုင်ထဲဝင်ပြီး ကျွန်မ ဓာတ်ပုံရိုက်ချင်လို့ပါ ရှင်ရယ်လို့ မပြောဝံ့တာက တစ် ကြောင်း၊ ပိုက်ဆံတွေ မတရားကုန်လေမလား တွေးမိတာက တစ်ကြောင်းဆို တော့ ဓာတ်ပုံမရှိရှာဘူး။ တောရွာခေါင်ခေါင်ဘက် နေကြရတာဆိုတော့ ဓာတ်ပုံ ရယ်လို့လည်း စိတ်ရှိတိုင်းရိုက်ဖြစ်တာ မဟုတ်ပဲကိုး။ ရွာက ချမ်းသာတဲ့ မင်္ဂလာ ဆောင်တို့၊ အလှူတို့မှာ ရွာကိုလာရိုက်ကြတဲ့ ဓာတ်ပုံဆရာ ရှိခဲ့ပါရဲ့။ မိန်းမ ငယ်ချို့က အရဲစွန့်ပြီး အမှတ်တရရိုးပုံတွေ ရိုက်ကြတာတွေလည်း ရှိပါရဲ့။ အေးသီ မရိုက်ခဲ့ရဘူး။ ဓာတ်ပုံရိုက်ဖို့ဆိုတာ အေးသီတို့လို နွမ်းပါးကြသူတွေ အဖို့တော့ တောင့်တစရာကိစ္စ မဟုတ်သလိုကိုး။ ရှိတော့လည်း ဘာမှမဖြစ်ဘူး။ မရှိတော့လည်း ဘာမှမဖြစ်ဘူးဆိုသလို နေသာသလို နေခဲ့တာပါပဲ။ အခုတော့ ရည်းစားလုပ်တဲ့သူက တောင်းနေပြီ။ ပေးလည်းပေးချင်တယ်၊ ရှိလည်း မရှိဘူး။

"ကိုကြိုင် လိုက်ရိုက်ပေးလေ၊ ပြီးတော့ ရွေးယူထားလိုက်ပေါ့"

မန္တလေးလိုမြို့မှာ ဓာတ်ပုံဆိုတာ ဘာမှ မခဲယဉ်းတော့ဘူး ဆိုပေမယ့် ဘယ့်ကျ မောင်ကြိုင်လည်း ဘာကစလုပ်ရမယ် မသိဘူး။ ဥပုသ်တော်ကုန်း ဘက် ထွက်လိုက်ရင် ဓာတ်ပုံဆိုင်တွေ ရှိသားပဲ။ ဥပုသ်တော်ကုန်းထိတောင် ရောက်ရပါဘူး။ ချော်ဆိပ်ဘက်၊ ဈေးဘက်၊ တိုက်တန်းလျားတွေဘက်မှာလည်း ဓာတ်ပုံဆရာတွေရှိပါ့။ သည်ကိစ္စ မတင်ကြည် ပြောပြတော့ မတင်ကြည်က ဓာတ်ပုံဆရာ အခေါ်ခိုင်းပြီး ရိုက်ပေးလိုက်တော့မှ အဆင်ပြေသွားတာပါ။

မောင်ကြိုင့်မှာ အေးသီဓာတ်ပုံရှိပြီ။ အေးသီမှာ မောင်ကြိုင့်ဓာတ်ပုံ ရှိပြီ။

www.burmeseclassic.com



သည်လို ချစ်ခဲ့ကြတဲ့ ချစ်သူဘဝကနေ အေးသီက လာတောင်းရမ်းဖို့ပြောတော့ မောင်ကြိုင်ကလည်း လက်ခံတယ်။ ဒါနဲ့ အေးသီက အမေ မစွန်မကို ဖွင့်ပြောတော့ အမေက လိုက်အကဲခတ်တယ်။ သမီးရဲ့ရည်းစားက ရိုးသားတယ်၊ အလုပ် အကိုင်ရှိတယ်၊ ဆရာသမားက ချစ်ခင်တယ်၊ အေးသီကိုလည်း မြတ်နိုးပုံ ပေါ်တယ်ဆိုတာလောက်တော့ မစွန်မ အကဲခတ်နိုင်ပါတယ်။ သနပ်ခါးသည် မတင်ကြည်ကလည်း ထောက်ခံတယ်ဆိုတော့ သမီးသဘောပေါ့။ သမက်လောင်း ကိုလည်း ဘုရားစူးလွတ်ရုံ အဲသည်တစ်ခါ တွေ့လိုက်ရတာလွဲရင် ကျီးလား ခင်ပုပ်လားတောင် မကွဲခဲ့ပါဘူး။ ယောက္ခမလောင်းရယ်လို့ ဆရာ့အိမ်ကို သမီးနဲ့ လိုက်သွားလို့သာကိုး။ လက်ဖက်ရည်ဆိုင် လိုက်ထိုင်ပြီး သားအမိနှစ်ယောက် လက်ဖက်ရည်တိုက်လွှတ်လိုက်တာနဲ့ ပြီးခဲ့ရတာ။

အခုတော့ ဘာမှ ခြေခြေမြစ်မြစ်မရှိခဲ့တာကစပြီး အပျက်အပျက်နဲ့ နှာခေါင်း သွေးထွက်ရပြီ။ သမီးကမှ ရည်းစားအကြောင်း လည်ရည်ပတ်ရည် မသိမှတော့ မအေက ဘာသိမှာတုန်း။ စစ်ကိုင်းနဲ့ မန္တလေး မြစ်ခြားရုံဆိုပေမယ့် သူတို့ရွာက စစ်ကိုင်းနယ် အနောက်စွန်မှာ။ ခေါင်ကလည်းခေါင်၊ လမ်းပန်းကလည်း မသာ တော့ ကြိုတင်ညှိဟယ် နှိုင်းဟယ် လုပ်ရမယ့်ကိစ္စ မလုပ်နိုင်ခဲ့ဘူး။ သမီးအေးသီ မန္တလေးက တစ်ခေါက်ပြန်လာတော့ သည်နေ့သည်ရက် ကိုကြိုင်က သူ့ဆရာ တွေနဲ့ လာမြန်းလှည့်တော့မယ်ပြောလို့ ထစီစဉ်လိုက်ရတာကိုး။ ငွေရယ်၊ ကြေး ရယ်လို့ မောင်ကြိုင်ကလည်း ကြိုကြိုတင်တင် ထည့်ပေးလိုက်တာ မရှိတော့ ရွာကပဲ ချေးငှားရတယ်။ ရပ်ထုံးစံ၊ ရွာထုံးစံ မိန်းမမြန်းလာကြမယ့် ဧည့်သည် တွေကို ထမင်းကျွေးရမှာကိုး။ အိုးသူကြီးနဲ့ အိုးကြီးချက် မချက်နိုင်လေတော့ လူဆယ့်လေးငါးယောက်စာလောက် တွက်ပြီး ချက်ထားလိုက်တယ်။ ရွာဘုန်း ဖျာကြမ်းသုံးလေးချပ် ငှားခင်း၊ ဘုန်းကြီးကျောင်းက ငါးစပ်တင်းတိမ်ငှားပြီ ထရံပေါက် ထရံကြဲကို လှည့်ကာရတယ်။ ရွာမိ ရွာဖတွေ အကြောင်းကြား ရွာကာလသား၊ ကာလသမီးတွေဖိတ်၊ မရှိတဲ့အထဲက ကောင်းတာလေး ထုတ် ဝတ်ကြပြီး သားအမိနှစ်ယောက် မောင်ကြိုင့်ကို စောင့်လိုက်ကြတာ မွန်းသာ တည့်ရော ရောက်မလာကြဘူး။ မနက်ဆယ်နာရီကတည်းက ရောက်နေကြတဲ့ ရပ်ရွာက လူကြီးသူမ၊ ကာလသမီး ကာလသားတွေကလည်း ပွစိပွစိ ဖြစ်လာ ကြပြီ။

"အခုတော့ ကောင်းကြသေးရဲ့လား၊ ညည်းကို ယုံမိတာလေ ငါကိုယ်တိုင် မခံချင်တာ၊ ရပ်နဲ့ရွာနဲ့နေတာဟဲ့။ အခု လူကြီးတွေပါ လိမ်ရာကျနေပြီ၊ ဒီ



ချွတ်တော် ကျုပ်သမီးကလေး ဒင်းမို့ ယုတ်မာတယ်။ လာစမ်းပစီ အစ်မေး ...တို ဝါးစားပစ်လိုက်စမ်းမယ်။ ဟင်း...ဟင်း"

မစွန်မက သမီးလည်းငေါက်၊ လူကြီးတွေလည်း လှမ်းဖာထေး၊ မောင်ကြိုင့် ...ည်း မေတ္တာပို့။ တစ်ကြိမ်တည်း သုံးမျိုးလုပ်နေတော့ ရွာက ဘကြီးဖိုးကိုးက ...အမိသနားတယ်နဲ့ တူပါရဲ့။ စိတ်လျှော့ဖို့ ပြောရတာပေါ့။ ရပ်နဲ့ရွာနဲ့ဆို ...တော့ သည်ကိစ္စက အကျည်းတန်နေပြီကိုး။ တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ် ...တာတွေလည်း ကြုံဖူးလှပြီဆိုတော့ ကြိုတင်စကားဖာရှာတယ်။

"ဟဲ့...စွန်မရဲ့ ခရီးကဝေးသကောဟဲ့၊ နင်တို့က မဟုတ်တာ၊ သတို့သား ...ရွာရောက်ဖူးတာ နင်တို့က စောင့်ကြပ်ခေါ်ပြုလာရမယ့်လူတော့ စီစဉ်ပေး ...ပေါ့၊ ရွာထဲ ကလေးတွေ အများသားဟာကို ဟိုခမျာ ဘာအခက်အခဲရှိ ...မှသိတာ အပြစ်တင်မစောကြပါနဲ့ဟယ်"

မွန်းလည်းတိမ်းပြီ။ ဧည့်သည်တွေကလည်း မလာတော့ မနက် ကိုးနာရီ ...ကတည်းက လာပြီး ငုတ်တုတ်ထိုင်နေကြတဲ့ လူကြီးတွေကို အားနာဖို့ ...ပြီလေ။ သည်တော့ ရွာကလူကြီးတွေကို ရှိတာလေး ချပြကျွေးဖို့ ပြင်ကြ ...ကိုအစီအစဉ်က ရွာကလူကြီးတွေအတွက် ထည့်ချက်ထားတာ မပါဘူး။ ...နာရီလောက် ကြောင်းမြန်းပြောဆိုပြီးရင် ကိုယ့်အိမ်ကိုယ် ပြန်ကြရုံကိုး။ ...ဧည့်သည်စာလောက် မှန်းချက်ထားတာဆိုတော့ အလွန်ဆုံးရှိရင် ဆယ် ...ဆယ့်ငါးယောက်စာပေါ့။ လယ်ကြား ငါးတစ်ခွက်၊ ဝက်သားတစ်ခွက်၊ ...ချိုဘစ်ခွက်၊ ငရုတ်သီးကြော်တစ်ခွက်ထည့်ပြီး အသုပ်ကလေး၊ အမြုပ် ...လောက် ချက်ထားတာပါ။ ခုတော့ မစွန်မက ဧည့်သည်အတွက်ရယ်လို့ ...တယ်။ မရှိရတဲ့ကြားထဲ ရွာခံတွေကို ကျွေးရတော့မှာဆိုတော့ အေးသီ ... ဒေါသတွေပိုကျလာခဲ့ရော။ ကြားမှာစိုးတော့ ကျိတ်ဆဲရတာပါ။

"ဆိုင်နေကောင်းသား ထသွားမှ ကျိုးမှန်းသိ၊ မရှိရတဲ့ကြားထဲ အပဲ့ဆား ... ညည်းတို့များ လင်လဲ လိုချင်သေးတယ်လေ ငါ မပြောလိုက်ချင်ဘူး။ ...များ ဘယ်ထားရမှန်းတောင် မသိအောင်ပါလား အေ။ ဟင်း...ဟင်း... ..."

အေးသီကတော့ ဆူသမျှ၊ ဆဲသမျှ ငုံ့ခံရတော့မယ့် အခြေအနေဆိုတော့ ... ဘာမှပြောမနေတော့ပါဘူး။ လမ်းဘက်ကို လှမ်းမျှော်တယ်။ ကိုကြိုင် ...ဆရာကားနဲ့ လာမယ်ပြောထားတော့ ရွာထဲဝင်လာမယ့် ကားမျှော်ရ ... မောလှပြီ။ အမေပြောလည်း ပြောစရာ။ အေးသီကတော့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



မလျှော့သေးဘူး။ ကိုကြိုင် သူ့ဆီ လာကိုလာမှာပါ။ လမ်းပေါ်တစ်နေရာမှာများ ရှိနေရော့လား။

❒

(၆)

ကိုချစ်တိုးက နောက်ခန်းကို ရောက်လာတဲ့ ဂက်စ်ဆရာကို အကဲခတ်တယ်။ ခုထိ စကားတစ်ခွန်း မပြောသေးဘူး။ တကယ်ဆိုရင် ဟိုးကမြင်ရတဲ့အုပ်အုပ် က ဘာရွာ၊ ရာဟုထောင့်က ညို့ညို့က ဘာရွာ၊ ရှေ့ကျရင် ဘာတွေ့မယ် တွေ့ရင် ဘယ်လမ်းကိုလိုက်ရမယ် စသည်ဖြင့် တစ်ခုခုတော့ ပြောရမှာပေါ့ ဘယ့်နှယ် အခုဟာက ငုံးစုံပစ်ထိုင်လိုက်လာတာ ကားအပျော်လိုက်စီးနေတာ လို့။ ကိုချစ်တိုးက ဂက်စ်ဆရာကို တို့တယ်။ အသံလေးတင်ပြီး ငေါက်ရတာပေါ့

"နေဦး... ခင်ဗျား ဂက်စ်က ဘယ်ရွာတွေမှာ လိုက်ဖြည့်ရတာတုန်း၊ ခင်ဗျား ကလဲ စကားလေးဘာလေး ပြောဦးလေဗျာ၊ လမ်းမသိလို့ ခေါ်လာပါတယ် ခင်ဗျားက စကားလဲမပြောဘူး"

"လိုက်ဖြည့်ရတဲ့ ရွာတွေရယ်လို့တော့ စာရင်းလုပ်မထားဘူးလေဗျာ၊ ရောက် ရာပေါက်ရာ သည်လိုသွားရသာကိုး"

"နေဦး သည်လမ်းလောက် ရွာဆက်ပြတ်တာ သည်လမ်းပဲရှိတယ်။ ခင်ဗျား က ဘယ်လိုလုပ်ပြီး ဂက်စ်လိုက်ဖြည့်တာလဲ။ အိမ်လဲမမြင် လူလည်းမမြင် ဘယ်ကမီးခြစ် သွားထည့်မှာတုန်း"

"အဲသာပေါ့ ကျုပ်လည်း စဉ်းစားနေတာ ... ကျုပ် သည်လမ်းကို တစ်ခါ မရောက်ဖူးဘူးရယ်"

"အလို ခင်ဗျားကို သည်လမ်းပေါ်တွေ့လာတာပဲ။ ခင်ဗျားပဲသိဆို"

"သည်လမ်းအူကြောင်းကြီးကို အရှပ်ရပ်က လာဆက်သဲ့ လမ်းတွေ တယ်ဗျ၊ ကျုပ်ကလည်း သည်လမ်းပေါ် ဘယ်လိုရောက်လာမှန်းမသိသာ၊ ကျု သွားနေကျလမ်းကတော့ အရှေ့ဘက်ထွက်ရင် စစ်ကိုင်းရောက်သယ်လေ"

"ယောဗျာ သည်လမ်းအူကြောင်းက သည်တစ်လမ်းထဲရှိတာ မဟုတ်ဘူး လား"

"ဘယ်ဟုတ်ပါ့မလဲ လမ်းတွေရှိသေး မှတ်သာပဲ။ ကျုပ်သွားနေကျလမ်း က သည်လောက် ရွာဆက်မပြတ်ဘူး။ တစ်ခုတော့ရှိသယ်"

"ပြောပါဦး"



"ဘယ်လမ်းကသွားသွား လမ်းသုံးမွှာတော့ ရောက်သာချည်းပဲ။ ဘိုးတော် ဇရပ်လမ်းဆုံလို့ ခေါ်ကြသာ၊ အဲသာတော့ ကျုပ်ကြားဖူးသယ်။ ခင်ဗျားတို့ အခုသွားသာက ဘိုးတော်ဇရပ် ဦးတိုက်မှာဒန်သေပဲ။ ဘယ်လောက်ဝေးသယ် သာ မသိသာ"

သည်တော့မှ ကိုချစ်တိုး နည်းနည်း သဘောပေါက်သွားတယ်။ စစ်ကိုင်း အနောက်ဘက်ထွက်တဲ့လမ်းဆိုတာ သည်တစ်လမ်းတည်း မဟုတ်ဘူး။ နောက် ထပ် ရှိလိမ့်ဦးမယ်။ သည်လမ်းက အခုမှ လမ်းအူကြောင်း ဖော်ထားတဲ့လမ်း ဖြစ်လိမ့်မယ်။ လမ်းအူကြောင်း ဖော်ပါဦးတော့ ရွာထဲက ဘာဖြစ်လို့ မဖြတ် ဘာလဲ။ လမ်းဆိုတာ ရွာတွေကို အခြေခံပြီး ဖောက်ကြရတာ မဟုတ်လား။ ဒါတော့ ကိုချစ်တိုးလည်း မစဉ်းစားတတ်ဘူး။ ဒါပေမယ့် ဂက်စ်ဆရာက ရိုးရိုး သားသား ပြောနေတာဆိုတော့ ကိုချစ်တိုး လက်ခံလိုက်တယ်။ ဘုမသိဘမသိနဲ့ ချုံထောင်လိုချင်လို့ လိုက်လာတာဆိုတာလည်း ရိပ်မိသွားတယ်။

"ဒါဖြင့် ခင်ဗျားက ဘာမှန်းညာမှန်းမသိဘဲ လိုက်လာတာပေါ့"

"အစစ်ပေါ့"

"ခင်ဗျားဆင်းချင်ရင် ဆင်းလို့ရတယ်၊ ခင်ဗျားသဘောပေါ့"

"သည်အနားရောက်မှတော့ ကျုပ်လည်း ကျုပ်ရွာကျုပ် မပြန်တတ်တော့ ဘူး"

"သည်အနားက ပြန်လျှောက်တာကမှ နီးလိမ့်ဦးမယ်၊ ကြာလေ ခင်ဗျား ဝေးလေသပေါ့"

ဂက်စ်ဆရာက တွေခနဲဖြစ်သွားတယ်။ ခပ်လှမ်းလှမ်းက ပြပြမြင်နေရတဲ့ ရွာတို လည်ဆန့်ကြည့်တယ်။ တစ်အောင့်နေတော့မှ ဆုံးဖြတ်ချက်ကျပုံမျိုးနဲ့ ပြောတယ်။

"ကိုင်း... ဟိုးကမြင်ရသဲ့ ရွာဘက် လယ်ကွင်းတွေထဲက ဖြတ်လျှောက် ရင် ဖြစ်လောက်မယ် ထင်သာပဲ၊ အဲသည်ရွာရောက်ရင် မေးစမ်းပြန်ရုံပေါ့၊ နိုင်ဘူး"

ဂက်စ်ဆရာကိုကြည့်ပြီး ကိုချစ်တိုး ရယ်လည်းရယ်ချင်၊ သနားလည်း ပါရဲ့။ ခများလိုက်လာမိတာနဲ့ မကာမိ ပြန်လျှောက်ရရှာမှာကိုး။

"ကိုင်း... ဒါဖြင့်လည်း ကိုကျော်သန်း ကားရပ်ဗျို့"

ကိုကျော်သန်းက ကားရပ်ပေးတယ်။ ဂက်စ်ဆရာက မဆင်းဘူး။ ယောင လုပ်နေတော့ ကိုချစ်တိုးက တိုက်ပုံထဲက တစ်ထောင်တန်သုံးရွက်နှိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲထည့်ပေးလိုက်တယ်။ ဂက်စ်ဆရာက သည်တော့မှ ဝေါက်ခနဲ ထ... ကားဘေးက ခုန်ချဖို့ပြင်တယ်။ အားရဝမ်းသာအဆင်းမှာ လူဝကြီး ကိုမှတ်တ... ခြေဆင်းထားတဲ့ ညို့သကျည်း တက်နင်းမိပါလေရော။

"ဟာ ခွေးမသား ညို့သကျည်း တက်နင်းရသလား၊ အမယ်လေး ... နာလိုက်တာကွာ"

လူဝကြီး ကိုမှတ်တင်က ပြောရုံရှိသေးတယ်။ ဂက်စ်ဆရာက အော... ရောက်သွားလို့ ကွင်းစပ်တောင်နင်းနေပြီ။

"ခွေးသား မြွေနဲ့တွေ့မယ့်ကောင်"

လူဝကြီးက ကျိန်ဆဲတော့ တရုတ်ကြီးဦးဝိန်က မင်္ဂလာစကား ခုမှပြော... တော့တယ်တဲ့။ ကားက ဆက်ထွက်လာပြန်ရော။ လမ်းက တော်တော်လေး ဆိ... လာတယ်။ ကားက မြင်းလို ခုန်ပေါက်နေတော့တာပါ။ မြေစေးတုံးကြီးတွေ... ဆိုတော့ တစ်တုံးပြီးတိုင်း တစ်တုံးပေါ်တက်နေရတာမျိုး ဖြစ်နေတယ်။ ကိုချစ်တိုး... က ဒါကိုမြင်တော့ ညည်းတယ်။

"နောက်တစ်ချီ ဒီတစ်လုံးက ဖုံးလိုက်ပြန်ပါ၊ မဗေဒါက တစ်ပင်တည်... ဆိုတာ ဒါမျိုးနေမှာ"

"မဟုတ်ဘူး ချစ်တိုးရ၊ ချစ်သူတို့လျှောက်သော လမ်းကလေးဆိုတာ... မှန်တာ"

ဦးဝိန်က ဝင်ပြောတော့ ကိုမှတ်တင်ကလည်း အားကျမခံဝင်ပြောရော...

"ပေတစ်ရာဆီလျှောက်ပါလို့ မြင်သလောက် ပြလိုက်ချင်ပါသည်ဆိုတာ... သည်လမ်းမျိုးပေါ့ကွာ"

မောင်ကြိုင်ကတော့ ကုပ်ကျိုးနေပြီ။ ခမျာလည်း စိတ်ညစ်နေပြီ။ စကား... လည်းမပြောဘူး။ သူ့ဆရာကိုရော၊ လူကြီးတွေကိုပါ အားနာဟန်တူပါရဲ့။ ရွာ... မိန်းကလေးခမျာ မျက်စိသူငယ်၊ နားသူငယ်နဲ့ ဖြစ်ရှာရောမယ်လို့လည်း တွေး... ပုံပေါ်ရဲ့၊ ကိုချစ်တိုးကို နာရီမေးတော့ တစ်ချက်တဲ့။ ကိုကျော်သန်းကား... ပတပ်တွေ မနားတမ်းရပ်ရာက ကား တကယ် ရပ်သွားပါလေရော။ ကိုချစ်တိုး... လည်း လန့်သွားတယ်။ ဘီးများပေါက်ရော့လား။ ဘီးပေါက်ရင်တော့ ကလေး... တွေပြောသလို ရွာလည်ပြီကိုး။

"ကိုကျော်သန်း ဘာတုန်းဗျို့"

"ရှေ့မှာ နွားသမားတွေဗျ မေးပါဦး၊ အနောက်က တက်လာကြတာ..."

ကိုချစ်တိုးက နောက်ခန်းက မတ်တပ်ရပ်ကြည့်လိုက်တော့ နွားသမား... လေးယောက်၊ နွားက အကောင်အစိတ်လောက် ရှိလိမ့်မယ်။ ကြိုးတွေတွဲပြီ...



...လာကြတယ်။ နွားအရောင်းအဝယ်သမားတွေဆိုတော့ ရှာစဉ်လှည့် နွား... ...ဆဲ လုပ်ကြတဲ့လူတွေ ထင်ပါရဲ့။ သူတို့ထက်သေချာတာ ဘာရှိလိမ့်မတုန်း... ...သမားတွေက ကားတွေ့တော့ အောက်ဖက် လယ်ထဲဆင်းပေးကြတယ်။

"ဗျို့ဆရာတွေ မေးစရာရှိလို့ပါ၊ လယ်ပြင်ကြီးဆိုတာ တော်တော်လိုသေး ...လားလို့"

နွားသမားထဲက ခေါင်းဆောင်က အခုမှ စိတ်အေးသွားပုံနဲ့ နွားတွေကို ...ဆင့်လိုက်ပြီး စဉ်းစားတယ်။

"ခင်ဗျားတို့က လယ်ပြင်ကြီး သွားကြဖို့လား"

"ဟုတ်တယ်"

"သည်ကဆက်သွားရင် ဘိုးထော်ဇရပ်လမ်းဆုံ ရောက်လိမ့်မယ်။ အဲသည် ...ကိုက်ရင် နွားဝန်တင်လှည်းတွေ ရှိပါ့ဗျား၊ လမ်းက သုံးမွှာဆိုတော့ တောင် ...တ် ဆက်လိုက်ရဦးမှာ၊ ခင်ဗျားတို့က လမ်းမှားလာတာ၊ ဟိုးမြောက်ဘက်မှာ ...မျိုးတစ်လမ်းရှိသေးတယ်ဗျ၊ အဲသည်သွားမှ လယ်ပြင်ကြီးတို့၊ ကိုင်းကုန်းတို့၊ ...င်းမာပင်ခြောက်တို့၊ နဘဲကိုင်းတို့ ဆက်ရောက်သာရယ်"

"ဒါဆို သည်လမ်းက ဘာတုန်း"

"ဒါက ကုမ္ပဏီသုံးလမ်းနေမှာပေါ့၊ စစ်ကိုင်းအနောက်ဖျားမယ် ကုမ္ပဏီကြီး ...စ်ခုက ဂိုဒေါင်ကြီးတွေ ဆောက်နေတာ၊ သူတို့ကိုယ်ပိုင် လမ်းလုပ်မယ်နဲ့ ...တာပဲ"

"အဲသလိုဖြစ်လိမ့်မယ်။ ဟုတ်ပြီ သဘောပေါက်ပြီ၊ ဒါဆိုရင် ဆက်သွားရင် ...ပေါ့"

"အင်"

"ဘာတုန်းဗျ"

နွားသမားတွေက စကားတစ်ခွန်းကျန်နေသလို လုပ်နေတော့ ကိုချစ်တိုးက ...ာလဲသိချင်လို့ မေးလိုက်တာပါ။ နွားသမားခေါင်းဆောင်က လက်ညှိုးထိုးပြ ...သယ်။ နီးနီးတော့ မဟုတ်ဘူး။ တော်တော်လေးလှမ်းတဲ့နေရာပါ။ သူပြတဲ့နေရာ ...ကြည့်လိုက်တော့ သစ်ပင်ကလေးတစ်ပင် တွေ့ရတယ်။

"အဲသည် သစ်ပင်နားမှာ ရေမချိုင့်ကြီးရှိတယ်။ လမ်းကျိုးနေသဗျ။ ...စ်နေ့က မိုးရွာထားတော့ ဗွက်တွေလည်း လည်လို့၊ ကျုပ်တို့တောင် လယ်ထဲ ...က ပန်းခဲ့ရသယ်"

သည့်ထက်သေချာတဲ့သတင်းတော့ မရှိတော့ဘူး။ သူတို့တောင် လယ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ပန်းခဲ့ရတယ်ဆိုမှတော့ သေချာပြီပေါ့။ ကားကော လယ်ထဲက ပန်းပြီး မောင်းရင် ရသလားဆိုတော့ မရလောက်ဘူးတဲ့။ လမ်းဘေးမှာ မြောင်းလို ချိုင့်ကြီးတွေ ရှိသတဲ့။ သည်တော့ ကားကော လမ်းကျိုးပေါ်က ဖြတ်မောင်းလို့ ရနိုင်သလား ဆိုတော့ ဗွက်နစ်မှာပဲတဲ့။

"ခင်ဗျားတို့ လူဘယ်နှစ်ယောက်ပါကြတုန်း"

"ရှစ်ယောက်"

"မရလောက်ဘူး။ ကားအခွံချည်းမောင်းပြီး လူတွေတွန်းမှရမှာ၊ ရမယ်ဆို သာတောင် ခင်ဗျားတို့ပါသဲ့ လူလောက်နဲ့တော့ ကျုပ်ထင်သာနော် မရလောက် ဘူး"

"အဲသည်လောက်တောင်လား"

"ခင်ဗျားတို့သွားရင် တွေ့မှာပဲလေ"

ဟုတ်သားပဲ၊ နွားသမားတွေက ညာစရာအကြောင်းမှ မရှိပဲကိုး။ ဆက် မောင်းရင်တွေ့မှာပဲ။ တွေ့ပါပြီတဲ့ ကားပေါ်ပါတဲ့လူနဲ့တင် မရဘူးဆိုမှတော့ ဘာဆက်လုပ်မလဲ။ သည်မှာတင် တရုတ်ကြီးဦးဝိန်က နွားဆရာတွေကို အဲသည် လမ်းကျိုးအထိ လိုက်ခဲ့ကြဗျာလို့ ခေါ်တယ်။ လမ်းကျိုးတစ်ဖက်ကို ကားကျော် တာနဲ့ လက်ဖက်ရည်ဖိုး ပေးမယ်လုပ်ရော။ နွားဆရာက စိတ်ဝင်စားပေမယ့် ကျန်တဲ့နွားသမားတွေက သဘောမတူချင်ကြဘူး။ သူတို့ကလည်း ရိုးရိုးသားသား နွားဝယ်၊ နွားအလဲအထပ်လုပ်လာတာ ဟုတ်ချင်မှဟုတ်မှာ မဟုတ်လား။ အသွား အလာမရှိသေးတဲ့ ကုမ္ပဏီပိုင်လမ်းဘက်က ထွက်လာကြတယ်ဆိုကတည်းက လူရှောင်ဘောလည်း ဖြစ်နိုင်တာပဲကိုး။

"ကျုပ်တို့က အချိန်နဲ့သွားကြရမှာဗျ၊ တစ်ရွာတစ်ရွာ နွားတွေ အများကြီးနဲ့ ကူးဖြစ်သာ မဟုတ်ဘူး။ ကျုပ်တို့ကလည်း သုတ်သုတ်ရယ်"

နွားသမားတစ်ယောက်က ငြင်းတဲ့သဘောနဲ့ ပယ်ချတယ်။ ကိုချစ်တိုးက သဘောပေါက်သွားပြီ။ ခေါင်းဆောင်က လုပ်ချင်တယ်။ တပည့်တွေက မလုပ် ချင်ဘူး။ ဒါ ခင်ဗျားတို့ ဘယ်လောက်ပေးမှာလဲလို့ ပြောနေတာလား၊ တကယ်ပဲ သူတို့အလုပ်အတွက် အန္တရာယ်ရှိလို့လား။ ပိုက်ဆံများများပေးရင် လိုက်လာ ဖို့များတယ်။ သူတို့ကချည်း လူလေးယောက်။ နွားက အကောင်အစိတ်လောက်။ လူရော၊ နွားရော၊ ကားပေါ်က လူတွေရော ဝိုင်းတွန်းရင် လမ်းကျိုးကို ကျော် နိုင်မယ်။

"ကျုပ်တို့နဲ့လိုက်ခဲ့ဗျာ၊ ကားဝိုင်းတွန်းပေး လမ်းကျော်တာနဲ့ ကျုပ် တစ် သောင်း ပေးမယ်"



တစ်သောင်းဆိုတော့ နွားသမားတွေက လမ်းပေါ်က ကောက်ရတဲ့ ပိုက်ဆံ ... သဘောထားကြပုံပေါ်တယ်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ ... လိုက်ကြမယ့်ပုံလည်း ပေါ်နေကြပြီ။ ကိုချစ်တိုးက 'ကဲပါဗျာ တစ်ယောက် ...ထောင်ကိုက်အောင် သောင်းနှစ်ထောင်ပေးပါမယ်'လည်း ဆိုရော နွားသမား ... လိုက်ခဲ့မယ် ဖြစ်ကရော။

ဒါပေမယ့် နွားတွေက အကောင်အစိတ်လောက်ဆိုတော့ နွားတွေ တန်းလန်း ... လိုက်မဖြစ်ဘူး။ သည်တော့ နွားတွေထိန်းဖို့ နွားသမားတစ်ယောက်ထားခဲ့ပြီး ...န်တဲ့သုံးယောက်က လိုက်ခဲ့ကြဖို့ သဘောတူကြတယ်။ နွားတွေနဲ့ ကျန်ရစ်ခဲ့ ... နွားသမားခမျာ နေပူကြီးထဲ နွားအကောင်အစိတ်က ကြိုးတွေစုကိုင်ပြီး ကျန် ...တာဆိုတော့ မြန်မြန်ပြန်လာကြဖို့ မှာရှာရဲ့။ နွားသမားတွေ ကားပေါ်တက် ...နဲ့ ကိုကျော်သန်းက ကားကို ဆက်မောင်းလာခဲ့တယ်။

"အားနာလို့သာရယ်၊ ခင်ဗျားတို့နှယ် မိုက်လုံးကြီးလိုက်တာ၊ သည်လမ်းစ ...တ်ကတည်းက ခင်ဗျားတို့ကား ပထမဆုံး မောင်းလာသာ ထင်တာပဲ"

"ကုမ္ပဏီကားတွေက မသွားကြဘူးလား"

"လမ်းအကြောင်းရှိသေးသာဗျ၊ သူတို့က ဟိုးမြောက်ဘက်လမ်းဘက်က ...ကြသာ ဝေးတော့ဝေးသယ်၊ သည်လမ်းကောင်းအောင်လုပ်ပြီးမှ သူတို့ သုံး ...သဘောပေါ့"

မင်္ဂလာစကားပြောကြမယ့် လူကြီးတွေလည်း နွားသမားနဲ့တွေ့မှ ခင်ဗျားတို့ ...လုံးကြီးလိုက်တာ ဖြစ်ကရောဆိုတော့ ဘာပြန်ပြောရမှန်းတောင် မသိကြတော့ ... လူလေးယောက် နွားအကောင်အစိတ်နဲ့ တွေ့လိုက်ရတာပဲ ကျေးဇူးတင် ...တာ မဟုတ်လား။ တာလမ်းကျိုးနေတယ်ဆိုတဲ့ နေရာက တော်တော်လေး ...တယ်။ ကားကလည်း လမ်းကျိုးမရောက်ခင် ရုန်းရတာနဲ့တင် ချူသံပါ ... ညော်လိုက်တာလည်းတူးလို့။ သည်လိုနဲ့ ကားက လမ်းကျိုးထိပ် ရပ် ...ရော။

"ဟာ... ဟုတ်သားဟ"

□

(၇)

...ပြင်ကြီးထန်းတောထဲမှာ ရွာကာလသား လေးငါးယောက် ထန်းရည် ...တ်နေကြတယ်။ တော်တော်လည်း မူးနေကြပါပြီ။ လယ်ပြင်ကြီးသား

www.burmeseclassic.com



က သုံးယောက်၊ လယ်ပြင်ကြီးရဲ့ တောင်ဘက်ကပ်လျက် အုန်းပင်ကောက် နှစ်ယောက် သောက်နေကြတာဆိုတော့ တစ်ဖက်ရွာသားနှစ်ယောက်ကို လို ဧည့်ခံရင်း ရွာခံသုံးယောက်ကပါ သောက်နေကြတဲ့ သဘောပေါ့။ သည်လိုပါပဲ သူ့ရွာရောက်တော့ သူဧည့်ခံ၊ ကိုယ့်ရွာရောက်တော့ ကိုယ်ဧည့်ခံကိုး။ အရက် ကြိုက်သူ အရက်၊ ထရေကြိုက်သူ ထရေပေါ့လေ။ သည်မနက် အုန်းပင်ကော က သူငယ်ချင်းနှစ်ယောက် ရောက်လာတာ သောင်းစိန်အတွက်တော့ အကွ ရသွားတယ်။ ကနေ့မနက် ရွာက မစွန်မသမီး အေးသီကို မန္တလေးက စ ဆရာက လာတောင်းမယ်၊ မြန်းမယ်ဆိုကတည်းက သောင်းစိန် ဖျပ်ဖျပ်လူး ပြီ။ သောင်းစိန်က အေးသီကို ကြိုက်တာ တစ်ပိုင်းသေလို့။ အေးသီကလည် သောင်းစိန်ကို မကြိုက်လိုက်တာ တစ်ပိုင်းသေလို့ဆိုတော့ ဖျပ်ဖျပ်လူးကာ လူးရော ဘာမှတော့ မဆက်စပ်ဘူးပေါ့လေ။ သောင်းစိန်က တစ်ဖက်သ ကြိုက်လိုက်တာ တစ်ပိုင်းသေလို့။

အေးသီတို့က ဆင်းရဲတယ်ဆိုပေမယ့် အကျင့်စာရိတ္တ ကောင်းတယ်ဆိုတ ရွာကသိကြတယ်။ မုဆိုးမသားအမိဆိုပေမယ့် ဘယ်သူကမှ သရော်မော်ကာ မလုပ်ဝံ့ကြဘူး။ ပရောပရီလုပ်ဖို့များတော့ ဝေးရော။ မစွန်မကလည်း နှုတ် ကြမ်းကြမ်း မဟုတ်လား။ လူက အရိုးပိန်ဆိုပေမယ့် ကျစ်လိုက်တာ သံချောင် ကျလို့ဆိုတော့ ခြေထောက်ချင်း ဆိုင်ရိုက်ရင်တောင် တစ်ဖက်သား ကျိုးကျေ သွားနိုင်တယ်ဆိုတာမျိုး။

သောင်းစိန်က အေးသီကို အပျို၊ လူပျိုစိတ်ကလေးတွေ ဝင်ကြပါပြီ ကတည်းက ကြိုက်တာပါ။ ရွာထဲမှာ အေးသီထက် ချောတာ၊ လှတာ၊ ပိုက် ရှိတာတွေ များပါရဲ့။ သောင်းစိန်ကတော့ အေးသီမှအေးသီ တန်းတန်းစွဲနေတာ ရွာကတော့ လူငယ်သဘာဝ သည်လိုပါပဲရယ်လို့ ဘာမှမပြောကြပါဘူး။ ဒါပြ အေးသီကကော ဘယ်သူ့ကြိုက်သလဲမေး။ အဲသလိုလည်း မရှိပါဘူး။ အပျိုဖြ ပါပြီဆိုကတည်းက လူပျိုပေါက်တွေက သူငယ်ချင်းလို ခင်မင်ကြတာရှိသလ ပိုးချင်ပန်းချင်တာများလည်း ရှိပါရဲ့။ အေးသီက ဘယ့်နှယ်မှမနေဘူး။ လုပ်ကိုင် စားရတာ ပင်ပန်းရတဲ့ကြားထဲ မဆတ်ဆော့အားပေါင်တော်ဆိုတဲ့ မိန်းကလေး မျိုးဆိုတော့ လန့်ကြတဲ့ သူငယ်တွေ များကြတယ်။ သောင်းစိန်ကတော့ မလ ဘူး။ အေးသီမှ အေးသီ။ သောင်းစိန်တို့ မိဘများက နည်းနည်းပါးပါးတော သောင်သာကြတယ်။ အေးသီတို့ထက် စီးပွားရေးကောင်းတယ်။ သောင်းစိန် မိုက်မိုက်ရမ်းရမ်း ဆိုမနိုင်ပြောမနိုင်ဆိုတာမျိုး မဟုတ်ပေမယ့် အိမ်က နွားတော



တစ်တိုင်ကတစ်တိုင် ပြောင်းချည်ချင်တဲ့ကောင် မဟုတ်ဘူး။ ရေတစ်ထမ်း ထမ်း နွားစားကျင်းထဲ ပဲလေး၊ မော်လေး နဲ့အောင်လှန်လိုက်စမ်းပါဆိုတာတောင် လုပ်ချင်တာ မဟုတ်ဘူး။ အေးသီက ဒါကြောင့်ရယ်လို့တော့ မဟုတ်ပါဘူး။ မကြိုက်ချင်လို့ကို မကြိုက်တာပါ။

"အေးသီ နင် မာနကြီးလိုက်တာဟာ၊ ငါနဲ့များ စကားမပြောချင်သလိုပဲ"

"ဘာမာနမှ မရှိပါဘူးဟယ်၊ လူမှ ထမင်းအနိုင်နိုင် ရှာစားနေရတဲ့ဟာ၊ ဘယ်ကမာနကလာပြီး ရှိရမှာတုန်း။ နင်နဲ့မှမဟုတ်ပေါင်၊ ဘယ်သူနဲ့မှကို စကား ပြောဖို့ အချိန်မရဘူး"

"နေဦး ငါ ပြောထားတာလေးတော့ အဖြေပေးခဲ့ပါဦး"

"ဘယ်ဟာများပါလိမ့်"

"ဟိုလေဟာ နင့်ကို ဘုရားပွဲရက်က ဒွေးစံမေတို့ ဝိုင်းတိုက်မှာ ပြောခဲ့တာ လေဟာ အေးသီကလဲ"

"နင် မှူးမှူးနဲ့ပြောတဲ့စကားတွေ အများကြီး၊ ငါက ဘယ့်နှယ့်လုပ် မှတ်မိ မှာတုန်း"

"နင့်ကို ကြိုက်တယ်ဆိုတာလေ"

"အမယ်လေးလေး... မောင်းထောင်နဲ့ တောင်ငှ မအပ်မရာ"

အေးသီနဲ့ သောင်းစိန်က အဲသလိုဖြစ်နေကျ။ သောင်းစိန်က အလှူရှိလို့၊ ဘုရားပွဲရှိလို့၊ ဆွမ်းတော်ကြီးတင်ရှိလို့၊ မင်္ဂလာဆောင်ရှိလို့၊ အပျိုလူပျိုစုကြ တဲ့ ပွဲမျိုးဆိုရင် အေးသီအနား မရရအောင်ကပ်ပြီး ပျားများ၊ ပိတုန်းများ 'ရှန်း' ကြသလို တဒီဒီနဲ့၊ ပြောချင်ရာ ပြောနေတတ်တယ်။ အေးသီကလည်း ခေါင်းထဲ ထည့်ပါဘူး။ ကိုယ့်ရွာသူ ရွာသားချင်း၊ ကာလသား ကာလသမီးချင်းပဲလေ ဆိုတာမျိုးနဲ့ သည်းခံလိုက်တာ များပါတယ်။ သည်းမခံနိုင်တော့ဘူးဆိုရင်တော့ ဒိုးထင်းချောင်းနဲ့ ကောက်ပေါက်ပစ်လိုက်တာပဲ။ သောင်းစိန်မိဘများက သူတို့ သားက အေးသီကြိုက်နေတာကို မကြည်သာချင်ဘူး။ အေးသီက မကြိုက်ဘူး ဆိုတာလည်း သိပါရဲ့။ မုဆိုးမသမီးက အခြေကြီးလို့ ငါတို့သားမှ မကြိုက်ရ အောင် ဘာမို့လို့တုန်းဆိုတာ ပါသလိုကြိုက်လိုက်မှာလည်း စိုးကြတယ်။

"သောင်းစိန်နော် စွန်မသမီး လင်းယုန်မများ၊ မင်းက အကောင်းလုပ်လို့"

"ဘာတုန်းဗျ၊ အမေတို့ကလည်းတစ်မျိုး"

"ဘာတစ်မျိုးလဲ နင် စွန်မသမီး အေးသီကို ကြိုက်နေဆို၊ အေးသီ နောက် တကောက်ကောက်ဆို၊ ဘာမို့တုန်းတော်... ဆန်အိုးထဲ ဆန်လက်နှစ်လုံး ရှည့်တဲ့ဟာတွေ"

www.burmeseclassic.com

www.burmeseclassic.com



"အမေတို့စကားတွေ လွန်သနော"

"ဘာလွန်ရမှာတုန်း၊ ခုံဖိနပ်စာနော်၊ ကြိုက်သံများ ကြားလို့ကတော့ ခုံဖိနပ်ကြည့်"

"ခင်ဖျားတို့က သူများချစ်ခြင်းခွဲဖို့လောက် ချောင်းနေကြတာ၊ အေးသီက ဘာဖြစ်နေလို့လဲ"

"အောင်မာ ဘာဖြစ်နေနေ၊ နင် မကြိုက်ရဘူးဆို မကြိုက်ရဘူး"

"အချစ်ကို အဲသလို ပိတ်ပင်လို့ရမလားဗျ"

သောင်းစိန်နဲ့မအေကလည်း အေးသီကိုစွဲနဲ့ တကျက်ကျက်ပါ။ အေးသီကိုကြိုက်တာ သောင်းစိန်တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ကြိုက်တဲ့သူ ရှိကြပါတယ်။ သောင်းစိန်က အေးသီကပဲ သူ့ရည်းစားလိုလို ပြောနေတော့ တစ်ခြားကာလသားတွေက လက်လျှော့ကုန်ကြတာလည်းပါတယ်။ အေးသီကို ပိုးလေ မရလေ၊ မရလေ ပိုးလေနေလာခဲ့ကြတာ အရွယ်တွေတောင် ရကြလှပြီ။ အေးသီဆိုရင် ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်ရှိပြီ။ သောင်းစိန်ကလည်း နှစ်ဆယ်ကျော်ပါပြီ။ အေးသီကို ဆယ့်လေးငါးနှစ်ကတည်းက ကြိုက်ခဲ့တာ အခုလို အပျိုကြီးလုံးသန် တစ်သွေးတစ်မွေးဖြစ်လာတော့ သောင်းစိန်က ပိုတောင်ရူးလာတယ်။ အေးသီတို့သားအမိမျာလည်း ဝင်ငွေရနိုင်သမျှ စုစုကျစ်ကျစ် ရှာကြရတာကတော့ မထူးပါဘူး။ လတ်လတ်လောလောကလေး ဝတ်နိုင်၊ စားနိုင်ဖို့ ထည့်မတွက်ပေမယ့် အမြင်ကလေး တင့်တယ်အောင်တော့ ဆင်ရတာကိုး။ သည်လိုဆိုတော့ အေးသီက ပိုတောင်လှလာတယ်လို့ သောင်းစိန်တွက်တယ်။

"အေးသီရယ် နင့်အတွက် ငါ့မှာ စောင့်စားရတဲ့ရက်တွေလည်း ကြာပါပြီဟာ၊ တောင်ထိပ်ကြာပေါက် အနောက်နေဝင် ပင်လယ်ပြင်ပေါ် လမ်းလျှောက်နေကြတယ်ဆိုရင်တောင် ..."

"သောင်းစိန် ရှာပြဓာတ်လာမလုပ်နဲ့၊ နင့်ကို တစ်ခါတည်းပြောမယ်၊ ငါ့အမေ မရှိတော့ရင် ငါ သီလရှင်ဝတ်ဖို့ စိတ်ကူးပြီးသား အမေရှိသေးလို့သာ"

"နင့်ဟာ မဟုတ်တာ၊ နင့်အမေသေဦးတော့ ငါ ရှိပါသေးတယ်"

"နင့်ကြောက်လို့ ဝတ်မှာပေါ့"

သောင်းစိန်နဲ့ အေးသီကတော့ အခြေအနေကတော့ မပြောင်းပါဘူး။ ဒါပေမယ့် မန္တလေးကို သနပ်ခါးပို့ရတဲ့နောက်ပိုင်း အေးသီက ပြောင်း လာတယ်။ သနပ်ခါး လက်ခံရောင်းပေးတဲ့ မတင်ကြည်တို့ဆီ အဝင်အထွက်ရှိရာက မောင်ကြိုင်နဲ့တွေ့ပြီး ဘယ်တုန်းကမှ စိတ်မလှုပ်ဖူးတဲ့ အေးသီ စိတ်ကလေး



ဝေ့ချင်လာပါရော။ လယ်ပြင်ကြီးရွာစွန်မှာ အိမ်ကုပ်ကလေးနဲ့ သားအမိ နှစ်ယောက် နေရတဲ့ဘဝက မန္တလေးမှာ အခြေချခွင့်ရရင် ဘဝတစ်ဆင့် တက်ရတာပဲလို့ တွက်တာပါပါတယ်။ မအေကြီးကိုလည်း အေးသီ သနားမိပါရဲ့။ ချစ်သူနဲ့ အိမ်ထောင်ပြုရင်တောင် မအေကိုပါ ထည့်စဉ်းစားပေးမယ့် လင်သားမျိုးမှ ဖြစ်မှာဆိုတော့ မောင်ကြိုင့် စိတ်နေစိတ်ထားကို အရင်အကဲခတ်ရတယ်။ မောင်ကြိုင်က ရိုးသားတယ်။ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းမယ့် ရာသက်ပန်သမားဆိုတာလည်း အကဲခတ်မိတယ်။ သည်ကြားထဲ မတင်ကြည်ကပါ အာမခံလိုက်သေးတာကော။

သည်လိုနဲ့ အေးသီကို မန္တလေးသား စက်ဆရာက တောင်းရမ်းတော့မယ်ဆိုတာလည်း ကြားရော သောင်းစိန်က ရွာရှေ့တောင် ညောင်ပင်ကြီးမှာ ခြင်းကိုယ်စီ ပြင်ပါရော။ သည်သတင်း ဟုတ်မဟုတ် စုံစမ်းတယ်။ စုံစမ်းဖို့တာ ခက်နေတော့ ဘယ်သူ့မေးရမှန်းလည်း မသိဘူး။ မစွန်မနဲ့ အေးသီတို့သတင်းကို သည်နှစ်ယောက်ဆီကလွဲရင် တစ်ခြားဘယ်ကမှ မရနိုင်လေတော့ သောင်းစိန် သူငယ်ချင်းတွေနဲ့ တိုင်ပင်တယ်။ သည်လိုနဲ့ ထန်းရည်ဝိုင်းမှာ မနက်ည အေးသီ [illegible]ချည်းပေါ့။

"ငါတော့ အေးသီကို ခိုးတော့မကွာ၊ သည်လိုမလုပ်လို့ မရတော့ဘူး။ အဲတော့ အုန်းပင်ကောက်ကို ခိုးပြေးလို့လဲ မဖြစ်ဘူး။ ရွာချင်းက ကပ်နေတာဆိုတော့ မစွန်မ လိုက်လာလိမ့်မယ်"

"ဟ... သောင်းစိန်ရ ခိုးတယ်ဆိုတာ နှစ်ယောက်သားကြိုက်မှ ခိုးရတာပေါ့ကွာ၊ အေးသီက မင်းများ ခွေးရူးလောက်အောက်မေ့တဲ့ဟာ၊ အကုန်အဖမ်းခံနေရပါ့မယ်ကွာ"

သူငယ်ချင်းတွေက အေးသီနဲ့ သောင်းစိန်ကို တစောင်းစေးနဲ့ မျက်ချေးဆိုတာ သိကြတော့ သည်စီမံကိန်းမှာ မပါဝံ့ကြဘူး။ ဒါပေမယ့် သောင်းစိန် တိုက်နေတဲ့ ထန်းရည်ကလည်း ဗိုက်ကားအောင် သောက်နေရတာဆိုတော့ ပတ်ကုန်အောင်လည်း မပြောဝံ့ကြဘူး။

"နေဦး မင်းက ဘာကြားလို့လဲ သောင်းစိန်ရ"

"အေးသီက မန္တလေးမှာ ရည်းစားရှိနေပြီတဲ့ကွ၊ နားစွန်နားဖျား ကြားတာပါကွာ၊ စုံစမ်းလို့လည်း မရဘူး"

"မင်းက ဘယ်က ကြားတာလဲ"

"အေးသီကပြောတာ၊ သူ့မှာ ရည်းစားရှိနေပြီတဲ့၊ လာတောင်းရမ်းတော့မှာတဲ့"

www.burmeseclassic.com

www.burmeseclassic.com



“ပြီးတာပါပဲကွာ၊ ခများများသားအမိ ဆင်းရဲကြပါတယ်။ အချစ်ဆိုတာ ခွင့်လွှတ်ခြင်းပါတဲ့၊ မင်း ရင်အနာခံလိုက်ပါ သောင်းစိန်ရယ်”

“ဘာရယ်ကွ၊ ရင်အနာခံရမယ် ဟုတ်လား။ သောင်းစိန်က တစ်ရွာသား လက်တော့ အပါမခံဘူးကွ၊ လယ်ပြင်ကြီးသား သွေးရဲတာ ပြရချေသေးပေါ့ကွာ”

ထန်းရည်အိုးကလည်း ပိုးလိုးပက်လက်။ သောင်းစိန်တို့ကလည်း မှောက်ခုံ ပက်လက်။ အရင် သတိပြန်လည်လာသူက ပုဆိုးစဆွဲပြီး ထပြန်ရာကနေ လူစု ကွဲသွားကြရော။ ညနေဘက် ပြန်စုမိကြပြန်ရော။ သောင်းစိန်လည်း ထန်းရည်ဖိုး ဆပ်ရတာနဲ့ ကုန်လှပြီ။ အေးသီကိုမရလေ စိတ်ညစ်လေ၊ စိတ်ညစ်လေ သောက် လေဆိုတော့ လူမှန်းမသိအောင် ဖြစ်နေပြီ။ တစ်ရက်တော့ ထန်းရည်ဝိုင်းမှာ အုန်းပင်ကောက်သား ထွန်းရီက စကားတစ်ခွန်း သတင်းပေးတယ်။ သည်သတင်း က သောင်းစိန်အတွက် အရေးကြီးတဲ့သတင်း။

“သောင်းစိန် အေးသီ မင်းကိုမကြိုက်တာ ငါသိပြီ၊ နတ်က လုပ်ထား တာကွ”

“ဘယ်လိုကွ ထွန်းရီ၊ ဘယ်လို နတ်ကလုပ်ထားတာတုန်း၊ ကြားလာတာ ပြောစမ်းပါကွာ”

“မင်းပြဿနာတော့ မရှာနဲ့၊ မင်းအမေက နတ်ကတော် ဒေါ်မှူကြီးနဲ့ အတားအဆီးတွေ လုပ်နေတာတဲ့၊ တို့ရွာထဲက မခင်သောင်းက မင်းတို့ ရွာက နတ်ကတော်ဒေါ်မှူနဲ့ ခင်လို့ပြောရာကနေ ငါကြားလာတာ”

“လူတစ်ယောက်နဲ့တစ်ယောက် နတ်က မချစ်အောင် လုပ်လို့ရသလားကွ၊ မဟုတ်တာ”

“ရတာပေါ့ကွာ၊ မင်းတို့အိမ်မှာ နတ်စင်ရှိတယ် မဟုတ်လား၊ နတ်စင် ပေါ်မှာ နတ်ရေအိုးအသစ်ကလေးရှိလိမ့်မယ်၊ အုန်းသီးတစ်လုံးလည်း ရှိလိမ့်မယ်၊ မယုံရင် မင်းကြည့်လိုက်”

တစ်ရွာသားက အပ်ကျမပ်ကျကြီး ပြောနေပြီဆိုတော့မှ သောင်းစိန် သူ့ အိမ်ကနတ်စင်ကို စိတ်ကူးကြည့်လိုက်တယ်။ ဟုတ်သားပါလား။ အိုးကလေး တစ်လုံးပေါ်မှာ အုန်းသီးခွံကွာတစ်လုံး မြင်နေတာကြာပြီပဲ။ လက်စသတ်တော့ သူ့အမေက အေးသီနဲ့ သဘောမတူလို့ နတ်ကတော်ခေါ်ပြီး နတ်နဲ့ ခွဲခိုင်း ထားတာကိုး။ ဒါ့ကြောင့် အေးသီက ခါးခါးသီးသီး ဖြစ်နေပါတယ် အောက်မေ့ တာ။ ခုမှ ဇာတ်ရည်လည်ရတော့တယ်ပေါ့။ တွေးရင်းက ဒေါသတွေဖြစ်လာလို့ နတ်စင်ရော အုန်းသီးပါ သည်ကနေ့တော့ တွေ့ကြပြီပေါ့ကွာလို့လည်း စိတ်ထဲ တေးထားလိုက်တယ်။



“နေပါဦး အုန်းသီးတင်တယ်ဆိုတာက ဘာသဘောလဲ”

“အုန်းသီးဆိုတာ အသ, လေကွာ၊ အေးသီပေါ့၊ နတ်ကို အေးသီနဲ့ အေး ပါတယ်ဆိုတဲ့ သဘောပေါ့”

“နတ်နဲ့ပေးစားတော့ နတ်က မင်းနဲ့မကြိုက်မိအောင် တန်ခိုးနဲ့ တားတာ ပေါ့ဟ”

“ကြည့်စမ်း အမေတို့များ ကိုယ့်သားသမီးဘက်မလိုက်၊ နတ်ဘက်များ လိုက်ရတယ်လို့ကွာ”

အဲသည်နေ့က အုန်းပင်ကောက်သား ထွန်းရီကို သောင်းစိန်က ထရေမူး အောင် တိုက်တယ်။ ကျေးဇူးတွေတောင် တင်နေသေးတာပါ။ တစ်မြူပြီးတစ်မြူ သောက်ကြတာ ဘယ်နှအိုးရှိမှန်းတောင် မသိကြတော့ပါဘူး။ သောင်းစိန်က အိမ်ပြန်ပြီး နတ်စင်ဖျက်မယ်လုပ်တော့ သတင်းပေး ထွန်းရီလည်း မူးမူးနဲ့ ပြေး ရော။ အဲသည်နေ့က သောင်းစိန်က အိုးကိုရိုက်ခွဲ၊ နတ်စင်ရိုက်ချိုးလုပ်နေတော့ အမေက ရေထမ်းထမ်းပိုးနဲ့ လိုက်ရိုက်တော့မှ လုံးနေအောင် ပြေးတော့တာပါ။ သည်ကတည်းက နတ်ရေစင်အိုးလည်း မရှိတော့ပါဘူး။ ဒါပေမယ့် အေးသီ ကလည်း သောင်းစိန်ကို မကြိုက်ပါဘူး။ သောင်းစိန်က နတ်ကို အုန်းသီးဆက် လို့ မကြိုက်ခဲ့တာလို့ယုံတော့ နတ်ကတော် ဒေါ်မှူကြီးအိမ်ကို သွားတယ်။ ရေစင် ဖို တန်တော့တယ်။ အကျိုးအကြောင်းပြောတော့ ဒေါ်မှူကြီးက သောင်းစိန်ဖြစ် ချင်တာကို သဘောပေါက်လိုက်ပြီ။ မအေကခိုင်းလို့ အုန်းသီးဆက်ခိုင်းသလိုပဲ သောင်းစိန်က ရေစင်ဖိုးဆက်တော့လည်း အဆောင်ပေးပြန်ရော။ သော့အိမ် တစ်လုံး ဆောင်ရမတဲ့။ အေးသီက ပြန်မကြိုက်ရင် မင်း ကြိုက်သလိုပြောဆိုပြီး နတ်ကတော်က အာမခံလိုက်တော့ သောင်းစိန်ကလည်း ယုံတယ်။

“သော့အိမ်ဆိုတာ ဘာတုန်းဗျ”

“မောင်သောင်းစိန်ကလဲ အသကို ... သအနဲ့ ပြန်တိုက်တာပဲ”

“နားမလည်ဘူးဗျ”

“အေးသီက အသ၊ သော့အိမ်က သအ၊ အုန်းသီးကို သော့အိမ်နဲ့ ကာက် ကင်း ပြန်ရိုက်တယ်ခေါ်တယ်။ သော့အိမ်သေးသေးရှာပြီး မင်းလည်ပင်း ဆွဲရ မယ်၊ သည်အတိုင်းတော့ မစွမ်းဘူးပေါ့၊ ငါရွတ်ဖတ်ပြီး အသက်သွင်းပေးမယ်။ အဲဒါ ဘယ်ခုနစ်မင်း အပ်ရမှာဆိုတော့ ငွေသုံးရာခုနစ်ဆယ်တင်ရမယ်”

“တင်တာဟုတ်ပါပြီ၊ ချက်ချင်း ထကြိုက်ပါ့မလား”

“ဟဲ့ နတ်ဆိုတာ မှိုင်းမှိုင်းပြီး မ,တာဟဲ့၊ ဒါကြောင့် မှိုင်းမယ်ပြောတာ။ အေးသီ မင်းဘက်မပါတော့ ငါပြောလှည့် ... နတ်ဟဲ့၊ အာမှတ်နေသလား”

www.burmeseclassic.com

www.burmeseclassic.com



အဲသည်နေ့ကစပြီး သောင်းစိန်လည်ပင်းမှာ သော့တံနှစ်ချောင်းပူးနဲ့ သော့ခလောက် ကလေးတစ်လုံး ဆွဲထားလေရဲ့။ ဒါပေမယ့် သော့ခလောက်ကလည်း မစွမ်းတော့ပါဘူး။ အေးသီကို မနက်ဖြန်သန်ဘက် မိန္တလေးက ကားနဲ့လာတောင်းတော့မယ်ဆိုတဲ့ သတင်းက ရွာထဲပြန့်နေပြီ။ ရွာမှာ ပျာနေကြတဲ့နှစ်ယောက်ကတော့ မစွန့်မနဲ့ သောင်းစိန်ပါပဲ။ မစွန့်မက မြို့လာကြမယ့် ဧည့်ကျွေးဖို့၊ မွေးဖို့ရှာရပြီ။ သောင်းစိန်ကတော့ သော့ခလောက်တောင် ဆွဲဖြုတ်ပြီး လွှင့်ပစ်ချင်ပြီ။ တစ်နေ့လုံး ထရေတဲက မထတော့ဘူး။ ရင်တွေလည်း ပူလှပြီ မဟုတ်လား။ သည်ရက်ထဲ တစ်ခုခုတော့ လုပ်ကို လုပ်ရတော့မှာကိုး။ အုန်းပင်ကောက်သားတွေက မူးလာတော့ သောင်းစိန်ကို မြှောက်ပေးကြရော။

"အဲသည်နေ့လာတဲ့ကားကို တို့လူစု ရွာထိပ်က ဆီးရိုက်ကြရုံပေါ့ကွာ၊ လွယ်လွယ်လေးပါ"

"မင်းတို့ပါရင် ချရုံပေါ့ကွာ၊ လယ်ပြင်ကြီးသား သွေးရဲတာ ပြလိုက်စမ်းမယော့"

အဲသည်နေ့က သောင်းစိန်တို့ ထရေမူးလိုက်ကြတာ လူမှန်းမသိကြဘူး။ ထန်းတဲထဲမှာတင် တုံးလုံးပက်လက် ဖြစ်ကုန်ကြပြန်ရော။

❒

## (၈)

ကိုချစ်တိုးတို့ သည်တစ်ခါတွေ့ရတဲ့ချောက်က တော်တော်ကြီးတယ်။ တော်သေးတာပေါ့။ နွားသမားတွေနဲ့ တိုက်တိုက်ဆိုင်ဆိုင်တွေ့လို့။ သည်ချောက်ကြီးက တာလမ်းကျိုးရာကနေ အဟကျယ်သွားပုံပေါ်ရဲ့။ ဖို့မြေဆိုတော့ အိအိကျရာက ဗျက်ကြီးကျယ်ပြီးအထဲမှာ ဗွက်လည်နေတာမျိုးပါ။ တစ်ဖက်ကိုရောက်ဖို့က လွယ်လွယ်နဲ့ မဖြစ်လောက်ဘူးဆိုတာတော့ သေချာနေပြီ။ လူတွေက ထမင်းမစားကြရသေးဘူး။ ရေဝအောင် မသောက်ကြရသေးဘူး။ တော်သေးတယ်ခေါ်ရမယ်။ ကားလမ်းတစ်ဖက်မှာ အိုင်ဖြစ်နေရာက ရေတွေဝပ်နေတာ ရေပုံးကြီးနဲ့ နှစ်ထမ်းသုံးထမ်းစာလောက် ရှိလိမ့်မယ်။ ရေကလည်း ကြည်ပြီးစိမ်းနေလို့ သောက်မယ်ဆိုရင်တောင် သောက်ချင်စရာကိုး။ ကိုကျော်သန်းရော၊ ကိုချစ်တိုးရော၊ လူဝကြီး ဦးမှတ်တင်ရော၊ တရုတ်ကြီးဦးဝိန်ရော၊ ကျောင်းဆရာကြီး ဦးကျော်ဒွန်းရော လက်ခုပ်နဲ့ ခပ်ခပ်သောက်ကြ၊ ခေါင်းရေဆွတ်ကြ၊ ရေဘူးတွေထဲဖြည့်ကြ လုပ်ကြတယ်။



တစ်လျှောက်လုံး စကားတစ်ခွန်းမှ မပြောဘဲ ပေါင်ပေါ် ကန်တော့ပွဲကြီးတင်ပြီး တင်ပြင်ခွေ ထိုင်လိုက်လာတဲ့ ကိုကျော်ဝင်းတောင် ကန်တော့ပွဲကြီးကားခေါင်းအမိုးပေါ်တင်ပြီး ဆင်းလာတယ်။ မျက်နှာသစ်၊ ရေသောက်၊ နွားသမားတွေက မဆိုးကြပါဘူး။ လမ်းကျိုးထိပ်ထိုင် ဆေးလိပ်ဖွာကြရင်း သူတို့အချင်းချင်း တိုင်ပင်နေကြတယ်။ ကားက သည်နေရာကဆင်း၊ ဟိုနေရာကိုမော့တက်ရမယ်။ ကားဆင်းမယ့်နေရာနဲ့ မော့တက်ရမယ့်နေရာမှာ မြေခဲမာမာကြီးတွေ ချရမယ်။ မောင်ကြိုင်ကတော့ သူ့တိုက်ပုံနဲ့ လည်ကတုံးအင်္ကျီမှာ ရွှံ့တွေပေလှပြီဆိုတော့ ချွတ်မနေတော့ဘဲ လက်တွေ ပင့်တယ်တယ်။ ပုဆိုးကိုတိုတိုဝတ်တယ်။ ဗွက်ထဲဆင်း၊ ခြေထောက်နဲ့ စမ်းစမ်းပြီး မြေမာရှာတယ်။ ဗွက်က ခြေကျင်းဝတ်မြုပ်တယ်ဆိုတော့ မြေမာခဲ တော်တော်ထည့်ရမယ်ဆိုတာသေချာသွားပြီ။ နွားဆရာက တွက်ချက်ပြီးသွားပုံနဲ့ သူ့စိတ်ကူးကို ပြောတယ်။

"ကိုင်း ကားဆရာ၊ လူအားနဲ့ လမ်းဘေးက မြေစိုင်ခဲတွေ ကားဘီးရာအတိုင်းချရမယ်။ ခင်ဗျားတို့ကြည့်ရတာ လူနုတွေနဲ့ တူပါတယ်ဗျာ၊ ကျုပ်တို့ပဲ လုပ်ပါ့မယ်"

"ဟာ... မဟုတ်တာဗျာ၊ ကျုပ်တို့ရော လုပ်မှာပေါ့"

"ဗြုန်း"

ရောမ မြေစိုင်ခဲကြီးတစ်လုံး ဗွက်ထဲကျသွားသံပါ။ နွားသမား တစ်ယောက်က မပြောမဆိုနဲ့ မြေစိုင်ခဲကြီး ပွေ့တဲ့ပြီး ပစ်ချလိုက်တာ မိုးများကျသလို ကျသွားရာက ဗွက်တွေနဲ့ ရွှံ့ရည်တွေ လူ့တစ်ရပ်ကျော်ကျော်လောက် ထခုန်ပါသေးရော။ အနားရှိသမျှလူတွေလည်း ရစရာမလိုတော့ပါဘူး။ မျက်နှာ၊ နဖူးကအစ ဝတ်ထားတဲ့အင်္ကျီ၊ ပုဆိုးတွေပါ ချက်ချင်းပေပွကုန်တော့တာပါ။ ကိုချစ်တိုးက နွားသမားကို ဒေါသနဲ့ထိုးမယ် ကြိတ်မယ်လုပ်ပြီးမှ စိတ်ကို ဘရိတ်အုပ်ရသယ်။ ဒင်းတို့မရှိလို့ မဖြစ်သေးဘူးလို့ တွက်မိလို့သာပေါ့။ အဆိုးဆုံးကတော့ သတို့သား မောင်ကြိုင်နဲ့ လူဝကြီးကိုမှတ်တင်ပါ။ တာလမ်းကျိုးထဲက ထခုန်လိုက်တဲ့ ဗွက်ရည်တွေဆိုတာ ရစရာမရှိဘူး။ အားလုံး စောစောက အိုင်ကလေးမှာ မျက်နှာသစ်ကြရတော့တာပေါ့။

"နင့်မေကလွှား သောက်ရမ်းလုပ်ရသလားဟ၊ မင်းကွာ"

နွားဆရာကတော့ ငေါက်ပါရဲ့။ မြေစိုင်ခဲပစ်ချတဲ့ နွားသမားက အရေးလုပ်တောင် မလုပ်ဘူး။ နောက်ထပ် မြေစိုင်ခဲတစ်ခဲ ပွေ့လာပြီး စောစောကလိုပဲချပြန်ရော။ ဗြန်းခနဲ ကျသွားတဲ့အရှိန်နဲ့ ဗွက်ရည်တွေ ထခုန်ပြန်ရော။ သည်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ ဒေါ်ငွေနဲ့ ကိုကျော်ဝင်းတို့နှစ်ယောက်စလုံး ယွန်းခွက်များ သစ်စေး သုတ်လိုက်သလို မည်းခနဲ ညစ်ပတ်ကုန်တော့တာပဲ။

"ဟယ်... သေနာကျ၊ ဘယ့်နှယ်မပြောမဆို တွန်းလုပ်နေတာတုန်း၊ တော် ကလဲ တပည့်လက်သားကို ဆုံးမဦးမှပေါ့။ ကောင်းသေးလား ပေပွကုန်ပြီ"

ဒေါ်ငွေက နွားသမားခေါင်းဆောင်ကို ငေါက်တော့ နွားသမားခေါင်းဆောင် က သူ့လူကို ခါးလိုက်ဆွဲတယ်။ ဒါတောင် နောက်ထပ် မြေစိုင်ခဲတစ်ခဲ ပွေ့ထား ပြီးနေပြီ။ အသာအယာချဖို့ လက်ဟန်၊ ခြေဟန်နဲ့ လုပ်ပြတယ်။ ကိုကျော်သန်း တို့ကိုလည်း တောင်းပန်ရတာပေါ့။

"ဒီကောင်က နားလည်း မကြားဘူး။ စကားလည်း မပြောတတ်ဘူး။ လူကလည်း ကြောင်တောင်တောင်ရယ်၊ တစ်ခါ သူများနွား ဖြုတ်ဆွဲလာလို့ ကံကောင်းလို့ ကျုပ်တို့ အရိုက်မခံရတာဗျို့၊ တောင်းပန်ပါတယ်ဗျာ၊ နေပါဦး ခင်ဗျားတို့က ဘယ်သွားကြမှာတုန်း"

"မင်္ဂလာဆောင် အမြန်သွားကြမှာပါဗျာ၊ ဒုက္ခရောက်ချင်တော့"

"ကိုင်း... ကိုင်း ဒါဆိုလည်း သွက်သွက်လုပ်လိုက်ကြရအောင်"

တစ်ယောက်မြေစိုင်ခဲတစ်တုံးနဲ့ အတုံးပေါင်း တော်တော်သယ်ချလိုက်တော့ ပင်လယ်ထဲကျောက်တန်းပေါ်သလို ကားဘီးနှစ်နေရာစာ မြေစိုင်ခဲအတန်းနှစ်တန်း ပေါ်လာတယ်။ ကားတက်နင်းရင် ပြားသွားမှာ သေချာနေတော့ နောက်ထ နှစ်တုံးစီ လိုက်ဖြည့်ကြရတယ်။ ကျောင်းတုန်းက ကျောင်းတက်ခေါင်းလောင် တောင် ထမထိုးတဲ့ ကျောင်းအုပ်ဆရာကြီးကလည်း နိုင်သလောက်သယ်ရှာ တယ်။ ကိုချစ်တိုးနဲ့ ကိုကျော်သန်းကတော့ မြေစိုင်ခဲတွေ ပွေ့ပွေ့ချရတာ ရင်ဘတ်နဲ့ပုဆိုးမှာ မြေနီစေးတွေ အင်္ကတေသရွှတ်ကိုင်ထားသလို ဖြစ်နေတယ် မောင်ကြိုင်ကတော့ အပင်ပန်းဆုံးပေါ့။ ခေါင်းတွေရော၊ မျက်နှာတွေရော၊ အင်္ကျီ တွေရော၊ ပုဆိုးတွေရော၊ လူရုပ်တောင် မပေါ်တော့ဘူး။ အဲသလိုနဲ့ ကားနင် ကြည့်လိုက် မြေစိုင်ခဲက အိသွားလိုက်၊ ကားကို နောက်ဆုတ်လိုက်တော့ ကား ခေါင်းပေါ်တင်ထားခဲ့တဲ့ ကန်တော့ပွဲက ပြုတ်ကျပါလေရော။

"ဟာကွာ ကန်တော့ပွဲ တင်ထားခဲ့တာ ခေါင်းထဲမေ့သွားသကွာ၊ သွား ရောဟ"

တစ်လမ်းလုံး စကားမပြောခဲ့တဲ့ ကိုကျော်ဝင်း။ ကန်တော့ပွဲကို ကားကြ ပေါ်တောင်မချဘဲ တင်ပျဉ်ခွေချိတ်ထိုင်ပြီး ပေါင်ပေါ်တောက်လျှောက်တင်လာ တဲ့ ကိုကျော်ဝင်း။ ကားပေါ်ကဆင်းတော့ ကားခေါင်းခန်း အမိုးပေါ် အသာတင်



ထားခဲ့တာမှာ ကားက ရှေ့တိုးနောက်ဆုတ်လုပ်တော့ ကားပက်လက်ထဲ ပြုတ်ကျ ကရော။ အုန်းသီးတခြား၊ ကြွက်မြီးတခြား၊ ငှက်ပျောသီးတွေကလည်း သုံးဖီး သုံးနေရာ။ အလုံးပြုတ်တာက ပြုတ်ကုန်ကြပြီ။

"ပြုတ်ပေစေဗျာ ကိုကျော်ဝင်း နေပစေတော့၊ ရှိတာနဲ့ တောင်းမြန်းရုံပေါ့။ ရွာတော့ အုန်းငှက်ပျော လွယ်မှာပါ"

"မလွယ်တော့လည်း ကြွေဇလုံကြီးချ တောင်းမြန်းရုံပေါ့"

ကိုချစ်တိုးက ကိုကျော်ဝင်း စိတ်မကောင်းဖြစ်သွားမှန်းသိလို့ ဖြေပြော ပြောတာကို ဦးမှတ်တင်က ဝင်ဖြည့်လိုက်တာပါ။ နွားသမား သုံးယောက်က တောသူတောင်သား လူကြမ်းတွေဆိုတော့ သန်လိုက်တာကလည်း မပြောပါနဲ့ တော့။ တွန်းလိုက်၊ ဆုတ်လိုက်၊ မြေစိုင်ခဲတွေဖို့လိုက်၊ ကားနစ်သွားတော့ လမ်း အော်လိုက်၊ တွန်းလိုက်နဲ့ တစ်ဖက်ထိပ်ကိုရောက်ကာနီး ဘယ်လိုမှတက်မရတော့ ဘူး။ နွားသမားတွေလည်း ချောက်ထိပ်ထိုင်ပြီး ဆေးလိပ်ဖွာကြပြန်တယ်။ မြေ ထပ်ဖို့သူဖို့ပြီး ကားကလည်းညစ်၊ လူတွေကလည်း ပြိုင်တူညစ်ကြတော့မှ ကား က မတက်ချင်တက်ချင် တက်သွားရော။ ကားပေါ်က ငှက်ပျောသီး၊ အုန်းသီး တွေလည်း ဆန်ကောထဲက ဆီးဖြူသီးတွေလို ကားရှေ့နဲ့နောက် ခလောက်ဆန် လို့။ သည်ချောက်ကို ကားတက်လိုက်နိုင်တာ လယ်ပြင်ကြီးရောက်သွားသလို ခံစားကြပုံပေါ်ပါရဲ့။ ဝေးခနဲ အော်လိုက်ကြတာ။ သည်တော့မှ ရယ်နိုင်မောနိုင် ကြတော့တယ်။ နွားဆရာက ပြန်ချင်ပြီ။ သူတို့ခမျာလည်း ချလိုင်ချလက်များ ကျလို့။ လူတွေလည်း ရွှံ့လူးထားတဲ့အတိုင်းပဲ။ နဂိုညီထားတဲ့ရှေး မဟုတ်တော့ ပါဘူး။ ကိုကျော်သန်းက ရစ်ထောင်ဖြည့်ပြီး နှစ်သောင်းပေးလိုက်တယ်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားတို့နဲ့သာမတွေ့ရင် ကျုပ်တို့တော့ ရွာ လည်ပြီ"

"ရွာလည်ရုံဘယ်ကမှာတုန်း ... ရွာထဲ ညအိပ်ရမှာ"

နွားသမားတွေက တစ်ယောက်ငါးထောင်စီ ရသွားကြတော့ နှုတ်ဆက်ပြီး ပြန်ကြရော။ မထူးပါဘူး။ ကားကလည်း ရစရာမရှိတော့ပါဘူး။ ညစ်ညစ်ရန်းရလို့ အင်ဂျင်တွေလည်း နာလှရော့မယ်။ လူတွေကတော့ လမ်းဘေးက မြေခြောက် ခြောက်မာမာမှာ ပိုးလိုးပက်လက်လန်နေကြပြီ။ ရေအိုင်ထဲက ရေကြည်ခပ်သား တာရှိတော့ ရေကတော့ သောက်ကြရပါတယ်။ ကိုချစ်တိုးက ကားထောင့်မှာ ကြွပ်ကြွပ်အိတ်နဲ့ထုပ်ထားတဲ့ အထုပ်ကြီးကို ဖြည်တယ်။ မင်္ဂလာဆောင်မှာ ရှာန်း သံယာကပ်ဖို့ရော၊ ရွာလူကြီးတွေ ညှော်ခံဖို့ရော ထည့်ပေးလိုက်တဲ့ မုန့်တွေထဲက

www.burmeseclassic.com

www.burmeseclassic.com



ခအေးလမုန့် တစ်တွဲဆွဲထုတ်ပြီး တစ်ယောက်တစ်ခုဝေတယ်။ သူလည်း တစ်ခုကို နှစ်လုတ်နဲ့ ကုန်အောင်စားပြီး နောက်တစ်ထုပ် ဆွဲထုတ်ပြန်ရော။

"ချစ်တိုးရ ... ဘုန်းကြီးကပ်ဖို့ဆို ... ငရဲများကြီးနေပါ့မကွာ ..."

"ဦးဦးဖျားဖျား ဖယ်ထားပါတယ်၊ ဒါကတော့ မထူးဘူးဗျို့၊ ငရဲပြည်ကျဆာ့မှ ကြည့်ရှင်းရမှာပဲ၊ တွယ်သာတွယ် ဆာလိုက်တာဗျာ"

ဘာမှမစားရတုန်းက သည်လောက်ဆာတယ် မထင်မိဘူး။ စားတော့မှ ဘာစ်ခုလည်းအာသာမပြေ၊ နှစ်ခုလည်းမဝ။ ကျောင်းဆရာကြီးက မုန့်ကလေးတစ်ဖွဲ့ ခားရင်း သူ့တိုက်ပုံနဲ့အင်္ကျီကို ငုံ့ကြည့်တယ်။ ဗွက်ရေတွေ ပေကျံနေလိုက်တာ ဒပ်ရှော့ဆရာရဲ့စက်ခုံကမှ သန့်သေးတယ် ပြောရမလောက် ဖြစ်နေပြီ။ နှမြော ပုံလည်း ရပါရဲ့။

"ကျော်သန်း ... တိုက်ပုံနဲ့ အင်္ကျီတစ်ထည်တော့ မန္တလေးရောက်ရင် ဝယ်ကန်တော့ဦးကွာ၊ ငါ့မှာ ကောင်းတာဆိုလို့ သည်တစ်စုံရှိတာ၊ လျှော်လို့လဲ ခကောင်းနိုင်တော့ဘူး"

"စိတ်ချပါ ဆရာကြီးရာ အားလုံးအတွက်ကို စဉ်းစားထားပါတယ်"

မုန့်လေးနှစ်ခုစီနဲ့ ရေနှစ်ကျိုက်စီလောက် သောက်လိုက်တော့ ဝမ်းကလေး ဖတောင့်သွားရော။ ကိုကျော်သန်းလည်း ကားပေါ်တက်ပြီ။ စက်နှိုးတော့ မရတော့ ဘူး။ တော်ပါသေးရဲ့ ဝိုင်းတွန်းလိုက်တော့ ဂူးဆို နိုးသွားတယ်။ ကားပေါ်ရောက်တော့ အုန်းသီးကြွက်မီးကျွတ်နဲ့ ငှက်ပျောသီးကြွေတွေ ဇလုံထဲစုကျုံးထည့်ပြီး ထောင့်ကပ်ဘားလိုက်ကြတယ်။ ရပြီဆိုတော့ ကားလည်းထွက်ရော။ ဘယ်ကသွားသွား လမ်းသုံးမွှာ ဘိုးထော်ဇရပ်ရောက်တယ်ဆိုတဲ့စကား ကြားထားတော့ ရှေ့မှာတော့ ဘိုးထော်ဇရပ် တွေ့ကောင်းရဲ့ဆိုပြီး ဆက်မောင်းလာကြတာပါ။ ရှေ့ကိုလှမ်းကြည့်တော့ ဇရပ်ဆိုလို့ ရိုးရိုးရိပ်ရိပ်တောင် မတွေ့ရဘူး။ ညနေ နှစ်ချက်ထိုးပြီးစ နေက ကျောကွဲအောင် ပူနေတာတောင် ဂရုမစိုက်နိုင်ကြဘူး၊ ဘိုးထော်ဇရပ်ဆိုတာကို မျှော်မျှော်ကြည့်ကြတယ်။ နေပူကြောင့် ပေနေတဲ့ ရွှံ့ ညည်တွေက ခြောက်ခြောက်လိုက်လာတော့ သနပ်ခါးလိမ်းထားသလို ကွက်ကျား တွေ ရိုက်ကြလို့။ ကားပေါ်ကလူတွေကြည့်ပြီး ကိုချစ်တိုးက ငိုချင်းချတယ်။

*"ပွေချက်ကယ်ဖန်၊ ရွှေသက်ပြန် မရှိုက်နိုင်ဘာ၊ ဆူလှိုက်ကြဲ့နွမ်း... ဇွေ့ဇွေ့ ရယ်ခုန်၊ မြေ့မြေ့လေး မသေရုံပ၊ ရဝေလှိုင် ခိုင်ပုလဲမှာရှင်... အမယ်လေး ချဲဆိုက်ခမန်း"*

သည်တစ်ခါ ကားထွက်လာတော့ မွန်းလွဲတဲ့ဘက် ရောက်ပြီဆိုတော့ ရောက် ချင်တဲ့အချိန်မှရောက်ဟာဆိုတဲ့ စိတ်ကလေးတွေ ဝင်နေပြီ၊ သေချာပြီလေ၊ ခရီး



ဆေါ်မှုတည်ပြီး သန်းခေါင်ထက်တော့ ညဥ့်မနက်နိုင်တော့ဘူးကိုး။ ဗိုက်ထ ဘလည်း အဆာခံပြီ။ ရေကလည်း လမ်းဘေးအိုင်ထဲကရေ ဆိုပေမယ့် ချိုချို အေးလို့ဆိုတာလို ဝမ်းထဲအာသာပြေကြပြီ။ သည်တော့ အသံပြန်ထွက်လာကြ သည်။ အသံတောင်မကပါဘူး။ ငိုချင်းတွေ ဘာတွေပါ ချသူကချပြီဆိုတော့ အားကျမခံ ပြန်ဆိုသူကလည်း ဆိုကြတယ်။ မောင်ကြိုင်လည်း စိတ်ကလေး ပေါ့သွားရတယ်။ မင်္ဂလာကိစ္စ နှောင့်နှေးခဲ့ရပေမယ့် အခြေအနေအဖြစ်အပျက်ကို ပြောပြရင် ကျေနပ်ကြလိမ့်မယ်လို့ ထင်ပါရဲ့။ ပေကျံနေတာတွေလည်း ဖျက် နေတော့ဘူး။ အေးသီတို့ လယ်ပြင်ကြီးကိုလည်း ရောက်ချင်လှပြီ။ ချစ်သူ ဘယ်လောက် ဝမ်းနည်းပက်လက် ဖြစ်နေရှာမှာပါလိမ့်။ ဘယ်လောက်တောင် ငူထဲ၊ ရပ်ထဲ၊ မျက်နှာပျက်နေရှာမှာပါလိမ့်။ ရပ်ရွာကနောက်ထား၊ သူ့အမေ နမကိုယ်တိုင်က ဘယ်လောက်ထိုးလိုက်၊ သုတ်လိုက် လုပ်နေမှာပါလိမ့် သည်ဖြင့် တွေးနေမိတယ်။ ကိုချစ်တိုးက ခုမှတော့ မထူးပါဘူးဆိုတဲ့စိတ်နဲ့ မောင်ကြိုင်ကို ပြန်ချော့တယ်။

"မောင်ကြိုင် ဘာတွေတွေးနေတာတုန်း ငါ့ကောင်ရ"

"အေးသီဆီ စိတ်ရောက်နေတာပါ လေးချစ်တိုးရာ ... ကျုပ်တော့ ရွာဝင် ပြသနာတက်တော့မယ် ထင်ပါရဲ့"

မောင်ကြိုင် စိတ်ဆင်းရဲနေမှန်းသိတော့ လူဝကြီး ဦးမှတ်တင်က ဝင်နှောက်

"ရွာဝင်ဘယ်ကမလဲ ရွာထိပ်ကတည်းက မင်းကို ရက္ခိုးဖမ်းစားတော့မှာ၊ ညဉ့်ရွာတွေများ မင်းက ပေါ့ပေါ့မှတ်လို့၊ လူတွေရိုးသားကြသလောက် အစော် မခံကြဘူးကွ၊ ရိုက်လွှတ်တဲ့ ရွာတွေ"

လူဝကြီးဦးမှတ်တင်စကားကြားတော့ မောင်ကြိုင့်မျက်နှာ ဇီးရွက်လောက် ဘာ့တယ်။ သူတွေးနေတာနဲ့ တစ်ထပ်တည်းကျနေတာကိုး။ အားကိုးအားထား ဘောနဲ့ ကိုချစ်တိုးကို လှမ်းကြည့်တယ်။ ကိုချစ်တိုးကလည်း မျက်နှာမကောင်း လုပ်ပြရင်း သက်ပြင်းချတယ်။

"ငါတို့ကတော့ မင်းကို ရွာထိပ်ချခဲ့ပြီး ပြန်ကြမှာမောင်၊ ရေယောင် ကိုက်မခံနိုင်ဘူး။ ဒါမျိုးက ရွာကို စော်ကားရာကျတာကိုးကွ"

မောင်ကြိုင်က မြေကျင်းဖို့တုန်းက ချွေးသီးချွေးပေါက်မျိုး ပြန်စီးလာတယ်။ ရှော်ကြီးဦးဝိန်ကို အကဲခတ်ပြန်ရော။

"မင်းက မိန်းမယူမယ့်ကိစ္စ မေးမေးမြန်းမြန်းမရှိဘူး။ ကိုယ်ယူမယ့် မိန်းမရွာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှုန်းမသိပဲနဲ့များ မိန်းမတောင်းပေးဖို့ ခေါ်တာများကွာ၊ မနက်ဆယ်နာရီလား ညဆယ်နာရီလား၊ မင်းသေချာအောင် မမေးဘူးနဲ့တူတယ်”

“မနက်ဆယ်နာရီပါ လေးဝိန်ရဲ့”

သည်စကားကြားတော့ လူဝကြီး ဦးမှတ်တင်က မောင်ကြိုင့် ဇက်ပိုးကို လှမ်းအုပ်တယ်။

“ဒါလား မနက်ဆယ်နာရီ၊ ဟင် ခွေးကောင် မင်းပြောသနာ မင်း ရှင်းနော်၊ ငါ့ကိုယ်ကြီးနဲ့ မပြေးနိုင်ဘူးနော် မောင် ...”

တစ်ယောက်တစ်မျိုးပါပဲ။ မောင်ကြိုင့်ကို စရင်းလိုက်လာကြတယ်။ ကားက အနိမ့်ထဲကို ဆင်းသွားတယ်။ လမ်းက လမ်းကြမ်းပေမယ့် သွားလို့တော့ ဖြစ်တယ်။ ချောက်ကြီး၊ ချိုင့်ကြီး၊ ကျင်းကြီး၊ နက်ကြီး မရှိတော့ဘူး။ ရှေ့မှာ သစ်ပင်စုစုကလေးတွေ တွေ့ရပြီ။ ဝေးသေးတယ်ဆိုပေမယ့် သည်လမ်းအတိုင်း ဆိုရင်တော့ သစ်ပင်စုစုကိုရောက်ဖို့ သိပ်မလိုတော့ဘူး။ သစ်ပင်စုစုကလေးနဲ့အတူ အဆောက်အဦးကလေးလိုလိုလည်း တွေ့ရလို့ ဘိုးထော်ဇရပ်ဆိုတာများလားလို့ ကိုကျော်သန်းက တွေးတယ်။ နောက်က ကိုချစ်တိုးကို လှမ်းအော်တော့ အားလုံး က လှမ်းကြည့်ကြရော။

“ဘိုးထော်ဇရပ်နေမှာ ကိုကျော်သန်း၊ ဒါဆိုရင်တော့ အဆင်ပြေပြီ မဝေး လောက်တော့ဘူး”

မောင်ကြိုင်လည်း ခုမှ ပြုံးနိုင်တော့တယ်။ ပက်လက်ကားဆိုတော့ ကား ပေါ် မတ်တတ်ကြီးရပ်ပြီး သစ်ပင်စုစုကို လှမ်းကြည့်သည်။ အနောက် နေ ကလည်း ထိုးနေတော့ နေရောင်ကို လက်နဲ့ကာကြည့်ရတာပါ။ သူတို့ လမ်းမှား လာတာထားတော့။ အခုက ဘိုးထော်ဇရပ်ကို တွေ့ရပြီဆိုတော့ လယ်ပြင်ကြီး ကို မေးလို့ရပြီပေါ့။ ဒါဆိုရင် အေးသီတို့ရွာကို နေဝင်ချိန်လောက် ရောက် နိုင်ပြီပေါ့။ မောင်ကြိုင့်မှာ အူတွေပါမြူးလာရာက ဟီးခနဲရယ်ပြီး ပြန်ထိုင်ရ တယ်။

“လေးချစ်တိုး ရောက်တော့မှာဗျ၊ ဟီး... ဟီး”

“နေဝင်ချိန်နဲ့တော့ အတော်ပါပဲကွာ၊ မင်းကို တောင်စွယ်နေကွယ်ချိန် ပါးကွက်အာဏာသားတွေက လက်ပြန်ကြိုးတုပ်မှာနဲ့”

“လေးချစ်တိုးကလည်းဗျာ လူမှ ကြောက်ရတဲ့ကြားထဲ မဦးမချွတ်”

“မကြောက်နဲ့ကြိုင် မထူးဘူး၊ ငါတို့လည်း နွားခိုးတွေ အတွဲလိုက်ဖမ်း သလို တစ်ကြိုးတည်းစု အတုပ်ခံရမှာပဲ၊ ပျော်ပျော်ပါးပါးပေါ့ကွာ”



မောင်ကြိုင်က မကျေနပ်သေးပုံနဲ့ ကားပေါ်က မတ်တတ်ထရပ်ပြန်ရော သေချာပါပြီ။ သစ်ပင်တွေကြားက အဆောက်အဦးလေးကို သဲသဲကွဲကွဲ တွေ့ ရပြီလေ။ ဘိုးထော်ဇရပ်ဆိုတာနေမှာ။

□

(၉)

လယ်ပြင်ကြီးက မစွန်မတို့ အိမ်ရှေ့မှာ ခုံပိုင်းကြီးနှစ်လုံးချပြီး ချက်ထား ပြုတ် ထားတွေကို ဖိတ်ထားတဲ့ လူကြီးတွေ ချကျွေးပြီးလို့ မီးခိုးတိတ် သိမ်းဆည်း ပြီးသွားတာတောင် မိန်းမမြန်းလာမယ့်ကားဆိုတာကို အမြီးတောင် မမြင်ရသေး ဘူး။ မစွန်မက မျှော်လည်း မမျှော်တော့ပါဘူး။ တစ်သက်လုံး သည်မအေ သည် သမီး ရင်အုပ်မကွာ နေလာခဲ့ကြတဲ့ကြားက သမီးဖြစ်သူအတွက် မျက်နှာပျက် စရာ ဖြစ်လာတာကိုတော့ မစွန်မ စိတ်မကောင်းဖြစ်ရတယ်။ မရှိတာကို မရှိသလို နေနိုင်ခဲ့ပါရဲ့။ စားတာ လူမမြင်ဘူး၊ ဝတ်တာ လူမြင်ပါတယ်လေဆိုပြီး သမီးပျို ကို ရသလောက်နဲ့ ဆင်ခဲ့တယ်။ နေပူစပ်ခါး ဒီးတိုက်ပြီး လုပ်ကိုင်စားသောက် ခဲ့ရတယ်။ အေးသီက ဖအေကံဆိုးရှာသလို မစွန်မကလည်း လင်ကံဆိုးခဲ့ရှာတာ ပါပဲ။ ဖအေဆုံးတော့ အေးသီကလေး ပထွေးနဲ့နေရချေရဲ့၊ ငါ့သမီးလေး စိတ် ဆင်းရဲရှာချေရဲ့ဆိုတဲ့စိတ်နဲ့ တစ်ပင်မထူခဲ့ဘူး။ သမီးကလည်း လိမ္မာပါတယ်။ ရွာထဲရပ်ထဲ ကိုယ့်ရွာ၊ သူ့ရွာကလည်း မုဆိုးမသမီးရယ်လို့ ခြေတင်လက်တင် ဆုပ်ချင်ကြတာလည်း သိသားပဲ။ မစွန်မက အထိမခံသလို အေးသီကလည်း အချွန်မခံပါဘူး။ မအေဆိုတော့ နာမည်နဲ့လိုက်အောင် စွန်မကြီးလို အုပ်ခဲ့ ရတာကလား။ ဆင်းရဲကြပေမယ့် စာဂကောင်းကြတာရော၊ ရပ်ရွာက စောင့်ရှောက် ကြတာရောဆိုတော့ လူရောဝမ်းပါ လုံခြုံခဲ့တယ်။

အခုအဖြစ်ကတော့ မစွန်မမှာ မိုးကြိုးပစ်ခံရသလို ဖြစ်ခဲ့ရတယ်။ သမီးပျို ကို လာရောက်တောင်းမြန်းပါ့မယ်ဆိုပြီး မလာတဲ့အဖြစ်ကတော့ ရှက်စရာကောင်း သလို စိတ်မကောင်းစရာလည်း ဖြစ်ရတယ်။ မိန်းမပျိုတစ်ယောက်အနေနဲ့ ခေါင်း ညွှန့်အဆိတ်ခံရသလို ဖြစ်ရပြီ။ ရပ်ရွာကလည်းအခြေအနေကို အကဲခတ်နေဟန် တူပါရဲ့။ တစ်မိသားနဲ့တစ်မိသား ကိုယ်ရေးကိုယ်တာကိစ္စဆိုပေမယ့် သည်လို ချက်ကွက်တာမျိုးကို ရွာရပ်ကလည်း မခံချင်ကြတာတွေ ပေါ့ကြွေးလှပေါ့။ လယ်ပြင်ကြီးက မိန်းကလေးများ ယူမယ်ပြောပြီး မယူလည်း ရပါတယ်ကွာ ဆိုတာမျိုးကျတော့ ရပ်ရွာက ဘယ်ခံချင်ပါ့မလဲ။ လူ့သိက္ခာရှိသလို ရွာသိက္ခာ

www.burmeseclassic.com



လည်း ရှိသေးတာကိုး။ မစွန်မက သမီးခေါင်ညွန့်အဆိတ်ခံရတာထက် ရပ်ရွာကို ခေါင်ညွန့်အဆိတ်ခံရတာကို စိတ်မချမ်းသာဘူး။ မခံချင်ဘူး။

"အေးသီရယ် ညည်းနှယ် ငရုတ်သီးနဲ့ပေါင်းမှ ကြက်သွန်ပါ ရောအထောင်းခံရ၊ ညည်းကြောင့် ရွာကောရပ်ကော ကောင်းသေးရဲ့လား။ ဘယ့်နှယ် လမ်းဘေးက ကလေကချေများ တွေ့လာပါလိမ့်တော်၊ မိနဲ့ဖနဲ့ကြီးရတဲ့ကောင် ဟုတ်မထင်ပါဘူးအေ၊ ဇရပ်ကြိုဇရပ်ကြားမွေးပြီး ပစ်ထားတဲ့ကောင်နေမှာပဲ ... မိအုပ်ဖအုပ်ကြီးရတဲ့ကောင်က ဒါမျိုးမလုပ်ဘူး။ ညည်းမရှက်ပေမယ့် ငါရှက်တယ်။ ညည်းကိုသာ ဖိနပ်နဲ့ ပါးချချင်တယ်အေ ... တကယ်"

မစွန်မက ဗျစ်တောက် ဗျစ်တောက်လုပ်လေ အေးသီကလည်း ဝမ်းနည်းလာလေပါပဲ။ အမေပြောတာလည်း ဟုတ်တာပဲ။ ကောင်းချီကောင်းလျက် သည်နေ့ သည်ရက် လာခဲ့ပါ့မယ်ပြောပြီး သည်နားနဲ့သည်နား သည်လောက်တောင်ဖြစ်ရသလားရယ်လို့ နားမလည်နိုင်ခဲ့ဘူး။ သည်လိုလုပ်လိမ့်မယ်လို့လည်း မထင်ဘူး။ ဘာပဲဖြစ်ဖြစ် ကိုကြိုင်က သည်လိုတော့ မလုပ်လောက်ဘူးဆိုတာတော့ အေးသီ ယုံပါရဲ့။ ဒါပေမယ့် အမေပြောသလို လမ်းဘေးတွေ့ခဲ့ရသူဆိုတာလည်း မှန်နေလေတော့ လူ့စိတ်ပြောဖြစ်တာ မဟုတ်ဘူးကိုး။ ရည်းစားဖြစ်ရတဲ့ ရက်တွေထဲမှာ ကိုကြိုင်က နှမလို စောင့်ရှောက်ခဲ့သူပါ။ ပခုံးတင်၊ ပါးတင်လည်း မရှိခဲ့ပါဘူး။ တစ်ရက် ဥပုသ်ရက်နဲ့ဆုံလို့ ရက်အားကလေးရတုန်း မန္တလေးမြို့ထဲကို လိုက်ပြပါ အစ်ကိုဆိုတော့ သူလည်း ဂေါဝိန်ဆိပ်ကကျော်လို့ တစ်ယောက်တည်း ဘယ်ကိုမှ မသွားဖူးဘူးတဲ့။ ဒါနဲ့ ဥပုသ်တော်ကုန်းထိပ်ထွက်ပြီး ဘုရားကြီးလို့အော်တဲ့ကား တက်စီးလို့ ဘုရားကြီးရောက်ခဲ့ရတယ်။ မန္တလေးတောင်လို့အော်တဲ့ကား တက်စီးလို့ မန္တလေးတောင် ရောက်ခဲ့ဖူးတယ်။ ဒါပဲ။ လိုင်းကားပေါ်မှာတောင် တစ်နေရာစီထိုင်တာ။ အသားယူဖို့တော့ ဝေးရော။ အေးသီက ဘုရားမှာ "အစ်ကို ဘာဆုတောင်းခဲ့သလဲ" မေးတော့ "ဘဝတစ်ပါးပြောင်းသွားကြတဲ့ အဖေနဲ့အမေ ကျန်းမာပါစေပေါ့တဲ့။ ဆရာကိုကျော်သန်း လင်မယားလည်း ထည့်ဆုတောင်းသတဲ့။ ကျွန်မကော မပါဘူးလားဆိုတော့ အေးသီကို မေ့နေလို့တဲ့။ အေးသီက စိတ်မဆိုးပါဘူး။ သူ ရိုးရိုးသားသားပြောတယ်ဆိုတာ သိသားပဲ။ အေးသီက စိတ်ဆိုးချင်ယောင်ဆောင်ပြီး ချစ်သူနှစ်ယောက် ပေါင်းဖော်ရပါစေဆိုတာလေးတောင် မေ့နေတယ်ဆိုတာ အစ်ကိုယ့်ဟာက တကယ်မချစ်လို့ပေါ့လို့ အငေါ်တူးလိုက်တော့လည်း သူ့ခမျာ မျက်စေ့မျက်နှာများပျက်လို့။ ပြောတာလည်း ကြည့်ဦး။



"အေးသီရယ် သည့်တစ်ခါတော့ ထားလိုက်ပါတော့၊ နောက်တစ်ခါ ဥပုသ်နေ့နဲ့ အေးသီလာတဲ့ရက် တိုက်ဆိုင်တဲ့အခါ အဲသလို ဆုတောင်းပါ့မယ်ဟာ"

နောက်တစ်ခါ အေးသီလာတဲ့ရက်နဲ့ ကိုကြိုင်အားတဲ့ ဥပုသ်ရက်ကလည်း တိုက်ဆိုင်တော့ပါဘူး။ ကိုကြိုင်က ထန်းလျက်ကြိုက်တယ်ဆိုလို့ လယ်ပြင်ကြီးထန်းလျက် အစိတ်သား ဝယ်ခဲ့တဲ့နေ့ကများ ဝမ်းတွေသာလို့။ လောကမယ် ထန်းလျက်ရှိလို့ကတော့ နေဖြစ်ပါ့ဗျာတဲ့။ ဒါနဲ့ အေးသီက "ကျူပ်မရှိရင်လည်း နေတဲ့သဘောပေါ့" လို့ မျက်နှာခံနဲ့ မေးလိုက်တော့ ထမင်းနဲ့ဖက်စားရတာကို ပြောတာပါတဲ့။ ထန်းလျက်နဲ့ ထမင်းကြမ်းခဲ ဘယ်လိုလိုက်မှန်း မသိဘူးတဲ့။ ဒါနဲ့ အေးသီက ထန်းလျက်နဲ့ကျူပ်နဲ့ ဘယ်ဟာက ပိုချိုသလဲမေးပြန်တော့ အေးသီတော့ ကျူပ်က တစ်ကိုက်ကိုက်ကြည့်ရမှာပေါ့တဲ့လေ။ သူ့ဟာသူလည်း ရယ်နေ ...တာများ။

အေးသီက ဒါတွေမြင်ယောင်လေ ကိုကြိုင့်ကို ဒေါသထွက်လေ ဖြစ်လာ ...ယ်၊ သည်လောက်ရိုးတဲ့ အတဲ့လူဆိုတော့ စကားတည်မယ် ထင်ခဲ့တာကိုး၊ ...င်း စာနာလိမ့်မယ် ထင်ခဲ့တာကိုး။ ခုတော့ အမေ မစွန်မပြောသလို မိအုပ် ...ပ် မကြီးရတဲ့လူ ဖြစ်နေပါပကောလား။ အေးသီရဲ့ ရွာခံသူငယ်ချင်းမတွေ ...တော့ စိတ်လည်းမကောင်းကြသလို ကိုယ်ချင်းလည်းစာကြပါတယ်။ အား ...း ပေးကြတယ်။ မြို့သားဆိုတာကတော့ တောသူများတွေ့ရင် ရွှေနားတောင်း ...င်းလောက် ဝတ်စေ့မယ်တွေပါအေ၊ တို့တောသူများကတော့ ဖုံကြီးသည် ...ည်လှည့်တာနဲ့ နားချဲ့မိရတာကိုးတဲ့။ စိတ်မကောင်းမဖြစ်နဲ့ ကိုယ်မှန်နေ ... အပျိုတန်ဖိုးမကျပေါင်အေလို့ အားပေးကြတယ်။ အားပေးကြလေ အေးသီ ...လေ၊ မအေကလည်း မွန်းတိမ်းပြီဆိုကတည်းက ဒေါသတွေ ပိုထွက်လာ ...ယ်၊ ငိုလည်းငိုပေါ့လေ။

"ငါ့သမီးလေး တော်လှ တော်လှ မြို့သားကြိုက်ခဲ့လို့ ယောင်းမ မြင်းစီး ...ရတာများ အရပ်ရပ်နေပြည်တော်ကြားလို့မှ မတော်ပါလား အေးသီရဲ့၊ ... အဖေ ငါ့ပိုးတုန်းကများ မိန်းမသားရယ်လို့ စကားတစ်ချက် တင်စီးခံခဲ့ ... မဟုတ်ဘူး။ ကိုယ့်ရွာသူ ကိုယ့်ရွာသား မိုးလင်းတာနဲ့ မျက်နှာမြင်ရတဲ့ ...င် မကြိုက်ပဲနဲ့ စာမလာသတင်းမကြားရတဲ့ အရပ်ကကောင် ကြိုက်မိတော့ ...ုံးလုံးဖြစ်ကရော"

"အမေကလည်း လာမှာပါ အမေရဲ့၊ တစ်ခုခုဖြစ်လို့နေမှာပါ၊ အမေလုပ် ... တစ်ရက်ကနှစ်ရက် ဖြစ်ရပြီ။ တော်ပါတော့ အမေရယ်"

www.burmeseclassic.com



"တော်နိုင်ပေါင်တော် ဒင်းက ငါ့သမီးကို ဝါဖတ်ကလေး ခေါင်ခေါင် ဒင်ဒင် ရွှေလက်တောင့်နဲ့ ငင်မယ်မှတ်တာ အခုတော့ သန်းကောင်ချိန်သော် ချွေးပေါက်နှစ်ကြိမ်ဆော်တာတောင် ပေါ်လာပေါင်ကိုရွှေရိုး ဒူးပေါင်ကကျိုး သေချင်ဆိုး ဘာလနာ လာစမ်းပလေ့စီ ..."

သည်အချိန်မှာပဲ ရွာထဲက လူမိုက်ဘထွန်းတို့လူသိုက်က အရက်တမြမြနဲ့ ဝိုင်းထဲဝင်လာကြတယ်။ လက်ထဲမှာလဲ တုတ်တိုတွေ၊ ဝါးဆစ်ပိုင်းတွေနဲ့။ အေးသီ တို့သားအမိကို ရန်လုပ်ဖို့ မဟုတ်ပါဘူး။ သည်သားအမိကိုရော ရွာကိုပါ စော်ကား ရပါ့မလားဆိုပြီး လူလာရှာကြတာ။ တွေ့လို့ကတော့ ဝင်အရိုက်ပဲဆိုတဲ့ပုံတွေနဲ့၊ ဒါကိုတွေ့တော့ အေးသီ ရင်တွေပူရပြီ။ မတော်တဆ ရောက်လာကြလို့ကတော့ သွေးချောင်းစီးကြတော့မှာကို မြင်ယောင်ရင်း ကြောက်လည်းကြောက်နေမိတယ်၊ ကိုဘထွန်းကြီးက တုတ်ကြီးထောင်ထောင်ပြီး ဒင်းတို့လာစမ်းပစေဆိုလေ အေးသီ ရင်မ,ရလေ။ အမေ မစွန်မက အရက်ဖိုးထုတ်ပေးလိုက်တော့ တစ်ချီထပြန်ကြ ပြန်ရော။ နောက်ပါရွာသား လေးငါးယောက်က အရက်နိုးတွေလည်း စေကြလို့

"မစွန်မ သည်ကိစ္စ ကျုပ်တို့ရှင်းသွားမယ်၊ ခင်ဗျားတို့သားအမိ အသာနေ လယ်ပြင်ကြီးသားတွေ ပါပမှတ်လို့ဗျာ၊ ဘယ့်နှယ်ရွာနဲ့ရပ်နဲ့ မိကောင်းဖခင် သားသမီး လာစော်ကားတာ ခံရင်တစ်သက်လုံး ရွာကအပျိုတွေ လူနင်းခံရတော့ မှာပေါ့ဗျ၊ ယူပြီးမှပစ်ထားတာ ကျုပ်တို့နဲ့ မဆိုင်ဘူး။ မယူဘဲ သည်လိုသောက်ချိုး ချိုးတာတော့ ဘထွန်းတို့က အသက်ချင်း လဲသွားမယ်။ ကိုင်း... ကျုပ်တို့ သွား သောက်လိုက်ဦးမယ်ဗျနော ပြန်လာခဲ့မယ်"

"အေးပါ ငါ့မောင်ရယ်၊ ငါ့မောင်တို့နာကြသာ အစ်မသိပါတယ်။ တို့ ကြောင့် မင်းတို့ မထိခိုက်စေချင်ပါဘူး။ ငါ့ကိစ္စ ငါရှင်းပါ့မယ်။ စွန်မ ဘာ တာ ပြလိုက်ရဦးမယ်၊ နာမည်ကိုယ်က စွန်မပါဟယ်။ ကြွက်စုတ်လောက်တော့ ခြေသည်းတစ်ကုပ်စာ ရှိပါတယ်။ သွားရော့ သွားရော့ သောက်ချေကြ"

ပြောသာပြောရတာ မစွန်မကလည်း ဘထွန်းတို့လူစုကို ကြောက်တ ရယ်။ မူးမူးနဲ့ အတင်းဝင်ရိုက်ရင် ဂတ်ရောက်၊ အချုပ်ရောက်ကြမှာဆိုတော့ ပြဿနာက တသီကြီးတက်တော့မယ်။ သည်လိုဆိုတော့လည်း အကျည်းတန် ရှိတော့မှာကိုး။ ဘထွန်းတို့ကိုလည်း တစ်ဖက်ကထိန်း၊ အေးသီကိုလည်း တစ်ဖ က ငေါက်၊ ရွာလည်း ကျေနပ်အောင်ချော့ လုပ်နေရရှာတယ်။ ရွာထဲမှာ စကား တွေက ကားနေလောက်ပြီ။ မြို့ကောင်နဲ့ကြိုက်တာ... ဟိုဒင်းဟိုဟာတော ဖြစ်နေပြီလားမှ မသိတာတို့၊ ရွာလွန်ရှက်တိုက်လုပ်မှတော့ သည်ဟာမ ခံရတာ



တောင် နည်းသေးတို့၊ မြို့သားမက်တော့ ရက်စက်လို့ကောင်းတာကိုးအေတို့ ဖြစ်နေလောက်ပြီဆိုတာလည်း မစွန်မ သိတယ်။ ကောင်းသူတွေရှိသလို မကောင်း ပြောချင်တဲ့ လူတွေလည်း ရှိမှာပေါ့။ ခုနစ်အိမ် စုန်းတစ်ယောက်ဆိုတာလို သူ့စိတ်ပြောဖြစ်တာမှတ်လို့။ အေးသီကလည်း ဒါတွေတွေးမိပါတယ်။ သူ့အပေါ် အလွဲတွေးနေကြပြီလားလို့ တွေးမိလေ စိတ်မကောင်းဖြစ်ရလေ။

"ငါ့ကို ရွာက တလွဲထင်နေကြပြီနဲ့ တူပါရဲ့ မြစိန်ရယ်... ငါတော့ဖြင့် အင်ချေးတစ်ပြောက် မစွန်းခဲ့ရပါဘူး။ ကိုကြိုင်က လူရိုးလူအေးပါ။ တစ်ခုခု ဖြစ်နေလို့သာ..."

"ကားများမှောက်ရော့လားအေ"

"ဖွဟဲ့ တောစကားတောပျောက် ညည်းပြောမှ ပိုဆိုးတော့..."

"သြော်... ငါက သဘောပြောတာပါ မွေးတုတ်ရယ်"

အေးသီကို အားပေးနေကြတဲ့ သူငယ်ချင်းမတွေကလည်း ကပေါက်တီ ကပေါက်ချာ။

"အဲသလိုတော့ ဟုတ်ဟန်မတူပါဘူး။ ကားဘီးတွေ ဘာတွေ လမ်းခုလတ် ပေါက်ပြုနေတာ ဖြစ်မှာပါ။ ငါကတော့အေ မျက်စိထဲ လာလိမ့်မယ်ချည်း မြင် နေတာပဲ"

မျက်စိထဲမြင်တယ်လို့သာ ပြောရတာ။ ကားမပြောနဲ့ ဖုန်ထတာတောင် တွေ့ရဘူး။ ကိုကြိုင်ရယ်လာပါတော့လို့ ဆုတောင်းရုံကလွဲလို့ တခြားလည်း ဘာမှမတတ်နိုင်ဘူး။ အေးသီသူငယ်ချင်း မြစိန်က လမ်းတစ်ဝက်လောက် လိုက် ကြည့်မလား မေးပါသေးတယ်။ ထ,လိုက်သွားလို့မတွေ့မှ အမေပိုဆဲစရာ ဖြစ် တော့မယ်။ လာရင် ရောက်ကြမယ့်အတူတူတော့ အိမ်ကပဲ စောင့်ရုံရှိတာပဲ မဟုတ် ဘူး။ မလာချင်တော့လည်းနေပေါ့။ သည်ဘဝ သည်မျှသာပေါ့။

□

## (၁၀)

ဆောင်ဇရပ်က ဇရပ်ဆိုရုံ အဆောင်ကလေးပါ။ သစ်ပျဉ်တွေတောင် ဟောင်း ပြီ။ ပြုတ်တာကပြုတ်၊ တွဲလောင်းကျတာကကျနဲ့ ပုံမတော်ရင် ပြိုကျတော့ မှာလိုကိုး။ အောက်ခံခုံကတော့ ထုံးအင်္ဂတေလောင်းထားတော့ မာပါရဲ့။ အနား သစ်ပင်ကြီးသုံးလေးပင် ရှိတယ်။ ညောင်ပိန္နဲပင် နှစ်ပင်နဲ့ ကုက္ကိုပင်ကြီး ပင်ပါ။ ကုက္ကိုပင်ကတော့ အရွက်ရယ်လို့တောင် မရှိတော့ပါဘူး။ ရွက်ဘူ

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ကိုင်းဆုံကြီးတွေက လှူ့လက်တွေလို ဆန့်ထွက်နေကြတယ်။ ကိုချစ်တို့က ဘိုးထော်ဇရပ်ရောက်တော့ လက်ခမောင်း ထခတ်ပြီ။ ဘယ်မှာမှန်းမသိတ လယ်ပြင်ကြီးဆိုတာ အတော့်ကိုနီးနေပြီလို့ နားကြားနဲ့သိထားပြီကိုး။ မောင်ကြို ကတော့ ဇရပ်တွေ့တာကို အေးသိ တွေ့တဲ့အတိုင်းပဲ။ မျက်နှာကြီးကလည် ရှုပ္ပရှုပ္ပနဲ့ ဝမ်းသခွပ်တွေထလို့။

"လာတော့လည်း ရောက်လာတာပဲဗျနော လေးချစ်တိုး"

"လာမှတော့ ရောက်တာပေါ့ကွာ၊ ဘယ်လိုလာရသလဲဆိုတာက ခက်တာ"

ဇရပ်နဲ့မနီးမဝေးမှာ ကားထိုးရပ်လိုက်ပြီး အားလုံးဆင်းကြရပြီ။ ခေါ်တွေ ကလည်း ခုမှ ခါးဆန့်ရပုံနဲ့ ဆင်းလာပြီး ဇရပ်နောက်ဖက်ဆီ သွားထိုင်တယ် ယောကျ်ားသားတွေကလည်း ခြေညောင်းလက်ဆန့်လုပ်ကြ၊ ခါးချိုးကြ၊ ပုဆိုး အကျႌဆန့်ကြပေါ့လေ။ ဇရပ်ထဲမှာ ခံတောင်းတစ်လုံးချထားတဲ့ အမေကြီး တစ် ယောက်ပဲ ရှိတယ်။ ဒန်အိုးကလေးတွေလည်းပါတာ တွေ့ရတော့ ကြာဇံကြော် လား၊ မုန့်တီသုပ်လားဟဆိုပြီး တစ်ယောက်နှစ်ပွဲစီလောက် အုပ်လိုက်ကြမဟဲ့လို့ အားခဲကြတယ်။ အေးလမုန့် နှစ်ခုစီကလည်း လမ်းကကြိတ်လိုက်လို့ အမှုန့်ဖြစ် ကြပြီကိုး။ ကိုချစ်တိုးက ခံတောင်းလိုက်သိမ်းမယ့်ပုံနဲ့ သွားမေးတယ်။ ပါလာတဲ့ မုန့်တွေကလည်း လယ်ပြင်ကြီးပါအောင် ယူရဦးမှာ မဟုတ်လား။

"ကြီးတော် ဘာတွေရောင်းနေတာလဲ၊ လုပ်ဗျာ ဆာလှပြီ"

"နို့ထမင်း, သာကူ, ငှက်ပျောပေါင်းပါတော်၊ တောစာပေါ့"

"တောစာကို ကြိုက်တာဗျ၊ ကိုင်း လုပ်စမ်းပါ မြန်မြန်လေး ရှိတာသာ ထည့်"

"ဘာမှမရှိတော့ဘူး။ ကုန်လို့ပြန်တော့မလို့ ခုပဲ ကုန်သွားတာ"

"ဟောဗျာ"

တစ်ကားလုံးက ဆာဆာနဲ့ တွယ်လိုက်ကြမဟဲ့လို့ အားခဲထားကြရာက ကုန်ပြီလည်းဆိုရော ပိုတောင် ဆာလာကြပုံပေါ်တယ်။ ရွာထဲ ဘာရှိနိုင်တုန်း ဆိုတော့ ဘာရှိမှာတုန်းတဲ့။ ညနေတောင်စောင်းနေမှတော့ သရေစာ ဘယ်က ရမှာလဲဆိုတာတောင်ပါသေး။ ဇရပ်မှာ ရေအိုးစင်ကလေးရှိတော့ အားရပါးရ ခပ်သောက်ကြတယ်။ ခပ်လှမ်းလှမ်းက မြေပေါ်မှာချထားတဲ့ စဉ့်အိုးတစ်ပိုင်း ပြတ်ထဲမှာလည်း ရေတွေရှိတော့ ဈေးသည်အမေကြီးကို မေးကြည့်တယ်။ အဲဒီ လှည်းတွေ နွားရေသောက်ဖို့ တည်ထားတာဆိုတော့ ကိုချစ်တိုးက မျက်နှာသွား သစ်တယ်။ တစ်ကိုယ်လုံး ဖွဲ့တွေနဲ့ပေမယ့် မျက်နှာတစ်ကွက်စာတော့ သန့်



သွားတာပေါ့။ ခေါင်းမှာတော့ ဖွဲ့ခြောက်တွေခဲလို့။ ကိုချစ်တိုးမှ မဟုတ်ပါဘူး ဘုတိုင်းလိုလို ဖွက်ရေတွေ ပိန်းကြမ်းရိုက်လို့။ သတိုးသားလောင်း မောင်ကြိုင်မှာ ချွေးများထက် ပိုဆိုးသေးတယ်။ မုန့်တစ်ပွဲမှမစားရပေမယ့် ကြီးတော်ကြီးကို ခံတောင်းအဆစ် ပင့်ပေးလိုက်ရသေးတာပေါ့။ အစားအသောက်ဖက် အာရုံကျ နေလေတော့ လယ်ပြင်ကြီးရွာ ဘယ်ဖက်မှာလဲလို့ မမေးလိုက်ရဘူး။ စဉ့်အိုးကွဲနား မှာ လူတစ်ယောက် ငုတ်တုတ်ထိုင်နေတာရှိလို့ တော်သေးတာပေါ့။ ကိုချစ်တိုးက မေးတယ်။

"ဆရာကြီး လမ်းကသုံးခွဖြာကွဲသွားလေတော့ ကျုပ်တို့လာတဲ့လမ်းတော့ အားလိုက်တော့ မြင်ရတဲ့ လမ်းနှစ်လမ်းမှာ လယ်ပြင်ကြီးက ဘယ်ဘက်လိုက် ရမှာလဲ"

"အမ်"

"လယ်ပြင်ကြီးရွာကို ပြောတာ"

"အမ်... အမ်"

"လယ်ပြင်ကြီးရွာလေ သိလား"

ထိုင်နေတဲ့လူက ရယ်တယ်။ ခေါင်းလည်းညိတ်ပြတယ်။ ဒါပေမယ့် ဘာမှ ပြန်မပြောတော့ ကိုကျော်သန်းက ဝင်မေးပြန်ရော။

"လယ်ပြင်ကြီးရွာ သွားချင်တာဗျ၊ ဘယ်လမ်းလိုက်ရမှာလဲ သိချင်လို့ ...တာ"

"အမ်"

မေးသမျှ အမ်လို့ချည်း ဖြေနေတော့ ကျောင်းအုပ်ဆရာကြီးက စိတ်မရှည် ...ဘူး။ ထိုင်နေတဲ့လူကို ပခုံးတို့တယ်။ လမ်းနှစ်လမ်းကွဲသွားတာကို လက်ဟန် ...ပြတယ်။ ပြီးတော့မှ လယ်ပြင်ကြီး ဘယ်ဘက်သွားရမှာလဲလို့ လေးလေးကြီး ...တယ်။ ထိုင်နေတဲ့လူက ပြတဲ့လမ်းကို လိုက်ကြည့်တယ်။ ဆရာကြီးကို ...ကြည့်တယ်။ ခေါင်းခါခါ လည်ခါခါနဲ့ ထရပ်တယ်။ မျက်နှာက ဒေါသ ...တဲ့ မျက်နှာ။ ဆရာကြီးက 'လယ်ပြင်ကြီး' လို့ ပြောတော့ သဘောမပေါက် ... ပြန်အော်ပြန်ရော။

"အမ်... အမ်"

ခက်တော့ ခက်နေပြီ။ တရုတ်ကြီးဦးဖိန်က သည်ကောင်တော့ တ...လို ...နဲ့တူတယ်တဲ့။ ခက်တာက သူပြောတဲ့ 'အမ်... အမ်' ကို တို့က ...တဲ့။ ...စ်တိုးက အကြိရသွားတာနဲ့ မြေကြီးပေါ် တုတ်နဲ့ခြစ်ပြ...ယ်။ လယ်...

www.burmeseclassic.com



ပြင်...ကြီး။ လူက စာဖတ်တယ်။ ပြုံးပြတယ်။ ဟုတ်ပြီ ။ ဒါဆို သဘောပေါက် သွားပြီဆိုပြီး ကိုချစ်တိုးက ဘယ်မှာလဲလို့ မေးလိုက်တယ်။

"အမ်... အမ်"

"ဟ... သောက်ချွေး...အ, အနဲ့ လာတိုးတာ နှစ်ခါရှိပါကောလားကွာ"

ဒါနဲ့ ဘယ်လမ်းလိုက်ရမှန်းမသိဘဲ စိတ်ပျက်လက်ပျက်နဲ့ ထိုင်လိုက်ကြ တယ်။ ထိုင်နေတဲ့လူက ဒါပဲပြောပြီး စဥ့်အိုးကွဲကျောတောင် မှီလိုက်သေးတယ်။ တော်သေးတယ်။ သည်အချိန်မှာ အလုပ်သိမ်းပြန်လာကြတဲ့ လူနှစ်ယောက် ရောက်လာတယ်။ ပခုံးပေါ် ငန်းပြားတွေ မှဆိုးထမ်း ထမ်းကြလို့။ သည်နားရွာ တွေကနဲ့ တူပါရဲ့။ ကိုချစ်တိုးက အကျိုးအကြောင်း ပြောပြတယ်။

"သည်လူက စကားမပြောတတ်ဘူးဗျ၊ ဦးနောက်ကလည်း မမှန်ချင်ဘူး။ သူ့သွားမေးလို့ ဘာရမှာတုန်း။ လယ်ပြင်ကြီးက ဘယ်ဘက်လမ်းကိုလိုက်၊ လမ်း မှာ ဘယ်ဘယ်က သဖန်းတော ညာဘက်က ညောင်ခြောက်ဆိုတဲ့ ရွာနှစ်ရွာ တွေ့ လိမ့်မယ်။ သည်ရွာတွေကျော်ရင် ရောက်ပြီ"

"ကျေးဇူးတင်လိုက်တာဗျာ၊ ဒါဆိုရင် လမ်းမမှားတော့ပါဘူး"

"နေဦး ခင်ဗျားတို့က ဘယ်လမ်းကလာတာလဲ"

"ဟိုလမ်းကလေ"

ကိုချစ်တိုးက လာခဲ့တဲ့လမ်းကို လှမ်းပြတော့ လယ်သမားနှစ်ယောက်က လှမ်းကြည့်တယ်။ အံ့လည်း အံ့သြနေကြပုံပေါ်တယ်။

"ခင်ဗျားတို့ရောက်လာတာ ကံကောင်းတာပဲ။ တလောက လမ်းမှားလာတဲ့ ကားတစ်စီး ခါးကျိုးပါရောလား၊ လမ်းက မပြီးသေးဘူးဗျ၊ လမ်းကြောင်းဖော် ထားရုံ ရှိသေးတာ"

"အေးဗျာ မသိတော့ လူတွေရော ကားပါ ကိုင်ရိုက်ထားတဲ့အတိုင်းပါပဲဗျာ"

"နေဦး ခင်ဗျားတို့ အခုသွားရမယ့်လမ်းက ခင်ဗျားတို့လာခဲ့တဲ့လမ်းထက် ဆိုးသေးသဗျ"

ကိုချစ်တိုးတို့အဖွဲ့တွေလည်း ကားပေါ်တက်ကြမယ်လုပ်ပြီးမှ ရပ်ကုန်ကြ ပြန်ရော။ သွားရမယ့်လမ်းက ပိုဆိုးသေးဆိုမှတော့ ကားနဲ့တော့ မဖြစ်တော့ဘူး မဟုတ်လား။ သည်တော့ ကုန်းကြောင်းလျှောက်ကြရုံရှိတာပေါ့။ ကားထားခဲ့ အောင်ကလည်း ဘယ်သူ့မှ လူစောင့်ထားမဖြစ်ဘူး။ မောင်ကြိုင်က အငယ်ဆုံး ဒါပေမယ့် သူက သတို့သားဆိုတော့ ထားခဲ့လို့ ဘယ်ဖြစ်မှာတုန်း။ ရွာဆော် ကလည်းဝေးတော့ သည်အတိုင်း ထားခဲ့လို့ကလည်း မဖြစ်ဘူး။



"သည်လိုလုပ်ဗျာ၊ ရှေ့ရွာ သဖန်းတောကျတော့ လှည်းငှားပြီးသွားကြ၊ သဖန်းတောမှာ ကားအပ်ခဲ့ပေါ့ဗျ။ သဖန်းတောအထိလောက်တော့ ကဆုန်ပေါက် ပေါက်သွားရင် ရကောင်းပါရဲ့"

သည်လောက်ပြောပြီး လယ်သမားနှစ်ယောက် ဇရပ်ထဲ ဝင်နားကြတယ်။ သူတို့ပေးတဲ့အကြံက ဖြစ်နိုင်ချေရှိတဲ့အကြံဆိုတော့ သည်အတိုင်းပဲ ဆုံးဖြတ် လိုက်ကြရတယ်။ ကိုယ့်နေရာကိုယ်ယူပြီး ကားဆက်ထွက်လာပြန်ရော။ ဘယ် ဘက်လမ်းကိုပဲ လိုက်ခဲ့ကြတယ်။ လမ်းကတော့ ဆိုးမှဆိုး။ သဖန်းတောရွာထိပ် ရောက်တော့ ကိုချစ်တိုးက ရွာလယ်လောက် ဆက်မောင်းခိုင်းတယ်။ ရွာက ထမ်းမေးတင်ရွာရှည်ရှည်ဆိုတော့ ကားပေါ်ကဆင်းတာနဲ့ အိမ်တွေကို တွေ့ရပြီ။ သိပ်ရှည်ရှည်ဝေးဝေး ပြောမနေကြတော့ပါဘူး။ လှည်းငှားကြတော့ နှစ်ထောင် ဆဲ့။ ကားအပ်တာတော့ မယူကြပါဘူး။ ကျုပ်တို့တော ဒါမျိုးတွေမရှိဘူး စိတ်သာ ချ ခင်ဗျားတို့ဟာ အပ်တိုတစ်ချောင်း မပျောက်စေရဘူးဆိုတာတောင်ပါသေး။ ဒါပေမယ့် ကားထားခဲ့တဲ့အိမ်က မိသားစုကို ငွေနှစ်ထောင်ပေးပြီး အပ်ခဲ့တယ်။ လှည်းသမားက လှည်းကောက်ပြီး ကိုချစ်တိုးတို့ ရှေ့ကိုလာရပ်တာနဲ့ ဘီးဝန်ရိုး ပေါ်က တက်သူတက်၊ လှည်းနောက်ပြန် တက်သူတက်နဲ့ လှည်းပေါ်ရောက်ကြ ရော။ လှည်းဆရာက လူဝကြီး ကိုမှတ်တင်ကို နောက်ဆုတ်ဦးတဲ့။

"လှည်းဦးလေးနေသယ်ဗျို့၊ ဆရာဝဝကြီး နောက်ဆုတ်ဦး"

"ရပြီလား"

"ဆုတ်လိုက်ဦး"

လူဝကြီးဦးမှတ်တင်က သူ့ခန္ဓာကိုယ်ကြီးနဲ့ ဖင်ဒရွတ်ရွှေ့ပြန်ရော။

"ရပြီလား"

"ဆုတ်လိုက်ဦးဗျ"

"မင်းနှမလင် လှည်းပေါ်က ပြုတ်ကျတော့မယ်ကွ"

"ရှေ့ပြန်တိုးလိုက်၊ ဘေးကလူတွေက မျှထိုင်ကြချေ"

လှည်းက အိခနဲထွက်လာပြီး နွားတွေခများ တော်တော် ရုန်းရရှာတာပေါ့။ နွားတွေက နွားပိန်တွေ။ လှည်းသမားကလည်း ပိန်လိုက်တာ မပြောနဲ့တော့။ သူတို့လမ်းနဲ့ သူတို့လှည်းတော့ ဟန်ကျလို့။ တအိအိနဲ့ပေမယ့် ရောက်သင့် သလောက် ရောက်ခဲ့တယ်။ နာရီဝက်လောက်ကြတော့မှ သဖန်းတောရွာက ထွက်တော့တယ်။ သဖန်းတောက ကျွတ်တော့ ညာဘက်မှာ ရွာတစ်ရွာ။

"အဲဒါ ညောင်ခြောက်လား"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပ!”

“လယ်ပြင်ကြီးကရော”

“ရှေ့ကညို့ညို့ဟာ”

လှည်းသမားက နကန် (နွားကန်)နဲ့ လှမ်းပြတယ်။ သည်တစ်ခါတော့ လယ်ပြင်ကြီး တွေ့နေရပါပြီကော။ မနက် ခုနစ်နာရီက ထွက်လာခဲ့ကြတဲ့ လယ်ပြင်ကြီး ညနေ မမှောင့်တစ်မှောင်မှာ ရွာရိပ်ကို တွေ့ကြရပြီ။ အုန်းသီး ကြွက်မြီးကျိုးနဲ့ ငှက်ပျောသီးကြွေတွေက ဇလုံတစ်လုံးနဲ့ လှည်းဆောင်ပန်းကြား မှာ။ မန္တလေးမြို့ကနေ ကားတစ်စီးပေါ်မှာ ပေပေပွပွထိုင်လိုက်ကြရတဲ့အဖြစ်ဟာ ပြောရင်ယုံနိုင်စရာမရှိဘူး။ ကောက်စိုက်သမတွေ ပျိုးနှုတ်သမားကြီးတွေ လှည်း ပေါ်တင်လာသလို လူလုံးသူလုံးမပေါ်ကြတော့တဲ့ မိန်းမမြန်းအဖွဲ့ဟာ ဘာမှ မစားကြရသေးတာထား။ လယ်ပြင်ကြီးရောက်ရင်တောင် ထမင်းစားရဖို့ မသေချာ သေးဘူး။ သတို့သားလောင်း မောင်ကြိုင့်ခမျာ ရွာနီးပြီဆိုတော့ ဝမ်းသာတာ လည်း သာပါရဲ့။ ရွာက တုန့်ပြန်မယ့် အခြေအနေကိုလည်း မသိရသေးဘူးကိုး။ စိတ်တွေတော့ လေးနေမိတယ်။ ရွာကို လှမ်းမြင်နေရပြီလေ။ လှည်းကတော့ ဆင်သလောက် သွားမဖြစ်တော့ တအိအိပါပဲ။ လမ်းတစ်နေရာရောက်တော့ လှည်းသမားက နကန်နဲ့ လှမ်းပြပြန်ရော။

“ရွာက လှည်းလမ်းကနေ ပန်းသွားရလို့ဗျ၊ ဟောသည်လယ်ကွက်ထဲက ဖြတ်သွားရင် နီးနီးကလေးရယ်။ ကျုပ်တို့ရွာသားတွေကတော့ လှည်းလမ်း မလိုက် ကြတော့ဘူး၊ ဖြတ်လမ်းက ဝင်ကြသာရယ်၊ လမ်းကလည်းသာတော့ တော်ရုံလူ အလွန်ဆုံးနာရီဝက်လောက်နဲ့ ရောက်ကရောဗျို့”

သည်စကားကြားတော့ မောင်ကြိုင့်ခေါင်းထဲ အတွေးတွေဝင်လာတယ်။ သူက ကာယကံရှင်ဆိုတော့ သည်လို လူကြီးလူကောင်းတွေနဲ့ အတူဝင်ရင် ကြိုတင် စီစဉ်ရမယ့်ကိစ္စတွေမှာ နောက်ကျနိုင်တယ်။ သည်တော့ လူကြီးတွေလည်း ပင်ပန်း လာတာဆိုတော့ လှည်းနဲ့ အေးအေးဆေးဆေး လာကြပစေ။ သူကတော့ လူငယ် သည်းလူငယ်၊ ကာယကံရှင်လည်း ကာယကံရှင်ဆိုတော့ ဖြတ်လမ်းက သူသွား လိုက်ရင် လယ်ပြင်ကြီးမှာ ကြိုတင်စီစဉ်စရာရှိတာ စီစဉ်လို့ရမယ်လို့တွေးတယ်။ သည်တော့ လှည်းသမားကို ခဏရပ်ခိုင်းလိုက်တယ်။

“ဘာတုန်းဟ ငကြိုင်ရ”

မောင်ကြိုင်က သူ့သဘောပြောပြတော့ အားလုံးလည်း သဘောတူကြ တယ်။ ဟုတ်သားပဲ။ မောင်ကြိုင်ပြောတာ ပိုအဆင်ပြေတယ်။ စားဖို့သောက်ဖို့



...ရှိုးသန့်စင်ဖို့ကအစ ပြင်ဖို့ဆင်ဖို့ကလည်း ရှိသေးတာမဟုတ်လား။ ပြီးတော့ ...တို့လူကြီးတွေက ညအိပ်လို့ မဖြစ်ဘူး။ အိမ်က ထွက်လာကြကတည်းက ...တ်ဆယ်နာရီ တောင်းမြန်းပြီးတာနဲ့ ပြန်လာမှာ၊ မှန်းမတည့်ခင် ပြန်ရောက် ...ယ် မှာခဲ့ကြတာ မဟုတ်လား။ သည်တော့ ရောက်တာနဲ့ တောင်းမြန်း၊ မင်္ဂလာ ...တားပြောပြီးတာနဲ့ ချက်ချင်းပြန်ကြရမှာဆိုတော့ မောင်ကြိုင်သွားနှင့်တာ ကောင်း ...ယ်ပေါ့လေ။ မောင်ကြိုင်ကလည်း ဆုံးဖြတ်ချက်စောင့်မနေပါဘူး။ လှည်းပေါ် ... ခုန်ချပြီး လွှားလွှား လွှားလွှားနဲ့ သွားလိုက်တာ တော်တော်တောင်ရောက် ...ပြီ။ လှည်းကတော့ လမ်းအတိုင်းလာရတာပါပဲ။

“ဟ...သည်နွားဟာ ရန်းပါဟ၊ အပြန်မိုးချုပ်နေမနော၊ ရော့ သည်နွား”

□

(၁၁)

...န်းကြီးကျောင်းက ညနေ လေးနာရီမောင်းတီးတဲ့အထိ ရောက်မလာကြဘူး ...တော့ သေချာပြီ။ အေးသီလည်း လမ်းဘက်မျှော်ရတာနဲ့ ဇက်တစ်ဖက်စောင်း ...ပြီလေ။ ဒင်းမလာလည်း ရှိပစေတော့။ စိတ်ကို ခုံးခုံးကြီးချလိုက်ပြီ။ အိပ်ရာ ... ဝင်ခွေနေလိုက်တော့တယ်။

မစွန်မကတော့ ရွာလူမိုက် ဘထွန်းတို့အဖွဲ့ အရက်ဖိုး လေး, ငါးခါ ပေး ...ပြီ။ ချေးထားတဲ့ ပိုက်ဆံလေးတောင် ချေးခံအင်္ကျီအိတ်ထဲ မရှိတော့ပါဘူး။ ...အေးသီက သူ့ဘဝသူလည်း ရင်နာတယ်။ မအေကြီးကိုလည်း သနားလှပြီ။ ...တ်ပိုင်း၊ နေ့လယ်ပိုင်းက မအေ ဆူတာငေါက်တာ ခံပြောနေခဲ့ပေမယ့် မှန်း ...လေး တိမ်းလာတော့ မအေတစ်ယောက်အနေနဲ့ ပူရှာမှာပေါ့လို့ တွေးမိလာ ...တယ်။ ပူတာထက် ဆိုးတာက ရှက်တာပါ။ လူကတော့ မျက်နှာပြနိုင်စရာ ...ောင် မရှိတော့တဲ့ သူ့အဖြစ်ကို ရင်နာလို့မဆုံးဘူး။ အေးသီက ဘာစကားမှ ...ပြောဘဲ တောင့်တောင့်ကြီး လုပ်နေလိုက်တာ တမေ့တမောကြီး။ သူငယ်ချင်းမ ...တွေက ဖျောင်းဖျကြ၊ နားချကြ၊ အားပေးကြပေမယ့် အေးသီ နားထဲမဝင်ဘူး။ ... ဘာလုပ်ရမလဲပဲ တွေးတော့တယ်။ ပြောရရင် သူလည်း အပျိုပဲ။ မအေရှက် ...တာ တစ်မျိုး၊ သူရှက်တာက တစ်မျိုး။ တစ်သက်လုံး သည်စကားကြီးက ...တဆီးနေတော့မယ်။ ရွာမှာ ပုံခိုင်းစရာဖြစ်ရတော့မယ်။ အိမ်ထောင်ကျသား ...ငြီးတော့ ယူမယ့်ယောကျာ်းက သည်ကိစ္စ အနာရှာပြောတော့မယ်။ တစ် ...က်လုံး နိုင်စားတော့မယ်။ သူ့ကိုယ်ကျင့်တရားကောင်းခဲ့တယ် ထားပါဦး။

www.burmeseclassic.com



နင်နဲ့မြို့သားက ဘာတွေဖြစ်ခဲ့မှန်းမှ မသိတာဆိုတာတွေနဲ့ စကားနာထိုးတော့မယ်။ သည်အချိန်မှာပဲ လူမိုက်ဘထွန်းတို့က တုတ်တွေနဲ့ ရောက်လာကြပြန်ရော။

"ဘယ့်နှယ်တုန်း ဒုက္ခိတပျားတုပ်သားအမိ၊ ကျုပ်တို့မှအခက် လူရိုက်ဖို့လာပါတယ် ရိုက်ရမယ့်လူက မရှိဘူး။ ကျုပ်တို့က ရိုက်ချင်လှပြီဗျ။ ခင်ဗျားတို့စဉ်းစားကြည့်လေ၊ ခင်ဗျားတို့က မြို့သားယုံတာ အကြောင်းမဟုတ်ဘူး၊ ကျုပ်တို့ရွာက မျက်နှာငယ်ရပြီ။ ဟိုဘက်ရွာတွေက ပြောတော့မယ်၊ ကဲ့ရဲ့ကြတော့မယ်၊ လယ်ပြင်ကြီးသားတွေ လည်လှလည်လှနဲ့ ဒါမျိုးကျတော့ ဘယ်သူမှ မထွက်ဝံ့ကြဘူး ဖြစ်ကရော့မယ်၊ ဟင်း... ကောင်းသေးလား။ ခင်ဗျားတို့သားအမိပါ ရိုက်မှဖြစ်တော့မှာ"

အရက်လေးကျော့လောက် သောက်ထားတော့ လူမိုက်ဘထွန်းနဲ့အဖွဲ့က အေးသီတို့သားအမိကို ပြဿနာရှာလာကြပြီ။ ရွာသူရွာသားတွေကလည်း တုတ်တွေကိုင်ထားတဲ့ လူမိုက်တွေကို တုပြောဖို့ မဝံ့ကြဘူး။ သားအမိခမျာ အရှက်ရကြတဲ့ကြားထဲ ကိုယ့်ရွာသားက ကြိမ်းမောင်းနေတာကို စိတ်မချမ်းသာကြပေမယ့် မပြောဝံ့ကြဘူးပေါ့လေ။ သြဇာရှိတဲ့လူကြီးတွေလည်း ရှိကြတာပါပဲ။ ရွာလူကြီးကိုလှမောင်က ဘထွန်းတို့အုပ်စု ပါးစပ်ရမ်းရမ်းနေတာ လွန်ကဲလာကြတာ မဟုတ်သေးတော့လည်း ပြောချင်ရာပြောကြပစေဆိုပြီး လွှတ်ထားတယ်။ သည့်ထက်ပိုပြီး ရန်လုပ်လာရင်တော့ တားမယ်ပေါ့။ မစွန်မကလည်း ထဘီစွန်တောင် ထ[illegible]တော့တာပါပဲ။

"သည်မယ် မောင်ဘထွန်း၊ နင်တို့လည်း အရက်ဖိုးပေးစရာ မရှိတော့ဘူး နင်တို့လည်း သဒ္ဓါလွန်းလို့တိုက်နေတာ မဟုတ်ဘူး။ နားငြီးသက်သာအောင် လို့ပေါ့၊ တော်ရာသွားတော့ ဘထွန်းမကလို့ ဘထွန်းဖြစ်ဖြစ် စွန်မက လူချင်းလုံး ရမှာလည်း မကြောက်ဘူး။ သွား... သွား"

ကျေးဇူးမတင်တဲ့အပြင် မောင်းထုတ်ရပါ့မလားဆိုပြီး ဘထွန်းက အိမ်တိုင်တွေ တုတ်နဲ့ရိုက်ကရော။ သူ့နောက်လိုက်တွေလည်း ဘထွန်း စလိုက်တော့ အနားရှိတဲ့ ရေအိုးရိုက်ခွဲတယ်။ သည်မှာတင် ရွာလူကြီး ကိုလှမောင်က ပုဆိုးတိုဝတ်ပြီး အနားကထင်းချောင်း ထဆွဲရော။ ရန်းရင်းဆန်ခတ်ဖြစ်နေတုန်း အော်[illegible]ကြီးပေါ်လာတာပါပဲ။

"အေးသီ ဒီဇယ်တွေသောက်လို့ပါတော် လာကြပါ... လာကြပါ"

ဘထွန်းတို့ရော၊ ကိုလှမောင်ရော လူကြီးတွေပါ ကြောင်သွားကြတယ်။



အေးသီသူငယ်ချင်း မြစိန်တို့က အော်ကြတာပါ။ အေးသီက မီးဖိုထဲဆင်းပြီး ရေနံဆီမီးခွက်ထွန်းဖို့ထားတဲ့ ဒီဇယ်ပုလင်းထဆွဲပြီး ကောက်သောက်လိုက်တာ ဝိုင်းဆွဲကြတာနဲ့ ပါးစပ်ထဲမရောက်ဘဲ ရင်ပတ်ပေါ် စီးကျကုန်တယ်။

"ငါသေမှ ဖြစ်မှာပါအေ၊ ဘာလို့ဆွဲကြတာလဲ ဖယ်ကြ"

အာရုံတွေက အေးသီဆီ ရောက်ကုန်ကြတော့ ဘထွန်းတို့ပါ ငြိမ်ကုန်ကြတယ်။ မူးတာတွေပါပျောက်ပြီး သူတို့အမှား သူတို့သိကြသလို အသာထိုင်ကုန်ကြပြီ။ ကိုလှမောင်က အေးသီကို ရှေ့ထုတ်လာပြီး လူပုံအလယ် ထိုင်ခိုင်းထားရော။ မစွန်မကလည်း သမီး သည်လိုလုပ်လိုက်တော့ ပျာသွားပုံရပါရဲ့။ သမီးရှေ့ထိုင်ပြီး ပြန်ချော့နေလေရဲ့။ သည်သတင်းကြောင့် လယ်ပြင်ကြီး ရွာသူရွာသားတွေ မစွန်မတို့အိမ်ဘက် ပြေးလာလိုက်ကြတာ ရွာထဲ မျက်လှည့်အဖွဲ့ရောက်လာသလိုပဲ။ မစွန်မတို့ အိမ်ကုပ်ကလေးကို ဝိုင်းထားလိုက်ကြတာ လူတွေ မနည်းဘူး။

❒

## (၁၂)

မောင်ကြိုက်က ပုဆိုးတိုတိုနဲ့ တလွှားလွှား လျှောက်လာခဲ့တယ်။ နီးပြီ။ ရွာ[illegible]အောင် ဝင်တော့မယ်။ ရင်တွေလည်းခုန်လို့။ တစ်ခါမှ မရောက်ဖူးတဲ့ ရွာကို မှောင်ရိပ်ပျိုးစ တောလမ်းက တစ်ယောက်တည်း လျှောက်နေရတဲ့ သူ့ဘဝကို [illegible]ဟာသူလည်း အံ့သြတယ်နဲ့တူပါရဲ့။ လူကလည်း ပေကျံနေလိုက်တာ မြင်[illegible]စရာ မရှိဘူး။ မျက်နှာကွက်ကွက်ကလေးပဲ ပေါ်နေတာပါ။ သည်လိုပုံကို [illegible]သွားအောင်လုပ်လို့ကလည်း မဖြစ်သေးဘူး။ စင်စင်ကြယ်ကြယ်နဲ့ ဝင်သွား[illegible] ယုံကြမှာမဟုတ်ဘူး။ တော်ရာထန်းရည် ဝင်သောက်နေကြပြီး အမူးပြေမှ [illegible]ကြတယ်ထင်မှာ သေချာလေတော့ ရွာက ဝိုင်းအုံရိုက်နှက်ကြရုံရှိမှာလောက်[illegible]တော့ မောင်ကြိုင်က သိတယ်။

မောင်ကြိုင် ရွာရိပ်ဝင်ကာနီးတော့ ထန်းရည်ဆိုင်ကလေးတစ်ဆိုင် တွေ့[illegible]တယ်။ ညနေဘက် ထရေသောက်နေကြတဲ့ လူငယ်လေးငါးယောက်ကို တွေ့[illegible]လိုက်တော့ မောင်ကြိုင် နည်းနည်းကလေး တွန့်ဆုတ်သွားရတယ်။ သူ့ကို[illegible]ဖို့စောင့်နေကြတဲ့ လူငယ်တွေများလားပေါ့။ လူငယ်တွေကတော့ မောင်ကြိုင့်ကို သိပ်သတိမထားမိကြဘူး။ ရွာထဲဝင်တဲ့ ဖြတ်လမ်းဆိုတော့ [illegible]ကာ သွား[illegible]ကြတာကိုး။ မောင်ကြိုင်က နဂိုမည်းမည်း သည်းသည်းဖြစ်ရတဲ့အထဲ ပေတီ

www.burmeseclassic.com



ပေစုတ်နဲ့ဆိုတော့ ဘယ်သူကမှလည်း သတို့သား မထင်ကြဘူး။ မြို့သား သတို့သား ကလည်း သည်လိုစုံမွှားမွှား ရှိပါ့မလား။ ထင်စရာမရှိဘူးကိုး။

ထရေဆိုင်ဝက ထရံမှာ ဝါးဆစ်တုတ် လေးငါးချောင်း ထောင်ထားတာ တွေ့တော့ မောင်ကြိုင်လည်း သုတ်သုတ်ကလေး လှမ်းတယ်။ တိုက်ဆိုင်ချင်တော့ ထရေဆိုင်ထဲက သူနဲ့ ရွယ်တူလောက် လူငယ်တစ်ယောက် ထွက်လာတာ မောင်ကြိုင် သတိထားမိလိုက်တယ်။ မောင်ကြိုင့်ကို တစ်ချက်လှမ်းအကဲခတ်တယ်။ လယ်ထဲယာထဲက တမံဖော်ပြီး ပြန်လာတဲ့လူရယ်လို့ ထင်သွားပုံရပါတယ်။ မောင်ကြိုင့်ကို လှမ်းမေးတယ်။

"ဟေ့လူ ဘယ်ကလာတာလဲ"

"ညောင်ခြောက်က"

မောင်ကြိုင်က သဖန်းတောတို့ ညောင်ခြောက်တို့ ခေါင်းထဲရှိနေတော့ ပြောချင်ရာပြောလိုက်တာပါ။ မေးတဲ့လူကိုမကြည့်ဘဲ ဖြေလိုက်ရင်း ခြေလှမ်းကို နှစ်လှမ်းစာ တင်လိုက်တယ်။ ဘာမှန်းမသိ ညာမှန်းမသိ စကားကို ရမ်းမပြောဝံ့တော့ ပါးစပ်ထဲရှိတာ ဖြေလိုက်တာကလည်း တည့်သွားလို့လား မသိဘူး။ မေးတဲ့လူငယ်က တစ်ခွန်းထပ်မေးပြန်ရော။

"ခင်ဗျား လမ်းမှာ ကားတစ်စီးမတွေ့ခဲ့ဘူးလား"

"ကား ... ကားအကြောင်းတော့ ပြောမနေပါနဲ့ဗျာ၊ စိတ်ကိုကုန်ရော"

သည်တစ်ခါတော့ မောင်ကြိုင်က မေးသူကိုကြည့်ပြီး ဖြေလိုက်တာပါ။ လူက ညှင်းသိုးသိုးရယ်။ ရင်ပတ်မှာ သော့ခလောက်ကလေးတစ်လုံး ကြိုးနဲ့ဆွဲလို့။ မိုက်တိမိုက်ကန်းထဲကနဲ့ ဏူပါရဲ့လို့လည်း တွေးနေမိတယ်။ ရင်ပတ်မှာ သော့ခလောက်ဆွဲထားတဲ့လူငယ်က ကားအကြောင်း မပြောပါနဲ့ စိတ်ကိုကုန်ရောဆိုတဲ့ စကားကို ကျေနပ်သွားတယ်။ သည်လူလည်း ကားစိတ်ကုန်နေတဲ့ လူတစ်ယောက်လို့ ထင်သွားတာကိုး။ ဘာမှ ဆက်မမေးတော့ဘဲ ထရေဆိုင်ထဲ ပြန်ဝင်သွားရော။ မောင်ကြိုင်လည်း သုတ်သုတ်ဆက်လျှောက်လာခဲ့ရော။ ရင်ပတ်သော့ခလောက်ဆွဲထားတဲ့ လူငယ်ကို အထဲကလူငယ်တွေက လှမ်းမေးသံလည်း ကြားလိုက်ရတယ်။

"သောင်းစိန် ဘာတဲ့လဲ ကားတွေ့ခဲ့သတဲ့လား"

"သည်လူလည်း ကားကိုရိုက်ဖို့ စောင့်နေထင်ပါရဲ့ကွာ၊ စိတ်ကုန်လို့တဲ့"

သည်အသံလည်းကြားရော မောင်ကြိုင် ခေါင်းနပန်းတွေကြီးသွားတယ်။ မပြေးရုံတမယ် ဒရောသောပါး လာလိုက်တာ ရွာထဲဝင်ရမယ့် မလွယ်ပေါက်ကို



ရောက်လာခဲ့တယ်။ မလွယ်ပေါက်က သိပ်မကျယ်ပါဘူး။ လမ်းဘေး တစ်ဖက် တစ်ချက် ရှားစောင်းပင်တွေ စီစိုက်ထားတော့လမ်းမှန်း သိသာတယ်။ ကလေးချီထားတဲ့ မိန်းမတစ်ယောက်နဲ့တွေ့လို့ ဒေါ်စွန်မတို့ အေးသီတို့အိမ် ဘယ်နားမှာလဲမေးတယ်။ သည်မိန်းမကလည်း မောင်ကြိုင့်ကို မြို့ကလာတဲ့ သတို့သားလို့ ဘယ်ထင်မှာတုန်း။ သည်ကသွား၊ ရှေ့ကျ ညာချိုး၊ ဆက်လျှောက်သွား၊ လေးငါးအိမ်လောက်ကျော်ရင် မောင်းစင် တွေ့လိမ့်မယ်။ မောင်းစင်နဲ့ ကပ်အိမ်ကျော် မန်ကျည်းပင်ကြီးနဲ့အိမ်ပဲလို့ လမ်းညွှန်လိုက်တယ်။ မောင်ကြိုင် ဆက်လျှောက်လာလိုက်တာ မောင်းစင်ကို တွေ့ပြီ။ မန်ကျည်းပင်ကို တွေ့ပြီ။ ရှေ့ကို ခြေမှုန့်ကလေးဖပ်ကနဲ့တို့ပြီး အေးသီတို့အိမ်ဆိုတာကို လှမ်းကြည့်လိုက်တယ်။

မောင်ကြိုင့်ရင်တွေ တဒိန်းဒိန်းခုန်နေပြီ။ သူ အလာကြီးလာခဲ့ရတဲ့ အေးသီတို့ရွာ၊ အေးသီတို့အိမ်။ သူ့မျက်စိရှေ့ ရောက်နေပြီလေ။ လူသူရယ်လို့ သိပ်မရှိဘူး။ အထဲမှာ မီးခွက်ကလေး ထွန်းထားတာပဲတွေ့တယ်။ ဒါနဲ့ မောင်ကြိုင်လည်း စွပ်စွပ်ရှပ်ရှပ် ဝင်လာခဲ့တယ်။

❒

## (၁၃)

အေးသီတို့ အိမ်ကုပ်ကလေးထဲမှာ ရေနံတိုင်မီးခွက်ကလေးပဲ ရှိတယ်။ သတို့သမီးတစ်ယောက်ရဲ့ မင်္ဂလာညဆိုတဲ့ အသွင်မဆောင်ဘဲ သာမန် အိမ်ကလေးတစ်လုံးက အလင်းရောင်ကလေးတွေလောက် ရှိတာကို တွေ့လိုက်ရတော့ မောင်ကြိုင် အံ့သြသွားတယ်။ အမှန်က မောင်ကြိုင် ရောက်လာကာနီး ကလေးမှာပဲ ရွာထဲက စုစုရုံးရုံးရောက်လာကြတဲ့လူတွေ ပြန်သွားခဲ့ကြတာပါ။ မူးမူးနဲ့ ရူးနေတဲ့ လူမိုက်ဘထွန်းတို့လည်း ရွာလူကြီး ကိုလှမောင် ကြောက်တာနဲ့ ပြန်သွားပြီ။ ကိုလှမောင်နဲ့ပါလာတဲ့ လူကြီးလေးငါးယောက်လည်း ညစာစားရသေးတာ မဟုတ်တော့ ထပြန်ကြပြီ။ ရွာထဲကလူတွေက မင်္ဂလာပွဲလည်း ပျက်ပြီဆိုကြတော့ ဝေဖန်ချက် အမျိုးမျိုးနဲ့ ပြန်ကြတာပါပဲ။ အေးသီ ဒီဇယ်သောက်မိလို့ဖြစ်လိုက်တာ ရုတ်ရုတ်သဲသဲဖြစ်ခဲ့ရပြီးတဲ့နောက် လူတွေကလည်း အေးရုံကြီး တော့ပါဘူး။ မီးခွက်ထွန်းချိန်ကျမှတော့ ဘယ်လိုလုပ် မင်္ဂလာဆောင်းမယ့်ကိစ္စ ရှိပါတော့မလဲ။

ဓာစွန်မက ဖျာကြမ်းပေါ် ခေါင်းခုကလေးချပြီး မှေးနေတယ်။ တစ်နေ့ကုန်

www.burmeseclassic.com

www.burmeseclassic.com



လောက်နီးနီး သမီးနဲ့ရန်ဖြစ်နေရတာရော၊ လူမိုက်ဘထွန်းတို့ ချော့လွှတ် ချောက်လွှတ်ရတာရောဆိုတော့ စိတ်ပန်း၊၊ လူပန်းဖြစ်သွားပုံ ပေါ်ပါတယ်။ အေးသီကတော့ သူငယ်ချင်းတွေ ဝိုင်းချော့ကြလို့ ဒီဖယ်ပေပေကြီးနဲ့ ငုတ်တုတ်ထိုင်နေရာက အဝတ်အစားကလေး ထလဲလိုက်ပါပြီ။ မြစိန်တို့၊ ဖွေးတုတ်တို့၊ မိသေးတို့ကတော့ မပြန်ကြဘူး။ ကိုလှမောင်က တစ်ညလုံးစောင့်နေလို့ မှာခဲ့တာပါသလို၊ သူငယ်ချင်းမကို သနားကြတာလည်း ပါပါတယ်။ အေးသီနဲ့ သူငယ်ချင်းသုံးယောက် ထိုင်စကားပြောနေကြတယ်။ အေးသီက အပေါက်ဝလှည့်ထိုင်နေတုန်း ဖြုန်းဆို တံခါးဝက မောင်ကြိုင်ပေါ်လာတော့ လန့်သွားတယ်။ မောင်ကြိုင်လို့လည်း မထင်ဘူး။ လူကလည်း ကစုတ်ကညစ်နဲ့။ ရှံ့တွေကလည်း ခြောက်နေပြီဆိုပေမယ့် အချပ်လိုက်ကပ်လို့။ ပြီးတော့ ကားသံမကြား၊ ဘာမကြားဆိုတော့ မောင်ကြိုင် အိမ်ပေါက်ဝ လာရပ်လိမ့်မယ်လို့ကို မထင်တာ။ အေးသီကတော့ မျက်လုံးကြီးပြူးကြည့်နေလေရဲ့။

"အေးသီ အစ်ကိုလေ မောင်ကြိုင်ရယ်"

သည်လိုသာ အသံမကြားရရင် အေးသီ အော်မိတော့မလို့ အသံက ပါးစပ်ရောက်နေပြီ။ မောင်ကြိုင်အသံလည်း ကြားလိုက်ရော မှေးနေတဲ့ မစွန်မကလည်း ငေါက်ခနဲထထိုင်တယ်။ မြစိန်တို့ကလည်း လက်စသတ်တော့ မြို့ကသတို့သားမောင်ကြိုင်ဆိုတာ ဒါလား။ မဟုတ်မှလွဲရော သရဲဖြစ်လို့ ကိုယ်ထင်လာပြတာနေမှာလို့ ထင်ကြတယ်။

"အစ်ကို အစ်ကို လာသေးတယ်နော်၊ ရက်စက်လိုက်တာ အစ်ကိုရယ်"

အေးသီက မောင်ကြိုင့်ဆီ ထသွားပြီး ခါးပုံစ ဆွဲလာခဲ့တယ်။ မီးတိုက်ခွက်ဘေးထိုင်နိုင်းတယ်။ မောင်ကြိုင်လာလို့ကတော့ ဓားနဲ့ခုတ်မယ်။ တုတ်နဲ့ရိုက်မယ်လို့ ကြိမ်းခဲ့တဲ့ မစွန်မကလည်း မောင်ကြိုင် တကယ်ရောက်လာတော့ စကားရှာမရဘူး။ ဒေါသပဲဖြစ်ရမှာလား၊ ခွင့်ပဲလွှတ်ရမှာလား၊ မပြောတတ်အောင် ဖြစ်နေလေရဲ့။ မြစိန်က အိမ်တံခါးကို ထပိတ်လိုက်တယ်။ ဘာမှန်း ညာမှန်း မသိရခင် အပြင်သတင်းရောက်သွားမှာစိုးလို့။

"ဘယ်လိုဖြစ်သာလဲ ကိုကြိုင်ရယ်၊ ကျုပ်တို့မှာ မျက်နှာဘယ်ထားရမှန်း မသိအောင် ဖြစ်ကုန်ပြီ။ အမေ့ခမျာတော့ မပြောနဲ့တော့ ရှက်လည်းရှက် နာလည်းနာ၊ ကိုကြိုင်လုပ်ပုံ မကောင်းလိုက်တာ"

"အစ်ကိုတို့ကား လမ်းမှားလာကြတာ၊ လူတွေ့ရတာပဲ ကံကောင်းတယ်မှတ်ပါတော့၊ လူကြီးတွေလည်း လူရုပ်မပေါ်ကြတော့ဘူး"



မောင်ကြိုင်က သူတို့ လမ်းမှာဖြစ်ပျက်လာသမျှကို အကျဉ်းရုံးပြီး ပြောပြလိုက်တယ်။

"ဒါဖြင့် လူကြီးတွေ ဘယ်မှာလဲ"

"နောက်မှာပါလာကြပြီ၊ သူတို့က လှည်းနဲ့လာတာ ကျုပ်က ညောင်ခြောက်ရွာသည်ဘက်မှာ လှည်းပေါ်ကဆင်းပြီး ဖြတ်လျှောက်လာတာ မြန်အောင်လို့၊ ...က သဖန်းကုန်းကျော်လို့ကို မရတော့တာ၊ သည်တော့ သဖန်းကုန်းကလှည်း ...နှစ်ထောင်ပေးငှားခဲ့ရတယ်။ ကားစောင့်ဖို့လည်း နှစ်ထောင်ပေးခဲ့ရတယ်"

"အစ်ကိုတို့က ဘယ်ကလာတာမို့လို့တုန်း"

"ဘယ်လမ်းလို့လည်း မပြောတတ်ပါဘူး အေးသီရာ၊ လမ်းမှားလာတယ် ...ကြတာပဲ၊ ကားလည်း တစ်စစီ ပြုတ်ကုန်ပြီလား မှတ်ရတယ်"

"သြော်... ကိုကြိုင်ရယ်"

အေးသီနဲ့ မောင်ကြိုင် ပြောနေတာတွေကို မစွန်မက အကုန်ကြားနေရ...တော့ အပြစ်လည်း တင်မနေချင်တော့ပါဘူး။ ခမျာမျှား လာရှာကြသားပဲလို့သာ ...ောက်မေ့မိရတယ်။ မလာရမယ့်လမ်းက လာမိတာလည်း အပြစ်ရယ်လို့ ပြော...တ်သား။ တကယ်ဆို ဘကြီးဖိုးကိုးပြောသလို ရွာက တစ်ယောက်ယောက် ...ကြိုလွှတ်နှင့်ရမှာ။ ဦးဆောင်ခေါ်ခဲ့ရမှာ ကိုယ့်ဝတ္တရားဆိုတာကို သဘောပေါက်...ုံလည်း ရပါတယ်။ ဟုတ်ပြီ။ ထားတော့။ ဒါက နောင် မေးလို့လည်း ...ယ်။ အခုက ဘာလုပ်ကြမလဲ။ ဘာလုပ်ရမှာလဲ။ ဧည့်သည်တွေကလည်း ...ည်းနဲ့တစ်စီးပါလာတယ် ပြောနေပြီ။ ရေမိုးချိုးဖို့၊ အဝတ်အစားလဲဖို့၊ ညစာ ...ဖို့၊ အိပ်ဖို့နေဖို့၊ မနက်စာကျွေးဖို့အစ အခုမှ ကောက်လုပ်ရမယ်ဆိုတော့ ... တော်တော်စိတ်ဓာတ်ကျသွားတယ်။ ဒါတွေ တစ်ခုမှတတ်နိုင်တာ မဟုတ် ... မြစိန်တို့အိပ်တယ်ဆိုတာက ကိုယ့်ရွာသူချင်း ပြားအိပ်လို့ရတယ်။ ဒူးတင် ...ကပ် အိပ်လို့ရတယ်။ ခြင်ထောင်လည်း မလိုဘူး၊ စောင်လည်း မလိုဘူး၊ ...အုံးလည်း မလိုဘူး။ အခုဟာက မြို့ကဧည့်သည်တွေ။ ဧည့်သည်မှ ဂုဏ်...ကြတဲ့သူတွေ။ မောင်ကြိုင်ဆရာလည်း ပါကိုပါလာမှာ သေချာတယ်။ မြစိန် ... ပြဿနာကို စဖြေရှင်းဖို့လုပ်တယ်။

"ကြီးတော်စွန်မ တံခါးပိတ်ထား၊ ကျုပ်တို့ ဖွေးတုတ်တို့ ဦးလေးလှမောင် ...သွားခေါ်ခဲ့မယ်။ ဦးလေးလှမောင် အရင်ရောက်နှင့်မှ ရမှာနော်၊ သူမှ တား...ာ"

"အေး ဟုတ်သား၊ သွားသွား လိုရင်းပဲပြောခဲ့၊ သည်မယ် လောလောဆယ်

www.burmeseclassic.com

www.burmeseclassic.com



လိုမှာက ဘက်ထရီမီးချောင်းတွေလိုမှာ၊ ဖျာကြမ်းလေးငါးချပ်လည်း လိုမယ် ညနေက ပြန်သယ်သွားကြတာလေ။ သြော်... ရေနွေးအိုးနဲ့ ရေနွေးအကြမ် ပန်းကန်၊ နေဦးဟဲ့ ကွမ်းဆေးလက်ဖက်ကလည်း တို့ဝယ်ထားသမျှ မနက်က ချေညှဉ်ခံလိုက်တာကုန်ပြီ၊ ဘာလိုဦးမလဲ"

မောင်ကြိုင်ကတော့ ရွာ့အခြေအနေ ဘာမှန်းမသိရသေးပေမယ့် အေးသီ တို့ သားအမိ ကသီလင်တဖြစ်ရတာကို စိတ်မကောင်းဘူး။ ကိုချစ်တိုးတို့ သူ ဆရာကိုကျော်သန်းတို့ လှည်းကိုလည်း ရောက်စေချင်လှပြီ။ လှည်းသံ မကြား ရသေးတော့ စိတ်ပူတာရော၊ အားငယ်တာရော စိတ်နှစ်ခွနဲ့ ငုတ်တုတ်ထိုင်နေ ရတယ်။ မြစိန်ကတော့ မစွန်မ လှမ်းပြောနေတာတွေ ဆုံးအောင် နားထောင်မနေ တော့ပါဘူး။ ထပြေးတာ ရွာလူကြီး ကိုလှမောင် အိမ်ရောက်တော့မယ်။ မြစိန် က ကိုလှမောင်အိမ်ဝိုင်းဝ ရောက်ချိန်မှာပဲ သောင်းစိန်တို့လူစုက ထန်းရည်ဆိုင် ကနေ ရွာထဲက ရွာလည် လမ်းပေါ်ပြန်ရောက်လာကြပြီ။ အေးသီကိုတောင်းမယ့် မြန်းမယ့် မိန်းမမြန်းကားကို ရိုက်ချင်လှချည့်ရဲ့လို့ ရွာထိပ်က ထန်းရည်ဆိုင်က ခွစောင့်နေခဲ့တာ နေသာကုန်တယ် ရိုက်ရမယ့်ကားက ပေါ်မလာတော့ ဘာလုပ် လို့ လုပ်ရမှန်းမသိဘဲ ကြောင်စီစီ ဖြစ်နေကြတာပေါ့။

သည်အချိန်မှာပဲ လှည်းတစ်စီး သူတို့အနားက ဖြတ်မောင်းသွားတာ တွေ့ လိုက်ကြတယ်။ လှည်းနွားဆိုတာ သူ့ရွာကိုယ့်ရွာ အချိန်ရယ် အခါရယ်မရှိ သွားလာနေကျဆိုတော့ မော့လည်း မော့မကြည့်ဖြစ်လိုက်ကြပါဘူး။ ဒါပေမဲ့ လှည်းပေါ်ကလူ လေးငါးခြောက်ယောက်ပါတဲ့အပြင် အဲသည်ထဲကတစ်ယောက် က သူတို့အုပ်စုကို လှမ်းမေးလိုက်တဲ့ မေးခွန်းကြောင့် အားလုံးမော့ကြည့်လိုက် ကြရော။ မေးလိုက်တာက ကိုချစ်တိုး။

"ငါ့ညီတို့ ဒေါ်စွန်မတို့ အေးသီတို့အိမ် သွားချင်လို့၊ ဘယ်နားမှာလဲ သိချင်လို့ပါကွာ"

"ဘယ်သူရယ်"

"ဘယ်လိုရယ်"

"ဘာရယ်"

"ဘယ်အိမ်ရယ်"

သောင်းစိန်တို့အဖွဲ့က တစ်ယောက်တစ်ပေါက် ပြန်မေးလိုက်ကြတာ ညဦး။ လှည်းတစ်စီး။ သူစိမ်းသည့်သည်တွေ။ မေးတာက မစွန်မနဲ့ အေး ဒါဖြင့် သည်လူတွေဟာ ဘယ်သူတွေလဲ။ မင်္ဂလာကိစ္စနဲ့ ပတ်သက်နေတဲ့

တွေလား။ မှောင်နေလို့ ဘယ်သူ့ဘယ်သူမှလည်း ကောင်းကောင်းမြင်ရတာ မဟုတ်တော့ လှည်းပေါ်လှည်းအောက် အကဲခတ်နေခဲ့ကြတာပါ။ ကိုချစ်တိုး ကလည်း မေးပြီးကာမှ လန့်သွားတယ်။ လူငယ်တွေက မူးနေကြပုံလည်းပေါ်ရဲ့။ တော့ တုတ်တွေကိုယ်စီနဲ့ မိုက်တိမိုက်ကန်းပုံတွေ။ မဟုတ်သော်ရှိ ဟုတ်သော် သူတို့ကို စောင့်ရိုက်မယ့်အဖွဲ့ ဖြစ်နေရင်ကော။ သောင်းစိန်ကလည်း ဟုတ် မစွန်မနဲ့ အေးသီကို အပ်ချမတ်ချမေးနေပြီဆိုကတည်းက ဒါ မင်္ဂလာမိန်းမ ကိစ္စနဲ့ လာကြသူတွေ သေချာပြီ။ သည်လှည်းပေါ်မှာ အေးသီနဲ့ယူတော့ ဆိုတဲ့ကောင် ပါကိုပါရမယ်။ သည်ကောင်ကို ဆွဲချ၊ ရိုက်လွှတ်လိုက်ရင် ကောင် မှတ်သွားလိမ့်မယ်။ သည်လိုတွေးနေတာကို ကိုချစ်တိုးက မသိဘူး။

"ခင်ဗျားတို့က ဘယ်ကတုန်း"

"မန္တလေးက လာကြတာ မိန်းမမြန်းလာကြတာပါ"

"လှည်းပေါ်မှာ မောင်ကြိုင်ပါသလား"

"ပါတယ်"

ပါတယ်လို့ အော်လိုက်သူက လှည်းသမား။ သူ့နာမည်ကလည်း ကြိုင်ပဲနဲ့ တူပါရဲ့။ မောင်ကြိုင်ပါသလားဆိုတော့ ပါတယ်လို့ အော်လိုက် ပါ၊ သောင်းစိန်တို့ လှည်းဦးကနေ ဝိုင်းလိုက်ကြတယ်။ မောင်ကြိုင့်ကိုပဲ င်စားနေကြတာဆိုတော့ လှည်းသမားကို မဲကြတော့တာပါ။

"မောင်ကြိုင်ပါရင် ဆင်းစမ်း၊ မင်းနဲ့ စာရင်းရှင်းစရာရှိတယ်"

"ဘာစာရင်းများတုန်းဟ"

"အေးသီကိစ္စဆိုရင် မင်းသဘောပေါက်ပေါ့ကွာ"

"အေးသီလဲ ငါမသိဘူး၊ အေးကြည်လဲ ငါမသိဘူး"

"သေလဲ ဆင်းခဲ့ကွာ၊ မင်း အပိုတွေ ပြောမနေနဲ့"

"ငါ လှည်းပေါ်ကဆင်းတော့ လှည်းဘယ်သူမောင်းမလဲကွ၊ နေပါဦး မင်း ဘာသဘောမေးတာလဲ၊ တစ်ရွာ တစ်ရွာ လှည်းတိုက်လိုက်တာ မိုက်လို့ ကွ၊ ကိုင်း ပြောစမ်း ဘာကိစ္စလဲ"

သောင်းစိန်တို့ လူစုကလည်း ကြောင်သွားတယ်။ လှည်းတိုက်လိုက်တယ် တော့ သူတို့ရိုက်ချင်တဲ့ မောင်ကြိုင် ဘယ်ဟုတ်နိုင်ပါ့မလဲ။ ဒါတွေအားလုံး ချစ်တိုးက သဘောပေါက်လိုက်တယ်။ မောင်ကြိုင်ချင်းတော့မှားနေပြီ။ ဒီလှည်းသမားကလည်း မောင်ကြိုင်ဖြစ်နေရသေး။

"ပေါ်ပါဘူးကွာ၊ ဒါက လှည်းသမား မောင်ကြိုင် သဖန်းတောရွာက ငှား

www.burmeseclassic.com



လာတာကွ၊ သတို့သား မောင်ကြိုင်က သွားနှင့်တာကြာပေါ့ဟာ၊ ကိုင်း… ကိုင်း အုပ်ကြီး ပြောလိုက်စမ်းဗျာ”

အုပ်ကြီးဆိုတာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဒွန်းကို ကိုချစ်တိုးတို့က အုပ်ကြီး ခေါ်နေကျကိုး။ အုပ်ကြီး ပြောလိုက်စမ်းဗျာဆိုတာ သက်ကြီးဝါကြီး တွေပါတဲ့အကြောင်း ကိုချစ်တိုးက သက်သေထူလိုက်တာပါ။ ဖြစ်ချင်တော့ သည်ဘက်နယ်က ရဲအုပ်ကြီးတို့၊ ဥက္ကဋ္ဌကြီးတို့ကို အုပ်ကြီးခေါ်ကြတာဆိုတော့ သောင်းစိန်တို့က ရဲအုပ်ကြီးပါ ပါလာတာလို့ ထင်သွားကြတယ်။ အသာနောက် ဆုတ်သွားကြပြီး စကားသံတွေလည်း တိတ်သွားကြတယ်။ လေသံတွေလည်း ပြောင်းသွားကြတယ်။

“ကြီးတော် မစွန်မတို့အိမ်က ရှေ့ဆက်မောင်းသွားကြပါ၊ မောင်းစင်လေး တွေ့ပါလိမ့်မယ်၊ တွေ့ရင် မောင်းစင်ဟိုဘက် တစ်အိမ်ကျော်က မန်ကျည်းပင် ကြီးနဲ့ အိမ်ပဲ”

ကျောင်းအုပ်ကြီးတောင် ဘာမှမပြောရသေးပါဘူး။ လေသံပြောင်းသွား ကြရုံမက အိမ်ကိုညွှန်လိုက်ကြသေးတာပါ။ ကိုချစ်တိုးတို့လည်း လက်တစ်လုံး ခြား ကံကောင်းသွားတာပေါ့လေ။ လှည်းလည်း ဆက်ထွက်လာခဲ့တယ်။

□

## (၁၄)

မြစိန်က ကိုလှမောင်ကို အကျိုးအကြောင်းပြောပြပြီး ရွာလူကြီးကို ဒရွတ်တိုက် ဆွဲခေါ်လာလို့ အေးသီတို့အိမ်ရှေ့ရောက်တာနဲ့ ကိုချစ်တိုးတို့ လှည်းရောက် လာတာနဲ့ အံကိုက်ကျသွားတယ်။ ကိုလှမောင်က တပည့်လက်သား သုံးလေး ယောက်လောက်ပါတော့ ချက်ချင်းလိုလိုပဲ ရွာထဲကအိမ်တွေကို လက်ငင်းလိုအပ် တာကလေးတွေ သွားယူခိုင်းတယ်။ သည်အချိန်မှာပဲ သတင်းကြားနဲ့ လူမိုက် ဘထွန်းတို့ပါ ရောက်လာပြီ။

“စံမောင် ပြေးစမ်း ဘက်ထရီအိုးသုံးလုံး မီးချောင်းသုံးချောင်းရှာ၊ ငါ့အိမ်က တစ်လုံးပါ ဖြုတ်ခဲ့၊ ဘထွန်း ရွာဘုံပစ္စည်းကိုင်တဲ့ ကိုဘရှင်တို့ အိမ်ကိုသွားစမ်း ဖျာဆယ်ချပ်၊ ရေနွေးအိုးကြီးငါးလုံး၊ လက်သုတ်ပဝါ ဆယ်ထည်ပါအောင်သယ်ခဲ့ သွားစမ်းမြန်မြန်”

“မဟုတ်သေးပါဘူး ကိုလှမောင်ရာ၊ ကျုပ်တို့ရွာသူ အေးသီကို ဟင်းရွက် ကန်စွန်းလို …”



“ဘထွန်း နောက်နာရီဝက်နဲ့မရောက်ရင် မင်းကိစ္စနော်၊ မင်းမိုက်ချင်ရင် တော်ရာသွားမိုက်၊ ဒါ လူကြီးလူကောင်းတွေကိစ္စ ရွာနာမည်မဖျက်နဲ့ သွား သွား”

“ခင်ဗျားကတော့ လူကြီး လူကြီးနဲ့ ခက်တော့ ခက်နေပြီ”

ဘထွန်းတို့ကလည်း သည်လောက် ပြောနိုင်တာပါ။ ရပ်ရေးရွာရေး ဖြစ် ပြီဆိုတော့ မလုပ်လို့ကလည်း မရဘူး။ ကိုဘရှင်တို့အိမ်ဘက် ပြေးရတယ်။ ကိုချစ်တိုးတို့ ဧည့်သည်တွေကတော့ လှည်းပေါ်ကဆင်းပြီး အိမ်ရှေ့မှာရှိတဲ့ ထန်း လုံးသားထိုင်ပေါ် ထိုင်သူထိုင်၊ အမြစ်ဖော်ပြီး ပစ်ထားတဲ့ သစ်ငုတ်တစ်တုံးပေါ် နှစ်ယောက်မျှထိုင်သူထိုင်၊ အိမ်ထဲဝင်ပြီး ထိုင်သူထိုင်ပေါ့လေ။ မျက်စောင်းတထိုး ထိုး လုပ်နေကြတဲ့ ဘထွန်းတို့လူသိုက်လည်း မျက်ခြည်မပြတ် ကြည့်နေရသေး တာလား။

ဒေါ်ငွေကတော့ ဆေးလိပ်တိုကြီး မေးငေါ့သောက်နေတဲ့ မစွန်မအနား သွားပြီး လမ်းမှာ ဖြစ်ပျက်သမျှ ရုပ်ရှင်ရိုက်ပြသလိုကို တစ်ခန်းချင်းပြောရင်း နေတယ်။ မစွန်မကလည်း လူတွေကိုယ်တိုင် ရောက်လာမှတော့ စိတ်လည်း ပြေပါပြီ။ ဒေါ်ငွေကို ရေတွင်းကုန်းခေါ်ပြီး ရေမိုးချိုးခိုင်း၊ သူ့အဝတ်အစားထဲက သင့်တော်ရာ ဝတ်ခိုင်းလိုက်လို့ မြင်ရတာ သပ်သပ်ရပ်ရပ် ရှိသွားပါပြီ။ ယောကျ်ား သားတွေကတော့ တစ်ယောက်မှ အဝတ်အစား မလဲကြရသေးဘူး။ မောင်ကြိုင် လည်း သည်လိုပါပဲ။ ရွှံ့ခြောက်တွေနဲ့ ထိုင်နေရရှာပါ။ မိန်းမသား နှစ်ယောက် တည်းရှိတဲ့အိမ်ဆိုတော့ ယောကျ်ားဝတ်ဆိုလို့ စွပ်ကျယ်ပြဲတောင် မရှိဘူးကိုး။ ဒါကိုမြင်တော့ ကိုလှမောင်က သူ့အိမ်ကပဲ ပုဆိုးဟောင်း၊ အင်္ကျီဟောင်းကလေး တွေ ယူခိုင်းလိုက်တယ်။ အေးသီသူငယ်ချင်း မြစိန်ပဲသွားယူတာပါ။ ပုဆိုးအင်္ကျီ တွေထဲက သင့်တော်ရာယူဝတ်လိုက်တော့ ပြောင်ပြောင်စင်စင် ဖြစ်ကြရပြီ။

လှဝကြီး ဦးမှတ်တင်ကတော့ ယူလာတဲ့ ပုဆိုးအင်္ကျီတွေထဲက တစ်ထည် မှ ဝတ်မရဘူး။ လူကလည်း နှစ်ကိုယ်စာမကတော့ လှဝကြီးခေါ်ကြတာလည်း မပြောနဲ့။ ဝလိုက်တာကလည်း ရေအထမ်းနှစ်ဆယ်လောက်ဝင်တဲ့ ရာ့ငါးဆယ် စည်အိုးကြီးလောက်ကိုး။ တော်ရုံ ချုပ်ပြီးသားအင်္ကျီဝတ်မရတော့ စက်ချုပ်ဆိုင် က ပေယ်ရှယ် အပ်ဝတ်ရတဲ့လူ။ ပုဆိုးကလည်း ခြောက်တောင်ကွင်းမှ ပတ်မိ သူပါ။ သည်လိုပုဆိုးမျိုး အင်္ကျီမျိုးက လယ်ပြင်ကြီးတစ်ရွာလုံး ရှာလို့မှ ရနိုင် တော့ ခက်ရပြီ။ ကိုလှမောင်ကတော့ ရိုးရိုးသားသားမေးတယ်။

“ဘုန်းကြီးကျောင်းမှာတော့ တင်းတိမ်ကြီးရှိတယ်၊ ပတ်ထားရင်ဖြစ်သာသဲ”

“နေပါစေတော့ဗျာ၊ လူပြက်နဲ့ တူနေပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ပုဆိုးနှစ်ကွင်းကို တစ်ကွင်းဖြစ်အောင် တွဲသီပေးလိုက်ကြရတယ်။ အကျႌကတော့ ပုဆိုးပိုင်းတစ်ထည် ခြုံထားလိုက်တာပါပဲ။ အေးသီခမှာ ဆေးကျုံလာတဲ့ ပုဆိုးအကျႌတွေကို ဗွေးတုတ်တို့နဲ့ ညတွင်းချင်း ဖွပ်ဖို့ လျှော်ဖို့ စီစဉ်ရတော့တာပေါ့။ မနက်ဖြန်ပြန်တော့လည်း ဒါပဲဝတ်ကြရမှာ မဟုတ်လား။ ညဘက် ဖွပ်လျှော်ပြီး လှမ်းထားရင် လေသလပ်တာနဲ့ ခြောက်နိုင်တယ်။ မိုးလင်းတော့ နေကလေးပြလိုက်ရင် ဝတ်လို့ရပြီ။ အဝတ်မခြောက်မချင်း လူဝကြီးခမျာ ကိုယ်တုံးလုံးကြီး နေရရှာတယ်။ ဒါကိုပဲ ရွာကအပျိုတွေမှာ သဘောတွေကျကြလွန်းလို့လေ။

ကျောင်းအုပ်ဆရာကြီး ဦးကျော်ဒွန်းကတော့ နေပူမိလာလို့ ထင်ပါရဲ့ ကိုယ်ကလေး ကောက်ကာငင်ကာ ပူလာရာက ဖျားလိုက်တာ ခြစ်ခြစ်တောက်လို့။ တရုတ်ကြီး ဦးဝိန်ခမျာလည်း အသားတွေနီလို့။ ကိုကျော်သန်းကတော့ အခုမှစိတ်အေးရပုံနဲ့ ပုံကျသွားပြီ။ ဖျာပေါ်ခဏလှဲရာက အိပ်ပျော်သွားလေရဲ့။ ကားမောင်းခဲ့ရသူဆိုတော့ သူတကာထက် ပင်ပန်းမှာပေါ့။ ကိုချစ်တိုးနဲ့ ကိုကျော်ဝင်းကတော့ လူရွယ်တွေပီပီ ရွာကလူကြီးသူမတွေကို အကျိုးသင့်၊ အကြောင်းသင့် အာလာပ သလ္လာပ စကားထိုင် ပြောကြရတယ်။ မောင်ကြိုင်ကတော့ အေးသီအနားက မခွာဘူး။

လူမိုက်ဘထွန်းတို့ ရောက်လာတော့ အိမ်ရှေ့ကွက်လပ်မှာ ဖျာတွေခင်းကြ ဘက်ထရီမီးချောင်းတွေ ထွန်းကြ။ ကာလသားပိုင်းက မီးမွေးကြ၊ ရေနွေးတည်ကြ။ မိန်းမပျိုပိုင်းကလည်း လင်ပန်းတွေ၊ အကြမ်းပန်းကန်တွေ ချကြနဲ့ ဝိုင်းလိုက်ကြတာ ချက်ချင်း ကျေးလက်မိန်းမမြန်း အခမ်းအနားလေးတစ်ခု ဖြစ်သွားခဲ့ပြီ။ ပြဿနာက ဧည့်သည်တွေ ထမင်းမစားကြရသေးတာပါ။ ကိုလှမောင်က မစွန်မကို လက်ကုပ်ခေါ်သွားပြီး အကျိုးအကြောင်း မေးတယ်။ မစွန်မတို့မှာ ဆန်ရယ်၊ ဆီရယ်၊ ဟင်းချက်စရာရယ် ရှိရဲ့လား။ ဘာစီစဉ်ထားသလဲမေးတာပါ။ မစွန်မလည်း မနက်ကလာမယ်ထင်ပြီး ရှိသမျှနဲ့ ချက်ပြုတ်ထားတဲ့အကြောင်း၊ ဧည့်သည်တွေ မလာတော့ ချကျွေးလိုက်တာ ကုန်တဲ့အကြောင်း၊ သည်အချိန်ကြီးကျမှ မစီမံတတ်တဲ့အကြောင်း ပြောပြရှာတယ်။

ကိုလှမောင် တစ်ချက်စဉ်းစားလိုက်တယ်။ ကျွေးရမှာတော့ ကျွေးရမှာပဲ။ ငွေစိုက်ထားရတာလည်း အကြောင်းမဟုတ်ဘူး။ ခက်တာက အခုမှ ချက်ပြုတ်နေရင် ကြာတော့မယ်။ သည်တော့ တစ်စတစ်စနဲ့ လူဝိုင်းလာတဲ့ ရွာခံတွေကို ရွာထဲရှိသမျှ ထမင်းနဲ့ဟင်းရှာခဲ့ကြဖို့ မေတ္တာရပ်ခံတယ်။ ထမင်းထုပ်ဆင့်တဲ့



သဘောပေါ့။ ရွာကလည်း မနေပါဘူး။ အဝေးက ဒုက္ခရောက်လာကြတဲ့လူတွေဆိုတော့ တောသူတောင်သားသဘာဝ ကျွေးချင်စိတ် ရှိကြတဲ့သူချည်းပါပဲ။ ထမင်းကျန် ဟင်းကျန်တွေ တစ်ယောက်တစ်အိုး၊ တစ်ပန်းကန် သယ်လာလိုက်ကြတာ ဖျာပေါ်မှာ ခင်းထားတဲ့ ခုံဝိုင်းကြီးသုံးလုံးနဲ့အပြည့်။ လူနှစ်ယောက်ဆိုရင် ဆွမ်းဟင်းဗျပ်ကြီးလို ဆိုင်းထမ်းဗျပ်ကြီး ဝါးလုံးလျှိုထမ်းလာကြတာမှာ ဟင်းခွက်တွေ အခွက်နှစ်ဆယ်လောက် ပါလာလေရဲ့။ စားမယ့်လူနဲ့ ဟင်းခွက်နဲ့တောင် မလိုက်တော့ပါဘူး။ ဖျာပေါ် တင်ပျဉ်ခွေထိုင်ချပြီး စားလိုက်ကြမ်းဆိုတာများ ပွဲမသတ်နိုင်ကြဘူး။ ရွာကလည်း ပွဲမဟုတ် လမ်းမဟုတ် ဧည့်သည်တွေ ထမင်းစားကြတာကို ဝိုင်းအုံကြည့်ကြလို့။

ဧည့်သည်တွေချည်းစားကြတာ မဟုတ်ပါဘူး။ တစ်နေ့လုံး သောက်စားကြကဲ့ ဘထွန်းတို့အဖွဲ့ကလည်း အခုမှ ဆာလာကြပုံပေါ်ပါရဲ့။ ဝင်စားကြတယ်။ ရွာကလူတွေ ဝိုင်းကြည့်ကြတဲ့ကြားက ကိုချစ်တိုးတို့လည်း ရှက်မနေနိုင်တော့ပါဘူး။ ဘာဟင်းရယ်၊ ညာဟင်းရယ် မတွေ့ကြတော့ဘဲ ထမင်းပန်းကန်ထဲ သွန်သွန်ချပြီး နယ်ရေဖတ်ရေ စားကြတာများ ခံတွင်းလိုက်လွန်းလို့ ထမင်းလိုက်ရတာ ခဏခဏ။ နေ့လယ်ဘက်က လာရင်ရိုက်မယ်ဆိုတဲ့လူတွေနဲ့ အရိုက်ခံမယ့်လူတွေ အခုတော့ ထမင်းလက်ဆုံ စားနေကြပါလားလို့ သံဝေဂယူမယ်ဆိုရင်လည်း ယူစရာပါ။ ဟင်းခွက်တွေများတောင် အချင်းချင်း ကမ်းနေကြလို့။

ရွာကလူတွေက မြို့သားတွေပီပီ ကားကြီးစီးပြီး ဖိတ်ဖိတ် ဖိတ်ဖိတ် အရောင်တွေထွက်အောင် ဂိုက်ကြီးဆိုက်ကြီးတွေနဲ့ လာကြမယ် ထင်ကြရာက ထမင်းတွေ ဗွက်တွေပေကျံပြီး ကားကြီးနဲ့ ရောက်မလာဘဲ လှည်းအကြို ငှားစီးလာတာကို အံ့သြနေကြတယ်။ သည်ကြားထဲ စားလိုက်သောက်လိုက်ကြတာ ထမင်းတွေ ဟင်းတွေဆိုတာ ပေါက်ပြားနဲ့ ခုတ်ခုတ်ချနေသလိုပဲ။ ရွာက တည်တည်ပပ ကြည့်ခံရလို့ အားနာကြပုံလည်းပေါ်ပါရဲ့။ လူဝကြီး ဦးမှတ်တင်က ရိုးရိုးထမင်းပန်းကန်နဲ့မစားဘဲ ကန်တော့ပွဲထည့်တဲ့ ဇလုံကြီးနဲ့ ထမင်းတစ်စလယ်ချက်လောက်ထည့်၊ အနားရှိတဲ့ ဟင်းခွက်နှစ်ခွက်မှောက်ချပြီး လက်ခုပ်ကြီးနဲ့ ပါးစပ်ထဲ ပေါက်ပေါက်သွင်းတာကို လူတွေက ကြည့်ပြီးရယ်ကြတယ်။ ထမင်းတစ်လုပ်တစ်လုပ်ကလည်း ဥသျှစ်သီးလောက်ရှိတာ မှတ်လား။

"ဆရာကြီး ထမင်းထည့်ဦးလေး အစားနည်းလှချည့်လား"

ရွာက အာကျယ်ကျယ်တစ်ယောက်က နောက်တော့ လူဝကြီး ဦးမှတ်တင်

www.burmeseclassic.com

www.burmeseclassic.com



က စကားမပြန်နိုင်ဘူး။ ရေတ်သီးချက်တွေ စားမိလို့ အာပြဲနေပြီ။ ဘက်ထရီ မီးချောင်းရောင်က ခပ်မှိန်မှိန်ဆိုတော့ အနားဘာဟင်းခွက်ရှိလို့ရှိမှန်း မသိဘဲ ထမင်းထဲမှောက်ချသမျှ ဟင်းနှစ်ပန်းကန်က ရေတ်သီးချက်တွေချည်း ဖြစ်နေ ဘာကိုး။ ရေတစ်ခွက်တောင်းသောက်ပြီး အစပ်ပြေမှ ပြန်စတယ်။

"နေဦးဟေ့ ညည်းတို့မေးတာ မဖြေနိုင်သေးဘူး၊ ပါးစပ် မီးလောင်နေလို့ဟ"

မိန်းမတွေက ရယ်ကြပြန်ရော။ မအောကျယ်ကလည်း မခေဘူး။ ပြန်စတယ်။

"ရွာမှာ ရေစုပ်စက်တွေ ရှိပါ့တော်၊ ပါးစပ်ထဲ ပိုက်ထိပ်က သံဘီလူးခေါင်း တပ်ပြီး ရေဖွင့်လိုက်ရုံပါ"

ဝါးခနဲ ရယ်ကြပြန်ရော။ ရွာသားတစ်ယောက်က "ဟ… တို့ရွာ ဘုန်းကြီး ပျံတုန်းက ရုံသွင်းပြတဲ့ ဆိတ်တစ်ကောင် ရေတစ်ပုံးစားသောက်တဲ့ စပါးအုံး မြွေကြီးလို ပြပွဲတောင် ပြဖို့ကောင်းသယ်"တဲ့။ လူဝကြီးနဲ့ ရွာကတော့ အဖွဲ့ကျ နေကြပြီ။

ကျောင်းအုပ်ဆရာကြီးက ဖျားနေတာဆိုတော့ ရွာက ငန်းဆေးနဲ့ ရေနွေး ပူပူတစ်ခွက်ပေးလို့ သောက်ချလိုက်တယ်။ မောင်ကြိုင်က အေးသီတို့အိမ်မှာရှိတဲ့ တေဇောဘမ်းဘူးကို ဖွင့်တဲ့ပြီး ဆရာကြီးကို လူးပေးတော့ ပူလိုက်တာဆိုတာ ဖျတ်ဖျတ်ကိုလူးလို့။ ပြီးတော့ ဆရာကြီးကို အိမ်ထဲမှာ သင်ဖျူးခင်း၊ ခေါင်းအုံး ကလေးချပြီး ခဏမှိန်းခိုင်းထားလိုက်တယ်။ လူဝကြီး ထမင်းစားပြီးတော့ အိုးတွေ ခွက်တွေ ပြန်သိမ်းကြ၊ ပေတာကျံတာတွေ သုတ်သင်ကြ၊ ရှင်းလင်းကြ လုပ် လိုက်ကြတာ ချက်ချင်းပဲ ဧည့်ခံစရာနေရာ ဖြစ်သွားတယ်။ မိန်းမပိုင်းကလည်း ကောက်ညှင်းမုန့်တွေကြော်ကြ၊ လက်ဖက်တွေသုပ်ကြ၊ ရေနွေးပွဲတွေ ပြင်ကြ သည်တော့မှ ရွာလူကြီးတွေရော၊ ဧည့်သည်တွေပါ ဝိုင်းထိုင်ကြပြီး အကျိုး အကြောင်းတွေ မေးကြဖြေကြရတာပေါ့။ သည်တုန်းမှာပဲ သောင်းစိန် ခေါင်းငိုက် စိုက်ကြီးချပြီး ဝိုင်းထဲဝင်လာတယ်။ ကိုလှမောင်ကတော့ သူ့ရွာသူပိုင်တဲ့လူဆိုတော့ သောင်းစိန်တို့အုပ်စုကို နေရာလွတ်မှာ မီးဖိုကျင်းတူးခိုင်းတယ်။ ရေနွေးတည် ရမှာကိုး။

"ကိုင်း ငါ့တူများ မီးဖိုကျင်းတစ်ကျင်းတူးကွာ ရေနွေးတည်ရအောင် မိုးလင်းကာနီးတော့ ထမင်းဟင်းချက်ရမဟေ့၊ ကိုဘိုးမြ သွားခေါ်စမ်း ရွာထဲ က ကြက်သုံးကောင်လောက်လည်း ဖမ်းခဲ့လို့ပြော၊ ဆန်လေးပြည်ပါ ဝယ်ခဲ့ ထမင်းဟင်းချက်တာတော့ ဒေါက်မီးဖိုခွင်တွေပါတယ် မဟုတ်လားဟေ့ ဘာထွန်း"



"ပါပါ့ဗျာ"

"ကိုင်း သောင်းစိန်တို့က တူးကွာ ရေနွေးပါတည်"

ရည်းစားလူလုရတဲ့ကြားထဲ အရပ်လူကြီးက မီးဖိုကျင်း တူးခိုင်းနေတော့ သောင်းစိန်မှာ အူနုကျွဲခတ်ရုံတင်မကဘူး၊ ကျွဲနင်းပါခံနေရတာမျိုး ဖြစ်နေလေရဲ့။ အသည်းကွဲနေရတဲ့ကြားထဲ ချစ်သူမင်္ဂလာဆောင်မှာ ရေနွေးအိုးတည်ရသကော ဆိုတာကို ရွာကပြုံးကြတာလည်း သောင်းစိန်က ရိပ်မိတယ်။

"လုပ်ပါ သောင်းစိန်ရယ်၊ နင့်အတွက် နောက်ဆုံး ကုသိုလ်လေးတော့ ယူလိုက်ပါ"

"မင်းလည်ပင်းက သော့ခလောက်နဲ့ သော့တံနှစ်ချောင်းတွဲက ခမည်းပေး ထားတာလားကွ ဟေ"

"သောင်းစိန် မင်း နေ့ခင်းက တုတ်တကားကားနဲ့ ညဖက်ကျတော့ တူရွင်း နဲ့ ကျင်းတူးနေရပါပကော"

သောင်းစိန်ကို တစ်ယောက်တစ်ပေါက် စနေကြတာပါ။ သောင်းစိန် ကလည်း အစခံရလေ မျက်နှာကြီးရဲလေ။ စိတ်တွေဘာတွေလည်း မဆိုးတော့ ပါဘူး။ ရင်ထဲမှာ နာနေတာပဲ ရှိတော့တယ်။ ရွာကလည်း စိတ်မဆိုးကြတော့ တဲ့အပြင် ထမင်းတောင် ကျွေးနေမှတော့ မောင်ကြိုင်လာရင် ဝင်ရိုက်မယ်ဆိုတဲ့ စိတ်တွေလည်း လျှော့လိုက်ရပြီ။ လျှော့လိုက်ရတဲ့အပြင် ရေနွေးအိုးပါ တာဝန် ယူနေရပြီပေါ့လေ။ သည်ကြားထဲ အေးသီက "သောင်းစိန်ရယ် ကိုယ့်နှမ မင်္ဂလာ ကိစ္စမှာ အောက်ကျတယ် မထင်ပါနဲ့ဟယ်၊ ငါမြို့ရောက်ရင် မြို့သူတစ်ယောက် ပို့လိုက်ပါ့မယ်" လို့ နောက်လိုက်တော့ သောင်းစိန်က ဆတ်ဆတ်ခါလို့။ သူ ချစ်ခဲ့ရတဲ့ အေးသီ စတာကိုတော့ သူ မခံနိုင်ဘူးနဲ့တူပါရဲ့။ မျက်ရည်တွေဝဲလို့။

"နင်သာ မြို့သားယူပါဟာ၊ ငါတို့က တောသားပါ၊ မြို့သူယူဝံ့ပေါင် ဟာ"

"ကျုပ်တို့တော့ တောက ကာလသားတွေက မကြိုက်လို့ပါတော်၊ မြို့သား ယူချင်ဘဲ ယူရတာ"

အေးသီက ပြန်ကလိတော့ သောင်းစိန် ဘာပြန်ပြောရမှန်း မသိဘူး။ မျက်လုံးကြီးပြူးရုံပဲ ပြူးနိုင်တော့တယ်။ တကယ်ဆို သူကိုယ်တိုင် ချစ်ရေးဆို ခဲ့တာ မဟုတ်လား။ မြို့သားမယူချင်ဘဲနဲ့ ယူရတာဆိုတဲ့စကားကို မောင်ကြိုင် ကလည်း စိတ်မဆိုးပါဘူး။ ကာလသား ကာလသမီး သူငယ်ချင်းတွေ အချင်းချင်း ခံချင်အောင် စကြတာလို့ပဲ ထင်တာပါ။ မျက်နှာကြီးတောင် ပြုံးထားလိုက်

www.burmeseclassic.com



သေးတယ်။ ဒေါ်ငွေနဲ့ မစွန်မတို့ စကားဝိုင်းက မပြတ်သေးဘူး။ ဘာတွေပြောနေကြမှန်းလည်း မသိဘူး။

"ကိုင်း… ကိုင်း ရွာသူရွာသားတွေလည်း ရှိသင့်သလောက် ရှိကြတုန်းသည်ကနေ့ ဖြစ်ပျက်ခဲ့တာလေးတွေ ရွာက ကျေနပ်အောင် အကျိုးဆောင်ဆရာကိုချစ်တိုးက တောင်းပန်စကား ပြောပါလိမ့်မယ်၊ နားထောင်ကြဟေ့"

ရွာလူကြီး ကိုလှမောင်က ကိုချစ်တိုးနဲ့တိုင်ပင်ပြီး ထကြေညာလိုက်ရင်ပဲ အားလုံး ငြိမ်သွားကြတယ်။ ကိုချစ်တိုးက မင်္ဂလာစကားပြောဖို့ရော၊ ရွာကို တောင်းပန်ဖို့ပါ စကားပြောမယ်ဆိုတဲ့စိတ်နဲ့ ထလိုက်တယ်။ သူဝတ်ထားတဲ့ ပုဆိုးက တိုတိုကလေးဖြစ်နေတော့ ထန်းပင်ပုဆိုးပတ်ထားသလို ဖြစ်နေတယ်။ အင်္ကျီကလည်း ကြုံရာဆွဲယူလာတဲ့အင်္ကျီဆိုတော့ ခါးကြပ်ကလေးနဲ့ မောင်ကြိုင်ကတော့ သူ့မင်္ဂလာကိစ္စပြောမယ့် လေးချစ်တိုးကိုကြည့်ပြီး ရယ်ချင်လိုက်တာ မပြောနဲ့တော့။ တကယ့်စာခြောက်ရုပ်မှ စာခြောက်ရုပ်။

"ကျွန်တော်တို့ သည်ကနေ့ မန္တလေးကထွက်လာတာ မနက်ခုနစ် နာရီထိုးကတည်းကပါ"

"မောင်ကြိုင်က စစ်ကိုင်းအနောက်တင်ဆိုတော့ …"

ကိုချစ်တိုးက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တာ နာရီဝက်လောက်ကြာတယ်။ ရွာကလူတွေကလည်း ငြိမ်ပြီးနားထောင်နေကြရတယ်။ ကိုချစ်တိုးက စကားကို ခြေခြေမြစ်မြစ် ပြောတတ်ပေမယ့် သူတို့အထဲမှာ အသက်ဂုဏ်၊ ပညာဂုဏ်ကြီးတဲ့ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဒွန်းကို ရှေ့တန်းတင်လာခဲ့တာပါ။ ဒါပေမယ့် ဆရာကြီးက ဖျားလိုက်တာ ပိုးလိုးပက်လက်လန်နေပြီဆိုတော့ မင်္ဂလာစကားကို ဝေမျှပြောဖို့ သူ့စိတ်ထဲ သူစဉ်နေမိတယ်။ လူဝကြီးဦးမှတ်တင်က အင်္ကျီမပါဘူး။ ပုဆိုးကလည်း နှစ်ကွင်းစပ်ဆိုတော့ မင်္ဂလာစကားပြောရမယ့်ပုဂ္ဂိုလ်က အင်္ကျီမပါတာ ဟန်မကျလှဘူး။ သည်တော့ တရုတ်ကြီး ဦးဝိန်ကို စဉ်းစားပြန်တယ်။ သူကလည်း မဟုတ်သေးဘူး။ စကားလေးလုံးကွဲတာ မဟုတ်တော့ ထပြောနိုင်းမှ ဘောက်ထိဘောက်ထိုး ဖြစ်မှာလည်း စိုးရသေးတာကိုး။ ဒါဖြင့် ကိုကျော်ဝင်းကော။ ကိုကျော်ဝင်းက လူအေး။ ကိုကျော်ဝင်းက သူ့ကန်တော့ပွဲပဲ စိတ်ဝင်စားတာပါ။ လူဝကြီး ထမင်းစားတဲ့ ဇလုံကိုဆေးခိုင်းပြီး ငှက်ပျောသီးကြွေတွေနဲ့ အုန်းသီးကြွက်မြီးပြုတ်ကို စုထည့်ထားတယ်။ ညဘက်ကြီး ကန်တော့ပွဲတစ်ပွဲရအောင် စီစဉ်ရင်ဖြစ်မှာပေါ့။ ရွာပဲ။ ဒါပေမယ့် ရွာလက်ဝင်မှာစိုးရတာနဲ့ ရှိတာနဲ့ ကန်တော့ပွဲ ပြင်ထားလိုက်တာပါ။



ကိုကျော်သန်းကတော့ ဝေးရော။ စကားမပြောတတ်လို့ကို လူကြီးတွေ ခေါ်လာတာ မဟုတ်လား။ သည်တော့ ကိုချစ်တိုးက သူတစ်ယောက်တည်း ကြံရတော့မယ်ဆိုတာ သဘောပေါက်လိုက်ပြီ။

"အဲသည်တော့ ရွာကလည်း ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ မရှိမသေလေးမစားလည်း မလုပ်ဝံ့ပါဘူး။ ဥပမာ ကန်တော့ပွဲပဲကြည့်၊ ကားပေါ်မှာ ဒိုက်ပွေ့လာတဲ့ကြားက ပြုတ်ကျပြီး ကြွက်မြီးပြုတ် အသီးကြွေတွေဖြစ်နေတာကို နားလည်သာ ပေးကြပါတော့။ ရွာသူရွာသားများကော ကာယကံရှင် ဒေါ်စွန်မတော သည်လိုဖြစ်တာတော့ မကျေနပ်နိုင်ပါဘူးဆိုရင် မနက်ကန်တော့ပွဲ အသစ်လဲပေးပါ့မယ်။ အခုတော့ ဟောသည်က အရပ်လူကြီး ဦးလှမောင်နဲ့ ညှိပြီးသည်ကနေ့ညပဲ မင်္ဂလာစကားပြောပါ၊ ခုံတင်စရာရှိတာ တင်ပါဆိုလို့ ကျွန်တော်တို့ ချက်ချင်း စီစဉ်ရပါတယ်"

ရွာဘက်က မင်္ဂလာစကားပြောမယ့် ဘကြီးဖိုးကိုး ရောက်လာတယ်။ တောင်ဆေးကြီးထောက်ဝင်လာပြီး ကွက်လပ်ထဲဝင်ထိုင်ရင်း ကိုချစ်တိုးကို ကျွဲဆော်ကိုင်းမျက်မှန်ထဲကနေ ပြူးကြည့်တယ်။ ချထားတဲ့ ကန်တော့ပွဲလည်း ကြည့်တယ်။ မင်္ဂလာကိစ္စဆိုတော့ သားရှင်မိဘက သမီးရှင်မိဘဘက် ကန်တော့ပွဲတင်ပြီး တောင်းရမ်းရတာ အမိကကိုး။ ကျွန်တဲ့ပစ္စည်းခန်းဆိုတာရှိလည်း တင်ပေါ့။ မရှိတော့လည်း မတင်လို့ ကိစ္စမရှိဘူး။ သို့သော်လည်း ကန်တော့ပွဲကတော့ ပါရမယ်။ အင်္ဂါစုံရမယ်။ ပြည့်စုံရမယ်။ ကန်တော့ပွဲဆိုတာ ကန်တော့တဲ့ပွဲ။ ကျန်းမာအေးခြင်း၊ ငြိမ်းချမ်းခြင်း၊ ဂါရဝပြုခြင်း၊ နိမ့်ချခြင်း၊ မင်္ဂလာရှိခြင်း စတဲ့သဘောကို ကိုယ်စားပြုတာ။ ခုတော့ ကြွက်မြီးပြုတ်နဲ့၊ ငှက်ပျောသီးဖီးပုံ ဇလုံထဲစုထည့်တာကတော့ တိုင်းစွန်ပြည်နား ကြားလို့မှမတော်ပါလားလို့ တွေးတယ်။ နားစွန်နားဖျားနဲ့ လိုက်လာရတာဆိုတော့ အကျိုးအကြောင်းလည်း မသိပဲကိုး။ ခိုင်လျက်က သူ့တောင်ဆေးကြီးနဲ့ လှမ်းထိုးပြီး စကားခဏရပ်ခိုင်းရော။

"နေပါဦးကွယ့် နေပါဦးကွယ့် မင်းတို့ကန်တော့ပွဲက ဘယ်နှယ့်ဟာတုန်း၊ မင်းတို့ဟာ ရွာကိုရော မိန်းကလေးရှင်ကိုပါ စော်ကားသလို ဖြစ်နေပါပကောလား၊ ဒါတွေရဲ့၊ မင်းတို့ဟာ မင်္ဂလာဆောင်နဲ့မတူဘဲ ရွာစားချသလို ဖြစ်နေပါလားကွ။ အုန်းကောင်းတစ်လုံး ငှက်ပျောဖီးဆိုင်၊ လက်ဖက်ကွမ်းယာပါမှ ကန်တော့ပွဲဖြစ်သကွ၊ အခုချက်ချင်း ကန်တော့ပွဲလဲပါ"

ရွာအမိအဖဖြစ်တဲ့ ဘကြီးဖိုးကိုးက ပေါက်တော့ ကိုချစ်တိုး ထိုင်ရမလိုထရမလို ဖြစ်သွားတယ်။ သူ အကျိုးအကြောင်းပြောတုန်းက မရှိတော့ တစ်ခါ

www.burmeseclassic.com



ပြန်ပြောရမလို ဖြစ်နေပြီ။ ရွာကလည်း ဘကြီးဖိုးကိုးပြောမှ ပွစိပွစိ ဖြစ်လာတယ်။ ကျေနပ်ကြတာလား၊ မကျေနပ်ကြတာလားလည်း မသိရတော့ ကိုချစ်တိုးရော ကိုကျော်သန်းပါ လူတွေကို အကဲခတ်တယ်။ ကိုကျော်သန်းက ညတွင်းချင်း ကန်တော့ပွဲရနိုင်မလားလို့ ကိုလှမောင်ကို မေးတယ်။ ကိုလှမောင်က ခေါင်းကုတ်တယ်။ ရွာမှာက ဈေးရယ်၊ ဆိုင်ရယ်၊ ကန္တားရယ်လို့ ဟီးဟီးထအောင် ဖွင့်ထားတာမရှိတော့ ဘယ်နားသွားဝယ်ပါလို့ ပြောလို့ကလည်းဖြစ်တာ မဟုတ်ဘူးလေ။ ရွာကအုန်းပင်တွေကတော့ ရှိတယ်။ ငှက်ပျောပင်တွေလည်း ရှိတယ်။ ကိုကျော်သန်းက ပိုက်ဆံငါးထောင်ထုတ်ပေးပြီး ဖြစ်အောင်လုပ်ပေးပါဗျာဆိုတော့ ကိုလှမောင်က ညတွင်းချင်း စီစဉ်ရပြန်ရော။

"စံမြ လာဦး၊ မခင်ပိုင်တို့အိမ်သွား အုန်းသီးတစ်လုံး တက်ဖွဲ့စမ်း။ ကျသလောက်ပေးခဲ့၊ မစိန်တင့်က ကိုကြွက်သိုးတို့ခြံက ငှက်ပျောတစ်ခိုင် ခုတ်ချေ အဖီးလှလှသုံးဖီးရအောင် တစ်ခါတည်းလုပ်ခဲ့၊ သွားဗျာ မြန်မြန် နို့မို့မင်္ဂလာစကားပြောဖို့ သန်းခေါင်ကျော်မှ ထလုပ်နေရလိမ့်မယ်"

ကိုစံမြလည်း သူ့တစ်သက်လုံး အုန်းပင်တက်လာတာ တစ်ခါမှ ညဘက် မတက်ဖူးဘူး။ သည်တစ်ခါပဲ ညဘက်တက်ရမှာဆိုတော့ လက်နှိပ်ဓာတ်မီးပြမယ့် လူတစ်ယောက်ခေါ်ပြီး ထွက်သွားရော။ မစိန်တင့်ကလည်း ရွာအနောက်ဖျားက ငှက်ပျောခြံဖက် မိန်းမဖော်နှစ်ယောက်နဲ့ သွားကြပြီ။ ကိုချစ်တိုးကလည်း ပြောလက်စ စကားရပ်ပြီး ထိုင်ချလိုက်ရတော့တာပါပဲ။ သတို့သားမောင်ကြိုင်ကတော့ ဖျားနေတဲ့ ကျောင်းအုပ်ဆရာကြီးကို ခြေထောက်တွေ နှိပ်ပေးနေလေရဲ့။ လူဝကြီးကိုမှတ်တင်ကလည်း အင်္ကျီချွတ်ကြီးနဲ့ ငုတ်တုတ်။ ကိုကျော်သန်းကတော့ သူ့ကားဆီ စိတ်ရောက်နေတာပါ။ နေ့တွင်းချင်း ပြန်လာခဲ့မယ် ပြောထားခဲ့ကြတာဆိုတော့ အိမ်က မိသားစုတွေလည်း စိတ်တွေပူနေကြရော့မယ်လို့ တွေးမိတယ်။ မတော်တရော်တွေးပြီး ပူကြမှာလည်း စိုးရသေးတယ်။ မနက်တော့ စောစောထပြန်ရမှာပဲလို့ တွက်တယ်။ သည်ရွာက လှည်းဗှား၊ သဖန်းတောကို ကားသွားယူ၊ သည်ဘက်လမ်းကောင်းကို ပြန်မောင်းရမယ့် ခရီးစဉ်ကလည်း မသေးဘူး။

ရွာသူရွာသားတွေကတော့ ရှုစိရှုစိဖြစ်လာကြရာက လူတွေတောင် ထပ်တိုးလာသေးတယ်။ ဘက်ထရီမီးချောင်းတစ်ချောင်းစ နှစ်ချောင်းစကလည်း မှိန်ချင်လှပြီ။ ကိုချစ်တိုးကို လှမ်းကြည့်တော့ သူလည်း မေးထောက်ပြီး ကန်တော့ပွဲစောင့်နေလေရဲ့။ မကြာပါဘူး။ အုန်းသီးက အရင်ရောက်လာတယ်။ အုန်းသီးကို ရေဆေးခိုင်းပြီး ကြွက်မီးထိုး၊ ငှက်ပျောသီးသုံးဖီးပါ ရောက်လာတော့ ပြည့်စုံသွားပြီ။ လက်ဖက်နဲ့ ကွမ်းယာကတော့ရှိတယ်။



အားလုံးစုံတော့ ကိုလှမောင်ကထပြီ။

"ကိုင်းဟော့ ကိုင်းဟော့ မင်္ဂလာစကားပြောတော့မယ်၊ ညီ့သည်တွေကမနက်စောစော ပြန်မှာဆိုတော့ ခင်ဗျားတို့လည်း မနက်ဘက်အားကြတာ မဟုတ်ဘူး။ ကနေ့ညပဲ အကျဉ်းရုံးလိုက်ရသယ်။ ဘကြီးကိုး ဘာပြောဦးမလဲ"

ကိုလှမောင်က ဘကြီးဖိုးကိုးကို လှမ်းမေးတယ်။ ရွာခံသက်ကြီးဝါကြီးဆိုပြီး ဦးဦးဖျားဖျား ထိပ်တင်လိုက်တာပါ။ ဘကြီးဖိုးကိုးက ညီ့သည်တွေ ပြောပါစေဦးဆိုတော့ ကိုချစ်တိုးလည်း ထ,ရရော။ အားလုံးငြိမ်ကျသွားကြပြန်တယ်။ သတို့သားက လူမမာကို နှိပ်ပေးလို့။ သတို့သမီးက မအေ့ဆောင်မှာ ထိုင်လို့။ သောင်းစိန်က ရေနွေးအိုးမီးထိုးလို့။ သည်တစ်ခါတော့ ကန်တော့ပွဲက စိုစိုဖတ်ဖတ်ရှိသွားပြီ။ မီးရောင်တွေကျသွားတဲ့ လယ်ပြင်ကြီး မင်္ဂလာညမှာ ကိုချစ်တိုးအသံက ညသြကြီး ထွက်လာတယ်။

"ကျွန်တော်တို့ကို ရွာသူရွာသားတွေက ဝိုင်းကူကြလို့ အားလုံး အဆင်ပြေပါပြီ။ မင်္ဂလာလည်း ရှိသွားပါပြီ။ လူငယ်နှစ်ယောက်အတွက် မင်္ဂလာစကားကိုတော့ ရွာခံဘကြီးဖိုးကိုးကပဲ ပြောပေးပါ။ ကျွန်တော်တို့ကလည်း နာယူမှတ်သားချင်ပါတယ်။ ကျွန်တော်တို့အပိုင်းကတော့ ရွာသူရွာသားများရှေ့မှာပဲ သတို့သားဘက်က တင်ရမယ့်ပစ္စည်းကို တင်ပါ့မယ်။ ကိုကျော်သန်း ... လာဗျို့"

ကိုကျော်သန်းက အထုပ်ကလေးတစ်ထုပ်နဲ့ ကိုချစ်တိုးအနား ရောက်လာတယ်။ ရွာသူရွာသားတွေကတော့ စိတ်ဝင်တစား ရှေ့တိုးကြည့်ကြတယ်။ ဘာတွေများပါလိမ့်ပေါ့။ သောင်းစိန်ကတောင် မီးဖိုနားကနေ ရှေ့ကို ထွက်လာခဲ့တယ်။ တစ်ရွာသားနောက်ပါသွားမယ့် ချစ်ခွင့်မရလိုက်တဲ့ ချစ်သူကို တင်တောင်းတဲ့ပစ္စည်း မဟုတ်လား။ သူ့လည်ပင်းမှာတော့ သော့အိမ် (သော့ခလောက်) သေးလေးတစ်လုံးနဲ့ သော့တံနှစ်ချောင်းကို ကြိုးမည်းတစ်ချောင်းနဲ့ ဆွဲထားတာတောင် မဖြုတ်သေးဘူး။ နောက်ဆုံးအထိ မျှော်လင့်နေသေးတဲ့ပုံပေါ့လေ။

"ဒါက တစ်ကျပ်သားဆွဲကြိုးတစ်ကုံးပါ၊ ဟောဒါက တစ်ကွင်းကို ငါးမူးသား လက်ကောက်တစ်ရံပါ၊ ဟောဒါက တစ်မတ်သားစီရှိတဲ့ လက်စွပ်နှစ်ကွင်းပါ၊ ငွေက တစ်သိန်းပါ၊ ဟောဒါက မောင်ကြိုင့် ဆရာတစ်ယောက်အနေနဲ့ ကျွန်တော်ကူတဲ့ လက်ဖွဲ့ငွေက ငါးသောင်းပါ"

ရွာသူရွာသားတွေက အသံတွေ ထွက်လာတယ်။ အေးသိတော့ ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com



သွားပြီတို့၊ တစ်မနက်စာလုံး သေချင်းဆိုးသမက်၊ ကာလနာသမက်လို့ဆဲနေတဲ့ မစွန်မတစ်ယောက် ခုတော့ ရွှေသမက်၊ ငွေသမက်ဖြစ်ပြီတို့၊ မိဘကို သိတတ်တဲ့ အေးသီတစ်ယောက် သည်လိုပဲ အကျိုးပေးရမှာပေါ့တို့၊ အေးသီတို့များ မြို့သားလည်းရသေး၊ လင်ကောင်းလည်း ရသေးတို့ စသည်ဖြင့် မှတ်ချက်တွေလည်း ထွက်လာတယ်။ ရွာက ဝမ်းလည်းသာနေကြတာပါပဲ။ ခေါ်ငွေက ပစ္စည်းတွေကို အများရှေ့မှာပဲ အေးသီကို ဆင်ပေးတယ်။ ငွေတစ်သိန်းခွဲကိုလည်း မစွန်မလက်ထဲ ထည့်တယ်။ မစွန်မမျက်နှာက မော့လို့။

သည်မြင်ကွင်းကို ငေးစိုက်ကြည့်နေသူကတော့ သောင်းစိန်ပေါ့။ အေးသီကို သူတစ်သက်လုံး ချစ်ခဲ့တယ်။ ချစ်ခွင့်အခါခါလည်း တောင်းခဲ့တယ်။ တောင်းတိုင်းလည်း မရခဲ့ပါဘူး။ ဒါပေမယ့် သူ ဖွဲ့မလျှော့ခဲ့ဘူး။ နှုတ်ကတော်က ယတြာလုပ်ရမယ်ဆိုတာတောင် သူ ယုံယုံကြည်ကြည် လုပ်ခဲ့တာပဲကြည့်လေ။ ခုထိသော့အိမ်နဲ့ သော့တံကြီးဆွဲထားရတုန်း။ ဘယ်လိုပဲဖြစ်ဖြစ် ချစ်သူအတွက် ကြေကွဲရပေမယ့် နှမြောတသပေမယ့် အများရှေ့မှာ သည်လို ပြည့်ပြည့်စုံစုံ တောင်းရမ်းယူတယ်ဆိုတာကိုတော့ ဝမ်းသာမိတယ်။ သူ့စိတ်ထဲ အေးသီက ရွှေဝတ်လိုက်တော့ ပိုတောင် လှပသွားသလိုပဲ။ သူ့ကိုယ်သူလည်း သည်တော့မှ နောင်တ ရသွားခဲ့တယ်။ လတ်လျားလတ်လျားနဲ့ မိဘပိုက်ဆံထိုင်ဖြုန်းခဲ့တာများပြီပဲ။ ထရေဆိုင်က မထခဲ့တာကလည်း သူ့တစ်သက်ရှိနေပြီ။ အေးသီလို မိန်းကလေးတောင် မန္တလေးသနပ်ခါးပို့တဲ့ အလုပ်လုပ်တယ်။ အခင်းထဲ နှစ်ပေါက်၊ နေပူထဲ ငုတ်တုတ်ထိုင်ပြီး ပေါ်သမျှအလုပ်၊ ရသမျှလုပ်ခနဲ့ လုပ်ကိုင်စားသောက်နိုင်ပါလျက်နဲ့ သူ အလုပ်မလုပ်ခဲ့ဘူး။ မိန်းကလေးတစ်ယောက်က မယုံကြည်ဝံ့တာ ဘာဆန်းမှာလဲ။

သတို့သားလုပ်တဲ့ မောင်ကြိုင်ကြည့်ရတာလည်း တောသူတောင်သားထဲကပါပဲ။ မြို့တက်အလုပ်လုပ်ပြီး ရသမျှငွေကလေး စုဆောင်းရင်း ချစ်သူကို တင်တောင်းနိုင်ခဲ့တာလည်း ချီးကျူးစရာပဲ မဟုတ်လား။ သည်လို တွေးလိုက်မိတော့ သောင်းစိန် ဝမ်းသာဝမ်းနည်း ဖြစ်ရတယ်။ ဟုတ်ပြီ။ အေးသီကို သူချစ်ခဲ့တယ်။ ချစ်လျက်ချစ်ဆဲပဲ။ အခု ချစ်သူမင်္ဂလာဆောင်တော့မယ်။ ကြောင်းမြန်းနေပြီ။ တစ်သက်လုံးမဝတ်ခဲ့ရတဲ့ ရွှေတိုရွှေစကလေးနဲ့ ဘဝရှေ့ရေး အတန်အသင့်တော့ လှပနေခဲ့ပြီ မဟုတ်လား။ သူကကော ဘာလက်ဖွဲ့နိုင်မလဲ။ ဘာလက်ဖွဲ့ရင်ကော ကောင်းမလဲ။ ချစ်သူကို နောက်ဆုံး လက်ဖွဲ့ရမယ့်ကိစ္စမှာ အမေ့ဆီက လက်ဖြန့်မနေချင်ဘူး။ ဒါဖြင့် ဘာရှိသလဲ စဉ်းစားပြန်တော့ ဘာမှ



ရှိဘူး။ မနက်ဖြန် မနက်ဆိုရင် အေးသီမြို့ကို လိုက်သွားတော့မတဲ့။ လယ်ပြင်ကြီးမှာ အေးသီ မရှိနိုင်တော့ဘူးပေါ့။ မန္တလေးလိုမြို့ကြီးမှာ အေးသီ ပျော်တော့မှာပေါ့။ သူလည်း သည်ကနေ့ညကစပြီး ထန်းရည်၊ အရက်ဖြတ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ။ သောင်းစိန်ကတော့ တွေးမိတွေးရာ၊ ငေးမိငေးရာ။

ကိုချစ်တိုးက ပြန်ထတယ်။ မင်္ဂလာစကား သူကလည်း နည်းနည်းတော့ ပြောမှကောင်းမယ်ဆိုပြီး စောစောကတည်းက ခေါင်းပူအောင် စဉ်းစားခဲ့ပေမယ့် ပေါ်ဘူး။ ကျောင်းအုပ်ဆရာကြီး ပြောလိမ့်မယ်ဆိုပြီး ဘယ်သူကမှလည်း မင်္ဂလာစကား စဉ်းစားလာခဲ့ကြတာမရှိတော့ ခက်နေပြီ။ ဒါနဲ့ ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးပြောခဲ့တဲ့စကား ပြန်အမှတ်ရပြီး ပြောတယ်။

"သည်လိုပါ လယ်ပြင်ကြီးရွာရောက်လာတော့ လယ်ခင်း၊ ယာခင်း၊ ပဲခင်းတွေ ပတ်ပတ်လည် မြင်ရတာကိုး၊ ကျွန်တော့်စိတ်ထဲ သည်ရွာသူ မအေးသီကို ကျွန်တော့်တူ မောင်ကြိုင်နဲ့ ရတာတော့ တန်ပြီကွလို့ အောက်မေ့မိတယ်။ ငယ်ကြောင့်တုန်းဆိုတော့ သည်ရွာနဲ့ ကျွန်တော်တို့အကြောင်း ဆက်မိပြီ။ သည်တော့ ရွာက တောင်သူရွာဆိုတော့ ဗဟုသုတကလေးတော့ ဝေမျှခဲ့ဦးမှလို့ တွက်မိတယ်။ သစ်ပင်များစိုက်ရင် အမြစ်နဲ့ အနှစ်ကောင်းချင်ရင်တော့ တနင်္ဂနွေနေ့ စိုက်ကြပါ။ အနံ့ကလေးကလည်း မွှေး၊ အစေးလည်း ကောင်းချင်ရင်တော့ ... လာနေ့စိုက်ကြပါ။ အဖူးကောင်းချင့်တော့ အင်္ဂါ၊ အပွင့်ကောင်းချင်တော့ ... ဘူး ... ကိုင်းခွကောင်းချင်တော့ ကြာသပတေး ... အသီးကောင်းချင်တော့ ... ကြာ ဆိုတာကိုး၊ ယောပိုးများကျတတ်တဲ့ရက်လည်း မှတ်ကြပါ။ လဆုတ် ... ရက်၊ ခြောက်ရက်၊ ခုနစ်ရက်၊ ဆယ့်နှစ်ရက်၊ ဆယ့်သုံးရက်၊ ဒါတွေကို ... ရှောင်ရမယ်။ အိမ်တွေမှာ စိုက်အပ်တဲ့အပင်တွေကို ကြည့်ပြန်တော့ သဖန်း၊ ... တော်၊ သရဖီ၊ ပုန်းညက်၊ အုန်း၊ ရှား၊ ကံ့ကော်၊ သီးနဲ့ ဥသျှစ်ဆိုသကိုး၊ ... ခါ ..."

သည်လိုမင်္ဂလာစကားမျိုး ရွာက တစ်ခါမှ မကြားဘူးကြတော့ အထူးအဆန်း ... နေတယ်။ တစ်ယောက်တစ်ယောက် မေးထိုးပြရင်း ဘယ့်နှယ်တုန်းပေါ့လေ။ ... ဖိုးကိုးတောင် မျက်လုံးတွေပင့်ပြီး တယ်ဟုတ်သဲ့ ကောင်ပါလားဆိုတဲ့ပုံနဲ့ ... လို့။ ကျောင်းအုပ်ဆရာကြီးကတော့ ဖျားနေလျက်က ငုတ်တုတ်ထထိုင် ... ။ ချစ်တိုးကတော့ လုပ်ကရော့မယ်ဆိုတဲ့ပုံ။ ရွာသားတွေက တပြုံးပြုံး။ ... တွေက တအုံးအုံး။ မောင်ကြိုင်ကတော့ သူ့လေးချစ်တိုးက အတော်ပဲဆိုတဲ့ ... ။ ကိုချစ်တိုးကတော့ ရွာနဲ့ဘိသိက်ဆရာ အံကျပြီဆိုတဲ့ပုံနဲ့ပါ။ တောသူ

www.burmeseclassic.com

www.burmeseclassic.com

တောင်သားများ လက်ငင်း အသုံးတည့်တာ ပြောတဲ့ကိစ္စ၊ မင်္ဂလာဆောင်နဲ့ ဘာမှမဆိုင်လေခြင်းပြောလို့ မရဘူးလို့လည်း တွေးတယ်။ မင်္ဂလာစကားဆိုတဲ့ အတိုင်း ဒါလည်း မင်္ဂလာစကားပဲ။ ဒါပေမယ့် မင်္ဂလာဆောင်ကိစ္စတော့ နည်းနည်း ထည့်ပြောရတာပေါ့။

"ကျွန်တော်တို့ ဘိုးဘွားများ ယုံကြည်ကြတဲ့ လောကီပညာကို ကျွန်တော်တို့လည်း ယုံကြည်ရတာပဲ။ မောင်ကြိုင် တနင်္လာသား၊ အေးသီ တနင်္ဂနွေသမီး နှစ်ယောက်ပေါင်းတော့ ဥစ္စာပေါအုံ့၊ ချမ်းသာအုံ့၊ အရှည်တည်မြဲအုံ့တဲ့ဗျ။ ကိုင်း ဘယ်လောက်ကောင်းတုန်း၊ ဖွားသက္ကရာဇ်ကိုလည်း သုံးနဲ့စား တစ်ခုကြွင်းတော့ လူ ... နှစ်ခုကြွင်းတော့ နတ် ...သုံးခုကြွင်းတော့ ဘီလူးဗျာ၊ ကိုင်း ... "

ဆိုင်သလား မဆိုင်လေသလားမသိဘူး ကိုချစ်တိုးကတော့ တွန်းချနေတော့တာပါပဲ။ သည်အတိုင်းသာသွားရင် သားဖွားလွယ်အောင်လုပ်တာတို့၊ လအလိုက် အချင်းမြှုပ်တာတို့၊ နို့ထွက်ဟင်းချက်တာတို့ပါ ပါတော့မယ်ထင်လို့ လူဝကြီး ကိုမှတ်တင်က ချောင်းဟန့်သံပေးတယ်။

"အဟမ်း...အဟမ်း...ချစ်တိုး ..."

ကိုချစ်တိုးက လှည့်ကြည့်တယ်။ လူဝကြီး ကိုမှတ်တင်က သဘောကျလို့ ဆက်ပြောဆက်ပြောလို့ ထင်ရာက ပြောရမယ့်စကား စဉ်းစားပြန်ရော။

"ဟော... လာပြန်တယ် အောင်၊ ဆင်းရဲ၊ ပြီး ... လာဘ်၊ ဒဏ်၊ မူမျှား ချစ်တဲ့ ... သူ့ရက်နဲ့သူ ရှိတယ်။ အောင်တဲ့ရက်၊ ဆင်းရဲတဲ့ရက်၊ လာဘ်ရတဲ့ရက် ဒဏ်ကျတဲ့ရက်၊ အမှုများတဲ့ရက်၊ ချစ်တဲ့ရက်ပေါ့ဗျာ...ကနေ့က ချစ်တဲ့ရက်ဗျား ကိုင်း... ကျွန်တော် တွက်နည်းမေ့နေလို့"

"အဟမ်း... အဟမ်း ... ချစ်တိုး တော်လကွာ ..."

သည်တစ်ခါတော့ လူဝကြီး ကိုမှတ်တင်က တော်လကွာပါ ထည့်လိုက်တယ်။ ကိုချစ်တိုးကလည်း ပြောစရာမရှိတော့ပါဘူး။ စကားအနားသတ်ဖို့ ပုဆိုးတိုကလေး ကျပ်စည်းသလို ပြန်စည်းတယ်။ ရွာသူရွာသားတွေကိုလည်း ဝေ့ကြည့်လိုက်တယ်။ ရွာသားတစ်ယောက်က ဘက်ထရီ အိုးတစ်ဖက် မီးချောင်း တစ်ဖက်ကိုင်ပြီးဝင်လာလို့ အခမ်းအနားက နည်းနည်းပိုလင်းသွားပြန်ပါရော။ အေးသီကတော့ မျက်နှာကလေးပြုံးလို့။ မစွန်မကတော့ သားမက်လောင်း မောင်ကြိုင်ကို ကျေကျေနပ်နပ်ကြီးကြည့်လို့။

"ကျွန်တော့် မင်္ဂလာစကားကို အနားသတ်ရရင် မင်္ဂလာရှိကြပါပြီ၊ အောင် ကြပါပြီ။ မန္တလေးချော်ဆိပ်နဲ့ လယ်ပြင်ကြီး ရွှေလမ်း၊ ငွေလမ်း ပေါက်ပါပြီ၊ ကိုင်း... ဘကြီးဖိုးကိုးက ဆက်ပါဦး"



ကိုချစ်တိုး ထိုင်ချလိုက်ရင်း ဘကြီးဖိုးကိုးကို မင်္ဂလာစကားပြောဖို့ စကားစ ထိုးလိုက်တယ်။ ဘကြီးဖိုးကိုးကတော့ လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာတွေနဲ့ ဆက်သက်ပြီး တော်တော်လေး ပြောရှာတယ်။ အုန်း၊ ကောင်း၊ ဇော၊ လှ၊ ပန်း၊ သက်၊ တောင် အခါရက် တွက်ပြတယ်။ အုန်းတနင်္ဂနွေနေ့ဖွား သိကြားစောင့် တယ်။ ကောင်း တနင်္လာ ဗိဿနိုးနတ်စောင့်တယ်။ ဇော အင်္ဂါခြင်္သေ့စောင့် တယ်။ လှ ဗုဒ္ဓဟူး ဆဒ္ဒန်ဆင်မင်းစောင့်တယ်။ ပန် ကြာသာပတေး ဗြဟ္မာစောင့် တယ်၊ သက် သောကြာ မာရ်နတ်စောင့်တယ်။ တောင် စနေ အသူရိန်စောင့် တယ်ဆိုတဲ့ စကားနဲ့အညီ မောင်ကြိုင် တနင်္လာ ဗိဿနိုးနတ်စောင့်တဲ့အကြောင်း၊ အေးသီ တနင်္ဂနွေ သိကြားမင်းစောင့်တဲ့အကြောင်း၊ ဒါကြောင့် ကောင်းရက် များဖြစ်တဲ့အကြောင်းကအစ လင့်ဝတ္တရား၊ မယားဝတ္တရားတွေပါ တစ်ထိုင် တည်း ပြောပြလိုက်တာ သန်းခေါင်ချဉ်းကရော။ ကိုကျော်သန်းက ဘကြီးဖိုးကိုး ကို ငွေငါးထောင် ကန်တော့တော့ ဘကြီးဖိုးကိုးက ဆုတွေပေးနေပြန်ရော။

သည်အချိန်မှာ အိုးသူကြီးတွေရဲ့ မီးဖိုဘက်ဆီက ကြက်သားဟင်းနံ့ ထွက် လာပါပြီ။ ကြက်သုံးကောင်ရိုက်ပြီး ဆီပြန်ချက်ထားတဲ့အနံ့မှန်း ကိုချစ်တိုးက သိတယ်။ ဒါက မနက်ဘက် ညေ့်သည်ကျွေးဖို့ ဟင်းလုံးနေတယ်ဆိုတာလည်း သိပါရဲ့။ ဝမ်းဟာလာပြန်လို့ မဟုတ်ပါဘူး။ ရွာရပ်က သူတို့အပေါ်ထားတဲ့မေတ္တာ အတနာကို ကိုချစ်တိုး သတိရလိုက်လို့ပါ။ သူတို့နောက်ကျတာကို ခွင့်လွှတ်ကြ တဲ့အပြင် တစ်ရွာလုံးက ထမင်းဟင်းတွေ ရူးလာကြတယ်။ မနက်စားဖို့ ချက်ပြုတ် ကြတာကို ကျေးဇူးလည်း တင်မိသလို၊ ရွာကိုလည်း ခင်သွားခဲ့တယ်။ တစ် လမ်းလုံး ဒုက္ခရောက်ခဲ့သမျှလည်း ပျောက်ပြီ။ သည်အချိန်မှာ ကိုချစ်တိုးရင်ထဲ မှာ စိတ်ချမ်းသာမှုပဲ ရှိတော့တယ်။ မြို့မှာမွေး မြို့မှာပဲကြီးခဲ့ရတဲ့ ကိုချစ်တိုး တစ်ယောက် ခဏတာကလေးအတွင်းမှာပဲ အညာကျေးတောနေတို့ရဲ့ နှလုံးသား တွေနဲ့ ရင်းနှီးခဲ့ရသလို ကျေးလက်ကို ခင်တွယ်စိတ်ကလေးပါ ဝင်ခဲ့ရတယ်။ သူ့လိုပဲ လူဝကြီးကိုမှတ်တင်ကလည်း ခံစားရပုံပေါ်ပါရဲ့။ ပုံ့ပုံ့ကြီးထိုင်နေရင်း က မင်္ဂလာပြုဖွယ်ကိစ္စ ဆက်တာဝန်ယူပြန်တယ်။

"ကိုင်း... ကိုင်း မောင်ကြိုင်နဲ့ အေးသီ ရှေ့ကိုလာကြ၊ ရတနာသုံးပါး ကန်တော့ရအောင်၊ ပြီးရင် ဘကြီးဖိုးကိုးကိုကန်တော့၊ အမေ မစွန်မကို ကန်တော့ ကြ"

မစွန်မက မျက်ရည်တွေတွေကျရင်း ကွက်လပ်ကြား ထွက်လာတယ်။ မစွန်မ မျက်ရည်ကျတော့ ရွာသူတချို့ကလည်း ဘာမှန်းမသိပဲ မျက်ရည်ကျ

www.burmeseclassic.com

www.burmeseclassic.com



ကြလို့။ မောင်ကြိုင်နဲ့အေးသီက အိမ်ဘုရားစင်မှာ အရင်သွားကန်တော့ကြပြီး ဘကြီးဖိုးကိုးကို ကန်တော့။ မစွန်မကို ကန်တော့။ မစွန်မက သမီးကလေး တစ်သက်လုံး စောင့်ရှောက်ခဲ့ရပြီး အများရှေ့မှာ သတို့သားလက် အပ်ရပါပကော ဆိုတဲ့စိတ်နဲ့ ငိုရှာတာပါ။ မအေငိုတော့ အေးသီလည်း ငိုတယ်။ အေးသီငိုတော့ မောင်ကြိုင်က မျက်နှာကြီးအိုလို့။ ဦးမှတ်တင်က ရင်ပတ်ကြေးတွန်းရင်း ဆုပေး တယ်။

"ဤသို့ပြုရ မြတ်ပုညကြောင့် သဗ္ဗဘေးဒဏ် ရန်မရှိ ပကတိ ကျန်းမာ ချမ်းသာတိုးပွား ရတနာမိုးများရွာသကဲ့သို့ လိုရာဆန္ဒပြီးမြောက်ကြပါစေဗျား"

မင်္ဂလာကိစ္စပြီးပြီဆိုတော့ ရွာကလူတွေ ပြန်ကြပြီ။ ရေနွေးတွေ တလှိုင်လှိုင် တည်ပေးနေတဲ့ သောင်းစိန်တို့အုပ်စုလည်း ပြန်ကြပြီ။ ဘထွန်းတို့လည်း ပြန်ကြပြီ။ ကိုလှမောင်နဲ့ ရပ်ရွာလူကြီးတစ်သိုက်ပဲ ကျန်တော့တယ်။ ဘက်ထရီ မီးချောင်းတွေလည်း ပြန်ပို့လိုက်ကြပြီ။ မီးတိုင်ခွက်ကလေးနဲ့ပဲ လူစုထိုင်ကြ တယ်။ တော်တော်လေး ညဉ့်နက်မှ တစ်ရေးမေးကြတယ်။ ငန်းဆေးတန်ခိုး ကြောင့် ဆရာကြီးတောင် ချွေးတွေပြန်လာပြီး ရေနွေးထ သောက်နေသေးတာပါ။ ကောက်ညှင်းကြော်တွေ တစ်ဝကြီးစားပြီး အားလုံး အိပ်ကြတယ်။ မအိပ်တာ က မောင်ကြိုင် အူတွေမြူးလို့ကိုး။

□

## (၁၅)

မိုးစင်စင်လင်းတော့မှ ညှော်သည်တွေ နိုးကြတယ်။ ညက ညဉ့်နက်တာရော ခရီးပန်းတာရောဆိုတော့ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဒွန်းကလွဲရင် အိပ် လိုက်ကြတာ အတုန်းအရုန်းပါပဲ။ မစွန်မနဲ့ ဒေါ်ငွေကတော့ မနက်စောစောထ ပြီး ကောက်ညှင်းပေါင်းထားတယ်။ ရွာထိပ်က အကြော်ပြေးဝယ်ပြီး ညှော်သည် တွေကို ညှော်ခံရှာတယ်။ မောင်ကြိုင်နဲ့ အေးသီကတော့ မန္တလေးကပါလာတဲ့ လူပျိုဖွယ်မှန့်တွေ ဘုန်းကြီးကျောင်းသွားကပ်ကြလို့ အိမ်မှာမရှိကြဘူး။ ကိုချစ်တိုး က ကိုကျော်သန်းနဲ့ညှိပြီး အစီအစဉ်ဆွဲကြတယ်။ ရွာကလည်း ချက်ပြုတ်ထား တော့ ထမင်းတော့ စားသွားကြမယ်၊ သိပ်နေမြင့်လို့တော့ မဖြစ်ဘူးလို့လည်း စဉ်းစားကြတယ်။

"နေဦး... ခင်ဗျားတပည့်က ရွာမှာနေခဲ့မှာလား ပြန်ခေါ်သွားမှာလား"

"ခေါ်သွားရမှာပေါ့ ကိုချစ်တိုးရာ၊ အေးသီလည်း ထည့်ရင်တော့ ခေါ်သွား ရမှာပေါ့"



"အေးဗျ... ဒေါ်စွန်မပါ ခေါ်သွားရမှာပေါ့ဗျာ၊ ဒါမှ တင့်တယ်မယ်နဲ့ ဆိုတယ်"

"လောလောဆယ် ဘယ်မှာထားမှာတုန်း"

"ကျုပ်အလုပ်ရုံထဲက ဂိုဒေါင်တစ်ခန်းပေးရမှာပဲဗျာ၊ ကျွန်တော့်အလုပ်က မောင်ကြိုင် မရှိလို့မဖြစ်တော့ ထားခဲ့ရင် တော်တော်နဲ့ပြန်လာမှာ မဟုတ်ဘူးလေ၊ ထားနားကပ်နေမယ့်ကောင်ဗျ"

ခဏနေတော့ ကိုလှမောင်က သဖန်းတောမှာထားခဲ့တဲ့ ကားဆီကို လိုက်ပို့ လှည်းနှစ်စီး ဆင့်တယ်။ ညှော်သည်တွေ ထမင်းကျွေးဖို့ ပြင်ဆင်တယ်။ ချက် အားတဲ့ ဟင်းတင်မကပါဘူး။ ရွာက ဟင်းတစ်ခွက်စီ လာပို့ကြလို့ ဟင်းတွေ မှုန်လှပေါ့။ ကနေ့ အေးသီ မြို့လိုက်သွားတော့မယ်ဆိုလို့ မြစိန်တို့လို ရွယ်တူ သူငယ်ချင်းတွေက မိုးတောင်မလင်းသေးဘူး လာငိုလိုက်ကြတာ ကျူကျူပါလို့။ မြို့မှာ မင်္ဂလာပွဲကလေးလုပ်ပြီးရင် လာမယ့်တန်ဆောင်မုန်းမှာ ရွာလာပြီး မင်္ဂလာ ဆွမ်း လုပ်ဦးမှာဆိုတော့ အေးသီတို့ ဂုဏ်ရှိလှပေါ့။ မြို့မှာ တစ်သက်လုံးနေရမှာ ဆိုတော့ ရွာကိုတော့ အလွမ်းသား။ မစွန်မကလည်း တကယ်တမ်း ရွာကိုခွဲရ တော့မယ်ဆိုတော့ ရွာကို လွမ်းလှသကောရယ်လို့ ငိုပြန်ပါရော။ မောင်ကြိုင် ကတော့ တငိုတည်းငိုနေတဲ့ အေးသီနဲ့ ဒေါ်စွန်မကို ကြည့်ပြီး သည်လိုများ တစ်သက်လုံးငိုနေရင် ခက်ရချေရဲ့လို့ တွေးတယ်။

ညှော်သည်တွေ ထမင်းကျွေးပြီး ရွာခံတွေ စားနေကြတုန်း အိမ်ရှေ့မှာ လှည်း နှစ်စီးလည်း ရောက်ပြီ။ လှည်းဆရာတွေက နွားတွေ ခဏဖြုတ်ချွတ်ထားပြီး မန်ကျည်းပင်ရိပ် ဆေးလိပ်ထိုင်သောက်နေကြပြီ။ ရွာကလူတွေလည်း ရောက် လာကြပြီ။ မိန်းမသားနဲ့ ကလေးတွေများတာပါပဲ။ အေးသီကတော့ ရှိသမျှထဲက အကောင်းဆုံးဝတ်ထားလို့ ကြည်ကြည်စင်စင်ကလေးလှလို့။ မြို့ကိုယူရမယ့် ခေါင်းကလေးတွေ စုထုပ်ပြီး မြွေရေခွံအိတ်နှစ်လုံးထဲ ထည့်တယ်။ စောင်တွေ၊ ခြင်ထောင်တွေ စုထုပ်တော့ ကိုကျော်သန်းက မယူခဲ့နဲ့တော့တဲ့။ မြို့ရောက် ရင် အသစ်ဝယ်ပေးမယ်ဆိုတော့ များများသယ်စရာ မရှိတော့ဘူး။ အေးသီက မောင်ကြိုင့်ကို တိုးတိုးမေးတယ်။

"အစ်ကို ပျော်ရဲ့လား"

"မပျော်ဘဲ ရှိပါ့မလား"

"မြို့ရောက်ရင် ကျုပ်တို့သားအမိ နှိပ်စက်မှာစိုးတာပါတော်"

"မနှိပ်စက်ဘဲရှိပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရယ်"

"မနိုပ်စက်ပါဘူး ပြောတာပါ"

"အစ်ကိုတို့မြို့သားတွေက ပြောဖြစ်တာမဟုတ်ဘူး၊ မြို့သူတွေက လှတော့ ခြေရှုပ်မှာလည်း စိုးသတော်"

"ခြေမရှုပ်ပဲ ရှိပါ့မလား"

"ဘယ်လိုရယ်"

"ခြေမရှုပ်ပါဘူးလို့ ပြောတာပါ"

သည့်ထက်လည်း ပိုပြောမကောင်းတော့ အေးသီ မောင်ကြိုင့်လက်မောင်းကို ဆိတ်လိုက်တယ်။ မောင်ကြိုင်က စကားလည်း များများမပြောတတ်တာ မဟုတ်တော့ ပြောမိပြောရာကိုး။ ဆွဲကြိုးကလေး၊ လက်ကောက် ကလေးနဲ့ဆိုတော့ အေးသီက ပိုတောင်လှသေးတယ်ထင်ရှာလို့ ကြည့်ရတာ မဝဘဲမဝနိုင်ဘူး။ အားလုံးပြန်ကြဖို့ပြင်တော့ ကိုယ့်အဝတ်အစားကို လဲကြရပြီ။ လူဝကြီး ဦးမှတ်တင်လည်း ခုမှအကျီဝတ်ရတော့တယ်။ အကျီ၊ ပုဆိုးလဲပြီးတာနဲ့ မပြောမဆို လှည်းပေါ် ဖင်ချိတ်ထိုင်လိုက်တာ ခွထောက်ထောက် ရုံထောက်ထားတဲ့ လှည်းက ဖင်ထောင်ပါလေရော။ လှည်းတစ်ခါမှ မစီးဖူးတဲ့သူဆိုတော့ ကားလိုပဲ မှတ်တာပေါ့။ လှည်းဦးထောင်သွားတော့ ဦးမှတ်တင်လည်း ဖုတ်ခနဲပြုတ်ကျတော့တာပဲ။ ဝိုင်းကြည့်နေကြတဲ့ လူတွေဆိုတာ အူတွေများတက်လို့။ ရွာသူတစ်ယောက်က အော်တယ်။

"ဦးဝကတော့ အမှတ်တရ လုပ်ခဲ့တာပေါ့လေ။ ကျုပ်တို့ကတော့ လွမ်းကျန်ရစ်ခဲ့တော့မှာပါတော်"

ဦးမှတ်တင်ကို ယောကျ်ားသန်သန် လေးငါးယောက်က ချိုင်းကနေ မတူရတယ်။ လှည်းနှစ်စီးမှာ စီးရမယ့်လူတွေ စာရင်းချကြည့်တော့ လူဝကြီး ဦးမှတ်တင်ကို ဗဟိုပြုပြီး တွက်ကြရတယ်။ ဦးမှတ်တင်စီးမယ့်လှည်းမှာ ဒေါ်ငွေ၊ ဒေါ်စွန်းမ၊ မောင်ကြိုင်နဲ့ အေးသီ။ နောက်တစ်စီးမှာက ဆရာကြီး ဦးကျော်ဒွန်း၊ တရုတ်ကြီး ဦးဝိန်၊ ကိုကျော်သန်း၊ ကိုချစ်တိုးနဲ့ ကိုကျော်ဝင်း လှည်းပေါ် အသီးသီးရောက်ကြတော့မှ ကိုချစ်တိုးနဲ့ ကိုကျော်သန်းတို့က မတက်ကြသေးဘဲ ကိုလှမောင်ကို အနားခေါ်တယ်။ ကိုလှမောင်လက်ထဲ ရွာဝင်ကြေး ငွေတစ်သောင်းထည့်ပေးပြီး အစစအရာရာအတွက် ကျေးဇူးတင်ကြောင်း ပြောကြတယ်။ ရွာဝင်ကြေးဆိုတာ ရွာခံမိန်းကလေးကို တောင်းရမ်းယူတဲ့အတွက် ရွာရေးရပ်ရေးသုံးဖို့ ရန်ပုံငွေပါ။ တကယ်က ရွာဝင်ကြေးက အဲသလောက် မယူကြပါဘူး။ ကိုလှမောင်ကို ကျေးဇူး



ဆင်လွန်းလို့ တမင်ထည့်ပေးကြတာပါ။ မြို့မှာ ကလေးတွေမင်္ဂလာဆောင်တော့လည်း ကြွခဲ့ဖို့ဖိတ်တယ်။ ကိုလှမောင်က မယူပါရစေနဲ့ အတန်တန် တောင်းပန်နေသေးတာပါ။ ကိုကျော်သန်းက ဖွတ်ပေးတော့မှ ယူရှာတယ်။

"တစ်ခုပဲ ကျုပ်ပြောချင်တယ်ဗျား၊ ကျုပ်ရွာက ဒေါ်စွန်းမတို့ အေးသီတို့ကနေအစားဆင်းရဲပေမယ့် စာရိတ္တကောင်းကြသူတွေပါ၊ မြို့ရောက်လို့ အဆင်ပြေသယ် စိတ်ချမ်းသာကြတယ်ဆိုတာပဲ ကျုပ်တို့ရွာက ကြားချင်ကြသာပါ။ သူတို့ကိုတော့ စိတ်မဆင်းရဲစေချင်ဘူး။ တကယ်လို့ မြို့မှာ မပျော်ဘူးဆိုရင်တော့ သူတို့သားအမိကို ကျုပ်တို့ရွာအရောက် ပြန်ပို့ပေးကြပါဗျာ"

ကိုလှမောင် ပြောလိုက်တဲ့စကားကြောင့် ကိုချစ်တိုးရော ကိုကျော်သန်းပါစိတ်မကောင်း ဖြစ်သွားကြတယ်။ ဆွေမတော် မျိုးမစပ်ပေမယ့် ကိုယ့်ရွာသူရွာသားကို ငဲ့ရှာကြပါလား၊ သံယောဇဉ်ရှိကြပါလား၊ နှလုံးသားတွေ ဖြူစင်နူးညံ့ကြပါလားလို့ တွေးမိပြီး လေးလည်းလေးစားသလို ရင်ထဲမှာလည်း နင့်ခနဲ ခံစားလိုက်ရတယ်။ ကိုလှမောင်လက်ကို ဖျစ်ဖျစ်ကြီးဆုပ်ပြီး ကတိပေးလိုက်ရုံမကဘယ်ပြင်ကြီးကိုလည်း ကိုယ့်ရွာလို သဘောထားပါကြောင်း ပြောရတယ်။ ရွာလေးကိုလည်း ရောက်အောင်လာခဲ့ဖို့ မှာခဲ့ကြတယ်။

"ကိုင်း... ကိုင်း နေပူရော့မယ် သွားကြတော့"

လှည်းတွေစထွက်တော့ အပျိုတွေက လှည်းတွေရှေ့က ပန်းကြိုးတားကြတယ်။ ရွာမှာပွင့်တဲ့ တောပန်းကလေးတွေ သီချိတ်ပြီး တားကြရှာတာပါ။ မြစိန်တို့က ပန်းကြိုးတားတော့ လှည်းဆရာက တုန့်ခနဲ ရပ်လိုက်တယ်။ ရှေ့လှည်းပေါ်ကနေ ကိုချစ်တိုးက လှည်းပေါ်ကဆင်းပြီး မိန်းကလေးတွေ မုန့်ဖိုးရယ်လို့ ငွေငါးထောင်ပေးလိုက်တယ်။ ဝါးခနဲ အော်ရယ်ကြပေမယ့် နောက်လှည်းပေါ်က အေးသီကိုမြင်တော့ စိတ်မကောင်းကြပြန်ဘူး။ အေးသီက မျက်ရည်တွေကြားက ပြုံးပြရှာပါရဲ့။ မြစိန်က အေးသီကို နှုတ်ဆက်တယ်။

"သွားတော့ အေးသီရေ ညည်းကပြောတော့ မင်္ဂလာကားကြီးနဲ့ မြို့ကိုကြွားကြွားကြီး ပြန်မှာဆိုဟဲ့ ခုတော့ တို့ရွာက မင်္ဂလာလှည်းကြီးနဲ့ပါလားတောင်မရဲ့"

"အေးပါ မြစိန်ရယ် သွားတော့မယ်နော်"

လှည်းက ရှို့ခနဲ့ ထွက်လာခဲ့ပြီ။ ရွာကထွက်ပြီး ညောင်ခြေ...ကျ်သဖန်းတောဘက်လမ်းကိုကွေ့ပြီ။ ရွာထန်းတဲကလေးကိုကျော်တော့ ကျေးငှက်သံတွေညံနေတဲ့ လှည်းလမ်းဘေး တောတန်းကလေးကို ရောက်လာခဲ့ပြီ။ သည်

www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ လူတစ်ယောက် သစ်ပင်ကွယ်က ဘွားခနဲပေါ်လာခဲ့တယ်။ သောင်းစိန်။ ဟန်ဆောင်ပြုံးထားတဲ့ အပြုံးနဲ့ သောင်းစိန်။ အေးသီတို့စီးလာတဲ့ လှည်းဆီကပ် သွားပြီး သူ့လည်ပင်းက ဆွဲထားတဲ့ သော့ခလောက်ကလေးနဲ့ သော့တံကလေး နှစ်ချောင်းပါတဲ့ ကြိုးမည်းကလေးကို လည်ပင်းက အသာအယာဖြုတ်တယ်။ လှည်းနောက်မြီးကနေ အေးသီကို လှမ်းပေးလိုက်လေရဲ့။

"အေးသီ ဒါလေးတော့ ယူသွားပါ ငါ့နှမရာ၊ ငါတတ်နိုင်တာ လက်ဖွဲ့ လိုက်တာပါဟာ၊ အဖိုးမတန်ပေမယ့် တန်ဖိုးတော့ရှိပါတယ်"

အေးသီက လှမ်းယူလိုက်တယ်။ ကြိုးကနေကိုင်ကြည့်လိုက်တော့ သော့အိမ် ကလေးနဲ့ သော့တံကလေးနှစ်ချောင်း။ အေးသီက သောင်းစိန်ကို ကြည့်ရင်း ပြုံးရုံကလေး ပြုံးပြလိုက်တယ်။ မောင်ကြိုင်က ခုမှ သော့ရတော့တယ်ဆိုတဲ့ပုံနဲ့ အေးသီလက်က ကြိုးကို လှမ်းယူတယ်။ ဆွဲဖြုတ်ပြီး သော့ခလောက်ကို အေးသီ မြွေရေခွံအိတ်က ဇစ်ကွင်းကလေးမှာ ချောက်ခနဲ ခတ်လိုက်တယ်။ သော့နှစ်ချောင်း ကိုတော့ အေးသီလက်ထဲ ထည့်ပေးလိုက်တာပါပဲ။ အေးသီက လှည်းပေါ်က သောင်းစိန်ကို တစ်ချက်လှမ်းကြည့်တယ်။ သောင်းစိန်က ရွာဘက်ကို ပြန်နေပါပြီ။

"သော့လေးတော့ သေသေချာချာ သိမ်းမှတော်ရေ ..."

"မသိမ်းလို့ ဘာရလိမ့်မတုန်း"

လှည်းကတော့ တအိအိ သွားနေလေရဲ့။ သည်တစ်ခါတော့ မောင်ကြိုင့် စကားကို အေးသီ မရယ်ဖြစ်ပါဘူး။ မျက်ရည်တွေကြားကပဲ လယ်ပြင်ကြီးရွာ ကလေးကို မြင်သလောက် လှည့်ကြည့်ရှာလေရဲ့ ...။

[ကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြခဲ့သော ကျွန်မ၏မောင် မောင်သိန်းစိုး (ရွှေစင်အောင်) အား ကျေးဇူးတင်ပါသည်။]

ခင်ခင်ထူး

■



www.burmeseclassic.com

# သဒ္ဒိုး

## (၁)

တော်သလင်းလကြီး။ တစ်ရက် နွားစာစဉ်းနေရာက နွားစားကျင်းထဲ ဖွဲနု တစ်တောင်းလာဖြူးတဲ့ သူ့မိန်းမ မှုံကြီးကို ကိုပျားအုံက လှမ်းကြည့်တယ်။ သည်မိန်းမ သည်ရက်ထဲများ မွေးရော့မလား အကဲခတ်တာပါ။ တကယ်တော့ သူလည်း နားလည်လှလို့တော့ မဟုတ်ဘူး။ ရွာလက်သည် ကြီးတော်မွေးက 'ပျားအုံ နင့်မယားမွေးတော့မယ်။ ငါ့ စိတ်ထင် သည်ရက်ထဲပဲ' လို့ ပြောတာကို သတိရလိုက်လို့ပါ။ ကြီးတော်မွေးမှန်းရင် လွဲခဲတာ လည်း သူအသိ။ ရွာထဲက ကလေးတွေ ကြီးတော်မွေးလက်နဲ့ မထိရတဲ့ကလေး မရှိခဲ့ဖူးဘူး။ လက်သည် လုပ်လာခဲ့တာပဲရှိရောပေါ့ နှစ်လေးဆယ်တော့။

ကိုပျားအုံက နွားစားကျင်းထဲ ခေါင်းတိုးနေကြတဲ့ နွားသုံးကောင်ထဲက နွားမကြီး မွေးနက်မကိုလည်း လှမ်းအကဲခတ်တယ်။ သည်နွားမကြီးကလည်း ရင့်လှပြီ။ ကနေ့လား၊ မနက်ဖြန်လားဆိုတော့ မယားနဲ့နွားမ အပြိုင်များ ပေါက်နေကြလေမလား တွေးပူတာပါ။ မှန်တာပြောရရင် ကိုပျားအုံက မယား လည်း ပူတယ်။ နွားလည်းပူတယ်။ မယားက သားဦးမွေး၊ အပျိုမွေးဆိုတော့ မွေးရဖွားရ ခက်ခဲတတ်တယ်လို့ ကြားဖူးထားတော့ ကြီးတော်မွေးကို မနက် တစ်ခေါက် ညတစ်ခေါက်တော့ လျှောက်ခဲ့ဗျာလို့ ပြောထားရတယ်။ ကြီးတော် မွေးက သူ့သမီးကြီးရှိတဲ့ သိမ်ရွာဘက် တစ်ခါ တစ်ခါ စွေကယ်ရွှေကယ် သွားတတ်တာရှိတော့ မမှုံကြီးဗိုက်နာချိန် ရွာမှာမရှိမှာစိုးလို့ပါ။ နွားမကတော့ သူကိုယ်တိုင်လည်း နားလည်တယ်။ ရွာက ကိုပေသီးကလည်း နားလည်တယ်။

www.burmeseclassic.com



နှသေကလေးမွေးမှာ မပူပါဘူး။ နွားမသားမွေးတာတော့ ဆန်းလှတာ မဟုတ်တော့ပါဘူး။ ပူတာက မွေးလာတဲ့ နွားကလေးက နွားဝါဖွဲ့နုဖြစ်မှာစိုးတာ။ နွားဝါဖွဲ့နုများ အင်မတန် ညံ့တာဖျင်းတာ နွားသမားမှန်ရင် သိတာကိုး။ နွားအရောင်ကို ပြောတာပါ။

"ပေသီး ငါက နဝါဖွဲ့နုထွက်လာမှာ စိုးသာမောင်ရ၊ ငါ့စိတ်ထဲ နွားမကြီးသားတင်တုန်းက အဝါဖက်များတဲ့ နွားဆိုတော့ နဝါဖွဲ့နုဖြစ်မှာ၊ နဝါမျက်ကွင်းဖြစ်မှာ၊ နဝါဖင်ဖြူဖြစ်မှာကြောက်သာ၊ မဖြစ်လောက်ဘူး တွက်ရသာပဲ"

"မဖြစ်ပါဘူး ပျားရာ၊ မအေက ထန်းသီးဟာကို၊ မအောက်လုလိမ့်မယ်၊ ငါပြောသာမှန်ရင် ပုဆိုးတစ်ကွင်းပေးမလား"

"ပေးရသေးပေါ့ကွာ၊ မှန်ပါစေ ဆုတောင်းသာပါ"

ထင်တဲ့အတိုင်းပါပဲ။ တော်သလင်းလပြည့်ကျော် ဆယ့်နှစ်ရက်နေ့ ညနေခင်း နေရောင်မပျောက်သေးဘူး။ နွားမကြီးမွေးတယ်။ ကိုပေသီးကို ပုဆိုးပေးရဖြစ်လာတာပါပဲ။ နွားညိုသံရောင်ကြီး။ ကိုပျားအုံဆိုတာ ဝမ်းသာလွန်းလို့ နွားမကြီးခေါင်းပွတ်နေတာများ မထတော့ဘူး။ နွားဝါဖွဲ့နု သေအောင်ထုတာတောင် မထတာ၊ နွားဝါမျက်ကွင်း သေအောင်ဖျင်းတာ သိလေတော့ အိမ်တကိုယ်ဝန်အရင့်အမာနဲ့မယား စိတ်မရောက်ဘူး။ နွားမဘက် စိတ်ရောက်နေတော့တာကိုး။ ညခုနစ်နာရီလောက်ရောက်တော့ မယားမမှုံကြီးကလည်း ဗိုက်နာပြီ။ ကိုပေသီးကတောင် နောက်နေသေးတာ။ မင်းမယားမှုံကြီးကတော့ နွားပြာကြောင်စွယ်နေမှာပါကွာတဲ့။ နွားပြာ ကြောင်စွယ်ဆိုတာက နွားနီဘက်လုတဲ့ လက်မည်းဒူးမည်း၊ နှာရောင်မည်း နွားမျိုး။ နကျင့်ကောင်းခေါ်တဲ့ အကျင့်ကောင်း နွားမျိုးထဲတော့ ပါပါတယ်။

"အေးကွာ တိုက်တိုက်ဆိုင်ဆိုင် မိမှုံ မွေးများမွေးတော့မှာလားကွာ"

"မွေးရင်တော့ နှစ်မင်္ဂလာပေါ့ ပျားရာ၊ ဆွမ်းကျွေးလိုက်တော့ သုံးမင်္ဂလာဖြစ်ရော၊ မွေးပါစေဆုတောင်းကွ၊ သည်လိုဖြစ်ခဲပေါ့"

ကြီးတော်ပွေးတင် မကပါဘူး။ ရွာကမိန်းမကြီးတွေပါ လာကြတယ်။ မိမှုံကြီး မိဘဆွေမျိုးများကလည်း မီးနေခန်းပတ်လည် ထန်းလုံးတိုင်တွေ စိုက်ထားသလိုပဲ။ မိမှုံကြီးဘေး ငုတ်တုတ်မည်းတည်းထိုင်နေလိုက်ကြတာ မီးနေခန်းတောင် ကျိုးကျမှာစိုးရသေးတာပါ။ ကိုပျားအုံက မယားကိုယ်ဝန်ဆောင်အနားမကပ်နိုင်တော့ နွားတင်းကုပ်ထဲက မခွာဘူး။ သည်လိုနေပြန်တော့ ရွာကမိန်းမတွေက ကြဲသလို ငေါက်ကြတယ်။



"ပျားအုံရယ် နင့်ဟာက မယားမွေးတာမပူ နမမွေးတာပူ နင့်ဟာက ပြောစရာဖြစ်ပါ့မဟယ်၊ မယားအနား နေပါဦးတော့"

"ရော် ကျုပ်ရှိတော့ကော ဘာလုပ်တတ်မှာတုန်း၊ ကျုပ်မို့ မီးနေခန်းနားအဝင် မောင်းထုတ်ကြသဲ့ဟာ နမဂရုစိုက်ရတော့မပေါ့။ အကျိုးပေးမယ့် နွားဗျ၊ သံရောင်ရယ် ... မှုံကြီးက ခင်ဗျားတို့နဲ့ ပြီးပါသယ်"

နွားမွေးမှာ အဖြူနဲ့အနက် ထွေးထွေးကလေး ရောနေတာကို သံရောင်ခေါ်ကြတာပါ။ အမွေးကြမ်းရင် မကောင်းတတ်ပေမယ့် မွေးလာတဲ့ နွားလေးက မွေးနုရယ်။ ညသန်းခေါင် မကျော်ခင်မှာပဲ မမှုံကြီးကလည်း မွေးတယ်။ သားကျားကလေး။ ကိုပျားအုံနဲ့ တူသတဲ့။ ညိုခဲခဲကလေးတဲ့။ လက်မည်း ဒူးမည်း၊ နှာရောင်မည်းကလေးများလား။ ပေသီးပြောသလို ကြောင်စွယ်ထဲကနေမှာ။ ကိုပျားအုံက ကနေ့တော့ ဟုတ်ဟုတ်သေးတော့ကွာ၊ မယားလည်းမွေး၊ နွားလည်းမွေး။ နွားမက သံရောင်ဆိုတော့ အကျိုးပေးပြီ။ သားဦးက ညိုခဲခဲဆိုတော့ အားကိုးရပြီ။

"ပေသီး ငါက နှာမည်တောင် စဉ်းစားပြီးပြီ။ ငါ့မှာ သားနှစ်ယောက် အမြွှာမွေးသလိုကိုးကွ၊ နှစ်ကောင်စလုံး သံရောင်တွေဆိုတော့ သံဒိုးကြီး သံဒိုးကလေးပေါ့ကွာ။ နွားက သံဒိုးကြီး ငါ့သားက သံဒိုးကလေး"

"ကောင်းသာပေါ့ ပျားရ ... အကျိုးပြီးတဲ့ ဒိုးကြီးကွာ၊ အကျိုးပေးတဲ့ ဒိုးကလေးကွာ"

ကိုပျားအုံက ကိုပေသီး နှုတ်ထွက်စကားကို သိပ်သဘောကျသွားတယ်။ စကယ်လည်း နွားက ဒိုးကြီးတွင်တယ်။ သားက ဒိုးကလေးတွင်တယ်။ သုံးမင်္ဂလာဖြစ်အောင် ဆွမ်းတစ်အုပ်တောင် ကျောင်းပို့လိုက်သေးတာပါ။

ကုက္ကိုကုန်းမှာ ပြောစမှတ်ပြုရတဲ့ အဖြစ်အပျက်ဆိုပါတော့။

ဝ

## (၂)

ကုက္ကိုကုန်းက အုပ်စုရွာကြီးတော့ မဟုတ်ဘူး။ မြိုင်လှက အုပ်စုရွာ။ မြိုင်လှအုပ်စုထဲမှာ ရွာကချည်း ဆယ်ရွာရှိတယ်။ ဖို့ကုန်း၊ ကုက္ကိုကုန်း၊ ညောင်ပင်ဝ၊ ဆိတောစု၊ နှံခင်း၊ ယင်းတိုက်၊ သိမ်ရွာ၊ ညောင်ကားယားနဲ့ ဇော်ပုဆိုတဲ့ရွာတွေပါ။ မြိုင်လှနဲ့ဆို ဆယ်ရွာပေါ့။ မြိုင်လှကလွဲလို့ ကျန်တဲ့ရွာတွေက ခေတ်မီ မယိမ်းရွာတွေ။ စီးပွားရေးချင်းလည်း မကွာကြဘူး။ စိုက်ပျိုးနှံခင်းချင်းတလည်း

www.burmeseclassic.com

www.burmeseclassic.com



မကွာကြဘူး။ မြိုင်လှက မြို့နဲ့နီးတော့ မြို့သွားချင်ရင် မြိုင်လှတော့ တစ်ထောက် ရောက်ကြရတယ်။ ကုက္ကိုကုန်းကနေ မြိုင်လှကို ခရီးနှစ်တိုင်ဝေးတော့ ဒိုးကလေး က မနက်ဆိုရင် မြို့ထိပ်က လက်ဖက်ရည်ဆိုင် ရောက်နေတတ်ပြီ။ သံဒိုးကလေး လို့ ဖအေက မွေးတဲ့နေ့ကပဲ နာမည်ပေးပေမယ့် ရွာက ဒိုးကလေးခေါ်ကြတာပါ။ အကျိုးပေးတဲ့ ဒိုးကလေးလို့ နွားဆရာ ကိုပေသီးက နိမိတ်ဖတ်ပေသိ မွေး ကတည်းက အကျိုးမပေးချက်တော့။

"မွှံမရယ် ငါ့နွား ဒိုးကြီးက ထမ်းပိုးတင်ပါပြီဆိုကတည်းက လုပ်ကျွေ လိုက်သာများဟာ ... အလုပ်ကလည်း တွင်ပါဘိသနဲ့၊ မကော်မကတ် မဆို မယုတ် မျက်ကြားဖွေကောင်း ရွှေရည်မျက်လှ မကောင်းကျိုးပ ကောင်းကျိုး ဆိုသာလိုပဲ အကျိုးပေးချက်တော့ ... ငါ့သား ဒိုးကလေးကျမှ ဘယ်လိုနက္ခတ် နဲ့များ မွေးပါလိမ့်ကွာ"

မအေလုပ်တဲ့ မမွှံကြီးကတော့ ဒိုးကလေးကို မခိုင်းရက်ဘူး။ သားလုပ် ရမယ့် အလုပ်တွေ ကျုပ်ကိုပြောပါ ကိုပျားအုံရယ်၊ ကျုပ်တို့လည်း ထန်းလျက် တစ်ကိုက် ထန်းတစ်ကိုက်မှ မဟုတ်သာ။ ဒိုးကလေးမလုပ် ကျုပ်လုပ်ပါ့မယ်လို့ သားဘက်က ကာတတ်တယ်။ ကိုပျားအုံက အခင်းထဲလည်းဝင်ရ၊ နွားစာလည်း စဉ်းရ၊ နွားရေလည်းထည့်ရ အိမ့်ဗာဟီရလည်း သူချည်းဆိုတော့ ဒိုးကလေးကို ပါ တစ်ဖက်တစ်ယှဉ်း ရုန်းစေချင်တယ်။ မိဘတွေရှိကြတုန်းတော့ ဟုတ်တာပေါ့။ မိဘတွေမရှိရင် ဘယ့်နှယ့်လုပ်ပါ့။ ဒါကိုပူတာပါ။ ကိုပျားအုံတို့မှာ တောင်သူ တောင့်တောင့်ထဲကဆိုတော့ သားတစ်ယောက်အတွက် စီးပွားရေး ပူစရာမလို ပါဘူး။ ဒိုးကလေး မြို့တက် လက်ဖက်ရည်သောက်တာလည်း ထားပါတော့ မနက်တိုင်း အိမ်ကပိုက်ဆံယူပြီး မြို့ဂိုက်ဖမ်းတာကို မကြိုက်တာပါ။ လက်ကြော မတင်းတာကို မကြိုက်တာပါ။ တောသူတောင်သား သားသမီးပီပီ ရာသီနဲ့ သီးနှံရယ်လို့လည်း မသိဘူး။ ပိုးရယ်မွှားရယ်လို့လည်း မသိဘူး။ နွားတစ် ကောင်ရဲ့ ချိုရယ်၊ ဗွေရယ်၊ သွားရယ်၊ အသွေးအရောင်ရယ် စသည်ဖြင့် အကျိုးပေးမပေးလည်း မသိဘူး။ ပဲမှော်တစ်တောင်း ထမ်းမတင်ဖူးဘူး။ ပဲကို ပဲကြေရယ်လို့ တလင်းကို တံမြက်တစ်ချက် သိမ်းဖို့လည်း ခေါင်းထဲမရှိဘူး။ ရေတစ်ထမ်း ကောက်ရိုးတစ်ထုံး မ,မဖူးဘူး။ ဖအေပဲခင်းက လှည်းတိုက်ပြန်လို့ နွားကူမချွတ်ဖူးဘူး။ ဒါကို မအေမမွှံကြီးကလည်း သိပါရဲ့။ သားလူချော်ကို မခိုင်းရက်တော့ ဖအေပြောမယ်ကြံရင် မအေကချည်း ဝင်ရတာလည်းများပြီ။

"နင်လုပ်သာနဲ့ ဒိုးကလေးပျက်စီးနေပြီ။ နေကုန်နဲ့နေခန်း ဘာများသွား



ပ်နေပါလိမ့်ဟာ၊ လက်ဖက်ရည်ဆိုင်ကလည်း နေကုန်တော့ မတားလောက် ဘူး။ ငါ့တော့ မွေးကြမ်းမွေးရှည် နံတိုနံကျပ် သွားကြားရေယို နွားဖျဉ်းအဖတ် ခင်သလို ဖြစ်နေပြီ"

သည်လိုပြောရင် မမွှံကြီးက သူ့သား နွားနဲ့နှိုင်းရသကောရယ်လို့ ဆူဆူပူပူ ဝ်ရာက လင်မယားရန်ဖြစ်ရရော။ ကိုပျားအုံကလည်း ပြောလိုက်ရင် နွားက လွတ်ဘူးကိုး။

ဒိုးကလေးကလည်း ဒိုးကလေးပဲ့။ ဘယ်လို ဗီဇပါလာသလဲတော့ မပြော တတ်ဘူး။ မွေးလို့ လူမှန်းသိပါပြီဆိုကတည်းက ပေါ်ကြော့နေတော့တာပါ။ မှာ ပေါ်ကြော့နေတဲ့လူ တစ်ယောက်တစ်လေရှိလို့ အားကျတယ်ဆိုရင်လည်း ားတော့။ လူတိုင်း၊ ကာလသားတိုင်း အရွယ်ရောက်ပြီဆိုတာနဲ့ အခင်းထဲ ထွန်ထယ်ထိုး မလိုက်နိုင်တောင် အိမ့်ဗာဟီရတွေထဲတော့ ပါရသူချည်းပါ။ တ်၊ နွားကျောင်း၊ မြက်ရိတ်၊ ပဲလှေ့ပဲနယ်လောက်တော့ လုပ်ကြရသူချည်းပဲ။ ကလေးက မဟုတ်ပေါင်။ ပင်ပန်းမယ့်အလုပ်များ ရွာကအလှူလှည့်တာတောင် တ်မကြည့်ဘူးဆိုတဲ့ကောင်။

မွေးကတည်းက ညိုခဲခဲဆိုတော့ ကြီးတော့လည်း ညိုတိုတိုပါ။ ငယ်ဂုဏ် လေးနဲ့ဆိုတော့ ရုပ်မရှိဘူးပြောမဖြစ်ဘူး။ မျက်လုံးမျက်ဖန် ကောင်းကောင်း၊ ရိုးကျကောင်းနဲ့ ပြေပြေပြစ်ပြစ်တော့ ရှိရှာပါရဲ့။ ဆံပင်က မြို့ဆံပင်ကိုက် တော့ ရွာမှာတစ်ဘာသာ ဖြစ်နေတာလည်း ပါတယ်။ ဆံပင်ကုပ်ထောက်ကို အေက ကြည့်မရဘူး။ တစ်ခါတလေ နောက်စေ့ကသိမ်းပြီး ကြက်မြီးစုသိမ်း ရင် ဖအေက ထောက်ခေါက်တော့တာပါ။ လူက တောမှာတော့ လူချောပေါ့။ ဂိုက်ဖမ်းထားတဲ့ တောသားပေသိ ဇာတ်မင်းသားများလို ကန့်ကလျတော့ တယ်။

ဆယ်နှစ်သားလောက်မှာ ကျောင်းကြီးရှင်ဖြစ် သင်္ကန်းဆည်းပြီး ကိုရင် ခဲ့တဲ့ ကုသိုလ်ကလေးရှိတာပဲ။ သူပျော်ရင်လည်း ရဟန်းဘဝကူးပစေတော့ မအေရောဖအေပါ မျှော်လင့်ခဲ့ကြသေးတာပါ။ ရဟန်းရဲ့ မယ်တော်ခမည်း ဘဝခံယူရရင် သည်သားလုပ်ဓာ မစားရချင်လို့မှနေနေ အပယ်တံခါး ရင် တော်ပြီပေါ့လေ။ လေးငါးဆယ်နှစ်သားဆိုတော့ မိရိုပ်ဖရိုပ်အောက်မှာ ပြာနာခံရှိသေးတာကိုး။ ကိုရင်လူထွက်တော့မှ ကြီးကောင်လည်းဝင်သော၊ ကျင့်ကလေးကလည်း သက်သာသလို နေတတ်ချင်လာဆိုတော့ ပြော ကောင်း ဆိုမကောင်းတော့ဘူး။ ကာလသား မပေါက်တစ်ပေါက်ကတည်းက လေးကို မိဘက ကိုင်လို့မရတော့တာပါ။ ဖအေက အခင်းထဲမဆင်းတောင်

www.burmeseclassic.com

www.burmeseclassic.com



ဟိုရွာသည်ရွာ နွားအလဲအထပ်ဖြစ်ဖြစ် လုပ်စေချင်တယ်။ သည်အတိုင်း ရွာတကာ လည်နေမယ့်အစား နွားကောင်းနွားသန့် ဟိုရွာသည်ရွာက ရှာဝယ်ပြီး ကြိုက်ဈေး နဲ့ ရောင်းတာနဲ့ ပိုက်ဆံသုံးရမှာသိလို့ နွားနဲ့ပတ်သက်သမျှ သင်ပေးရှာတယ်။ နွားဆရာ ကိုပေသီးခေါ်ပြီး နားသွင်းခိုင်းတယ်။

"လှည်းနဲ့နွားဆိုတာ မတိမ်ကောဘူး ငါ့သားရဲ့ တို့တောမှာ နွားကောင်းများ အင်မတန်မက်ကြသာ။ အဖေတော့ လုပ်စေချင်သာပဲကွာ။ တောင်ရွာက သောင် ဆိုရင် မင်းနဲ့ရွယ်တူပါကွာ... နွားစီးပွားနဲ့ ပိုက်ဆံရှိလှပေါ့"

"နွားအကြောင်း ကျုပ်လည်းသိပါဗျာ၊ ဝမ်းပျဉ်းသား မိုးခိုသားများ ဖို့ခွင် ပေါ်က နှစ်ရေခမ်းလောက်ချပြီး ထရေနဲ့မြည်းရင် ကောင်းလှပေါ့ အဖေနယ်"

ဖအေက ထမ်းပိုးထဆွဲလို့ မအေ ဝင်ကာရသေးတာလည်း ခဏခဏ ဆံပင်ကုပ်ထောက်ကြီးနဲ့ ဖအေကို ရန်လုပ်မယ့်မျက်နှာနီစုတ်စုတ်နဲ့ ပုဆိုးခါးပုံ တွဲလောင်းနဲ့ဆိုတော့ တစ်ခါတလေ ရောက်လာတတ်တဲ့ ကိုပေသီးကတော့ 'မင့်သားက ဗွေထီးရိုးစိုက်မှတ်သာ ဘယ့်နှယ့် ဗွေချက်ပေါက်ပါကောဟ' တဲ့ ဗွေချက်ပေါက်ဆိုတာက ဗွေညံ့တဲ့ နွားလက္ခဏာကို ပြောတာပါ။

သည်လိုနဲ့ ဒိုးကလေးအသက် နှစ်ဆယ်ရှိလာတယ်။ လူပျိုကြီးဖားဖား သန်သန်ဖြစ်လာတော့ မျက်ခုံးထူထူ၊ မျက်တွင်းကျကျ၊ နှုတ်ခမ်းပါးပါးနဲ့ ပိုပြီးတော့ ဂိုက်ကောင်းလာသေးတယ်။ ပုဆိုးခွေးချေးသိမ်းနဲ့ မြို့အင်္ကျီ ရင်ဘတ် ဟပြဲဝတ်တာဟာ ဒိုးကလေးရဲ့စတိုင်ပဲ။ ကတ္တီပါဖိနပ်တောင် ရောင်စုံစီးတာ သေး။ မအေက တစ်ယောက်တည်းမွေးထားတဲ့ သားမို့သာ အလေးပေးရတယ် သူ့သား အချိုးမဟုတ်ဘူးဆိုတာလည်းသိရဲ့။ မအေဆိုတော့ ချစ်တာနဲ့ပူတာ နှစ်မျိုးစလုံးရှိတာကိုး။ ဖအေ့ကွယ်ရာမှာ မြို့ဂိုက်လိုလို၊ မိန်းမဂိုက်လိုလို ဖြစ်နေ တာကို မကြိုက်တဲ့အကြောင်း၊ ဖအေကြီးခမျာ အရွယ်ရနေပြီဖြစ်ကြောင်း၊ ငါ့ သားက တစ်လှည့်ရုန်းကျွေးပါ့မယ့်အကြောင်း ချော့ရှာတယ်။ ဒိုးကလေးက မပြင်ပါဘူး။ မှတ်ဆိတ်မွေးတောင် အနုတ်မပျက်ဘူး။

"မင်းတို့မလည်း ပြောင်းဖူးဖက်နှစ်လိပ်နဲ့ ပိုလိုတစ်လိပ်တိုက်၊ ပန်းကန်ထဲ ထည့်ထားသလိုပါလား ပျားရာ၊ မင်းသား ခိုင်းလောက် စေလောက်ပါပြီ ခိုင်းကွ မင့်သားဒိုးကလေး မြိုင်လှသွားသွားပြီး ဘာလုပ်နေသလဲ မင်းတို့ ရဲ့လား... မတော်တရော်ဖြစ်မှာ စိုးရသနော"

ရွာကလူကြီးသူမတွေက ကိုပျားအုံတို့ လင်မယားကို သတိပေးကြတယ် သည်စကားကလည်း မှန်တယ်။ မြို့မှာ အသွားအလာစိတ်ရာက အပေါင်းအသင်း



တွေ ရှိလာတယ်။ တစ်ခါတလေ လေးငါးရက် ရွာပြန်မလာဘူး။ တစ်ခါတစ်ရံ တစ်လကိုးသီတင်း ပျောက်ချင်ပျောက်နေတာဆိုတော့ မိဘနှစ်ပါးခမျာ ပူပန်ရ တယ်။ တစ်ဝမ်းတစ်ခါးရှာရတာက တစ်ဖက်၊ သားလူပျိုပူရတာက တစ်ဖက်။ ကြာတော့လည်း ရှိပစေတော့လို့ သဘောထားရတော့တာပါ။

❒

## (၃)

ရွာကလူကြီးသူမတွေက ဒိုးကလေးကို ကြည့်မရကြပေသိ၊ ရွာအပျိုတွေကတော့ ဒိုးကလေးကို စိတ်ဝင်စားကြပြန်ရော။ ဆံပင်ရှည်ရှည်ကို ဆီကလေး ရွှဲအောင် လိမ်းပြီး သပ်သပ်ရပ်ရပ် ဖြီးတော့လည်း ယဉ်သတဲ့။ ဆံပင်မှာ ဆီမရှိဖုံးမရှိ ဖိုးရိုးဖားရား ဖြစ်နေပြန်တော့လည်း ချောသတဲ့။ အပျိုတွေစုမိရင် ဒိုးကလေး အကြောင်းက မပါမဖြစ်ဘူး။ လက်ကြောမတင်းပေသိ ကျောထောက်နောက်ခံ လယ်ကလေးယာကလေးနဲ့ တစ်ဦးတည်းသော သားဆိုတဲ့ဂုဏ်ကိုလည်း မက်သူ က မက်သေးတာပါ။ အိမ်ထောင်ရက်သားကျလို့ သားနဲ့မယားနဲ့ ချည်လိုက် တုပ်လိုက်ရင် ဒိုးကလေး ပခုံးပေါ် ထမ်းပိုးတင်လို့ရမယ်လို့ တွက်သူကလည်း တွက်ကြတယ်။ ဒိုးကလေးက ရွာအပျိုတွေထဲက ဘယ်သူ့ကို စိတ်ဝင်စားနေ သလဲ၊ ဘယ်သူ့ကို ကြိုက်နေသလဲဆိုတာ အပျိုလောကမှာ အရေးတကြီး ဖြစ် နေလေရဲ့။ မိန်းမမျှော် မျှော်ကြတာပေါ့လေ။

ဒိုးကလေးများ ရွာကထွက်ရင် အပျိုတွေက ကြည့်ကြရပြီ။ ဒိုးကလေး က ကိုယ့်ရွာက အပျိုတွေကို ယောင်လို့တောင် သရီးသရီ မရှိပါဘူး။ ဘယ် မိန်းကလေးကချောလို့၊ ဘယ်မိန်းကလေးက လှတယ်ဆိုတာလည်း ခေါင်းထဲ မရှိဘူး။ မိန်းကလေးတွေက နှုတ်ဆက်ရင် ကောင်းကောင်းမွန်မွန် ပြန်နှုတ်ဆက် တယ်။ နှမသားချင်းလို ဆက်ဆံတယ်။ ခေါင်းပုတ်ချင်တောင် ပုတ်သွားသေးတာ။ ရေတွင်းနားက ဖြတ်သွားလို့ ကြုံတဲ့အပျိုက ရေအိုးပင့်ပေးလှည့်ဦးဆိုတော့လည်း ပုဆိုးခွေးချေးသိမ်း တစ်ဖက်တစ်စ ခါးချိတ်ပြီး သွားပင့်ပေးလိုက်တာပဲ။ ထင်းစည်း ခဏချပြီး နားနေတဲ့အပျိုက ထင်းစည်း ရွက်ပေးဦး ဆိုတော့လည်း ပခုံးပေါ် ဖွေ့ခနဲ ကောက်တင်ပေးချင်ပေးတာ။ ရွက်ရင်းက ခေါင်းခုပြေသွားလို့ခွေပေး ဦးဆိုတော့ကော ခေါင်းခုခွေတာများ အဟုတ်။ ခေါင်းပေါ်တောင် အကျအန တင်ပေးလိုက်သေးတယ်။ ရေခပ်ပြန်အပျိုက အလေးရွက်ထားတာသေသိ ဒိုး ကလေးမြင်ရင် ရပ်နှုတ်ဆက်သေးတာ။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ဘယ်တုန်းတော့"

"မြင်လှဘက်ပါ ငါ့နှမရာ... ညည်းအဖေ နေကောင်းရဲ့လား၊ တလောက မမာဘူးဆို"

"ကောင်းသွားပါပြီ၊ အိမ်လာဦးလေ အစ်ကိုလေးရဲ့"

"အေး... အေး"

"အေး အေးဆိုပြီး အလွယ်မပြောနဲ့နော်... လက်ဖက်သုပ်ထားမှာ၊ မလာလို့ကတော့ အလျော်ထဲကပဲ"

"အေးပါ ငါ့နှမရာ... အစ်ကိုလေး မလာတော့လည်း ညည်းတို့ စားလိုက်ကြပေါ့ဟ၊ ငါက ဟိုဆို သည်ရောက်သာရယ်... မျှော်သာတော့ မမျှော်နဲ့"

ဒိုးကလေးက စကားပြောများတော့ အညက်။ သည်လောက် စကားပြောဖြစ်လိုက်တာကိုပဲ အပျိုလောကမှာ အချင်းချင်းဆုံရင် စကားကားကြပြီ။ ဒိုးကလေးက ရေအိုးပင့်ပေးတာတို့၊ ထင်းစည်းရွက်ပေးတာတို့၊ ခေါင်းခုခွေပေးတာတို့ဆိုတာတွေ ထားတော့။ မဟုတ်တာတွေပါ လုပ်ကြံပြောကြတဲ့အထိ ဖြစ်လာကြတယ်။

"မနေ့ညက အစ်ကိုဒိုးကလေးရယ်အေ့ မြို့ကအပြန် အိမ်ဝင်လာပြီး ဘာရှိကြတုန်းဟ ဗိုက်ဆာလာလို့တဲ့။ အမေက ငါးရံ့ဆီပြန်ကလေး ချက်ထားသာပါ ငါတူရယ်ဆိုတော့... မိကြည် ခူးစမ်းဟာတဲ့၊ စားလိုက်တာအေ ထမင်းနှစ်ဘူး ချက်ကုန်ရော"

မကြည်မြင့်က သည်လိုပြောရင် အနားရှိတဲ့ မသန်းလှက တစ်မျိုးပြောပြန်ရော။

"တစ်ရက်က ငါ့စိတ်ထဲ အစ်ကိုဒိုးကလေးကြိုက်လောက်တဲ့ အဆင်ကလေး ရက်ဦးမှပါလို့ စိတ်ကူးပေါက်လို့ အညိုခံမှာ အဖြူစံပယ်ဖူးကလေးတွေ ပြောက်ထိုးခတ်ပြီး ရက်လိုက်သယ်။ ပြီးတော့မှ ရက်ကန်းတန်းကချ၊ လက်ချုပ်ကလေးနဲ့သီ... ချုပ်ရိုးပျောက် သီသာဆိုတော့ စက်ရှုံးသာပေါ့အေ။ ကျကျနနခေါက်ပြီး ဘကြီးပျားတို့ဘက် လျှောက်ရင်း အစ်ကို ဒိုးကလေးလက်ထဲ ထည့်ပေးလိုက်သယ်။ မက်စက်ချက်တော့အေ... မိန်းကလေးဆိုသာ ရက်ကန်းတတ်မှ မိန်းမမြတ် ခေါ်သာတဲ့၊ ကြီးတော်မှုံက ခတ်ချက်နာလိုက်သာအေတဲ့... ဒိုးကလေး ဝတ်ဟဲ့တဲ့" ရက်ကန်းခတ်တတ်တဲ့ မသန်းလှက ရက်ကန်းကျပုဆိုးနဲ့ကြွားတော့ အပျိုကြီးမပွရှုးက ဖိနပ်နဲ့ စကားထည့်တယ်။



"ဒိုးကလေးက ငါ့ထက်ငယ်တော့ ငါ့ကို မမတဲ့၊ ကျွန်တော်က မြို့ဘက်သာသွားနေသာ ကတ္တီပါဖိနပ် မဝယ်တတ်ဘူး။ မမကြုံရင် ဝယ်ခဲ့စမ်းပါဆိုလို့ ရှောင်စုံကို ဝယ်ပေးလိုက်ရပါသတော်။ မမက ရွှဲ့သာလားတဲ့... မရွှဲ့ရပေါင်တော် ငါ့မောင်စီးရင် မမက ဝမ်းသာရသာပေါ့ ပြောရသယ်"

တကယ်ကျတော့ သည်စကားတွေကို ဘယ်သူ့ဘယ်သူမှ ယုံကြတာမဟုတ်ပါဘူး။ မဟုတ်မှန်းလည်း သိကြသားပဲ။ ပါးစပ်ထဲရှိတာ ပြောကြတာ၊ ရင်ထဲရှိတာ ပြောကြတာဆိုတော့ သည်လိုပြောရတာကိုက အရသာကိုး။ တစ်ရွာလုံးက မိန်းမပျိုတွေအားလုံးက လူ့ပေါ်ကြော့ ဒိုးကလေးကို ကြိုက်နေကြတာ မဟုတ်ဆသိ ရွာမှာ ဒိုးကလေးခေတ်စားတာကတော့ အမှန်ပဲ။ ဒိုးကလေးက မိရယ်ဖရယ်လို့ ချွေးထွက်အောင် လုပ်မကျွေးပေမယ့် ရွာကို ဒုက္ခမပေးဘူး။ မိဘနှစ်ပါး စိတ်ဒုက္ခရောက်အောင် မလုပ်ဘူးဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်ဘူး။ ကြာတော့လည်း ဘိုးပျားအုံတို့ မယ်မှုံကြီးတို့ကလည်း လက်ကြောမတင်းရသကောရယ်လို့ ပြောမနေကြတော့ပါဘူး။ ဒိုးကလေးတောင် အသက်ရလာပြီဆိုတော့ သူတို့ကိုယ်တိုင်လည်း မငယ်တော့ဘူးကိုး။ လုပ်နိုင်သလောက်လုပ်ကိုင်ပြီး မြေကရတာနဲ့ သည်လိုစားကြတာပါပဲ။ ဆင်းတောင့်ဆင်းရဲတော့လည်း မဟုတ်ဘူး။ ချမ်းသာသလားဆိုတော့လည်း မချမ်းသာဘူး။ မြို့လိုလို ရွာဆယ်ရွာ လျှောက်သွားနေသလိုလိုနဲ့ အချိန်တွေကုန်နေမှန်းသိတော့ မိဘတွေက ခြေငြိမ်စေချင်ကြပြီ။ သားရယ်၊ မယားရယ်နဲ့ အနည်ကျစေချင်ကြပြီ။ ဒိုးကလေးက စိတ်တောင်ကူးဘူး။

"ခင်ဗျားတို့သေမှ ယူမှာပါဗျာ... အေးအေးနေကြစမ်းပါ။ ခင်ဗျားတို့လေည်း အလကားနေရင်း မီးဖိုထဲ လက်နှိုက်ချင်ကြတော့သာပါလား"

"ဟဲ့ ဘယ့်နှယ့်အပူရှာရမှာတုန်း မင်းကြည့်ရင် လမ်းပေါ်မှာချည်းမို့ ပြောသာပေါ့၊ မင်းကြိုက်မယ့်လူမရှိရင် အမေတို့ စပ်ဟပ်ပေးစားမှာပေါ့၊ မိဘဝတ္တရားရှိသယ် ငါ့သားရဲ့၊ နေပါဦး... မင်းမေးစမ်းပါဦးမယ် ရွာဆယ်ရွာလှည့်သာတောင် ငှက်တစ်ကောင်မမိသေးဘူးလား"

"တစ်တီတူးတောင် ညဘက် ကျုပ်ဖြတ်သွားရင် မအော်ဘူး။ ငှက်မိဖို့ နေနေသာသာ"

ရွာဆယ်ရွာပြည့်တာတောင် မိန်းကလေးတစ်ယောက် မကြိုက်ဖြင်သေးဘူးလား၊ မအေက မေးတာကို ဒိုးကလေးက ပြန်ပြောတယ်။ မိန်းကလေးတွေက

www.burmeseclassic.com



စိတ်ဝင်စားဦးတော့ ဒိုးကလေးက ဘယ့်နှယ်မှမနေဘူးကိုး။ သည်တော့ ဒိုးကလေးမှာ ရည်းစားရယ်လို့လည်း မရှိဘူး။ မျက်စိကျမိပါပြီ တောင်းရမ်းပေးပါတော့ ဆိုတာလည်း မရှိဘူး။ ကုက္ကိုကုန်းက မိန်းကလေးတွေထဲမှာ ဥစ္စာပေါ ရုပ်ချော ကလေးတွေရှိသားပဲ။ မိဘတွေက တောင်းရမ်းပေးစားရင်လည်း တစ်ဖက်မိဘက ခါးခါးသီးသီး မရှိလောက်ပါဘူး။ ဒါကိုလည်း ဒိုးကလေးက လက်မခံဘူး။ မယူချင်ပါဘူး ဗျာချည်းပဲ။ မိဘတွေခမျာ သူရင်းငှားတစ်ယောက်ငှားပြီး ယာခင်းကိုင်းခင်း အလုပ်လွှဲရတော့တယ်။

"မယ်မှုံရယ် ငါတို့မလည်း တစ်နေ့တည်း နွားကလေးလည်းမွေး၊ သားကလေးလည်းမွေး ကုသိုလ်ထူးသယ် အောက်မေ့ပါသယ်... နွားကြီး ဒိုးကြီးက လုပ်ကျွေးပြီး နအိုဘဝသာရောက်ကရော ကျေးဇူးကြီးလိုက်သာအေ။ ငါ့သား ဒိုးကလေးများတော့လည်း သည်လိုနဲ့ ဘဝပြီးရပါရောလား"

"ကျုပ်တို့ကုသိုလ်ပေါ့ ကိုဖျားအုံရယ်၊ တစ်ခုတော့ ကောင်းပါသယ်။ သူ့ဟာသူ ဟောသည်နားက ရွာဆယ်ရွာအိမ်လုပ်နေတော့လည်း ပြီးသာပါပဲ။ ကျုပ်တို့ပိုင်သာ သူရမှာပေါ့၊ ကျုပ်ကတော့ ဒိုးကလေး ခေါင်းထဲမထည့်တော့ဘူး"

"သည်လို လတ်လျားလတ်လျားနေမယ့်အစား ဘုန်းကြီးဝတ်ခဲ့ရင်တောင် ကုသိုလ်ရရော့မယ်"

"တော့်သားကို စိတ်သာချ ဘုန်းကြီးလည်း မဝတ်ဘူး၊ မိန်းမလည်း မယူဘူးရယ်"

ဒါပေမယ့် လူ့ဘဝဆိုတာ ဘယ်မှာ အတည်ရှိပါ့မလဲ။ တဖြောင့်တည်း ရှိပါ့မလဲ။ ရွာဆယ်ရွာ ဒလက်လည်အောင်သွားနေလို့ ဘယ်မိန်းကလေးတော့ ကြိုက်ခဲ့ပါရဲ့မရှိတဲ့ ဒိုးကလေးကို ကိုင်လှုပ်လိုက်တဲ့ မိန်းမသားတစ်ယောက် ပေါ်လာခဲ့တယ်။ မိန်းကလေးနာမည်က မပန်းညိုတဲ့။ သောင်သောင်သာသာထဲ ကလား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ အပျိုလားဆိုတော့လည်း မဟုတ်ပြန် ဘူး။ ကလေးတစ်ယောက်အမေ အမဲသားသည်ပါ။ ကာမပိုင်ရယ်လို့ မရှိတော့တဲ့ မုဆိုးမ၊ မုဆိုးမ မပန်းညိုကို ဒိုးကလေးမေတ္တာရှိနေတာ ရွာကချက်ချင်း မကြား ကြသေးဘူး။ ရွာမပြောနဲ့၊ မိဘနှစ်ပါးကတောင် မသိကြဘူးပြောပါတော့။ ဖူးစာ ဆိုတာကလည်း ဆန်းတော့အဆန်းသား။

▢



(၄)

ပန်းညိုက ညောင်ကားယားသူရယ်။ ဖအေက သဒိုးခေါ်တဲ့ သားသတ်သမား။ သဒိုးဆိုတာ သားထိုးသမားပေါ့။ ရွာတွေက နွားပေါ်ဆိတ်ပေါ် ဝက်ပေါ်ကျွဲပေါ် သည်ဖြင့် သတ္တဝါအရှင်လတ်လတ်ဘဝက အသားတွဲ ဘဝရောက်တဲ့အထိ သတ်ဟယ်ဖြတ်ဟယ် သင်ဟယ်ဖျင်ဟယ် လုပ်ပေးတဲ့လူကို သည်ရွာတွေက သဒိုးခေါ်ကြတာပါ။ အင်မတန်အောက်တန်းကျတဲ့အလုပ်လို့ သဘောထားကြ သေသိ ရွာတွေမှာ သဒိုးမရှိလို့လည်း ဖြစ်တာမဟုတ်ဘူး။ စားကြီးစားငယ် အသွယ် သွယ်နဲ့ နွားတစ်ကောင်များ ပါးစပ်ထဲက ကွမ်းတောင်မညက်သေးဘူး။ သဒိုး သမားက အရိုးနွှင်နေပြီ။ ရွာတွေဆိုတော့ သားသတ်လိုင်စင်တွေ ဘာတွေလည်း မရှိဘူး။ ရွာစွန်တောထဲ ချောက်ထဲ သည်လိုပြီးရတာပါ။ နွားတစ်ကောင် ချောက် ထဲရောက်တာနဲ့ အမဲသားချည်း ပြန်တက်လာရတာမျိုးက ရှိးနေပြီကိုး။

မပန်းညိုက ဖအေ သဒိုးသမားကြီးပေါ်ပေးတဲ့ အသားတွဲကို ခံတောင်း တက်လက်ထဲ ထည့်ရွက်ပြီး ရွာစဉ်လှည့်ရောင်းတာဆိုတော့ သားအဖနှစ်ယောက် စားလို့တော့ဖြစ်တယ်။ ဖအေက ဦးကြာပေါ်တဲ့။ လူက အင်္ကျီချွတ်ကြီးနဲ့ ပုဆိုး တောင်းတိုတိုပါအောင်ဝတ်ပြီး ရေမချိုး မိုးမချိုး ဖိုသီဖတ်သီ နေတတ်တယ်။ သမီး မပန်းညိုက မိန်းမချောပါ။ ဆံတောက်သိမ်းစကတည်းက ရုပ်ကလေးရှိလို့ ဆင်ရတော့လည်း ဦးကြာပေါ်က သမက်တင်ကျွေးထားရတာပါ။ သည်သမီးက အသားတွဲ လှည့်ရောင်းရတာဆိုတော့ သမက်ပါတို့နဲ့ နေလှည့်ခွင့်ပြုထားရတယ်။ သားမက်က လူနု၊ လူအေး သွေးရဲရဲ သံရဲရဲ၊ စားတဝင်းဝင်း၊ သံတဝင်းဝင်းနဲ့ အလုပ်ကို ကြောက်လည်းကြောက်တယ်။ စက်လည်းစက်ဆုတ်တယ်။ မလွှဲသာလို့ ယောက္ခမအလုပ် ဝင်ပါနေရပေသိ မနှစ်မြို့ဘူး။ ပန်းညိုကို ချစ်တော့လည်း ခွာနိုင်ရှာပါဘူး။ သားတစ်ယောက်ရတဲ့အထိ သည်လိုနေရှာပါရဲ့။

"ပန်းညိုရယ် နင့်ကိုကြိုက်ကတည်းက သဒိုးသမီးဆိုသာလည်း သိပါရဲ့။ ယောက္ခမက သဒိုးဆိုသာလည်း သိပါရဲ့။ မိဘများ တားတဲ့ကြားက ငါယူခဲ့ သာပါဟာ၊ တကယ်ကျတော့ သည်အလုပ်ကို ငါလုပ်ဝံ့ရနေနေသာသာ ကြည့် တောင် မကြည့်ဝံ့ဘူး။ သည်တော့ ငါ ရွာကလူတွေလို ရွှေတောတက်ချင်သယ်။ ဆိုးဆောင်းဆောင်းဖြစ်ရင် မြေကလေး၊ ယာကလေးဝယ်ပြီး တောင်သူလုပ်ကြ သာပေါ့။ သည်အလုပ်ကို မလုပ်ပါနဲ့တော့"

တစ်ရက်မှာ ပန်းညိုကို သူ့ယောကျ်ားကပြောတာပါ။ ပန်းညိုက လင်လည်း ချစ်ရှာပါတယ်။ ရွာစဉ်လှည့် အသားတွဲရောင်းတာတောင် လိုက်ခဲ့မခေါ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



နေပူကြီးထဲ ပင်ပန်းမှာစိုးလို့။ ဒါပေမယ့် ဖအေနဲ့သမီး တစ်သက်လုံး သည် အလုပ်လုပ်ခဲ့ရတာ မဟုတ်လား။ သူတကာလိုတောင် သူ့သားသမီးမှ မဟုတ်တာ။ လင်ရကာမှ အကုသိုလ်အလုပ်ရယ်လို့ ဖအေကြီး ထားမသွားရက်ဘူး။ လင်က အစားရတယ်။ ဖအေက အစားမရဘူးလို့လည်း တွက်တယ်။ လင်နဲ့ မယား တစ်မိုးအောက်အတူ ပေါင်းနေရတာ ဟုတ်ပါလျှက်ကနဲ့ ရွှေတောတက် ချင်ရင်တက်ပေါ့။ ထိုင်စားရတဲ့လူကများ နာရသေးလို့လည်း တလွဲတွေးမိတယ်။ သည်လိုနဲ့သားကလေးနဲ့ မယားထားသွားတော့လည်း မတားပါဘူး။ တစ်နှစ်တောင်မကြာပါဘူး။ ရွှေတောမှာ လင်သေတယ်ဆိုတဲ့သတင်း ရောက်လာပါရော။ လင်တစ်ယောက် အဖတ်တင်ပါတယ်။ ရွှေတောမှာ သေတယ်ဆိုတော့ မှုဆိုးမဖြစ်ရရော။ သားကလေး မတီမတာနဲ့။

ပန်းညိုက လင်ရတော့လည်း အသားတွဲရောင်းရတာပါပဲ။ သား တစ်ယောက် အမေ မုဆိုးမဘဝ ရောက်ရတော့လည်း အသားတွဲရောင်းရတာပါပဲ။ သည်လိုနဲ့ ကလေးခုနစ်နှစ်သားမှာ ရှာကျောင်းပို့ပြီး ကိုရင်ဝတ်ပေးလိုက်တယ်။ သားကိုရင်က ကျောင်းမှာပျော်ရှာလို့ တစ်သက်လုံး သင်္ကန်းဝတ်တော့မယ်ဆိုတော့လည်း ပန်းညို ဝမ်းသာမိရတာပဲပေါ့။ အရွယ်မတိုင်ခင် လင်ရလို့ ကလေး တစ်ယောက်ရခဲ့ပေမယ့် အသက်နှစ်ဆယ်ကျော်ကျော် ရုပ်ချောမိန်းမဆိုတဲ့ ဂုဏ်က ပျောက်မသွားဘူးကိုး။ အမဲသား၊ ကျွဲသား လည်ရောင်းတိုင်း ရှာယောကျ်ားသားတွေက ပန်းညိုကို ခနိုးခနဲ့လုပ်ချင်ကြတယ်။ ယောကျ်ားတိုင်းတော့ မဟုတ်ပါဘူး။ တချို့က လင်သေမုဆိုးမဆိုတော့ ချိုချိုချောင်ချောင် ထင်ကြလို့ လက်တင်ချင်ကြတာပါ။ ပန်းညိုကလည်း သဒိုးဦးကြာပေါ့သမီးပဲ။ ချေးနဲ့သွေးနဲ့ လုပ်စားရတဲ့ မိန်းမပဲ။ ဘာကိုမှ မကြောက်ဘူး။ တစ်ရွာတစ်ရွာ သည်လိုကူးနေတာပါ။ တချို့က သွေးတိုးစမ်းကြတာလည်း ရှိတယ်။

"ပန်းညို ငါ့နှမ ပင်ပန်းလှသဟာ... ခံတောင်းရွက်ပြီး ဟိုဘက်ရွာထိ ငါ လိုက်ပို့စမ်းပါ့မယ်။ နေကြီးကပူသနဲ့"

"မလိုပေါင်တော်... ကျုပ်တို့ သွေးစိုစို ချေးစိုစို တစ်သက်လုံးလုပ်စားလာသာပါ"

"ငါက စေတနာနဲ့ပြောသာပါဟ၊ နင့်ကြည့်ရသာ သနားလို့ပါ"

"သနားစရာမလိုပေါင်... ကျုပ်တို့ ကျိုးကန်းနေသာမှ မဟုတ်သာ"

ပန်းညိုက စကားတင်မခံလေ အူယားကြလေ။



တစ်ရက်တော့ ညောင်ကားယားသူ ပန်းညိုက ဖူးစာများဖက်ချင်လာလို့ အား မပြောတတ်ပါဘူး။ ဒိုးကလေးတို့ရွာ ကုက္ကိုကုန်းကို ခံတောင်းကြီး ခေါင်းဆင်နဲ့ ရောက်လာခဲ့တယ်။ ဖြစ်ချင်တော့ ဒိုးကလေးက ရွာပြန်ကပ်တဲ့ရက်တွေဖြစ်နေတာပါ။ ပန်းညိုက ရောက်လို့သာ ရောက်လာရတာပါ။ ကုက္ကိုကုန်းဘက် ရောက်လေ့ဘူး။ သည်ကနေ့မှ ဇွတ်ရွှတ်ရောက်လာတာဆိုတော့ မြန်မြန်ကုန်မြန်ပြန်ချင်လှပြီ။

"အမဲသား တော်တို့... ယူကြဦးမလား၊ အသားကောင်းသနော၊ လျှော့လျှော့ပေါ့ပေါ့ပေးခဲ့မှာ"

ပန်းညိုက ဈေးရောင်းကောင်းရယ်။ ဘယ်တော့မဆို လျှော့လျှော့ပေါ့ပေါ့ ပေးခဲ့မှာလို့ အော်တာချည်းပဲ။ လျှော့တော့လည်း နည်းနည်းရယ်။ အမဲသားက ဆတ်လတ်ဆတ်ဆတ်ဆိုတာတော့ အမှန်ပဲ။ သူ့အမဲသားက ခုခုတ်ခုရောင်းကိုး။ ကုက္ကိုကုန်းက ခေါ်မဝယ်လေ၊ ငါတော့ လာမိတာမှားပြီထင်လေ။ ရေကလေး တစ်ပေါက်ကလည်း သောက်ချင်သေးတာဆိုတော့ ခေါ်ဝယ်မယ့်အသံကို မျှော်တယ်။ ရွာတောင်ဆုံးတော့မယ်။ ခံတောင်းချရောင်းဖို့ အသိရယ်လို့လည်း တစ်ယောက်တလေမရှိတော့ အခက်သား။ သည်လိုနဲ့ ဒိုးကလေးတို့အိမ်ရှေ့ ရောက်လာတယ်။ ဒိုးကလေးက အိမ်ရှေ့ ကပြင်မှာငုတ်တုတ်။ လည်ကတုံး ဖျင်ထည်ကလေးနဲ့၊ ကွမ်းကလေးတစ်ယာ ပါးစောင်ကပ်ပြီး အမဲသားသည်ကို လှမ်းကြည့်။ ပန်းညိုကလည်း ကြည့်သူရှိတော့ ယူပါဦးလား အစ်ကိုရဲ့လုပ်ကရော၊ အပေါက်ဝက လှမ်းအော်တယ်။

"အစ်ကိုရယ် အမဲသားကောင်းလွန်းလို့ပါ၊ ကြည့်သာပေးပါတော့ ကျုပ်ပြန်ရမှာဝေးလို့ပါတော်"

ပြန်ရမှာဝေးလို့ပါဆိုတော့ ဘယ်ရွာကပါလိမ့်။ ဈေးသည်မလေးက ချောလိုက်သာကော။ တစ်ခါမှလည်း မမြင်ဖူးပေါင်။ ဒိုးကလေးက ဘယ်က လာရောင်းတာတုန်းဆိုတော့ ညောင်ကားယားကပါတဲ့။ ဝေးလွန်းသကော။ စိတ်ထဲသနားသွားတာနဲ့ ကိုင်း ကြည့်ရအောင် လုပ်ကရော။ ပန်းညို ဈေးခံတောင်းချပြီး အုပ်ထားတဲ့ ပုဆိုးစလှပ်လိုက်တော့ ပြောသလိုပဲ အမဲသားတွေက ကောင်းပါ့သနဲ့။

"ငါ့နှမ နင့်နှယ် ဝေးလှချည်ကော၊ ညောင်ကားယားက လှတင် သိလား ရွာတောင်ပိုင်းကလေ၊ ငါရောက်ပါ့ဟာ... ညည်းက ဘယ်သူ့သမီးတုန်း"

"ဦးကြာပေါ"

www.burmeseclassic.com



"ရှိမှာပေါ့လေ၊ နေဦး အမေ့ခေါ်လိုက်ဦးမယ်။ အမေ ဗျို့အမေ အမဲသား တွေ ကောင်းချက်ဗျာ၊ ကျုပ်တစ်တွဲယူလိုက်ပြီ"

မအေက သားစားချင်တယ်ဆိုတော့ ဝယ်လေတဲ့။ တစ်တွဲယူလိုက်တယ်။ အမဲသားသည် သနရုပ္ပကို ဒေါ်မှုကြီးကလည်း မြင်မြင်ချင်း ခင်သွားရှာတာပါပဲ။ ရေတစ်ပေါက်သောက်ဦး၊ လက်ဖက်တစ်ရိုးဝါးဦး၊ နေဦး ကျန်တဲ့အမဲသားတွေ ငါ စပ်ရောင်းပေးမယ်တို့နဲ့ ဆေဆေဆာလေတော့ ပန်းညိုလည်း အဆင်ပြေသွား တယ်။ အမဲသား လေး,ငါး,တွဲ ဖုတ်ကနဲကုန်တော့ ဒိုးကလေးသားအမိ ကျေနပ် တင်လိုက်ပုံများ။

"ညည်းရုပ်ညည်းရည်နဲ့အေ... ငါ့တူမနှယ် တစ်ယောက်တည်း သွားရ လာရသလား။ တစ်ရွာတစ်ရွာကြားက လူပြတ်ပါဘိသနဲ့၊ ညည်းမို့ လာရဲပလေ နောင်လာရင် တို့အိမ်ဝင်လှည့်ချေ... ရွာခံသဘောထား ကြားလား"

"ကျွန်မက အပျိုမဟုတ်ပါဘူး ကြီးတော်ရယ်၊ ကလေးမအေပါ၊ သားကိုရင် တောင် ကြီးပါပြီ၊ အဖော်ကတော့ မားပဲရှိပါတယ်။ ကျွန်မက မကြောက်တတ် ပါဘူး ကြီးတော်ရယ်"

"သတ္တိကောင်းပါလားအေ့၊ အေး... အေး ညည်းယောက်ျားက လွှတ် တာပဲလား"

"အိမ်ထောင်က ဆုံးရှာပါပြီ၊ ကြာပေါ့ဟာ... လုပ်မစားလို့လည်း မ ပါဘူး။ အမေက သဒိုး၊ ကျွန်မကရောင်း... တစ်ခြားလည်း လုပ်မစားတတ် ဘူး"

"အေးပေါ့အေ... ကောင်းရောင်းကောင်းဝယ် လုပ်စားတာပဲ၊ ငယ်ငယ် ရွယ်ရွယ်နဲ့ အိမ်ထောင်ပျက်စီးရှာသပါကောလား၊ အေး... အေး နောက် ကုန်းရောက်ရင် ဝင်ခဲ့ဟဲ့၊ ဒိုးကလေး ... မိန်းကလေး ရွာထိပ်လိုက်ပို့လိုက်ပါ"

"အင်းပါ... ကျုပ်ကလည်း ပို့မလို့ပါ"

ဒိုးကလေးက ရွာထွက်အထိ အမဲသားသည်မ လိုက်ပို့တော့ ရွာလ သားအိမ်တွေက မြင်ကြပြီ။ ဒိုးကလေးက ပန်းညိုကို နောက်ရက်တွေလည်း လာရောင်းပါလို့ မှာတယ်။ သူကတော့ ရှိချင်မှရှိမယ်။ သူ မရှိလည်း အမေ တယ် ရောင်းပေးလိမ့်မယ်ဆိုတော့ ပန်းညိုက ဝမ်းသာသွားတယ်။ ဒိုးကလေး က လှည်းကြုံတောင့် တင်ပေးလိုက်သေးတာပါ။ ပန်းညိုက လှည်းနောက် မှာ တင်ပလ္လင်ကလေးထိုင်ရင်းက အစ်ကို သွားမနော့တဲ့။

သည့်နောက်တော့ တစ်ပတ် တစ်ရက်တန်သည် နှစ်ရက်တန်သည် ကုန်



းကုန်းကို ပန်းညို ရောက်လာတတ်တယ်။ ရောက်လာတိုင်းလည်း ဒိုးကလေးရှိ ဘာချည်းပဲ။ ပန်းညိုက သူလာမယ့်ရက် ကြိုပြောထားတော့ ဒိုးကလေးက ဘယ် ရွာမှ မသွားတော့ဘူး။ ပန်းညို နောက်ကျရင်တောင် မျှော်တတ်ပြီ။ ပန်းညို လာ တော့လည်း ရွာထဲက အိမ်ပေါက်စေ့ သူပဲလိုက်ပို့တယ်။ စပ်ရောင်းပေးတယ်။ ဒိုးကလေးကိုယ်တိုင်လည်း အမဲသားတစ်တွဲ ယူဖြစ်အောင်ယူတော့ တစ်အိမ်လုံး အမဲညှင်းတွေနဲ့ ဖြစ်ကုန်ပြီ။

"ငဒိုးရေ အမေတို့လည်း အမဲညှင်းတွေများနေပြီ။ ငါ့သားမလဲ ပန်းညိုပါ ညှင်းချင်နေပြီလားဟဲ့၊ မုဆိုးမတော့ မမှန်းလိုက်ပါနဲ့တော် သားသတ်ဖားသတ်နဲ့ အကုသိုလ်ကြီးသဲ့ဟာတွေ ရပ်တန်းကရပ်တော့"

"အမေက လုပ်ကရော့မယ်... သနားလို့ပါဗျ၊ ကျုပ်ကကော ယူမှာတဲ့ သား... မဟုတ်သာ"

"ယူမယူတော့ မပြောတတ်ဘူး။ တစ်ရွာလုံးက ပြောကြလှပြီ... အမဲသား သည်က တော်တော်... တော့်သားက ရှေ့ရောက်နေသာတဲ့။ မယူချင်လို့လည်း ရဘူးတဲ့။ ဒိုးကလေး ဇွတ်ရောင်းလို့ဝယ်ရသာ များပတဲ့၊ ကောင်းရော့လား ငဲ့ဟာက"

"သူတို့ဝယ်တော့ စားရသာပေါ့ဗျာ၊ သူ့ဟာသူ ဈေးလာရောင်းတာ ရောင်း ပါစေဗျာ။ ခမျာ ကျုပ်တို့ အားကိုးရှာလို့လာသာပါ အမေရာ"

"အားကိုးရှာလို့ ပြောနေသာဟဲ့... တစ်သက်လုံး ဘုန်းကြီးလိုနေလာပြီး အမဲသားသည်မကျမှ ဓာတ်ကျ... မင်းမလည်း ခုမှအိမ်မြဲတော့သယ်"

"ခက်ပါ့ကောဗျာ"

ခက်ပါ့ကောဗျာ၊ ခက်ပါ့ကောဗျာနဲ့ ရှေ့လည်း စကားမဆက်တတ်တော့ ဘူး။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ ဒိုးကလေး၊ ဒိုးကလေးနဲ့ ရွာအပျို နုနု ထွတ်ထွတ်ကလေးတွေကြား ရေပန်းစားနေရာက ကြိုက်မယ့်ကြိုက်တော့ အမဲ သားသည် မုဆိုးမ သားတစ်ယောက်အမေကို ကြိုက်မိပါပကော။ ဒိုးကလေး စိတ်ထဲ ရွာဆယ်ရွာ မိန်းမချောပြိုင်ပွဲများလုပ်ရင် ပန်းညိုက ပထမဆု ရမယ် ထို့တောင် ထင်မိတယ်။ ရွာကတော့ ရစရာမရှိအောင် ပြောကြတာပေါ့။ ရွာ အပျိုတွေက အဆိုးဆုံး။ ဒိုးကလေးများ ပြောလိုက်ကြတာ နှစ်ပြားမတန်ဘူး။

"ဒိုးကလေး, ဒိုးကလေးနဲ့ သံဒိုး မဟုတ်ပေါင်အေ၊ ခုံဖိနပ်ပြတ်တို့ဒိုးပါ ဒိုးခြမ်းကွဲဒိုးပါ၊ တစ်ရက်က ရေတွင်းမှာ အိုးပင့်ပေးရမလားတဲ့ လုပ်သေး သာ... ကျုပ်ဟာကျုပ် ပင့်နိုင်သယ်။ အမဲသားစော်နံမစိုးဖိုးလို့ ပြောလိုက် သယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ ဘာထူးတုန်း... လမ်းမှာတွေ့တော့ ငါက ဟိုဘက်ရှောင် သွားလိုက်သယ်။ ဒိုးကလေးက ဘယ်လိုဖြစ်သာတုန်းဟတဲ့။ ယင်ကောင်တွေ အုံလို့တော်ရေ့လို့ ပြန်ပက်လိုက်တော့ အံမယ် မျက်စိမျက်နှာတွေပျက်လို့"

ဒိုးကလေးအဖေ ဘကြီးပျားအုံကလည်း ဆုံးမရှာပါရဲ့။ မရပါဘူး။ ဒိုး ကလေးက ပန်းညိုမလာတဲ့ ရက်တွေဆိုရင် ညောင်ကားယားမှာ။ ပန်းညို လာ မယ့်ရက်များမတော့ ကုက္ကိုကုန်းမှာ။

"သဒိုးသမီးကလည်း ဖြစ်ရသေး၊ လင်သေမုဆိုးမကလည်း ဖြစ်ရသေး ကလေးတစ်ယောက်ကလည်းပါသေး၊ အမဲသားလည်ရောင်းရတဲ့ မိန်းမကလည်း ဖြစ်သေး... မင်းဟာက နဝါဖင်ဖြူပါကောကွာ၊ လူခိုက်ဖို့ရှိတော့သာပါလား"

ဖအေပြောလည်း ပြောပြောပါ။ နောက်ရက်တွေမှာ ပန်းညို ကုက္ကိုကုန်း မရောက်လာတော့ဘူး။ ဒိုးကလေးကလည်း ရွာပြန်မရောက်တော့ပါဘူး။ ဒိုး ကလေးနဲ့ ပန်းညို ညောင်ကားယားမှာ ပေါင်းနေကြပြီဆိုတဲ့သတင်းပဲ ရောက်လာ ခဲ့တယ်။ မအေ ဒေါ်မှုံကြီး မတ်တပ်က ပစ်လဲတဲ့အထိ စိတ်ထိခိုက်ရှာခဲ့တယ် ဘကြီးပျားအုံကတော့ မအေဖြစ်သူကိုပဲ အပြစ်တင်တာပါ။ ဆုံးမတိုင်း ရှေ့က ကာဆီးကာဆီးလုပ်ခဲ့တာ မဟုတ်လား။

"အမဲသားသည်နဲ့ ညားတော့လည်း ဝမ်းတွင်းသားစားရသာပေါ့ မယ်မှုံရာ"

ဖအေက သည်လို အရွဲ့စကားလောက် ပြောနိုင်တော့တာပါ။ မိဘရင် လို့ ဒိုးကလေးကို ဘယ်တုန်းကမှ ပြောလို့ဆိုလို့မရခဲ့တာ၊ ခုမှ ပြောလို့လည်း မရတော့ဘူးဆိုတာ သိကြပြီကိုး။ ဖြစ်သမျှအကြောင်း အကောင်းလို့သာ သဘော ထားလိုက်ကြရတော့တာပေါ့လေ။ ဒိုးကလေးကတော့ ဖအေမအေကိုရော ရွာ ရော ပြန်စောင်းတောင် မကြည့်တော့ပါဘူး။ ကုက္ကိုကုန်း ရွာသားဘဝက ညောင်ကားယားရွာသား တဖြစ်လဲသွားတာ ပဲရှိတယ်။

ရွာကလည်း သည်ကိစ္စ အေးအေးဆေးဆေးရှိမှ ပြန်စဉ်းစားကြတယ် ဒိုးကလေးက လူပေါကြော့ပဲ။ ဘယ်ဟာများ လက်ကြောတင်းခဲ့လို့လဲ။ မိဘ တွေခမျာ အိုကြီးအိုမဘဝသာ ရောက်ကြရော၊ ရေတစ်ပေါက် ခပ်မတိုက်ခဲ့ဖူးဘူး ထင်းတစ်ပွေ့ ခွေမပေးခဲ့ဖူးဘူး။ မနက်မိုးလင်းတာနဲ့ ပုဆိုးဒယဉ်တိုက်နဲ့ ထွ တော့တာ မဟုတ်လား။ ရွာတစ်ရွာ သုံးရက်နဲ့ ရွာဆယ်ရွာတစ်ပတ်ပတ်တာ တစ်လကုန်ရောဆိုတဲ့လူ။ ဆယ့်နှစ်ပတ် ပတ်တော့တစ်နှစ်။ သည်လိုနဲ့ သ အရွယ်ကြီးသာ ရောက်ကရော၊ ရွာရိုးကိုးပေါက်နဲ့ ပြီးရတာကြာလှပေါ့။ အ လုပ်နေမှန်းလည်းမသိ၊ ဘာဝင်ငွေမှလည်းမရှိ။ မိဘများ ပင်ပန်းတကြီး ရှာ



သားတဲ့ ပိုက်ဆံခါးထိုးပြီးဖြုန်းနေတာပဲ မဟုတ်လား။ မြို့သားဝိုက်ဖမ်းထား တဲ့ တောသားယောင်ချာချာဆိုတာ ပန်းညိုကိုယူတော့မှ မြင်လာကြတယ်။

မိန်းကလေးတွေခမျာလည်း သည်လိုပဲတွေးကြတယ်။ တို့စိတ်ကူးယဉ်ခဲ့တဲ့ ကလေးဆိုတာ လက်စသပ်တော့ လဲမှို့လိုလွင့်နေတဲ့ လူပါလားပေါ့။ သည်လို တွေးမိကြတော့လည်း ဒိုးကလေး မုဆိုးမယူတာကို မနာကြတော့ပါဘူး။ တန်ရာ တန်ရာရတာပဲလို့ တွေးကြတယ်။ မိဘနှစ်ပါးကတော့ သူတကာတွေ တွေးသလို ဘယ်တွေးပါ့မလဲ။ သားကိုး။ ကိုယ့်သား အချိုးဟုတ်တာ မဟုတ်တာထား။ ခွဲသွားတာကျတော့ စိတ်ထဲမကောင်းကြဘူး။ ဒင်းတို့လင်မယား ကုက္ကိုကုန်း ခြေမချရဘူး။ မိဘနှစ်ပါးသေတာတောင် မလာရဘူးလို့ လူကြုံနဲ့ မှာလိုက် ကြတယ်။ ဒိုးကလေးကလည်း မပူပါဘူး။ အလကားနေရင်းတောင် ကုက္ကိုကုန်း တာမှ မဟုတ်တာ။ ပန်းညိုကိုယူတော့ကော ဘယ်သူက ဘာနာစရာလိုလို့ ခံယူထားပြီးသား။ ကုက္ကိုကုန်း မကပ်ရနေပေါ့။ ရွာကိုးရွာတောင် ကျန် တဲ့ဟာ သွားပါလေ့ဗျာလို့တောင် စကားပြန်လိုက်သေးတာပါ။

❐

(၅)

င်ကားယားကို ရောက်ပါပြီဆိုကတည်းက ဒိုးကလေး အလည်ရပ်သွားခဲ့ပြီ။ ကလေး ရသကောရယ်လို့ သူ့ကိုယ်သူလည်း ကျေနပ်ပါရဲ့။ မုဆိုးမ ည် အမေက ရွာ့အပျိုတွေထက်များ လှရဦးမှာလား။ ရွာ့အပျိုတွေထက် ရေပတ်ရေရှိဦးမှာလား။ နေကုန်နေခမ်း အမဲသား ကျဲသား သွေးတရွှဲရွှဲ စီးစီးနဲ့ ကြေးကြောင်းလိုက်နေတဲ့ မိန်းမက ပိုပြီးတော့များ သာရဦးမှာ သူတကာက အဲသလိုမေးရင် ကျုပ်မိန်းမ ပန်းညိုက သာတော့မပေါ့လို့ လေး ဖြေတတ်နေပြီ။ ပန်းညိုကိုယူမိလို့ ခင်မင်လက်စ မိတ်ဆွေတချို့ ဆုတ်သွားကြတာသိသား။ ပန်းညိုကိုယူမိလို့ ရွာတွေက မျက်နှာမဲ့ချင် ည်သိသား။ ဒိုးကလေး မမှုပါဘူး။ လူပျိုတုန်းကလည်း တစ်ယောက် နေခဲ့တာပဲ။ အပေါင်းရယ် အသင်းရယ်လို့ ရွာမှာ ကာလသား တရုန်းရုန်း တုန်းကမှ မနေဖူးဘူး။ ဘယ်သူ့ ဘယ်သူနဲ့မှလည်း ကျောဖက် ပခုံးဖက် ဘူး။ မပေါင်းချင်နေ ပေါင်းချင်ပေါင်း။ ပန်းညိုကိုယူလို့ ရှောင်ကြတယ် ရှောင်ကြစမ်းပလေ့စေ။

ပြောသာပြောရတယ်၊ ပန်းညိုက မနက်မိုးလင်းတာနဲ့ အိမ်မှာမရှိတော့ဘူး။ ထိုးချက်၊ ဟင်းတစ်အိုး တဗျစ်ဗျစ်မြည်အောင် တည်ထားခဲ့ပြီး၊ ချောက်

www.burmeseclassic.com

ဘက်မှာ တဲထိုးနေတဲ့ ဖအေ့ဖို့ထမင်းတစ်ထုပ် ခံတောင်းထဲထည့်ပြီး ထွက်သွားနေကျ။ အခါကြီးလည်း မနားဘူး၊ ရက်ကြီးလည်း မနားဘူး။ ဥပုသ်သီတင်းရယ်လို့လည်း သားအဖနှစ်ယောက်စလုံး ဆောက်တည်ကြတယ်မရှိဘူး။ အခါကြီးရက်ကြီးနေ့များဆို ပိုတောင် ရောင်းကောင်းသေးသတဲ့။ ဟင်းကျွေးဟင်းရံရှာတော့ အသားသည် မျှော်ကြတာကိုး။

"ကဆုန်လပြည့်နေ့ကြီးပါဟာ… တစ်ရက်တစ်လေများတော့ ကျောင်းကန်ဘုရား မရောက်သာထား၊ ခံတောင်းတော့ မှောက်ဦးမှပေါ့။ ငါ့မိန်းမနယ် ညည်းအဖေ အသားပေါ်သာနဲ့ လိုက်ရောင်းနေလို့ကတော့ နေ့လည်းဆုံးမှာ မဟုတ်ဘူး။ ရက်လည်းဆုံးမှာ မဟုတ်ဘူး။ ဘဝလည်းဆုံးမှာ မဟုတ်ဘူး။ ညည်းသွားတော့ ကျုပ်က မျှော်နေရသာ မယ်မင်းကြီးမရဲ့"

လင် လတ်လတ်ဆတ်ဆတ်က သည်စကားပြောတော့ ရေထဲကဆိတ်လာတဲ့ ကန်စွန်းညွန့်လို တစ်ရေနွမ်းရရှာသူ ပန်းညိုခမျာ ဝမ်းလည်းသာရှာပါရဲ့။ ငါ့ကို မက်စက်သကောရယ်လို့ ဝမ်းသာတာပါ။ လင့်မျက်နှာ လှမ့်ပုံချောက်ကြည့်ရင်းက စိတ်မကောင်းတာလည်း ပါပါရဲ့။ ခမျာ ရွာပစ် ရပ်ပစ် မိပစ် ဖပစ် ငါ့အိမ်ကိုလိုက်လာသာ။ ငါ့မျက်နှာနဲ့ နေရရှာသာ၊ တစ်ရက်တစ်လေ ငါနဲ့နေ့ကူး၊ ညလယ်နေချင်ရှာမှာပေါ့လို့လည်း တွက်ပါရဲ့။ ဒါပေမယ့် တစ်နေ့လုပ်မှ တစ်နေ့အနိုင်နိုင်တွေကိုး။ ကိုယ်ကနားချင်သော်မှ ဖအေက မနားဘူးဆိုတော့ ပန်းညိုကလည်း ဈေးတောင်းခေါင်းတင် ရှိရတော့တာပါ။ ပန်းညိုပြန်ရောက်ရင် မိုးချုပ်တာများတယ်။ ရွာတွေဘက်ကူးရတာ မလွယ်ဘူးဆိုတာ သိတော့လည်း မယားကို ခွင့်လည်းလွှတ်တယ်။ သနားလည်း သနားတယ်။ ကိုယ်တိုင်က တစ်သက်လုံး လက်ကြောတင်းခဲ့တာမဟုတ်တော့ သားမယားကို ငါ့ကိုယ်တိုင်ပခုံးထမ်းကျွေးမဟုတ်လို့ အာမဘာရွှေ့ခံဖို့ကလည်း ခက်တယ်။ ပန်းညိုကို မေတ္တာလို့ ယူခဲ့ပေမယ့် ငါလုပ်ကျွေးမယ်ဆိုတာလည်း မပါဘူး။ ချစ်လို့ယူခဲ့တာပဲ ရှိတယ်။ ညားလို့ပေါင်းရတာပဲရှိတယ်။ ရှေ့ရေးလည်း မသိခဲ့ဘူး။ နောက်ရေးလည်း မသိခဲ့ဘူး။ တကယ်တမ်း ညောင်ကားယားကိုရောက်တော့ ဟိုတုန်းကပေါင်းခဲ့တဲ့လူတွေကလည်း သူ့ကို အချိန်မပေးနိုင်ကြလေတော့ ပျင်းသဘောရယ်လို့ လတ်လျားလတ်လျား သွားမဖြစ်တော့ဘူး။

"မင်းကွာ ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ မိန်းမလိုချင်မှတော့ တို့ရွာမိန်းမတွေပေါ်ချက်တော့၊ ဘယ်သူ ဘယ်ဝါ ကြိုက်လှချည်ရဲ့ဆိုရင် ငါတို့ ပိုးကြမှာပေါ့။ ခုတော့ ပန်းညိုမ အမဲသားသည်ကို စွန်သုတ်သလို သုတ်လိုက်တော့ တို့လည်း နားမလည်နိုင်ပေါင်ကွာ"



ညောင်ကားယားသား သူငယ်ချင်းက သဘောမတူသလိုလို လေသံနဲ့ပြောကတည်းက သူငယ်ချင်းအိမ်လည်း မရောက်တော့ပါဘူး။ သည်တော့ ပန်းညိုတို့ အိမ်ကုပ်ကလေးထဲမှာ ငုတ်တုတ်ပေါ့။ ပျင်းတော့လည်း အိမ်ရှေ့ရှိတဲ့ ပက်လက်ကုလားထိုင်ပေါ် နေကုန်ထိုင်ပြီး မယားမျှော်ရတာနဲ့ ပြီးရသာချည်းပဲ။ တစ်ခုကောင်းတာက ပန်းညိုအဖေ ဦးကြာပေါ်က အိမ်မကပ်ဘူး။ တောထဲချောက်ထဲက သူ့တဲထဲမှာပဲ နေတာများတယ်။ ရွာတွေက အကြောင်းကြောင်းကြောင့်ရောက်လာတဲ့ အမဲဖော်စရာတွေက အချိန်ရယ် အခါရယ် မရှိဆိုတော့ စားလေးငါးလက်နဲ့ အကုသိုလ်ထိုင်မျှော်နေသလို နေတော့တာပါ။ ပန်းညို အရင်လင်ကမွေးတဲ့သား ကိုရင်ကလည်း အိမ်ကိုယောင်လို့တောင် ကြွလာဘူး။ မအေ နောက်လင်ရတော့ ပိုလို့သာဆိုးရော။ သည်တော့ ပန်းညိုနဲ့ ဒိုးကလေးမှာ နှစ်ယောက်တည်းနေရတာ များတယ်။ ပန်းညိုက ဒိုးကလေးကို အပျိုတကာလက်ထဲက လုယူရတဲ့ လင်ဆိုတော့ အငြိုငြင်မခံဘူး။ ရောက်လာသာနဲ့ ရေမိုးချိုး သနပ်ခါးကလေးလိမ်းပြီး လင့်အနားကပ်တော့တာပါ။ ထမင်းစားရဲ့လား၊ ရေချိုးရဲ့လား၊ ပျင်းနေရော့လား၊ မိဘတွေ သတိရနေသလား သည်ဖြင့် တွတ်တီးတွတ်တာ ပြောတတ်တယ်။

"ပျင်းသာပေါ့ဟာ ငါတစ်ယောက်တည်းဆိုတော့ ညည်းကိုမျှော်မိသာပါ။ ညည်းက မလိုက်နဲ့ဆိုလို့သာ ငါက တောက်လျှောက် တကောက်ကောက်လိုက်ချင်ပါ၊ နှစ်ယောက်ရောင်းတော့လည်း ဖြစ်သာပဲ"

ပန်းညိုက လင့်ခေါင်းက ဆံပင်ရှည်ကို ဝါးဘီးကလေးနဲ့ ဖြီးပေးရင်းက ညည်းကိုမျှော်သာပါဟာဆိုတာကို သနားသွားတယ်။ သနားလို့ ခေါ်သွားပါပြီတဲ့။ အမဲခံတောင်းတစ်တောင်း ရွာစဉ်လှည့်လိုက်ရောင်းရတယ်ဆိုတာ ရောတစ်တွဲ ဈေးတစ်တွဲ ကိုယ်စီကိုယ်စီ ဒိုးဒိုးဖပ်ဖပ် ဆွဲသွားကြတာမျိုးမဟုတ်ဘူး။ တောသူတောင်သားတွေဆိုတော့ ရှိတဲ့ငွေကလေး ဆုပ်ထားကြတာ။ ဟင်းကောင်းကျွေးကောင်းဆိုတာကို စားလိုက်မဟဲ့ မျိုလိုက်မဟဲ့ ရှိကြတာနည်းတယ်။ မလွဲသာမှ ဝယ်ကြတာမျိုး။ သည်တော့ ရွက်သွားတဲ့အသားတွေက ဘယ်အချိန်ကုန်မယ်ဆိုတာ ပြောဖြစ်တာ မဟုတ်ဘူး။ ရွာနှစ်ရွာသုံးရွာ ဆက်လို့တောင် ကျန်ချင်ကျန်တာ။ သည်ကြားထဲ အကြွေးက ကျချင်သေး။ မကုန်ရင် အိမ်ပြန်ရောက်မှ ညှင်းတန်ညှင်း၊ လှန်းတန်လှန်း လုပ်ရသေးတာပါ။ ကျောကွဲအောင်ပူတဲ့ နေပူခေါင်ခေါင်ကြီးထဲ တစ်ရက်ကနှစ်ရက် တစ်ရွာကတစ်ရွာ ကူးရတဲ့ဒဏ်၊ ဒိုးကလေး ဘယ်ခံနိုင်မှာလဲ။ ခြေကိုတိုနေအောင် လျှောက်ရတာ။ တစ်ကိုယ်လုံး မီးဖနဲ့တိုက်သလို ပူတာ။

www.burmeseclassic.com



ဒိုးကလေးက သည်ဒဏ်ခံနိုင်ပါပြီတဲ့။ ပန်းညိုနောက် တကောက်ကောက် အမဲရောင်းလိုက်ပါပြီတဲ့။ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကုက္ကိုကုန်းကို ရောက်သွားရင် မိဘများ ရင်ကျိုးရချည်ရဲ့။ ကလေးတစ်ယောက် မအေက လူမျို နုနု ထွတ်ထွတ်ကို နိုင်းစားတယ် ဖြစ်ကရော့မယ်။

"မဖြစ်ပါဘူး အစ်ကိုရယ်၊ ကျုပ်သာ ပင်ပန်းပါရစီ၊ လင်လုပ်ကျွေးရသာကို ကျုပ်က ကုသိုလ်ရသယ် အောက်မေ့ပါသယ်။ မယားလုပ်စာ ထိုင်စားလေခြင်းလို့များတော့ မတွေးပါနဲ့တော်။ ကျုပ်က တစ်သက် နောက်လင်မယူဘူးလို့ တွက်ထားသာပါ။ တော်နဲ့တွေ့မှ ကြိုက်မိသာကို ကျုပ်က အံ့သြနေသာရယ်။ ကျုပ်ကို လိုချင်သူတွေရှိသားပဲ၊ ကျုပ်က ဖုတ်လေတဲ့ငါးပိ ရှိသယ်ထင်ခဲ့ပေါင်၊ ဘုရားစူးရစီ ပြောရင်ယုံ၊ ကျုပ်ကြိုက်လို့ယူသဲ့လင် အေးအေးသာနေပါတော်"

ပန်းညိုက သည်လိုပြောတော့လည်း ဒိုးကလေး ငြိမ်ရတာပါပဲ။ ဟုတ်သလောက်လည်း ဟုတ်ပေသကိုး။ ယောက္ခမ ဦးကြာပေါ်ကတော့ သူ့သမီး လင်ရလာပြန်ပကောရယ်လို့လည်း မရှိဘူး။ ငါ့သမီး ညည်း ငယ်ငယ်ရွယ်ရွယ်နဲ့ သည်လိုချည်းနေလို့ မဖြစ်ပါဘူး။ အိမ်ထောင်ရက်သား ပြုမယ်ဆိုပြုပါရော့လားလို့လည်း မရှိခဲ့ပါဘူး။ ပန်းညိုအရင်လင်က လူဖျော့။ အမဲသားနဲ့ သွေးညှိနံ့ မခံနိုင်ဘူးဆိုတဲ့ကောင်။ နောက်လင်က လူနု။ ပိုတောင်ဆိုသေး အောက်မေ့တာပါ။ ငါ့သမီးပန်းညိုလည်း ဒါမျိုးတွေ ဘယ်အမှိုက်ပုံက ကောက်လာပါလိမ့်ဆိုတာလောက်တော့ တစ်ခါ သမီးကို ပြောတာတော့ရှိတယ်။

"ပန်းညိုမ ငါ့သမီး လင်ယူသာ အဖေက ဘာမှမပြောပေါင်ဗျာ၊ ညည်းပေါင်းရသာပါ...ဆိုးလည်း ညည်းကံစွ၊ ကောင်းလည်း ညည်းကံစွ၊ အဖေ အနေသာကြီး... နို့ပေတဲ့ ညည်းများတွေ့လိုက်ရင် ခရုနဲ့ပက်ကျိတွေချည်းပါကော ငါ့သမီးရဲ့"

ဟုတ်ပါ့။ အရင်လင်က ခရု။ နောက်လင်က ပက်ကျိ။ ဖအေက အဲသလိုပြောရင် ပန်းညိုက ရယ်တော့တာပါ။ ဖအေပြောလည်း ပြောစရာကိုး။ ပန်းညိုအဖေ ဦးကြာပေါ်က လုပ်တော့သာ အကုသိုလ်အလုပ်။ အလုပ်တော့ အင်မတန်လုပ်ရှာသူပါ။ ပန်းညိုအမေရှိတုန်းကလည်း မနားခဲ့ဘူး။ သားအဖနှစ်ယောက်တည်း ရှိလို့လည်း ကျောတစ်ချက် မဆန့်ဘူးဆိုတော့ နောက်လာတဲ့ သမက်ကလည်း ရေသိနားခိုဆွဲသကောရယ်လို့ အပြစ်တင်တယ်။ ပန်းညိုကတော့ ခရုထက်စာရင် ပက်ကျိက နည်းနည်းတော့ မြန်သားလို့ပဲ အောက်မေ့ရတော့တာပေါ့လေ။



ဖအေ လုပ်သူ့ကလည်း ပန်းညိုယူလာတဲ့ လင်ကို သုံးမရတဲ့ မဓတုံး (အမတုံး) ရယ်လို့ အပြစ်တင်နေတာတော့ မဟုတ်ပါဘူး။ ရောက်လာတဲ့သမက် ဒိုးကလေးကိုလည်း ခင်မင်ရှာပါတယ်။ ချစ်ခင်ရှာတယ်လို့တော့ ပြောမဖြစ်ဘူး။ ဦးကြာပေါ်က သဒိုးကြီးဆိုတော့ သူ့စိတ်ထဲ ချစ်ခင်နူးညံ့တဲ့စိတ်ရှိတယ် မရှိဘူး၊ ဘယ်သူကမှ ပြောလို့မရဘူး။ ပန်းညိုအမေရှိတုန်းကလည်း သည်လိုပဲ။ သမီးကိုလည်း သည်လိုပဲ။ ကျောင်းကမြေး ကိုရင်ကိုလည်း သည်လိုပဲ။ လိုအပ်မှ စကားပြောတာပါ။ မလိုရင် မပြောဘူး။ မျက်နှာထားဆိုးကြီးနဲ့ မှုန်တေတေ နေတာများတယ်။ ဒါကြောင့် သမက်အသစ်ကလေးကို ခင်မင်ရှာတယ်လောက် ပြောနိုင်တာပါ။ ဒါကို ဒိုးကလေးက ရိပ်မိတယ်။ သူ့ကို မကြည်သာဘူးလို့ ထင်တယ်။ ပန်းညိုကိုတောင် ပြောင်မေးဖူးပါရဲ့။ ပန်းညိုက လင်အနေအထိုင် ထိုင်ရှာမှာသိလို့ ဖာဖာထေးထေး ပြောရှာပါတယ်။

"မဟုတ်ပါဘူး အစ်ကိုရယ်၊ အဖေက တစ်ရွာလုံး ဘယ်သူ့မှ စကားပြောခဲ့သယ် မရှိဘူး။ ရွာကလည်း ကိုကြာပေါ်က လူတစ်မျိုးကွလို့ ပြောကြသယ်။ အဖေ့စိတ်က ထုံ့သွားသာလားတော့ မသိဘူး။ ပြောရင်လည်း ကြားချင်မှကြားသာ။ ကျုပ်က တော် စိတ်ကျဉ်းကျုပ်မှာစိုးသာပါ။ ပြီးတော့ အဖေက ချောက်ထဲနေသာပဲဟာ"

"အေးဟာ၊ ငါ့မလဲ လူနှစ်ယောက်နဲ့နေရပါသယ်။ တစ်ယောက်က လမ်းပေါ်မှာ... တစ်ယောက်က ချောက်ထဲမှာ... ငါက အိမ်မှာငုတ်တုတ်၊ သွားစရာလည်း မရှိပေါင်ဟာ"

"အစ်ကိုက ချောက်ထဲလိုက်သွားရမှာပေါ့၊ အဖေ လုပ်တာကိုင်တာ ကြည့်ပေါ့။ အဖေက အဲသလို အဖော်ကလေးရရင် ချစ်ခင်ရှာမှာပါ။ အဖေက အသက်ကြီးလှပြီ၊ လုပ်လို့သာ လုပ်နေရတာ မှန်သာပြောရရင် ကျုပ်ကလည်း အဖေလုပ်နေသဲ့ အလုပ်ကြီးကို ဝမ်းသာနေသာ မဟုတ်ပါဘူးတော်။ ကျုပ် ဥပုသ်ယူသာကြည့်... ပါဏာတိပါတာ ဝေရာမဏီဆိုသာကြားရင် ကျုပ်က ငိုချင်သာ၊ ရင်ထဲမကောင်းဘူး။ လူတကာ ရှောင်သဲ့အလုပ်ကို တို့သားအဖ လုပ်နေရပါကောလို့ စိတ်ထဲပေါ်မိရင် ဖျောက်လို့မရတော့ဘူး။ တတ်နိုင်ရင် သူတကာရွာသူတွေလို ပဲရိတ်၊ ပဲခွတ် လုပ်ချင်သာပေါ့။ အဖေ့ကိုငဲ့လို့သာ... အဖေက ချန်သဲ့ ကံလေးပါးတော့ လုံ့ရှာပါသယ်။ လူကောင်းပါ အစ်ကိုရယ်"

ပန်းညိုက သည်စကားတွေပြောရင် ဒိုးကလေး ပြန်မချေနိုင်ဘူး။ ပန်းညိုပြောတာ ဟုတ်သားပဲ။ အိမ်မှာငုတ်တုတ် ပေါင်းစင်းမနေချင်ရင် အလုပ်လုပ်

www.burmeseclassic.com



ရမှာပေါ့။ လူတွေကြားထဲ တိုးရမှာပေါ့။ လူတကာနဲ့ ကူးကူးလူးလူးရှိရမှာပေါ့။ လူကဲ့ရဲ့သကောရယ်လို့ ရှောင်နေတော့ ကိုယ်က အေးရောက်နေတာ။ ကိုယ်က သွားမပေါင်းရဲတာ။ လူတွေကြားထဲတိုးပြီး အလုပ်လုပ်ပါပြီတဲ့။ ဘာလုပ်မှာလဲ။ ကုန်ကုန်ပြောရရင် ဒိုးကလေး ဘာမှမလုပ်တတ်ဘူး။ နို့တစ်ချက် မြဲအောင် မချည်တတ်ဘူး။ ဓားတစ်ချောင်း ထက်အောင် မသွေးတတ်ဘူး။ တံစဉ် မကိုင်တတ်ဘူး။ လူပျိုတုန်းက အဖေက နွားပွဲစားလုပ်ပါလား ငါ့သားရာလို့ ပြောဖူးပါရဲ့။ သူ စိတ်မဝင်စားခဲ့ဘူး။ အဲသည်တုန်းက အဖေ့စကားနားထောင်ခဲ့ရင် စီးပွားမဖြစ်တောင် နွားအကြောင်း နှောကြေလှရောပေါ့။ ဟိုတုန်းက မလုပ်ခဲ့မိတဲ့ထား အခုကော ဘာလုပ်ရမှာပါလိမ့်။ သူ့ကိုယ်သူစိတ်တွေ ညစ်နွမ်းလာတယ်လို့ ဒိုးကလေး ခံစားမိတယ်။ စိတ်တင်မကပါဘူး။ ကိုယ်ကလည်း ညစ်နွမ်းနေတာပါပဲ။

ကတ္တီပါဖိနပ် ရောင်မှဲ့ပေးလို့ သံနန်းကြိုးချည်စီးရတဲ့ လော်ပါဖိနပ် (ရာဘာဖိနပ်) ဟောင်း အကောင်းလုပ်နေရပြီ။ မြို့ဝိုက်အင်္ကျီဆိုတာလည်း ရိကုန်ပြီ။ ဆံပင်က ပိုရှည်လာလို့ သျှောင်ကြီး မဖွေ့တဖွေ့ ဖြစ်နေပြီ။ ချည်လည်ကတုံးအင်္ကျီကို ချွေးစေးပေါက်အောင် ပူပေသိ မချွတ်တမ်းဝတ်နေရပြီ။ ပန်းညိုနဲ့ နေရတုန်းကလေးမှာ ပျော်သလိုလိုရှိပေသိ မနက်မိုးလင်းလို့ ပန်းညို ထွက်သွားရင် ကုပ်ကျိုးကျန်ခဲ့ရသလို ဖြစ်နေပြီ။ မဆိုင်တဲ့နေရာ ရောက်နေသလို ခံစားရပြီ။

"အစ်ကို ... အစ်ကို့မိဘတွေကို သတိမရဘူးလား။ ကြီးတော်က သဘောကောင်းကြီးနော်။ ဘကြီးများတော့ ကျုပ်နဲ့ များများမခင်ခဲ့ရလို့ မသိဘူးပေါ့။ အစ်ကို့ကို တော်တော်ချစ်ရှာကြသယ်။ ကျုပ် ကြားပါသယ်။ ရောက်လေရာ ဒိုးကလေးကို အပျိုတွေဝိုင်းကြဆို"

တချို့ညတွေမှာ ပန်းညိုက ဒိုးကလေးကို မေးတတ်တယ်။ သူ့ကိုယ်သူ မေ့ပျောက်ထားတဲ့စိတ်ကို ပန်းညိုက လှုပ်လိုက်ရင် မိဘတွေအပေါ် မညှာခဲ့တာကို သတိရနေမိတယ်။ ထမင်းအဆင်သင့် လက်နှိုက်စားခဲ့ရတာ၊ လျှော်ပြီးဖွပ်ပြီး အဝတ် ထည်လဲဝတ်ခဲ့ရတာ၊ အမေ့ချွေးခံထဲကပိုက်ဆံ သိသလိုရော မသိသလိုရော ယူသုံးခဲ့ရတာတွေကအစ သတိရပြီကိုး။

"အမေတို့၊ အဖေတို့ သတိမရဘဲလား ပန်းညိုရယ်၊ မိဘများဟာကိုး၊ ခများများ အသက်ကြီးရှာကြပြီ၊ သူရင်းငှားရှိသယ်ဆိုပေတဲ့ အဖေမပါလို့ မရဘူး။ အမေ မပါလို့မရဘူး။ ခများများ ခါးကျိုးအောင်လုပ်ကြရသယ် အစ်ကိုက အဖေ့ကို ဆေးလိပ်တောင် မီးညှိပေးခဲ့ဖူးသာမရှိဘူး။ အမေ့ကို ဇက်ကြောကလေး



ကျွှာပေးခဲ့သယ်မရှိဘူး။ အပျိုတွေဝိုင်းသယ်ဆိုသာလည်း မောင်နှမတွေလိုပါဟာ၊ ငါ့စိတ်ထဲ နယ်ကျူးလို့ကို မရခဲ့သာ၊ ကောင်မတွေလည်း လင်ရကြရောပေါ့"

"ကျုပ်က တော် ဝင်္ဂလည်မှာ စိုးသာပါ။ ကျုပ် မပြောသေးဘူးလို့နေသာ...ပြောရဦးမယ်။ ကျုပ်မှာ သားသမီးရှိနေပြီ ကျုပ်သိသာပေါ့။ ယောကျ်ားလေးမွေးရင် ကျုပ်က ဒိုးကောင်းလို့ မှည့်မလားလို့တောင် စဉ်းစားပြီးပေါ့"

"ဟော... ဟုတ်ကဲ့လား ပန်းညိုရ။ အေးလေ တို့ညားသာပဲ တစ်နှစ်ကျော်ပေါ့ဟာ၊ ကလေးက ဒိုးကောင်းဆိုတော့ ငါက ဒိုးဆိုးပေါ့ ဟုတ်လားဟ ပန်းညိုအား... ဟား"

သည်စကားကြားတော့ ဒိုးကလေး မိဘတွေကို ပိုပြီး သတိရမိတယ်။ မမြင်ရသေးတဲ့ ရင်သွေးကလေးကိုတောင် သူ သည်လောက် ဝမ်းသာမိရင် အစ်ဦးတည်းသောသား သူ့အပေါ် အဖေနဲ့အမေတို့ သည်းကြီးအူပြတ်ရှိခဲ့ကြရောမယ်။ သူမွေးတဲ့ညက ဒိုးကြီးဆိုတဲ့ နွားလည်းမွေးခဲ့သတဲ့။ အဖေက ဒိုးကြီးလို့ လိမ္မာတဲ့သားကြီးလို့ ခေါ်တတ်တယ်။ ခေါင်းတပွတ်ပွတ် ကျောတသပ်သပ်နှဲခဲ့တာလည်း မှတ်မိပါရဲ့။ ညနေပိုင်း နွားကြီးမွေးပြီး ညဦးမှာတော့ သူ့ကိုမွေးတယ်။ ဒိုးကလေး တွင်ခဲ့တယ်။ အဖေက သူ့များတော့ ကျောပွတ်ခေါင်းပွတ် မရှိခဲ့ပေါင်။ စဉ်းစားကြည့်တော့ နွားလောက်မှ အသုံးမတွင်တဲ့ လူတစ်ယောက်ဘဝနဲ့ သည်အရွယ်အထိ သူရောက်ခဲ့ရတယ်။ အခုတော့ ပန်းညိုမှာ သူ့ရင်သွေးကလေး လွယ်နေရပြီ ပြောနေပါပကော။ ယောကျ်ားကလေးများမွေးရင် ဒိုးကောင်းလို့ နာမည်ပေးမယ်တောင် ဆိုနေပေါ့။ မိန်းကလေးမွေးရင်တော့ အမဲသားလည်ရောင်းတဲ့ ပန်းညိုဘဝမျိုးနဲ့တော့ မဖြစ်ချေဘူး။ သည်တော့ သူ အလုပ်လုပ်ရတော့မယ်။ သူ ဘာလုပ်ရမှာပါလိမ့်။ လောလောဆယ် သူ လုပ်စရာတစ်ခုပဲရှိတယ်။

"အေးဟာ... ငါလည်း အလုပ်လုပ်ဖို့ ခေါင်းထဲထည့်ရတော့မယ်။ ယောကျ်ားလေးမွေးမွေး မိန်းကလေးမွေးမွေး တို့တာဝန်ဖြစ်လာပြီပေါ့။ ငါတော့ မနက်ဖြန် ချောက်ထဲသွားမယ်။ ယောက္ခမကို ဝင်ကူညီမယ်။ ဘယ့်နှယ့်တုန်း ပန်းညိုမ"

"အလုပ်လုပ်သာတော့ ကောင်းပါရဲ့တော်။ ဒါပေသိ ကျုပ်တော့ အဖေ့အလုပ်မျိုး မလုပ်စေချင်ပါဘူး။ အကုသိုလ်ကြီးပါသယ်။ အဖေလုပ်နေလို့ ကျုပ်ပါပါနေရသာ... ငြီးချင်လှပါပြီ။ လင်လုပ်လို့ ဆက်ပါမနေချင်တော့ပါဘူး။ အဲသာတော့ မလုပ်နဲ့တော်... ရှိကြီးခိုးပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါမလုပ်လို့ ငါ ဘာသွားလုပ်တတ်မှာတဲ့လဲ ပန်းညို၊ ဒါလည်း အလုပ်ပါပဲ၊ ကျွဲတစ်ကောင် နွားတစ်ကောင် တုံးလုံးလဲအောင် သတ်ဟယ် ဖြတ်ဟယ် လုပ်တာမှ အပြစ်မဟုတ်ပါဘူး။ ကြမ်းပိုးသတ်သာလည်း အပြစ်... ခြင်သတ်သာလည်း အပြစ်ဆိုမှတော့ အသက်တစ်ချောင်းဟာ အသက်တစ်ချောင်းပါပဲ။ ငါတော့ မနက်ဖြန် ဘိုးကြာပေါ်ယောက္ခမဆီမှာ တပည့်ခံတော့မယ်။ ယောက္ခမ ချစ်တဲ့သမက် ဖြစ်ရချေသေးပေါ့ မိန်းမရာ"

သည်လို ယတိပြတ်ပြောနေတော့လည်း ပန်းညိုက တရားပြမနေတော့ပါဘူး။ အကုသိုလ်တွေ တစ်သက်လုံးက တောင်းထဲထည့်လာတာ မောက်လျှံကာမှတော့ စတုတ်မတိုက်တော့ပါဘူးလို့ပဲ ခံယူလိုက်ပုံရတယ်။ ယောကျ်ားက သဒိုးဘက် စိတ်ရောက်တယ်ဆိုတာကိုပဲ အံ့သြတကြီး ကြည့်နေလေရဲ့။ ပုဆိုးဒယဉ်တိုက်နဲ့ သျှောင်ကြီးနဲ့ ဒိုးကလေးက ဘိုးကြာပေါ့ တပည့်ခံတော့မယ်ဆိုတော့လည်း မယုံစရာ။ သမက်နဲ့ယောက္ခမ အနေနီးကြတော့မယ့် သဘောပေါ့။ ဒိုးကလေးလည်း ပထမယောကျ်ားတုန်းကလို အချိန်တန်ရင် တပ်လန်သွားမှာပါလေလို့ ပန်းညို တွက်ထားတယ်။ လူ့ပေါ်ကြော့ လူနွံ့က သဒိုးဘဝမရောက်နိုင်ပါဘူး။ ခံလှ တစ်ရက်နှစ်ရက်ပေါ့။ သူလုပ်နိုင် တစ်ကောင်နှစ်ကောင်ပေါ့။ နောက်ဆုတ်သွားရုံကလွဲလို့ ဘာရှိလိမ့်မတုန်းလို့ ပန်းညို တွေးတယ်။ မနက်အဖေ့ထမင်းပို့သွားရင် တစ်ခါတည်း လိုက်ခဲ့ပေါ့ဆိုတော့ ဒိုးကလေးက လိုက်မယ်တဲ့။

"မိဘတွေက ခိုင်းတုန်းကလည်း မလုပ်၊ သားမယားရတော့လည်း မလုပ်၊ ကိုယ်ဝန်ရှိပါပြီပြောမှ လုပ်တော့သာပါလား။ မိဘစိတ်ထင်ပါရဲ့၊ အေးလေ... သူလုပ်ချင်သပဆိုတော့လည်း လုပ်ပေါ့။ အမဲသားရွက်တဲ့ ခံတောင်းကတော့ သည်တစ်သက် သွေးခြောက်စရာ မရှိတော့ဘူးပေါ့လေ"

ပန်းညို အိပ်မပျော်ဘူး။ လင်သားအကြောင်းတွေးရင်း စဉ်းစားမိတာပါ။ ဒိုးကလေးကတော့ အိပ်လိုက်တာ တရှူးရှူးနဲ့။ ပန်းညိုကတော့ မိုးသာ စင်စင်လင်းရော တလူးလူးနဲ့ပြီးရတဲ့ညဆိုပါတော့။

□

(၆)

"ဒိုးကလေးက နှစ်ခါမပြရဘူး ပန်းညိုမရဲ့၊ နင့်ယောကျ်ားက လုပ်တော့လည်း ဖြစ်သားပါလား၊ အဖေ့ထက်တောင် လက်ယဉ်သေးဗျာ... ဟုတ်တဲ့ ကောင်ပဲ"



ဒိုးကလေး ချောက်ထဲဆင်းလို့ နှစ်ပတ်မပြည့်သေးဘူး။ ဦးကြာပေါ်ထ ချီးကျူးပြီ။ သားမက်က သူ့ထက်သာပါပကော ပြောနေပြီ။ သည်လိုဆိုတော့လည်း ပန်းညို ဝမ်းမသာနိုင်ပါဘူး။ အကုသိုလ်အလုပ်ဆိုတာမျိုးက ကျူးလွန်ရသာ လွယ်သားမဟုတ်လား။ ဒိုးကလေးက သျှောင်တစောင်းထုံးပြီး ဓားများ ကိုင်ထားရင် ရှေးက သိုင်းသမားကြီးလားကျလို့။ လက်ဖျံမှာထိုးထားတဲ့ ဆေးမင်ကြောင်က ဒိုးကလေးတဲ့။ အသည်းကို ဓားမြှောင်စိုက်တဲ့ပုံနဲ့။ ကာလသား ခေါက်တုန်းက ရွာဘုရားပွဲမှာ ထိုးခဲ့တာလို့ ပြောဖူးတယ်။ ခုတော့ လက်ဖျံ နှစ်ဖက်စလုံး တိရစ္ဆာန်သွေးတွေ ချင်းချင်းပေနေပြီ။ သွေးအလူးလူး စွန်းနေပြီ။ ခုတ်သားများ တစ်ပိသာတွဲပိုင်းရင် ငါးကျပ်သား မပိုဘူး မလိုဘူး။ ပန်းညို အတော့ သူ စတွေ့ခဲ့တုန်းက ဒိုးကလေးနဲ့ယှဉ်ပြီး စိတ်မချမ်းမသာဖြစ်ရတယ်။ သူ့ပေါ်ကြော့ တောင်သူ့သားသမီးက သည်လိုချောက်ထဲမှာ သဒိုး ဖြစ်နေရရှာပါလားလို့ ကရုဏာသက်မိတယ်။ သူ့ပယောဂ မကင်းဘူးလို့လည်း ခံစားရတယ်။ တစ်ရက် ညဘက် ထမင်းစားပြီးချိန်မှာ ဒိုးကလေးကပြောတယ်။

"ထူးဆန်းသားပဲ ပန်းညိုမရဲ့၊ ငါ့အဖေက နွားများ အင်မတန်ချစ်သယ်။ နွားကြန်အင် လက္ခဏာတွေဆိုရင်လည်း အင်မတန် သိသယ်။ ရွာက ဘကြီး ဆသီးနဲ့ဆိုအဖက်ပဲ... နွားကြည့်ကောင်းတွေပေါ့ဟာ၊ သားဖြစ်တဲ့ ငါ့ကျတော့မှ အမဲပေါ်တဲ့သဒိုး ဖြစ်နေရသယ်။ အဖေသိရင် ရင်ကျိုးမှာပဲ"

ဒိုးကလေးက သူစဉ်းစားမိသလို ကောက်ကာငင်ကာ ပြောလိုက်တော့ ပန်းညိုမှာ မျက်ရည်မကျမိအောင် မနည်းထိန်းထားရတယ်။ ခမျာ ဖအေကြီး သွမ်းရှာတယ်နဲ့တူပါရဲ့လို့လည်း တွေးမိရဲ့။ ဒိုးကလေးပြောတာ အမှန်တွေပဲ။ ဖအေဦးပျားအုံက နွားကောင်းနွားညံ့ကြည့်တတ်တဲ့ နွားလက္ခဏာ ဖတ်နိုင်တဲ့သူ။ ယောက္ခမ ဘိုးကြာပေါ်က နွားကောင်းနွားဆိုး ရွေးစရာမလိုတဲ့ သဒိုး။ ဒိုးကလေးက်ကပဲ ဆိုးချေရော့လား။ သည်အလုပ်ကျကာမှ လက်ကြောတင်းနေလိုက်တာ။ သဒိုးကြီး ဘိုးကြာပေါ်က ချီးကျူးရတဲ့ သဒိုးလေး ဒိုးကလေးဖြစ်နေပြီကိုး။ ပန်းညိုထင်သလို သည်အလုပ်ကို သူစိတ်ပျက်သွားပုံ မရဘူး။ စိတ်မပျက်တဲ့အပြင် ဒိုးကလေးကိုယ်က ရွာစွန်ချောက်ဖက် သွားချင်နေတော့တာ မဟုတ်လား။

ပန်းညို ကိုယ်ဝန်ရင့်လာတော့ သည်သတင်းက ကုက္ကိုကုန်းရောက်ပါပြီ။ ဒိုးကလေးက သဒိုးလုပ်နေသတဲ့။ ယောက္ခမနဲ့သမက် အကုသိုလ်ထမ်းပိုး ထမ်းနေကြပြီတဲ့။ ကုက္ကိုကုန်းက မိဘများ တင်မကပါဘူး။ ရွာလုံးပါ စက်ဆုပ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ ကန္တ့ကလျှနဲ့ သနပ်ခါးတဖုံဖုံကောင်က သွေးအလူးလူး ဖြစ်နေပြ
ကြားတော့ အိုကြီးအိုမ မိဘနှစ်ပါးခမျာ ကျုံ့ကျုံ့ပါအောင် ငိုကြတော့တာပါ။

"ကိုပျားရယ်... တော်ပြောသလို ကျုပ်သား နက္ခတ်မှားပြီထင်သယ်
ငယ်ငယ်ကတည်းက အသားဆို မတို့ချင်တဲ့ကောင်က သဒ္ဒိုးလုပ်နေသာ ကျ
တော့ ရင်နာလို့မဆုံးပါဘူးတော်"

"သတ္တဝါတစ်ခု ကံတစ်ခုကိုး မယ်မှုံရဲ့၊ တရားနဲ့ဖြေကြရုံပေါ့အေ"

"ဒါ သူ့မယား အသားသည်မ လက်ချက်နေမှာပေါ့တော်၊ ရက်စက်
ကောင်မ၊ ယုတ်မာတဲ့ကောင်မ၊ ဒင်းတို့သားသမီး ဝဋ်လည်ကြဦးမှာပေါ့၊ စိန်
သင့်ကြပါစေတော်... ငတို့ခံသလို ခံကြရပါစေ"

"အို... မကျိန်ပါနဲ့ မယ်မှုံရယ်၊ အသားသည်မနဲ့လည်း မဆိုင်ပါဘူး
မွေးလာမယ့်ကလေးနဲ့လည်း မဆိုင်ပါဘူး။ သူ့အကုသိုလ်ကျင်း သူကိုယ်တိုင်
တူးသာပါ။ နင့်သားလုပ်ချင်လို့ ဖြစ်သာပါ။ ငရဲမယူချင်ပါနဲ့"

ပန်းညို ကိုယ်ဝန်ရင့်လာခဲ့ပြီ။ နေ့လားညလားမွေးတော့မယ့် ရက်
မှာလည်း ဒိုးကလေးက အိမ်မကပ်နိုင်ဘူး။ ဦးကြာပေါ်မမာလို့ လဲနေ
သူပဲ သဒ္ဒိုးအလုပ် ဒိုင်ခံလုပ်ရတာကိုး။ သည်အချိန်မှာတော့ ဒိုးကလေး အရ
နေပါပြီ။ အလုပ်က အော်ဂလီဆန်တဲ့အလုပ်။ ယင်တလောင်းလောင်း သွေး
တထောင်းထောင်းအလုပ်ဆိုတော့ တစ်ခွက်ကစလိုက်တာ သောက်မှ လက်
တယ် ဖြစ်လာပါရော။ အင်္ကျီချွတ်ကြီးနဲ့၊ သျှောင်ကြီးနဲ့ ပုဆိုးတိုတိုပါအော
ဝတ်ပြီး ရွာထဲပြန်လာရင် ခွေးတွေက ရွာလုံးကျွတ်အောင် ဟောင်ကြတော့တာ
သည်ခွေးဟောင်သံကြားပြီဆိုရင် ဒိုးကလေး ချောက်ထဲက တက်လာပြီး ရွာ
ပြီဆိုတာ ပန်းညိုကသိတယ်။ တစ်ရက်မှာတော့ ခွေးတွေ စီစီညံညံကြီး ဟော
ကြတုန်းမှာပဲ ပန်းညိုမွေးတယ်။ ယောကျ်ားကလေး။ ဒိုးကလေး အိမ်ရော
လာတော့ မွေးပြီးပြီ။

အဲသည် ညက မျော်လို့ဆိုပြီး ဒိုးကလေး တစ်ညလုံးအရက်တွေ သော
နေခဲ့လေရဲ့။

❒

(၇)

သားယောကျ်ားကလေးရပြီဆိုအေည်းက ဒိုးကလေး မျက်နှာမော်ပြီ။ သူ့တစ်သ
ဘယ်မိန်းမကိုမှ မက်ရေစက်ရေ ကြိုက်လှချေရဲ့ မရှိခဲ့ရာက ကြိုက်မိတဲ့ မိန်
ကိုလည်း သူတကာတွေ ဘာပြောနေနေ ပေါင်းခဲ့တယ်။ ခုတော်ပြော



သိန့်စေ့ပြောပြော ဒိုးကလေးက မမှုဘူး။ ရွာတကာက မေးငေါ့တာလည်း
အသိပဲ။ ဘယ့်နှယ်မှမနေပေါင်။ ကိုယ်ချစ်လို့ ယူတဲ့မယား ဘယ်သူတွေအ
ထဲက နာစရာပါလို့လဲ ထင်ခဲ့သူကိုး။ ပန်းညိုကို ယူတယ်။ ပန်းညို လုပ်
တာ စားခဲ့တယ်။ ရေသီနားခိုတယ်ပြောပြော ဒိုးကလေးကဖြင့် နေတတ်
တာမှ။ နောက်တော့ သူကိုယ်တိုင် ယောက္ခမကြီးနဲ့ သဒ္ဒိုးအလုပ် လုပ်ခဲ့
ကော။ ဒါလည်း အပြောမလွတ်ဘူး။ အကုသိုလ်မကိုယူတော့ အကုသိုလ်
ကို ရှက်ရပြီပေါ့တဲ့။ ပြောသာပြောကြတာပါ။ ဘယ်သူကမှ အကုသိုလ်
သား ခွဲဝေယူခဲ့ကြတာ မဟုတ်ပါဘူး။ ထမင်းတစ်လုတ် ရေတစ်မှုတ်
တမ်းကြတာ မရှိဘူး။ ဒိုးကလေးတို့ကို ကြည့်ကြတဲ့အကြည့်ကိုက မတူ
မတန်သလို မျက်လုံးတွေလို့တောင် ထင်မိတယ်။

သည်အလုပ်က နာမည်ဆိုးသလောက် စီးပွားကျဖြစ်သလားဆိုတော့ မဖြစ်
ပိုတယ်လျှံတယ်လို့လည်း မရှိခဲ့ဘူး။ ပန်းညို အမဲသားလည်ရောင်းတယ်
ကလည်း အမဲတစ်ကောင်လုံး တောင်းထဲထည့်ရောင်းရတာမှ မဟုတ်တာ။
တာ အမဲပေါ် ဝက်ပေါ်ရယ်လို့ လာအပ်တာကို ပေါ်ခရယ်လို့ပေးတဲ့ ဝေစု
ရတာပါ။ မပေါ်ရတဲ့နေ့ ဘာဝင်ငွေမှကို မရှိတာ။ ပေါ်ခအမဲတွဲ၊ ကလီစာ
လည်း အကုသိုလ်နဲ့ချိန်ရင် စာရင်းထဲကတောင် ပါသေးတာပါ။

ဒိုးကလေးကတော့ မိုးလင်းရင် ချောက်ဖက်သွားရပြီ။ ပန်းညိုက ခံတောင်း
ကန်နဲ့ ချိန်ခွင်တစ်လက် ခေါက်ချိုးထည့်ပြီး လင်မယားနှစ်ယောက် ချောက်
င်းကြရပြီ။ ယောက္ခမက သမီးထုပ်လာတဲ့ထမင်း အဆာပြေ စားပြီး
သုံးယောက် နွားဆွဲလာမယ့် ကျွဲဆွဲလာမယ့်သူ မျှော်ရပြီ။ လာတဲ့နေ့
တယ်။ မလာတဲ့နေ့ ငွေမဝင်ဘူး။ လာတဲ့ကျွဲနွားဆိုတာကလည်း အမျိုးမျိုး။
င်းဆွဲလာတာရှိသလို ခိုးနွားဆွဲလာကြတာလည်း ရှိတယ်။ အလည်လွန်
နွား အစဖျောက်ရတာလည်း ရှိတယ်။ ကျေးစွန်ရွာဖျားဆိုတော့ တရား
တာလည်း ရုတ်တရက် ရောက်နိုင်တာမဟုတ်ဘူး။ ပေါ်ပြီးသားအမဲ ရွာ
လည်ရောင်းတော့လည်း ဘယ်ရွာက ဘယ်သူ့နွား သိနိုင်တာ မဟုတ်တော့

ငြေးစားကြည့်တော့ ငါ့အလုပ်က ခိုးရာပါလက်ခံရတော့ ငါလည်း ခိုး
မြောက်သယ်။ ကျွဲနွားပိုင်ရှင်က လာစုံစမ်းတော့လည်း နွားအရောင်
အစ တလွဲပြောရသယ်။ ညာရသယ်။ သတ်လည်း သတ်ရသေးသယ်။
လည်းသောက်မှ လက်ငြိမ်သယ်။ ကံငါးပါးမှာ လေးပါးပျက်ရှင်းတာ

www.burmeseclassic.com



ပန်းညိုရဲ့... ကာမေသုမိစ္ဆာတစ်ပါး ကျန်တော့တာပါလားဟာ... မကော
လိုက်သာ"

မကောင်းလိုက်တာဆိုပေသိ ဒိုးကလေးက ပျော်နေတာပါပဲ။ အရ
မယားတင်ရှိတာ၊ ခုက သားကလေး ဒိုးကောင်းပါရှိနေပြီ။ သည်သား
ကတည်းက ဒိုးကလေးဘဝ ပိုပြည့်စုံသွားတယ်တောင် ထင်မိတယ်။ ချစ်လို
ရတာ တုန်လို့။ မီးနေရက်တွေ မီးတွင်းရက်တွေတုန်းက ပန်းညို ရွာစဉ်မလ
နိုင်တော့ ပန်းညိုရဲ့ ညီမဝမ်းကွဲတစ်ယောက်က လည်ရောင်းပေးရတယ်။ က
မတီမတာ ရင်ခွင်အပ်နဲ့ဆိုတော့ ပန်းညိုညီမဝမ်းကွဲ ပုတေးကို အားကိုးရတာ
ပုတေးကလည်း လင်နဲ့ပါ။ ပုတေးနဲ့ ဒိုးကလေး အလုပ်သဘာဝ ဆက်စပ်ရ
အဝင်အထွက် အထိအတွေ့များလာတော့ ကျောပုတ်ခေါင်းပုတ် ဖြစ်လာတ
ပန်းညိုက မကြိုက်တာတွေ ဖြစ်လာတယ်။ သည်တော့ ပုတေးကို ဟင်း
ချက်စာပေးပြီး ပြန်လွှတ်၊ ပန်းညိုပဲ ခံတောင်းခေါင်းပြန်ရွက်ရတာပါပဲ။

ပုတေးကို ပြန်မောင်းထုတ်လိုက်တော့ ဒိုးကလေးက မကျေနပ်ချင်
"နင့်နှယ်ဟာ ပုတေးက ကိုယ့်ကူနေတဲ့ဟာ မကောင်းထင်ရသယ်လို
"တော့်မှာ ကံငါးပါးပြည့်သွားမှာစိုးလို့ တော်ရေ့၊ ငါးပါးသီလ တစ်
တော့လုံမှ နို့မို့ခွေးဖြစ်တော့မယ်"

"ခွေးဖြစ်တော့လည်း ပေါ်လိုက်ရုံပေါ့ဟာ"

သည်ကိစ္စသည်လောက်နဲ့ ပြီးသွားလို့ တော်သေးရဲ့အောက်မေ့ရတာ
ပန်းညိုက ရွာတကာလည်လို့ ကလေးနို့ဆာချိန် နို့ရည်များ ရင်ကသက်ရင်
မြန်မြန်ကုန်ပါစေ ဆုတောင်းမိရတယ်။ ကလေးအပ်ခဲ့တဲ့ အိမ်ကလည်း
နို့ယိုတဲ့အိမ်ပါ။ နို့တိုက်ထားနေကျပါ။ ဒါပေမယ့် မအေဆိုတော့ နို့ယို
သားကို သတိရတယ်။ ပန်းညိုက တစ်ခါတစ်ခါ ဘဝများ ပင်ပန်းလိုက်
အောက်မေ့မိတယ်။ ပန်းညို အရင်လင်သား ရွှေတောတက်သလို တစ်မိသ
လုံး ရွှေတောတက်ချင်စိတ်တောင် ဝင်လာမိတယ်။ ဒိုးကလေးက လက်မခံပါ
ရွှေတောသွားပြီး သူ့ ဘာလုပ်တတ်မှာတဲ့တုန်း။ ခုအလုပ်က ကျွမ်းကျင်နေ
ရွှေတောက အလုပ်ကြမ်းဆိုတော့ ၄က်တောခွေးတော တိုးရတာနဲ့ ပြီးရ
သဒိုးအလုပ်က သူ့မှ လုပ်လို့ဖြစ်တယ်လို့လည်း မာနခံသေးတာပါ ပါတ
ဒိုးကလေးက ရွှေတောမလိုက်ချင်တာ မလိုက်ချင်ဘူးမပြောဘူး။ နင့်လင်
အောက်မေ့လို့လားလို့ သေသူနဲ့ ပြန်ပေးစားနေလို့ နောက်ထပ် မပြောဝံ့တော
ဘူး။ ဒါပေမယ့် တစ်ချက်တော့ ပြန်ပက်လိုက်သေးတာပါ။



"တော်သေးရင် နတ်စိမ်းဖြစ်မစိုးလို့ ပြောသာတော်ရေ့၊ ကျုပ်ကို မတရား
ပြောနဲ့။ တော်လုပ်ချင်မှလုပ်၊ တော်မှ လုပ်နိုင်ရင် ကျုပ်က ရောင်းနိုင်ပါ့၊
...ပေါ့သမီး ဆယ်ရွာခါးစောင်းတင်လာတဲ့ မိန်းမပါ"

ဒိုးကောင်း ရှစ်လသားအရွယ်ရောက်လာတော့ ကံကြမ္မာက တစ်မျိုးလှည့်
...တယ်။ ဘိုးကြာပေါ်တစ်ယောက် ချောက်ထဲမှာပဲ အမဲရိုးကျွဲရိုးတွေကြား ဆုံး
...တော့ ဒိုးကလေးက ယောက္ခမရာထူး ဆက်ခံရတာပါ။ အရက်ကလည်း
...ရေ ညရေဖြစ်လာပြီ။ သားဒိုးကောင်းကိုတော့ တုန်နေအောင် ချစ်ရှာတာ
...။ သျှောင်ပွကြီးနဲ့ အင်္ကျီစွတ်ကြီးနဲ့ သားကို ချီဟယ် ပွေ့ဟယ်နဲ့ဆိုတာ
... ဝတ်မပျက်ဘူး။ တစ်ရက်မှာတော့ အကုသိုလ်ချောက်ကြီးထဲက ရန်းတက်
... အခြေအနေပေါ်လာပြန်တယ်။

ဒိုးကလေးမှာ သားယောက်ျားကလေး ရပြီကြားလို့ ကုက္ကိုကုန်းက
... ဘွားမှုံတို့က မြေးကလေး မြင်ချင်တယ် ဖြစ်လာကြတယ်။ ယောက္ခမ
...ကြီးလည်း မရှိတော့ဘူးဆိုတော့ သားနဲ့ချွေးမ မြေးကလေးကိုပါ ပြန်ခေါ်
...ချင် ဖြစ်လာကြတယ်။ မြေးကလေးကတော့ အဓိကပေါ့။ ကိုယ့်မှာ မြေနဲ့
... ရှိပါလျက်နဲ့ တစ်ဦးတည်းသောသား ဒိုးကလေး သဒိုးဖြစ်နေတာ စိတ်
...သာကြဘူး။ သည့်ထက် မြေးကလေးရှေ့ရေး ရင်လေးမိကြတာလည်း
...သေါ့။ ချွေးမ ပန်းညိုမတော့ တယ်မကြည်သာချင်ကြဘူး။ ကုက္ကိုကုန်းသား
... ရွာကိုပြန်စေချင်ကြောင်း လာပြောတော့လည်း ဒိုးကလေးက မိဘနှစ်ပါး
... သေခင်မြင်ချင်တယ်။ သူ့သား ဒိုးကောင်းကို သူတုန်နေအောင်ချစ်သလို
...နှစ်ပါးကလည်း သူ့ကို တုန်နေအောင် ချစ်ရှာခဲ့ကြတာပါလားဆိုတာ
...ည်း သိပြီ။ အဖေနဲ့အမေ အိုမင်းတွင်းဆုံး ကျနေပြီဆိုတာလည်းသိပြီ။
...လေး ချီချင်ရှာမှာပေါ့၊ သီလကောင်းလို့ အသက်ရှည်ကြသေးရင် မြေး
...လေး မီချင်ရှာမှာပေါ့။

"မင်းတို့အတွက်ရယ်လို့ လက်သမားညွှန့်မောင်ခေါ်ပြီး အိမ်နောက်ဘက်
... တဲရာကလေး ကောင်းကောင်းထိုးနေကြပါရော့လား ငဒိုးရဲ့၊ ခမျာများ
...ကြပါပြီကွာ၊ မျက်စိမမှိတ်ခင် မင်းတစ်လှည့် စောင့်ရှောက်စေချင်သာပဲ၊
...ကြီးက ယဲ့ယဲ့ကျန်တော့သာ၊ မင်းအဖေကတော့ မာပါရဲ့"

"ဘိုးစုံရာ ကျုပ်ကလည်း အမိုက်ကြီးကန်းကုန် ဆိုသာမျိုးပါလားဗျာ၊
...တို့အမေတို့မှ မခေါ်ရင် ကျုပ်ကလည်း ကုက္ကိုကုန်း ခြေမလှမ်းဘူးဆိုတဲ့
...နဲ့သေနေသာပါ။ ကျုပ်မှားခဲ့သယ်။ ခက်သာက ပန်းညိုက ...သေးသယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်မျက်နှာနဲ့လိုက်မှာတုန်း၊ လိုက်လာလို့ ကြည်သာရင်တော်ရဲ့၊ သာရင် ကျုပ်တို့ ညောင်ကားယား ပြန်ပြေးရမှာဗျ"

"မဟုတ်သာ ငဒိုးရာ၊ မိဘများအရွယ်တွေလည်း ရကြပါပြီကွာ၊ လည်း မရှိတော့ပါဘူး။ ခေါ်မှတော့ ခွင့်လွှတ်လို့ခေါ်ကြသာပေါ့ကွ၊ အသစ်မလုပ်ချင်ပါနဲ့။ မင်းအသက် မင်းပြန်တွက်လေ မငယ်တော့ဘူးကွ၊ စရာကို လွမ်းစရာနဲ့ဖြေကြပါပြီကွာ... ပြန်ကြပါ... ဘကြီးလည်းရှိပါသ

သျှောင်ကြီးဖွေ ဒိုးကလေးက ချောင်ထဲကသစ်ပင်ကိုင်းတစ်ကိုင်းမှာ ပုခက်ချိတ်ထားတာကို လှမ်းကြည့်တယ်။ ပုခက်ထဲမှာ ဒိုးကောင်းက ဘိုးအေဘွားအေတွေက မင်းကိုမျှော်ကြပတဲ့ ငါ့သားရေလို့ စိတ်ထဲက လိုက်တယ်။ ဘိုးစုံပြန်တော့လည်း ဒိုးကလေး ရင်တွေက တလှပ်လှပ်နဲ့ လေရဲ့။

❒

(၈)

ညောင်ကားယားက လှည်းကြမ်းတစ်စီးနဲ့ သားအဖတစ်တွေ ထွက်လာကြ နေတောင်မှည့်နေပါပြီ။ ပန်းညိုက လတ်လတ်လောလောကလေးဝတ်လို့ ကို ပေါင်ပေါ်တင်ပြီး လှည်းရုံတိုင်ကိုင်ရင်း လှည်းဆွဲရာပါနေရသလို ပေါင် ကြီး လိုက်နေရှာတာပါ။ သဘောမတူပါဘူးရယ်လို့ သုံး,လေးနှစ် ပစ်ထား ယောက္ခမရှာ လိုက်လာရတာဆိုတော့ မျက်နှာငယ်ရဦးတော့မှာပဲလို့ တွေးမိ ဒိုးကလေးကတော့ ပြောတာပါပဲ။ အဖေတို့အမေတို့လည်း အသက်ကြီးကြ တို့အားမကိုး ဘယ်သူ့အားကိုးမှာတုန်း၊ ဟိုးတုန်းဟိုခါက စိတ်ရှိလို့ပြောခဲ့ ပစ်ထားခဲ့တာ မှန်ပေသိ ခုတော့လည်း ဒါတွေမရှိလောက်တော့ပါဘူးတဲ့။ ရှိ ဖြစ်စေ၊ မရှိသည်ဖြစ်စေ သူတို့သား အရက်သမားသဒိုး ဖြစ်သွားရတာ ညီ ကြောင့်ဆိုတာတွေ လာတော့မှာကိုး။ မဟုတ်ဘူးလားဆိုတော့လည်း ဟုတ် တဲ့ငါနှားနီးတဲ့ငါ၊ မုဆိုးနားနီးမုဆိုးဆိုတာလို သဒိုးနားနီး သဒိုးဖြစ်ရတာကို မဖြစ်ဘူး။ ဒါပေမယ့် ပန်းညိုတစ်ခုတော့ ဝမ်းသာမိတယ်။ သူ့မိသူ့ဖလ ပြန်ရောက်ရင် တောင်သူနားနီးတောင်သူ ဖြစ်ရမှာကို တွေးမိပြီး ဝမ်းသာတာ ဒိုးကလေးတင်မကဘူး သူလည်း အမဲသားသည်ဘဝက လွတ်ရတော့မှာကို ဝမ်းသာတယ်။ သူတို့သားယူမိမှတော့ ယောက္ခမမိဘ ဘာပြောပြော ဘာ ခါးစည်းခံရုံပေါ့လို့ပဲ တွေးတယ်။

လှည်းပေါ်မှာ ပန်းညိုတို့ ပိုင်ဆိုင်သမျှ စားအိုးစားခွက်ကလေးတွေ၊ အ



ငွေ့နဲ့ စောင်ထုပ် ခေါင်းအုံးထုပ်လောက်ပါတာပါ။ ဂုံနီအိတ်ဟောင်း သာတဲ့ ဘိုးကြာပေါ့လက်ကျ သားလိုးစား သားဖျင်စားတွေလည်းပါရဲ့။ အဖို့ရာတော့ ယောက္ခမအမွေပေါ့လေ။ ဒါလည်း ပန်းညိုက မယူခဲ့ဖို့ သေးတယ်။ ကုက္ကိုကုန်းကို အကုသိုလ်မပါစေချင်တော့လို့ပါ။ မိဘများ ပြုပြုနဲ့ လုပ်မစားစေချင်တော့လို့ပါ။ အကုသိုလ်အလုပ်ကို ညောင် က ချောက်ထဲထားပစ်ခဲ့ပါတော့လို့ အတန်တန် ပြောခဲ့တာပါ။ ဒိုး ာ ဖွတ်ယူလာခဲ့တယ်။ ဒိုးကလေးစိတ်ကူးက ကုက္ကိုကုန်းကနေ ဟိုရှာ သဒိုးလိုက်လုပ်ဦးမယ်ပေါ့လေ။

"ဘယ့်နှယ့်ထားခဲ့ရမယ်လို့ဟာ နင့်နှယ်... မလုပ်ချင်ကာမှနေရော ဓားတွေ က်ခဲ့နိုင်ပေါင်ဗျာ၊ ကျုပ်ယောက္ခမအမွေပါ။ ငါက ကုက္ကိုကုန်းရောက်လို့ ကိုင်းထွန်ထလုပ်မယ့်ကောင် မဟုတ်ဘူးဗျ။ အခြေအနေမဟန်ရင် ဓား နှင့်သင့်ဖွင့်ရမှာပဲ"

ပန်းညိုကတော့ ဒိုးကလေးကိုကြည့်ပြီး သက်ပြင်းချရုံကလွဲလို့ ဘာတတ် တဲ့လဲ။ သည်လိုနဲ့ ဓားတွေပါလာတာပါ။ လှည်းပေါ်မှာတော့ ကိုယ့်အတွေး ခြောက်ကပ်ကပ်ကြီး၊ ဒိုးကလေးကလည်း ရွာပြန်ဝင်ရတော့မှာဆိုတော့ ကြည်သာကြပါ့မလား၊ မျက်စောင်းတထိုးထိုး နှာခေါင်းတရှုံ့ရှုံ့နဲ့ နေကြ း၊ တစ်ရွာလုံး သူတော်ကောင်းတွေချည်း စုနေကြတာ မဟုတ်ပေသိ လူ့ သူတစ်ပါးကို လက်ညှိုးထိုးဖို့တော့ လွယ်ကြတာကိုး။

"ကိုကြီးဒိုးတို့ မမညိုတို့က ကုက္ကိုကုန်းကို အပြီးပြောင်းကြသာလား၊ ဒိုးမိဘများက ချမ်းသာကြဆို... မြေတော့ အမွေတွေ့ရချေသေးပေါ့ဗျာ။ က ကိုကြီးဒိုး နသတ်ဘဝကလွတ်သာ ဝမ်းသာသာ... ကုက္ကိုကုန်း ရောက် တော့ သဒိုးမလုပ်ပါနဲ့တော့ဗျာ"

လှည်းသမား သေန်းက ညောင်ကားယားသားဆိုတော့ ဒိုးကလေးတို့နဲ့ လိုက်ပို့တာပါ။ သေန်းက သူ့စိတ်ထဲရှိတာ ပွင့်ပွင့်လင်းလင်း ပြောချ ဘာကို ဒိုးကလေး စိတ်မဆိုးသာဘူး။ သေန်းပြောတာ လမ်းကျနေတာကိုး။

"မိဘများက အချမ်းသာကြီး မဟုတ်ပါဘူးကွာ၊ တော်ရုံ တောင်သူပါပဲ၊ နဲ့ယာနဲ့ လှည်းနဲ့နွားနဲ့တော့ ရှိပါရဲ့။ ဒါပေသိ မိဘအမွေ တစ်သက်လုံး စားလို့ ဖြစ်သာမှမဟုတ်သာ။ ငါ့အလုပ်ငါ လုပ်ရမှာပေါ့ကွ"

"ငါကလည်း အဲသဟာပြောသာပဲ သေန်းရယ်၊ နင့်အစ်ကိုကို တော့ပါဘူး။ ငါလည်း ရွာရိုးကိုးပေါက် မလျှောက်ချင်တော့ဘူး အ သကျွတ်ကျွတ်သွားခဲ့ပြီ... လင်ကိုလည်း ရှင်ကျွတ်ကျွတ်စေချင်သာ"

www.burmeseclassic.com

www.burmeseclassic.com



ကုက္ကိုကုန်းလှည်းဝင်တော့ ရွာကထူးသဟဲ့ ဆန်းသဟဲ့၊ လာကြပဟဲ့ မရှိကြပါဘူး။ ပုံမှန်ပါပဲ။ မိဘများဆီ သားသမီးတွေ ပြန်လာကြပြီ ဆိုတာမျိုးလောက်ပဲ ရှိကြတာပါ။ ဘိုးပျားအုံနဲ့ မယ်ကြီးမွှံတို့ကတော့ လှည်းရောက်လာတော့ ပျော်ကြရှာတယ်။ သုံး,လေးနှစ်လောက် ပျောက်သွားတဲ့ သားမျက်နှာကို စေ့စေ့ကြည့်ကြတယ်။ သည်သုံးလေးနှစ်အတွင်းမှာ ဆျောင်ကြီးဖွေကြီးနဲ့ လူကညှင်းသိုးသိုး၊ မျက်နှာတင်းတိပ်ဖတ်တွေနဲ့ မီးကျွမ်းအိုးရောင်ပေါက်နေတဲ့ သားကို ကြည့်ပြီး ဖြစ်ရလေအောက်မေ့ကြရုံပေါ့။ ရောက်လာတာကို ဝမ်းသာတာကသပ်သပ်၊ သားလူချောက ရုပ်ကြမ်းကြီးဖြစ်သွားတာ စိတ်မချမ်းမသာ ဖြစ်ကြရတာကသပ်သပ်။ ရွာက ထွက်သွားတုန်းက ဆံပင်စုစည်းနဲ့ ကတ္တီပါဖိနပ်နဲ့ကောင်က ပြန်လာတော့ တာယာဖိနပ်ပြီးတိုနဲ့ကိုး။ မအေကတော့ ပြောရှာပါရဲ့။

"ငါ့သားမလည်း ရုပ်ကြီးကြမ်းလာလိုက်သာကွယ်။ မအေ့ဝမ်းထဲက လာတဲ့ ရုပ်ဆိုလို့ တစ်စိုးတစ်စိတောင် မကျန်တော့ပါလားဟဲ့၊ ငါ့ဖြင့် တစ်ညတည်းနွားချောတစ်ကောင် လူချောတစ်ကောင်မွေးခဲ့သာ ခုတော့ ပုန်းမကြည်အိုးဟောင်းလိုပါကော"

"ကျုပ်က ရွာတကာလှည့်ကတဲ့ ပလာမင်းသားမှ မဟုတ်သာကိုး အမေရဲ့၊ လုပ်ကိုင်စားရသာ ဆင်းရဲတော့ ရုပ်မငဲ့နိုင်ဘူး။ အမေ့ပဲကြည့်လေ ဟိုတုန်းကလို ဟုတ်သေးရဲ့လားလို့... ခင်ဗျားနယ်"

ရောက်ရောက်ချင်းဆိုသလိုပဲ ဒိုးကလေးက မအေကို ပြန်ပြောနေသေးတာပါ။ မအေကတော့ သားဆိုးဒိုးကို ဘာမှပြောမနေတော့ပါဘူး။ ပါလာတဲ့ မြေးကလေး လှမ်းယူချင်ပွေ့ချင်ပေသိ ချွေးမလက်ထဲမို့ လှမ်းမယူဘူး။ ရောက်လာသကောရယ်လို့ ချွေးမကို စကားတစ်ခွန်းမပြောဘူး။ မျက်နှာလွှဲနေလိုက်လေရဲ့။ လှည်းပြန်သွားတော့ ကိုယ့်ပစ္စည်းကလေးတွေ အိမ်နောက်ဖေး ဆောက်ထားတဲ့ တဲထဲသွင်းကြရပြီ။ ပန်းညိုက ဝမ်းသာရှာတယ်။ အိုးသစ်အိမ်သစ်ရယ်လို့ သဘောထားတယ်။ တောင်သူယောက္ခမ မိဘများ ကျေနပ်အောင်ပြုစုမယ်လို့ ခံယူထားတယ်။ အခု စကားမပြော နောင်ပြောလိမ့်မပေါ့။ အခုမကြည်သာ နောင်ကြည်သာရမပေါ့။ ကိုယ့်မိကိုယ့်ဖလို အောက်မေ့ပြီး ခြေဆုပ်လက်နယ် ပြုစုမယ်။ ချက်ပြုတ် ကျွေးမွေးမယ်။ သားလေးကို သည်ရွာကျောင်းမှာပဲ ထားမယ်။ ပထမလင်က ကျန်ခဲ့တဲ့သား ကိုရင်ကလည်း စိတ်ချရပြီ။ ကုက္ကိုကုန်းပြောင်းကြမယ်ဆိုတော့ ဦးပဉ္ဇင်းကြီးက သူ့တပည့်ကိုရင်ကို မထည့်ဘူးတဲ့။ သားကိုရင်ကလည်း မလိုက်တော့ဘူးတဲ့။ ပန်းညိုကလည်း စိတ်ချပါတယ်။



ညစာစားပြီးတော့ သားအဖသုံးယောက် အိမ်ရှေ့ကပြင်မှာ ထွက်ထိုင်ကြတယ်။ ကုက္ကိုကုန်း ညက လမင်းကြီးသာလို့။ နေရာသစ်မှာပေသိ ပန်းညို စိတ်ချမ်းသာလိုက်တာ။ သားညီနံ့ကင်းတဲ့ လေသန့်ရှင်းကို အခုညကစပြီး ရှူရပြီယ်လို့ စိတ်ချမ်းသာတာပါ။ ရွာက ဒိုးကလေးသူငယ်ချင်းတချို့ ရောက်လာကြတယ်။ စကားတွေ ပြောကြတယ်။ အားပေးကြတယ်။ ညဉ့်နက်တော့ ပြန်သွားကြရော။ အခုတော့ ပန်းညိုတို့ဘဝ ညောင်ကားယားမှာ နေရတဲ့ဘဝမျိုး မဟုတ်တော့ဘူး။ လူနဲ့သူနဲ့ အသိုင်းနဲ့အဝိုင်းနဲ့ ဖြစ်လာပါပကောရယ်လို့ ဝမ်းသာလိုက်တဲ့ဖြစ်ချင်း။ ညအိပ်ကြလို့ ဒိုးကောင်း တစ်ရေးအနိုး လူးလိမ့်ငိုတော့ ဘွားအေကြီး မယ်မွှံ မနေနိုင်ဘူး။ မီးတိုင်ခွက်ကလေးနဲ့ ရောက်လာတယ်။

"ငါ့မြေးလေး ဖျားနာရော့လား... လင်းနေမြစ်ကလေးဝါးခွဲ့စမ်း၊ အိမ်ဘက်ယူလှည့်"

သည်စကားကြားတော့ ပန်းညိုရင်ထဲ လှိုက်အောင် ခံစားရတယ်။ ဒိုးကောင်းကို အကြောင်းပြုလို့ ဘဝသစ်တစ်ခု စရတော့မယ်လို့ တွေးမိလို့ပါ။ ပန်းညိုကတော့ နောက်တစ်ရက်မကူးခင် ညတွင်းချင်းမှာပဲ ယောက္ခမအိမ်ပေါ်တက်ခွင့်ရခဲ့ပြီ။

□

(၉)

နောက်တစ်နေ့ မိုးလင်းတာနဲ့ ပန်းညိုမ အစွမ်းပြတော့တာပါ။ တစ်အိမ်လုံးခြံဝိုင်းလုံး လှည်းကျင်းတယ်။ သစ်တိုသစ်စ တုံးတိုတုံးစတွေ သပ်သပ်ရပ်ရပ်ဖြစ်အောင် စီတယ်။ ပြုတ်စဖျင်းတောင်းတွေ တစ်နေရာပုံပြီး တင်းနေရာတင်း၊ တောင်းနေရာတောင်း နေရာတကျထားတယ်။ တစ်သက်လုံးက ချွတ်တက်နေတဲ့ ခွေးတွေခွက်တွေ တိုက်တယ်။ အဝတ်ဟောင်းတွေစုပြီး ဖွပ်လျှော်ထားတာများ ခြင်းထရံလေးဘက် ပတ်လည်ပြည့်ကရော။ သည်ကြားထဲက ယောက္ခမ မီးဖိုချောင်ရှင်းရင်း ဝင်ချက်လိုက်ပြုတ်လိုက်သေးတာပါ။ နွားတင်းကုပ်များ သန့်ရှင်းသွားလိုက်တာ လှဝင်အိပ်လို့ရတယ်။ ပန်းညိုအလုပ်လုပ်နေတော့ မြေးဒိုးကောင်းကို ဘွားအေကြီး မယ်မွှံက လက်ကမချဘူး။ သဂျိုးပဂျိုး၊ (သွားကျိုးပါးကျိုး)နဲ့ နှုတ်ခမ်းအိုအေးအေးကလေး ချော့နေသေးတာပါ။

"ဒိုးကလေးမိန်းမများ အိမ်ကခါးတွေ ဘယ်အချိန်သွေးထားသလဲ မသိဘူး။ ဆောက်ရုံယောက်ျား သွေးသာထက်ရှုသေးဗျာ၊ ဝိုင်းထောင့်ကို ထွန်တုံးမ,ရွှေ့တာများ ရှုပ်မခေါ်ဘူး။ အာဂမိန်းမပဟ"

www.burmeseclassic.com

www.burmeseclassic.com



ဘိုးပျားအုံကတောင် ချီးကျူးရတဲ့အထိ ပန်းညိုကလည်း ရောက်ရောက်ချင်း တစ်ပတ်ဆယ်ရက် ခါးကျိုးအောင် တွန်းလုပ်ပစ်လိုက်တော့ ခြံဝင်းရော အိမ်ပါ သန့်ရှင်းသွားလိုက်တာ လက်လက်ထလို့။ အမဲသားသည်မ စကားမပြော ဘူးလို့ တင်းထားကြပေမယ့် တင်းမဖြစ်တော့ပါဘူး။ မလွှဲမကင်းသာတော့ ပြော ကြရပြီ။ ပန်းညို ကလေးနို့လာတိုက်ဦးဟဲ့တို့၊ အမေ့ လက်ဖက်ကလေးနှပ်ပေး စမ်းတို့၊ အဖေ့ရေနွေးတစ်အိုး ခပ်ပေးစမ်းတို့ကစလိုက်တာ နောက်ပိုင်း သမီးလို့ တောင် ခေါ်ကြပါပြီ။ ယာချိန်ကိုင်းချိန်များတော့ ရွာကတောင် အံ့သြရတဲ့အထိ အလုပ်ကို ကန်သင်းကျိုးလုပ်ရှာတော့ ဒိုးကလေးမိဘများက သနားတောင်လာ ကြတယ်။ နွားနဲ့ဖက်ရုန်းရင်တောင် ဖြစ်မယ့်ဟာမလို့တောင် ရွာကိုပြောသေး တာပါ။ ဒိုးကလေးကတော့ သားနဲ့မယားထားခဲ့ပြီး အလုပ်ရှိ ရှိသလို ဓားထုပ် ထမ်းထွက်နေကျပါ။ သဒိုးအလုပ်ဆိုတာ ကြံရာလှူခိုင်းမဖြစ်တော့ ကုက္ကိုကုန်း အထိ လိုက်လာကြပြီး အလုပ်အပ်ကြတာတွေရှိတာကိုး။ ရွာဆယ်ရွာ တစ်နေ့ မဟုတ်တစ်နေ့ အမဲပေါ်ဝက်ပေါ် ရှိတာဆိုတော့ ဒိုးကလေး လက်မလည်ဘူး အလှူများရှိရင် ပိုတောင်အလုပ်များသေးတာ။ မအေ့ခမျာ သည်အလုပ်က လွတ် အောင် ရွာခေါ်ကာမှ လုပ်နေကျအလုပ်ကို မဖြတ်တော့ စိတ်ဆင်းရဲရှာတယ်။ မလုပ်ဖို့ အတန်တန်တားပေမယ့် ဒိုးကလေးက မရပါဘူး။

"အခင်းထဲ ပန်းညိုလုပ်ပါလိမ့်မဗျာ၊ အမေတို့ တောင်သူအလုပ်က တစ်နှစ် နေနေ တစ်နှစ်ဆန်းဆန်း ကြာလွန်းလှဗျာ။ ကျုပ်အလုပ်က လက်လှည့်သုံးရသာ အမေရ။ ငရဲကြီးရင် ခင်ဗျားတို့ ခွဲတမ်းမပါပါဘူး။ ကျုပ်လုပ်သာ ကျုပ်ခံမှာပါ"

"ငါ့သားရယ် ကျက်သရေမရှိတဲ့အလုပ်မို့ မလုပ်စေချင်လို့ ပြောသာပါ။ တို့မှာ မျိုးရိုးလည်း မရှိခဲ့ပေါင်ကွယ်။ မင်းနှယ် ကျွဲပေါ်နွားပေါ်မှ စားရသာ မဟုတ်ပါဘူး။ သားမယား ငရဲစာမကျွေးချင်ပါနဲ့"

"ငရဲစာသော ငအံ့စာသော ရောင်နေလို့ဖြစ်သာမဟုတ်ဘူး။ ကျုပ် အလုပ် မလုပ်တော့လည်း မလုပ်လို့၊ လုပ်တော့လည်း တစ်ပြစ်ပါလားဗျာ၊ အမေတို့သာ ပုတီးစိပ်ကြပါ။ နိဗ္ဗာန်မဂ်ဖိုလ် ကူးကြပါဗျာ။ ကျုပ်များတော့ မပူပါနဲ့"

တစ်လက နှစ်လ၊ နှစ်လက ခြောက်လ၊ ခြောက်လက တစ်နှစ်ဖြစ်လာ တော့ ပန်းညိုကိုတောင် အသနားပိုကြရပါပြီ။ အိမ်အလုပ်အခင်း အလုပ်များ တော့ ဗျန်းဗျန်းကွဲကိုး။ ငှားထားတဲ့ သူရင်းငှားကတောင် လက်ဖျားခါရတော့ တာ ကြည့်လေ။ ယောက္ခမတွေ နေထိုင်မကောင်းရင် ခြေဆုပ်လက်နယ် ပြုရ တယ်။ အညစ်အကြေးကစ သုတ်သင်သေးတာ။ ဝတ်ထားတဲ့ အဝတ်အစား



နေ့ကူးမခံဘူး။ ပန်းညိုက ဒန်ဇလုံကြီးထဲ အဝတ်ပေတွေထည့် ခေါင်းပေါ်ရွက် ပြီး ရေတွင်းကုန်းသွားလျှော်တယ်။ ဘိုးပျားအုံတို့ မယ်ကြီးမှုံတို့လည်း အရာမှ ထမင်းပွဲ လက်ဆေးနိုက်ရတဲ့ဘဝရောက်တော့တာပါ။ ဒိုးကောင်းကလေးထလာပြီး စတ်တတ်ပြေးပြီဆိုတော့ ဘိုးအေဘွားအေ လက်ထဲကမကျဘူး။ ချစ်လိုက်ကြ တာ တုန်လို့။

ပန်းညိုကိုယ်တိုင်ကလည်း ကုက္ကိုကုန်းမှာနေရတာ ပျော်ပါတယ်။ ရွာရပ် ကလည်း ခင်မင်လာကြတော့ ပိုလို့တောင် စိတ်ချမ်းသာသေးတယ်။ စိတ်ဆင်းရဲ တာ တစ်ခုပဲ။ ဒိုးကလေး ဓားထုပ်ထမ်းထွက်ရင် မျက်နှာပူတာပါ။ ညည်းတို့ သားအဖ ဖျက်လို့ ငါတို့သားပျက်ရတယ်လို့ မပြောကြပေသိ တကယ်တမ်း မျက်နှာပူတာရတာက ပန်းညိုကိုး။ လင်ကို အတန်တန်တားရှာပါရဲ့။ မရပါ ဘူး။ ဘယ်လိုများ အထုံရေစက်ပါသလဲတော့ မပြောတတ်ဘူး။ အကုသိုလ် အလုပ်ကို မက်ရေစက်ရေရှိလိုက်ပုံများ။ သူ သဒိုးလုပ်ရာက ပါလာတဲ့ ငွေရယ် လို့လည်း ပန်းညိုမသုံးရပါဘူး။ အခုတော့ ယောက္ခမများနဲ့အတူနေ အတူစား ဆိုတော့ ပန်းညိုတို့လည်း စားအိုးပျောက်ပါပြီ။ အဆိုးဆုံးက ဥပုသ်သီတင်း ရက်တွေမှာတောင် ဒိုးကလေးကို ခေါ်မရတာပါ။ ဘုန်းကြီးကျောင်းများ ဘယ် တုန်း ဘယ်ခါကမှ မလိုက်ဘူး။ တစ်ခါတော့ ရွာကျောင်းဆရာတော် အိမ် ကြွလာတယ်။

"ဒကာငဒိုး … ဘုန်းကြီးအလှူခံစရာရှိသယ်။ ဒကာဒိုး လှူနိုင်ပါသယ်။ ကျုပ်က မလှူနိုင်သာ အလှူမခံပါဘူး"

"မိန့်ပါဘုရား… တပည့်တော် လှူနိုင်သာ လှူပါ့မယ်ဘုရား"

"ဒကာဒိုး ဓားတွေ အလှူခံချင်သာပဲ ဘယ့်နှယ့်တုန်း"

ဒိုးကလေးက မထင်တာကြားလိုက်ရတော့ ခေါင်းနပန်း ကြီးသွားလေရဲ့။ ဒါ ဘယ်သူ့လက်ချက်လဲ။ အဖေလား၊ အမေလား၊ ပန်းညိုလား။ ဘယ်သူပဲ ဖြစ်ဖြစ် ဆရာတော်က အလှူခံနေပြီကော။ သူ့ဘက်က ပြတ်သားတဲ့အဖြေပေး ရတော့မှာဆိုတော့ ရုတ်တရက် နှုတ်ကမထွက်ဘူး။ နဖူးမှာ ချွေးတွေစို့နေတဲ့ ကြားကပဲ ပြန်လျှောက်လိုက်တယ်။

"တပည့်တော် မစွန့်နိုင် မလှူနိုင်သေးပါဘုရား"

"မိုက်လက်စ မတုံးနိုင်သေးပါလား ဒကာရဲ့၊ ဒကာ့အလုပ်က ဘုန်းဘွဲ့ သည်း စိတ်မချမ်းသာဘူး။ သတ္တဝါတွေလည်း စိတ်မချမ်းသာဘူး။ ပစ္စုပ္ပန် လည်း မကောင်းဘူး။ သံသရာလည်းမကောင်းဘူး စဉ်းစားပါဦးလေ"

ဆရာတော် ပြန်ကြွသွားတော့ ဒိုးကလေး ငိုင်ပြီးကျန်ရစ်ခဲ့တယ်။ ပန်းညို

www.burmeseclassic.com

www.burmeseclassic.com

ကတော့ ဆရာတော်ကို ဝတ်ဖြည့်ပြီး အိမ်ရှေ့ဆင်းလာခဲ့တယ်။ နွားတွေ အစာကျွေးချိန်ကျပြီလေ။ စဉ်းထားတဲ့ ပဲမှော်တောင်းမ,ပြီး နွားစားကျင်းထဲ ဖြန့်ထည့်တယ်။ အပေါ်က ဖွဲနုလိုက်ဖြူးတယ်။ ရေကလေးစပ်စပ်နဲ့ ရောနယ်တယ်။ ချည်တိုင်က နွားတွေဖြုတ်ပြီး နွားစားကျင်းဘက် ဆွဲလာတယ်။ ဒိုးကလေးက ပန်းညို လုပ်ကိုင်နေတာတွေ အကုန်လုံးမြင်နေရတယ်။ တစ်ခါက အမဲသားသည်မ ပန်းညို၊ နွားတွေကို ချစ်လိုက်တာ ယုံစရာတောင်မရှိဘူး။ နွားတွေအစာစားနေသခိုက် နွားချေးစိုတွေ ပျဉ်နှစ်ချပ်နဲ့သိမ်းလို့။ တောင်သူ့သားဖြစ်တဲ့သူကတော့ သဒိုးဘဝနဲ့ နေကုန်ရတော့မယ်နဲ့တူပါရဲ့။

"အစ်ကို ထမင်းစားတော့မလား။ ကျုပ်တော့ တစ်လုပ်တစ်ဆုပ် စားလိုက်ဦးမယ်... တော့်သားအိပ်တုန်း"

ပန်းညိုက စဉ့်အိုးကွဲမှာ လက်ဆေးရင်း လှမ်းမေးတော့မှ ဒိုးကလေး အတွေးရပ်တော့တယ်။ ဟုတ်သား။ သူလည်းအနောက်ရွာဘက် သွားရဦးမှာနဲ့။

"ရှုးပေါ့ဟာ စားကြသာပေါ့"

လင်မယားနှစ်ယောက် ထမင်းစားကြတော့လည်း စကားမပြောဖြစ်ဘူး။ အတွေးကိုယ်စီနဲ့ကိုး။

❐

## (၁၀)

ငါးနှစ်ဆိုတဲ့ အချိန်ထဲမှာ အရာရာ ပြောင်းလဲသွားတယ်လို့ မပြောနိုင်ပေသိ တချို့သော အကြောင်းတွေကတော့ ပြောင်းလဲသွားခဲ့တယ်။ သည်ငါးနှစ်အတွင်းမှာ ပန်းညိုက သမီးကလေးတစ်ယောက် ထပ်မွေးတယ်။ မအေ့ နာမည်ရော ဘွားအေနာမည်ပါယူပြီး "ပန်းမှုံ"လို့ အမည်ပေးလိုက်ကြတယ်။ ပန်းမှုံ နှစ်နှစ်သမီးအရွက်ရောက်တော့ ဘိုးအေကြီး ဘိုးပျားအုံ ဆုံးတယ်။ ပန်းမှုံ သုံးနှစ်ခွဲလောက်မှာ အမေကြီးမှုံ ဆုံးပြန်တယ်။ ဒိုးကောင်းက ကြီးပြီ။

ဘိုးအေနဲ့ ဘွားအေဆုံးကြတော့ နောက်ဖေးတဲကနေ အိမ်ရှေ့အိမ်ကို ပြောင်းကြရပြီ။ နောက်ဖေးတဲကိုလည်း မဖျက်ပါဘူး။ သူရင်းငှားကြီး ဦးပေတို့လင်မယားထားလိုက်ကြတယ်။ ဦးပေ့မိန်းမ ဒေါ်ဂျမ်းက အားကိုးရတာပါသလို မိန်းမဖော်ရအောင်ထားတာလည်း ပါပါတယ်။ ဒိုးကလေးက အိမ်မကပ်တာများပြီကိုး။ တစ်ရွာလိုက်သွားရင် လေး, ငါးရက် ပေါ်မလာတတ်ဘူး။ အလုပ်က ဘယ်လောက် လုပ်ရတယ် မပြောတတ်ပါဘူး။ ရက်တွေက ညောင်းလွန်းဆိုတာလို သွားလိုက်ရင် စုန်းစုန်းမြုပ်ကရော။ ဘယ်လောက်အထိလည်းဆိုရင် မအေ



သေတော့လည်း တစ်ရွာကို လူလွှတ်ခေါ်နိုင်းရတယ်။ ဖအေသေတော့လည်း အလောင်းမမီဘူး။ ရက်လည်မှ ရောက်လာခဲ့တယ်။ သမီးပန်းမှုံ မွေးတုန်းကတော့ကော ရွာဆယ်ရွာ ဘယ်ရွာရောက်နေမှန်း မသိလို့ ကမ္ဘသကာသဘောထားခဲ့ရတယ်။ မီးထွက်မှ ရောက်လာတယ် ပြောပါတော့။ ပန်းညိုကတော့ ချိုသည် ခါးသည် မပြောတော့ပါဘူး။ မိဘတောင် ပြောလို့မရခဲ့ဘူးဆိုမှတော့ သူဆိုတာ ဝေးရောပေါ့။

ဒိုးကလေးရုပ်ကြီးကလည်း ကြမ်းလာလိုက်တာ မပြောပါနဲ့တော့။ တင်းတိပ်တွေက မျက်နှာတစ်ခုလုံးမှာ ဗျစ်ထူကြီးထလို့။ အနာများတဲ့ သရက်သီးပုပ်လိုညိုတာညို၊ မည်းတာမည်း။ နှင်းခူတွေက ခြေထောက်မှာ သံကွင်းစွပ်စွပ်မိပြီ။ ဘယ်တော့မှ အကျီမကပ်တဲ့လူဆိုတော့ ရင်ဘတ်နဲ့ကျောပေါ်က အနာဖေးကြီးတွေဆိုတာများ ဂျပ်တည်နေတော့တာပါ။ အင်မတန်သန်လှတဲ့ ဆံအုံကောင်းကောင်း သျှောင်ကြီးဖွေကလည်း ကျွတ်ချင်တိုင်း ကျွတ်ကုန်တဲ့ ဆံပင်တွေကြောင့်တစ်ပတ်လျှိုဖို့တောင်ခက်ရပြီ။ မနက်ရေ ညရေဆက်နေတော့ ပန်းညိုကလည်းတော်ချင်တော့ဘူး။ ပြောလည်း မပြောချင်တော့ဘူး။ လာချင်လာ၊ သွားချင်သွား။ မျှော်လည်း မမျှော်တော့ဘူး။

"အစ်ကိုရယ် သွားသာတော့ သွားရပါသယ်။ ကျုပ်ကလည်း မမျှော်တော့ပါဘူး။ ဒါပေသိ ဘယ်ရပ်ဘယ်ရွာမှာတော့ ရှိမယ့်ဆိုတာလောက်တော့ မှာခဲ့ပါတော်၊ ကျုပ်က အရေးရှိလို့ ဘယ်လိုက်ရမှန်းမသိဘူး။ အလုပ်လုပ်လို့ ပိုက်ဆံဘယ်လောက်ရသလဲဆိုသာလည်း ကျုပ်မသိရဘူး။ တစ်ခါမှ ပိုက်ဆံပါသယ်မရှိဘူး။ အစ်ကို ဘာတွေလုပ်နေသာတုန်း"

"နှင် ထမင်းငတ်နေလို့လား၊ ငါ့မိဘက အိုးနဲ့အိမ်နဲ့ လှည်းနဲ့နွားနဲ့ ထားခဲ့သာ မဟုတ်ဖူးလား။ ငါ့လုပ်စာ မျှော်သေးလား၊ ငါ့လုပ်စာက အရက်သောက်သို့ကုန်ပြီ... နှင်တို့ပဲ အကုသိုလ်ရေစာမိုးစာ မစားချင်ဘူးဆို။ အမဲသားသည်အရင်ကတော်ဖြစ်လို့ ဘဝမေ့တဲ့မိန်းမ"

မူးမူးနဲ့ နှင့်နှင့်သီးသီး အပြောအဆိုခံရပြီးတဲ့နောက်ပိုင်း ပန်းညို ဘာမှကိုမေးတော့ပါဘူး။ ပန်းညိုကိုယ်တိုင်က ပိုင်သမျှမြေကွက်ကို ယောက်ျားတစ်ယောက်လို ထွန်ဟယ် ယက်ဟယ်မရှိနိုင်ပေသိ။ နှမ်းချိန်နှမ်း၊ ပဲချိန်ပဲ၊ နေကြာချိန် နေကြာ၊ ဝါချိန်ဝါ သူတကာ ဘာလုပ်သလဲကြည့်ပြီး အခင်နဲ့ အိမ်သူနေရှာတာပါ။ သူရင်းငှား လင်မယားကောင်းလို့ ရာသီချိန်သီးနှံရသေးသ သူလည်း ပင်ပန်းရတာပါပဲ။ ကလေးနှစ်ယောက်က တစ်ဖက်၊ နွားသုံးလေးကောင်

www.burmeseclassic.com

www.burmeseclassic.com



က တစ်ဖက်။ တစ်ခါတစ်ခါများ အမဲသားတောင်း ခေါင်းပြန်ရွက်ပြီး ဘဝကို နောက်ပြန်ဆုတ်လိုက်ချင်မိတယ်။

"ကျုပ်က ဘဝများ မမေ့တဲ့တော်၊ ခုလက်ရှိဘဝ ကောင်းလှပေါ့ဟာ ဆော့လုပ်စာဆိုသာက ကိုယ့်လင်သားတစ်ယောက်က ကောင်းရောင်းကောင်းဝယ် လုပ်ကျွေးတဲ့ လုပ်စာမျိုး ဘယ်မိန်းမဆို မက်သာကိုးတော့၊ တော့အတွက်မှ လို့ပြောသာ ကိုငဒိုးကြီးရေ့...ကျုပ်က ကလေးနှစ်ယောက်နဲ့ ရှန်းနိုင်ပ"

သည်လိုများပြောရင် ဒိုးကလေးက ခါးထုပ်ထဖြည်ပြီး သွေးတော့တာပါ။ ဓားတွေက အမျိုးမျိုး။ ခုတ်ဓား၊ ထိုးဓား၊ နှင်ခါး၊ ဖျင်ဓား၊ ခြစ်ဓား။ ဓားမြှောင်တွေဆိုတာ ဖိတ်ဖိတ်လက်လို့။ ပြီးရင် ဂုံနီအိတ်စနဲ့ပတ်ပြီး ဖင်တစ်ချက် ခေါင်းတစ်ချက် အလယ်တစ်ချက် ကြိုးနဲ့စည်းပြီး လာခေါ်မယ့်လူ မျှော်တော့တာ။ လှည်းမျှော်တော့တာ။ ဒိုးကလေးထွက်သွားရင် တစ်မျိုးတော့ ကောင်းတာပဲလေလို့ သဘောထားလို့သာကိုး။ ကိုယ်ကပါတင်းရင် ရန်ဖြစ်ရတော့မယ်ဆိုသာလည်း သိတာပါပါတယ်။ သည်အရွယ်ရောက်မှာတော့ ပန်းညို ရန်မဖြစ်ချင်တော့ဘူး။ မအေဖြစ်တဲ့ အမေမှုကတောင် မှာခဲ့သေးတာကော။ မှန်လိုက်တဲ့စကား။

"ပန်းညို... ငါ့သမီး၊ ငါ့ဒဏ် ညည်းခံပေဦးတော့... ဒိုးကလေးက မွေးနက္ခတ်မကောင်းဘူး။ လူမှန်းသိကတည်းက မျှော်ခဲ့ရသာ... အိုကြီးအိုမ အရွယ်အထိ မျှော်ရတာနဲ့ ဘဝပြီးခဲ့ရသယ်။ ညည်းလည်း ဆက်သာမျှော်ရော့"

အမေမှုပြောသလို တကယ်လည်း မျှော်ခဲ့ရတာပါပဲ။ နောင် ဘယ်လောက်တောင် မျှော်ရဦးမှာပါလိမ့်။ ဒိုးကလေး အသက်မငယ်တော့ဘူး။ လူကလည်း တစ်နေ့တစ်ခြား အကြည့်ရဆိုးလာလိုက်တာ။ စပါးခင်းထဲက စာခြောက်ရုပ်ကမှ ကျက်သရေရှိသေးတယ်။ တစ်ခါက ချောလှချည့်ဆိုတဲ့ ဒိုးကလေး အခုတော့ အလှတွေအချောတွေ ဘယ်ရောက်ကုန်ပါလိမ့်။ သူသတ်ခဲ့တဲ့ ကျွဲစိမ်ရေ၊ နွားစိမ်ရေတွေများ သင့်ရော့သလား။

တစ်ရက်...။

ပန်းညို အခင်းထဲသွားနေတုန်း ဒိုးကလေးအိမ်ကို ရောက်နှင့်နေတယ်။ အခင်းထဲမှာက ဘယ်သူ ခူးစားစားရယ်လို့ မြေကလေးဖျာသုံးလေးချပ်စာလောက်မှာ ငရုတ်၊ ရုံးပတီသီး၊ ချဉ်ပေါင်ခရမ်းစသည်ဖြင့် စိုက်ထားတော့ တစ်အိုးစာ တစ်နပ်ချက် သွားခူးတာပါ။ ပန်းညိုရဲ့ စိုက်ခင်းကို ရွာကလည်း စားချင်သူက တစ်ချက်စာ တစ်ခါကြော် ကြုံသလို ခူးကြတယ်။ ပန်းညို ဝိုင်းထဲဝင်လာတော့ တဖျန်းဖျန်းရိုက်သံတွေ ဆက်တိုက်ကြားရလို့ စိတ်ထဲထင့်ကနဲ ဖြစ်သွားခဲ့တယ်။



ဝိုင်းထဲရောက်တော့ ဒိုးကလေးက ဝါးခြမ်းမာမာတစ်ချောင်းနဲ့ နွားတွေကို ထုရိုက်နေတာ တွေ့ရပြီ။ ပန်းညိုက ဆံပင်ကို ချက်ချင်းပြင်ထုံးလိုက်တယ်။ ထဘီကို တိုတိုပါအောင်ဝတ်ပြီး ဒိုးကလေးကို ဝင်လုံးတယ်။ ဒိုးကလေးက မူးလည်းမူးနေ၊ ပန်းညို ရုတ်တရက် ရောက်လာတာကိုလည်း မသိလိုက်တော့ မြေပေါ်ကို ဘတ်လက်လဲကျသွားတယ်။ ဒါပေမယ့် ဒေါသနဲ့ ချက်ချင်းထတဲ့ပြီး ပန်းညိုကို ဝါးခြမ်းနဲ့ ကျောဖြတ်ရိုက်လိုက်တယ်။ ဖျင်းခနဲ နာကျင်သွားရာက ပန်းညို သွေးစိတ်ပျောက်သွားတယ် တူပါရဲ့။ ဒိုးကလေး သျှောင်ကိုဆွဲပြီး ကုပ်ကိုဖိနှိပ်ထားရာက ကျောကို အုန်းခနဲ အုန်းခနဲ ထုတော့တာပါ။ ဘယ်နှစ်ချက် ထုမိသယ် မသိဘူး။ ဒိုးကောင်းက အမေရေလို့ အော်ပြောလာလို့ ရပ်လိုက်ရတယ်။ နွားတွေကတော့ ဒိုးကလေး ဘယ်လောက်တောင် ရိုက်ထားတယ် မပြောတတ်ဘူး။ နောက်ကို ပေဆုတ်ဆုတ်ရင်း ကြိုးရှိသလောက် ရုန်းနေကြလေရဲ့။ နွားအကောင်များ ဆတ်ဆတ်တုန်နေလိုက်တာ သနားစရာတောင်ကောင်းတယ်။

ပန်းညိုက ဒိုးကလေး လဲနေတဲ့အတိုင်း ပစ်ထားခဲ့ပြီး အိမ်ပေါ်တက်လာခဲ့တယ်။ ကနေ့တော့ ဒိုးကလေးနဲ့ပန်းညို လင်ဂဲမယားကဲကုန်ပြီနဲ့ တူပါရဲ့။ ဘယ်နေ့ချိ နှစ်နဲ့ချီ မျိုသိပ်ခဲ့ရတဲ့ ဒေါသ၊ သဒိုးဦးကြာပေါ်ရဲ့သမီးဆိုတဲ့ဗီဇ၊ အပြစ်မဲ့တဲ့ နွားတွေကို သေလုအောင် ရိုက်ရပါ့မလားဆိုတဲ့အညှိုး။ အားလုံး စုဆုံကျပြီး ပန်းညို ပွင့်ထွက်သွားခဲ့တယ်။ အိမ်ရှေ့အိမ်နဲ့ ဆောအိမ်က လူတွေရောက်လာပြီး ဒိုးကလေးကို ထူပေးကြတယ်။ အိမ်ရှေ့ကပြင်ပေါ် အသာလှဲပေးထားကြတယ်။ တစ်ရေးနိုးတော့ ပန်းညို ဒေါသတွေပြေပြီ။ လင်လှဲနေရာ ကပြင်ထွက်လာတော့ ဒိုးကလေးက ငုတ်တုတ်။ ချည်တိုင်က နွားတွေကို ညောင်ထဲက လှမ်းကြည့်နေတယ်။ ပန်းညိုက ဒိုးကလေးဆား ဝင်ထိုင်ပြီး ...တယ်။

"တော်... ဘာလုပ်သာတုန်း... ကျုပ်နွားတွေမှာ ဘာအပြစ်ရှိလို့တုန်း၊ ...ရိုက်ထားသာ နွားတွေကို သွားကြည့်စမ်း၊ အဖီးချင်း ယှက်နေသာများ ...သီးသာ ကြည့်တော့၊ ကျုပ်လည်း ဒေါသမထိန်းနိုင်ဘူးတော်... တောင်းပန်...—"

ဒိုးကလေးက သူ ဘာလုပ်ခဲ့တယ်ဆိုတာ မသိသလို နှုတ်ဆိတ်ကြိမ်... ...တယ်။ တော်တော်ကြီးကြာမှ စကားတစ်ခွန်း ပြောလေရဲ့။ သည်စကား ...တော့ ပန်းညို တုန်လှုပ်သွားခဲ့ရပြီ။ သူ့အဖေ သဒိုးဦးကြာပေါ်တုန်းက ...ကြားခဲ့သလို ခုလည်း လင်က သည်စကား ပြောပါပကော။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဝိုင်းထဲဝင်လာတော့ နွားတွေက ငါ့ကို နှာမှုတ်ကြသယ်၊ ငါ့ကို ခွေ့ဖို့အားယူကြသယ်၊ ခွာတွေရှပ်ပြီး တဘူးဘူးအော်ကြသာများ သုံးချောင်းစလုံးပဲ၊ ဒါနဲ့ ဝါးခြမ်းဆွဲပြီး ရိုက်ပစ်လိုက်သာ မှတ်ကြရောဟ"

ဒိုးကလေးက ပြောနေပေမယ့် ပန်းညို ဖအေဘိုးကြာပေါ်ကို စိတ်ရောက်သွားခဲ့တယ်။ အဖေလည်း သည်လိုဖြစ်ခဲ့ဖူးတာပါလား။ တစ်ခါက အဖေ့ကို လူတွေက သွေးအလူးလူးနဲ့ ရွာတဲအိမ်ကို ပြန်ပို့ခဲ့ကြတဲ့အဖြစ်ကို ပန်းညိုမမေ့ဘူး။ အဲသည်နေ့က အဖေချောက်ထဲကို စောစောရောက်သွားတယ်။ သည်တုန်းကတော့ အိမ်က စောစောထသွားတဲ့ အခါတွေပေါ့။ ချောက်ထဲမှာ နေ့ရောညပါ မနေသေးဘူး။ မနက်နေ ထန်းတစ်ဖျားလောက်ရောက်တော့ လူတစ်ယောက်က နွားတွေထဲမှာ ရှားရှားပါးပါး ချိုလက်ပြတစ်ကောင် ဆွဲလာခဲ့သတဲ့။ ချိုကုပ်၊ ချိုထောင်၊ ချိုတယ်လူး စသည့် ချိုအမျိုးမျိုးထဲမှာ ချိုလက်ပြက ထူးခြားတဲ့ချို။ ချိုတစ်ဖက်ထောင် ချိုတစ်ဖက်လဲဆိုတော့ လူများ လက်ပြသလိုဖြစ်နေလို့ ချိုလက်ပြခေါ်တာပါ။ နွားက နသန်တော့ မဟုတ်ဘူး။ အိုပြီ။ ဆွဲလာသူက သူ့နွား ဖြစ်ကြောင်း၊ မကြာခင်ရွာက အသားသယ်မယ့် လှည်းလိုက်လာမယ့်အကြောင်းတွေ ပြောပြီး ဘိုးကြာပေါ်ကို အပ်တယ်။ ဘိုးကြာပေါ်က အေးအေးပါပဲ။ ဆေးလိပ်တစ်ဖွာတောင် သောက်နေလိုက်သေးတာပါ။

"မင်းက ဘယ်ရွာကတုန်း"

"အိုးဖုတ်ကုန်းက…"

"မင်းတို့ရွာတွေမယ် သဒိုးမရှိရောလားကွာ၊ အဝေးကြီးဆွဲလာရသယ်လို့"

"ရွာမှာ မလုပ်ချင်လို့ဗျ၊ ရွာက မလုပ်ဖို့တားနေကြသာ၊ ကျုပ်က လုပ်ချင်လို့ ဆွဲလာသာ၊ အသားတော့ မြို့င်လုစျေးသွင်းရမှာပဲ"

"မင့်နွားက ချိုလက်ပြပါကောကွ၊ ရှားကရှားနဲ့ အကျိုးကော ပေးခဲ့ရဲ့လား…"

"ပေးသယ် မပေးသယ် မှတ်မပေါင်ဗျာ၊ နကန်ချုက်နာတော့ ထလုပ်သာမျိုးပါ…"

သည်အချိန်မှာ နွားရှင်က ချိုလက်ပြ နအိုကြီးကို အနားက သဖန်းပင်စည်မှာ ချည်တယ်။ ဘိုးကြာပေါ်က တဲထဲဝင်ပြီး ရေသောက်တယ်။ အိုးခေါင်အဆင်းက အခြင်တန်းမှာ ကြိုးနဲ့ဆိုင်းတာတဲ့အိုး။ သောက်ချင်သူက လှမ်းခပ်သောက်လို့တော့ရတယ်။ ဘိုးကြာပေါ်က ထိုင်လျက်က မားရွေးနေတုန်းမှာ နွားချည်ထားတဲ့ကြိုးက ထောင်းခနဲပြတ်ပြီး နွားက တဲထဲကို ရှိသမျှအားနဲ့ ထိုးခွေ့တော့တာပါ။ ရေသောက်နေတဲ့ နွားရှင်က ဘေးဖက်က ခပ်သောသောနေတာ ဆိုတော့ နွားဝင်လာတာလည်းမြင်ရော နောက်ကို ခုန်ဆုတ်လိုက်တယ်။ ဒါပေမယ့် ဘိုးကြာပေါ်ကတော့ မလွတ်ပါဘူး။ ငုံ့ခတ်လိုက်တဲ့ချိုချက်နဲ့ နောက်ကိုလွင့်သွားရာက တဲတိုင်ကို ကျောနဲ့ဆောင့်မိသွားတယ်။ တဲတိုင်အညွှတ်မှာ ရေအိုးက ကြိုးဆိုင်းပြုတ်ပြီး ဘိုးကြာပေါ် ခေါင်းပေါ်တည့်တည့်ကြီး ကျလာတယ်။ နွားဆောင့်တဲ့ဒဏ်ရာ၊ တိုင်နဲ့ကျောနဲ့ ရိုက်မိတဲ့ဒဏ်ရာ၊ ရေအိုးပြုတ်ကျတဲ့ဒဏ်ရာတွေနဲ့ ဘိုးကြာပေါ် မေ့သွားတော့ပါပဲ။ ဒါတောင် နွားက ဘိုးကြာပေါ်ကို တရှူးရှူးအော်ပြီး ခတ်နေတုန်းပါ။ နွားရှင်က ချက်ချင်းပဲ ပြတ်သွားတဲ့ကြိုးစကျန်တာကို ဖမ်းပြီး နဖားကြိုးလှန်ဆွဲတော့မှ အခွေ့ရပ်တော့တယ်။ သခင်ကိုင်လိုက်မှန်းသိတော့ နွားက ငြိမ်ကျသွားပြီး ဆုတ်ကန်ဆုတ်ကန်နဲ့ တုန်နေရာက ရုန်းပြီးတော့တာပါ။ နွားရှင်ရဲ့ အမဲသယ်မယ့် လှည်းရောက်လာတော့ ဘိုးကြာပေါ်ကို လှည်းပေါ်ကောက်တင်ပြီး အိမ်ပြန်ပို့ခဲ့ကြတယ်။ သည်ဒဏ်ရာနဲ့ ဘိုးကြာပေါ် တစ်လလောက် ကုယူရတာပါ။

"အဖေသိတယ်၊ နွားကြီးက ဆွဲလာကတည်းက အဖေ့ကို ကြည့်နေသာ ပန်းညိုမရဲ့… အရင်က မဖြစ်ဖူးဘူး… တုန်နေတဲ့နွား၊ ကြောက်နေတဲ့နွား၊ မျက်ရည်ကျတဲ့နွား၊ ပေဆုတ်ဆုတ် လုပ်နေတဲ့နွားတွေ တွေ့ခဲ့ပါရဲ့၊ အဲသည်နွားကတော့ ချည်ထားတဲ့ကြိုးတောင် ပြတ်သွားသာ ကြည့်တော့၊ ကံကြီးလို့ သေသယ်… အဖေ့ကို နွားတွေမုန်းကြပြီ"

ဘိုးကြာပေါ်ကိုတော့ ရွာဆေးနဲ့ပဲ ကုခဲ့ရတာပါ။ နံတွေကျိုးမကုန်ပေသိ အရိုးတွေ နိမ့်သွားလို့ တစ်သက်လုံး ခရိုက်(ခါးရိုက်)ကြီးနဲ့ နေသွားခဲ့ရတယ်။ ဘိုးကြာပေါ်တော့ နွားတွေကို အမြဲသတိထားခဲ့ရတယ်။ မကြာမကြာ နွားတွေရဲ့ တိုက်အခိုက်ခံရတာ တွေ့ရှိခဲ့တယ်။ အခုလည်း လင်သားဖြစ်တဲ့ ဒိုးကလေး သည်စကားမျိုး ပြောနေပါပကော။ နွားတွေက ရန်လုပ်ကြလို့တဲ့။ ဒိုးကလေး သည်နွားတွေ ကွဲသွားတာ ဘာကြာသေးလို့တုန်း။ ရန်သူလို သဘောထားချင် ဘာအကြောင်းရှိလို့တုန်း။ တစ်ရွာကရောက်လာတဲ့ သူစိမ်းကိုတောင် နွားတွေက ချစ်ခင်ကြပါလျက်ကနဲ့ ဒိုးကလေးကျမှ ဘာဖြစ်လို့သည်လို ဖြစ်ရတာလဲ။

သည်လို အဖြစ်မျိုး ဒိုးကလေး ကြုံခဲ့ရတာ နှစ်ခါသုံးခါရှိပါပြီ။ အစတုန်းကတော့ သတိမထားမိခဲ့ဘူး။ တစ်ခါက ရွာလှည်းသမား ကိုတေမောင် ရွာထဲ လှည်းမောင်းဝင်လာတာနဲ့ ဒိုးကလေး အနောက်ချောင် အရက်သွားသောက်တာနဲ့

www.burmeseclassic.com



ကြုံတယ်။ ကိုတေနောင်နဲ့ ဒိုးကလေးက ရွယ်တူတွေ။ ငယ်ငယ်က ကစား
ဖော် ကစားဖက်။ အရက်ဆိုင်ချောင်က ဒိုးကလေး ထွက်လာတာတွေ့တော့
ကိုတေနောင်က လှမ်းနှုတ်ဆက်တယ်။

"ဟေ့ကောင် ဒိုးကလေး၊ စောစောစီးစီးကွာ မနက်ရေချခဲ့ရောလား မင်းနဲ့
တော့ ခက်ပါကွာ..."

"တေနောင်... နေဦး ငါပါလိုက်မယ်..."

ကိုတေနောင်က လှည်းရပ်ပေးတော့ ဒိုးကလေးက လှည်းရှေ့က ပန်းဖြိ
လှည်းနောက်မြီးဘက် စိုက်ထိုးစိုက်ထိုးနဲ့ လျှောက်လာတယ်။ အရက်က မူးနေ
တော့ မဟန်နိုင်တာနဲ့ အနားက နွားနံဘေးကို လှမ်းကိုင်လိုက်တယ်။ သည်မှာ
တင် နွားကဆတ်ခနဲ တုန်သွားပြီး ဘူးခနဲထအော်ရော။ ကိုတေနောင်တော
ကြောင်သွားလေရဲ့။ ဒိုးကလေးက အကိုင်မခံရကောင်းလားဆိုပြီး လှည်းထ
ပိုးတုံးရှေ့ သွားရပါတယ်။ သည်မှာတင် နွားနှစ်ကောင်က ဖြိုင်တူအော်လိုက်
ပြီး နောက်ကို ကျို့ခနဲ ဆုတ်လိုက်တာကနေ ပတ်ချောလှည့်လိုက်တာ လှည်
တစ်ပတ်လည်ကရော။ လည်လို့ လှည်းတည့်သွားတာနဲ့ ရုန်းပြေးကြတော့တ
ဒိုးကလေး ကျန်ရစ်ခဲ့တယ်။ ကိုတေနောင်ကလည်း လှည်းက နောက်ကြော
ပြန်နေတော့ ကြိုးကို စုံဆွဲပြီး တောင့်တယ်။ ရပ်သွားအောင်ပါ။ မရပ်ဘူ
နွားတွေက ပြေးလျက်ပဲ။

"ဟ ကောင်တွေရ... အဖေ့သားတွေ ဘယ်လိုဖြစ်တာတုန်းဟ၊ ရော်
ရပ်ကြဦးဟ..."

လမ်းပေါ်မှာတော့ မူးမူးနဲ့ရပ်နေတဲ့ ဒိုးကလေးပဲ ကျန်ရစ်ခဲ့တယ်။ မျက်
ပြူးကြီးနဲ့ လှမ်းကြည့်နေရုံပဲ တတ်နိုင်တော့တယ်။ လှည်းကပြေးပြီ။ ကိုတေ
လည်း တဟေးဟေး တဟားဟားနဲ့ ပါသွားလေရဲ့။ သည်အဖြစ်ဟာ ဒိုးက
အတွက် ပထမဆုံးဖြစ်ခဲ့တဲ့အဖြစ်ဆိုတော့ အမှတ်ထင်ထင် ရှိခဲ့တယ်။ သ
အကြောင်းကို ရွာထဲကတစ်ဆင့် ပန်းညို ကြားခဲ့ရပြီးပြီ။

တစ်ခါကလည်း ပန်းညို သတိထားမိလိုက်တာ ရှိတယ်။ ဒိုးကလေ
သူ မြောက်ရွာကအပြန် ရွာထဲဝင်တော့ ကိုဆာမိ နွားအုပ်ကြီးနဲ့ ဆုံတ
ကိုဆာမိက ရွာထဲကနွားတွေကို အငှားကျောင်းသူဆိုတော့ နွားအကောင်နှစ်ဆ
အစိတ် အမြဲပါတတ်တယ်။ ကိုဆာမိက နွားတွေနဲ့ရွာထဲကအထွက် ပန်းညို
ဒိုးကလေးက ရွာထဲအဝင် ရွာဆူးတံခါးနားဆုံကြတော့ နွားတွေက ရွာ
ပြန်လှည့်ကြတယ်။ ကိုဆာမိက လှည့်ပြန်တဲ့နွားတွေကို နကန်နဲ့ ဆီးရိုက်တ

နိုက်ပေမယ့် နွားတွေက ရိုက်နေတဲ့ နကန်ဆီကိုပဲ ရွတ်ဝင်နေကြတော့ ဝရုန်း
သုန်းကား ဖြစ်ကုန်ကြတာပေါ့။ ပုံမှန်အားဖြင့် နွားဆိုတာ နကန်ကို ကြောက်ကြ
ပြီ မဟုတ်လား။ အခုတော့ ပန်းညိုနဲ့ ဒိုးကလေး သည်ဘက်မှာ ရှိနေကြတာကို
နွားတွေက လန့်နေကြတာ ထူးတော့ ထူးဆန်းသားလို့ ပန်းညို အောက်မေ့ခဲ့
မိသေးတယ်။

အခုလည်း အိမ်ကနွားတွေက မစိုးမခန့် ရှိကြပြီ။ မခင်မတွယ် ရှိကြပြီ။
သည်အချိန်မှာ ပန်းညိုက လေးအေးကလေးနဲ့ ပျောင်းဖျရှာတယ်။ မပြောကောင်း
ဆသိ လင့်အကျိုးကိုငဲ့ပြီး ပြောရတော့တာပါပဲ။

"တော် အကုသိုလ်ကြီးနေပြီးကော၊ အစ်ကို့အလုပ်တွေ ရပ်လိုက်စေချင်
ပြီ၊ ကျုပ် လုပ်ကျွေးမယ်တော်... တော်အရက်သောက်ချင် သောက်ပါ၊ ဖဲရိုက်
ရိုက်ပါ၊ ကျုပ် နပ္ပနဆာလုပ်တော့ပါးချ၊ သဒိုး အလုပ်တော့ မလုပ်ပါနဲ့တော့၊
တော်နဲ့ရတဲ့ ကလေးနှစ်ယောက်မှာ အကြီးကောင်က သဒိုးဖြစ်၊ နမက အမဲလည်
ရောင်းရတဲ့အဖြစ်မျိုး မဖြစ်ချင်စမ်းပါနဲ့ တော်..."

သည်တစ်ခါတော့ ဒိုးကလေးက ငြိမ်လို့။ သူ့ကိုယ်သူလည်း သိပုံပေါ်
ပါရဲ့။ ပန်းညိုမျက်နှာကို လှမ်းကြည့်တယ်။ အိမ်ကလေးထဲမှာ မှောင်နေတော့
ကောင်းကောင်းမမြင်ရဘူး။

"ဒိုးကောင်းတို့ကို ရှင်ပြုရဦးမှာ ရှိသေးသယ်၊ ငါ ပိုက်ဆံရှာရဦးမှာပါ
ပန်းညိုရာ၊ ကလေးတွေ ရှင်ပြုပြီးရင် ငါမလုပ်တော့ဘူး အောက်မေ့ပါသယ်၊
နောက်လေးငါးနှစ်ပေါ့ဟာ"

ပန်းညိုကတော့ သက်ပြင်းချရုံပေါ့။ အကုသိုလ်ကို တွန်းဖယ်ဖို့များ ချေး
ခံနေရသေးသလား အစ်ကိုရယ်လို့သာ စိတ်ထဲက ညည်းမိပါရဲ့။

◻

## (၁၁)

ပန်းညိုကုန်း သည်တစ်ခါလှူတဲ့အလှူက အလှူကြီး။ အလှူ့ရှင် ကိုသံချောင်း
နဲ့ ခင်ဆိုတာက ဒိုးကလေးတို့နဲ့ ဆွေမျိုးမကင်းကြဘူး။ ဒိုးကလေးအမေ
ဘွားအုံနဲ့ အလှူ့ရှင် ကိုသံချောင်းတို့က ညီအစ်ကို ဝမ်းကွဲတော်ကြတယ်။
ဘွားအုံက အကြီးဆိုတော့ ကိုသံချောင်းတို့က အစ်ကိုကြီး၊ အစ်ကိုကြီးနဲ့
လေးစားစား ရှိခဲ့ကြတယ်။ အလှူရက်မှာ ဦးပျားအုံ မရှိတော့တဲ့ခါကျ
တော့ ကိုသံချောင်းဘက်က အမျိုးရယ်လို့ ဒိုးကလေးနဲ့ ပန်းညိုသို့ ဖိတ်စာထဲ
ထည့်ရိုက်ရတယ်။ အလှူက ဝက်သားပြောင် ကျွေးမှာဆိုတော့ အသားတိစ္စ

www.burmeseclassic.com



ဒိုးကလေးကပဲ တာဝန်ယူလိုက်တယ်။ ဝက်ဖိုးကတော့ အလှူရှင်က ပေးတာပါ၊ ဝက်ဝယ်ပြီး ဒိုးကလေးက ပေါ်ပေးရတာပါ။ ဘထွေးလုပ်တဲ့ အလှူ့ရှင် ဒိုးကလေးကို မလုပ်စေချင်လို့ အပြီးမှာရအောင်ပါဆိုတာကို ဒိုးကလေးက လ မခံဘူး။

"မဟုတ်သာ ဘထွေးရာ၊ ကျုပ်ရှိလျက်ကနဲ့ဟာ ကျုပ်လုပ်ပေးတော့ မ ဘူးပေါ့ဗျာ"

"လေသာ မလေသာ အကြောင်းမဟုတ်ပါဘူး ငါ့တူရာ၊ အလှူ့ရက် မင်း အကုသိုလ်ဖြစ်မှာစိုးလို့ပါ။ ရွာထဲတော့ မလုပ်နဲ့ကွာ၊ တစ်ခြားမှာ သွ လုပ်ချေ..."

ဒိုးကလေးကပဲ တစ်ရွာက ဝက်တွေသွားဝယ်၊ အလှူ့ရက်နဲ့တိုက်ပြီး ပေးလိုက်တယ်။ ဝက်သားပြောင်ချက်ကျွေးတဲ့ အလှူဆိုတော့ အလှူကြီး တွေက ဒိုးပတ်ဝိုင်းတွေ တစ်ဝိုင်းစီဖိတ်ထားတာဆိုတော့ မြိုင်လှဖယ်လိုက် ဒိုးပတ်ဝိုင်း ကိုးဝိုင်းတောင်ပါတဲ့အလှူ ဘယ်သေးလိမ့်မလဲ။ ကိုသံချောင်းတို့ မိဘများလက်ထက်ကတည်းက တောင်သူကြီးတွေဆိုတော့ ချမ်းသာကြတ မညွန့်ခင် အမွေရတာနဲ့ဆိုတော့ ရွာမှာ လူချမ်းသာစာရင်းဝင်တွေ။ တစ်သ တစ်လှူ လှူလိုက်စမ်းမဟဲ့ဆိုတဲ့ စိတ်နဲ့ မြိုင်လှက ရွှေမဏ္ဍာပ်ဆင်ဟားတ မြင်းခြံက နာမည်ရတဲ့ ဆိုင်းဟားတယ်။ ဘိုသိက်ဟားတယ်။ ရှင်လောင်း မနက်မှာ ရှင်လောင်းတွေကို နတ်များ၊ ဗြဟ္မာများက ရွှေထီးဆောင်း တာကလေးကလည်း ထည့်ချင်တော့ နတ်ဝတ်နတ်စား ဗြဟ္မာဝတ် ဗြဟ္မာ အစ ဟားထားကြတာပါ။ ဗြဟ္မာကြီးက ရှေ့က၊ နောက်က နတ်သားလေး နတ်သားလေးပါးက ရွှေထီးလေးလက်ကို ကိုယ်စီကိုင်ကြရမှာကိုး။ ရွာက ကျဉ်းဆိုတော့ တောင်ရွာအထိ လှည့်ကြဖို့စီစဉ်ထားတယ်။

"ဘထွေး ကျုပ်တူတွေ အလှူမှာ ကျုပ်က ဗြဟ္မာလုပ်မှာဗျနော... နတ် လေးပါးတော့ ဘထွေးတို့သဘောပဲ"

"ဒိုးကလေးရာ...ဗြဟ္မာဝတ်ကြီးနဲ့ အရက်တွေ တွန်းသောက်ထားလို့ မကောင်းဘူးကွ ငါ့တူရ...ရေကြီးတတ်သယ်၊ ပြီးတော့ တောင်ရွာအထိဆို မင်းပုံနဲ့ဖြစ်မထင်ဘူး... တစ်ယောက်ရှာပါကွာ"

"ဘယ့်နှယ် မဖြစ်ရမှာတုန်း ဘထွေးရ... ကျုပ် ဗြဟ္မာလုပ်မယ် မသောက်ပါဘူးဗျ အလှူလှည့်ပြန်လာမှ သောက်မှာပါ"

"ကိုင်း... ကိုင်း မင့်သဘောပါ ငါ့တူရာ၊ ဘထွေးက မင်းပင်ပန်းမှ သာပါ"



သည်လိုနဲ့ အလှူ့ရက် ရောက်ကရော။ ရှေ့ဆုံးက သာသနာ့ပွဲရှုဆ်ဖော် အမကြီးပုံ။ နောက်က နတ်သားလေးပါးနဲ့ဗြဟ္မာကြီး။ စုစုပေါင်း ငါးပါးလိုက် ရမယ်။ နတ်ဝတ်နတ်စားတွေက ညကတည်းက ကြိုပေးထားတော့ မနက်မိုးလင်း တာနဲ့ အကျအနဝတ်ဆင်ပြီး အလှူမဏ္ဍာပ်သွားကြရုံကိုး။ ဒိုးကလေးက သူ့ အိမ်သံငုတ်မှာချိတ်ထားတဲ့ ဗြဟ္မာဝတ်စုံရှည်ကြီးကို ကပြင်စွန်းက ထိုင်ကြည့်ရင်း သဘောကျနေတော့တယ်။ ဗြဟ္မာဆောင်းတဲ့ မကိုဋ်ကြီးကတော့ ခေါင်းရင်းက ခုံပေါ်မှာ အကျအနတင်ထားတာပါ။ ပန်းညိုကလည်း ဝမ်းတွေသာလို့။ အလှူ မှာ ဗြဟ္မာဝတ်နဲ့ အလှည့်လိုက်မှာဆိုတော့ အကုသိုလ်စိတ် တဒင်္ဂပျောက်ပြီး ကုသိုလ်စိတ်ကလေး ဝင်တော့လည်း အမြတ်ပဲလို့ တွက်ရှာတာပေါ့လေ။ ပန်းညို က သည်အဝတ်အစားကြီး အလှူ့အိမ်က ပို့လိုက်ကတည်းက ဒိုးကလေးကို ဝတ် ကြည့်စမ်းပါ ခိုင်းနေတာပါ။ ဒိုးကလေးက အရက်သောက်ထားတော့ မဝတ်ဘူး။ ရှိမသေဖြစ်မှာစိုးတာလည်း ပါပါတယ်။ မနက်ကျမှ ရေမိုးချိုးပြီး ဝတ်မယ်လို့ စိတ်ကူးထားတယ်။

မနက်မိုးလင်းတော့ ဒိုးကလေး ရေမိုးချိုးတယ်။ ညက အရက်သိုးနဲ့ ပျောက်အောင် သွားတိုက်ပြီးတာနဲ့ ကွမ်းတစ်ယာဝါးတယ်။ အောက်ခံ ဘောင်ဘီး တို့နဲ့ စွပ်ကျယ်ခံပြီး ဗြဟ္မာအဝတ်အစား လျှိုဝတ်တယ်။ ဗြဟ္မာဝတ်က ကြီးနေပြီး ဒိုးကလေးက သေးနေတော့ အနားလာငေးနေကြတဲ့ ကလေးတွေက ရယ်ကြရော။ ခွိရိဖားရားကြီးဖြစ်နေတာကိုး။ ပန်းညိုကလည်း မျက်နှာပိုးမသတ်နိုင်ဘူး။

"အေးဟာ... ဒါကြီးနဲ့ တောင်ရွာအထိ လှည့်ရလို့ကတော့ ချွေးတလုံး လုံးနဲ့ ပူပူလောင်လောင်ကြီးနေမှာပါဟာ၊ ဘထွေးကတော့ပြောသား..."

"အိုတော် တစ်မနက်စာထဲဟာကို ဝတ်ပါတော် ကုသိုလ်ရတာပေါ့၊ တော့် တစ်သက် ဝတ်ဖူးလို့လား... ဝတ်ရတုန်း ဝတ်စမ်းပါတော်"

"အေးပါ... ခုမှတော့ မဝတ်လို့လည်း မရတော့ဘူး၊ ငါနှယ် ဗြဟ္မာနဲ့ မတူဘဲ ဘုန်းကြီးပျံကွင်းထဲက ဒုံးရုပ်နဲ့ တူနေပါ့ကောဟ"

ဗြဟ္မာဝတ်ဝတ်ပြီးတာနဲ့ မကိုဋ် မဆောင်းသေးဘဲ အိမ်ကပြင် ခြေဆင်း ထိုင်နေရတယ်။ ကလေးတွေကတော့ ရယ်လို့ပဲမဆုံးနိုင်ဘူး။ အငယ်မ မတီမတာ ကတောင် ရယ်နေတော့ ဒိုးကလေးတောင် ရှက်တက်တက် ဖြစ်လာတယ်။ ပန်းညိုက အလှူတန်းလှည့်ရမယ်သိတော့ အိမ်ကအဆာပြေ ထမင်းကြမ်းပန်းကန် နွန်းတပ်ပေးတယ်။

"ဗြဟ္မာကြီး ...နတ်သုဒ္ဓါလေးများ မှိဝဲသွားဦး... လမ်းကျ ဗိုက်ဆာလို့ ဟပ်ထိုးလဲနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒိုးကလေးက မစားပါဘူး။ မိုးလင်းတာနဲ့ အရက်သောက်နေကျဆိုတော့ နေပူခံကလေးတစ်ခွက်လောက် သောက်ချင်တာပဲရှိတယ်။ အရက်တော့ မသော ဘူးလို့ စိတ်ဖြတ်ထားတော့ ရင်ပူခံပြီး တောင့်ထားလိုက်တယ်။ အလှူမဏ္ဍာ ဆီက အသံချဲ့စက်သံ ဒိုးသံတွေဆူနေသလို ဒိုးကလေး ရင်ထဲမှာလည်း အ ပလုံစီကြီးထိုးနေလေရဲ့။ တစ်ခွက်လောက် သောက်တော့ကော ဘယ်သူ သိ မှတ်လို့။ တကယ့်ဖြဟ္မာမှ မဟုတ်ဘဲ။ ဖြဟ္မာဝတ်စုံကို သည်လိုပဲ ကြုံတဲ့လူ ဝတ်နေကြတာပဲ။ ဒိုးကလေးကို စိတ်ကပဲ သွေးတောင်းနေတော့ ဖြဟ္မာအဝ အစားတန်းလန်းနဲ့ နောက်ဖေးဘက် ထွက်လာခဲ့တယ်။ နောက်ဖေးက မောင်း ခွက်ထဲမှာ တစ်ညက ကျန်ခဲ့တဲ့အရက်ပုလင်း လက်ကျန်ကလေး ရှိသေးတ သတိရလို့ထလာတာပါ။ ပန်းညိုက နောက်ဖေးနောက်ဖီ သွားတယ်ထင်တယ် ဒိုးကလေးက မောင်းဆုံခွက်ထဲထည့်ထားတဲ့ပုလင်းကို ဆတ်ခနဲနှိုက် အဖုံးဖွင့်ပြီ ပါးစပ်ထဲ ရေမစပ် ရေမရော လောင်းချလိုက်တယ်။ အာခေါင်ထဲ ပူသွားပေမယ့် ဘစ်ကိုယ်လုံးတော့ ငြိမ်သွားတာပေါ့လေ။ သည်လောက်ဆို မဆိုးဘူး။ ပုလင်း လွှင့်ပစ်ခဲ့ပြီး ဟန်မပျက်ပြန်ထွက်လာတော့ အိမ်အဝမှာ ရွာထဲက အိုးကိုတွေ့ရ ဒိုးကလေး မလာလို့ လာခေါ်တာပါ။

"လေးဒိုး...ခင်ဗျား အေးအေးဆေးဆေးလုပ်နေ၊ ဟိုမှာ နတ်သားတွေ စုံပြီဗျ... ဘကြီးသံချောင်း ခေါ်ခိုင်းလိုက်လို့ အလှူက လှည့်တော့မယ်..."

"အေးပါ ငါကလည်း ထွက်တော့မလို့ပါ၊ ပန်းညို ငါသွားမယော့"

ပန်းညိုက အိမ်ပေါ်မရှိဘူး။ ထူးသံဖြေသံလည်း မကြားရတော့ အိုးကို အိမ်ပေါ်က ဖြဟ္မာမကိုင်ရှ တက်ယူခိုင်းလိုက်ရတယ်။ အိုးက မကိုင်ရှကြီးတက် ယူပြီး ဒိုးကလေးလက်ထဲ ထည့်ပေးလိုက်ရတယ်။ ဒိုးကလေးက မကိုင်ရှကို အိုး အကိုင်ခိုင်းပြီး အလှူအိမ်ကို ထွက်ဖို့ပြင်တယ်။ ပန်းညို တစ်နေရာရောက်နေလို့ ဘင်ပါရဲ့။ ဝိုင်းဝရောက်မှ ပန်းညို ပြေးလာပြီး လှမ်းအော်တော့တာပါ။ ဒိုးကလေး က လှည့်ကြည့်တယ်။

"အစ်ကို... မကိုင်ရှဆောင်းသွားလေ၊ ကျုပ်ကြည့်ချင်လို့ပါ"

"အလှူလှည့်တော့ လိုက်ကြည့်ပါလားဟာ၊ ခုကတည်းက ဆောင်းမသွား ချင်ပါဘူး..."

"အခု ဆောင်းစမ်းပါတော်၊ ဖြဟ္မာဘဝနဲ့ ကျုပ်ဝဝကြီး မြင်ချင်လို့ပါ၊ အိုး...ဆောင်းပေးလိုက်စမ်းပါဟယ် နင့်ဦးလေးကို"

အိုးက မကိုင်ရှကြီး ကမ်းပေးလိုက်တော့ ဒိုးကလေး ဗျစ်တောက် ဗျစ် တောက်ပြောရင်းနဲ့ ခေါင်းကို စွပ်လိုက်တယ်။ အနားရောက်လာတဲ့ ပန်းညိုနဲ့

ကလေးတွေက ပြုံးကြလို့။ အိုးကလည်း ပြုံးလို့။ သည်အပြုံးတွေ ကြာရှည် ခံလိုက်ပါဘူး။ အဲသည်ခဏမှာပဲ ဒိုးကလေးကို ဖြဟ္မာဝတ်ကြီးနဲ့ပဲ အိမ်ပေါ် မ တင်လိုက်ကြရတယ်။ တော်တော်နဲ့ သတိမရလေတော့ ပန်းညိုက စိတ်ပူပြီ။ ဘာဖြစ်သွားတာပါလိမ့်။ ပွေ့တင်တော့မှ အရက်နံ့ရလိုက်တာလည်း သိလိုက် တယ်။ ဘယ်အချိန်များ သောက်လိုက်ပါလိမ့်။ ဒိုးကလေး သတိမလည်တာ ကြာ ည်တာထား၊ အလှူက ဖြဟ္မာမပါဘဲ လှည့်မဖြစ်တော့ အိုးကိုပဲ ဖြဟ္မာအဝတ် တွေ ဝိုင်းအချွတ်ခိုင်းရတယ်။ ထင်တဲ့အတိုင်းပဲ၊ ဒိုးကလေးကို သွားခေါ်တဲ့ အိုးပေါ်မလာတော့ အလှူကလူတွေ လိုက်လာကြတာမနည်းဘူး။ ဒိုးကလေး အဖြစ်ကိုမြင်တော့ အံ့သြကြတယ်။ ချက်ချင်းပဲ ဖြဟ္မာအဝတ်အစားတွေ အိုး ကိုပဲ ဆင်ပေးလိုက်ကြရတယ်။ ဖြဟ္မာကြီးကိုလာပင့်တဲ့ အိုးခမျာ ချက်ချင်း ဖြဟ္မာဖြစ်သွားရာက အလှူအိမ်ကို တန်းပြေးရပြီ။ လူတွေပြန်လို့ တော်တော်ကြီး နေတော့မှ ဒိုးကလေးမျက်လုံး ပြန်ပွင့်တော့တယ်။ သူ့ခန္ဓာကိုယ်ပေါ်က ဖြဟ္မာ အဝတ်အစား မရှိတော့တာကိုပဲ စိတ်သက်သာရာ ရသွားသလို မျက်လုံးတွေ ပြန်စင်းသွားလေရဲ့။

"ဘယ့်နှယ်ဖြစ်သွားသာလဲ မပြောတတ်ပေါင် ပန်းညိုရယ်... မကိုင်ရှကြီး သည်း စွပ်လိုက်ရော နားထင်နှစ်ဖက် ကင်းမလက်မည်း ညှပ်ထိုးလိုက်သလို မိုးဝင်းဝင်း တောက်သွားတော့သာပဲ ...နားထဲမှာလည်း မိုးကြိုးများ ပစ်လိုက် သလိုပါဟာ... တစ်သက်နဲ့တစ်ကိုယ် ကြုံဖူးဘူး"

ပန်းညိုကတော့ သူ့စိတ်ထဲ ခံစားရတာရှိပေမယ့် ချိုသည်ခါးသည် မပြော တော့ပါဘူး။ ဒိုးကလေးကို အသာမှိန်းနေဖို့ပြောခဲ့ပြီး ကလေးတွေကို ရှင်လောင်း လှည့်ပြရင်း အလှူအိမ်ကို မျက်နှာပြထွက်လာခဲ့ရတယ်။ အိုးကို အလှူတန်း ရှေ့ဆုံးမှာ ဖြဟ္မာဝတ်စုံကြီးနဲ့တွေ့တော့ ပန်းညို မျက်ရည်တွေ ဝဲလာမိတယ်။ ချက်ချင်းလိုလိုပါပဲ ကလေးနှစ်ကောင် လက်ဆွဲပြီး အိမ်ပြန်လာခဲ့တယ်။ ပန်းညို ရင်ထဲတော့ ငါးရှိုးများ လည်ချောင်းထဲ ကန့်လန့်နင်နေသလို စလုံးစခုကြီးနဲ့။

□

(၁၂)

သည်ကိစ္စကြီးပြီးတော့လည်း ဒိုးကလေးက အရက်မလျှော့ဘူး။ အသတ်အဖြတ် မလျှော့ဘူး။ သူ့ကြည့်လိုက်ရင် သျှောင်ပါးပွပွကြီးနဲ့ မျက်နှာသမင်... နဲ့ ပိုလို့သာ ဆိုးလာခဲ့တယ်။ ရွာဦးဆရာတော်က ဒိုးကလေးကို တစ်... ထိမ်း

www.burmeseclassic.com

www.burmeseclassic.com



တဲ့အနေနဲ့ ကျောင်းကို ဆွမ်းလောင်းဆွမ်းပို့ကြရင် အသားကြီးဆယ်မျိုး အ
မပေးဘူးဆိုတာမျိုး မိန့်တယ်။ ဆင်သား၊ မြင်းသား၊ ကျွဲသား၊ နွားသား
အသားကြီးတွေကို ဆွမ်းမလောင်းရဘူးဆိုတော့ တော်ရုံလူက သည်အသား
မဝယ်တော့ဘူးပေါ့။ ကိုယ့်အိမ်မှာ ချက်ပြုတ်စားရုံလောက်သာ ဝယ်ကြ
တာကိုး။ ဒါကို သူနဲ့မဆိုင်ပေသိ ဒိုးကလေးက မကျေနပ်ဘူး။

"ဘုန်းကြီးက အသားကြီးဆွမ်းမပို့ရဆိုသာနဲ့ အမဲသား၊ ကျွဲသား ရောင်း
ရရောတဲ့လား၊ ငါဖြင့် စားမအားရပေါင်ကွာ... ဘုန်းကြီးနှယ် မဆီမဆိုင် ငါ့
ဘဲ့တိုက်နေသေးသယ်"

ဒိုးကလေးက မပြောကောင်းတဲ့စကားအထိ ပြောလာခဲ့တယ်။ ပန်းညို
ကပျာကသီ ပြန်ပြောရတယ်။

"အလိုတော်...ဘယ့်နှာပြောလိုက်ပါလိမ့်... မပြောကောင်းမဆိုကောင်း
ကံကြီးထိုက်လိမ့်မယ်၊ ဘုန်းကြီးက တော်နဲ့တုပြီး ဂုဏ်တု ဂုဏ်ပြိုင် လုပ်
မလား ... သည့်စကားမပြောပါနဲ့၊ တော့်မှာ ကံသုံးပါးစလုံး ပြစ်မှားနေပါပြီ
လား..."

ဒိုးကလေးက မူးလို့ဖြစ်ဖြစ် သွေးဆိုးလို့ဖြစ်ဖြစ် သားမယားကို ရိုက်ဟယ်
နှက်ဟယ် ဆဲဟယ်ဆိုဟယ် မရှိပေမယ့် ပန်းညိုကတော့ လင်ကို လူမိုက်လု
ပေါင်းနေရသလို ဖြစ်နေခဲ့တယ်။ ဘာပြောလိုက်မလဲ၊ ဘာလုပ်လိုက်မလဲ၊ ဘာ
လိုက်မလဲပေါ့လေ။ ပန်းညိုက ပြောပြန်တော့လည်း ငြိမ်သွားတတ်ပြန်ပါရဲ့။
သည်စိတ်ကြမ်းတွေကြောင့် လူလည်း ကြမ်းလာလိုက်တာ တစ်နေ့တစ်ခြ
ရုပ်ကြီးဆိုးလှပြီ။ သျှောင်ဆိုရင် ဆံပင်တွေကျွတ်လွန်းလို့ထင်ပါရဲ့။ ချည်စ
ပြေထွက်နေတဲ့ ဆောင်စုတ်နဲ့တောင် တူတော့တယ်။ မျက်နှာကဆိုတာ ဘ
တုန်းကမှ မရွှင်ပျဘူး။ တစ်ခါတလေ လူစိတ်ပျောက်နေသလို ထိုင်မိထိုင်
ငေးမိငေးရာနဲ့ မထတော့ဘူး။ ရေရယ် မိုးရယ်မချိုးတော့ လူကလည်း သွေး
အမဲနံ့တွေ ထောင်းထောင်းထလို့။ ပန်းညိုကတော့ ဒိုးကလေး သည်လိုဖြစ်ရတ
သူ့ပယောဂ မကင်းဘူးရယ်လို့ ကရုဏာနဲ့ သည်းခံရှာပါရဲ့။

ဒိုးကလေးက သည်ဘက်လတွေထဲမှာ လူကြမ်းတောကြီးနဲ့ ပေါင်းမိတော့
ပိုဆိုးကရော။ လူကြမ်းတောကြီးဆိုတာက ကုလ္လိုကုန်းရွာသား၊ ဓာတ်တစ်ဓာတ်
ပါသွားတဲ့လူ။ ဓာတ်ထဲ လူကြမ်းလုပ်ရာက ဘာဖြစ်တယ်မသိဘူး။ ရွာပြန်က
တာ လေး၊ ငါး၊ ခြောက်လရှိပြီ။ အရက်ဆိုင်မှာ တွေ့ကြရာက တောကြီးနဲ့
လုံးမိသွားကြတာပါ။ တောကြီးက အချိန်တန်ရင် အရက်ဆိုင်က စောင့်ရုံပဲ
ပိုက်ဆံပါစရာလည်း မလိုဘူး။ ဒိုးကလေး ရွာမှာရှိလို့ ဆုံချင်လည်း ဆုံပေါ့



တော့လည်း စာရင်းမှတ်သောက်။ ဒိုးကလေးက အချိန်တန်ရှင်းပေးတယ်။
တော့ လူကြမ်းနဲ့လက်ကြမ်း ခမှပေါင်းမိတော့တယ်လို့ ပြောကြတယ်။
ကြမ်းကတောကြီး၊ လက်ကြမ်းက ဒိုးကလေး။ သူတစ်ပါးအသက် ရက်ရက်
က်သတ်တဲ့ လက်ပိုင်ရှင်လို့ ပြောတာပါ။

တစ်မနက်။ ဒိုးကလေးက လူကြမ်းတောကြီးကို သွားခေါ်တယ်။ အရက်
င်သွားတယ်။ အရက်အတူသောက်ကြတယ်။ မူးကြပြီဆိုတော့ ဒိုးကလေးက
ကြားထားတဲ့သတင်း ပြောပြတယ်။ တောကြီးက ဓာတ်ထဲတုန်းက လူကြမ်း
နှာလေးနဲ့ ဒိုးကလေးကို ကြည့်နေတယ်။ ဒိုးကလေး ဘာဖြစ်ချင်သလဲ ဖြစ်
ယ်ဆိုတဲ့ပုံနဲ့ နားထောင်နေတာပါ။ တောကြီးက ဓာတ်ထဲမှာ လူကြမ်းသရုပ်
င် လုပ်လာလို့သာ၊ အပြင်မှာ တကယ့်လူဆိုးလူကြမ်းကြီးမှ မဟုတ်တာပဲ။
ရက်စွဲလာလို့ အရက်သောက်တာပဲရှိတာပါ။ ဒါပေမယ့် တောကြီးမှာ အရက်
မခွာနိုင်တော့ ဒိုးကလေးကိုမခွာနိုင်ဘူး။ ဒိုးကလေးကို မခွာနိုင်တော့ ဒိုးကလေး
ားကိုလည်း မပယ်ရှားဝံ့ဘူး။ ဒိုးကလေးကလည်း ကျွဲပေါ်၊ နွားပေါ်သာ
ာ၊ လူလူချင်း လှန့်ဖို့များတော့ မစွမ်းပြန်ဘူး။

"သည်စကား နှစ်ယောက်တည်းသိပစီ၊ ငါပြောမယ် တောကြီး... တို့ရွာ
ဘက်ကို ရေစာမိုးစာ စားကျက်ရှာတဲ့ နအုပ်ကျလာဖို့ ရှိတယ်။ တို့ရွာတွေ
ာ့ မဖြတ်လောက်ဘူးပေါ့ကွာ၊ ရွာအနောက်.ဒေါလှလေး အခင်းဘက်ကနေ
ာင်ရွာခြေကိုဖြတ်ကြမှာ...တောင်ရွာခြေကမှ ကျီးအာချောက်ဖက်...အဲသည်
မှ ရွာတွေကို အပြင်ကပန်းပြီး မြစ်ရိုးရွာတွေဘက် သွားကြမှာတဲ့...မြစ်ရိုး
ရွာတွေဘက်က မြက်စိုကွင်းတွေဆီပေါ့ကွာ..."

"အဲသာ ကျုပ်က ဘာလုပ်ရမှာတုန်း၊ မြက်စိုလိုက်ရိတ်ရမှာလား ကိုရင်ဒိုး
ား ကျုပ် နားမရှင်းပါဘူး..."

"မင့်အမေလင် မြက်စိုလိုက်ရိတ်မှာလား... ဒါနဲ့များဓာတ်ထဲ လူကြမ်းလုပ်
ခဲ့တယ် ပြောသေး...မင်းအချိုးနဲ့ ဓာတ်ခုံပေါ် တက်ခဲ့ရမယ်တောင် မထင်ဘူး၊
ားဆွဲနဲ့ ပြန်လာခဲ့ပုံပါကွာ..."

"လူကြမ်းအစစ်ပါဗျာ၊ ဟဲ ပြောပါဦး ကိုရင်ဒိုးစကား..."

"သည်လိုကွ..."

ဒိုးကလေးအကြံက တစ်သက်လုံး မကြံစည်ခဲ့ဖူးတဲ့ အကြံပါ။ သူတို့ ရွာ
တွေက အခြောက်ရွာတွေ။ မိုးခေါင်ရေရှား ရွာတွေ။ သောက်ရေတွင်း နှစ်တွင်း
လောက်နဲ့ ပြီးရတဲ့ရွာတွေ။ စိုက်တာပျိုးတာကလည်း မိုးနဲ့ ...င်းနဲ့ အဆင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ ဘယ်ဖက်ကမှ ရေရယ်လို့ ဆင်းလာစရာမရှိဘူး။ မြစ်ရိုးရွာတွေကျ တော့ ရေမြောင်းတွေနဲ့ စက်တွေနဲ့ ရေတင်နိုင်ကြတယ်။ မြစ်ရေဓာတ်နဲ့ သစ်ခင်း စိမ်းစိမ်းတွေ ပေါတယ်။ မြက်စိုကွင်းတွေ ပေါတယ်။ အဲသလို ရွာတွေကို အစွတ် ရွာတွေ ခေါ်ကြတာပါ။ အခြောက်ရွာတွေက အစွတ်ရွာတွေဘက်ကို နွားစာ ရှားပါးတဲ့အခါ အုပ်လိုက်မောင်းလာတတ်ကြတယ်။ သည်ရက်ထဲ နွားအုပ်ကျ တော့မယ်ဆိုတာကို ဒိုးကလေးက ကြားနှင့်ပြီ။ နွားအကောင် လေး, ငါး, ခြောက်ဆယ်အုပ်ကို လူဆယ်ယောက်လောက်က စားအိုးစားခွက်နဲ့ လာကျောင်း ကြတာဆိုတော့ နွားတစ်ကောင်၊ ချိုချိုချောင်ချောင် ဖမ်းထားချင်လို့ မဖြစ်နိုင်ဘူး။ သည်တော့ လမ်းကဆီးပြီး နွားတစ်ကောင်၊ နှစ်ကောင် ရနိုင်တဲ့နည်းရှိတဲ့ အကြောင်း ပြောပြတယ်။ ဒါကို ဒိုးကလေးက ရှင်းပြတော့ တောကြီး လန့်သွား တယ်။ ဘယ်နှယ့် နွားအုပ်ထဲက နွားတစ်ကောင်ကို ထန်းလျက်ဖိုက ထန်းလျက်ခဲ တစ်ခဲလို တောင်းယူလို့ ရနိုင်ပါ့မလား။ ပြီးတော့ ဟိုက လူ လေးငါးဆယ် ယောက်ပါတာ။ လက်နက်ရယ် ဘာရယ်မပါဘူးလည်း မပြောနိုင်ပါဘူး။ ဒါကို ဒိုးကလေးက လွယ်လွယ်ကလေးပြောနေတော့ လူကြမ်းတောကြီးက ကန့်ကွက် တယ်။

"မဟုတ်သာ ကိုရင်ဒိုးရာ၊ ဟိုက တစ်အုပ်တစ်မကြီး… ကျုပ်တို့ နှစ် ယောက်က နွားတစ်ကောင် လုထားချင်လို့ ဘယ်ရနိုင်ပါ့မလဲ၊ မလုပ်စမ်းပါ နဲ့ဗျာ… တစ်ခြားရွာကနွား ညဘက်သွားခိုးသာမျိုးက ဖြစ်နိုင်သေးသယ်"

ဒိုးကလေးက ထွီခနဲ တံတွေးတစ်ချက် ထွေးတယ်။ ညံ့လိုက်တဲ့ကောင်။ လူဆယ်ယောက် ဓားဆယ်လက်နဲ့ နွားအုပ်မလာတဲ့လူတွေကို နွားတစ်ကောင် ကို ဓါးပြတိုက်ယူလို့ ဘယ်ရနိုင်ပါ့မလဲ။ နှစ်လောင်းပြိုင်တောင် သတ်သွားကြ လိမ့်မယ်။ ဒိုးကလေးနည်းက အဲသလို မဟုတ်ဘူး။ ခုတလော သူ့ကိုယ်သူ သတိထားမိတဲ့ အချက်တစ်ချက်ကို အသုံးချချင်တာ။ ဒိုးကလေးကို နွားတွေ ကြောက်တာကို အသုံးချချင်တာ။ ဟိုတစ်ရက်က ဖြစ်ပြီးပြီ။ ညနေခင်း နွားသိမ်း ပြီး ပြန်လာတဲ့ နွားကျောင်းသားတွေနဲ့ ရွာစည်းရိုးဝဆုံကြတော့ ဒိုးကလေးကို မြင်တာနဲ့ နွားတစ်အုပ်လုံး ရှုးရှုးရှားရှားဖြစ်ကုန်ကြတယ်။ ရွာဆူးစည်းရိုးကို နောက်ပြန်တိုးကြတယ်။ ဒိုးကလေးရပ်နေလို့ ရှေ့ဆက်မတိုးကြဘဲ နအုပ်ကြီး ဖရိုဖရဲ ဖြစ်သွားလိုက်ပုံများ။ အရင်က သူ့ကို ကြောက်ကြရပါ့မလားဆိုတာကို မကြိုက်ခဲ့ဘူး။ ချွာရုပ်ရပါ့မလား၊ နွားမှုတ်ရပါ့မလားရယ်လို့ ဒေါသတွေ ဖြစ်ရ တယ်။ အော်ရပါ့မလား၊ ကလန်ရပါ့မလားဆိုပြီး မခံချင်ဖြစ်လိုက်ရတာလေ။ အခုတော့ နွားတွေ သူ့ကိုကြောက်တာကိုပဲ အသုံးချရမယ်လို့ တွေးထားပြီးပြီ။



"ငါက နွားတွေဝင်လုရမယ် မပြောပေါင်ကွာ၊ နအုပ်ကြီး မောင်းလာသာ နဲ့ ငါက နအုပ်ရှေ့ကနေ လူလုံးပြမယ်၊ နွားတွေက ငါ့ဆို သိပ်ကြောက်ကြ သတွေ မယုံမရှိနဲ့၊ နွားတွေ ငါ့မြင်လို့ လန့်ပြေးရင် နွားသမားတွေ တစ်ကောင် ချင်းလိုက်စုဖို့ မဖြစ်နိုင်တော့ဘူး… အဲသည်မှာ မင်းဘက်ပြေးလာတဲ့ နွားတစ် ကောင်စ နှစ်ကောင်စကို မင်းက လျှိုဘက် အပြင်းမောင်းသွားရုံပဲ…"

"ကုဏ္ဍိကုန်းက နွားတွေကတော့ ကိုရင်ဒိုးကို ကြောက်ကြမှာပေါ့ဗျာ၊ တစ်ခြားရွာက နွားတွေက ဘယ်နှယ့်လုပ် ကြောက်ကြမှာတုန်း မဟုတ်သာ၊ ကျုပ်သိသလောက်တော့ နွားသမားတွေက နအုပ်ကို အလွတ်မောင်းကြသာ မှတ်ဘူး… ဆယ်ကောင်တွဲ ငါးကောင်တွဲကြိုးနဲ့ တွဲလာကြသာရယ်… ဘယ့်နှယ် သုံပြီး ကျုပ်ဘက် အတွဲလိုက်ကြီး ပြေးလာမှာတုန်း…"

"ခက်ပါ့ကွာ၊ အလုပ်မလုပ်ရသေးဘူး ညည်းသာက အရင်ပါလား တောကြီးရာ၊ ဘယ်နွားဖြစ်ဖြစ် ငါ့ကို ကြောက်သယ်ဆိုသာ မင်း မြင်စိရမယ်၊ မင်း တစ်နေရာမှာပုန်းနေ လန့်ပြေးလာတဲ့နွား လျှိုဘက်ကို ရောက်အောင် ချောက်ထုတ်…အဲသာ မင်းတာဝန်ပဲ"

"ကိုင်း…လုပ်ဗျာ"

ဒိုးကလေး တွက်ထားတဲ့တိုင်းပဲ မွန်းတိမ်းနှစ်ချက်တီးလောက်မှာ နွားအုပ် ကြီး မောင်းလာတာကို သစ်ပင်ပေါ်တက်ကြည့်တဲ့ တောကြီးက မြင်ရပြီ။ ဝေး ဆမယ့် ဖုန်တွေတလုံးလုံးကို မြင်ရတာဆိုတော့ နွားအုပ်ကလွဲလို့ တစ်ခြား မဖြစ် နိုင်ဘူး။ တောကြီးက သစ်ပင်ပေါ်က ဆင်းလာပြီး ဒိုးကလေးကို ပြောပြတယ်။ ဒိုးကလေးက သူစုံစမ်းထားတဲ့ နွားလမ်းကြောင်းဘက်ရောက်အောင် ခပ်သုတ် သုတ် လျှောက်တယ်။ တောကြီးက နောက်က။ ရွာပြင်ဆိုတော့ သူတို့နှစ်ယောက် ကို ဘယ်သူမှ သတိမထားမိကြဘူး။

"ဒေါ်လှလေး အခင်းဘက်ကနေ ကျီးအာချောက်ဘက် မောင်းကြမှာကွ၊ ခရီးကလှမ်းသေးသယ် မြန်မြန်လာပါကွ… နအုပ်က ကျော်သွားမှာစိုးသာ… ဟိုဘက်ရွာခြေကပ်သွားရင် လွဲကုန်တော့မယ်"

ဒိုးကလေးက သူကိုယ်တိုင်လည်း ဖောနဲ့ပြေးလေရဲ့။ ငုတ်စူးစူး၊ ခယောင်း စူးစူး ရှေ့က သုပတ်ခြေတင်နေတဲ့ ဒိုးကလေးကို တောကြီးက လိုက်မမီဘူး။ တောကြီးက သည်အလုပ်မျိုးလည်း မလုပ်ချင်ပါဘူး။ အလကားနေရင်း ပြဿနာ တွေ ရှိလာနိုင်တယ်။ တုတ်တပြက် ဓားတပြက် ဖြစ်လာနိုင်တယ်။ တစ်ခါ နွားအုပ်ဆိုတာကလည်း မရိုးမသားလုပ်လာကြတာ မဟုတ်ဘူးလေ။ နွားသမား

www.burmeseclassic.com

www.burmeseclassic.com



ချိန် သည်လိုပဲ မြက်စိုကွင်းတွေဘက် လွတ်ကျောင်းကြလေ့ရှိတာကိုး။ သူတို့က မရိုးမသားလုပ်လာလို့ ကိုယ်က လုယူရတယ်ဆိုရင်ထားတော့။ အခုဏ ပြောင်လုပ်ရမယ့်ကိစ္စ ဖြစ်နေပြီ။ ပြီးတော့ ဒိုးကလေး ပြောသလောက်လွယ်ပါ့ မလား။ နွားတွေက သူ့ကို ကြောက်ကြတယ်ဆိုတာကကော ဟုတ်ပါ့မလား။ နဆိုးနကပ် (နွားဆိုး နွားကပ်) အနည်းအကျဉ်းကလွဲလို့ လူနဲ့နွားဆိုတာ တော မှာ မိဘနဲ့သားသမီးလို ရှိကြတာချည်းပဲ။ တောကြီးက ဒိုးကလေးနောက်က တရှုတ်ဆွဲလိုက်ရင်း တွေးနေမိတာပါ။ ဒါပေသိ ဒိုးကလေးကို မလွန်ဆန်ဝံ့ဘူး။ အားမခံဝံ့ဘူး။

"လာပါဟ နေ့လိုက်သဲ့ ကောင်ကွာ၊ နှစ်ကောင်ရ တစ်ကောင်စီပါကွ ငါမတရား မလုပ်ပါဘူး"

"ခင်ဗျာနွားက ရဦးမှာကိုးဗျ… ခင်ဗျား ပြောသလောက်တော့ လွယ်အံ့ မထင်ပါဘူး"

"ပါးစပ်ပုပ်ကြီးနဲ့ကွာ၊ မင်္ဂလာရှိသာပြောပါကွ… မင်းဟာက"

"အကုသိုလ်အလုပ်များ မင်္ဂလာလိုသေးလို့လားဗျာ ကိုရင်ဒိုးနှယ်"

ဒိုးကလေးကတော့ မိုက်တွင်းကို နက်သထက်နက်အောင် တူးနေသလို ပါပဲ။ ခြေလှမ်းကို သွက်လိုက်တာမှ။ နှစ်ယောက်သား လာလိုက်တာ နွားအုပ် လမ်းကြောပေါ် ကျိုရောက်ကြပြီ။ မောရတဲ့ကြားထဲ တောကြီးက သစ်ပင်ပေါ် တက်ကြည့်ရသေးတာပါ။ ဟုတ်ပါ့။ နွားအုပ်ကြီးလာနေတာ အဝေးကြီးမှာ မြင် နေရပြီ။ သေချာပြီဆိုတော့မှ ဒိုးကလေးက သူ့လွယ်အိတ်စုတ်ထဲတွင် ငှက်ပျော ပုလင်းနှစ်လုံးထုတ်တယ်။ အရက်နှစ်လုံး။ တစ်လုံး သူသောက်တယ်။ တစ်လုံးကို တောကြီးပေးတယ်။ သည်တော့မှ တောကြီးက သူ့ဆရာကို အထင်ကြီးတော့ တာပါ။

"အလုပ်လုပ်သာတော့ စနစ်ကျပါ့ဗျာ"

"ခွေးကောင် …အရက်တွေ့တော့တစ်မျိုး"

အဲသည်နေ့က ညနေငါးနာရီလောက်မှာ နွားအုပ်ကြီးဖြတ်တယ်။ နွားအုပ် ကြီးရဲ့ရှေ့မှာ ဓားထမ်း လူသုံးယောက်။ သေးမှာ တစ်ဖက်တစ်ယောက်စီ။ နောက် မှာ နှစ်ယောက်။ အားလုံး ခုနစ်ယောက်။ နွားတွေက ကြိုးနဲ့တွဲတာတွေလည်း ပါတယ်။ အလွတ်တွေလည်း ပါတယ်။ တောကြီးက လှိုဘက်မောင်းလို့ရမယ့် နေရာရောက်နေရလို့ ဒိုးကလေးနဲ့ တစ်နေရာစီပါ။ ဒိုးကလေးက နအုပ်ကြီး နီးလာတော့ သစ်ပင်ကွယ် အသာကပ်နေလေရဲ့။ နီးလာပြီ။ နွားခြေသံတွေ



နွားခေါက်သံတွေ။ ခလောက်သံတွေ၊ ခြိုတိုးသံတွေ။ လူခုနစ်ယောက်ရဲထားတဲ့ နွားအုပ်ကြီးက ရှေ့မှာ လူတစ်ယောက်ပေါ်လာပြီး ကြောက်စရာကောင်းတဲ့ အသံ ကြီးနဲ့ အော်လိမ့်မယ် ထင်မထားကြတော့ အုပ်မပျက် တဝေါဝေါတိုးဖြတ်နေကြ တာပါ။ ဒိုးကလေးက နအုပ်ကြီးရှေ့ ထွက်ရပ်လိုက်ပြီး အသံနက်ကြီးနဲ့လည်း အော်လိုက်ရော ရှေ့က လူသုံးယောက်အပါအဝင် နွားသမားတွေ ကြောင်သွား ကြတယ်။ သျှောင်ပွဘုတ်သိုက်နဲ့ မျက်နှာကြမ်းကြမ်း လူတစ်ယောက် သည်နေရာ မှာ ဘွားခနဲ ပေါ်လာလိမ့်မယ် မထင်တော့ လန့်လည်း လန့်သွားကြတယ်။ နွားသမားတွေက ဒိုးကလေးကို ကြည့်နေကြပြီး ဒိုးကလေးက နွားတွေကို အကဲခတ်နေတာပါ။ နွားတွေက ကျားတစ်ကောင် ချက်ချင်းကြီး ရောက်လာ သလို ဒရှုတ်ဆွဲကုန်ကြတယ်။ ကျားနံ့ရတဲ့သမင် ဒရယ်တွေလို တွန့်ဆုတ်သွား ကြတာများ အချင်းချင်း တိုးမိတိုးရာက နွားအော်သံတွေ ပွက်ပွက်ရိုက်ပြီး ဖုန် တွေ လုံးထကုန်တော့တာပါပဲ။

"နွားတွေမပြေးစေနဲ့ဟေ့… နောက်ကနွားတွေကို ဂရုစိုက်၊ ပြေးမယ့်နွားကို ရိုက်သွင်း… နွားပြေးရင် မလွယ်ဘူး။ ငတိုးနဲ့ငဖေ ဘေးနှစ်ဘက် သွားကူကြစမ်း"

နွားသမား ခေါင်းဆောင်က အခြေအနေကို ချက်ချင်း ထိန်းလိုက်တယ်။ တကယ်တော့ အထိန်းကောင်းလို့ရယ် မဟုတ်ပါဘူး။ နွားတွေ ကိုယ်က ရှေ့မတိုး ဝံ့ကြဘဲ နောက်ကိုပဲ ယို့ပြီးဆုတ်နေကြတာပါ။ နောက်က နွားတွေက ပေရပ် နေကြတော့ ဆုတ်လာတဲ့နွားတွေနဲ့ တိုက်ပြီး လဲကြပြိုကြ၊ အကောင်ချင်းထပ် ကြ၊ ဘူးဘဲအော်ကြ။ တစ်ချို့နွားတွေက အကောင်ချင်းတွဲထားတော့ တောင်ရုန်း မြောက်ရုန်းနဲ့ ဝရုန်းသုန်းကား ဖြစ်နေကြတယ်။ ဒိုးကလေးက နွားတွေ ကစဉ့် ကလျား ပြေးကြမယ်ထင်တာ မပြေးတော့ နွားတွေကြောက်လောက်တဲ့အသံနဲ့ ထပ်အော်ပြန်ရော။ သည်တစ်ခါမှာတော့ နွားသမား ခေါင်းဆောင်ကပြေးလာပြီး ဒိုးကလေးကို ဆောင့်ကန်လိုက်တယ်။ ဒိုးကလေး ပစ်လဲသွားတော့မှ ရင်ဘတ် ပေါ် ဓားထောက်ပြီး ကြိမ်းတယ်။

"ဘာလုပ်တာလဲ အရူး… နွားတွေလန့်ကုန်ပြီ၊ ခင်ဗျား ဘယ်ရွာကတုန်း"

"ကုဏ္ဍိုကုန်းက ဒိုးကလေးဆိုသာ ငါပဲ…"

"ဒိုးကလေးမကလို့၊ ဂုံညင်းဒိုးဖြစ်ဖြစ်… နှစ်ပိုင်းပိုင်းပစ်ခဲ့မယ် အခုမှတ် နေတုန်း"

ဒိုးကလေးကို အရူးထင်လို့နဲ့တူပါတယ်။ ဓားကို ပြန်ရုတ်တယ်။ နွားအုပ်ကို ဆက်မောင်းဖို့ပြင်တော့ ဒိုးကလေးလည်း မြေပေါ်လဲနေရာက လူးလဲထသယ်

www.burmeseclassic.com



သည်မှာတင် နအုပ်ထဲက နသိုးတစ်ကောင်က ဒိုးကလေးကို ဝင်ခွေ့တော့တာပဲ။ နွားခွေ့တာနဲ့ ဒိုးကလေးလည်း မြေပေါ်ထပ်လဲသွားပြန်တယ်။ တော်သေးရဲ့။ နွားသခားတွေက သူတို့နွားပြန်ထိန်းလိုက်နိုင်လို့။ ဒါပေမယ့် ဒိုးကလေး နံ့သေး အောင့်သွားလိုက်တာ အော်တောင် မအော်နိုင်ဘူး။ နအုပ် သူ့ကို ကျော်သွားတာငေးရင်း ကျန်ရစ်ခဲ့တယ်။

လူကြမ်းတောကြီးကတော့ သူ့ဘက် ရောက်လာလိမ့်မယ်ဆိုတဲ့ နွားတစ်ကောင် နှစ်ကောင်ကို မျှော်လိုက်တာ။ ကောင်းကင်မှာ ကြယ်တွေသာ ထွက်ကရော နမြီးတောင် မမြင်ရဘူး။ ဒါနဲ့ ဒိုးကလေးရှိတဲ့ လှည်းလမ်းကြောင်း လိုက်သွားတော့ ဒိုးကလေးကို မြေပေါ်ပက်လက်လဲနေတာ တွေ့ရတာပဲ။ ဒိုးကလေးကိုထူပြီး ရွာအရောက်ပြန်ခဲ့ရတယ်။ တောကြီးကတော့ အလုပ်မဖြစ်လိုက်တာကိုပဲ ဝမ်းသာနေတာပါ။ အရက်ဆိုင်ရောက်တော့ နံ့သေးအောင့်နေတဲ့ကြားက ဒိုးကလေးက တောက်ခေါက်တယ်။

"တောက် ... တစ်ချက်လွဲသွားသကွာ။ နောချက်တော့... ငါက နွားတွေကစဉ့်ကလျား ပြေးထွက်ကုန်ကြမယ်မှတ်သာ၊ ကြောက်ပြီး ယိုသွားကြပေမယ့် နထိန်းကောင်းတော့ နတပ်မပျက်ပေါင်ကွာ"

"ကျုပ်ကလည်း တစောင့်စောင့်နဲ့ ပြေးလာလို့ကတော့ လျှိုထဲဆွဲချပြီမှတ်"

"ခွေးကောင် တယ် အပြောကောင်း ကိုင်း ... သောက်ဟဲ့ ... မျိုဟဲ့..."

အရက်ဆိုင်က ပြန်ကြတော့ ရွာလမ်းက မှောင်မည်းလို့။ လူ့အကုသိုလ် အမှောင်တွေဆိုတော့ ညအမှောင်ထဲမှာ လမ်းမမှားဘူး။ ဖြောင့်လို့။

❐

## (၁၃)

အခုတလော ဒိုးကလေးကို သားထိုးဖို့ ခေါ်ကြတာ ကျဲသွားတယ်။ သဒိုးလုပ်သူက အိမ်မှာ ဓားတစ်ထုပ်နဲ့ စောင့်နေတာမျိုးမရှိတော့ အလုပ်အပ်ချင်သူက ရွာရိုးကိုးပေါက်ရှာနေရတာကို စိတ်ပျက်လာကြတယ်။ အရက်ဆိုင် လိုက်သွားတော့လည်း ဒိုးကလေးက မူးနေတာ စိုက်ထိုးနေပြီကိုး။ ခေါင်းမထူနိုင်တော့ဘူး။ တော်ရုံ မလိုက်နိုင်တော့ဘူး။ ကုလ္လိုကုန်းအထိလာပြီး သဒိုးရှာရတာကို သိပ်မလုပ်ချင်ကြတော့ဘူး။ ဒိုးကလေးတွေ့ဖို့က မသေချာတော့ဘူးကိုး။

ဒိုးကလေးကတော့ ဝါသနာကို စွန့်တာမဟုတ်ပါဘူး။ လိုက်မြဲပါပဲ။ လိုက်ဖြစ်လို့ကတော့ သူ့အလုပ်သူ သပ်သပ်ရပ်ရပ် လုပ်နိုင်ပါရဲ့။ ဆိုးတာက လူက



နောမငြိမ်တော့တာ။ ဟိုတုန်းကများ မနက်မိုးလင်းရင် ဓားတွေသွေးပြီး လှည်းခေါ် လူစောင့်နေတာများတာကိုး။ ဒိုးကလေး ဒိုးကလေးနဲ့ လျှမ်းလျှမ်းတောက်ပေါ့။ ခုတော့ အရက်က လူကို စီးမိသွားပြီ။ အကျိုတောင် မကပ်တော့ပါဘူး။ သျှောင်ပွကြီးနဲ့ တင်းတိပ် သမင်ကွက်တွေနဲ့၊ ချွေးနံ့သွေးခြောက်နံ့တွေနဲ့ အရူးကြီးလို လျှောက်သွားနေတာများပြီ။ အိမ်ထောင့်တာဝန်လည်း ပူစရာမရှိဘူး။ မိဘလက်ထက်က မြေကလေး ယာကလေးကျန်တာကို ပန်းညိုက ဖိဖိစီးစီးလုပ်နိုင်သေးတော့ အဆင်ပြေနေတာပေါ့။ ဒိုးကလေးကတော့ မိဘလက်ထက်တုန်းက အိမ်က ပိုက်ဆံနှိုက်ပြီး မြိုင်လှလက်ဖက်ရည်ဆိုင် သွားထိုင်တာနဲ့ အခုအိမ်က ပိုက်ဆံနှိုက်ပြီး အရက်ဆိုင် သွားထိုင်တာပဲ ကွာတယ်။ လူကြမ်းတောကြီးက လက်စွဲတော်။

"ကိုရင်ဒိုးက လူသာရူးသာ ဘုန်းမရူးဘူးဗျ၊ ဒါကြောင့် ကျုပ်က ဆရာတင်သာ..."

"မင်းအမေ့လင် လူရူးရမလားကွ၊ လူမရူးလို့ ဘုန်းမရူးသာပေါ့၊ နေပါဦး မင်းက ဓာတ်ထဲပြန်လိုက်တော့မလို့ဆို"

"ဟုတ်တယ် သည်အတိုင်းနေလို့ ဘယ်ဖြစ်မှာတုန်းဗျာ၊ ကိုရင်ဒိုးက မိုက်မယ်ဆိုမိုက် ဖြစ်သယ်၊ ကျုပ်က ကိုရင်ဒိုး တုမိုက်လို့ ဘယ်ဖြစ်မှာတုန်း ရှေ့ရေးတာ ရှိသေးသာ"

"လုပ်ပြန်ပြီ၊ မိုက်မယ်ဆိုမိုက် ဖြစ်သယ်ဆိုတာ ဘာစကားတုန်း၊ မင်းက ဘယ်တော့ သွားမှာတုန်းကွ"

"မြိုင်လှက နဒုန်းပွဲပြီးမှပါဗျာ နဒုန်းပွဲ ကြည့်ချင်သေးသာဗျ"

"နဒုန်းပွဲ ဘယ်တော့လဲဟ၊ ငါဖြင့် ကြားမိပေါင်ကွာ..."

"လပြည့်ကျော်ရက်တွေထဲ ပြောသာပဲ..."

ဒိုးကလေး မျက်လုံးတွေ မှေးစင်းသွားတယ်။ နဒုန်းပွဲ။ နွားလှည်းဒုန်းမောင်းပြိုင်ကြတာကို သည်နယ်မှာ နဒုန်းပွဲခေါ်ကြတယ်။ လှည်းကြမ်းပြိုင်ပွဲရှိသလို လှည်းယဉ်ပြိုင်ပွဲလည်းရှိတယ်။ မြိုင်လှအပါအဝင် ရွာဆယ်ရွာစလုံးက တစ်ရွာ လှည်း လေး၊ ငါးစီး အနည်းဆုံး ပြိုင်ကြတာဆိုတော့ အင်မတန်စည်ကားတဲ့ပွဲပေါ့။ မလုပ်တာ လေး၊ ငါးနှစ်ရှိပါပြီ။ သည်နှစ်မှ စလုပ်တာဆိုတော့ စည်ဦးမှာပဲ တွေးတယ်။ နဒုန်းပွဲဆိုပေသိ နပွဲဈေးလို့လည်း ပြောနိုင်ခဲ့။ တစ်ရွာရွာက နွားတွေ မြိုင်လှနဒုန်းပွဲရက် လာစုကြတာပဲ။ ရောင်းချင်သူကလည်း ဆွဲလာတာပဲ။ အလဲအထပ်လုပ်ချင်သူကလည်း ဆွဲလာတာပဲ။ နဆိုသားချင်းတော့လည်း ဖြစ်တယ်။ နပျိုဝယ်ချင်တော့လည်း ဖြစ်တယ်။ နပိုက်(နွားခိုး)

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေတောင် ရနိုင်သေး။ ထမ်းပိုးတင်တွေလည်း ရွေးရုံပါ။ နဒုန်းပွဲက နွားပြိုင်ပွဲကြီးဆိုပါတော့။

"သည်နှစ် မြိုင်လှဘုရားပွဲဖြစ်တော့ နဒုန်းပြိုင်ပွဲထည့်သာပေါ့ ကိုရင်နီ ရာ— ဓာတ်လည်းပါသယ် ပြောသာပဲ။ ကျုပ်နဲ့ အဆင်ပြေရင် လိုက်သွားဖို့ စိတ်ကူးထားသာပါ။ ဘုရားတောင်ဘက် ကွင်းပြေးလမ်းတွေတောင် ဖောက်နေ ပေါ့ဟာ ခင်ဗျားသာ မကြားသယ်"

ဒိုးကလေးက သူ့အတွေးနဲ့သူ။ တောကြီးပြောနေတာတွေ နားထဲမရောက် ဘူး။ ရွာဆယ်ရွာက နွားအကောင်ငါးရာ ခြောက်ရာလောက်ရှိမယ့် နပွဲမှာ သူ ဘာလုပ်နိုင်သလဲဆိုတာ စဉ်းစားနေတာပါ။ တစ်ခေတ်က ကုက္ကိုကုန်းသားတွေ အာဂပေါ့။ နဒုန်းမောင်းကောင်းတဲ့အထဲမှာ သူတို့ရွာက ကိုဖေသောင်းတို့၊ ကိုရှ တို့၊ ကိုပေါတာတို့ မိုက်ကန်းလှပေါ့။ လှည်းဘီးကျွတ်ကျန်ရစ်တာတောင် ဝင်ရိုး နဲ့ ပန်းဝင်တယ်ဆိုတဲ့လူတွေ။ တစ်ချိန်က ကုက္ကိုကုန်းမှာ နွားနှစ်ကောင် နာမည် ရတာယ်။ ဘကြီးစံဝ နွားတွေ။ တစ်ကောင်က ခလောက်ကလေးတဲ့။ တစ်ကောင် က "ဒိုးဒိုးဒေါင်"တဲ့။ သည်တစ်ရှဉ်းများ ဘယ်ရွာကမှ မနိုင်ဖူးဘူး။ လှည်း မောင်းက ဘကြီး စံဝတူ ကိုပေသီးပေါ့။ ဘယ်သူ့ရှိရဦးမှာတုန်း။ အဖေ့သူငယ်ချင်း ဆိုတော့ အရွယ်မငယ်တော့ဘူး။ အဖေဆုံးသွားရှာပေမယ့် ဘကြီးပေသီးကတော့ အခုထိ ဒေါင်ဒေါင်မြည်တုန်း။ ခလောက်ကလေးနဲ့ ဒိုးဒိုးဒေါင်တို့ ခေတ်ပြီး ကတည်းက နောက်နွားတွေ မဟုတ်လှတော့တာလည်း ဒိုးကလေး မှတ်မိတယ်။

"တို့ရွာက ဘယ်နွားတွေ ပြိုင်ကြမလဲ မပြောတတ်ဘူး၊ ရွာပေါင်းစုံ ဆိုတော့ နွားတွေ ဘာနည်းလိမ့်မတုန်း… သည်ပွဲမှာ ပိုက်ဆံရှာရမှာ ငတော"

"နွားနှစ်ကောင် လျှိုချောက်ဘက် ဆွဲရဦးမှာလားဗျာ၊ မလုပ်ပါနဲ့တော့"

"မဟုတ်ပါဘူး ငတောရာ… မင်းမသိပါဘူး"

ဒိုးကလေး အိမ်ရောက်တော့လည်း နွားဒုန်းမောင်းပြိုင်ပွဲအကြောင်းပဲ ခေါင်း ထဲဝင်နေတယ်။ ထမင်းစားပြီးတော့ ရွာထဲလှည့်ပြန်တယ်။ တစ်ရွာလုံး စုစု ရုံး နဲ့ မြိုင်လှက နွားပွဲအကြောင်းချည်း ပြောနေကြတာ ကြားရပြီ။ ပြောတဲ့အတိုင်း ဆိုရင် နွားပွဲရက်က လိုပါသေးတယ်။ ဒိုးကလေးက ရွာထဲက နွားသမားတွေ မေးချင်သေးတာရှိတော့ နွားကောင်းရှိတဲ့အိမ်တွေကို ဝင်တယ်။ သူဝင်လာတာနဲ့ နွားတွေက လှုပ်လှုပ်ရှားရှားဖြစ်ကြပြီ။ ဘူးဘူးဘဲဘဲ အော်ကြပြီ။ အိမ်ရှင်တွေက မရိပ်မိပေသိ ဒိုးကလေးက သိတယ်။ ဆက်တိုးရင် နွားတွေ သိသိသာသာ ရုန်း ကြတော့မယ်။ ဒိုးကလေးရေ ဝင်ဦးဟ၊ လာပါဦးဟ ခေါ်ကြပေမယ့် ဒိုးကလေး



ဆက်မဝင်ဝံ့ဘူး။ နှုတ်ဆက်ရုံဆက်ပြီး ပြန်လှည့်ခဲ့ရတာချည်းပဲ။ နောက်ဆုံး တော့ ပန်းညိုကိုပဲ မေးရတော့တယ်။ ကုက္ကိုကုန်းက ဘယ်နွားတွေ ပြိုင်မယ်ကြား န်းဆိုတော့ ပန်းညိုက ဘိုးပေသီးသားတွေက ပြိုင်ကြမှာတဲ့။ နပေါက်ကျယ်နဲ့ ကြက်တူရွေးတဲ့။

နပေါက်ကျယ်နဲ့ ကြက်တူရွေးဆိုတာ နွားနာမည်တွေ မဟုတ်ပါဘူး။ ကြီးပေသီးရဲ့ သားနှစ်ယောက်နာမည်တွေပါ။ ဒိုးကလေးနဲ့ အရွယ်ချင်း မတိမ်း မီမ်းတွေ။ နပေါက်ကျယ်က မွေးကတည်းက နားပေါက်ကလေးပါလို့ မှည့် ။ ကြက်တူရွေးက နှုတ်ခမ်းအုံမောက်လို့ မှည့်ထားတာ။ သည်နှစ်ယောက် ဒိုးကလေးသူငယ်ချင်းတွေလေ။ သည်ကောင်တွေဆို ပြီးပြီပေါ့။

"နင့်ဟာ သေချာပါရဲ့လား ပန်းညိုရာ…"

"သေချာပါ့တော်၊ ကိုနပေါက်ကျယ်က လှည်းကြမ်းပြိုင်မှာ ကိုကြက်တူရွေး လှည်းယှဉ်ပြိုင်မှာ သူတို့နွားတွေက ရှုနေသာတော့်၊ လေထဲလွင့်တော့မယ့် အတိုင်းပဲ ရွာထဲပွက်ပွက်ရိုက်နေသာ တော်မရောက်ခဲ့ဘူးလား"

"မရောက်ခဲ့ပေါင်ဟာ…နပေါက်ကျယ်…ကြက်တူရွေး…"

ကုက္ကိုကုန်းက လှည်းနှစ်စီးပြိုင်မှာတဲ့လား။ ဒိုးကလေးက သူ့စိတ်ကူးနဲ့ ပြီးတယ်။ အခုပြိုင်ကြမယ့် နွားနှစ်ကောင်ကိုလည်း ခလောက်ကလေးနဲ့ ဒိုးဒေါင်ပဲ နာမည်ပေးထားတာပါ။

□

(၁၄)

မြိုင်လှရွာကြီးရဲ့ တောင်ဘက်ကွင်းကြီးထဲမှာ လူတရုန်းရုန်း နွားတရုန်းရုန်းနဲ့ပေါ့။ ဆယ်ရွာစလုံးက နွားသမားတွေရော၊ ပြိုင်ပွဲဝင်လှည်းတွေရော၊ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ ရွာကုန် လူကုန်လာကြတဲ့ ပွဲကြီးဆိုတော့ ဝက်ဝက်ကွဲစည် ကိုက်တာ လူတောင်ခြေချစရာမရှိဘူး။ မဏ္ဍာပ်တွေ တည်းကျောင်းတွေကလည်း နိုင်ခန့်ခန့် မဟုတ်ပေသိ အရိပ်ရအောင် ထိုးထားကြတာမနည်းဘူး။ နွား တွေကတော့ ကွင်းဘေးက ဆီးချုံပင်တွေ၊ ကုက္ကိုပင်တွေအောက်မှာ ဟိုတစ်စု၊ သည်တစ်စု။ နွားပွဲဈေးလုပ်ထားတဲ့ နေရာမှာတော့ ကိုယ့်နွားကိုယ်ဆွဲပြီး ကိုင်ချည်ထားလိုက်ကြတာ နွားကချည်း အကောင်တစ်ရာ နှစ်ရာမက,မှာမယ်။ နွားကိုယ်ကြည့်၊ ကိုယ့်နွားသူကြည့်။ လဲကြထပ်ကြ၊ ရောင်းကြဝယ်ကြ။ နွား ချင်း မမှားအောင် ဂရုစိုက်တဲ့ကြားက ပူညံပူညံ တုတ်တပြက် ခါးတပြက်တွေ

www.burmeseclassic.com



ကလည်း ဟိုနားကြွက်စီ ကြွက်စီ၊ သည်နား ကြွက်စီကြွက်စီနဲ့ နွားလန့်ထ ကြိုးပြတ်ပြေးတာမျိုးတွေလည်းရှိရဲ့။

"သိမ်ရွာက ကိုခင်မောင် ခတ်စက်ရှိရာ အမြန်လာပါ။ ခင်ဗျား တာဝ ယူထားတဲ့ နွားနှစ်ကောင် အရောင်းအဝယ်လုပ်ချင်လို့တဲ့ လာပြောနေပါသ ဒိုး ကိုခင်မောင် ယူမယ့်လူ ပေါ်နေပါပြီ… ခင်ဗျားမလာရင် မဖြစ်ဘူး ကိုခင်မောင်"

"ဟုတ်ကဲ့ …တောပုက ကိုသဲချောင်း ခင်ဗျားမိန်းမ လိုက်လာသယ် နွားတွေ သူ့သဘောမတူဘဲ ယူသွားသာဆို။ ခင်ဗျားကိစ္စ ခင်ဗျား လာရှင်းလ ပါ။ ခင်ဗျားမိန်းမက ဘယ်ဈေးရရ မရောင်းဘူးတဲ့၊ သည်မယ် ဒေါသ ဖြစ်နေသယ်…"

"အရွာရွာမှ နွားဆရာများ ကိုယ့်နွားကိုယ် သတိထားတော်မူကြပါ၊ ညော ကားယားက နွားနှစ်ကောင် မှားပါသွားလို့ လိုက်နေကြသယ်၊ ကျွန်တော် ကော်မတီက တာဝန်မယူဘူးနော၊ ကိုယ့်နွား ကိုယ့်တာဝန်ပါ ဖြစ်ပုံက…"

"နွားတွေ တစ်ကောင့်တစ်ကောင် ခတ်မိပါ့မယ်၊ လွတ်လွတ်ကင်း က ပြကြပါ။ လူကို နွားခွေ့ရင် ကန်ရင် လျော်ကြေးပေးရမှာဗျနော။ ဖိုကုန်း သောင်းတန်နွားကြီး အရောင်းအဝယ် ဖြစ်ပါပြီ။ ထတောစုက ကြန်စု အရောင်းအဝယ်ဖြစ်ပါပြီ"

"စာချုပ်ချုပ်ဆိုပြီးမှ ရောင်းကြဝယ်ကြပါ ခင်ဗျား၊ နားလည်မှုနဲ့လုပ် မဖြစ်ပါဘူး။ ကော်မတီမှာ စာလာချုပ်ကြပါ။ ဆောင်ရွက်ပေးပါသယ်၊ ဘုရာ ရံပုံငွေပွဲ ကောက်မှာပါ။ ဟောသည်မှာ ညောင်ပင်ပုက မိုးမခနွားကြီး အရော အဝယ်ဖြစ်ပါပြီ"

နပဲကော်မတီ ခတ်စက်က အော်သံတွေပါ။ တစ်ခြားရွာတွေက အသံ စက်… …လည်း ဆူလို့ညံလို့။ လူတွေက အရောင်းအဝယ်ဖြစ်သွားတဲ့ နွား ပြေးကြည့်ကြသေးတာပါ။ ဖုန်တွေက တလုံးလုံး။ နေလုံးကကြွလာပြီ။ နွား က ရွာတွေဘက်ဆီက လိုမ့်ဝင်လာတုန်း။ နွားဝယ်မယ့်လူတွေက ငွေထုပ်က တွေလည်း ပါလာကြတော့ လွယ်အိတ်စလွယ်သိုင်းတွေနဲ့ပါ။ လွတ်အိတ်တစ်လ စားမြှောင်တစ်လက် ပါကြသူချည်းပဲ။ နွားနဲ့မဆိုင်တဲ့ ရွာသူရွာသားတွေ ဘုရားပွဲလည်ကြ၊ ဈေးဝယ်ကြ။ နေ့ခင်း နှစ်နာရီစမယ့် လှည်းပြိုင်ပွဲ ကြ ရဦးမှာကိုး၊ လှည်းနှစ်စီး ချောင်ချောင်ချိချိ ယှဉ်မောင်းနိုင်အောင် ရှင်းလ ထားတဲ့ နွားပြေးလမ်း တစ်ဖက်တစ်ချက်မှာ ဝါးလုံးတန်းတွေ စိုက်ထားတယ် ဆယ်ပေတစ်ချောင်းခြားစိုက်ထားတဲ့ ဝါးလုံးတွေမှာတော့ ပိတ်ရောင်စုံအလံ



…ထားလို့ ပြေးလမ်းကို တစ်ကွင်းလုံး ဘယ်နေရာကကြည့်ကြည့် မြင်နေရ …ယ်။

နွားပွဲက ဘုရားပွဲရက်အတိုင်း သုံးရက် ကျင်းပလေ့ရှိတယ်။ မြိုင်လှကို …ရွာစလုံး လာကြရတာဆိုတော့ နီးတဲ့ရွာက အကြောင်းမဟုတ်ပေသိ။ ဝေး …ရွာတွေက ချက်ချင်းလာ၊ ချက်ချင်းပြန်ကြဖို့ခက်တယ်။ သည်တော့ နွားပွဲ …ရက်မှာ တစ်ချို့က ဘုရားကွင်းထဲမှာပဲ အရိပ်ရှာ တဲထိုးနေကြသလို၊ တစ်ချို့ … နီးရာရွာပြန်ပြီး နားကြတယ်။ မနက်မှ နွားဆွဲပြီး မြိုင်လှကို ပြန်လာကြ …ပါ။ သည်သုံးရက်မှာ လှည်းပွဲကလည်း ညနေ နေကျတာနဲ့စပြီ၊ လှည်းပြေး …သောတစ်လျှောက် လူတွေများလွန်းလို့ ဝါးလုံးတန်းတွေကျိုး၊ ပြေးလမ်း …ပေါ်ရောက်ကြနဲ့ ထိန်းမနိုင် သိမ်းမရ ဖြစ်နေကြတာပါပဲ။ ရွာကျောင်းတွေ … ဦးဇင်းတွေက ကြိမ်တစ်ချောင်းစီနဲ့ ဆုတ်ဟ ဆုတ်ဟဆိုပြီး ရိုက်တော့မှ …ပြေး လမ်းရှင်းတော့တယ်။

"လှည်းကြိမ်းတစ်ပွဲပြီးရင် လှည်းယှဉ်ပြိုင်မှာပါ။ အခု လှည်းကြိမ်းပြိုင်ပွဲ … နဲ့ခင်းရွာက မောင်တို့လှည်းနဲ့ ယင်းတိုက်ရွာက သာကျော့လှည်းပါ။ မောင်တို့ …တွေက တွေ့မရောင်တွေဗျနော်၊ ပေါက်ဖော်နဲ့ ပေါက်ကျော်ပါတဲ့၊ သာကျော့ …တွေကတော့ မိုးလုံးကွဲတွေဆိုသာ သိကြတဲ့အတိုင်းပါပဲ။ တိုင်းကျော်နဲ့ ပြည်လုံး …တဲ့ အချင်းချင်း လောင်းကြသာတွေ တာဝန်မယူပါဘူး။ နှစ်ချက်ခွဲရင် ပြေး … စာရင်းလာသွင်းကြပါ"

ပေါက်ဖော်နဲ့ပေါက်ကျော် သည်လိုပြောလိုက်တာနဲ့ ရွာတွေက ဘယ်နွား၊ …အဆင်း၊ ဘယ်အရောင်၊ ဘယ်လို ဇရှိတယ်ဆိုတာ သိလိုက်တာမှ။ တိုင်း …ကျော်နဲ့ ပြည်လုံးက ဘယ်လိုရှိတယ်ဆိုတာလည်း သိကြတာပါပဲ။ ဝေဖန်ကြပြီ၊ …သပ်ကြပြီ။ ရွာစွဲ၊ နွားစွဲရှိသူတွေကတော့ ကိုယ့်လှည်း ကိုယ့်နွား ပံ့အောကြ …ပါ။ လူတွေက ဆုံးဖြတ်ပြီးတာနဲ့ ဝါကနဲထသွားကြပြီး ကြိုက်ရာလောင်း …တော့တာပါ။ သည်အချိန်မှာ ဒိုးကလေးက လှုပ်တောင် မလှုပ်သေးဘူး။ …ဆိုင်ဆိုတာ ပွဲခင်းထဲပြည့်နေတာဆိုတော့ ဆိုင်ကူးသောက်နေတာပဲ။ သူ …ထဲဝင်ရင် နွားတွေက လန့်ကြလေတော့ သည်ကိစ္စ လူမသိစေချင်တာလည်း …ယ်။ နားတော့ ပေစွင့်ထားတာပါပဲ။ ကုက္ကိုကုန်းလှည်းတွေ ပြိုင်ရင်တော့ … ထရတော့မယ်။

"ကုက္ကိုကုန်းက နပေါက်ကျယ်နဲ့ ညောင်ပင်ပုက ဘဖေ။ မင်းတို့လှည်း … အဆင်သင့်လုပ်ထားကြပါ။ သည်ပွဲပြီးရင် ဝင်ရမှာပါ။ နပေါက်ကျယ်ရဲ့ …တွေက ခလောက်ကလေးနဲ့ ဒိုးဒိုးဒေါင်တိမ်ယံဖောက်မယ့် နွားတွေဗျနော။

www.burmeseclassic.com

www.burmeseclassic.com



ဘဲသနွားတွေကတော့ သောကြာနဲ့ မြတလေးပါတဲ့။ မြားပြေးသလိုပြေးတဲ့ နွား တွေဆိုသာ သိတော်မူကြတဲ့အတိုင်းပါပဲ။ သည်ပွဲပြီးရင် လွှတ်မှာပါ"

ဒိုးကလေးက သူ့လက်ကောက်ဝတ်မှာ စွပ်ထားတဲ့ လွယ်အိတ်ဟောင်း ချွတ်တယ်။ တစ်ပတ်လျှိုထုံးထားတာကို ဖြည်တယ်။ အိတ်ထဲမှာ ပိုက်ဆံ တော်တော်များများပါတဲ့အထဲက တောကြီးကို ငွေနှစ်သောင်း ထုတ်ရေခိုင်းတယ် တောရွာမှာ နှစ်သောင်းဆိုတဲ့ငွေက များလွန်းနေတော့ တောကြီးက ဒိုးကလေး မယုံနိုင်သလို ကြည့်နေလေရဲ့။ ရွာတွေမှာက တစ်ထောင်နှစ်ထောင် လောင်းတာ တောင် များလှပြီမဟုတ်လား။ သူ့လှည်းကိုယ့်လှည်း သူ့ရွာကိုယ့်ရွာ လှည် လှည်းချင်း၊ ရွာရွာချင်းလောင်းတာတော့ လောင်းကြေးများတတ်ပါရဲ့။ တစ် ချင်း နှစ်သောင်းလောင်းမယ်ဆိုတာကတော့ များလွန်းတာကိုး။

"ကိုရင်ဒိုး...ဟုတ်ကဲ့လား။ များပါသဗျာ။ လောင်းစရာအပုံကြီး ကျ သေးသာကို နက်ဖြင်တစ်ရက်လည်း ရှိသေးသဲ့ဟာ၊ မတော်ရှုံးရင် ဘယ့်နှ လုပ်ပါ"

ဒိုးကလေးက တောကြီး ရင်ဘတ်က အင်္ကျီစလှမ်းဆွဲပြီး တွန်းပစ်တယ် နိမိတ်မရှိတဲ့စကား ပြောရပါ့မလားပေါ့။

"သွားလောင်းချေ။ မင်း စကားမများနဲ့၊ ကုဏ္ဍိုကုန်းသားကွ... သ သယ်၊ ကိုယ့်ရွာကလှည်း လှည်းနိုင်ငွေနိုင်လုပ်ရမယ့်ပွဲ၊ နပေါက်ကျယ် လှ ဘက်က လောင်းခဲ့၊ သူတို့ပေးတဲ့ဘောင်ချာ မပျောက်စေနဲ့၊ သွားတော့ ပြီးရင် ငွေထုတ်ပြီး ရွာအရက်ဆိုင်ကို ပြန်ခဲ့၊ ပိုက်ဆံမလျော့စေနဲ့နော်..."

တောကြီး နားမလည်နိုင်ဘူး။ ပွဲပြီးရင်ငွေထုတ်ခဲ့လို့တောင် မှာနေ သေချာလှချည့်လားလို့လည်း တွက်ပါရဲ့။ ဒိုးကလေးပေးတဲ့ ငွေနှစ်သော လက်တွင်းဆုပ်ပြီး ပွဲတော်ကွင်းထိပ်က ဘောက်ချာရေးတဲ့ စားပွဲတွေဘ လျှောက်လာခဲ့တယ်။ ပြိုင်နေတဲ့ လှည်းတွေက ပြိုင်နေတုန်းဆိုတော့ ပရိသ က တဝေါဝေါ တဟေးဟေးနဲ့ပေါ့။ ကိုယ်ကြိုက်တဲ့ နွားနာမည် ကိုယ်အော် ဟစ်ကြတာများ နားကွဲမတတ်ပါ။ သည်နေရာမှာတော့ နွားတွေက မြင်း ထက်တောင် ပြေးသေးအောက်မေ့ရတယ်။ ခြေလေးချောင်း မြေကြီးနဲ့ မထိ သလောက် လေထဲမှာ ရှပ်ပြေးနေကြတာမျိုး။ တောကြီးက ကုဏ္ဍိုကုန် နပေါက်ကျယ်လှည်းကို ငွေနှစ်သောင်းလောင်းကြေးထည့်တယ်ဆိုတော့ ကော် တွေတောင် လန့်သွားကြတယ်။

"ဟုတ်ကဲ့လား လူကြမ်းရာ၊ နှစ်သောင်းအောမှာ သေချာရဲ့လား။ ကလေး သွားမေးစမ်းပါဦး။ မဟုတ်လောက်ဘူးနော"



"ဟုတ်ပါသယ်ဆိုဗျာ။ ရေးမှသာ ရေးစမ်းပါ။ နပေါက်ကျယ်လှည်း ကုဏ္ဍိုကုန်းလှည်း ...ခလောက်ကလေးနဲ့ ဒိုးဒိုးဒေါင်..."

တောကြီးက ပေးလိုက်တဲ့ ဘောက်ချာစာရွက် အိတ်ကပ်ထဲထည့်ပြီး ပြေး င်းထိပ်ဘက် ထွက်လာခဲ့တယ်။ သည်ပွဲမှာတော့ သူလည်း ရင်ခုန်တာကိုး။ ကလေးက သူ့ရွာလည်း နှစ်သောင်းထည့်လောင်းတယ်ဆိုတဲ့ စကားက ပွဲခင်း ချက်ချင်းပြန့်သွားတာပါ။ သည်သတင်းက ပွဲခင်းထဲမှာ လှုပ်ရှားသွားတယ်။ ယ့်နှယ်ကြောင့်များ ဒိုးကလေးက သည်လောက် ပိုက်ဆံများများ လောင်းရ ဝါလိမ့်။ သည်ကောင် သဒိုးဆိုပေသိ နွားအကြောင်း နွားကြန်အင်လက္ခဏာ လို့ သိတာမှ မဟုတ်တာ။ ပြီးတော့ သူ့ရွာကနွားတွေမို့ လောင်းတယ် ပါဦး။ တစ်ဖက်ရွာနွား ဘယ်လောက်ပြေးမှန်း မသိဘဲနဲ့များ သည်လောက် ာင် စွန့်စားရသလား။ ဒါ ထူးတော့ထူးတယ်။ သည်ကောင်ပိုင်လို့ လုပ် နေမှာ။ တစ်ချို့က ဒိုးကလေးလောင်းသလို ကုဏ္ဍိုကုန်းလှည်းကို တွန်း ာင်းကြတယ်။ တစ်ချို့ကတော့ ဒိုးကလေးက အရူးရယ်၊ ဦးနှောက်ကောင်း မဟုတ်ဘူး၊ အူတိအူကြောင် ထလုပ်တာနေမှာပါကွာဆိုပြီး တစ်ဖက်ရွာက ည်း လောင်းကြတာပါပဲ။ သည်ပွဲက လူစိတ်ဝင်စားစရာ ကောင်းနေတော့ ကျိတ်ကျိတ်တိုးပေါ့။ လှည်းပြေးလမ်းတစ်လျှောက် ခဲလို့။

ဒိုးကလေးက တာလွှတ်မယ့်ထိပ်ကို ခပ်သုတ်သုတ်သွားတယ်။ တာလွှတ် ရာမှတ်ခင် အရောက်သွားရမှာဆိုတော့ နောက်ကျမဖြစ်ဘူး။ မီပါတယ်။ ရောက်သွားတော့ ခေါင်းပန်းလှန်ပြီး ဘယ်ခြမ်း ညာခြမ်း ရွေးနေကြပြီ။ ဘက်စလုံးက နွားနှစ်ကောင်စီက ဆတ်နေကြတာများ တရှူးရှူးနဲ့။ နွားကြီး ရှူးစလုံး နွားကောင်းတွေဆိုတော့ ဖီးလို့။ တင်ပါးသားတွေများ ထစ်နေ ကြတာ။ ဘို့တထောင်ထောင် ခေါင်းတမော့မော့နဲ့။ လွှတ်ပြီးဟေ့ဆိုတာနဲ့ ကြတော့မှာ။ ကြိုးသာ တောင့်တောင့်ကိုင်ရော့။ ဒိုးကလေးက ညောင်ပင် ာက လှည်းဆောဝင်ရပ်လိုက်တယ်။ တကယ်ဆိုရင် တာထိပ်မှာ ခရာမှုတ်မယ့် င်တလွဲလို့ ဘယ်သူမှမရှိရဘူး။ ဒိုင် ပြိုင်ပွဲစည်းကမ်းပြောတာကို လှည်းဆရာ ယာက်က နားထောင်ကြရတယ်။ စည်းကမ်းနဲ့မညီရင် ပွဲပယ်မယ်။ အရှုံး းရမယ် စသည်ဖြင့် ပြောနေတာပါ။ သည်အချိန်မှာ ဒိုးကလေးက ဝင်ရပ် က်တာဆိုတော့ ရုတ်တရက် ဘယ်သူကမှ ဘာမှမပြောဘူး။

ဒိုးကလေးက တစ်ဖက်ရွာက လှည်းထမ်းပိုးရှေ့ရပ်လိုက်ပြီး နွားနှစ်ကောင် ၊ ဖူးပေါက ကြာကိုဘယ်လက်ဝါး ညာလက်ဝါးနဲ့ တစ်ဖက်စီ လှမ်းအုပ်

www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။ သည်မှာတင် နွားနှစ်ကောင်က ခတ်များလိုက်လိုက်သလို ဆတ်ခနဲ တုန်သွားရာက ဂနာမငြိမ်တော့ဘူး။ လှည်းပေါ်ကနေ ကြိုးကိုင်ထားတဲ့ ကိုဘဖေက လှည်းပေါ် မတ်တတ်ရပ်နေရင်းက ဟန်ချက်ပျက်သွားတော့မှ ဒိုးကလေး သူ့လှည်းရှေ့ရောက်နေတာ တွေ့ရော။ ဒိုင်လုပ်တဲ့ ဘကြီးမှတ်က ဒိုးကလေးကို ချက်ချင်း မောင်းထုတ်တယ်။ ပြေးလမ်းထိပ်က ဖယ်နိုင်းတယ်။ ဒိုးကလေး ဘာလုပ်လိုက်တယ် မမြင်လိုက်ပေမယ့် ကိုဘဖေ စိတ်ထဲတော့ ထင့်သွားမိတယ်။ ပြိုင်ရမှာက ကုဏ္ဍိုကုန်းနွား။ လှည်းရှေ့လာရပ်တာက ကုဏ္ဍိုကုန်းသား။ ဂါထာ မန္တာန်များ လာပြီးရွတ်တာလား။ ခတ်တိုက် နတ်တိုက်များ လာလုပ်တာလား။ ဇဝေဇဝါနဲ့ပေါ့။ ဒိုးကလေးက သူ့ရွာလှည်းဆရာ နပေါက်ကျယ်ကို လှမ်းပြော တယ်။

"နပေါက်ကျယ် နိုင်အောင်မောင်းကွာ၊ ကုဏ္ဍိုကုန်းလှည်း နောက်မကျန် စေနဲ့၊ ငါ့နှစ်သောင်းထည့်ထားသယ်၊ နိုင်ရင် မင်း ငါးထောင်ရပြီမှတ်"

ဒိုင်က ခရာရှည်တွတ်ပြီး ပြေးလမ်းရှင်းပြီ။ ပြေးလမ်းတစ်ဝက်မှာရှိနေတဲ့ လမ်းရှင်းဒိုင်နဲ့ ပန်းဝင်ဒိုင်တွေက အလံဖြူဖွေ့ရမ်းပြပြီ။ ဒိုးကလေးက ပြောပြီး တာနဲ့ တစ်ဖက်ပန်းမရောက်ခင် တာသုံးမတ်လောက်ဆီပြေးပြီ။ တာသုံးမတ် လောက်ရောက်တော့ လူကြားထဲတိုးပြီး ပြေးလမ်းနဲ့ အနီးဆုံးနေရာမှာ ရပ်နေ လိုက်တယ်။ လှည်းနှစ်စီးက မလွှတ်သေးပါဘူး။ လမ်းမရှင်းသေးလို့ တအောင့် စောင့်နေပုံပေါ်တယ်။ ခတ်စက်အသံပေါ်လာပြီ။

"ပြေးလမ်း မဖြတ်ပါနဲ့၊ ပြေးလမ်းမဖြတ်ပါနဲ့ တာလွှတ်ပါတော့မယ်..."

"ရှိ..."

ဝေါခနဲ ပြေးလာတဲ့လှည်းနှစ်စီးက သူတင်ကိုယ်တင်ပါပဲ။ လူတွေက သူ့ ရွာကိုယ့်ရွာ အော်ဟစ်အားပေးလိုက်ကြတာ အသံကြီးတွေဟီးထလို့။ တာတစ် ဝက်ကျော်တဲ့အထိလည်း နှာတစ်ဖျား မသာနိုင်ကြသေးဘူး။ နပေါက်ကျယ်က သူ့နွားတွေ တဖျန်းဖျန်းရိုက်ရင်း လှည်းပေါ်မှာ မတ်တတ်ကြီး မောင်းလာတာ ပါ။ တစ်ဖက် ကိုဘဖေ လှည်းကလည်း မလျှော့ဘူး။ ကိုဘဖေလှည်း အနား ရောက်လာမှာကို ဒိုးကလေး စောင့်နေလိုက်တယ်။ အနားလည်းရောက်ရော ဒိုးကလေးက လှည်းလမ်းပေါ် တစ်ကိုယ်စာ ထွက်လိုက်ပြီး နွားနှစ်ကောင်မြင် သာတဲ့ နေရာကနေ လူလုံးပြလိုက်တယ်။ ဒိုးကလေး ပါးစပ်က ဟိတ်ခနဲ အော် လိုက်တယ်ဆိုရင်ပဲ လှည်းက တစ်ချက်ခါသွားတာ သေချာပြီ။ နောက်ထပ် ပြေးရမယ့် တာတစ်မတ်လောက်မှာတော့ ကိုဘဖေလှည်းက နပေါက်ကျယ်



လှည်းကို မမီနိုင်တော့ဘူး။ လှည်းတစ်လှည်းစာ တစ်လျှားနဲ့ နပေါက်ကျယ်က ဒုန်းဒိုင်းကြီး ပန်းဝင်သွားလေရဲ့။ မြေတုန်အောင် အားပေးလိုက်ကြတဲ့ အသံကြီး နောက်မှာတော့ ဒိုးကလေး ပျောက်သွားပြီ။ စိတ်ချရလေပြီလေ။ တောကြီးက ပိုက်ဆံထုတ်လာတော့မယ်။ ရွာအရက်ဆိုင်ကို လိုက်လာလိမ့်မယ်။ ပိုက်ဆံရ သာမှ နပေါက်ကျယ်ကို ဆုတော်ငွေငါးထောင်ဆုချရမယ်။ မနက်ဖြန် ပွဲသိမ်းမှာ နပေါက်ကျယ်ရဲ့ညီ ကြက်တူရွေးပြိုင်မယ့်လှည်းကို ထပ်အောရမယ်။

သည်ကနေ့ သူလုပ်ခဲ့တာ သပ်ရပ်လွန်းတော့ ဘယ်သူမှ မသိလိုက်ကြ ဘူးလို့တွေးရင်း ဒိုးကလေး အူမြူးနေခဲ့တယ်။ ကိုဘဖေရဲ့ နွားနှစ်ကောင်ကို သူ့လက်ဝါးတွေနဲ့ အုပ်လိုက်ကတည်းက နွားတွေတုန်သွားကြပြီ။ ပြေးလမ်း မှာ သူ့ကို ဖျတ်ခနဲမြင်လိုက်ရုံမက ဟိတ်ခနဲခြောက်လိုက်တော့ နွားတွေ ဖင်သိ ကျန်ကြပြီ။ အဆမတန် ကြောက်နေတဲ့ နွားနှစ်ကောင်ဟာ ပြေးလမ်းအတိုင်း ပြေးနေရာက တစ်ချက်တုန့်လိုက်လို့ တစ်လျှားနောက် ကျသွားခဲ့ရပြီ မဟုတ် လား။ မနက်ဖြန် ကြက်တူရွေးမောင်းမယ့်လှည်းလည်း သည်လို လုပ်ရမှာပဲ။ သူလည်းငွေနိုင်၊ ကုဏ္ဍိုကုန်းလှည်းလည်း နာမည်ရ။ ဒိုးကလေးက သူ့အတွေးနဲ့ သူ ကျေနပ်လို့။ မှောင်တဲ့အထိ တောကြီး ရောက်မလာဘူး။ ဘာများဖြစ်လို့ပါ လိမ့်။ ငွေထုတ်ရတာ လွယ်ပါတယ်။ လူပျောက်နေတာ အရေးမကြီးဘူး။ ပိုက်ဆံ ရောက်မလာတာ အရေးကြီးတယ်။ ပြန်ဆုံဖို့ ချိန်းထားတာကလည်း ရွာအရက် ဆိုင်ဆိုတော့ နေရာလွဲစရာလည်း မရှိဘူး။ ဒိုးကလေးက အရက်တွေသောက်ရင်း က တောကြီးကို မျှော်နေရတာပါပဲ။

ဒါပေမယ့် အရက်ဆိုင်ကို တကယ်ရောက်လာတာ တောကြီးမဟုတ်ဘူး။ ညောင်ပင်ပုရွာသားတွေ။ လှည်းသမား ကိုဘဖေပါ ပါလာခဲ့တယ်။ လက်ထဲမှာ တုတ်တွေ ဓားတွေနဲ့။ ဒိုးကလေး ထိတ်လန့်သွားခဲ့တယ်။ အရက်ဆိုင်ကလည်း မိုးချုပ်တော့ လူရှင်းနေပြီ။ အရက်ရောင်းတဲ့ ဆိုင်ရှင်ကလည်း သည်ပြဿနာထဲ မပါရဲတော့ နောက်ဆုတ်နေပြီ။

"ဒိုးကလေးဆိုသာ မင်း မဟုတ်လား။ ငါ့နွားနှစ်ကောင်ရဲ့ခေါင်းက ကြာ ကို လက်ဝါးနဲ့အုပ်သွားသာ။ ကွင်းထဲကနေ နွားတွေကိုခြောက်သာ အကုန်လုံး မြင်သူက မြင်သယ်ကွ။ မင်းမငြင်းနဲ့တော့... မင်း အောက်လမ်းနည်းနဲ့လုပ်လို့ ငတို့ရွာလှည်း ရှုံးရသာကွ။ မင်းကို တစ်ညနေလုံး မြေလှန်ရှာနေသာ ခုမှတွေ့ တော့သယ်..."

အဲသည်ညက ဒိုးကလေး သွေးအိုင်ထဲမှာ သတိလစ်နေခဲ့တယ်။ တစ် ယောက်တစ်ချက် ဝိုင်းရိုက်သွားကြတဲ့ ရိုက်ချက်တွေက ဒိုးကလေးရဲ့ ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ အချက်များစွာ ကျရောက်ခဲ့တယ်။ ညောင်ပင်ပုသားတွေက ဒိုးကလေးကို နွားရိုက်သလို ရိုက်သွားကြတာပါ။ နွားသတ်သလို သတ်မသွားတာပဲ ရှိတယ်။ ပန်းညိုဆီ သတင်းရောက်လာတော့ ကုဏ္ဍိုကုန်း ရွာသားတွေ ချက်ချင်းအရက်ဆိုင် ပြေးလာကြတယ်။ ဒိုးကလေးကို လှည်းပေါ်မွေ့တင်ပြီး အိမ်ခေါ်ခဲ့ကြရတယ်။ အိမ်ရောက်တဲ့အထိ ဒိုးကလေး သတိမလည်ဘူး။

သည့်ထက်ဆိုးတာက တောကြီး ပြန်မလာတော့တာပါ။ ငွေရင်း နှစ်သောင်းနဲ့ နိုင်ကြေးနှစ်သောင်းပေါင်း လေးသောင်း လက်ထဲရောက်ပါပြီဆိုကတည်းက တောကြီးလစ်သွားခဲ့တယ်။ သည်လိုဖြစ်ပြီးနောက် လေး၊ ငါးလလောက်ကြာမှ ဒိုးကလေး ပြန်ကောင်းလာခဲ့တယ်။ မသန်စွမ်းလှတော့ပါဘူး။ သျှောင်ပွ ဆံပင်ကျဲကျဲနဲ့ မျက်နှာဆိုးကြီးနဲ့ တောင်ဝှေးတစ်ချောင်း ထောက်ထောက်ပြီး ရွာထဲလျှောက်နေတဲ့ ဒိုးကလေးကို ကရုဏာသက်သူကလည်း သက်ကြရဲ့။ သဒိုးအလုပ်လည်း မလုပ်နိုင်တော့ပါဘူး။ ပန်းညိုက ရိုက်သွားကြတဲ့ တစ်ရွာသားတွေတောင် ကျေးဇူးတင်ရသေးတော်တဲ့။ နို့မို့အမိုက်လက်စသိမ်းမှာ မဟုတ်လို့တဲ့။ နောက်တော့လည်း တောင်ဝှေးလွတ် သန်စွမ်းလာရှာပါရဲ့။ အရင်လိုတော့ မသွက်တော့ပါဘူး။

❒

## (၁၅)

ဆရာတော့် ကျောင်းအုတ်လှေကားကြီးပေါ် တက်ကြတော့ ပန်းညိုက ဒိုးကလေးကို တွဲလို့။ လက်တစ်ဖက်က သင်္ကန်းဘူးနဲ့။ သားလုပ်သူ ဒိုးကောင်းက နောက်မှာ အထုပ်တစ်ထုပ်နဲ့။ ဒိုးကလေး သုံးခဲ့တဲ့ ဓားတွေကို အဝတ်ထူထူနဲ့ ထုပ်လာတာပါ။ သမီးကလေးပန်းမှုံက မအေ့ထဘီစ ဆိတ်ရင်း လိုက်လာတယ်။ ကျောင်းလှေကား အလယ်လောက်ရောက်တော့ ပန်းညိုက ဒိုးကလေးမျက်နှာကို ကြင်ကြင်နာနာ ကြည့်တယ်။ ဆရာတော်ကို ကြိုလျှောက်ပြီးသားဆိုတော့ ဆရာတော်ကလည်း စောင့်နေတာမဟုတ်လား။ သည်တော့ မလိုသော်ရှိ လိုသော်ရှိ လင်သားကို သေချာအောင် မေးရသေးတယ်။

"အစ်ကို တော် စိတ်ပြတ်ရဲ့လား။ ခဏနေရင် တော် သင်္ကန်းဝတ်ရတော့မှာနော်၊ သင်္ကန်းဝတ်ဘဝနဲ့ အကုသိုလ်စိတ်တွေပါမှာစိုးသာ ဟုတ်မှလည်း လုပ်ပါတော်..."

"ဟုတ်ပါသယ်ဟာ...ငါ့ဓားတွေလည်း လှူမယ်၊ ငါ့အကုသိုလ်တွေလည်းလှူမယ်။ ငါသည်ကျောင်းမှာပဲ နေတော့မယ်၊ နင်တို့ကော ဖြစ်တဲ့မို့လား"



"ဖြစ်ပါတော်...တော်ရှိတုန်းကကော ကျုပ်အနားနေလို့လား။ ကျုပ် စိတ်ချမ်းသာပြီ တော်ရေ။ ကျုပ်က သဒိုး ကိုကြာပေါ်သမီး။ သဒိုး ဒိုးကလေးရဲ့မယားဆိုတဲ့ဘဝက ကျွတ်ရသာကို ဝမ်းသာသာပါ။ ကျုပ်မှာ အပြစ်ရှိရင်လည်း ခွင့်လွှတ်ပါတော်"

ကျောင်းလှေကားအလယ်မှာ သားအဖလေးယောက် ရပ်စကားပြောနေတာကို ဆရာတော်က လှေကားထိပ်က ပြုံးပြီးကြည့်နေလေရဲ့။ ဆရာတော်က ကျောင်းတွင်းကြွနှင့်တော့မှ သားအဖလေးယောက် တက်လာခဲ့ကြတယ်။ ဒိုးကလေးက တစ်ချက်ပြုံးလိုက်ပြီး ပန်းညိုကိုကြည့်ပြန်တယ်။

"ငါက တစ်ခြားဟာ မနှမျောပါဘူး ပန်းညိုရာ။ ကတုံးတုံးရတော့မယ်ဆိုတော့ ငါ့သျှောင်တော့ နှမြောသား..."

"မနှမြောပါနဲ့တော်။ ဆံချတော့ ကျုပ်က သျှောင်ဆံပင်ကိုခံပြီး တစ်သက်လုံး ယွန်းအုပ်နဲ့ထည့် ကိုးကွယ်မှာတော့။ ကိုင်း...ဟုတ်ပြီလား"

သည်တစ်ခါ ဒိုးကလေး ရယ်တဲ့အရယ်က အားရပါးရရှိလိုက်တာ။ ပန်းညိုနဲ့ ညားပါပြီဆိုကတည်းက တစ်ခါမှ မကြားဖူးခဲ့တဲ့ ရယ်သံမျိုး။ ပန်းညိုအဖို့တော့ ပထမလင်နဲ့ရခဲ့တဲ့သား ကိုရင်ကို ဆွမ်းတစ်စလောင်း မလောင်းခဲ့ရပေမယ့် နောက်လင် ဒိုးကလေးကိုတော့ ဆွမ်းခံကြွတိုင်း ဆွမ်းလောင်းရတော့မယ်ဆိုတာတွေးပြီး ဝမ်းသာရှုံပေါ့။ ပန်းညိုဘဝက ထူးတော့ထူးသား မဟုတ်လား။

နောက်ရက်တွေကစပြီး ဒိုးကလေး ဦးပဥ္စင်းဘဝနဲ့ ရွာထဲဆွမ်းခံကြွပါပြီ။ ရွာက ဦးပဥ္စင်းဘွဲ့ကို မခေါ်ကြဘူး။ ဦးဇင်းဒိုးတဲ့။ မနက်မနက် သပိတ်ပိုက်ပြီး ကြွလာတဲ့ ဦးဇင်းဒိုးကို ပန်းညိုက ဆွမ်းထမင်း၊ ဆွမ်းဟင်း မောက်မောက်လျှံလျှံ လောင်းနေကျ။ ဦးပြည်းစိမ်းနဲ့ သင်္ကန်းနဲ့ဆိုတော့ နဂိုရုပ်ပြန်ပေါ်လာသယ်လို့တောင် အောက်မေ့မိတယ်။

ဦးဇင်းဒိုး အိမ်စဥ် ဆွမ်းခံရပ်တော့ အိမ်ထဲက ချည်တိုင်မှာ ချည်ထားတဲ့ နွားတွေက နှာမှုတ်ကြတုန်း။ ခွာရှပ်ကြတုန်း။ ရုန်းကြတုန်း။ ကန်ကြတုန်း။ အကုသိုလ် အကင်းမသေသေးလို့နဲ့ တူပါရဲ့။ အကုသိုလ်များကလည်း ပြုမိဖူးရင် တွေ့ခဲသား မဟုတ်လား။

**ခင်ခင်ထူး**

**ကလျာမဂ္ဂဇင်း၊ ၂၀၀၀–ဇူလိုင်**

www.burmeseclassic.com

ခင်ခင်ထူး

# ကပိုယ်


www.burmeseclassic.com

www.burmeseclassic.com

# ကပ္ပိယ

## (၁)

စံလှသော် ကျောင်းရေတွင်းက ရေငင်ပြီး ရေထမ်းပုံးတွေထဲ လောင်းထည့်တယ်။ ထမ်းပုံးနှစ်ပုံးပြည့်တော့ ထမ်းပိုးလျှိုပြီး ကျောင်းစဉ့်အိုးတွေဆီ ထမ်းလာတယ်။ သည်တစ်ခေါက်က နောက်ဆုံးအခေါက်။ မနက်ကလည်း တစ်ကျောင်းလုံး ပြောင်သန့်သွားအောင် တံမြက်စည်းလှည်းပြီးပြီ။ ကျောင်းဝေယျာဝစ္စတွေ လုပ်ပြီးပြီ။ ရေနွေးအိုးကျိုတာ၊ ထင်းပေါက်တာ၊ ကုဋီဆေးတာကအစ သူလုပ်နေကျအလုပ်တွေ ကြုံသလိုကျသလို လုပ်သွားတတ်တာ စံလှသော် အကျင့်ပဲ။ စံလှသော် ရေထမ်းပုံးထဲက ရေကို စဉ့်အိုးထဲလောင်းထည့်နေတုန်း ကျောင်းပြတင်းပေါက်မှာ ဆရာတော်ကြီး လာရပ်ပြီး ငုံ့ကြည့်နေတယ်။ စံလှသော်က ရေပုံးကိုချပြီး ပုဆိုးစနဲ့ မျက်နှာသုတ်နေလေရဲ့။

"ငသော်…"

"ဘုရား…"

"ရေကိစ္စထားလိုက်တော့ ကိုရင်တွေ လုပ်လိမ့်မယ်။ ရွာထဲ ခဏပြေးဦး။ ဒကာ မောင်တင်ကို သွားခေါ်စမ်း"

"တင်ပါ့ဘုရား။ ရေကလည်း ပြီးပါပြီ ဘုရား"

စံလှသော်က အနားက သစ်ကိုင်းပေါ်လွှားထားတဲ့ စွပ်ကျယ်ကောက်စွပ်ပြီး ဘောက်ဆွဲဘောက်ဆွနဲ့ ထွက်လာခဲ့တယ်။ ဘုန်းကြီးခိုင်းလို့သာ ထွက်လာခဲ့ရတယ်။ ဒကာကြီး မောင်တင်ဆိုလို့သာ မောင်တင်ရတယ်။ ဘယ်မောင်တင်မှန်း မမေးခဲ့ဘူး။ ကြုံတဲ့ မောင်တင် ခေါ်ရုံပေါ့လို့တွေးရင်း ရွာထဲက ဖြတ်လာခဲ့တာ။

www.burmeseclassic.com



ရွာထဲရောက်တုန်း လက်စနဲ့ မြချစ်တို့အိမ်ဘက် လျှောက်ခဲ့တယ်။ စံလှဘော်က ရွာထဲအကြောင်းရှိလို့ ရောက်လာရင် မြချစ်တို့အိမ်ဝင်နေကျ။ မြချစ်က ဆရာတော်ကြီး နမအရင်း ဒေါ်အေးမယ်က မွေးတာဆိုတော့ စံလှဘော်ကို ခင်တယ်။ ဒေါ်အေးမယ်ကလည်း စံလှဘော်မှလာရင် ကျောင်းကို တစ်ခုခုထည့်လှူနေကျ ကိုး။ ရွာထဲရောက်ရင် ကောက်ကာငင်ကာ လှူလိုက်ရအောင်လို့ အိမ်ကိုဝင်ဖြစ် အောင်ဝင်လို့ အမှာကလည်း ရှိတာပါပါတယ်။ မြချစ်တို့အိမ် စံလှဘော် ရောက်သွားတော့ မြချစ်က ရစ်ခုံကလေးတစ်လုံးနဲ့ ချားပုတ်နေလေရဲ့။ အုပ်လုံးသိမ်းကလေးနဲ့ဆိုတော့ မြချစ်က လှလို့။

"ဟော... ဦးဘော်ကြီး၊ ဘာဘုန်းက ခိုင်းလိုက်လို့လား။ အမေရေ ဦးဘော်ကြီး လာသယ်"

မြချစ်က သည်လို အရေးတယူရှိတာကို စံလှဘော်က သိပ်သဘောကျတယ်။ မြချစ်က သဘောမနောကောင်း၊ ဥစ္စာပေါ ရုပ်ချောလည်းဖြစ်ပြန်၊ ကိုယ်တိုင် ရက်တဲ့ ရက်ကန်းကျ ချည်ပုဆိုးကလေးတွေလည်း ကြုံသလို ပေးတတ်ပြန်ကိုး။ မန်ကျည်းစုရွာမှာ မြချစ်ရက်တဲ့ပုဆိုး၊ မေတ္တာနဲ့ရတာဆိုလို့ စံလှဘော်ပဲ ရှိတာဆိုတော့ ဒါကို စံလှဘော်က ကွယ်ရာမှာ ရွာကာလသားတွေကို ကြွားတတ်တယ်။

"မြချစ်ကလေးက ဦးဘော်ကြိုက်တဲ့ အဆင်များရက်ပေးရင် မောသယ်ပန်းသယ် မထင်ဘူးတဲ့။ ဦးဘော်ပုဆိုးတော့ ရက်ကန်းသားနဲ့ မလွဲဘူးတဲ့။ ကိုယ်တိုင်ရက်သာတဲ့ကွ။ မြချစ်ရက်လို့လား မသိပေါင်ကွာ။ ပုဆိုးများ ဝတ်ကောင်းချက်တော့"

"ကိုကြီးဘော် ကံကောင်းသာပေါ့ဗျာ။ ကျုပ်တို့များ ဝယ်ဝတ်ရသာပါ။ မြချစ်က မေတ္တာနဲ့ ရော့အင့်ပေးသယ် တစ်ခါမှ မရှိပါဘူး။ မင်းတို့ကော ရဖူးကြလား"

ကာလသားတစ်ယောက်က အနားရှိတဲ့ ကာလသားတွေကို အဖော်ညှိမေးရင် ဘယ်သူကမှ မြချစ်ပုဆိုး အလကားမရပေါင်ကွာလို့ ဖြေတတ်ကြတယ်။ ဒါကို စံလှဘော်က ဝမ်းသခွပ်ထတဲ့ မျက်နှာကြီးနဲ့ ကာလသားတွေကို ကိုင်း... ဘယ့်နှယ့်တုန်းဆိုတဲ့မျက်နှာနဲ့ ကြည့်နေကျ။ ကာလသားတစ်ယောက်က မြချစ်ပေးလိုက်တယ်ဆိုတဲ့ပုဆိုးကို ခဏယူကြည့်တာတောင် အကိုင်ခံချင်တာ မဟုတ်ဘူး။ ပုဆိုးကြားထဲမှာ သူ့ဟာသူညှပ်လာတဲ့ စံပယ်ပွင့် လေးငါးပွင့်က ပါသေးတာပါ။ ဒါကို ကာလသားတွေက တွေ့ရင် စံလှဘော်က သူ့ဟာသူ ထည့်ထား



တာလို့ မပြောဘူး။ မြချစ်က ထည့်ပေးလိုက်သလိုလို ပြောသေးတာ။ စံပယ်ပွင့်တွေကို အံ့သြသလိုပုံနဲ့ကြည့်ရင်း စံလှဘော်က မသိဟန်ဆောင်ပြီး မေးသေးတာပါ။

"ဟောဗျာ... ဘာပန်းတွေပါလိမ့်၊ ကြည့်စမ်း မင်းတို့ကြည့်မှ မြင်တော့သယ်၊ စံပယ်ပန်းတွေလား။ အခြောက်လှန်းပြီး အုန်းဆီပုလင်းထဲ ထည့်ရဦးမကွာ။ ဘာသဘောများပါလိမ့်"

ကာလသားတွေက စံလှဘော် သူ့ဟာသူ ထည့်လာတာ သိသားပဲ။ စံလှဘော်က မရှုမကောင်းဆိုတော့ ဝိုင်းမြှောက်ကြတယ်။ စံပယ်ပွင့်ကလေးတွေ တစ်ပွင့်စီကိုင်ကြည့်ကြ၊ နမ်းကြည့်ကြဆိုရင် စံလှဘော်က ဒေါကန်ပြီ။ စံပယ်ပွင့်တွေ ပြန်တောင်းပြီး ပုဆိုးထဲပြန်ညှပ်တယ်။

"မလုပ်ကြစမ်းပါနဲ့ကွာ... သူများက မေတ္တာနဲ့ပေးတဲ့ပန်း နမ်းသာကျတော့ ငါသည်းမခံဘူးကွနော်..."

"ကိုကြီးဘော်ကလည်းဗျာ...၊ ကျုပ်တို့က အားကျလို့ပါဗျ၊ မြချစ်ပေးတဲ့ပန်း၊ မြချစ်ပေးတဲ့ပုဆိုး ကျုပ်တို့မန်ကျည်းစုမှာ ဘယ်သူရဖူးလို့တုန်း၊ ကိုကြီးဘော် ပီယဆေးများ ရှိရော့လားဗျာ..."

သည်လိုပြောရင် စံလှဘော်က သူ့မှာပဲ ပီယဆေးရှိသလိုလို လုပ်ပြန်ရော။ ပီယဆေးဖော်နည်းတွေပါ ပြောရော။ ကြားဖူးနားဝတွေ စုံအောင်ပြောတော့တာပါ။ ကာလသားတွေကလည်း ငေးလို့။ မဟုတ်မှန်းလည်း သိကြပါရဲ့။ ကာလသားတွေဆိုတော့ ပီယဆေးဆိုတာကို စိတ်ဝင်စားကြတယ်။ သည်လိုများ နားထောင်ကြပြီဆိုရင် စံလှဘော်က အပိုတွေပါထည့်ပြီ။

"ပီယဆေးများမှာ သုံးမျိုး လေးမျိုးလောက် ရှိသာကိုးကွ၊ ပီယမီးထွန်းနည်းတဲ့၊ ပီယဂဝံနည်းတဲ့၊ ပီယနတ်ရဲနည်း၊ ပီယစင်ရော်နည်းတဲ့ကွ... ပီယမီးထွန်းနည်းက အလွယ်ဆုံးပဲ၊ ဥုံ ဗုဒ္ဓဂုဏံ ပီယံဟောတု၊ ဥုံ ဓမ္မဂုဏံ ပီယံဟောတု၊ ဥုံသံဃဂုဏံ ပီယံဟောတုဆိုတဲ့ ဂါထာကို စက္ကူပေါ်ရေးရမယ်၊ ရေးတော့ ပန်းပေါင်းနဲ့ ရေးရသာကွ၊ ပြီးရင် ဂါထာကို အခေါက်တစ်ထောင် ခေါက်ရမယ်၊ ကိုယ်ကြိုက်တဲ့ ကောင်မလေးရဲ့ အဝတ်အစားကိုယူပြီး မီးစာလုပ်ရမယ် ဆီတိုင်စင်ရှေ့ထွန်းတာနဲ့ ကောင်မလေး မလာဘဲ မနေဘူး။ အဲသလောက် စွမ်းသာဗျား"

"ကိုယ်ကြိုက်တဲ့ ကောင်မလေးအဝတ်အစားက ဘယ်ကရမှာတုန်း ကိုကြီးဘော်ရ၊ အဝတ်အစားရမှတော့ ကြိုက်ဖို့ရှိတော့သာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ တစ်နည်းနည်းနဲ့ ရအောင်ယူရမှာပေါ့ကွာ၊ မရတော့ လှန်းထား တုန်း အလစ်ဆွဲရမှပေါ့"

"ထဘီကောရသလား..."

"ထဘီတော့ မခိုးနဲ့ပေါ့ကွ၊ အတွင်းခံဆိုရင်တော့ ပိုစွမ်းသကွ"

"ကိုကြီးဘော်...၊ သေချာသယ်နော်"

"သေချာသာပေါ့ကွာ၊ တစ်ခုတော့ရှိသယ်၊ မြချစ် အဝတ်အစားတော့ မလှ ရဘူးနော်"

စံလှဘော်က အဲသလိုလူ။ တကယ်တော့ မြချစ်နဲ့ စံလှဘော်က အရွယ်ချင်း သားအဖလောက် ကွာတာပါ။ သည်ကြားထဲ ဘုန်းကြီးတူမဆိုတော့ စံလှဘော် က မြချစ်ကို ကြိုက်လို့တဲ့ဆိုရင် ကျောင်းပေါ်က ရိုက်ချမှာကိုလည်း ကြောက် သေးတာကိုး။ သည်တော့ မြချစ်အကြောင်းပြောရင် သူယုံရတဲ့ ကာလသား လောက် ပြောဝံ့တာပါ။ ကာလသားတွေကလည်း မြချစ်ကို ကျိတ်ပိုးကြိုက်ရုံ ကြိုက်မှပဲ။ ဖြောင်မပိုးဝံ့ကြဘူး။ ဘုန်းကြီးတူမ ဆိုတာထား၊ မြချစ်ကိုယ်တိုင် ကိုယ်က ဇာတ်ဇာတ်ကြီ ။ ဗွာလိုက်တာမှ ကဲကဲပါလို့။ သည်တော့ ကွယ်ရာ ပြောကြတာပဲ ရှိတယ်။ အခုလည်း ဘုန်းကြီးခိုင်းတာက တစ်နေရာ၊ စံလှဘော် က မြချစ်တို့အိမ်ကို ကြားချပြီး ရောက်ဖြစ်အောင် ရောက်လာတာပါ။

မြချစ်က စံလှဘော်ဝင်လာတော့ ဘကြီးဘုန်းကြီး တစ်ခုခုမှာတယ်ထင် အိမ်ကပြင်မှာ လာထိုင်တယ်။ ရေနွေးကြမ်းပွဲရှေ့ရောက် ချပေးတယ်။ မြချစ် ရေနွေးတစ်ခွက်ငှဲ့ပေးတာကို စံလှဘော်က ငွပ်ခနဲ သောက်ချလိုက်တယ်။ ပူလွ လို့ ဖရူးခနဲထွေးထုတ်ကရော။ မြချစ်က ရယ်တယ်။

"ဦးလှဘော်ကလည်း ရေနွေးအခုမှ ခတ်လာတဲ့ ကျွက်ကျွက်ဆူ နည်းနည်းပါးပါး မှုတ်မှုက်သောက်မှပေါ့၊ လျှာကျွတ်သွားပြီလား"

"ကျွတ်ပါဘူး...၊ အားလားလား အရှီးအေးမယ်ကော"

"အမေ အကြွေးသွားတောင်းသယ် ထင်သယ်၊ ဘဘုန်းက ဘာမှာလို့ လို့လဲ"

"နင်တို့ ကျောင်းမရောက်သာကြာလို့တဲ့၊ အထူးသဖြင့် မြချစ် မလာ တဲ့ဟာ၊ နင့်ကို ကျောင်းနေ့တိုင်း လာစေချင်ပုံပါဟာ"

"အမေတော့ နှစ်ရက်ခြား သုံးရက်ခြား ရောက်သားပဲ ဦးဘော်ရဲ့၊ ကျွ ရက်ကန်းတစ်ဖက်နဲ့ဆိုတော့ မရောက်တဲ့ဘူး"

"နင့်ကို မျှော်ပါသယ်ဟာ၊ ဆရာတော်ကလည်း မျှော်..."



"နောက် ဘယ်သူက မျှော်စရာရှိလို့တုန်းတော့် ဦးဘော်ရဲ့ လုပ်ကရော ယော်"

"ငါကလည်း မျှော်ပါသဟာ...၊ သည်လိုပါ၊ တချို့ကိစ္စတွေက ဆရာတော် က ခိုင်းပေသိ ငါက သိပ်နားလည်သာ မဟုတ်ဘူးလေ"

"ဘဘုန်းက နားမလည်သာတော့ မခိုင်းလောက်ပါဘူး"

"သဘောပြောသာပါဟာ၊ ကျောင်းကို မရောက်မရှိစေနဲ့ဟာ။ ကိုယ့် ဘကြီး ဘုန်းကြီးကျောင်းပဲဟာ၊ ဒါ့ထက် နင့်ခေါင်းမှာ ပန်ထားသာ ဘာပန်းတုန်းဟ"

"စကားဝါပန်းလေ"

"ပေးစမ်းဟာ၊ ငါ့ခေါင်း မူးနောက်နောက်ဖြစ်နေလို့၊ စကားဝါပန်းများ ရှုရင် အမူးအမော် ပျောက်သယ်ဆိုလို့"

မြချစ်က ခေါင်းကပန်းကို ဖြုတ်တယ်။ သူ့ဟာသူလည်း စကားဝါ ပန်းကလေးကို တစ်ချက်နမ်းလိုက်သေးတာပါ။ ပြီးမှ စံလှဘော်ကို ပေးတော့ စံလှဘော်ကလည်း ချက်ချင်းနမ်းတယ်။ နားရွက်မှာ ညှပ်တယ်။ ပြီးတော့ မြချစ် ကို နှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။ ဘုန်းကြီး ခိုင်းလိုက်တဲ့ ဒကာမောင်တင့် သွားခေါ်ချေဆိုတာ ခေါင်းထဲမရှိတော့ဘူး။ ရွာကာလသားတွေ ရှိလောက်တဲ့ ဆန်းတောဘက် ထွက်ခဲ့ရော။ မြချစ်ပန်တဲ့ပန်း ရလာတာကို ကြွားချင်သေး တာလေ။

□

(၂)

ရွာထန်းတော။

ထင်တဲ့အတိုင်းပဲ။ ထန်းရည်ဝိုင်းမှာ လူစုမကွဲကြသေးဘူး။ ကာလသား လေးငါးခြောက်ယောက်လောက် ထန်းရည်သောက်ပြီး တော်တော်လေး မူးနေ ကြပြီ။ မြူအိုးတွေကလည်း ပြန့်ကျဲလို့။ ပက်လက်လန်သူကလန်၊ မှောက်သူက မှောက်၊ သောက်သူကသောက်နဲ့ ရှိကြရာက ထန်းတောထဲ စံလှဘော် ဝင်လာ တာတွေ့တော့ ထန်းရည်ချော့တိုက်ဖို့ လှမ်းခေါ်ကြရော။ စံလှဘော်က နားရွက် ကြား စကားဝါတစ်ပွင့်ညှပ်ပြီး ကာလသားတွေကြားထဲ ဝင်ထိုင်တယ်။ စံလှဘော် က ထန်းရည်၊ အရက် သောက်ခဲတယ်။ မသောက်တာတော့ မဟုတ်ဘူး။ ရွာနဲ့ဝေးလို့၊ ကျောင်းနဲ့ဝေးလို့ တစ်ရပ်တစ်ကျေးရောက်ရင်တော့ သောက်တယ်။ ရွာမှာတော့ မသောက်ဝံ့ဘူး။ ဘုန်းကြီးကို ကြောက်တာလည်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စံလှဘော်က နားပန်ထားတဲ့ စကားဝါပွင့်ကို ဝိုင်းရှေ့ချတော့ အားလုံး က ကြည့်ကြတယ်။

"ကိုကြီးဘော်၊ နားရွက်ကြား ပန်းတစ်ပွင့်ညှပ်လို့၊ ဘာတွေများ အူမြူး လာတုန်းဗျ"

"မြချစ်ပန်တဲ့ ပန်းလေကွာ၊ ခေါင်းက ဖြုတ်ပေးလိုက်လို့ ယူလာသာ မောင်ရာ၊ ရှေးက ချစ်သူချင်း စကားထာဝှက်ကြတဲ့အခါ မိန်းကလေးက မေး ယောကျ်ားကလေးက မဖြေနိုင်ရင် ယောကျ်ားကလေးနားမှာ ပန်ထားတဲ့ပန်း ရှုံးကြေးပေးရသာ ရှိတယ်၊ ပန်းပေးသယ်ပေါ့။ စာတောင် ရှိသယ်လေကွာ၊ မောင် နားက စကားဝါပွင့်ပေးချင်ရဲ့လား ဆိုသာလေကွာ"

"ကောင်မလေး ပြုတ်ကျနေတဲ့ပန်း ကောက်လာသာ နေမှာပါဗျာ၊ အချင်း ချင်း လာကြွားမနေစမ်းပါနဲ့၊ ကိုကြီးဘော်ကလဲ"

"ခက်ပါ့ကောကွာ၊ ပန်းပေးကြေး စကားထာဝှက်ကြသာကွ၊ ငါက ပဒုမ္မာ ယုန်ထောင်လို့မေးတော့ မြချစ်က မဖြေနိုင်ဘူး၊ ဒါနဲ့ ငါက ပဒုမ္မာက ကြာ ယုန်ထောင်တာက ပိုက်၊ ကြာပိုက် ကြိုက်ပါလို့ ပြောသာဆိုတော့ ရယ်သယ် ခေါင်းကပန်း ဖြုတ်ပေးရရော၊ ဒါနဲ့မြချစ်က ပြန်ဝှက်သယ်"

"ဘာတဲ့တုန်း"

"ပင်လယ်နဲ့ ကြက်ဖတဲ့၊ ငါက သိသာပေါ့ကွ၊ ကောင်မလေး ဘာဖြေ ချင်လဲဆိုသာ၊ ငါ ရိပ်မိပြီ၊ ပင်လယ်က မကျယ်လား၊ ကြက်ဖက မတိုက်လား ကျယ်တိုက် ကြိုက်သယ်ကိုးကွ"

ကာလသားတွေက မယုံကြပါဘူး။ တစ်ယောက်မျက်နှာ တစ်ယော ကြည့်ကြတယ်။ အံ့သြတဲ့ မျက်နှာပုံကလည်း ဖမ်းထားရသေးတာလေ။ တ ယောက်က ထအော်ရော။

"ဟာ၊ ကိုကြီးဘော် မြချစ်ဆီက အဖြေရပြီကောဗျ၊ ကောင်မလေး ပညာနဲ့ဖြေသာ၊ ပေါ့ပေါ့မမှတ်နဲ့။ မြချစ်ဆီက အဖြေရတဲ့နေ့ ကျုပ်တို့ ထ တွေ ရှင်းသွားဗျာ။ ကျုပ်တို့က ဝမ်းသာပါသဗျား၊ ဟုတ်သယ် မဟုတ်လားဟေ့

"ဟုတ်ပေ့ကွာ၊ ကိုကြီးဘော် ဝမ်းသာသယ်ဗျာ၊ မြချစ်က လက်စသ တော့ ကိုကြီးဘော်ကို ကျနေသာပါလား၊ ဟေ့ကောင် အေနန်း… မင်းတော့ ရှ ပြီ၊ အေနန်းက မြချစ်ကို ကြိုက်နေသာ ကိုကြီးဘော်ရေ၊ အခုတော့ သည်ကော သွားပြီပေါ့"

အေနန်းက မှုန်မှုန်နဲ့ စံလှဘော်ကို ဂျစ်ကန်ကန်ကြည့်တယ်။ အေနန်းက မြ



ဆို ပိုးနေတာကြာပါပြီ။ မြချစ်က ပြန်မချစ်လေ အေနန်းက ဖွဲကောင်းလေကိုး။ အေနန်းမိဘများက ချမ်းသာပေမယ့် မြချစ်က အေနန်းကို ကြည့်မရဘူး။ သည် ကြားထဲက မြချစ်ပန်တဲ့ပန်း စံလှဘော်လက်ထဲ ပါလာတာတွေ့တော့ မခံချင်တာ ပါသလို စံလှဘော်ကို မြချစ်က မကြိုက်မှန်းသိပေမယ့် စံလှဘော် လာကြွားတာ ကို ရန်လုပ်ချင်တာလည်းပါတယ်။

"ထန်းရေဖိုး ငါရှင်းမယ်ဟေ့၊ ဘုန်းကြီးကျောင်းက ကပ္ပိယကို ဒုက္ခမပေး ချင်ကြပါနဲ့ကွာ၊ သူ့ခမျာ ဟိုလူပေး သည်လူပေးကလေး ရှိရှာသာပါကွာ၊ နော… ကိုကြီးဘော်ရာ"

သည်စကားကို စံလှဘော် ဖျင်းခနဲ ဖြစ်သွားတယ်။ ဘုန်းကြီးကျောင်းက ကပ္ပိယဆိုတာထားတော့၊ ဟုတ်လည်း ဟုတ်နေတာကိုး။ ဟိုလူပေး သည်လူပေး ဆိုတာကိုတော့ စံလှဘော်ရင်ထဲ မကောင်းလှဘူး။ တစ်ရွာက ဘုန်းကြီးကျောင်း မှာ ကုပ်ကပ်နေရတဲ့ ဘဝဆိုပေမယ့် ကပ္ပိယအဖြစ် ကျောင်းဝေယျာဝစ္စလုပ်နေ ရတာကို စံလှဘော် ကျေနပ်တယ်။ ပျော်လည်း ပျော်တယ်။ ဆရာတော့်မေတ္တာ အရိပ်နဲ့ သူ့ဘဝ လုံခြုံတာလည်းရှိတော့ သည်ရွာသည်ကျောင်းကို စံလှဘော် ခွာနိုင်ဘူး။ ကပ္ပိယဆိုတာ ဂုဏ်ငယ်တဲ့အလုပ်မှ မဟုတ်တာ။ ဘုရားနီး၊ တရား နီး၊ သံဃာနီးအလုပ်ပဲ။ မွန်မြတ်တဲ့အလုပ်ပဲ။ ကုသိုလ်ရတဲ့အလုပ်ပဲ။ ဝမ်းအေး ရတဲ့အလုပ်ပဲ ။ သို့ပေသိ ဝင်ငွေရယ်လို့တော့ ဘယ်ရှိပါ့မလဲ။ တစ်ခါတလေ ဆရာတော်က ပေးလို့၊ ကျောင်းရောက်လာတဲ့ ဒကာဒကာမကို လက်တို့ခြေတို့ ဆောင်းပြီး ကိုယ်စောင့်လက်စောင့်ကလေးပေးလို့ ရတာမျိုးကလွဲရင် ငွေရယ်လို့ ဆုံးရာရှိတာမှ မဟုတ်တာ။ တစ်ခါတလေ အင်္ကျီလေး ပုဆိုးလေး ဝယ်ချင်လို့ ပိုက်ဆံမရှိတာမျိုး၊ ဘုရားပွဲ၊ ကျောင်းပွဲ အလှူအတန်းပွဲတွေမှာ ဝယ်ချင်ရာ မဝယ် ရရှိပေမယ့် စံလှဘော် မရှက်ပါဘူး။

တစ်ခါက ဆရာတော်ကြီးကို စံလှဘော် မေးလျှောက်ဖူးတယ်။ ကပ္ပိယ ဆိုတာ ဘာပါလဲဘုရားဆိုတော့ ဆရာတော်ကြီးက ကပ္ပိယဆိုတာ ရဟန်းကိစ္စ ဆောင်ရွက်ပေးရသူ သူတော်ကောင်းကို ခေါ်တယ်လို့ မိန့်ဖူးတယ်။ ကပ္ပိယ ကာရကဆိုတာက လှူဖွယ်ပစ္စည်းနဲ့ ရဟန်းနဲ့အပ်စပ်အောင် ဆောင်ရွက်ပေးရသူ ဖြစ်လို့ အင်မတန် ကုသိုလ်ရတဲ့အလုပ်ဆိုတာလည်း မိန့်တယ်။ သည်ကတည်း က သူ့ကိုယ်သူ သိမ်ငယ်အောင်၊ ဂုဏ်ငယ်အောင် မတွေးဘူး၊ မကြံဘူး ဘူး။ ဘယ်သူတွေ ဘယ်လိုထင်ထင် သူ့ကိုယ်သူ ရဟန်းသံဃာရဲ့ အမှုတော် ကို ဆောင်ရွက်ရသူအဖြစ် အမြဲတမ်း ဝတ်ကြီးဝတ်ငယ် ပြုခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



အနန်းက ရွာသူဌေးသားဗိုပီ သူ့ကို ခပ်နှိမ်နှိမ် ပြောလိုက်တာကိုတော့ စံလှဘော် ဒေါသဖြစ်သွားတယ်။

"ဟိုလူပေး သည်လူပေး ဆိုပေသိ သန့်ရှင်းပါသယ်ကွာ၊ ငါ မခိုးဘူး၊ မနိုက်ဘူး၊ မရှိရင် မရှိသလို၊ ရှိရင် ရှိသလို ငါနေသာပါကွာ၊ သေချာသာက ငါ့မှာ ရေဲမရှိဘူးကွ"

အနန်းက စံလှဘော်ပြောလိုက်တော့ မြူအိုးဆွဲကောက်ကိုင်တယ်။ မူးမူးနဲ့ စံလှဘော်ခေါင်းကို ရိုက်ခွဲမလို ဟန်ပြင်နေတော့ အနားက ကာလသားတွေက ထဆွဲကြတယ်။ စံလှဘော်က မဖြုံဘူး။ အထိုင်တောင် မပျက်ဘူး။ စကားဝါ ပွင့်ကလေးတောင် နမ်းနေလိုက်သေးတယ်။ အနန်းက စကားဝါပွင့်ကို မြချစ် နှစ်သက်တာသိတယ်။ မနက်တုန်းက သူမြင်ခဲ့တာ သည်စကားဝါပွင့်ပဲ ဆိုတာ လည်း မှတ်မိတယ်။ သည်ကြားထဲက စံလှဘော်လို ဘုန်းကြီးကျောင်းက ကပ္ပိယ က သူလိုသူဌေးသားကို စော်ကားရပ့်မလားဆိုပြီး ဒေါသတွေ ချောင်းချောင်း ထွက်လာတယ်။ ကာလသားတွေ ဆွဲထားတဲ့ကြားက စံလှဘော်ကို လှမ်းကန် တယ်။ စကားဝါပွင့်ကလေး လက်ထဲက လွင့်သွားတဲ့အခါမှာတော့ စံလှဘော် လည်း ပုဆိုးတိုတိုဝတ်ပြီး ထရင်ဆိုင်တယ်။ သည်အချိန်မှာ အနန်းက ဝိုင်းဆွဲ ထားတဲ့ ကာလသားတွေကို တွန်းဖယ်ပြီး စံလှဘော်ရှေ့မှာ မြူအိုးခွဲတစ်လုံး ကိုင်ပြီး ခေါင်းရိုက်ဖို့ ပြင်နေပြီ။

"ဘုန်းကြီးကျောင်းကပ်စားလို့ ထမင်းဝနေတဲ့ကောင်၊ သည်ကနေ့တော့ ခေါင်းရိုက်ခွဲပစ်မယ် လာခဲ့"

စံလှဘော်က အနန်းကို ဝင်လုံးတယ်။ မူးနေတဲ့ အနန်းက မြူအိုးကိုင် လျက်နဲ့ လဲကျသွားတဲ့အခါ စံလှဘော်က အနန်းပေါ် ခွထိုင်လိုက်ပြီး အနန်း လက်ထဲက မြူအိုးကို ဆွဲလုလိုက်တယ်။ မြူအိုးကို မြှောက်တင်လိုက်ပြီး အနန်း ခေါင်းကိုရိုက်ခွဲဖို့ ပြင်လိုက်ချိန်မှာပဲ နားထဲက "ကပ္ပိယ" လို့ အော်လိုက်တဲ့ အသံကြီး ကြားလိုက်ရတယ်။

ကပ္ပိယ...။ ကပ္ပိယ...။ ကပ္ပိယ...။

အော်သံတွေက ဆက်တိုက်ကြားနေရတယ်။ စံလှဘော်လက်ထဲက မြူ အိုးဟာ လေထဲက ပြုတ်ကျသွားရာက မြေပေါ်မှာ အစိတ်စိတ်အမွှာမွှာ ကွဲသွား လေရဲ့။ အနန်းကို ခွထိုင်နေရာက ထလိုက်တယ်။ အနန်း လှမ်းကန်လို့ ခပ် ဝေးဝေးရောက်နေတဲ့ စကားဝါပန်းကြေကို သွားကောက်ယူလိုက်တယ်။ ပြီး ထန်းတောထဲက ပြန်ထွက်လာခဲ့ရော။ ထန်းတောထိပ်ရောက်မှ စံလှဘော် အနန်းကို လှမ်းအော်လိုက်တယ်။



"အနန်း...၊ ငါ ကပ္ပိယမို့လို့ မင်း သက်သာသွားသယ်မှတ်"

ထန်းတောထိပ်က တဲရှေ့ရောက်တော့ တဲဝမှာ ရင်ရှားနဲ့ရပ်နေတဲ့ ထန်း သမား မိန်းမတစ်ယောက်က သူ့သားကို လှမ်းအော်တဲ့အသံ စံလှဘော် ကြား လိုက်ရတယ်။ "တင်ရေ...၊ သားရေ မြူအိုးတွေ သွားကောက်ချေဦး သား ရေ" တဲ့။ တင်ရေဆိုတဲ့ အသံကြားတော့မှ ဘုန်းကြီးက ဒကာမောင်တင့် သွား ခေါ်ချေစမ်းဆိုတာကို သတိရသွားတော့တယ်။ သည်တော့မှ ဒကာမောင်တင် ဆိုတာ ဘယ်မောင်တင့်ပါလိမ့်လို့ တွေးမိကရော။ ဘုန်းကြီးက သူသဘောပေါက် လောက်တယ်ထင်ပြီး ဒကာ မောင်တင့် ခေါ်ချေပြောတာထား။ စံလှဘော်က နားကျပါးန နားမထောင်ခဲ့တော့ ဘယ်သူ့ခေါ်ရမှန်းမသိ ဖြစ်နေရော။ သည် တော့ ဘုန်းကြီးလည်း ကျေနပ်လောက်အောင်၊ လူလည်း မလွဲနိုင်အောင် ရွာထဲ က ဦးတင်မှန်သမျှ ဘုန်းကြီးခေါ်လို့ ကျောင်းကိုကြွပါလို့ လိုက်ပြောတယ်။ ရွာ ထဲမှာလည်း ဦးတင်ကချည်း သုံးလေးယောက်ရှိတော့ အိမ်စုံပြေးရတော့တာပါ။ သည်လိုနဲ့ စံလှဘော် ကျောင်းကို ပြန်ရောက်လာခဲ့တယ်။ ဆရာတော် စကြံ လျှောက်နေတဲ့ အနားသွားပြီး မြေကြီးပေါ်မှာပဲထိုင်ရင်း ဝတ်ဖြည့်တယ်။

"ဟဲ့ ဘော်... မင်း မောင်တင့် သွားခေါ်သာ ကြာလှချေလား"

"လိုက်ခေါ်နေရလို့ပါဘုရား...၊ သေချာအောင်ပါဘုရား..."

"မောင်တင့်ခေါ်သာ သေချာဖို့ လိုသေးသလားဟဲ့၊ သွား ထမင်းစားချေ"

"တင်ပါ့ ဘုရား"

❒

## (၃)

ကျောင်းပေါ်မှာ ဦးတင်ကချည်း လေးယောက် ရောက်နေကြပြီ။ ဆရာတော်က ရောက်လာသမျှ ဦးတင်တွေကို ဘာကိစ္စလဲမေးတော့ ဦးတင်တွေက ဆရာတော် ခေါ်တယ်ဆိုလို့ ချက်ချင်းလာခဲ့ကြကြောင်း လျှောက်ကြတယ်။ ဆရာတော် က စံလှဘော်တော့ တလွဲလုပ်လာပြန်ပြီတဲ့။ ရောက်လာတဲ့ ဦးတင်တွေက ထန်းသမား ဦးတင်ရယ်၊ ဆေးဆရာ ဦးတင်ရယ်၊ ဆယ်အိမ်ခေါင်း ဦးတင်ရယ်၊ ဆိုင်းဆိုင်းတီးတဲ့ ဦးတင်ရယ်ပါ။ ဆရာတော်ခေါ်ခိုင်းတဲ့ မောင်တင်မပါဘူး။ ဒါနဲ့ ဆရာတော်က စံလှဘော်ကို အခေါ်ခိုင်းလိုက်တယ်။ ကိုရင်တစ်ပါးက နောက်ဖေးမှာ သပိတ်ဆေးနေတဲ့ စံလှဘော်ကို လာခေါ်တော့ လုပ်လက်စ ပစ် ပြီး ကျောင်းပေါ်တက်လာခဲ့ရော။ ဝတ်ဖြည့်ပြီး ဆရာတော့်ကို ကြည့်တာ သေချာတယ်မဟုတ်လား ဘုရားပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"စံလှဘော်…၊ ငါခေါ်ခိုင်းသာ ကျောင်းရှေ့က မိဝက်ယောကျ်ား တေင့်ဖို ခေါ်ခိုင်းသာဟဲ့၊ ဘယ်က ဦးတင်တွေ ခေါ်လာသာတုန်း၊ ခမျာများ အလုပ်ဖျေ တန်းလန်းနဲ့ လာကြရသာပါကော ဘော်ရဲ့၊ မင်းမလဲ လုပ်လိုက်ရင် တလွဲချည်း ပဲ၊ နကျပကျ နားထောင်သယ်မရှိဘူး"

"တပည့်တော်က ထင်တော့ထင်သားဘုရား၊ မိဝက်ယောကျ်ား မောင်တင် တော့ ကျန်သားလို့၊ ဆရာတော် ဘာခိုင်းချင်သာတုန်း ဘုရား၊ ရောက်လာတဲ့ ဦးတင်ထဲက သင့်တော်တဲ့ ဦးတင်နဲ့ ခိုင်းလိုက်ပါလား ဘုရား"

"တယ်…၊ ငါထရိုက်ရ နာတော့မယ်၊ ငါက ယကြားချေသာ မဟုတ်ဘူး ဟဲ့၊ မိဝက်ယောကျ်ား တေင်ကိုမှာသာက တောင်ရွာ သရက်ကုန်းကို လွှတ်မလို့ သွား သွား…၊ လုပ်လက်စ လုပ်ချေတော့"

ဦးတင်တွေက ရယ်ကြတာပါပဲ။ ကျောင်းရောက်လာမှတော့ ဆရာတော် စကားစမြည် ပြောကြတယ်။ ရပ်ရေးရွာရေး၊ သာရေးနာရေးတွေနဲ့ ပတ်သက် ဆရာတော် မေးသမျှ ပြန်လျှောက်တင်ကြတယ်။ သည်ကနေမှ ကပ္ပိယစံလှ အကြောင်း တစ်ပတ်လည်လာတယ်။ ဆရာတော်က စံလှဘော် သူ့ကျောင်း ရောက်လာပုံကို မိန့်တယ်။ ကျောင်းမှာချည်းပဲနေလာတာ နှစ်ပေါင်း နှစ်ဆ လောက်ရှိပြီဆိုတော့ သံယောဇဉ်လည်း ဖြစ်ရာတယ်။ သနားလည်း သနားတ အခုပဲ စံလှဘော် အသက် သုံးဆယ်ကျော်ပြီဆိုတော့ ကျောင်းကို စံလှ ရောက်လာတာ ဆယ်နှစ်သားကပေါ့။ ဆရာတော်က စံလှဘော် ကျောင်း ရောက်လာတဲ့နေ့ကို သတိတရရှိတယ်နဲ့ တူပါရဲ့။ ဦးတင် လေးယောက် ပြောပြတယ်။

အဲသည်တုန်းက နယုန်လကြီး။ နေကလည်း ပူလိုက်တာ ဝက်ဝက်ကွဲ လက်ရှိ ကျောင်းထိုင်ဆရာတော်ကြီး ဦးဝါယမက ကျောင်းထိုင် မဟုတ် ဘူး။ ခန်းနေ ဦးပဥ္စင်းကြီးဘဝ ရှိသေးတာပါ။ ကျောင်းထိုင် ဆရာတော်ကြီး ဦးသာသန။ သက်တော်က ရှစ်ဆယ်ရှိပြီ။ ကျောင်းမှာ ရဟန်းကိုရင်က များများစားစား မရှိသေးတဲ့အချိန်။ ကျောင်းအိပ်ကျောင်းစား မောင်ကျောင်း လေးငါးယောက်တော့ ရှိတယ်။

"နေ့လယ် ပူပူလောင်ကြီးထဲ အမယ်အိုတစ်ယောက်က မြေးဆယ်နှစ် ကလေး လက်ဆွဲပြီး ကျောင်းဝ ဝင်လာကတည်းက ကျုပ်က မြင်သယ်။ ပူ လို့ သပြေပင်ကြီးအောက်မှာ တရားစာအုပ်တစ်အုပ်နဲ့ စာဖတ်နေတုန်း ဝင်းထဲဝင်လာသာပဲ၊ ဒါနဲ့ ကျုပ်က ကိုရင်တစ်ပါးနဲ့ ခေါ်ခိုင်းလိုက်သယ်။



တော်ကြီးက သက်တော်ကြီးလှပြီဆိုတော့ တော်ရုံကိစ္စ ကျုပ်ကပဲ စီစဉ်နေရသာ ကိုး။ မြေးအဘွားနှစ်ယောက် အနားရောက်လာတော့ ဘွားအေကြီးက ခေါင်း တဘက်ကလေးဖြုတ်ပြီး ဝတ်ဖြည့်သယ်။ မြေးက ရေအိုးစင်က ရေတစ်ခွက် ခပ်ပြီး ဘွားအေကိုကမ်းတော့ ဘွားအေက ငါ့မြေး သောက်လိုက်ဦးတဲ့။ က ကြည့်နေလိုက်တယ်။ မြေးနဲ့ဘွားအေ တစ်ဦးကိုတစ်ဦး မေတ္တာပြုနေ သာကို ကျုပ်က စိတ်ချမ်းသာနေသာကိုး၊ ပြီးမှ ကျုပ်ကို အကျိုးအကြောင်း ကသယ်။ သူ့မြေးကလေးကို ကျောင်းအိပ်ကျောင်းစား အပ်ချင်လို့ ခွင့်ပြု တော်မူပါ ဘုရားတဲ့၊ သည်တော့ ကျုပ်က မေးရပြီ"

အမယ်အိုက အသက်ရလှပါပြီ။ လည်ပင်းမှာ စိတ်ပုတီးတစ်ကုံး ဆွဲထား ကလွဲလို့ ဘာမှမပါရှာဘူး။ ထဘီကလည်း ရော်လို့။ မျက်နှာကလည်း စ်သီးလောက်ကလေးနဲ့ ပါးရေနားရေတွေ တွန့်နေလိုက်တာ ရေမရတဲ့ ယ်ကောသာ ကြည့်တော့။ ဘဝရဲ့ အရိုက်အပုတ် အထုအထောင်းဒဏ်ကို ခံရတဲ့ လက္ခဏာက ပေါ်လွင်နေတယ်။ မြေးက ဦးစွန်းဖုတ်ကလေးနဲ့ ကျယ်ဟောင်းကလည်း ညစ်ပေနေလိုက်တာ လက်နီးစုတ်ကမှ ပြောင်သေး ယ် ပြောပါတော့။ ပုဆိုးက အနားကွဲနဲ့။ ဦးဝါယမက ဆင်းရဲတဲ့ကလေးတွေ၊ တ်ချင်တဲ့ ကလေးတွေ၊ လောကနီတိအဆို အဆုံးအမ ခံယူချင်သူကလေး တစ်လကိုးသီတင်း ဘုရားရိပ် ကျောင်းရိပ်ထားချင်လို့ လာထားကြတဲ့ လေးတွေ စသဖြင့် တော်တော်များများ ကြုံဖူးတယ်။ လက်ခံဖူးတယ်။ ကျောင်း ဝစ္စလည်း လုပ်၊ ကျောင်းထမင်း ကျောင်းဟင်းလည်း စား၊ စာကလေး လေးလည်း သင် ဆိုတာလောက်ကတော့ ဘုန်းကြီးကျောင်းတစ်ကျောင်း က် မပင်ပန်းဘူးကိုး။ ဒါနဲ့ ဘွားအေကို ဘယ်လောက်အထိ အပ်ချင်တာ လို့ မေးတော်မူတယ်။ ဘွားအေကြီးက အသံတောင် မနည်းထွက်ရှာ ပါ။

"တစ်သက်လုံး အပ်ချင်ပါ ဘုရား၊ တပည့်တော်မကတော့ လူ့လောက ကြာ မနေရလောက်တော့ပါဘူး၊ တပည့်တော် မျက်စိမမှိတ်ခင် အရှင်ဘုရား စိတ်ချလက်ချ အပ်ထားခဲ့ချင်လို့ပါ ဘုရား၊ အရှင်ဘုရား လက်ခံတော်မူ တပည့်တော် အသေဖြောင့်ပါပြီဘုရား"

"ကလေး မိဘများကကော၊ အမေကြီးတို့ ဘယ်ရွာက လာကြသာတုန်း"

"ကလေးနာမည်က စံလှဘော်ပါဘုရား၊ မိဘနှစ်ပါးစလုံး ဆုံးပါးကုန် ပါပြီ။ ဆွေရယ်မျိုးရယ် လောက်လောက်လားလား မရှိသေးတော့ ဘုရား

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်ရော မြေးကလေးပါ အားကိုးမဲ့ရပါသဘုရား၊ တပည့်တော်က ရွှေလှေကပါ ဘုရား၊ ရွာဇနပုဒ်ဆိုတော့ ရွာသူရွာသားများမလဲ အင်မတန် ဆင်းရဲကြရာလို့ အပ်ရမဲ့လူတောင် အနိုင်နိုင်ပါဘုရား၊ ဒါနဲ့ မန်ကျည်းစုရွာ ဆရာတော်ကြီးထံ အပ်နှံမယ်ဆိုပြီး တပည့်တော်တို့ မြေးအဘွား သုံးရက်ခရီး လျှောက်ခဲ့ရပါသ ဘုရား”

မြေးဖြစ်သူ စံလှဘော်ကတော့ အမေကြီးထားရာမှာ နေတော့မယ်လို့ စိတ်ရှိပုံရတယ်။ သည်ရွာကြီးမှာ မနေချင်ဘူးလည်း မပြောဘူး၊ နေချင်တယ်လည်း မပြောဘူး။ သူ့ဘဝသူ သိပုံလည်းပေါ်ပါရဲ့။ ဦးဇင်း ဦးဝါယမက တော်တော့်ကို စိတ်ထိခိုက်သွားသလိုနဲ့ သပြေပင်ရိပ်ကနေ အပ္ပငွေ့တွေ ချောင်းချောင်းထနေတဲ့ ကျောင်းရှေ့ကွင်းပြင်ကို ငေးနေလေရဲ့။ နေပူပြင်းပြင်းမှာ မြေးကို ကျောင်းမှာ အပ်မပြီးမချင်း ငါမသေဘူးဆိုတဲ့ စိတ်နဲ့လိုက်ပို့တဲ့ အမေအိုကိုကြည့်ပြီး တော်တော်လည်း ကရုဏာသက် မိသွားတယ်။

“အမေကြီး ရွာပြန်တော့ ဘယ်သူက လုပ်ကျွေးမလဲ၊ မြေးကလေး အနားမှာ သာက ပိုမကောင်းဘူးလား၊ နောင် လေးငါးနှစ်ဆိုရင် ခိုင်းလောက် စေလောက်ပြီပဲ၊ မြေးက လုပ်ကျွေးမှာပေါ့”

အမေကြီးက အနားမှာထိုင်နေတဲ့ မြေးကလေးခေါင်းကိုပွတ်တယ်။ မျက်ရည်တွေလည်းကျလို့။ သွားမရှိတော့တဲ့ ပါးစပ်က အပ္ပမိလာလို့နဲ့တူပါရဲ့။ အသက်လောင် ရှူနေရတာနဲ့ပဲ မေးခွန်းကို တော်တော်နဲ့ မဖြေနိုင်ဘူး။ ငါးတစ်ကောင် ကုန်းပေါ် ပက်လက်တင်ထားတဲ့အတိုင်းပဲ။ မြေးကလည်း ဘွားအေကို ကြည့်ရင်း မျက်ရည်တွေနဲ့။ အမေကြီးက ဦးပဥ္စင်းမေးတဲ့ မေးခွန်းကို တော်တော်ကြီးကြာမှ ဖြေနိုင်ရှာတယ်။

“ရွာက ဇနပုဒ်ပါဘုရား၊ ကြွက်ထိုး၊ ယုန်လိုက်၊ ကျွဲသတ်၊ နွားသတ် တွေဆိုတော့ မြေးကလေးကို အကုသိုလ်တောထဲမှာ မထားခဲ့နိုင်ပါဘူး ဘုရား၊ မွေးကတည်းက မအေ ဆုံးရှာပါသယ်၊ တစ်နှစ်က အဖေဆုံးရှာတော့ တပည့်တော်မ အရှင်ဘုရားတို့လက်ထဲ အပ်ခဲ့ချင်သာပါ ဘုရား၊ လက်ခံတော်မူပါဘုရား”

မန်ကျည်းစုရွာက ရွာကြီးဆိုတော့ ဆွမ်းကွမ်းရေမိုး ပြည့်စုံတယ်။ မြေးအဘွားနှစ်ယောက်အတွက် ထူးပြီး မပင်ပန်းဘူးဆိုတော့ ဦးပဥ္စင်း ဦးဝါယမက အမေကြီးကိုရော မြေးကလေး စံလှဘော်ကိုပါ ရွှေလှေရွာ မပြန်ခိုင်းတော့ပါဘူး။ ကျောင်းနားက ကျောင်းသင်္ခန်းဟောင်းကလေးထဲမှာ မြေးအဘွားနှစ်ယောက် အတူနေစေတယ်။ စားဖို့ သောက်ဖို့ နေဖို့ပါ တာဝန်ယူထားတော့ မြေးအဘွား နှစ်ယောက် စိတ်ချမ်းသာ လက်ချမ်းသာ နေရပါတယ်။ စံလှဘော်ကိုတော့ ဘွားအေနဲ့ အတူနေနိုင်အောင် ကိုရင်ဝတ် မပေးသေးဘူး။ မောင်ကျောင်းသားအဖြစ်နဲ့ပဲ စာသင် ဆွမ်းခံထားတယ်။ ရွယ်တူအဖော်တွေရှိတော့ စံလှဘော်သည်း ပျော်ပါရဲ့။ အမေကြီးခမျာတော့ မြေးကို စိတ်ချလက်ချ အပ်ခဲ့ပြီးလို့ စိတ်ဒုန်းဒုန်းချလိုက်ပုံရတယ်။ ကျောင်းမှာနေလို့ တစ်လမပြည့်ခင် တစ်ညမှာ ဆုံးရှာတာပါပဲ။ မန်းကျည်းစု သချိုင်းမှာပဲ သင်္ဂြိုလ်လိုက်ကြတယ်။ သည်တော့မှ စံလှဘော်ကို ကိုရင်ဝတ် သင်္ကန်းဆီးပေးလိုက်တယ်။ ကွယ်လွန်သူတွေ ကုသိုလ်ရအောင်ရော၊ သာမဏေဘဝနဲ့ နေနိုင်အောင်ပါ စီစဉ်ပေးလိုက်တာပါ။ စံလှဘော်ကို ကိုရင်ဝတ်ပေးတဲ့နေ့က တပည့်တော် ကိုရင် မဝတ်ချင်ပါဘူး ဘုရားတဲ့။ ကျောင်းသားဘဝနဲ့ပဲ နေပါရစေဘုရားတဲ့။ ဦးဝါယမက ခွင့်မပြုခဲ့ဘူး။ သာမဏေ သုံးဝါ ဝတ်ရမယ်လို့ မိန့်တယ်။ သည်လိုဆိုတော့လည်း စံလှဘော် မငြင်းဆန်ပါဘူး။ သည်လိုနဲ့ စန္ဒိမဘွဲ့နဲ့ သာမဏေဖြစ်ခဲ့ရတယ် ပြောပါတော့။

ကိုရင် စန္ဒိမက ရပ်နဲ့ရွာနဲ့၊ ကျောင်းနဲ့ရဟန်းနဲ့၊ စာနဲ့ပေနဲ့ နီးလာတော့ အကြားအနာများလို့နဲ့တူပါရဲ့။ မှတ်မှတ်သားသား ရှိလာတယ်။ ပြောတတ် ဆိုတတ် ရှိလာတယ်။ ချက်ချက်ချာချာ ရှိလာတယ်။ သို့ပေမယ့် ကယောက်ကယက် စိတ်ကလေးက မကုန်ချင်ဘူး။ သူထင်ရာ သူကောင်းရာ ခွတ်လုပ်တာမျိုးတော့လည်း ရှိတယ်။ ကျောင်းထိုင်ဆရာတော်ကြီးကို ဝတ်ကြီးဝတ်ငယ်ပြုရတယ်။ နှိပ်နင်းပေးတယ်။ ကိုရင်ချင်းလည်း သူကပဲထိန်းတယ်။ ကိုရင်ကလေးတွေကို ညဘက်ကြောက်တတ်အောင် ခြောက်တာတို့၊ မဟုတ်ကဟုတ်က ဒုတိုပတ်စတွေ ပြောတာတို့လည်း လုပ်ချင်လုပ်တယ်။ ကိုရင်ဝတ်ပြီး သုံးနှစ်ပြည့်တော့ ကိုရင်စန္ဒိမက လူထွက်ချင်ပါတယ် လုပ်ကရော။ ဦးဝါယမက ကတိအတိုင်း လူဝတ်လဲပေးရတော့တာပါ။

“ကျောင်းမှာ သာမဏေဘဝနဲ့နေရသာ ပိုမအပ်စပ်ဘူးလား စန္ဒိမရဲ့၊ လူထွက်ချင်ပါနဲ့ကွယ်၊ လူဝတ်လဲပြီး ဘာလုပ်ချင်လို့တုန်း”

“ဘာမှ မလုပ်ချင်ပါဘူးဘုရား၊ ကျောင်းမှာပဲနေမှာပါ ဘုရား”

ဒါနဲ့ ဦးဇင်း ဦးဝါယမက ကျောင်းသားကြီးဘဝနဲ့ ကျောင်းမှာပဲ ထားတယ်။ လေးငါးနှစ်လောက်ရောက်တော့ ကျောင်းထိုင်ဘုန်းကြီးအိုကြီး ပျံလွန်တော်မူလို့ ဦးပဥ္စင်း ဦးဝါယမကို ရွာက ကျောင်းအပ်ကြတယ်၊ ကျောင်းထိုင်ဖြစ်သွားရော ဆိုပါတော့။ စံလှဘော် အသက်ကလည်း ဆယ့်ရှစ်နှစ်လောက်ရှိပြီ။ အသက်နှစ်ဆယ်ပြည့်ရင် ရဟန်းခံဖို့ မိန့်တော့လည်း မဝတ်ချင်ဘူးဘုရားလို့ချည်း ငြင်း

www.burmeseclassic.com



တယ်။ ဆရာတော် ဦးဝါယမလည်း စံလှသော်နဲ့ကျမှ လက်လျှော့ရတော့တာပဲ။ အသက်သာ ကြီးလာတယ်။ မအူမလည် ကယောက်ကယက်က မပျောက်ချင်တော့ သူ့သဘောကျ ထားရတော့တာပဲ။ သည်တော့မှ ရွာက ဦးတင် လေးယောက်စလုံး စံလှသော်ဘဝကို ကောင်းကောင်း သိကြရတော့တာပါ။ ဆေးဆရာ ဦးတင်က လျှောက်တယ်။

"အခုတော့ကော ဘုရား၊ အသက်လည်း ရလာပြီဆိုတော့ တစ်ခြားသွားဖို့ မပြောဘူးလား ဘုရား"

"မပြောဘူး ဒကာကြီးရဲ့၊ ကျုပ်တစ်သက် ကျောင်းမှာ ကပ္ပိယလုပ်မှာလို့ ချည်းပြောတာ၊ ခိုင်းလည်း ခိုင်းရပါရဲ့၊ လုပ်လည်း လုပ်ရှာပါရဲ့၊ တောင်ဆို မြောက်ရောက်၊ မြောက်ဆို တောင်ရောက်တော့ ရှိသာပေါ့လေ၊ တစ်ခါတစ်ခါ ကျုပ်တောင် ဒေါသဖြစ်ရသယ်၊ နောက်တော့ ဖြေရသယ်၊ သူ့အကြောင်းနဲ့သူကို"

"ကျောင်းမှာတော့ ပျော်ရှာသားပဲ ဘုရား"

"အဲသာပေါ့၊ တစ်ခါက ဘုန်းကြီးကို မေးသယ်၊ ကပ္ပိယဆိုတာ ဘာလဲ ဘုရားတဲ့၊ တပည့်တော်ကို ကပ္ပိယလို့ခေါ်ရင် ဝမ်းသာရမှာလား စိတ်ဆိုးရမှာလား ဘုရားတဲ့၊ ကျုပ်က ကပ္ပိယဆိုသာ လူတိုင်းမလုပ်နိုင်တဲ့ အလုပ်၊ ကုသိုလ်ရတဲ့ အလုပ်လို့ ပြောပြရသယ်"

အဲသည်နေ့က ဒကာဦးတင် လေးယောက်ပြန်သွားလို့ တော်တော်ကြာမှ စံလှသော် ကျောင်းကို ရောက်လာခဲ့တယ်။ ဆရာတော်က ကနဦးတော့ ဒကာတွေနဲ့ စကားကောင်းနေတော့ စံလှသော်ကို အမှတ်မရဘူး။ ဒကာ လေးယောက်ပြန်မှ သတိရလို့ ခေါ်ခိုင်းတော့ ကိုရင်တွေက မရှိဘူး ဘုရားတဲ့ အပြင်ထွက်သွားတာ တွေ့လိုက်ပါတယ် ဘုရားတဲ့ လျှောက်ကြတယ်။ ဆရာတော်ကတော့ ဘယ်များသွားပါလိမ့်ပေါ့။ မျှော်တယ်။ မျှော်ရာက စိတ်ပူလာတယ်။ စိတ်ပူရာက ဒေါသဖြစ်လာတယ်။ မကြာပါဘူး။ ညနေကြီးစောင်းတော့ စံလှသော် ကျောင်းပေါ်တက်လာပြီး ဆရာတော်ကို ဝတ်ဖြည့်တယ်။ ချွေးတွေသံတွေနဲ့ မျက်နှာက ပြုံးဖြီးဖြီး။

"ဘုရား တပည့်တော် သရက်ကုန်းသွားသာ ဘုရာ့၊ ကုန်းကြောင်းသွားသာဆိုတော့ အချိန်လင့်သွားရပါသဘုရား"

"ဟေ...၊ သရက်ကုန်း။ ဒေါ်...၊ သရက်ကုန်းကို ဘာကိစ္စသွားသာတုန်း"

"အရှင်ဘုရားပဲ မိဝက်ယောက်ျား မောင်တင့်ကို သရက်ကုန်း လွှတ်မယ့်ဆို ဘုရား၊ မောင်တင့် ရွာမရှသာနဲ့ တပည့်တော်ပဲ သွားလိုက်သာ ဘုရား"



"အလို...၊ အကျိုးမသိ အကြောင်းမသိ၊ ငါလည်း ဘာမှ မမှာလိုက်ရဘဲနဲ့၊ ဒေါ်ရယ်"

"မသိဘူးလေ ဘုရား...၊ သရက်ကုန်းကို လွှတ်မယ်ဆိုလို့ သွားသာပဲဘုရား၊ သေချာအောင် ရွာတောင် တစ်ပတ်ပတ်ခဲ့သေးသယ် ဘုရား"

"အေး...ကောင်းကွာ၊ သွားတော့ သွားတော့...၊ ငါ ထရိုက်မိတော့မယ်"

စံလှသော် ကျောင်းအောက် ဆင်းသွားတော့ ဆရာတော်ကြီးက ပြုံးတော်မူတယ်။ စံလှသော်မှာက သည်လိုအဖြစ်တွေ များပြီကိုး။ စံလှသော်က တစ်မျိုး။ ပြောင်စင်နေတဲ့ ကျောင်းဝင်းကို တံမြက်စည်းကြမ်း တစ်ချောင်းနဲ့ အထပ်ထပ်ပြန်လှည်းချင် လှည်းနေတာ။ ကျောင်းဝင်းကြီး အမှိုက်တွေ ပွနေသကောရယ်လို့ 'ဒေါ်ရေ ကျောင်းဝင်း တံမြက်စည်းလှည်းပါဦးဟ' ဆိုလို့လည်း လှည်းချင်မှ လှည်းတာကလား။ ရေဖြည့်ပြီးသား သောက်ရေအိုးတွေသွန်ပြီး ရေသစ်ထည့်ချင် ထည့်နေတာ။ ရေမရှိတဲ့ သောက်ရေအိုးတွေကျတော့ လှည့်တောင်ကြည့်ပြန်တာလည်း ရှိပြန်ရဲ့။ 'ဒေါ် သောက်ရေအိုးတွေကို စုံအောင် ရေဖြည့်ပါဟဲ့" ဆိုတော့ ဆင်ခြေက ပေးသေးတာ။ "သောက်ရတယ်မရှိဘဲ စိမ့်တာနဲ့ ကုန်တာပါဘုရား၊ သောက်ရေအိုး အမြင်ကပ်လို့ မထည့်တာပါဘုရား'တဲ့။ ဘုရားပန်းများတော့ အညှိုးမခံဘူး။ ကျောင်းရှိတဲ့ပန်းတွေ သပြေလို၊ ဇော်မွှားလို၊ ဇော်ကျားလို ရွက်စိမ်းရွက်လှတွေ ထိုးတာလည်းရှိတယ်။ ရွာထဲက လှူကြတာတွေလည်း ရေမိုးဆေးကြောပြီး ပန်းကပ်နေတာ အကြာကြီး။ တစ်ခါတစ်ခါ ခိုင်းချင်တာတောင် စံလှသော် ပန်းကပ်တာ မပြီးနိုင်လို့ စောင့်နေရတာ အကြာကြီးဆိုတာ ရှိသေးတယ်။ တစ်ခါတစ်ခါ အသံအကျယ်ကြီးနဲ့ ဘုရားရှိခိုးနေလို့ ဆရာတော်ကြီးကိုယ်တိုင် ငေါက်ရတာ ရှိသေးတယ်။ သည်လိုငေါက်တော့ စံလှသော်က ဘုန်းကြီးကျောင်းဆိုမှတော့ ဘုရားသံ၊ တရားသံရှိမှပေါ့ ဘုရားတဲ့။

အခုလည်း ကြည့်လေ။ မိဝက်ယောက်ျား တင့်ကို သရက်ကုန်းလွှတ်မယ် ကြားတာနဲ့ သရက်ကုန်း ထသွားလေရဲ့။ ဘာသွားလုပ်တာတုန်းဆိုတော့ မသိဘူးလေတဲ့။

□

(၄)

ကျောင်းရေတွင်း။

ရေတွင်းကြီးက ရှေးရေတွင်းကြီးဆိုတော့ လူ့ရင်ခေါင်းလောက်ကျောက်တွေ ထုထုကြီးနဲ့ ရေအလွန်ချိုတဲ့ တွင်းကြီး၊ ရွာက ရေချိုတွင်းခေါ်ကြတယ်။ ကျောင်း

www.burmeseclassic.com



ရေတွင်းလို့လည်း ခေါ်ကြတယ်။ စက်သီးတန်းက မြင့်တော့ ရေငင်ပုံးတပ်ထားတာမဟုတ်ရင် စံလှဘော်က သူ့အရပ်ကြီးနဲ့ ကြိုးလျှိုပေးရတယ်။ များသောအားဖြင့်ကတော့ ကြိုးတပ်ပြီးသားပါ။

သည်မနက် စံလှဘော်က ရေငင်တယ်။ ကိုရင်တွေ မောင်ကျောင်းသားတွေက ရေသယ်ကြတယ်။ ပုံးတစ်ပုံး ကိုရင်နှစ်ပါးနှုန်း သယ်ကြတာဆိုတော့ ကူသယ်ခေါက်သယ်ပေါ့။ စံလှဘော်ကတော့ ငင်ပြီးရင်း ငင်နေရတယ်။ သည်အချိန်မှာပဲ ကျောင်းဝဆီက သစ်သားဗျပ်ကြီးတစ်ချပ်ပေါ် လှူဖွယ်တွေတင်ရွက်လာတဲ့ မြချစ်ကို စံလှဘော် လှမ်းတွေ့လိုက်တယ်။ ဘယ်သူမှ မပါဘူး။ မြချစ်တစ်ယောက်တည်း။ စံလှဘော် လှမ်းကြည့်တော့ လှူဖွယ်တွေက များပုံရတယ်။ မြချစ်တောင် တလှုပ်လှုပ်လာနေရတယ်။ ဇက်ကလေးတောင် ပုလို့။ ငင်လက်စရေပုံးကို လက်လွှတ်ပြီး မြချစ်ဆီပြေးတော့ ရေငင်ကြိုးက ရေတွင်းထဲ လျှောကျသွားရော။ မြချစ်ဆီပြေးရာက ကြိုးကျသွားတာ သိလိုက်လို့ ရေတွင်းထဲ တစ်ခေါက် လာငုံ့ကြည့်တယ်။ ကျစေတော့။ မြချစ်ထက် ဘယ်ဟာကမှ အရေးမကြီးဘူး။ ရေငင်ကြိုးတွင်းထဲကျတာ ဘယ်အချိန်ဆယ်ဆယ် ရတာကိုး။ ဒါနဲ့ မြချစ်ဆီ ပြေးပြန်ရော။ စောင်းတန်းကြီး တစ်ဝက်စာလောက်မှာ မြချစ်နဲ့တွေ့ပြီး မြချစ်ခေါင်းပေါ်က လှူဖွယ်ပစ္စည်းတွေထည့်လာတဲ့ သစ်သားဗျပ်ကို လှမ်းယူရင်း စံလှဘော် သူ့ခေါင်းပေါ် ရွက်တယ်။ မြချစ်က ခေါင်းခု ခုပေးတော့ စံလှဘော်က ဈေးသည်မိန်းမကြီး ခံတောင်းရွက်လာတာနဲ့တောင် တူသေးတော့။

"မြချစ်ရယ် ဦးဘော်ကို မှာလိုက်ရောပေါ့ဟာ။ နင့်နှယ် လေးလိုက်သာဘာတွေတုန်း မြချစ်ရဲ့၊ များလှချည့်လား"

"ဘဘုန်းဖို့ သစ်သီးနဲ့ ကိတ်မုန့်တွေပါ ဦးဘော်ရဲ့။ မနေ့တုန်းက မြို့ကပွဲစားလေးလာလို့ မုန့်တွေပါလာသာ မနည်းဘူး။ အမေက ဦးဦးဖျားဖျားဖယ်ပြီး လှူခိုင်းလိုက်လို့"

"ပွဲစားကလေးက ဘယ်သူတုန်း။ မြချစ်နော် မြို့သားတွေကို မယုံထေနဲ့ဗျား၊ မြို့မုန့်တွေက အီတီတီ၊ မြို့သားတွေက အီတီတီတွေ များသနော်"

"အော်... ဦးဘော်ရယ်၊ သတိတရ ဝယ်လာသာ ကျေးဇူးတင်ပါဦး။ မြို့မုန့်တွေ အမေက သိပ်ကြိုက်သာ။ ပွဲစားလေးဝယ်လာတော့ ဘဘုန်းလည်း လှူရသယ်၊ ဦးဘော်လည်း စားရသာပေါ့"

"ဦးဘော်က မြို့မုန့် ခံတွင်းမတွေ့ဘူး။ ကိုယ့်တောမုန့်ပဲ ကြိုက်သယ်။ မုန့်ဆီကြော်တို့၊ မုန့်ဖက်ထုပ်တို့၊ မုန့်ခဲဖွယ်တို့၊ မုန့်ချိုသွင်းတို့လေ၊ ကောက်ညှင်းထန်းလျက်နဲ့လုပ်တဲ့ မုန့်ထက်များ ကိတ်မုန့်က ကောင်းဦးမှာလား မြချစ်ရဲ့"



ကျောင်းပေါ်ရောက်လို့ မြချစ်က ဆရာတော်ရှေ့ ဗျပ်ကလေးချပြီး ကပ်တော့လည်း စံလှဘော်က အနားထိုင်ရင်း ဆရာတော်မိန့်မှာကို စောင့်နေတယ်။ ဆရာတော်က မြချစ်အမေ ဒေါ်အေးမယ် နေကောင်းရဲ့လားလို့ မေးတော့လည်း မြချစ်က မဖြေရသေးဘူး။ စံလှဘော်ကချည်း ရှေ့ကနေ ဆီးပြောတယ်။ ဆရာတော်က ကြာတော့ ငေါက်ကရော။ သည်လိုဆိုတော့လည်း စံလှဘော် ငြိမ်သွားလေရဲ့။ ဆရာတော်က လှူဖွယ်တွေ သိမ်းခိုင်းလိုက်တော့ စံလှဘော်က ဗျပ်ကြီးနဲ့လာခဲ့တယ်။ မြချစ်လည်း ကပ်လျက် ချပ်လျက် ပါလာတာဆိုတော့ အူတမြူးမြူးပေါ့။ လှူဖွယ်တွေကို စံလှဘော်က သူ့နေရာနဲ့သူ နေရာချသလို မြချစ်ကန်တွေတက်နေတဲ့ ကျက်သရေခန်းတွင်းကို အဝတ်ဟောင်းနဲ့ လိုက်သုတ်တယ်။

"မနေ့တုန်းက မြချစ်အတွက် ဦးဘော် ထန်းတောထဲမှာ ရန်ဖြစ်ရသေးသယ်"

"ဟောတော့...၊ ဘယ်သူနဲ့ဖြစ်သာတုန်း၊ ကျုပ်က ဘာလို့ ပါရသာတုံးတော့"

"ရွာတောင်ပိုင်းက သူဌေးသား ငအုန်းပေါ့၊ ဦးဘော်ကို ကပ္ပိယတဲ့၊ သူများစားစာကမ်းစာ စားနေရတဲ့ကောင်တဲ့၊ ဒါနဲ့ နပန်းထလုံးကြသာ၊ ဦးဘော်ကိုပြောသာ မနာပါဘူး။ မြချစ်ကို ရိတိတိလုပ်သာကို မခံနိုင်သာ၊ မြူအိုးနဲ့ ခေါင်းကို ရိုက်ခွဲပစ်လိုက်မလို့"

"အို...၊ မလုပ်ပါနဲ့ ဦးဘော်ရယ်၊ ကျော်မကောင်း ကြားမကောင်း၊ ရန်ဖြစ်သာ ဘဘုန်းသိရင် ဦးဘော်ကို ကျောင်းက နှင်ထုတ်လိမ့်မနော်၊ ကျောင်းမှာ ဦးဘော်မရှိလို့ မဖြစ်ပါဘူး"

"ဒါ့ကြောင့် သည်းခံလိုက်သာပေါ့ မြချစ်ရာ၊ နို့မို့လား ကပ္ပိယလက်သီးကောင် မြည်းရပြီပေါ့။ မြချစ် မကြိုက်ရင် ဦးဘော် ရန်မဖြစ်တော့ပါဘူး"

မြချစ်က ကြောင်အိမ်ကိုရှင်းရင်း ပိုးဟပ်တစ်ကောင် တွားတက်လာလို့ လန့်အော်ရာက စံလှဘော်ကို ကျူးဖက်လိုက်တယ်။ စံလှဘော်ကလည်း ထင်ထားဘူးကိုး။ မိန်းကလေးချောချောတစ်ယောက်က သည်လို ထဖက်လိမ့်မယ်လို့လည်း တွက်မထားတော့ တုန်လှုပ်သွားတယ်။ မြချစ် လိမ်းထားတဲ့ သနပ်ခါးနံ့၊ ပန်ထားတဲ့ ပန်းနံ့ကလေးတောင် ဝေ့ခနဲ ရလိုက်သေးကိုး။ ကိုယ်လုံးဖူးဖူးလေးက သိုင်းဖက်လိုက်တဲ့ အထိအတွေ့မျိုး တစ်ခါမှ မရှိခဲ့ဖူးတော့ မြချစ်တသည်လောက် မဟုတ်ဘူး။ စံလှဘော်က ရင်တွေ ဖိုလှိုက်ဖိုလှိုက် ဖြစ်နေလိုက်တာ ဆော်တော်နဲ့ မငြိမ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ကန်တော့…ကန်တော့၊ ဦးဘော်ရယ်၊ ကျုပ်က ပိုးဟပ်များတော့ ကြောက်သယ်။ တော်ပြီ…တော်ပြီ ဦးဘော်၊ ကိုယ့်ဟာကိုယ်သာ ရှင်းတော့… သွားတော့မယ်"

"ဟဲ့…၊ မြချစ် မြချစ်။ အော်… ကလေးမနှယ် ပိုးဟပ်ကြောက်ရသယ်လို့"

မြချစ်က မနေပါဘူး။ ရှက်လည်း ရှက်သွားတော့ ပစ္စည်းခန်း၊ ကျက်သရေခန်းထဲက ထွက်ပြေးတယ်။ မြချစ် မရှိတော့မှ စံလှဘော်က သူ့အဖြစ်ကို သူကျေနပ်သွားပုံနဲ့ ပြုံးဖြဲဖြဲလုပ်ရင်း သူ့လက်တွေနဲ့သူ့ဟာသူ ဖက်လိုက်၊ လေထဲကို အနံ့ရှူသလိုလုပ်လိုက် လုပ်နေလေရဲ့။ ပိုးဟပ်တောင် ကျေးဇူးတင်ရမလိုကိုး။ တစ်ယောက်တည်း မျက်စိမှိတ်ပြီး ရူးတူးတူးဖြစ်နေတာကို အခန်းဝမှာ ရပ်နေတဲ့ ကိုရင်က မျက်လုံးပြူးကြည့်နေတယ်။ စံလှဘော်ကတော့ မျက်စိမှိတ်ရင်း အော်…မြချစ် မြချစ်တဲ့။ စံလှဘော် မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ကို ပြူးကြည့်နေတဲ့ ကိုရင်ကို တွေ့ရော။ စံလှဘော်တောင် လန့်သွားလေရဲ့။

"လန့်လိုက်သာ ကိုရင်ရာ၊ ဘာလာလုပ်သာတုန်း"

"ဆရာတော်က အော်သံကြားလို့ မေးခိုင်းလို့"

"ပိုးဟပ် ပိုးဟပ်၊ မြချစ်နဲ့ ပိုးဟပ် ဖက်ကြလို့၊ အဲလေ … နေဦး ကိုရင်"

ကိုရင်ပြန်ထွက်သွားတော့မှ စံလှဘော်လည်း သစ်သားဗျပ်ကို ဆွဲပြီး ပြန်ထွက်လာခဲ့တယ်။ လက်ထဲကိုင်ထားတဲ့ သစ်သားဗျပ်မှာ ပိုးဟပ်တစ်ကောင်ပါလာတာကို စံလှဘော်က မသိဘူး။ ပိုးဟပ်က သစ်သားဗျပ်ပေါ်ကနေ စံလှဘော်လက်ပေါ် တက်လာရော။ စံလှဘော်က ပထမတော့ သတိမထားမိသေးဘူး။ နောက်မှ ယားလာလို့ ငုံ့ကြည့်တော့ ပိုးဟပ်က သူ့လက်ပေါ် ရောက်နေပြီ။ စံလှဘော်က ပိုးဟပ်လည်းမြင်ရော ဗျပ်ကြီး မိုးပေါ်မြှောက်တင်ပြီး လန့်အော်ရော။ သစ်သားဗျပ်ကြီးက လေထဲမှာ နှစ်ပတ်လောက်လည်ပြီးမှ ကြမ်းပြင်ပေါ် ဗျန်းခနဲကျလာတယ်။

"ဟဲ့… ငဘော်၊ ဘာဖြစ်နေသာတုန်း"

"ပိုးဟပ် ဘုရား"

စံလှဘော်က ဆရာတော်အသံကြားရာဘက် မှန်းလျှောက်ရင်း ပြေးထွက်လာခဲ့တယ်။ ပိုးဟပ်တော့ စံလှဘော်ကလည်း ကြောက်တာကိုး၊ စောစောက ရင်ခုန်ထားတာလေးတောင် ပျောက်သွားလေရဲ့။

❐



(၅)

တောင်ရွာအလှူက နေ့ခင်း နှစ်ချက်တီးလောက် ရေစက်ချပြီးတော့ ဆရာတော်နဲ့ စံလှဘော် လှည်းယဉ်တစ်စီးနဲ့ ရွာပြန်ခဲ့ကြတယ်။ စံလှဘော်က လှည်းယဉ်လေး မောင်းလို့။ လှည်းပေါ်မှာ စိတ်တောင်းနဲ့ ဆန်အပြည့်ပါတယ်။ ကြက်သွန်၊ ခရမ်းချဉ်သီးတွေလည်း ပါတယ်။ ဆီတစ်ပုံးနဲ့ ငါးခြောက်တစ်ပြားလည်းပါရဲ့။ ဖရုံသီးတစ်လုံး၊ ငှက်ပျောနှစ်ဖီးက လှည်းဆောင်ပန်းပေါ်မှာ ဝါးနှီးတောင်းနဲ့ တင်လို့။ ဆရာတော်ကြီး တစ်ပါးတည်းဆိုတော့ လှည်းက ချောင်ချောင်ချိချိပါ။ ဆရာတော်က ဘုန်းကြီးဆောင်းထီးနဲ့။ စံလှဘော်ကတော့ သည်နေ့ပူလောက်တော့ မမှုဘူး။ အင်္ကျီရင်ဘတ် ဟပြဲကြီးနဲ့၊ ပုဆိုးပေါင်ပေါ်ဒူးပေါ်နဲ့ လှည်းကို ခပ်မြန်မြန်ပဲ မောင်းလာခဲ့တယ်။ မန်ကျည်းစုနဲ့တောင်ရွာက လှမ်းတော့ အလှူတရားရှိပြီးတာနဲ့ နေပူပူပြန်ကြခဲ့ရတာပါ။ နေချိုမှပြန်ရင် ကျောင်းဝင်နောက်ကျမှာမို့။ ဆရာတော်က လှည်းမောင်းနေတဲ့ စံလှဘော်နောက်ကျောကို ကြည့်ပြီး အားတော်မူပုံရပါရဲ့။ လမ်းမှာ စကားတပြောပြောနဲ့ လိုက်လာတော်မူတယ်။

"ငဘော် … ရွာထဲက ဒကာကြီးစံဖေသား မောင်အုန်းနဲ့ ထတောထဲ ရန်ဖြစ်ကြလို့ဆို၊ မောင်အုန်း မိဘတွေက လာတိုင်သယ်။ မင်းက ဘယ့်နှယ်လုပ်ပြီး ထတောထဲ ရောက်သွားရသာတုန်း၊ ငါ မေးမယ် မေးမယ်နဲ့"

"တပည့်တော် သွားမယ့်လမ်းမှာ ထတောက ကန့်လန့်ခံနေလို့ ဖြစ်သွားတာပါ ဘုရား"

"အောင်မာ ထတောကများ ကန့်လန့်ခံနေရသယ်လို့၊ မင်းက ထတောရှောင်သွားပါလား၊ ရန်မဖြစ်နဲ့။ နေပါဦး ငဘော်ရဲ့၊ မင်းက တစ်သက်လုံး ကပ္ပိယဘဝနဲ့ နေသွားတော့မှာလား"

"အရှင်ဘုရားပဲ ကပ္ပိယဆိုသာ ကောင်းဆိုဘုရား"

"ဟကောင်ရဲ့၊ ကပ္ပိယထက်ကောင်းတဲ့ အလုပ်တွေလည်း ရှိသာပေါ့ဟဲ့။ ကျောင်းမှာနေပြီး ရဟန်းဘဝနဲ့ အားထုတ်သာက ပိုအကျိုးကြီးတော့မပေါ့။ ဒါမှမဟုတ် ဟိုမှာ ဖျားရည်အိုးကြီးပေါ်နားတဲ့ ယင်ကောင်လို တစ်ရှုတ်နှစ်ရှုတ် သောက်ပြီးတာနဲ့ ပြည့်စုံပြီထင်နေရော့လား။ ငယ်ငယ်က သာမဏေဝတ်သာပဲ ရှိဖူးသာ မဟုတ်လား"

"တပည့်တော် ရဟန်းမဝတ်ချင်ပါဘူး ဘုရား"

"အလို…၊ နင့်မှာ ဘာသံယောဇဉ်တွေ ရှိလို့တုန်း၊ တစ်သက်လုံး မဝတ်ချင်ရင်တောင် တစ်နှစ်တစ်ဝါလောက်တော့ ဝတ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်မှာ သံသယစွဲရှိပါသယ်ဘုရား။ ပြောမဖြစ်သေးလို့"

"အောင်မာကွာ…၊ မင်းကြိုက်မယ့်လူ ရှိသေးရှော့လား"

ဆရာတော်က သူ့တူမ မြချစ်ကို စံလှဘော်က ချိတ်တိတ်တိတ် လုပ်နေတယ်လို့ မထင်ဘူး။ စံလှဘော်ကလည်း ပြောမဖြစ်ဘူး။ ဆရာတော်နဲ့ ကဗွိယ စကားတပြောပြောနဲ့လာလိုက်ကြတာ နေဝင်မှ ကျောင်းရောက်တယ်။ လှည်းယာဉ်က ကျောင်းပိုင်ပါ။ နွားနှစ်ကောင်က မြချစ်တို့နွားတွေဆိုတော့ ကျောင်းရောက် ရောက်ချင်း လှည်းချွတ်ပြီး ခွထောက်ထောက်တယ်။ နွားနှစ်ကောင်ကို ရေတော မတိုက်ဘူး။ ရွာထဲဆွဲလာရော့။ နေဝင်ပြီဆိုပေမယ့် နေလုံးတော့ မပျောက်သေးဘူး။ မြချစ်ကို နွားအပ်ပြီး စကားလေးဘာလေး ပြောဦးမယ် မှန်းကာမှ မြချစ်က အိမ်မှာ မရှိဘူး။ စံလှဘော်က နွားချည်တိုင်မှာ သွားချည်ပြီး အရီးအေး ထိုင်နေတဲ့နေရာကို လျှောက်လာခဲ့တယ်။ အရီးအေးမေဘေး ဝင်ထိုင်တယ်။

"ဆရာတော် ကျောင်းပြန်ရောက်ပြီလား၊ နေပူကြီးထဲဟယ်"

"ဆရာတော်က မိုးမချုပ်ချင်ဘူးဆိုလို့ အလှူတရားနာပြီး တန်းမောင်းသာ အရီးရဲ့၊ ဒါထက် မြချစ်ကော"

"မင်းနှမ ပဲပွဲစားကလေးနဲ့ ရွာထဲသွားသတော်၊ ပဲပွဲစားကလေးက ရွာထဲက တောင်သူအိမ်တွေမသိတော့ မြချစ်က လိုက်ပို့ပေးသာလေ။ ပြန်လာတော့မှာပါ"

"ကျုပ် သွားတော့မယ်"

"အေး အေး၊ သွားရှော့ ငါ့တူ၊ မင်းနှမက ပွဲစားလေးကို ကျောင်းခေါ်သွားဦးမယ် ပြောသယ်"

စံလှဘော်က ကျောင်းကို တန်းမပြန်သေးဘူး။ ရွာထဲလျှောက်လာခဲ့တယ်။ မြချစ်နဲ့ ပဲပွဲစား ဘယ်လိုများ သွားလာဆက်ဆံနေတယ်ဆိုတာ အကဲခတ်ချင်တာလည်း ပါတယ်။ စံလှဘော် စိတ်ထဲ ပဲပွဲစားဆိုတဲ့ကောင်ကို မြချစ်က ပဓာနပေးလွန်းတယ် ထင်တာလည်းပါတော့ သူကိုယ်တိုင် လိုက်ကြည့်ချင်တယ်။ ရွာထဲ တစ်နေရာမှာ မြချစ်နဲ့ ပဲပွဲစားကလေးဆိုတဲ့ မြို့သားနှစ်ယောက်သား ရယ်ရယ်မောမော လမ်းလျှောက်လာနေကြတာကို တွေ့တယ်။ ရွာထဲက ပဲတောင်သူအိမ်တွေကို တစ်အိမ်ပြီးတစ်အိမ် ပဲရောင်းဖို့ ရှိ၊ မရှိ လိုက်မေးနေပုံပါ။ ပွဲစားကလေးက မကြီးလှသေးဘူး။ မြချစ်နဲ့ မတိမ်းမယိမ်းလောက်ရှိမယ် မှန်းတယ်။ မြချစ်က ကြိုက်မယ်ဆို ကြိုက်လောက်တယ်။ ရုပ်ရည်ကလည်းဖြူးလို့ ဖြောင့်လို့။

စံလှဘော် စဉ်းစားမရတာက ပဲပွဲစားဆိုတဲ့ကောင် နဂိုက သည်ရွာနဲ့ အကျွအလူး မရှိပါဘူး။ အခုမှ ဘယ်က ဘယ်လို ပေါ်လာတာပါလိမ့်။ ရွာကလူတွေ



ရောင်းချင်ရင် ခါတိုင်း မြို့တက်ရောင်းကြတာပဲ ရှိတယ်။ ပွဲစားတွေဘာတွေ နေကြပါဘူး။ အခုမှ ပွဲစားဆိုပြီး ရွာက ပဲတွေ လာသိမ်းတာ လူလည်လာကျတာပဲ ။ ရွာသူရွာသားတွေအပေါ် အညွှန့်ခူးချင်တာကလွဲလို့ ဘာရှိလိမ့်မလဲ။ မြချစ်နဲ့ ပွဲစားလေး အိမ်တစ်အိမ်ထဲ ဝင်သွားတော့မှ စံလှဘော် ကျောင်းကို ပြန်တယ်။ စိတ်ထဲ တနုံ့နုံ့နဲ့။ မိုးကြီးမချုပ်ခင် ကျောင်းလာကြလိမ့်မယ်လို့လည်း ပြောနေတော့ စံလှဘော် ဘာလုပ်ရမလဲ တွေးတယ်။

ကျောင်းရောက်ရောက်ချင်းပါပဲ ။ ကျောင်းအောက်က ကျောက်သင်ပုန်းထဲက မြေဖြူခဲတစ်ချိုးကို ယူခဲ့ပြီး ကျောင်းခါးပန်း လူမြင်သာတဲ့ နေရာမှာ စာတန်းနှစ်တန်းရေးတယ်။ ပြီးမှ မြချစ်နဲ့ ပဲပွဲစားလေး ကျောင်းအလာကို မျှော်တယ်။ အလင်းရောင်ရှိတုန်းမှာပဲ နှစ်ယောက်သား ဆရာတော့်ကျောင်းဆီ လျှောက်လာနေကြတာ တွေ့ပြီ။ စံလှဘော်က ရေတွင်းအကွယ်ကနေ သူရေးထားတဲ့ စာတန်းနှစ်တန်း ဖတ်မဖတ် စောင့်ကြည့်တယ်။ ကျောင်းခါးပန်းအောက်ရောက်တော့ နှစ်ယောက်သား ခါးပန်းကစာ မော့ဖတ်ကြတာပါပဲ။ မျက်စိမျက်နှာတွေ ပျက်သွားကြတာကလည်း အမှန်ပဲ ။ စံလှဘော်က သူ့စာတန်းက တည့်တည့်ထိသွားပြီဆိုတာ သိလိုက်တော့ ဝမ်းတွေများသာလို့။ သူရေးထားတဲ့စာ သူ ပြန်ကြည့်ရင်း အရသာရှိလိုက်ချက်တော့။ ရေးထားတဲ့စာက အကြီးကြီးတွေ။ ထင်းထင်းကြီးပေါ်လို့။ ရေးထားတာက ခပ်တိုတိုပါ။

ပဲပွဲစား ငရဲ၊ ကဗွိယ နိဗ္ဗာန်တဲ့။

မြချစ်တို့ပြန်တော့ မိုးချုပ်လို့ ထင်ပါရဲ့။ ဆရာတော်က ကိုရင်တစ်ပါး ထည့်ပေးတာ တွေ့တော့မှ စံလှဘော် စိတ်အေးရတော့တယ်။ စံလှဘော်က ကျောင်းခါးပန်း ရေးထားတဲ့စာကို ရေစိုဖတ်နဲ့ သွားဖျက်လိုက်တယ်။ ဆရာတော် တွေ့ရင် ကြိမ်းမှာကိုး။

□

## (၆)

စံလှဘော်ကို ရွာက ချစ်ခင်ကြတယ်။ ရွာကျောင်းမှာပဲ နှစ်ပေါင်းနှစ်ဆယ်လောက် ကဗွိယလုပ်နေခဲ့တာဆိုတော့ ရွာခံလူတစ်ယောက်လို ဖြစ်နေပြီကိုး။ အသက် ဆယ်နှစ်ကျော်ကလေးဘဝက ရောက်လာတဲ့ စံလှဘော်က ခုတော့ ကျားငါးဆယ်ထိုးနေပြီပဲဟာ။ လူပုံထွားထွား စကားကျယ်ကျယ်လောင်လောင်နဲ့ သူ့ထင်ရာ ပြောတတ်တာကလွဲရင် ဘယ်သူ့မှ ထိခိုက်အောင် မလုပ်ဘူး။ အကာအခုန်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဝါသနာပါတယ်။ မန်ကျည်းစုမှာ ပြုခဲ့သမျှအလှူတွေမှာ စံလှဘော် မကာခဲ့ဖူးတဲ့အလှူ မရှိဘူး။ ရွာဒိုးပတ်ဝိုင်းက ကဖို့လူ အထူးမရှာရပါဘူး။ ကြာတော့ ဒိုးပတ်မင်းသား ဖြစ်မှန်းမသိ ဖြစ်လာခဲ့တဲ့အထိပဲ။ ပုဆိုးအကွက်တုံးကြီးနဲ့၊ နှုတ်ခမ်းမွေး အတုကြီးနဲ့ အိမ်တော်ရာ ထီးတစ်လက်ကိုင်ပြီး ရွှေရိုးကချင်ကတယ်။ နားပန်းဆံနဲ့ ဘယက်ခွက်ကြီးဆွဲပြီး သူငယ်တော်လုပ်ချင်လည်း လုပ်တယ်။ တစ်ခါတစ်လေ မိန်းမကြီးလိုဝတ်ပြီး ဆီးပေါ့လိပ်ကြီးတစ်လိပ်နဲ့ ဖင်လှုပ်လှုပ်၊ ရင်လှုပ်လှုပ် ကချင်ကတယ်။ ရွာက သဘောကျကြတာပေါ့။ ပိတ်ဖြူပုဆိုး၊ အပေါ်ချွတ်နဲ့ အာလူးသီးပုတီးဆွဲပြီး သူတော်က ဆိုတာလည်းရှိသေး။

ဆရာတော်ကလည်း အလှူမှာ သူ့ကပွဲယ စံလှဘော် ကတာကို မတားပါဘူး။ တစ်ခါတလေ နေပူခံအရက်ကလေး သောက်ထားရင်တောင် မသိချင်ဟန်ဆောင်နေတာပါ။ စံလှဘော်ကလည်း လူမှန်းသူမှန်းမသိ မူးနေအောင်သောက်တာမျိုး မရှိပါဘူး။ တစ်ခါတလေ ရွာက လာငှားရင်တောင် ဆရာတော်က ခွင့်ပြုတော်မူတယ်။ စံလှဘော်ကလည်း လိုက်သွားတာပဲ။ တစ်ပွဲဘယ်လောက် ဆိုတာမျိုးမရှိပေမယ့် ငွေစကြေးစကလေး ထည့်ပေးတတ်ကြတာကိုး။ မန်ကျည်းစုမှာတော့ စံလှဘော်က ပိုက်ဆံဘယ်လောက်ပေးပေး မယူဘူး။ ကျုပ်က ရွာထမင်းရွာဟင်းစားနေတာ၊ ပိုက်ဆံယူရင် သံတွေခဲမျိုးရာ ကျတော့မှာပေါ့လို့ ပြောတတ်တယ်။

ဥပုသ် လပြည့်လကွယ်ညနေဆိုရင် စံလှဘော်က ဆွမ်းဆန်ခံထွက်တယ်။ ရွာနဲ့အောင် လှည့်တာပါ။ ကိုရင်ကြီးနှစ်ပါးက ဆွမ်းဆန်တောင်း ထမ်းပိုးလျှိုပြီး ရှေ့နောက်ထမ်းရတယ်။ စံလှဘော်က ကြေးစည်နဲ့ နိဗ္ဗာန်ဆော်ရင်း ရှေ့က။ ဆွမ်းဆန်ခံရင်း မြချစ်တို့အိမ်ရောက်လို့ကတော့ ဆက်မလိုက်တော့ဘူး။ ကိုရင်နှစ်ပါးကို လွှတ်လိုက်တာများတယ်။ ရှေ့ကိုရင်က ဆိုင်းထမ်းရင်း၊ ကြေးစည်နှက်ရင်း ဆွမ်းဆန်ခံရတယ်။ မြချစ်နဲ့ စကားစမြည် ပြောပြီးပြီဆိုမှ ကြေးစည်သံနောက် လိုက်တော့တာပါ။ သည်လိုပဲ ဆွမ်းဆန်ခံရင်း ကြက်ပွဲနဲ့တိုးတော့လည်း ကိုရင်နှစ်ပါးလွှတ်လိုက်ပြီး နေခဲ့တာများတယ်။ ကြက်ပွဲအနိုင်အရှုံးပေါ်ပြီဆိုမှ ကြေးစည်သံနောက် လိုက်ပြန်ရော။ ကာက်ဝိုင်း၊ ကျားဝိုင်း၊ မန်ကျည်းပင်ရိပ် ကစားနေတာတွေ့တော့လည်း ကိုရင်တို့ ကြွနှင့်ပဲ။

စံလှဘော်မှာ ရွာစိတ်၊ ရပ်စိတ် ဘယ်လောက်တောင်ရှိသလဲဆိုရင် ကလေးမီးမဖွားနိုင်တဲ့ သားသည်မအေတွေကို မန်ကျည်းစုနဲ့ တော်တော်လေးလှမ်းတဲ့ တိုက်နယ်ရွာ ဆေးရုံရောက်အောင်ပို့တဲ့အခါ သူ့ဗလကြီးနဲ့ စောင်ပုခက်ကို မနား



ဘဲ ထမ်းပို့တာပါ။ တော်တော်လေး လှမ်းတယ်ဆိုတာက မြန်မာတိုင်နဲ့ဆိုရင် နှစ်တိုင်လောက် ဝေးတာပါ။ အင်္ဂလိပ်မိုင်နဲ့ဆို လေးမိုင်ပေါ့။ လမ်းတစ်ဝက်သောက်ရောက်ရင် နွေဘက်မှာ ရေမရှိတဲ့ လျှိုကြီးရှိတယ်။ လျှိုကြီးက ချောင်းဆောက်ကြီးလို အရှည်ကြီးဆိုတော့ တံတားရယ်ဘာရယ် မရှိဘူး။ တံတားကသုံးချင်ရင် အရှေ့ဘက်တော်တော်ဝေးဝေးကို သွားရမယ်။ အုတ်တံတားအဟောင်းကြီးပါ။ ကျန်တဲ့နေရာမှာတော့ ဘာတံတားမှ မရှိဘူး။ တိုက်နယ်ရွာဘက်သွားချင်ရင် လျှိုထဲဆင်းပြန်တက်၊ ဆက်လျှောက် သည်နည်းပဲရှိတယ်။ သည်တော့ တိုက်နယ်ဆေးရုံကို သွားချင်ရင် လှည်းက လမ်းတစ်ဝက်ပဲရောက်တဲ့ သဘောပေါ့။ လှည်းကို လျှိုထိပ်အထိ မောင်းလာ၊ ကျန်တဲ့တစ်တိုင်ခရီးကို လူနဲ့ထမ်းကြရတယ်။ စံလှဘော်က စောင်ပုခက်ထမ်းရင် ရှေ့ကနေတယ်။ ခပ်သုတ်သုတ် လှမ်းနိုင်အောင်ပါ။ နောက်လူက မီအောင်သာ လိုက်တော့။ ဆေးရုံကို စောစောရောက်ချင်တော့ လူပျော့နဲ့ မဖြစ်ဘူး။ အထမ်းညီမှ။

တစ်ခါတော့ ရွာက မပိုးတူ မမွေးနိုင်မဖွားနိုင်ဖြစ်တော့ တိုက်နယ်ဆေးရုံပို့ရမယ်ဖြစ်ရော။ စံလှဘော်က ဘုန်းကြီးကျောင်းမှာ နေပေမယ့်လည်း သည်သတင်းကို သန့်ခနဲကြားတယ်။ ရွာထဲ ချက်ချင်းပြေးပြီး စောင်ပုခက် တောင့်အောင့်ဆင်ခိုင်းတယ်။ လှည်းဆင့်ခိုင်းတယ်။ ကာယကံရှင်နဲ့ ဆွေမျိုးတွေ လိုက်ချင်လိုက်၊ မလိုက်ချင်နေ။ လူနာကို လှည်းပေါ်မွေ့တင်ပြီး မောင်းခိုင်းတော့တာ။ လူတွေက လှည်းနောက်က ခတ်မီးတွေ၊ မီးတုတ်တွေနဲ့ လိုက်ကြရတယ်။ လျှိုထိပ်ရောက်တော့ ကိုယ်ဝန်သည်ကို ယောက်ျားသန်သန်တွေ မွေ့ချပြီး ပုခက်ထဲသိပ်၊ ပြီးတာနဲ့ ဆတ်ခနဲကောက်မပြီး လျှိုထဲဆင်းကြရပြီ။ ပြီးတော့ ညစ်ပြီး လျှိုစောက်တစ်ဘက်ကို တက်ကြရတယ်။ တစ်ဘက်ထိပ်ရောက်ပြီးတာနဲ့ ထမ်းလိုက်ကြတာများ၊ စံလှဘော်က လူမလဲဘူး။ နောက်ကလူတွေသာ လဲတယ်။ မပိုးတူခမျာ တိုက်နယ်ဆေးရုံတောင် မရောက်ရှာပါဘူး။ ပျက်စီးရလို့ စံလှဘော်ဆိုတာ တက်တစ်ခေါက်ခေါက်၊ မျက်ရည်တရွှဲရွှဲနဲ့။ ဖြစ်ရခြင်းပေါ့။ တကယ်က မပိုးတူကို စံလှဘော် သိချင်သိမယ်၊ သိချင်မှလည်း ယ်။ ဒါပေမယ့် မန်ကျည်းစုရွာသူဆိုတာနဲ့ ပို့ရှာတာပါ။

နောက်ခြောက်လလောက်ကြာတော့ မညိုလုံးကို ပို့ဖို့ဖြစ်လာတယ်။ သွားသည်က လက်လျှော့ပြီဆိုတာနဲ့ တိုက်နယ်ဆေးရုံကို ပို့ဖို့ဖြစ်လာတယ်။ ဘော်က ရှေ့ကပါပဲ။ ထမ်းလိုက်တာများ တစ်ချက်မနားဖူး၊ တစ်ချက်ကျဘူး။ လမ်းက သာလှတာမဟုတ်တော့ နင်းကိုးနင်းကျဲပေါ့။ ကန့်သင်းနှင်း

www.burmeseclassic.com

www.burmeseclassic.com



ကန်ပဲ့နင်း သွားရတဲ့လမ်း။ မြက်တော ကိုင်းတော ဖြတ်ရတဲ့လမ်း။ တိုက်နယ် ရွာခြေကိုရောက်တော့ မညိုလုံးက ညည်းပြီ။ ဒါပေမယ့် မအေရော ကလေးပါ အသက်လုလိုက်နိုင်တယ်။ ရွာက ကျေးဇူးတင်ကြလွန်းလို့လေ။ မညိုလုံးတို့ မိသားစုကလည်း စံလှဘော် ကျေးဇူးကို အောက်မေ့လို့တဲ့။ ကလေးကို "အောင်ဘော်" လို့ နာမည်ပေးကြတယ်။ အောင်ဘော်တောင် ကြီးလှပေါ့။

သည့်နောက်ပိုင်း တောရွာမှာ နယ်လှည့်အစိုးရခန့် ဝမ်းဆွဲဆရာမ ရှိလာလို့ အရပ်လက်သည်ထက်စာရင် အဖိတ်အစင် မရှိသလောက် နည်းသွားလေရဲ့။ ဆရာမက ရွာသုံးလေးရွာကို စက်ဘီးနဲ့လှည့်တာမျိုး၊ ကိုယ်ဝန်ဆောင်ရှိတဲ့ အိမ် ကို မွေးရက်နီးရင် စိတ်စိတ်လာတာမျိုးတွေရှိလာလို့ အဆင်ပြေသွားပြီဆိုပေမယ့် စံလှဘော်ရဲ့ကျေးဇူးကို ရွာကမမေ့ကြဘူး။ စံလှဘော်ကို မန်ကျည်းစုရွာသားလို့ သဘောထားနိုင်ကြတဲ့အပြင် လူသူတော်ကောင်း ကပ္ပိယကြီးအဖြစ် ချစ်ခင်ကြ တယ်။

"ကျုပ်အမေက မီးတွင်းထဲမှာ သေသာဗျ။ အဖေက ကျုပ်ဆယ်နှစ်သား ရောက်မှ ရောဂါနဲ့သေသာ။ မိဘနှစ်ပါးမရှိတော့ ဘွားအေကြီးက ကျုပ်ကို သည်ရွာခေါ်လာခဲ့သယ်။ ဆရာတော်က ကျုပ်တို့မြေးအဘွားကို လက်ခံပြီး ကနေ့ အချိန်အထိ စောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးတရား ကျုပ် ဘယ်တော့မှမမေ့ဘူး။ ကျုပ် ကျေးဇူးရှင်ဆရာတော် သက်တော်ရှည်သရွေ့ ကျုပ်ဘယ်မှ မသွားဘူး။ ကျုပ်ကိုယ်တိုင်လည်း မန်ကျည်းစုမှာပဲ ခေါင်းချမယ်။ ကျုပ်က ဘုန်းကြီးကျောင်း ကပ္ပိယတင်မကဘူး။ ရွာ့ကပ္ပိယအဖြစ်လည်း ခံယူသဗျာ"

စံလှဘော် သည်စကားတွေပြောတော့ ရွာက မျက်ရည်ဘောင် လည်မိကြ တယ်။ ရွာက စံလှဘော်ကို ယုံပါတယ်။ သနားလည်း သနားကြတယ်။ ချစ်လည်း ချစ်ကြတယ်။ တချို့ကဆို စံလှဘော်ကြီးတဲ့။ တချို့ကတော့ ကပ္ပိယကြီးတဲ့။ ဒါမျိုးဆိုရင် စံလှဘော်ကြီးကလည်း "ဗျား..." လို့ ထူးလိုက်တာပါပဲ။

❒

(၇)

မြက်ကြီးကြီး ပုဆိန်သွားကြီးက သရက်သားတုံးတွေပေါ် အားနဲ့ကျလာတဲ့အခါ သရက်ပေါက်ခြမ်းကြီးတွေအဖြစ် ဟက်ခနဲ ဟက်ခနဲ ကွဲကျကုန်တယ်။ စံလှဘော် က ထင်းပေါက်လည်းဖြစ်တော့ တော်ရုံ သရက်တုံး လေးငါးတုံးများ ခဏကလေး နဲ့ ထင်းပုံကြီး ဖြစ်ကရော။ ကျောင်းဝင်းထဲမှာ သရက်ပင်အိုကြီးတွေ တော်တော်



များရှိတော့ ထင်းတော့ မရှားဘူး။ ပင်အိုကြီးတွေကို ရွာက လှဲပေးတယ်။ ခန်းစွယ်နဲ့ တုံးပြတ်တွေဖြစ်အောင် ဖြတ်ပေးကြတယ်။ ကိုင်းဖျား ကိုင်းနား င်ဖျင်ပေးကြတယ်။ တုံးကနေ ထင်းဖြစ်အောင်တော့ စံလှဘော်ပဲ ပေါက်ရ မ်းရတာပါ။ ဘုန်းကြီး ကျောင်းဆိုတော့ ရဟန်း အာဂန္တု၊ လူအာဂန္တု မပြတ် တော့ ရေနွေးတည်အိုး မီးပြတ်လို့ဖြစ်တာ မဟုတ်ဘူးကိုး။ ထင်းတုံးတွေကို ခွမ်းခွမ်းပေါက်ခြမ်း ပြီး ပုံတိုက်ကြီး ဟီးနေအောင် စီထားတာပဲ။ ကနေ့လည်း င်းနည်းနေမှန်းသိတော့ မနက်စောစောကတည်းက သရက်တုံးတွေ ရွေ့ပြီး နေလိုက်တာ တုံးတွေ တော်တော်ကျနေပြီ။ ချွေးတွေလည်း နစ်နေပြီ။ ခါးပုံစ တ်ဖြုတ်ပြီး သုတ်တာနဲ့တင် ပုဆိုးတောင် ရေညစ်ချလို့ရနေပြီ။

ဆရာတော်ကြီးက ကျောင်းပြတင်းကနေ စံလှဘော်ကို လှမ်းကြည့်နေရာ ကျောင်းကို စံလှဘော် ရောက်လာတဲ့နေ့ကို သတိရနေမိတယ်။ နေချောင်း င်းမှုတဲ့ နယုန်လကြီးထဲ မြေးဘွားအေနှစ်ယောက် ရောက်လာခဲ့ကြရာက ွားအေကြီးလည်း သည်ရွာမှာပဲ ခေါင်းချ၊ မြေးကလေးက ကျောင်းမှာ ကပ္ပိယ ာဖြစ်ရတဲ့အကြောင်းကပြောရင် ယုံလောက်စရာ မရှိဘူးကိုး။ စံလှဘော်က ့ဝါသနာဝသီဗိဇအရ တစ်ခါတစ်ခါ တုတ်ထိုးအိုးပေါက်ရှိတတ်ပေမယ့် ကျောင်း ရွာကို သံယောဇဉ်ရှိတာကိုလည်း သိပါရဲ့။ ဆရာတော်က တစ်ခါတလေ ရဟန်း ာခံဝါနှစ်ဝါ ဝတ်ပေးချင်ပေမယ့် စံလှဘော်က ကပ္ပိယပဲလုပ်ချင်သတဲ့။ ကျောင်း ကြီးပေါ်မှာ ရဟန်းသံဃာတော်တွေနဲ့ နီးနီးကပ်ကပ်နေရပေသိ သူကိုယ်တိုင်က ဟန်းသံဃာဘဝကို မတွယ်တာဘူးဆိုတော့လည်း ခက်သားပဲ။ ဆွမ်းဆန်ခံ ာ့ ဖြစ်ရဲ့။ ကျောင်းဝေယျာဝစ္စများမှာလည်း ဖြစ်ရဲ့။ ဆွမ်းချက် ဆွမ်းခံလည်း အားကိုးရရဲ့။ ရပ်ရေးရွာရေးမှာလည်း အားကိုးရရဲ့။ ရဟန်းဝတ်ဖို့ကျ ငြင်းပြန် လို့ ဆရာတော်ကိုယ်တိုင် နားမလည်နိုင်ဘူး။

"ငဘော်၊ သံဃာ့ဂုဏ်တော် ကိုးပါးမယ် အဥ္စလိ ကရဏီယော ဆိုတာ မင်း နတ်မင်း ဗြဟ္မာမင်းတို့ရဲ့ လက်အုပ်ချီရှိခိုးခြင်းကို ခံယူတော်မူထိုက် သာ ဂုဏ်တော်ကို ပြောတာ၊ သီလ သမာဓိ သိက္ခာ ပညာနဲ့ ပြည့်စုံခြင်းဆိုတဲ့ ဂုဏ်ရည်ရှိတဲ့အတွက် ရှိခိုးခြင်းကို ခံယူထိုက်တယ်ဆိုတဲ့ ဂုဏ်တော်ပဲ။ မင်း လည်းတတ်ပြီး၊ ကျောင်းမှာပဲ ရဟန်းဘဝနဲ့ ကျင့်ကြံ ကြိုးကုတ်ပါတော့ မြတ်တဲ့ဘဝကို ခံယူတော့"

"တပည့်တော် ကပ္ပိယပဲ လုပ်ချင်ပါသယ် ဘုရား၊ တပည့်တော်က ကချင် ချင်သာ၊ ဆွမ်းခံဆွမ်းချ သွားချင်သာ၊ ဘုန်းကြီးနဲ့ လျှူဖွယ် အပ်စပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးချင်သာပါ ဘုရား၊ တပည့်တော် ထင်းပေါက်ချင်သယ်၊ ရေခပ်ချင်သယ်၊ တုံးမောင်းခေါက်ချင်သယ်၊ နိဗ္ဗာန်ဆော်ချင်သယ်၊ သူများ အတိဒုက္ခရောက်ရင် ကိုယ်တိုင် လုပ်ကိုင်ပေးချင်သယ်၊ ပြီးတော့ တပည့်တော်က ရွာထဲရပ်ထဲလည်း လည်ချင်ပတ်ချင်သေးသာ ဘုရား၊ သည်ဘဝတော့ ကပ္ပိယနဲ့ တော်လောက်ပါပြီ ဘုရား"

ဆရာတော်ကြီးက ဘယ်အချိန်မေးမေး စံလှသော်က သည်လိုဖြေတာချည်းပဲ။ ကြာတော့လည်း ဆရာတော်က သည်လို မမိန့်တော့ပါဘူး။ ကပ္ပိယဘဝနဲ့ ပျော်တော့လည်း တစ်သက်ပေါ့၊ မပျော်တော့လည်း တစ်ဝက်ပေါ့လို့ သဘောထား ရတော့တယ်။ စံလှသော်က ဆရာတော်ကြည့်နေတာကို မသိဘူး။ သရက်သား တုံးပေါ်ထိုင်ရင်း မန်ကျည်းပင်တွေကြား တိုင်ပုတ်တမ်းကစားနေကြတဲ့ ကိုရင်ပေါက်စ၊ ကျောင်းသားပေါက်စတွေကို လှမ်းကြည့်ရင်း သဘောကျနေလေရဲ့။ မန်ကျည်းစုကျောင်းကို သူရောက်လာတုန်းကလည်း သည်အရွယ်ပဲဆိုတာ ချက်ချင်း သတိရလိုက်တယ်။ စံလှသော် မွေးပြီးပြီးချင်း မီးတွင်းထဲ အမေ ဆုံးတယ်ဆိုတာ အကြားပဲရှိခဲ့တာဆိုတော့ စံလှသော် သိတတ်စအရွယ်မှာ အမေ့ မျက်နှာ ဘယ်လိုရှိမယ်ဆိုတာ မှန်းတောင် မမှန်းတတ်ဘူး။ အမေကြီးက ငါ့ မြေးနဲ့တူတယ်ဆိုတာလောက်နဲ့ ပြီးခဲ့ရတယ်။ အဖေကတော့ ပင်ပန်းရှာတယ်။ ရွာက ဆင်းရဲတော့ တခြားရွာမှာ အလုပ်သွားလုပ်ရတယ်။ လေးငါးရက်တစ်ခါ ပြန်လာမှ အဖေ့တွေ့ရတာဆိုတော့ အမေကြီးကိုပဲ ဖအေ၊ အမေကြီးကိုပဲ အမေ လုပ်ခဲ့ရတာကိုလည်း သတိရမိတယ်။ အမေကြီးသာ သည်ကျောင်းကို မပို့ရင် သူ ခုချိန်လောက်ဆိုရင် ဘာဖြစ်နေမှာပါလိမ့်လို့ တစ်ခါတစ်ခါ တွေးမိတာရှိပေမယ့် ရုပ်လုံးမပေါ်ဘူး။ တစ်ခါတော့ ဆရာတော့် ခြေသလုံးတွေကိုနှိပ်ရင်း ဆရာတော်ကို မေးလျှောက်ဖူးတယ်။

"ဘုရား တပည့်တော်ကို အမေကြီးက ဆရာတော့်ကျောင်း မပို့ခဲ့ရင် တပည့်တော် ဘာဖြစ်နေမှာပါလဲ ဘုရား၊ တပည့်တော် တွေးမရလို့ပါ ဘုရား"

"ငသော်ရဲ့၊ ဘဝကို စီမံဖန်တီးပေးတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေရှိသယ်၊ ကံရဲ့အကျိုးပေးမှုကို ကြံစည်ဖို့ အင်မတန်ခက်သယ်၊ မိမိ အလိုအတိုင်း မဖြစ်လို့ အနတ္တခေါ်ကြသာပဲ၊ မင်းမှာတော့ ကျောင်းသခ်န်းကို ရောက်ရမယ့် ကံပါလာတော့ ကုသိုလ်နဲ့နီးရတဲ့ဘဝမှာ ရှိရသယ်၊ ဒါကိုပဲ နှလုံးသွင်းရမယ်"

ကိုရင်တွေ ကျောင်းသားတွေ ပြေးလွှားဆော့ကစားနေတာကို ကြည့်ရင်း အမေကြီးက သူ့လက်ကိုဆွဲရင်း သုံးရက် ခရီးလာခဲ့ရတာကို သတိရမိတယ်။



သူ့မျက်စိထဲမှာ မြေးကလေးကို လက်ဆွဲလာတဲ့ ဘွားအေကြီးကို မြင်ယောင်နေတုန်းမှာပဲ ဆယ်နှစ်အရွယ် ကလေးတစ်ယောက်ကို လက်ဆွဲလာတဲ့ လူကြီးတစ်ယောက် သူ့ရှေ့ရောက်လာတာကို သတိထားမိလိုက်တယ်။ သစ်တုံးပေါ် ထိုင်နေရာက ထ၊ ပုဆိန်ကို ပြန်ကောက်ပြီး ထင်းပေါက်ဖို့ ပြင်နေတုန်းမှာပဲ လူကြီးက ဆရာတော်ရှိသလားလို့ မေးလို့ရှိတယ်၊ ကျောင်းပေါ်မှာလို့ ဖြေလိုက်တယ်။ လူကြီးလည်း ကလေးလက်ဆွဲပြီး သရက်ကင်း လှေကားကြီးအတိုင်း တက်သွားကြလေရဲ့။

ထင်းတွေကုန်အောင် ပေါက်ပြီးတော့ ဆွမ်းစားကြေးမောင်းတောင် ထိုးပြီ။ စံလှသော်က ဝတ်ထားတဲ့ အင်္ကျီစုတ်ကိုချွတ်ပြီး တစ်ကိုယ်လုံးက ချွေးတွေ သုတ်ရင်း ခဏနားတယ်။ ချက်ချင်း ရေချိုးလို့ မဖြစ်သေးတာနဲ့ သရက်ကင်း လှေကားကြီးအောက်ထစ်မှာ ထိုင်ချလိုက်တယ်။ ခဏနေတော့ ဆရာတော်ကြီးနဲ့အတူ စောစောကလူကြီး ဆင်းလာလို့ မတ်တပ်ရပ်ပေးလိုက်တယ်။ ကလေးတော့ ပါမလာဘူး။ ဆရာတော်က အောက်မဆင်းတော့ဘဲ မိန့်နေတာကို စံလှသော် ကြားနေရတယ်။

"စိတ်ချလက်ချသာ ထားခဲ့ပါ ဒကာကြီး၊ ကျုပ်ကျောင်းက ကလေးတွေ ဆလည်း ဘဝအမျိုးမျိုးပါပဲ၊ တချို့လည်း သည်ရွာထဲက၊ တချို့လည်း တခြား ရွာတွေက ရောက်လာတော့လည်း စောင့်ရှောက်ရသာပါပဲ၊ ဒကာကြီးတို့လည်း အနီးကြုံတိုင်း ဝင်ခဲ့ကြပေါ့"

"တင်ပါ့ဘုရား၊ ခွင့်ပြုတော်မူပါ ဘုရား၊ လှည်းကြုံက ရွာထိပ်က စောင့်နေလို့ပါ ဘုရား"

"သွား ... သွား၊ ဒါ့ထက် ကလေးနာမည်က ဘယ်သူတဲ့"

"ကောက်ဆွပါ ဘုရား၊ သည်ကလေးမွေးတဲ့နေ့က အိမ်ထရံထောင်ထားတဲ့ ကောက်ဆွကို မြွေတက်လို့ သည်နာမည်ပေးလိုက်ကြသယ်လို့ ပြောသာပဲ ဘုရား"

စံလှသော်က ကလေးကို ကျောင်းလာအပ်မှန်း သိပြီ။ ဆရာတော့်ကျောင်းဆို သည်လို ကျောင်းသားလာအပ်ကြတာက ဆန်းမှ မဆန်းပဲကိုး။ ကိုရင်၊ ကျောင်းသားတွေဆိုတာ ဝင်လာလိုက်ကြ၊ ထွက်သွားလိုက်ကြ။ သည်ကလေးလည်း သည်လိုပဲ ကျောင်းလာအပ်တာ နေမှာပေါ့လို့ပဲ စံလှသော် တွေးမိတယ်။ ဆရာတော်က ဘာမှမမိန့်ဘဲ ကျောင်းပေါ် ပြန်ကြွသွားတယ်။ ခဏနေတော့ ဘားနေတဲ့ ကလေးတွေရှိရာဘက် ကောက်ဆွကို လွှတ်လိုက်တယ်။ ကောက်ဆွ

www.burmeseclassic.com

www.burmeseclassic.com



လည်း လှေကားအတိုင်း ဆင်းပြေးလေရဲ့။ ဆရာတော်က လှေကားအတိုင်း ဆင်းလာရင်းက စံလှဘော်ကို ကြည့်တယ်။

"ငဘော် ... မင်း ရောက်လာသလို ရောက်လာတဲ့ကလေးပဲ၊ ဖအေ သေ တော့ မအေက နောက်အိမ်ထောင်ပြုသတဲ့။ ပထွေးက အိမ်မှာနေမဖြစ်အောင် ရိုက်နှက်နေလို့ ရွာက ဝိုင်းဝန်းစောင့်ရှောက်ထားရတဲ့ ကလေးတဲ့၊ ပထွေးက မအေ ကိုပါ နှိပ်စက်လို့ ပထွေးအိပ်ပျော်နေတုန်း သည်ကလေးက ထင်းခုတ်တဲ့ဓား နဲ့ ဝင်ခုတ်သတဲ့၊ ကလေးဆိုတော့ သေလောက်အောင် မဖြစ်ဘူးပေါ့၊ ဒါနဲ့ရွာက သူတို့ရွာနဲ့ဝေးတဲ့ မန်ကျည်းစုကို လာပို့သာတဲ့၊ အခုနလူက ရွာလူကြီးပဲ"

"မအေကကော ဘုရား"

"သူ့ရွာမှာပဲပေါ့။ အကုသိုလ်များဟာ အင်မတန် ကြောက်စရာကောင်း ပါလား။ မင်း ဒီကလေးကို လိမ္မာရေးခြားရှိအောင် စောင့်ရှောက်၊ ကြားလား ငဘော်။ ကလေးက စရိုက်ဆိုးချင်ပုံရသယ်။ ဒကာကြီးက ကလေးအပ်ဖို့ လျှောက် နေတုန်း ဘုရားဆွမ်းတော်တင်ထားတဲ့ မာလကာသီး ပြေးယူပြီး စားသယ် စားပြီးသား ထွေးထုတ်သယ်"

"တပည့်တော်ထိန်းပါ့မယ် ဘုရား"

"အေး ... မင်းလည်းရေချိုးတော့ ငဘော်"

စံလှဘော် ရေချိုးရင်း လှမ်းကြည့်တော့ ကောက်ဆွက သပ်သပ်၊ ကလေး တွေ ကိုရင်တွေက သပ်သပ်။ စာစာက ပျော်နေကြတဲ့ ကလေးတွေအားလုံး ငြိမ်လို့။ ကောက်ဆွ တစ်စခန်းထနေပြီ ထင်ပါရဲ့။

❐

## (၈)

ထင်တဲ့အတိုင်းပါပဲ။ ကောက်ဆွဆိုတဲ့အတိုင်း ပြဿနာကို ဆွတဲ့ ဖွတဲ့ ရှာတဲ့ ကလေးဆိုတာ စံလှဘော် သဘောပေါက်ပြီ။ ကလေးက ဉာဉ်ဆိုးရုံမကဘူး အပြောအဆို အမူအရာကပါ ရိုင်းပျနေလေတော့ စံလှဘော်က အမြဲတမ်း အကဲခတ်နေရတယ်။ ကောက်ဆွက ရှိလှရင် ဆယ်နှစ် ဆယ့်တစ်နှစ်ပဲ။ ဆရာ တော်က မင်း စောင့်ရှောက်တဲ့။ ကျောင်းမှာ ကောက်ဆွနဲ့ ရွယ်တူကလေး လေးငါးယောက်ရှိပါရဲ့။ ငဘော် စောင့်ရှောက်လေလို့ မမိန့်ဖူးဘူး။ မမိန့်ပေမယ့် စံလှဘော်ကတော့ အကဲခတ်ရတာပါပဲ။ ကလေးတွေဆိုတော့ ဖွေဆိုးချင်တာ အနိုင်ကျင့်ချင်တာတော့ ရှိတာချည်းကိုး။ ကောက်ဆွရောက်လာတော့ ကျန်တဲ့



ကလေးတွေပါ ငြိမ်သွားကြတယ်။ အလိုလိုနေရင်း အုပ်မိုက်ခွဲသွားကြတယ်။ ကောက်ဆွကို မခင်ကြတာမျိုးတွေ ရှိလာတယ်။ အပြစ်က ကောက်ဆွရဲ့ အပြစ် ချည်းပဲ။ ထမင်းဝိုင်းမှာ ဟင်းခေပုံကျ ခွဲဝေပေးထားတဲ့ကြားက ကောက်ဆွ က သူရလောက်မယ်ထင်တဲ့ ကလေးရဲ့ ပန်းကန်ထဲက ဟင်းကို ဖိုးဖိုးဖတ်ဖတ် ပြောင်လုတာမျိုး၊ တစ်ဘက်ကလေးက ပြန်လုရင် ထမင်းသံ ပန်းကန်မှောက် ခဲ့တာမျိုး၊ ကစားရာမှာ ညစ်ပေါက်ကပ်ကျယ် လုပ်တာမျိုး၊ ရှန့်ရှန့်ရင်းရင်း ခဲတာမျိုးတွေ ရှိလာတယ်။ ကလေးတကာက ဦးဘော်ခေါ်တဲ့ကြားက ကောက်ဆွ က ဘုန်းကြီးခေါ်သလို ငဘော်ခေါ်နေလို့ စံလှဘော်က ငေါက်ရသေးတာပါ။

"ကောက်ဆွ ငဘော်လို့ မခေါ်ရဘူးကွ၊ ဦးဘော်လို့ ခေါ်ရသယ်။ ငရဲကြီး တတ်သယ်၊ ကြားလား"

"ဘုန်းကြီးလည်း ငဘော်ခေါ်သာပဲဗျ"

"ဘုန်းကြီးလို့ မပြောရဘူး၊ ဆရာတော်ဘုရားလို့ သုံးရသယ်။ ဆရာတော် ဘုရားက ငဘော်လို့ ခေါ်လို့ရသယ်။ မင်းက ခေါ်လို့မရဘူး၊ ခေါ်ကြည့်စမ်းကွာ၊ ဦးဘော်လို့"

"ဦးဘော်"

"ဟုတ်ပြီ၊ ဆရာတော်ဘုရားလို့ ခေါ်စမ်း"

"ဆရာတော်ဘုရား"

"ဒါပေါ့ကွ၊ နောက် အဲသလိုခေါ်၊ ကြားလား ကောက်ဆွ"

"မခေါ်ချင်ဘူး"

"ဟေ ..."

ကပ္ပိယတောင် ကောက်ဆွကျတော့မှ လက်လန်ရမလိုဖြစ်နေတော့ သည် ကလေးကို တော်တော်ဆုံးမရဦးမယ်ဆိုတာ စံလှဘော် သဘောပေါက်လာတယ်။ အုပ်၊ ဖမအုပ် ဘယ်လောက်တောင် ပေပေတေတေရှိခဲ့တဲ့ ကလေးပါလိမ့်။ နှစ်ပါး မရှိကြတော့တာထား၊ ပထွေးနဲ့နေရတာထား၊ ဘယ်လိုကြောင့် သည် ကလေး သည်လောက်တောင် မအုပ်နိုင် မဆီးနိုင် ဖြစ်ရတာလဲ။ မွေးကတည်း က အိမ်ထရံထောင်ထားတဲ့ ကောက်ဆွကို မြွေတက်တယ်ဆိုမှတော့ နိမိတ်က ပြီထင်ပါရဲ့။ နောက်ပိုင်းမှာတော့ စံလှဘော်က ကောက်ဆွကို သူ့နဲ့ခေါ် ထားတယ်။ အိပ်စေတယ်။ ညဘက် ကောက်ဆွနဲ့ စကားတွေပြောတယ်။ လိမ္မာရေးခြားရှိအောင်လည်း သွန်သင်တယ်။ တစ်ခါတစ်ခါ ကောက်ဆွဘက်က ကြည့်တော့လည်း ဖြေသား။

www.burmeseclassic.com

www.burmeseclassic.com



"ကောက်ဆွ မင်းတို့အိမ်မှာ ကောက်ဆွရှိသယ်ဆိုတော့ လယ်ရှိလို့လား"

"မရှိဘူး၊ အဖေ သူရင်းငှားလုပ်တုန်းက အိမ်မှာကျန်နေသာ"

"မင်းအဖေက သူရင်းငှားလား"

"အင်း..."

"အင်းလို့ မပြောရဘူးကွ၊ ဟုတ်ကဲ့လို့ ပြောရသယ်၊ ဟုတ်ကဲ့လား"

"အင်း..."

"ဟာ...၊ ဒီကောင် ပြောနေတဲ့ကြားက၊ ပြောစမ်း အင်းလို့"

"အင်း..."

"ဟာ... ငါပါယောင်ကုန်ပြီ၊ ခက်တဲ့ကောင်ကွာ"

ကောက်ဆွ အိပ်ပြီဆိုတော့လည်း သနားစရာ။ သည်ကလေးရဲ့ ဆိုးခြင်း ရိုင်းခြင်း၊ မသိနားမလည်ခြင်းတွေဟာ အိပ်နေတုန်းမှာ တခြား ရောက်နေသလို ပဲလို့ စံလှဘော် ထင်တယ်။ ရုပ်ရည်က ညစ်စုတ်စုတ်နိုင်ပေမယ့် ကလေးပီပီ မျက်နှာလေးက အပြစ်ကင်းလှတယ်။ ဆံပင်တွေက ရှည်လွှန်းနေပြီ။ မျက်နှာ မှာ ရေမချိုးတာ ဘယ်လောက်တောင်ကြာပြီလဲ မပြောတတ်ဘူး။ ကြေးကြောင်း အရစ်အရစ်နဲ့။ သွားတွေက ဝါလို့။ လည်ပင်းမှာ ပရိတ်ကြိုးလိုလို ကြိုးတစ် ချောင်း ပါသေးတယ်။ ပုဆိုးဟောင်း အောက်စက တစ်တောင်လောက်ပြဲလို့။ စံလှဘော် သိသလောက် ကောက်ဆွမှာ အဝတ်အစား အပိုမပါဘူး။ မနက်ကျ ရွာထဲသွားပြီး ရှယ်တူရှိတဲ့အိမ်တွေ လှည့်တောင်းပေးရမယ်လို့ တွက်တယ်။ မီးတိုင်ခွက်အောက်မှာ ခြေကားယား၊ လက်ကားယားအိပ်နေတဲ့ ကောက်ဆွဆို တဲ့ ကလေးဟာ ဆယ်နှစ်လုံးလုံး ဘယ်လိုကြီးပြင်းလာခဲ့ပါလိမ့်။ ဘာကြောင့် များ သည်လောက်တောင် အသွန်အသင် အဆုံးအမမှာ အချိုးမကျခဲ့သလဲ။ အမြဲတမ်း ရန်လိုနေတဲ့စိတ်၊ အမြဲတမ်း ဒေါသတကြီး တုန့်ပြန်တဲ့စိတ်ဟာ ဘယ်က ရခဲ့တာလဲ။ သည်ကလေးကို ဘယ်ကစ သွန်သင်ရပါ့မလဲ လို့လည်း တွေးတယ်။ စံလှဘော်မှာ အဖြေမရှိဘူး။

စံလှဘော်ရင်ထဲမှာ ကောက်ဆွနဲ့ ပတ်သက်ပြီး ခံစားရတာ တစ်ခုတော့ ရှိတယ်။ ဒီကလေးနဲ့သူ ဘဝပေးကံချင်း တူရုံမကဘူး။ မိမဲ့ဖမဲ့ ဘဝနဲ့ သည် ကျောင်းကို ရောက်လာတာချင်းလည်းတူတယ်။ သည်နှစ်ချက် နဲ့တင် ကောက်ဆွ ကို စံလှဘော် စိတ်ဝင်စားလာခဲ့တယ်။ အိပ်နေတဲ့ ကောက်ဆွ ခေါင်းကို ပွတ်ပေးတော့ ကောက်ဆွက လူးလွန့်ရင်းက ပြုံးလိုက်တာ တွေ့လိုက်ရတယ်။



ကောက်ဆွရင်ထဲ နစ်ဝင်နေတဲ့ သည်အပြုံးကို တူးယူရမယ်လို့ စံလှဘော် ဆုံးဖြတ်လိုက်တယ်။

❒

(၉)

စံလှဘော်က ကျောင်းရှေ့ဇရပ်ရိပ်မှာ အင်္ကျီစုတ်တွေ၊ ပုဆိုးစုတ်တွေ ဖြန့်ပြီး အပ်ချည်လုံးတစ်လုံး အပ်တစ်ချောင်းနဲ့ အပြဲရှိသမျှ ထိုင်ချုပ်နေတယ်။ ချုပ်ပြီး သားတွေကို ဖြန့်ကြည့်၊ အပြဲတွေ့တော့ချုပ်၊ သည်မနက်ကပဲ ရွာထဲထွက်လည်ပြီး ကောက်ဆွအတွက် ပုဆိုးဟောင်း၊ ဘောင်းဘီဟောင်း၊ စွပ်ကျယ်ဟောင်း ရသမျှ လိုက်တောင်းလိုက်တာ တစ်ထွေ့ကြီး ရလာခဲ့တယ်။ တချို့အင်္ကျီက ကောက်ဆွ အတွက် အနေတော်ဆိုပေမယ့် ပွပွချောင်ချောင်ကြီးတွေလည်း ပါလေရဲ့။ ရောက် ရောက်ချင်း ကောက်ဆွကို ခေါ်ပြီး ဝတ်ကြည့်ခိုင်းတယ်။ တော်တာကတော်၊ ကြီးတာကကြီး၊ ဝတ်ရဖို့သာ လိုရင်းဆိုတော့ စံလှဘော်ကတော့ ဝမ်းသာပါ့။ ကောက်ဆွရောက်လာတာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ဆိုတော့ သည်လိုမှ လိုက်မတောင်းရင် လဲစရာ ဖယ်စရာ မရှိဘူးကိုး။ အဝတ်ရယ်လို့လည်း ကောင်း ကောင်းချုပ်တတ်တာမဟုတ်တော့ သိမိသလောက်ပေါ့။

"ဦးဘော်ကြီး... ဘယ်ကအစုတ်တွေ ချုပ်နေသာတုန်းတော့၊ မိန်းမကြီး ကျလို့"

ကျောကို ဖျန်းခနဲ ပုတ်လိုက်လို့ လန့်သွားတဲ့ စံလှဘော်က မော့ကြည့် လိုက်တော့ မြချစ်။ ဝမ်းလည်း သာသွားတယ်။ သည်ကလေးကိစ္စမှာ မြချစ်ကိုပါ အကူအညီတောင်းရမှာဆိုတော့ မြချစ်ရောက်လာတာ အခန့်သင့်ပြီ။

"လန့်လိုက်သာဟာ၊ ငါ့ဖို့ မဟုတ်ပါဘူးဟာ၊ ကောက်ဆွအတွက်ပါ။ သည် ကောင်က ပုဆိုးအနားတစ်တောင်လောက်အပြဲနဲ့ ရောက်လာတဲ့ ကောင်ဆိုတော့ မနက်က ရွာထဲ အဝတ်ဟောင်း လျှောက်တောင်းရသေးသာ"

"ကောက်ဆွ...၊ကောက်ဆွဆိုသာ ဘယ်သူတုန်း ဦးဘော်ရဲ့။ ပုဆိုးအင်္ကျီ လဲစရာမရှိရလောက်အောင်ပဲလား"

"ရော်...မြချစ်နှယ်၊ ငါ ဆယ်နှစ်သား သည်ရွာရောက်လာတော့ကောင်ကို ပြောဖို့တုန်း။ ဝတ်လာတဲ့ တစ်စုံပဲဟာ၊ ဆရာတော်က ရွာထဲအလှူခံပေးလို့ ဝတ် ရသာဟ၊ အခု ကောက်ဆွကျတော့ ဆရာတော်က ငဘော် မင်းစောင့်ရှောက် လိုက်”

www.burmeseclassic.com

www.burmeseclassic.com



ကောက်ဆွ ရောက်လာပုံကို ပြောပြတော့ မြချစ်က မျက်လုံးပြူးကလေးနဲ့ နားထောင်တယ်။ သနားသွားပုံလည်းပေါ်ရဲ့။ ကောက်ဆွကို တွေ့ရအောင်ဆိုပြီး အော်ခေါ်တော့ ကောက်ဆွက အိုးမည်းပေတူးနဲ့ ရောက်လာတယ်။ သည်ကောင် မီးဖိုထဲ ရေနွေးအိုး မီးထိုးခိုင်းထားခဲ့တာကိုး။ ကောက်ဆွက မြချစ်ကို ပြူးတူး ပြဲတဲကြည့်တယ်။

"ဘာတုန်း"

"ဟော့ကောင် ဘာတုန်းလို့ မပြောရဘူး၊ ဒါ မြချစ်တဲ့၊ ဆရာတော့်တူမ မင်းက မမလို့ခေါ်၊ မြချစ်က မင်းကို စာသင်ပေးလိမ့်မယ်။ ငါက စာသာ ဖတ် တတ်သာ မသင်တတ်ဘူး။ မင်း စာသင်မယ် မဟုတ်လား"

"မသင်ချင်ဘူး"

'ကောင်းကွာ၊ သွားတော့ သွားတော့၊ ရေနွေးအိုးဆူအောင် မီးထိုးချေ"

မြချစ်ကတော့ ရယ်နေတာပါ။ ကောက်ဆွက စကားမပြောတတ်တာ စရိုက်ဆိုးချင်တာတွေ ကောက်ဆွ မရှိတော့မှ ပြောပြရတယ်။ ကျောင်းမှာ တခြားကလေးတွေ ရှိနေပါလျက်နဲ့ ကောက်ဆွကျတော့မှ ကပ္ပိယကြီးက အထ ပိုနေတာကို မြချစ်က နားလည်ပုံပေါ်ပါတယ်။ ကပ္ပိယကြီးနဲ့ သည်ကလေးနဲ့ ဘဝချင်းတူနေလေတော့ ကိုယ်ချင်းစာတာရော၊ သနားတာရော၊ ပါမှာပေါ့ လို့လည်း တွေးတယ်။ တခြားကလေးတွေက မိနဲ့ဖနဲ့၊ ဆွေနဲ့မျိုးနဲ့ ရှိကြသလို အတန်းကျောင်းမှာ စာလိုက်ကြပြီးသား။ ဆရာတော့်ကျောင်းမှာ လောကုတ္တရာ စာပေကလေး သင်အံလေ့ကျက်ဖို့ အပ်နှံကြတာကိုး။ ကောက်ဆွ စာမဖတ်တတ် ဖူးဆိုတော့ ကပ္ပိယကြီးကို ဘဘုန်းက စာသင်ဖို့ တာဝန်ပေးတာနေမှာပေါ့။ ဒါကို မသင်တတ်တော့ မြချစ်ကို တစ်ဆင့်အကူအညီတောင်းတာ ဖြစ်လိမ့်မယ်။ မြချစ်ကလည်း သင်ပေးပါ့မယ် ပြောလိုက်တယ်။ အားတဲ့အချိန် ကျောင်းဘက် လျှောက်လာခဲ့မယ်၊ အားတုန်း သင်သင်သွားရင် ဖြစ်လောက်မှာပါလို့ ကတိ ပေးလိုက်တယ်။

"အေးပါ ငါ့နှမရာ၊ ဦးဘော်က သနားလို့ပါ။ လိမ္မာရေးခြားရှိအောင်တော့ တော်တော်လုပ်ယူရမှာပဲ။ တစ်ညက ဒီကောင် ညအိပ်ရင်းယောင်သာ အဖေတဲ့ မအေတော့ နောက်အိမ်ထောင်ပြုလို့ စိတ်ခုပုံရသယ်။ အမေလို့ မယောင်ဘူး"

"အော်...၊ သူ့ရင်ထဲစွဲနေသာကို ယောင်သာနေမှာပေါ့"

"အေး... အဖေလို့ ယောင်လိုက်တော့ ငါ့ကိုခေါ်လိုက်သလိုပါပဲ မြချစ်ရာ ငါတောင် ဟောလို့ထူးလိုက်သေးသယ်။ သည်ကောင့်ကို အဖေလို့ ခေါ်ခိုင်းရမယ်



"ဒါဆို အမေပါရှာတော့၊ အဖေရောအမေပါ ခေါ်ရအောင်လို့လေ"

"အေးဟာ မြချစ်၊ နင်ပြောတာ မဆိုးဘူး။ ဟေး ဟေး"

မြချစ်က စံလှဘော် အဝတ်ချုပ်နေတာကို အချိုးမကျတော့ ပေးစမ်းပါ ဦးဘော်ရယ်ဆိုပြီး ထိုင်ချုပ်ပေးနေလေရဲ့။ ကလေးအင်္ကျီတစ်ထည် ကြယ်သီး သုံးလုံးလိုနေတော့ မြချစ်က သူ့ အိမ်ပြန်ယူလိုက်ဦးမယ်ဆိုပြီး ထဖို့ပြင်တယ်။ စံလှဘော်က မြချစ်ကို အထမခံဘူး။ သူ့အင်္ကျီကို ငုံ့ကြည့်ပြီး ကြယ်သီးသုံးလုံး ဖြုတ်ဖြုတ်နဲ့ ဖြုတ်ပေးရော။ စံလှဘော် ဝတ်ထားတဲ့အင်္ကျီကလည်း ကြယ်သီး သုံးလုံးပဲပါတာဆိုတော့ အင်္ကျီက ဟပြဲပေါ့။

"ငါက ဟပြဲလည်း ဖြစ်ပါသဟာ၊ ကောင်လေး ပြည့်စုံသချင်လို့ပါ"

မြချစ်က စံလှဘော်ကိုကြည့်ပြီး သနားသွားတယ်။ သည်ကလေးကို ဦးဘော် ဆော်တော် သံယောဇဉ်ကြီးတယ်နော်ဆိုတော့ ကျောင်းမှာလာနေကြတဲ့ ကလေး ဆွေ ဆင်းရဲကြတယ်ဆိုပေမယ့် အဲသလောက်မဆိုးဘူးဟတဲ့။ အချိန်တန် ဆွေ မျိုးရိပ် မိရိပ်ဖရိပ်ပြန်ခိုကြလို့ ဖြစ်သေးတယ်တဲ့။ မြချစ် အဝတ်ချုပ်နေတာ ကို စံလှဘော်က ခိုးခိုးကြည့်တယ်။ မရိုးမသားစိတ်နဲ့ မဟုတ်ပါဘူး။ ရှင်းသန့် ကြည်လင်တဲ့ စိတ်မနောကလေးက မျက်နှာမှာ ပေါ်လေတော့ မြချစ်က ချစ်စရာ ကောင်းနေတယ်။ စံလှဘော် ခိုးကြည့်တာကို မြချစ်သိတော့ မျက်စောင်းထိုး သေရဲ့။ သည်မှာတင် ကျောင်းခါးပန်းမှာ တစ်ရက်က ရေးထားတဲ့စာကို မြချစ် သတိရသွားတယ်။ မေးမယ်၊ မေးမယ်နဲ့ မမေးရသေးဘူး။

"အမယ် ပြောရဦးမယ်၊ ဟိုတစ်ရက်က ကျောင်းခါးပန်းမှာ ရေးထားသာ ဦးဘော် မဟုတ်လား။ ပဲပွဲစား ငရဲ၊ ကပ္ပိယ နိဗ္ဗာန်ဆိုတာလေ၊ ဖတ်ပြီး မျက်နှာ ပူလိုက်ရသာလေ။ ကိုယ့်ရွာလာတဲ့ဧည့်သည်ကို အဲသလို ရေးရသလား ဦးဘော်ရဲ့"

"မြချစ် ဧည့်သည်က လာလွန်းပါသဟာ၊ ဧည့်သည်ကနေ အိမ်ရှင်ဖြစ်မှာ ဆိုလို့ ဦးဘော် ရေးသာဗျား"

မြချစ်က ချုပ်လက်စအပ်နဲ့ စံလှဘော်ပေါင်ကို ဇပ်ကနဲ ထိုးလိုက်တော့ အော်လိုက်တာများ ငယ်သံပါလို့။ ဆရာတော်ကြီးကတောင် ကျောင်းပြတင်းက ထွက်ကြည့်တယ်။

"ပေါက်ကရ ပြောဦး၊ မြချစ် အပျိုပဲ၊ ကြိုက်ချင် ကြိုက်မှာပေါ့။ ဘာဖြစ် လဲ"

"မြို့သားတော့ မကြိုက်ချင်ပါနဲ့ဟာ၊ ကိုယ့်ရွာသူ ရွာသားအချင်းချင်းပဲ ကောင်းပါသယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရွာက သူဌေးသား မောင်အုန်းကို ကြိုက်ရမယ်ပေါ့၊ အဲသလိုလား"

"ငအုန်းက ပိုဆိုးသေး၊ နင့်ကို ပိုးနေတဲ့လူအကြောင်း နင်မသိသာများ အံ့ပါရဲ့"

စံလှဘော်က မြချစ်မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ပြီး ပြောလိုက်တော့ မြချစ်က ပေါင်ကို အပ်နဲ့ထိုးပြွန်ရော။ စံလှဘော်က အော်လိုက်တာ သီးပင် သီးသီးမှည့်တွေတောင် ပြုတ်ကျကုန်လေရဲ့။

❒

## (၁၀)

ရွာစွန်ထန်းတော။

ထန်းပင်တွေ ရာနဲ့ချီရှိနေတဲ့ ထန်းတောကြီးက ညို့လို့။ သူ့ရွာ ကိုယ့် ထန်းပင်တွေချည်းဆိုတော့ ထန်းရေသောက်တဲ့လူ မျှော်ရောင်းလို့ချည်း မဖြစ်ဘူ များသောအားဖြင့် ထန်းလျက်ချက်ကြတာ များတယ်။ ပင်ကျရေကောင်းကောင် ထန်းတောထဲ လာသောက်သူတွေလည်း မရှိမဟုတ်ပါဘူး။ ရှိတာပေါ့။ သည် အထဲမှာ ငအုန်းနဲ့ သူငယ်ချင်းတစ်သိုက် မနက်ရေ ညရေ မလွတ်ဘူး။ ငအုန်း ရွာတောင်သူ့သားဆိုတော့ အပေါင်းအသင်းတွေများများ ခေါ်လာပြီး သော နေကျ။ ရွာထဲမှာလည်း ငအုန်းစနက်နဲ့ ထရေသမား ဖြစ်ရတာတွေများလာ ရွာကလည်း ငအုန်းကို မကြည်သာကြဘူး။ ကိုယ့်တူကိုယ့်သား ငအုန်းနဲ့ပေါင်း တာကို မကြိုက်ကြဘူးကိုး။ ဒါကို ငအုန်းကလည်း သိတယ်။ လူငယ်တွေ ထတောထဲရောက်အောင်ခေါ်တယ်။ သောက်ဖြစ်အောင် တိုက်တယ်။ ရွာက လည်း ဂရုမစိုက်ဘူး။ သည်ကနေ့တော့ ငအုန်းက သူစိတ်အချရဆုံး သူငယ်ချင် မှတ်ကြီးကိုပဲ ခေါ်လာခဲ့တယ်။ မှတ်ကြီးက ထရေကြိုက် လူမိုက်မှန်းသိ ရောက်ကတည်းက ထရေကို ဖိတိုက်တော့တာပါ။ ငအုန်းလည်း တော်တော် နေပါပြီ။

"ငမှတ်… မင်း လူရိုက်ရဲလား"

"လူ… ရိုက်ရဲသာပေါ့ကွ၊ ငမှတ်က ရိုက်ချင်နေသာ၊ ပြော ဘယ်သူ့ ရိုက်ရမှာတုန်း"

"ကပ္ပိယ စံလှဘော်ကို ရိုက်ရမှာ၊ လေး,ငါးချက်ကွဲရင်တော်ပြီ"

ငမှတ်က သောက်လက်စ ဝါးခွက်ကို ဂေါက်ခနဲ ဆောင့်ချလိုက်တယ် ရိုက်ရမှာတော့ ဟုတ်ပါရဲ့။ ရိုက်ရမယ့်လူက ဘုန်းကြီးကျောင်းက ကပ္ပိယ



ဘောကျတော့ မဟုတ်သေးပါဘူးလို့ တွေးတယ်။ ကပ္ပိယကြီးက သဘောမနော ကောင်းတယ်။ ဆရာတော်ကြီးက အားကိုးနေရတယ်။ ရွာကလည်း ချစ်တယ်။ သည်လိုလူကို ငအုန်း ရိုက်ခိုင်းနေတာကို မှတ်ကြီး နားမလည်နိုင်ဘူး။ ငအုန်း ကို မျက်လုံးပြူးကြည့်တယ်။

"မဟုတ်သာကွာ၊ ကပ္ပိယကြီး ရိုက်ရမယ်လို့၊ သူက လူသူတော်ကောင်း ကြီးပါကွာ၊ မင်းဘယ့်နှယ်ကြံသာတုန်း ငအုန်းရ၊ ကိုကြီးဘော်က မင်း ဘယ့်နှယ့် လုပ်လို့တုန်း"

"လုပ်လို့ပေါ့ကွ၊ မြချစ်နဲ့ ပူးလွန်းလို့ ခွဲချင်သာကွာ။ မြချစ်က ဘုန်းကြီး ကျောင်း ညနေတိုင်းသွားပြီး ကလေးစာပြသလိုလိုလုပ်နေသာ ငါ ကြားသယ်။ စံလှဘော် ဉာဏ်တွေကွ၊ တစ်ရက်ကလည်း ဇရပ်မှာ နှစ်ယောက်သား အတူ ထိုင်ရင်း ဆိတ်လိုက်ဆွလိုက် လုပ်နေကြသတဲ့"

"မဟုတ်သာကွာ၊ မြချစ်က ကပ္ပိယလိုလူကို ကြိုက်ပါ့မလားကွ၊ မြချစ် ကလည်း ဘုန်းကြီးကျောင်းရိပ်သွားပြီး မတော်တရော် နေပါ့မလား။ အသက် ချင်းလည်းကွာ၊ ဂုဏ်ဒြပ်ချင်းကလည်းကွာ၊ ပြီးတော့ မြချစ်က ကပ္ပိယလို ကစုတ် ညစ်နိုင်တဲ့သူကို ရွေးကြိုက်ရမယ့် မိန်းကလေးမှ မဟုတ်သာ။ မင်းမှားနေပြီ ငအုန်း၊ မင်းရိုက်ရမှာက တစ်ယောက်ကွ"

"ဟော …၊ ဘယ်သူလဲ၊ ဘယ်ကောင်နဲ့ ဖြစ်နေလို့လဲ"

"အခုရွာမှာ ခြေရှုပ်နေတဲ့ ပဲပွဲစား အောင်သန်းကျော်ဆိုတဲ့ ကောင်လေကွာ၊ မြချစ် ဦးစားပေးသာ အဲသည်ကောင်ကွ၊ တစ်ခါလား၊ ရွာစွန် ပဲခင်းတွေထဲ မှာ ငါနဲ့တောင် တိုးသေးသယ်။ မြချစ်က အစ်ကိုတဲ့၊ ငါ့နားနဲ့ ကြားသာဗျား၊ ကိုင်း …"

ငအုန်းက သူ့တို့အိမ်လာပြီး ပဲတွေလာစပ်တဲ့ ပဲပွဲစားကို သိသားပဲ၊ မြချစ် နဲ့လို့ မထင်ဘူး။ ရွာထဲက ပဲတောင်သူတွေအိမ် သွားတာလာတာလည်း မြင် သားပဲ။ မြချစ်တို့မိဘများနဲ့ ခင်မင်လို့သာ လိုက်ကူညီနေတာလို့ ရိုးရိုးထင်တာ ပါ၊ အခု မှတ်ကြီးက ရွာစွန်ပဲခင်းတွေထဲ နှစ်ယောက်တည်း တွေ့တယ်ဆိုတာ လည်း ဖြစ်နိုင်တာပဲ ။ မြချစ်က မြို့သားပဲပွဲစား ပိုက်ဆံရှိသားသမီး ကြိုက်မယ် ဆို ကြိုက်လောက်တာပဲ။ သည်ကြားထဲ အစ်ကိုခေါ်နေမှတော့ ခရီးရောက်နေ လို့ နေမှာပေါ့။ ဒါဆို ရိုက်ရမယ့်ကောင်လွဲပြီ။ စံလှဘော် မဟုတ်တော့ဘူး။ အောင်သန်းကျော် ဖြစ်သွားပြီ။ ဒါပေမယ့် စံလှဘော်ကိုလည်း လွှတ် မထားဘူး။ ကာလသားတွေရှေ့မှာ သူ့ကိုခွစီးပြီး မြူအိုးနဲ့ရိုက်ဖို့ ရွယ်ခဲ့တာကို ဘယ်သော့

www.burmeseclassic.com

www.burmeseclassic.com



မကျောဘူး။ လူချင်းလုံးသတ်ဖို့ကျတော့လည်း စံလှဘော်ကို သူ မနိုင်လောက်တာသိတော့ အကွက်ဝင်လာမယ့်နေ့ စောင့်နေခဲ့တာကြာပြီ။ ငအုန်း မစဉ်းစားတတ်ဘူး။ မှတ်ကြီးက ထန်းရေတစ်အိုးကုန်အောင် မော့သောက်ပြီး အိုးကိုချလိုက်တယ်။ နှုတ်ခမ်းပါးနားသုတ်တယ်။

"အေ့ ... ငှက်နှစ်ကောင် တစ်ခါတည်းဖမ်းလို့တော့ရသာပေါ့ ငအုန်းရာ၊ အောင်သန်းကျော်လည်း ကွဲစေ၊ စံလှဘော်လည်း ဒုက္ခရောက်စေ၊ ဒါဆို မင်း ကျေနပ်မလား"

မှတ်ကြီးက ငအုန်းကို ပြုံးပြတယ်။ ငါ့ဘက်က တာဝန်ကျေစေရမယ်။ မင်းဘက်က တာဝန်သာကျေတော့ဆိုတဲ့ မျက်နှာပေါ်က အပြုံးကို ငအုန်းက သိပြီ။ အိတ်ထဲက ပိုက်ဆံပါသလောက်ထုတ်ပြီး မှတ်ကြီးရှေ့ ချပေးလိုက်တယ်။ မှတ်ကြီးက ရယ်တယ်။ နည်းတယ်ပေါ့။ ငအုန်းက ထန်းရည်ဖိုးရှင်းဖို့လောက် ကျန်တာဆိုတော့ ကိစ္စပြီးရင် ထပ်ပေးမယ်ဆိုတဲ့ကတိ ပေးလိုက်တယ်။ မရဘူး။ မှတ်ကြီးက လက်မခံဘူး။ နောက်ဆိုတာ မသေချာဘူး မဟုတ်လား။

"မင်း လက်စွပ်ချွတ်လိုက်လေကွာ ငအုန်းရ၊ ငါက အချုပ်နဲ့ထောင်နဲ့ ရင်းရမှာ၊ မင်းက တွန့်တိုနေတော့ မခက်ပါလားကွာ"

"ဒါက အမေတို့ ဆင်ထားသာကွ၊ ပြီးတော့ တန်ဖိုးကြီးသယ်။ ငါပိုက်ဆံ ပေးရင် ပြီးသာပဲကွ"

"လူရိုက်သာကျတော့ တန်ဖိုးမကြီးဘူးလား ငအုန်းရ"

"ကိုင်း ရော့ကွာ၊ မင်းသာ သေချာပစေ၊ ပိရိပစေ"

"မှတ်ကြီးပါကွာ၊ သေချာပါသယ်၊ ကိုင်းသွားစို့၊ တစ်ရက်နှစ်ရက်အတွင်း မင်းဘယ်မှ မထွက်နဲ့၊ မင်းဖြစ်စေချင်သာ ဖြစ်စေရမယ်"

ငအုန်းနဲ့ မှတ်ကြီး ထန်းတောထဲက စိုက်စိုက် စိုက်စိုက်နဲ့ ထွက်လာခဲ့ကြတယ်။ နောက်နှစ်ရက်လောက်မှာ ပဲပွဲစားလေး အောင်သန်းကျော် အရိုက်ခံရလို့ လှည်းလမ်းကြောင်းပေါ် ကားရားကြီးလဲနေလို့ ရွာထဲ အုတ်အော်သောင်းတင်း ဖြစ်သွားလေရဲ့။ သွေးအိုင်ထဲမှာ လဲနေတဲ့ ပဲပွဲစားကို လှည်းသမားကပဲ မွေ့တင်လာပြီး မြချစ်တို့အိမ်လာပို့တယ်။ လဲနေတဲ့အနားက သွေးစွန်းနေတဲ့ မာဖလား တစ်ထည်လည်းတွေ့လို့ ပေးခဲ့တယ်။ မြချစ်တို့က လူနာကို ချက်ချင်းပဲ တိုက်နယ် ဆေးရုံပို့ဖို့ ပြင်ရပြီ။ ခက်တာက မြောင်းကြီးလို ဖြစ်နေတဲ့ သျှိုကြီး ဖြတ်ရမှာ။ စောင်ပုခက်နဲ့ထမ်းပြီး တစ်ဖက်ကမ်းကို ပို့ရမယ်။ တစ်ဆက်တည်း တိုက်နယ်ဆေးရုံကို စောင်ပုခက်နဲ့ပဲ ရောက်အောင်ပို့ရမယ်။ ဒါမျိုးမှာ ကပွိုယ်ကြီး



စံလှဘော်ကိုခေါ်မှ ဖြစ်မှာကို တစ်ရွာလုံးက သိကြသားပဲ။ ဒါပေမယ့် ခေါ်လို့လည်း မဖြစ်ဘူး။ လူနာ့ဘေးနားမှာကျနေတဲ့ သွေးစွန်းမာဖလာက စံလှဘော်လည်ပင်း သိုင်းနေကျ မာဖလာ တဘက်ကျားကိုး။ တိုက်နယ်ရဲတွေ ဘုန်းကြီးကျောင်းပေါ်တက်လာတော့ စံလှဘော်က ရေတွင်းမှာ ကောက်ဆွကို ရေချိုးပေးနေလေရဲ့။

▢

## (၁၁)

သည်ရက်တွေထဲမှာ စံလှဘော်က ကောက်ဆွကို နေ့တိုင်း ရေမိုးချိုးပေးတယ်။ ရေတွင်းကရေကို ကိုယ်တိုင်ငင်ပြီး ခေါင်းကနေ ရေလောင်းချ၊ ပြီးမှ ဆပ်ပြာကြမ်းနဲ့ ခေါင်းကနေ ခြေအထိ ပွတ်တိုက်ပေးတယ်။ နှံ့ပြီဆိုတော့မှ ရေငင်ပြီး လောင်းချပြန်ရော။ ကောက်ဆွအသက် ဆယ်နှစ်သားအထိ ရေဘယ်နှစ်ခါချိုးခဲ့သလဲ မသိပေမယ့် သည်ကျောင်း ရောက်လာမှ ကြေးရှစ်သစ်တက် နေ့တိုင်း ချွတ်ပေးရတော့တာပဲ။ ကျောင်းထဲရှိသမျှ ကိုရင်ကျောင်းသားတိုင်းကို စံလှဘော်က ရေခပ်ကြရင်း သည်လိုပဲ ရေငင်ချိုးပေးနေကျပါ။ ဒါပေမယ့် ကောက်ဆွကိုတော့ သူကိုယ်တိုင် ဆပ်ပြာနဲ့ ပွတ်တိုက်ပြီး ဖအေတစ်ယောက်လို ရေချိုးပေးတယ်။ ဖအေဆိုတဲ့ မေတ္တာတော်ရှာသူကလေးကို သည်မေတ္တာဓာတ်ကလေး ရအောင် လုပ်ယူတာလည်း ပါပါတယ်။ ကောက်ဆွကိုယ်တိုင်ကတော့ ထူးထူးခြားခြား ပြောင်းလဲသွားပြီလို့တော့ မရှိပါဘူး။ ဒါပေမယ့် စံလှဘော်ကို ခင်လာတာ၊ အားကိုးလာတာ၊ ပြောရဲဆိုရဲရှိလာတာ၊ သွားကြီးတွေ အပြားလိုက်ပေါ်အောင် ရယ်တာမျိုးတွေတော့ ရှိလာပြီ။ စံလှဘော်က သူ့ကို အဖေလို့ခေါ်ဖို့ ပြောတော့ အဖေမှ မဟုတ်တာတဲ့။ စံလှဘော်က ကောက်ဆွ သည်လို ဖြေမယ်ဆိုတာ သိသားပဲ။

"မင်းမှာ အဖေ မရှိတော့ဘူးလေကွာ၊ မင်းအမေကို မင်းစိတ်နာနေသာဆိုတော့ မင်းအဖေကို မင်း မချစ်ဘူးလား။ မင်းကို သွားလေရာ ခေါ်သယ်ဆို၊ မင်းပြောရင်ရဆို၊ မင်းကို တစ်ခါမှ မရိုက်ဘူးဆို၊ မင်းပြောသာပဲ"

"အဲဒါနဲ့ ဘာဆိုင်လဲဗျ၊ အဖေ ဖြစ်ရရောလား"

စံလှဘော်က ရယ်တယ်။ စံလှဘော်က သူရေချိုးပေးတဲ့အကြောင်း၊ ခေါင်းဘာ ဆံပင်ရှည်လာရင် သင်တုန်းဓားနဲ့ တိပေးတဲ့အကြောင်း၊ အကျႌတွေ မုန့်ဖိုးတွေ တောင်းပေးတဲ့အကြောင်း၊ ပန်းကပ်၊ ရေချမ်းကပ်၊ ဆီမီးထွန်း ပူဇော်သာ

www.burmeseclassic.com

www.burmeseclassic.com



ကအစ သင်ပေးကြောင်းကနေ ညဘက် သူနဲ့အတူသိပ်တာရော၊ တခြားကလေးတွေနဲ့ ရန်မဖြစ်အောင် စောင့်ရှောက်ပေးတာရော၊ ကလေးတွေ အများကြီးထဲက ကောက်ဆွကို မုန့်ပဲသရေစာကျွေးတဲ့အကြောင်းတွေပါ ပြောပြတယ်။

"ကိုင်း၊ မင်းအဖေအရင်းတောင် အဲသလို လုပ်ပေးဖူးလို့လား"

"ဟင့်အင်း"

"ငါက မင်းအဖေထက်တောင် ကောင်းသေးသယ်။ ငါ မင်းအဖေ ဖြစ်ချင်သာ မင်းအမေကို လိုချင်လို့မှ မဟုတ်ဘဲကွ၊ မင်း မခေါ်ချင်တဲ့ ပထွေးကိုတောင် အဖေခေါ်ရသေးသာ၊ ငါ့ကို မင်း မခေါ်ချင်ဘူးလား"

ကောက်ဆွ တွေသွားတယ်။ ကပ္ပိယကြီးပြောတာ မှန်သားပဲ၊ သည်ကျောင်းမှာ ဆရာတော်ကြီးကအစ ကိုရင်တွေ ကျောင်းသားတွေကလည်း ချစ်ကြတယ်။ ညှာကြတယ်။ အတူကစားကြတယ်။ ဒါလည်း ဟုတ်နေသားပဲ။ သူ့ဘဝမှာ ဦးဘော်လောက် သူ့အပေါ်ကောင်းခဲ့တာမျိုးလည်း မကြုံခဲ့ဘူးဖူး။ ဒါပေမယ့် အဖေလို့ခေါ်ရမှာတော့လည်း ကောက်ဆွက ရှက်ပုံပါ။ စံလှဘော်က သိပြီ။

"ကောက်ဆွ"

"အဖေ"

စံလှဘော် မျက်ရည်တွေနဲ့ ကောက်ဆွကို ထဖက်တယ်။ သူ သည်လို အခေါ်ခံချင်တာ သံယောဇဉ်ရှိအောင်လို့ကလွဲရင် တခြားမရှိဘူး။ မေတ္တာခေတ် ဆိုတာ အေးမြတယ်ဆိုတာကလွဲရင် တခြားမရှိဘူး။ သည်ကလေးနဲ့သူ ဘဝဖေး အကျိုးပေးချင်းတူတယ်။ တစ်ယောက်က အဖေ၊ တစ်ယောက်က သားလို့ နှစ်ဦးကြားမှာ တစ်စုံတစ်ရာ ချစ်ခင်မှုရှိဖို့ကလွဲလို့ တခြားမရှိဘူး။ ရောက်စက ငဘော်လို့ခေါ်တဲ့ကလေးက တစ်နှစ်တောင် မရှိသေးဘူး အဖေလို့ခေါ်တယ်ဆို တာ လိမ္မာရေးခြားရှိလာတာပဲ မဟုတ်လား။ နူးညံ့လာတာပဲ မဟုတ်လား။ သည်ကတည်းက ကောက်ဆွက အဖေလို့ ခေါ်တယ်။ စံလှဘော်က ငါ့သားလို့ ထူး တယ်။ ဆရာတော်ကြီးကတောင် ဝမ်းမြောက်ဝမ်းသာ ရှိရှာတယ်။

"ကောက်ဆွ အဖေ ပြောမယ်၊ ကျောင်းသားချင်း ရန်မဖြစ်ရဘူး။ အနိုင် မကျင့်ရဘူး။ ဘုန်းကြီးကျောင်းမှာ ဆဲသံဆိုသံ မရှိရဘူး။ စာတတ်အောင်သင် ဘုရားစာ၊ တရားစာ၊ ရသလောက် ကျက်မှတ်၊ မင်းရော မရှိတော့တဲ့ မင်းမိဘ တွေပါ ကုသိုလ်ရသယ်။ မင်းကြီးရင် အဖေ့လိုပဲ ကျောင်းမှာ ကပ္ပိယကြီး လုပ်ရ ပေါ့ကွ။ ကပ္ပိယဆိုသာ သူတော်ကောင်းအလုပ်၊ ကြားလား ငါ့သား"

"အင်းပါ အဖေရ"

"ဟုတ်ကဲ့ အဖေလို့ ပြောကွ"



"ပြောတတ်ပေါင်ဗျာ"

အဲသည်နေ့က စံလှဘော် ထမင်းစားပြီးကတည်းက အိပ်ပျော်သွားတယ်။ နှင်းတိမ်းတော့မှ ဖျုပ်ခနဲနိုးတယ်။ ဆရာတော်က ငဘော် ကွမ်းရွက်ယူခဲ့စမ်းလို့ ဟစ်မိန့်လို့ ရေအိုးစင်ပေါ်က ကွမ်းရွက်တစ်ရွက် တစ်ထပ်ယူပြီး ဆရာတော့် သွားကပ်တယ်။ ကျောင်းပေါ်က ဆင်းလာတော့ ကောက်ဆွကို ရေချိုးပေးရဦးမှာ သတိရလို့ ချွေးခြောက်ခံပြီး ရေငင်ချိုးပေးတယ်။ သည်အချိန်မှာ ကျောင်းပေါ် ရဲတွေတက်သွားတာပါ။ ကောက်ဆွ ရေချိုးပြီးတော့ သက်နှံးယောင်းနဲ့ ခေါင်းတွေ ဖြီးပေးနေတုန်း ကိုရင်က ဆရာတော်ကြီးက ကျောင်းပေါ်တက်ခဲ့ဖို့မှာတယ် လို့ လာမိန့်တယ်။ ကောက်ဆွကိုထားခဲ့ပြီး ကျောင်းလှေကားက တက်မယ်ပြင် တော့ ရဲဖိနပ်သုံးလေးရံ တွေ့လိုက်ရတယ်။ ဘာများပါလိမ့်။ ကျောင်းပေါ်ရောက် တော့ ဆရာတော်ကို ဝတ်ဖြည့်ပြီး ပုဆစ်တုပ်ထိုင်တယ်။ ဆရာတော်က မျက်နှာ မကောင်းဘူး။

"ငဘော် မင်းကို ရဲတွေက တိုက်နယ်ဂတ်ကို ခေါ်ချင်လို့ လာလျှောက် ကြသယ်၊ မင်းဘာလုပ်ခဲ့သလဲ၊ မနက်က မင်းဘယ်သွားသေးသလဲ၊ မှန်မှန် ပြော"

"မနက်က မနက်က၊ ကောက်ဆွတို့ကလေးတွေ ပျောက်သွားလို့ လိုက် ရှာသပဲ ဘုရား"

"ဘယ်ဘက် သွားရှာသာတုန်း"

"တောင်ဆူးတံခါးအပြင်လောက်ပါပဲ ဘုရား၊ ဘာဖြစ်လို့လဲ ဘုရား"

"ပဲပွဲစား မောင်ရင်လေး အရိုက်ခံရသယ်၊ ဒဏ်ရာက ကြီးသယ်၊ အခု သည်းနဲ့ တိုက်နယ်ဆေးခန်း ရောက်သွားပါပြီ။ ခမျာ တို့ရွာ အားကိုးလို့ လာ ရှာသာ၊ ဒုက္ခတွေ့ရရှာသယ်"

"အော်... သနားပါ့၊ တပည့်တော် ဘာလုပ်ပေးရမှာလဲ ဘုရား၊ သွားစောင့် ရမှာလား ဘုရား"

ဆရာတော်က ငြိမ်သွားလေရဲ့၊ ရဲတွေကတော့ စံလှဘော်ကို ကျောင်းပေါ် တက်လာကတည်းက စူးစူးစိုက်စိုက် ကြည့်ကြတယ်။ ရဲတစ်ယောက်က သတင်း စက္ကူနဲ့ခေါက်ထားတဲ့ မာဖလာကိုပြတယ်။ သွေးတွေကလည်း စွန်းလို့။ စံလှဘော်က သူ့မာဖလာမှန်း သိလိုက်ပြီ။ သည်မာဖလာ မနေ့ညက ရေပ်ရွာ စုံးတန်းရှေ့မှာ လှန်းခဲ့တာ သူမှတ်မိတယ်။ အခုဘယ့်နှယ် ရဲဆွဲလာတာ ဖြစ်နေရတာလဲ။ ဘယ့်နှယ် သွေးစွန်းရတာလဲ။

"ဒါ မင်း မာဖလာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျား"

"အရိုက်ခံရသူနားမှာ တွေ့ခဲ့တာပဲ၊ မင်းကိုမေးစရာ ဖြစ်နေပြီ။ ဂါတ် ခဏလိုက်ခဲ့ကွာ"

ရဲကြီးက သူ့တပည့်ရဲကို လှမ်းကြည့်တော့ ရဲလေးက စံလှဘော်ကို လက်ထိပ်ခတ်လိုက်တယ်။ စံလှဘော်တစ်ကိုယ်လုံး ကျင်ခနဲဖြစ်သွားရာက ဆရာတော်ကို အားကိုးတကြီး လှမ်းကြည့်တယ်။ စံလှဘော်က အသံတုန်တုန်နဲ့ အော်လေရော။

"တပည့်တော်ကို ကယ်ပါဦး ဘုရား၊ တပည့်တော် ဘာမှမသိပါဘူး ဘုရား၊ တပည့်တော် ဘယ်သူ့မှလည်း မရိုက်ရပါဘူးဘုရား"

ဆရာတော်က တစ်ခွန်းပဲ မိန့်တယ်။

"ဘောဘ် တရားကို နတ်စောင့်သယ်။ မင်းလိုက်သွားပါ။ သူတို့မေး မဟုတ်တော့ ပြန်ခဲ့ပေါ့ကွယ်။ ကိုင်း ခေါ်သွားကြ"

စံလှဘော်က လက်ထိပ်တန်းလန်းနဲ့ ကျောင်းလှေကားကြီးက ဆင်း တော့ ကျောင်းဝမှာ ရွာသူရွာသားတွေ ပြည့်နေပြီ။ စံလှဘော်က လူနှစ်ယော ကို လူကြားထဲမှာ လိုက်ရှာတယ်။ တစ်ယောက်က မြချစ်၊ တစ်ယောက် ကောက်ဆွ။ မြချစ်က လူတွေကြားမှာ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေ စံလှဘော်ကို ကြည့်နေတာတွေ့ရပြီ။ ကောက်ဆွကကော။ ရဲတွေက စံလှဘော် ကျောကနေ ဖက်ခေါ်သွားကြတယ်။ သည်မှာတင် ကောက်ဆွ ပြေးလာတ

"အဖေ ဘယ်တုန်း၊ ဘယ်သွားမလို့တုန်း၊ လက်က ဘာကြီးတုန်း"

"အဖေ ပြန်လာမယ်၊ ကျောင်းက မပြေးနဲ့၊ ရန်မဖြစ်နဲ့၊ အနိုင်မကျင့် အဖေ့လို ကပ္ပိယလုပ်နှင့်၊ ဆရာတော်ကြီး အနားမှာနေ၊ ခိုင်းသာလုပ်ပေး"

"အင်းပါ"

ကောက်ဆွက စံလှဘော်ကို ငေးရင်း ကျန်ရစ်ခဲ့တယ်။ ရွာသူရွာသား တွေကြားထဲကပဲ စံလှဘော်ကို ခေါ်သွားကြလေရဲ့။ ဆရာတော်ကြီးက ကျော ပေါ်ကနေ လှမ်းကြည့်ရင်း မျက်နှာမကောင်းရှာဘူး။ ရွာသူ ရွာသားတွေ ချက်ချင်း မပြန်ကြသေးဘူး။ စံလှဘော် လူရိုက်လို့တဲ့ဆိုတဲ့ သတင်းအ မှာ အမျိုးမျိုးပြောနေကြတာကလွဲရင် မဆုံးဖြတ်နိုင်ကြဘူး။ ညနေကြီးရော တော့မှ ကျောင်းကလူတွေ တဖြည်းဖြည်း ကျဲသွားတော့တယ်။

ကောက်ဆွကတော့ ကျောင်းလှေကား မှောင်မှောင်မှာ ငိုလို့။ ကို ကျောင်းသားသုံးလေးယောက်က ဝိုင်းလို့။



(၁၂)

"ကိုရင်"

"ဘုရား"

"ကွမ်းယူခဲ့"

"တင်ပါ့ဘုရား"

ကိုရင် တိက္ခက ကျောင်းအောက်က ရေအိုးစင်က ကွမ်းရွက်လေး ငါးရွက် ယူပြီး ကျောင်းလှေကားက တက်လာတယ်။ ကွမ်းအစ်ထဲ ကွမ်းရွက်တွေ ည့်ပြီး ဆရာတော်ကို ဝတ်ဖြည့်တယ်။ ဆရာတော်က ရပြီသွားတော့လို့ မမိန့် လို့ ကိုရင်တိက္ခ အသာစောင့်နေလိုက်တယ်။ ဆရာတော်က ကွမ်းရွက်တစ် ယူပြီး ကွမ်းယာတယ်။ ကိုရင်တိက္ခကို လှမ်းကြည့်ပြီး မေးတော်မူတယ်။

"အိမ်ပြန်အိပ်တဲ့ ကျောင်းသားတွေ ပြန်ရောက်ကြပြီလား"

"ရောက်ပါပြီဘုရား"

"ကောက်ဆွကော မမြင်ပါလား"

"ကောက်ဆွ မိုးလင်းသာနဲ့ ပျောက်သွားနေသာပါဘုရား"

"ဟေ...၊ ဘယ်တွေ ပျောက်သွားနေသာလဲ"

"သူ့အဖေ သွားမျှော်သာတဲ့ ဘုရား၊ လှိုင်ထိပ်ကို နေ့တိုင်းသွားသာ ဘုရား"

"ကောက်ဆွ ပြန်လာရင် လွှတ်လိုက်၊ ကိုရင်သွားတော့၊ စာကြည့်နေ"

"တင်ပါ့ဘုရား"

အရင်ရက်တွေက မနက်မိုးလင်းတာနဲ့ ကောက်ဆွက ကျောင်းတစ်ဝင်းလုံး နဲ့ တံမြက်စည်းလှည်းတာ ဆရာတော်မြင်နေကျ။ စံလှဘော် မရှိကတည်းက ကောက်ဆွက သူလုပ်နိုင်တာတွေ လုပ်နေလို့ ခေါ်မေးတော့ သူ့အဖေအစား ကပ္ပိယအလုပ်တွေ သူ လုပ်တာပါဘုရားဖြေလို့ ဆရာတော်ကြီးတောင် ပြုံးမိ တယ်။ သည်ကလေးက စံလှဘော်ကို ခင်ရှာတာလည်း ဆရာတော်အသိ။ သည်ဘက်ရက်တွေမှာတော့ ကောက်ဆွက ကျောင်းမကပ်ချင်တော့ဘူး။ လင်း တာနဲ့ ကျောင်းရှိတာလေး စားပြီး ပျောက်ပျောက်သွားတတ်တယ်။ နေ့ခင်း ဆွမ်းစားချိန်လည်း ပြန်မလာတော့ ရွာရိုးကိုးပေါက် ကိုရင်တွေ လိုက်အရှာ ရတယ်။ ဆရာတော်က မေးတော့လည်း ကျောင်းမှာမနေချင်လို့ပါ ဘုရား ဖြေတယ်။

"အဖေမရှိတော့ ကျောင်းမှာ မနေချင်ဘူး ဘုရား"

"ဟဲ့...၊ မင်းရွာက ငါ့ကို အပ်ခဲ့သာ၊ ဘောဘ်ကိုအပ်သာ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းသားဆိုသာ ဘုန်းကြီးကျောင်းမှာ ရှိရမှာပေါ့။ နောက် လျှောက်မသွားနဲ့ ကြားလား၊ ဘော် ပြန်လာမှာပါ"

"တင်ပါ့ဘုရား၊ ဘယ်တော့ပြန်လာမှာလဲ ဘုရား"

"မေးတုန်း မြန်းတုန်းနဲ့ တူပါရဲ့ကွာ၊ လာမှာပေါ့"

ဆရာတော်ကိုယ်တိုင်က လာမှာပေါ့ဆိုပေမယ့် သေချာတာ မဟုတ်ဘူး သူ လူရိုက်မှုနဲ့ပတ်သက်လို့ ရွာက အမျိုးမျိုး ထင်ကြေးပေးကြတာကို ဆရာတော်လည်း ကြားတယ်။ တချို့က စံလှဘော်ကို ထင်ကြတယ်။ တချို့က စံလှဘော် မဟုတ်လောက်ဘူး ဆိုကြရဲ့။ စံလှဘော် ကျောင်းရောက်လာတဲ့ အနှစ်နှစ်ဆယ်အတွင်း စံလှဘော်မှာ သည်လို ရန့်ရင်းကြမ်းကြုတ်တဲ့အပြုအမူ မမြင်ဖူးခဲ့ပါဘူး ပဲပွဲစားကလေးကို ရိုက်ရလောက်အောင်ကလည်း သူတို့ချင်းအကြောင်းတိုက်စရာ မရှိဘူး။ ဆရာတော့်နှမ ဒကာမကြီး ဒေါ်အေးမေကတော့ ကိုယ်တော့်တူ ကပ္ပိယက မှန်းနေတာကိုး ဘုရား။ ကောင်လေး ရိုးရိုးသားသား ဝင်ထွက်နေတာကို မရှုစိမ့်တာပါ ဘုရား။ ကျောင်းမှာ မထားပါနဲ့တော့ဘုရားလို့ လျှောက်တယ် လူဆိုတော့လည်း ခက်သားပဲ။ မှားချင်တော့လည်း မှားနိုင်တာပဲ။ ဟုတ်များ ဟုတ်နေရော့လားလို့လည်း ဆရာတော်က တွက်တယ်။ တစ်ခါတစ်ခါတော့ လည်း သည်ကိစ္စ မဟုတ်နိုင်ဘူးလို့ စဉ်းစားမိပြန်ရော။ စံလှဘော်က မြချစ်ကို မရိုးမသားမရှိဘူးလို့ ဆရာတော် ယုံကြည်တယ်။ ကျောင်းမှာ သည်လိုပဲ ခင်ခင် မင်မင် နောက်နောက်ပြောင်ပြောင်နေကြတာပဲ။ ကပ္ပိယ စံလှဘော်က ဆရာတော် တူမအရင်း ရွှာမိန်းမချောစာရင်းဝင် မြချစ်ကို ကြိုက်ဝံ့ပါ့မလား။ စံလှဘော်က ကြိုက်တယ်ထားဦး၊ မြချစ်က စိတ်ကူးပါ့မလား။ လောကီအရေးတွေ ရှုပ် ထွေးလွန်းလှတယ်လို့ပဲ ဆရာတော် ဆင်ခြင်မိတာကလွဲလို့ ကပ္ပိယ စံလှဘော် ကို သည်ကိစ္စမှာ အပြစ်မမြင်ပါဘူး။ လူရိုက်လောက်တဲ့အထိလည်း စံလှဘော် မမိုက်ဘူးလို့ ဆရာတော် စဉ်းစားတယ်။

သည်လိုနဲ့ စံလှဘော်ကို ဂုတ်တဲက ခေါ်သွားတာ ငါးရက်တောင်ရှိပြီ ဟုတ်လို့များ ဖမ်းထားလေရော့လား။ အမှုအခင်း တရားတဘောင်စွဲလို့ ထောင် တန်းများ ကျရော့လား။ ကပ္ပိယသူတော်ကောင်းကြီး သူ့အကုသိုလ် သူခံရော့ ကော ဟုတ်ကဲ့လား။ သူတစ်ပါးအကုသိုလ်များ သူ့အပေါ် ဖိစီးရော့လား။ သည် အချိန်မှာပဲ ကောက်ဆွက ဝတ်လာဖြည့်တယ်။

"ကောက်ဆွ ၊ နင် ဘယ်လျှောက်သွားနေသာတုန်း၊ ကျောင်းမကပ်ဘူး ဆို"



"ဘုရား...၊ ရွာထဲ လျှောက်သွားသာဘုရား"

"ကိုယ့်ကျောင်းကိုယ်နေ၊ ဘော် ပြန်လာလိမ့်မယ် ကြားလား၊ မနက်ဖြန် အာက်ခါမှ မလာရင် ငါလိုက်သွားမှာ ကြားလား"

"တင်ပါ့ဘုရား"

"သွား၊ ထမင်းစား"

ကောက်ဆွက ကျောင်းအောက် ပြန်ဆင်းခဲ့တယ်။

ကောက်ဆွက ဆရာတော့်ကို "တင်ပါ့ဘုရား" ဆိုပေသိ ကျောင်းထဲမှာ နေသလောက်ပဲ။ ကြာတော့ ဆရာတော်ကလည်း ပြောမနေတော့ဘူး။ အချိန် တန် ကျောင်းကို ပြန်ရောက်လာတာဆိုတော့ အသာခွင့်လွှတ်ထားခဲ့တယ်။ ကောက်ဆွက ရွာရိုးကိုးပေါက်သာ လျှောက်သွားနေတာ၊ မနက်ဘက် ဘုရား ပန်းကပ်တယ်။ ရေချမ်းကပ်တယ်။ ဆီမီးပူဇော်တယ်။ စံလှဘော် သင်ပေးထား သမျှ ပန်းကပ်ရေချမ်းကပ်တွေ အကုန်ရွတ်တယ်။ ကျောင်းခါးပန်းမှာ စံလှဘော် ထွက်သွားတဲ့ ရက်ကတည်းက အဖေလို့ ဆင်းရေးလေ့ရှိတယ်။ ရေကြည့်တော့ "အဖေ" ခြောက်ခါ ရေးပြီးပြီ။ နေ့စွဲရက်စွဲရယ် မရေးတတ်တော့ စံလှဘော် မရှိတဲ့ရက်တွေမှာ သူရေးတတ်သလို အဖေလို့ ရေးထားတာပါ။ ကောက်ဆွက စာရေးတတ်လှသေးတာ မဟုတ်ဘူး။ ကောက်ဆွလို့ ရေးတတ်တယ်။ အဖေလို့ ရေးတတ်တယ်။ သူ့ဆရာမ မမြချစ်လို့ ရေးတတ်တယ်။ သည်သုံးမျိုးတော့ ကောင်းကောင်း ရေးတတ်တယ်။

ကောက်ဆွက မနက်တိုင်းလုပ်နေကျ ရွာနဲ့ နှစ်မိုင်လောက်ဝေးတဲ့ လှိုင်း ထိပ် လျှောက်လာခဲ့တယ်။ လှိုင်းထဲဆင်းတယ်။ တစ်ဖက်လှိုင်းထိပ်တက်လာပြီး နောက်ထပ်နှစ်မိုင်လောက်ဝေးတဲ့ တိုက်နယ်ရွာဘက်ကို လှမ်းမျှော်တယ်။ ရဲတွေ က စံလှဘော်ကို အဲသည်ရွာကြီးဘက် ခေါ်သွားတယ်ဆိုတာပဲ သိတယ်။ သူ မရောက်ဖူးဘူး။ တစ်ခါတစ်ခါတော့ တိုက်နယ်ရွာဘက်လိုက်ဖို့ စိတ်ကူးတယ်၊ အဖေ့ကို ဖမ်းထားတဲ့နေရာကို လိုက်ရှာပြီး အဖေလို့ ခေါ်လိုက်ချင်တယ်။ ဒါပေမယ့် စံလှဘော်က သူ့ကို ကျောင်းမှာပဲနေလို့ မှာသွားတယ်မဟုတ်လား။ တစ်နေ့နေ့တော့ သည်လမ်းကပဲ အဖေ ပြန်လာမယ်လို့တော့ သူ သိတယ်။ ဒါကြောင့် မနက်မနက် သည်ကို လာမျှော်နေကြ။ ဘယ်သူမှ လှိုင်းဘက်ထိုလာ တာ မတွေ့ပါဘူး။ နာရီဝက် တစ်နာရီလောက် ရွာထိပ် ကန်သင်းရိုးထိုင်ပြီး သည့်ပြန်တာပဲ။

သည်ကနေ့တော့ ကောက်ဆွ လှိုင်းထိပ်ကနေ ရွာဘက်ပြန်ခဲ့ပြီး ကျောင်း

www.burmeseclassic.com



တန်းမသွားဘူး။ ရွာထဲမဝင်ဘဲ ရွာအနောက်ဘက်ထွက်တဲ့ သရက်တော၊ ညောင်တောဘက် လျှောက်လာခဲ့တယ်။ သရက်တော ညောင်တောဘက်မှာ အမြဲတမ်း ဝိုင်းဖွဲ့နေတတ်တဲ့ ကြက်ဝိုင်းကြီးရှိတယ်။ သည်သရက်တော ညောင်တောက ရွာတွေဆုံတဲ့အလယ်လောက်ကျ ဟိုရွာသည်ရွာက ကြက်သမားတွေ ဆုံနေကျ ကြက်ပွဲကြီး လုပ်နေကျ။ တစ်ခါတစ်ခါ ကြေးကြီးကြက်ဝိုင်းတွေရှိတဲ့အပြင် လူတွေကလည်း လောင်းကြ စားကြ၊ အော်ကြ ဟစ်ကြရှိကြတာကို ကောက်ဆွ လာငေးတတ်တယ်။ သည်ကြက်ဝိုင်းကြီးရှိတာကို သည်ရွာရောက်စက မသိ သေးမယ့် စံလှဘော် မရှိတဲ့နောက်ပိုင်း ဟိုဟိုသည်သည် လျှောက်သွားရာက တွေ့ ထားတာပါ။

ကောက်ဆွ ထင်တဲ့အတိုင်းပဲ။ ကြက်ဝိုင်းကြီး စည်လှပြီ။ လူကြီးတွေရော ကလေးတွေရော ကြက်ပွဲကို ဝိုင်းကြည့်နေကြတာပဲ မနည်းဘူး။ ကောက်ဆွ ရောက်သွားတော့ တိုးလို့တောင် မရချင်တော့ အနားက သစ်ပင်ပေါ်တက်ပြီး ခွဆုံထိုင်ကြည့်တယ်။ ကြက်နှစ်ကောင်ခွပ်နေတာ ကြောက်စရာတောင် ကောင်း တယ်။ လူတွေက တဝေးဝေး။ ကြက်တွေက တဖျန်းဖျန်း။ တစ်ပွဲပြီးတော့ နောက်နှစ်ကောင်တိုက်ဖို့ အဆင်သင့်။ ကိုယ့်ရွာက ကိုယ့်ကြက်ပိုက်လာကြ ပြီး ကြေးကိုက်ရင် ကြိုရာရွာကြက်နဲ့ တိုက်ကြတဲ့ပွဲဆိုတော့ လောင်းကြေးတွေ ကလည်း ပလုပ်ျလို့။ ကြက်တစ်ဝိုင်းနားတော့လည်း ကောက်ဆွ ဆင်းမလာဘူး။

သစ်ပင်အောက်ကို လူနှစ်ယောက် ရောက်လာတယ်။ တစ်ယောက်က ပိန်ပိန်။ တစ်ယောက်က ဝဝ။ ဝဝလူက သူ့လက်မှာ စွပ်ထားတဲ့ လက်စွပ်ချွတ် ပြီး ပိန်ပိန့်လူလက်ထဲ ထည့်နေတာ ကောက်ဆွ မြင်နေရတယ်။

"မင်းက ဘယ်လောက်လိုချင်လို့လဲ မှတ်ကြီး၊ မင်းခိုးရာပါတော့ မဟုတ် ပါဘူးနော်၊ ငါ့ အမှုပတ်နေပါဦးမယ်"

"ဟာဗျာ မှတ်ကြီးပါ၊ လူသာရိုက်ချင်ရိုက်မယ်။ ခိုးတဲ့အလုပ် ဘယ်တုန်း ကမှ မလုပ်ဘူး။ ခင်ဗျားပဲဖြစ်ဗျာ၊ ကျုပ်က စျေးတော့မသိဘူး"

"မင်းလက်စွပ် မင်း တန်ဖိုးမသိဘူးလားကွ၊ ငါပေးသာနည်းရင် မင်းက နှိမ်သယ်ထင်ဦးမယ်၊ ပြောကွာ ငါပေးနိုင်ရင်ပေးမယ်"

"ကျုပ်လက်စွပ် မဟုတ်ဘူးဗျ၊ ကျုပ်ကို ဒေအုန်းက ပေးသာ၊ ဘယ်လောက် တန်သယ် ကျုပ်လည်း မသိဘူး၊ လုပ်ဗျာ နောက်တစ်ပွဲစတော့မယ်"

"ဒေအုန်းပေးသာဆိုတော့ ပိုဆိုးသွားပြီပေါ့ကွာ၊ ဒေအုန်းက မင်းကို ဘာလို့ လက်စွပ်တစ်ကွင်း အလကားပေးသာတုန်း၊ ရှုပ်ရှုပ်ယှက်ယှက်ကွာ"



"ခင်ဗျားနဲ့တော့ ခက်နေပါပြီ၊ အဲဒါက ကျုပ်တို့ကိစ္စပါ၊ ကဲ လုပ်စမ်းပါ ဗျာ"

"ခက်တော့သာပဲ မှတ်ကြီးရာ"

နောက်တော့ လူပိန်ပိန်က မှတ်ကြီးဆိုတဲ့လူကို ငွေစက္ကူတွေပေးနေတာ ကိုလည်း ကောက်ဆွ မြင်ရတယ်။ ဘယ်လောက်မှန်းတော့ မသိဘူး။ ကြက်ပွဲလည်း ပြန်စပြီ။ ကြက်တွေ တဖျန်းဖျန်းခွပ်နေကြတာကို ကောက်ဆွ သဘောကျတယ်။ ဟိုကြက် ကိုယ့်ကြက်ဆွဲပြီး ချွဲထုတ်တာ၊ ကြက်ကိုင်တာ၊ ရေပေးတာတွေကို ကောက်ဆွ ကောင်းကောင်းမှတ်ထားတယ်။ စည်းဝိုင်းထဲမှာ ကြက်တွေလွှတ် တော့ ခွပ်ကြပြန်ရော။

ကြက် လေးပွဲ ငါးပွဲတိုက်ပြီးတော့တောင် ကြက်ပွဲပရိသတ်က မလျော့ဘူး။ နေရောင်တောင် ပျောက်တော့မယ်။ ကောက်ဆွလည်း သစ်ပင်ပေါ်က ဆင်းပြီး ကျောင်းဘက်ပြန်ခဲ့တယ်။ သူ့မျက်စိထဲမှာ သည်းကြီးမည်းကြီး တိုက်နေတဲ့ ကြက် နှစ်ကောင်ကို မျက်စိထဲ မြင်ယောင်နေမိတယ်။ ကြက်ပွဲကို မြင်စက သူ့စိတ်ထဲမှာ ကျေနပ်သလိုလို ပျော်သလိုလို ရှိခဲ့ပေမယ့် နောက်တော့ ကြက်တွေကို သနား စိတ်ဝင်လာခဲ့တယ်။ တစ်ကောင့်တစ်ကောင် ရန်ညှိုးရန်စ မရှိပါဘဲနဲ့ ရေကုန် ရေခန်း ခွပ်နေကြတာကို ကောက်ဆွ နားမလည်နိုင်ဘူး။ အဖေသိရင် ကြိုက်ပါ့ မလားလို့လည်း တွေးမိတယ်။ ဆရာတော်ကြီးက ဘုန်းကြီးကျောင်းသားဆိုတာ ကျောင်းမှာနေရတယ်တဲ့။ ကျောင်းမှာပဲနေတော့မယ်လို့ ကောက်ဆွ စိတ်ကူး တယ်။

ကျောင်းရောက်တော့ သရက်ကင်း လှေကားကြီးရဲ့ အောက်ဆုံး လှေကား ထစ်မှာ ခဏထိုင်လိုက်တယ်။ လှေကားရင်းမြေပြင်မှာ ဖိနပ်လေးငါးရံရှိနေတာ ကို တွေ့တယ်။ လူဖိနပ်က နှစ်ရံ၊ ကျန်တာ ကိုရင် ဖိနပ်တွေ။ ကောက်ဆွ လူ ဖိနပ်နှစ်ရံကို သေချာအောင် ပြန်ကြည့်တယ်။ ဧည့်သည်တွေများ ကျောင်းပေါ် ရောက်နေရော့လား။ တစ်ရံသောဖိနပ်က သူသိတဲ့ဖိနပ်။ တာယာဖိနပ်။ ကောက်ဆွ ဒူးထလိုက်ပြီး လှေကားအတိုင်း အော်ပြေးလေရဲ့။

"အဖေ"

ကောက်ဆွ ထင်တဲ့အတိုင်းပဲ။ ဆရာတော်ကြီးရှေ့မှာ စံလှဘော်နဲ့ ကျေးရွာ လူကြီးတစ်ယောက်ထိုင်နေတာ ကောက်ဆွ တွေ့တယ်။ အဖေ ဘယ်တုန်းက ပြန်ရောက်တာလဲ။ မနက်ကမှ လျှိုကမ်းပါးထိပ်မှာ သူကိုယ်တိုင် သွားမျှော်ခဲ့ သေးတာပဲ။ ကောက်ဆွက ဆရာတော့်ရှေ့မှာတောင် ဟန်မလုပ်နိုင်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



စံလှဘော် ကျောကုန်းပေါ် တက်ခွတယ်။ စံလှဘော်မျက်နှာကို ဆွဲလှန်ကြည့်တယ်။

“အဖေ…ကျုပ် မနက်က လျှိုထိပ် သွားမျှော်ခဲ့သေးသာဗျ။ အဖေ ပြန်လာပြီပေါ့။ ပြန်သွားရဦးမှာလား။ ကျုပ် လွမ်းလိုက်သာဗျာ”

“အဖေကလည်း လွမ်းပါ့ကွာ။ အကုသိုလ်ဝင်တာပေါ့ ကောက်ဆွရာ မင်းကျောင်းမှာ မရှိဘူးဆို။ ကျောင်းဝေယျာဝစ္စ နိုင်သလောက် လုပ်မှပေါ့ကွ မင်း ကပ္ပိယပါဆိုမှ”

“လုပ်ပါသယ်ဗျာ၊ ကျုပ်က အားလုံးပြီးမှ လျှောက်သွားသာပါ။ အဖေ့ကို ရဲတွေက ဘာလုပ်ကြသေးတုန်း”

“ဘာမှမလုပ်ပါဘူးကွာ၊ ခေါ်မေးကြသာပါ”

အတူရောက်နေတဲ့ ရွာလူကြီးက ဆရာတော်ကို ဝတ်ဖြည့်တယ်။

“အဲဒါပါပဲ ဘုရား၊ မနက်ကရဲတစ်ယောက် လာခေါ်လို့ လိုက်သွားတော့ အပြန် စံလှဘော်ကို ပြန်ထည့်ပေးလိုက်သာပါပဲ ဘုရား၊ သည်ရက်ထဲတော့ စံလှဘော် ကျောင်းမှာပဲ ရှိပါစေလို့လည်း မှာသယ်ဘုရား။ ရိုက်တဲ့တရား သူတို့လည်း ရှာနေပုံပါ ဘုရား”

“အေး ဒကာမောင်ကျော်၊ ပြန်…ပြန်၊ ကျန်းမာချမ်းသာပါစေ”

စံလှဘော်နဲ့ ကောက်ဆွ ကျောင်းအောက် ဆင်းလာခဲ့ကြတယ်။ စံလှဘော်က ရှင်းသန့်နေတဲ့ ကျောင်းဝိုင်းကြီးကိုကြည့်ပြီး ပြုံးတယ်။ ကောက်ဆွကို ဖက်လိုက်တယ်။

“မင်း လှည်းသာလား”

“အင်းပေါ့ အဖေရ”

ဆရာတော်ကြီးက စံလှဘော်နဲ့ ကောက်ဆွအဖြစ်ကို ကြည့်ရင်း ပြုံးတော်မူတယ်။ မေတ္တာရဲ့ အေးမြသန့်စင်မှုကို နှလုံးသွင်းနေတော်မူပုံလည်း ပေါ်တယ်။

❒

## (၁၃)

မြချစ်က ရွာလယ်လမ်းကမပြန်ဘဲ ရောက်လက်စ ရွာပြင်လမ်းက ပြန်ခဲ့တယ်။ ဆေးဆိုးအပ်ထားတဲ့ ချည်ခင်တွေကို အနောက်ချောင်ဘက်က လာယူတာ မြချစ် ကိုယ်တိုင်လုပ်ခဲ့တယ်။ အိမ်က နှစ်ဝမ်းကွဲညီမ အေးသင် လာယူနေကျ သည်တစ်ခေါက်တော့ အေးသင် မရှိတာနဲ့ ကိုယ်တိုင်ထလာခဲ့တာဆိုတော့ ...



...ကိုအောင် ရွာလယ်လမ်းဘက် မလှည့်တော့ပဲ အနောက်ချောင်က ပန်းထွက်တဲ့လမ်းကပဲ ပြန်လိုက်တော့တယ်။ အနောက်ချောင်ကနေ ရွာလယ်လမ်းမကူးခင်မှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်။ ညောင်ပင်ကြီးကနေ ထွက်လိုက်ရင် ရွာလယ်လမ်း ရောက်တာဆိုတော့ ညောင်ရိပ်ကပဲ ဖြတ်လိုက်တယ်။ ညောင်ရိပ်ရောက်တော့ မြန်းခနဲဆို လူတစ်ယောက်ရှေ့က ဆီးကာလို့ မြချစ် တုန်တောင်သွားတယ်။ ထန်းရည်နံ့က ထောင်းထောင်းထလို့၊ လူကလည်း စိုက်ထိုးလို့။ ပုဆိုးရင်ခေါင်း ဘက်ဝတ်ထားကတည်းက ရွာက လူပေါ်ကြော့ အေနန်းမှန်းသိလိုက်ပြီ။ ဒါပေမယ့် မြချစ်က အေနန်းကို ပန်းပြီး ဆက်လျှောက်လာခဲ့တယ်။ အေနန်းက လူပါး။ မြချစ် ရှောင်မယ်ဆိုတာသိတော့ မြချစ်ဘေး ဝင်ကပ်ပြီး လူချင်းလုံးလိုက်တယ်။ မြချစ် က ဒေါသနဲ့ လှမ်းရိုက်တော့ အေနန်းက လက်ကိုဆွဲလိုက်ကရော။

“အောင်မာ ရာရာစစ၊ နင် ဘာလာလုပ်သာလဲ၊ ဖယ်ပါ လမ်းက၊ နင့် ဒါပဲ၊ ရွာကမိန်းကလေးတွေ အနှောင့်အယှက်ပေးဖို့လောက်ပဲ စဉ်းစားတဲ့ကောင်၊ ငါက လူကြီးတွေမျက်နှာထောက်လို့နော် အေနန်း၊ ငါက လက်တင်ခံသာ မဟုတ်ဘူး”

“နင်က စမှားသာပဲ မြချစ်ကဲ့၊ ငါက စကားလေး တစ်ခွန်းနှစ်ခွန်း ကိုယ့်ရွာသူရွာသားချင်း ပြောချင်သာ။ နင်က ရန်သူကြီးကျလို့။ အေးလေ နင်က မာနကြီးလို့ ကောင်းနေသာကိုး”

“ဘာမာနကြီးသာလဲ၊ ငါ အရင်ကတည်းက သည်အတိုင်းပဲ။ ငါ မာနကြီးကြီး၊ မကြီးကြီး နင်နဲ့ဘာဆိုင်လို့လဲ။ ဖယ်စမ်း၊ လူမြင်လို့မကောင်းဘူး”

မြချစ်က လက်ထဲက ပြုတ်ကျသွားတဲ့ ချည်ခင်တွေ ပြန်ကောက်တော့ အေနန်းက ဝိုင်းကောက်ပေးတယ်။ မြချစ်က အေနန်းပေးတဲ့ ချည်ခင်တွေကို ဆိုးဆိုးဆတ်ဆတ်ယူတဲ့ပြီး သုတ်သုတ်ပြေးဖို့ ခြေလှမ်းပြင်ရော။ အေနန်းက မဖယ်ဘူး။ မြချစ်ကို ပိတ်ရပ်ပြီး လူချင်းကပ်လိုက်တော့ မြချစ်က အသာနောက်ဆုတ်ပေးလိုက်တယ်။

“မြချစ်၊ နင်တို့အိမ်မှာ လူတွေများလှချေလား။ ဘယ်ကလူတွေလဲ။ ဘာလာလုပ်ကြသာလဲ။ ငါ့မှာ ထမင်းတောင် ဖြောင့်ဖြောင့်မစားနိုင်ဘူး”

“ထမင်းမစားနိုင်ဘူး။ ထရေတော့ မြိုနိုင်တယ်ပေါ့။ ပွဲစားလေး အရိုက်ခံရတော့ သူ့မိဘတွေ အကျိုးသင့် အကြောင်းသင့် လာကြသာပေါ့ဟဲ့။ ကြားပြီးလားလှပြီ။ အခုမှ ပေါက်ပေါက်လာပွင့်မနေနဲ့”

“ပေါက်ပေါက်က ပွင့်ချင်ချင်ပါဟာ။ နင်က တစ်မြို့သား အထင်ကြီး လိုက်သာ။ တစ်မြို့သားက တောပန်းလာချူတော့ အရိုက်ခံရသာ နည်းတောင်

www.burmeseclassic.com



နည်းသေးသယ်။ ကပ္ပိယ ရိုက်လို့ပေါ့ဟာ။ ငါ့သာဆို အသေတောင် သတ်ဦးမယ်"

"နင် လုပ်ကြည့်လိုက်လေ။ မြချစ်က အသက်ချင်းတောင် လဲလိုက်ချင်သေး။ သတ္တိမရှိလို့ ချောင်းရိုက်သာ။ ကပ္ပိယလည်း မကျေဘူး။ ကျောင်းထမင်း ကျောင်းဟင်းစားပြီး လူပါးဝလို့။ ဘုန်းမျက်နှာကြောင့် သည်းခံလိုက်သာ၊ နင်လည်း ကြပ်ကြပ်သတိထား"

"မြချစ်ရယ်၊ ငါက ဘုန်းကြီးကျောင်းမှာ ကပ်ရပ်နေတဲ့ကောင် မဟုတ်ပါဘူးဟာ။ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ပစ္စည်းဂုဏ်ရှိပြီးသားပါ။ နင် စိတ်ကူးမလွဲစမ်းပါနဲ့ဟာ"

"ကဲ ... ကိုယ်တော် ဖယ်တော့။ လူမြင်ရင် တစ်မျိုးထင်ကုန်လိမ့်မယ်။ ဖယ်ပါ"

မြချစ်က လူပါတိုက်ပြီး ထွက်လာတော့ မှုးနေတဲ့အခုန်း ဖင်ထိုင်လဲ ကျန်ရစ်တယ်။ မြချစ်က ညောင်ပင်ကိုကျော်ပြီး တာလမ်းပေါ် မြန်မြန်ရောက်အောင် သုတ်သုတ်လှမ်းတယ်။ ရွာလယ်လမ်းကို သွားမယ့်လှည်းတစ်စီးတွေ့တာနဲ့ လှည်းနောက်မြီး ချိတ်ထိုင်ပြီး လိုက်ခဲ့တယ်။ ညောင်ပင်ကွယ်သွားလို့ အခုန်းကို မမြင်ရတော့ဘူး။ လှည်းသမားက ကိုယ့်ရွာသားဆိုတော့ မြချစ် ပျာယီးပျာယာဖြစ်နေတာကို သတိထားမိတယ်။

"မြချစ် ငါ့တူမ ဘယ်လိုဖြစ်လာသာလဲ။ ဒရောသောပါးနဲ့။ ချည်ခင်ယူလာသာလား"

"ဟုတ်ပါ့ ဦးလေးသောင်းရယ်။ ညောင်ပင်အောက်မှာ အခုန်း နှောင့်ယှက်လို့ တွန်းပစ်ခဲ့သယ်"

"သည်ကောင် ခက်တဲ့ကောင်ပဲ။ ဟိုဘက်ရွာက မိန်းကလေးတွေကိုလည်း သရီးသရီသွားလုပ်လို့ ဟိုကမကျေနပ်ကြဘူး။ ပိုက်ဆံရှိတော့ လုပ်တိုင်းတင့်တယ်သယ် ထင်သာကိုးဟ။ သည်ကောင် တစ်နေ့ ဘေးတွေ့တော့မှာ"

"တွေ့စမ်းပါစေတော်။ ဒါမှ သင်းမှတ်မှာ"

မြချစ်က လှည်းနဲ့လိုက်လာပြီး အိမ်နဲ့နီးတော့မှ ဆင်းလိုက်တယ်။ အိမ်ရောက်တော့ ချည်ခင်တွေထဲက တစ်ခင်ပါမလာဘူး။ ချည်ခင်တွေ ဆေးဆိုးတဲ့ အိမ်က ယူခဲ့တုန်းက စစ်ယူလာတာ ဘယ့်နှယ်ဖြစ်ပါလိမ့်။ အခုန်းနဲ့ စကားများတုန်းက ကောက်လာတာတော့အကုန်ပဲ။ မြချစ်က အဖော်ခေါ်ပြီး တစ်ခေါက် သွားရှာဦးမယ် လုပ်သေးတယ်။ အခုန်းနဲ့ ထပ်တွေ့ရင် မကောင်းတော့ဘူး



ပြောတော့လို့ သဘောထားလိုက်ရတယ်။ မကြာပါဘူး။ အိမ်ဝကို အခုန်းလာသယ်။ ချည်ခင်တစ်ခင်ကိုင်လို့။

"ဒေါ်ကြီးအေးမေ၊ မြချစ်ကော၊ လမ်းမှာ ချည်ခင်တစ်ခင်ကျနေခဲ့လို့ လာပို့သာ။ သည်ကောင်မလေး နမော်နမဲ့နဲ့"

"အေးကွယ် သမီးရေ၊ မောင်အခုန်း လာသယ်ဟေ့။ ဒေါ်ကြီးတို့လည်း ညည်သည်တွေနဲ့၊ တိုက်နယ်ဆေးရုံ ပြေးရသာနဲ့၊ ချက်ရပြုတ်ရသာနဲ့ မအားကြရပေါင်ကွယ်၊ ကိုယ့်ရွာမှာ အကျည်းတန်သာဖြစ်သွားလို့ မျက်နှာများတောင် ပူရသယ်။ ကပ္ပိယက ငါ့သမီး ကြိုက်လို့တဲ့၊ ဆရာတော့်မျက်နှာကြောင့်ပေါ့ကွယ်။ သင်းတော့လား"

"ရွာထဲ ရပ်ဆိုးသာပေါ့ ဒေါ်ကြီးရာ။ ကျုပ် အကဲတော့ခတ်မိသယ်။ တော်သေးသာပေါ့ဗျာ။ အဲသည့်နေ့က ကျုပ်မရှိလို့။ အခုကော အမှုက ဘယ့်နှယ့်တုန်း"

"သိပေါင်ကွယ်၊ ကပ္ပိယတော့ ကျောင်းပြန်ရောက်နေသတဲ့။ အာမခံနဲ့များ ထုတ်ထားသလားတော့ မသိဘူး။ သည်ကောင်ရှိရင် တပည့်တော်တို့ ကျောင်းမလာဘူး လျှောက်ထားတယ်။ မျက်နှာကို မကြည့်ချင်သာဟေ့"

"ရွာက မောင်းထုတ်ပစ်ရမှာ ဒေါ်ကြီးရဲ့၊ လူယုတ်မာ ရွာထားတော့ ရှုပ်မှာသယ်။ ကိုင်း ကျုပ်ပြန်ဦးမယ်"

"အေး...အေး ငါ့တူ။ နောက်လည်း လာလည်ပါဟဲ့။ မင်းတို့ အားကိုးနေရတဲ့ဟာကို"

"လာမှာပေါ့ ဒေါ်ကြီးရ။ ကျုပ်က လာချင်ချင်ပါ"

အခုန်းထွက်သွားမှ မြချစ် မဲ့ကာရွဲ့ကာ ထွက်လာတယ်။ လမ်းမှာဖြစ်ခဲ့သာ မအေ့ကို ပြောမနေတော့ပါဘူး။ ချည်ခင်ယူပြီး ရက်ကန်းစင်ဘက်သွားမယ် လုပ်တော့ မအေက လှမ်းအော်တယ်။

"မြချစ် ရေချိုးတော့။ မောင်အောင်သန်းကျော်တို့မိဘများ တိုက်နယ်ရွာက ပြန်လာကြတော့မှာ၊ ဖြီးဖြီးလိမ်းလိမ်းများ နေပါဦးတော့အေ။ ငါ့သမီးနှယ် ညည်းချည်ခင်တွေ ထားစမ်းပါအေ"

"ဟုတ်ကဲ့ပါ အမေရဲ့"

ဒေါ်အေးမေက သမီးချောကိုကြည့်ရင်း ပြုံးတယ်။ သည်သမီးကလေးကို မွေးအေ ဆုံးပါးပြီးကတည်းက သူပဲ စောင့်ရှောက်လာခဲ့ရတာကိုး။ သမီးကလည်း အိမ်မှာရေးခြားရှိသလောက် မအေတွယ်ရာတယ်။ ရပ်ရွာကလည်း ချောချော ကျင့်စာရိတ္တကလည်း ကောင်းတော့ မုဆိုးမသမီးပေမယ့် ရွာက နေရာပေးကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အလှူအတန်းများလည်း မြချစ်ပါမှ။ ရပ်မှုရွာမှုဆိုတော့လည်း မြချ
နဲ့မှ။ ရွာကာလသားတွေတင်မကဘူး။ နရန်းရွာတွေကပါ သမီးချော ပိုးပန်း
ကြတာ သိသားပဲ။ မအေပဲ။ သမီးရှင်မို့လို့ အကဲပိုတယ်လည်း မဖြစ်အောင်
သမီးရှင်မို့လို့ မြှူတယ်လို့လည်းမကျအောင် ထိန်းကွပ်ထားရတာတော့ ရှိတ
ပေါ့။ ရွာထဲက သားရှင်မိဘများက ထမ်းပိုးမတင်ရခင် ချကိုးဆင်ချင်ကြတ
လည်းသိပါရဲ့။ ဒေါ်အေးမေက ဘယ်သူ့မှ စာရင်းအတို့မခံဘူး။ သမီးက ငယ်
သေးတော်လောက်နဲ့ အသာမေ့ထားတာပဲ ရှိတယ်။ ဖြစ်ချင်တော့ သည်ရက်
မှာ မြို့က ပွဲစားကြီးမိသားစုက သားတက္ကသိုလ်ကျောင်းသားကို သည်ဘက်
တွေ လွှတ်ပြီး ရွာကြောင်းရပ်ကြောင်း၊ ပဲကြောင်းနှမ်းကြောင်းသိအောင် ပို့ထ
တယ်။ မြို့ပြန်လိုက်၊ ရွာလာလိုက်၊ အိမ်မှာပဲ တည်းလိုက်။ ရွာတွေဘက် ဆ
လိုက်နဲ့ တူသားလိုဖြစ်လာတော့ လုပ်ရည်ကိုင်ရည် မြို့ရည်ကလေးရှိတဲ့ သ
ကလေးနဲ့ အိမ်ထောင်ဖက်ရရင် ကောင်းမယ်လို့ တွေးမိတယ်။ ခက်တာက မြ
က မဆန်းသလို၊ မြို့သားကလည်း ရိုးရှာပါရဲ့။ သည်ကြားထဲက မသေကော
မပျောက်ကောင်း အရိုက်ခံလိုက်ရတော့ ဒေါ်အေးမေ ခေါင်းမီးတောက်သွ
ရတယ်။ ပွဲစားလေးမိဘများက ကြားကြားချင်း ပြေးလာပြီး တိုက်နယ်ရွာ
နဲ့ မန်ကျည်းစု ကူးလူးနေကြရရှာတော့တာပါ။ ဒဏ်ရာက တော်တော်ကြီး
အပြင် တိုက်နယ်ရဲတွေက ခေါ်သွားခွင့်မပြုသေးတော့ ပွဲစားလေးမိသားစု
မန်းကျည်းစုမှာ စတည်းချရင်း နေကြရတယ်။ သားတစ်ယောက်လုံး အရိုက်
ရတာဆိုတော့ စိတ်မကောင်းဖြစ်ကြပေမယ့် ရွာကိုရော၊ ဒေါ်အေးမေတို့ကို
အပြစ်မတင်ကြပါဘူး။ အခြေအနေ အတော်ကောင်းလာပြီဆိုမှ မြို့ကိုခေါ်
ဆေးကောင်း ဝါးကောင်းနဲ့ ကုကြမတဲ့။ ကိုယ့်ရွာကဖြစ်တဲ့အမှုလည်း ဖြစ်
မြို့ကနေ တကန့်တက လာကြရတာကလည်း ဖြစ်ပြန်ဆိုတော့ မြချစ်က
တိုက်နယ်ဆေးရုံနဲ့ ဒိုင်ခံကူးနေရတာပါ။ မြချစ်နဲ့ အနေနီးလို့တူပါရဲ့။ ပွဲစား
အမေကဆိုရင် ချီးမွမ်းလို့မဆုံးဘူး။

"မအေးမေ သမီးက ချက်တတ်ပြုတ်တတ်၊ စီးပွားရှာတတ်နဲ့ တော်လို
တာရှင်။ ကျွန်မဖြင့် အဲသလို သမီးမျိုးကလေးလိုချင်တာ ရှူးလို့။ သားယော
ကလေးတွေနဲ့ချည်း ပြီးခဲ့ရတယ်။ သားကြီးက သည်အလုပ်တွေ မလုပ်ပါ
ဖအေက မိဘလက်ငုတ် မလုပ်ချင်တောင် တတ်ထားရမယ် နားလည်ရ
ဆိုလို့ပါ။ တော်ပါသေးရဲ့ သားအတွက် နှမကလေးတစ်ယောက် ကောက်ရ
ပါပဲရှင်"



တစ်ဖက်က သည်စကားပြောလာတော့ ဒေါ်အေးမေက စကားဝင်တယ်။

"သမီးက မောင်အောင်သန်းကျော်ကို အစ်ကိုလို ခင်ရှာသယ်။ ဘယ်ဘဝ
ရေစက်လည်း မပြောတတ်ပါဘူး။ ကျုပ်ကလည်း ကိုယ့်တူ ကိုယ့်သားအရင်းလို
အောက်မေ့ပါသတော်။ ကလေးက တက္ကသိုလ်ကျောင်းသား၊ သမီးက တောသူ
ဆိုတော့ ချေချောင်ငံမှုရှိပါ့မလား ပူရသေးသကော"

"မပူပါနဲ့ရှင်၊ တောသူဆိုပေမယ့် မြို့သူရှုံးလောက်အောင် ချောသူကလေး
ပါ၊ ကျွန်မတို့ အကဲခတ်တတ်ပါတယ်၊ သူ့အဖေကဆိုရင် မြို့ခေါ်သွားပြီး မွေး
စားချင်တယ်ချည်း ပြောနေတာရှင့်"

"ဖြစ်ချိန်တန်တော့ ဖြစ်ကြသေးသာပေါ့ ပွဲကတော်ကြီးရယ်။ အခုတော့
တဆိုးလေးမို့ အပျောက်မခံနိုင်သေးဘူး"

သည်ရက်တွေထဲမှာ ပွဲစားကြီးလင်မယား တစ်ခေါက်ရောက်လာကြပြီး
တိုက်နယ်ရွာဘက် ကူးသွားကြတယ်။ ညနေတော့ မန်ကျည်းစုကို ပြန်ကူးလာ
ကြမယ်ဆိုလို့ ဟင်းကောင်းလေးချက်ပြီး စောင့်တယ်။ သမီး မြချစ် ဖြီးလိမ်း
တော်စားလာတော့ ဒေါ်အေးမေ မနေနိုင်တော့ဘူး။ သမီးကိုခေါ်ပြီး လှိုင်ကမ်းပါး
ဆိပ်လိုက်ကြဖို့ပြင်တယ်။

"သမီးရေ ပွဲကတော်ကြီးတို့လည်း ရောက်မလာကြဘူး။ အမေတို့ ကမ်းပါး
ဆိပ် သွားကြိုရအောင်လား၊ ခြေညောင်းလက်သာပေါ့"

"လာမှာပါ အမေရယ်၊ ရွာက တစ်မျိုးထင်နေပါ့မယ်။ တော်ကြာ..."

"ဘာတော်ကြာလဲ၊ တစ်မျိုးထင်ရုံမကလို့ နှစ်မျိုးသုံးမျိုးထင် ထင်ပါအေ၊
ညည်းမလိုက်လဲ ငါသွားတော့မယ်"

ဒေါ်အေးမေက ဖျိုးဖျိုးဖျတ်ဖျတ်ထတော့ မြချစ်လည်း မနေသာတော့ဘူး။
နောက် ပြေးလိုက်ရတော့တာပါ။

"အမေ နေဦး၊ အမေကလည်းလေ"

သားအမိနှစ်ယောက် လှိုင်ကမ်းပါးဘက် ထွက်လာတော့ မိုးချုပ်နေပါပြီ။
ကြက်တွေတောင် အိပ်တန်းပျံကြပြီ။

□

## (၁၄)

"ငသော်"

"ဘုရား"

"တောင်ရွာက ထန်းလျက်တွေ လှူထားသာရှိတယ်၊ ပေသီး လှည်းအား

www.burmeseclassic.com

www.burmeseclassic.com



တုန်း မင်း သွားတိုက်ချေပါလား။ ပေသီးက နှစ်မောင်းတီးရင် လှည်းအားပြီလို့ လျှောက်ထားသယ်"

"တောင်ရွာက ဘယ်သူ့ထန်းတဲ သွားရမှာလဲဘုရား"

"ငကြီး ထန်းတော။ ခုတ်ပြီးသား ကောက်တင်ရုံပဲ။ ဆွမ်းချက်ဆောင် တစ်ဆောင်စာဆိုတော့ ထခလက်နှစ်ရာ လောက်ကောင်းပါရဲ့"

"လောက်လောက်ပါသယ် ဘုရား"

"အေး … သွား၊ မိုးမချုပ်စေနဲ့။ ငကြီးချင်းလည်း မမှားစေနဲ့ဦး"

"တင်ပါ့ဘုရား"

ဆရာတော်က ပြတင်းပေါက်က လှမ်းမိန့်တာဆိုတော့ စံလှဘော်က လှည်း လက်စ တံမြက်စည်းချပြီး မြေကြီးပေါ်မှာ ဆောင့်ကြောင့်ထိုင်ရင်း လက်အုပ်ချီ လျှောက်နေတာပါ။ စိတ်ထဲမှာလည်း တောင်ရွာက ငကြီး ထန်းတောဆိုတာ လည်း မှတ်ထားလိုက်တယ်။ ကိုပေသီးကိုတော့ မန်ကျည်းစုသားဆိုတာ စံလှဘော် သိတယ်။ ကိုပေသီးလှည်းကြမ်းက ကျောင်းကိစ္စတွေမှာ ကူနေကျ။ စံလှဘော် လည်း ကောက်ဆွခေါ်ပြီး ရွာထဲထွက်လာခဲ့တယ်။ ကိုပေသီး လည်း အထူးပြော မနေရပါဘူး။ သည်လို ယူနေကျဆိုတော့ လှည်းကောက်၊ ကောက်ဆွတင်ပြီး တောင်ရွာ ထွက်လာခဲ့တယ်။ တောင်ရွာရောက်တော့ သုံးနာရီသာသာ။ ငကြီး ထန်းတောဆိုတာတော့ စံလှဘော်က သိတယ်။ ငကြီးဆိုသူကိုသာ မသိတာကိုး။ ရောက်ရောက်ချင်း လှည်းချွတ်ပြီး အကျိုးအကြောင်းပြောတော့ ငကြီးက ထန်း လျက်ပုံပြတယ်။ နိုင်သလောက် တင်သွားတဲ့။ ငကြီးချကျွေးတဲ့ တောမုန့် သုံး လေးခု ရေနဲ့မျှောချပြီး ထန်းလက်တွေတင်တယ်။ ကောက်ဆွက အောက်ကနေ လှမ်းပေးတာကို စံလှဘော်က အလိုက်သင့် ထပ်ထပ်တင်ရတာပါ။ တော်တော် ကြီး တင်မိတော့ ထန်းလက်တွေ မောက်နေပြီ။ တောင်ရွာထန်းတောက ထွက် တော့ နေစွယ်ကျိုးစပြုပါပြီ။ စံလှဘော်က လှည်းမောင်းလို့။ ကောက်ဆွက ဘေးက။ ထန်းလက်တွေပေါ် ထိုင်လာတာဆိုတော့ လေကလေး တဖြူးဖြူးနဲ့ မှန်မှန်မောင်းလာခဲ့ကြတယ်။ တောင်ရွာရိပ်က လှည်းထွက်တော့ လူတစ်ယောက် ပြေးလာနေလို့ ခဏရပ်ပေးရရော။ ဘာများပါလိမ့်။

"မန်ကျည်းစုက လှည်းဆိုလားလို့"

"ဟုတ်ပါ့ဗျာ၊ ပြော"

"မန်ကျည်းစုက မှတ်ကြီးကို မှာချင်လို့ပါဗျာ။ သည်ကောင် သုံးလေးရက် က ကြက်ပွဲမှာ လက်စွပ်ထားသွားသာ စကားမပြန်လို့၊ ပေါင်သာလား၊ ရောင်းသာ



လား၊ စကားမပြတ်သေးတော့ ကျုပ်က ဒီကောင့်စောင့်စောင့်နေသာရယ်၊ လက်စွပ် ထိခွ လာဖြတ်ပါဦးလို့ မှာချင်လို့ပါဗျာ"

"ရပါ့ဗျာ၊ မနက်ဖြန် ကျုပ် ရွာပြောလိုက်ပါ့မယ်။ မှတ်ကြီးက ဖမ်းရ ခက်သယ်။ သည်ဆို ဟိုရောက်တဲ့ကောင်။ စိတ်သာချရော့နော့"

"အေးဗျာ… မန်းကျည်းစုလှည်းလို့ ငကြီးပြောလို့ ပြေးလိုက်လာသာ… အခန့်သင့်လိုက်လေဗျာ"

စံလှဘော်က လှည်းဆက်ထွက်လာခဲ့တယ်။ တောင်ရွာနဲ့ မန်ကျည်းစုက ဘုန်းကြောင်းသွားရင် ဖြတ်လမ်းကဆိုတော့ မဝေးလှပါဘူး။ ရွာချင်းကူးကြသူ တွေက သည်လို ကွင်းကြိုကွင်းကြား တောကြိုတောင်ကြားက ဖြတ်သွားကြရ တာချည်းပဲ။ လှည်းနဲ့ကျတော့ အဲသလိုသွားလို့ မရဘူး။ လှည်းလမ်းပေါက်တဲ့ အတိုင်း မောင်းရတာဆိုတော့ ခရီးနည်းနည်းရှည်တယ် ပြောပါတော့။ လှည်းလမ်း က ဆိုးတဲ့နေရာ တော်တော်ဆိုးတော့ သူများလှည်းကိုလည်း ညှာရသေးတာနဲ့၊ နွားတွေကလည်း ဝန်နဲ့ရုန်းရတာဆိုတော့ စံလှဘော်က ဖြည်းဖြည်းပဲ မောင်း တယ်။ ကျောင်းကို မိုးချုပ်မှရောက်လည်း ဖြစ်တယ်။ ထန်းလျက်ချပြီး ဖိုးပေသီး လှည်းသွားပို့ရုံပဲ။ ကိုယ့်ရွာကိုယ်ဆိုတော့လည်း အကြောင်းမဟုတ်ဘူးကိုး။ လမ်း တစ်နေရာရောက်တော့ ကောက်ဆွက တစ်ခုခု သတိရသလို ပြောလိုက်တယ်။

"အံမယ်"

"ဟေ့လကွာ…"

"မှတ်ကြီးဆိုသာ ကျုပ်သိတယ်ဗျ၊ ကြက်ပွဲမှာ ကျုပ်က သစ်ပင်ပေါ် တက် ကြည့်သာ။ အခုနက လူကြီးနဲ့ အဲသည်မှတ်ကြီးနဲ့ လက်စွပ်နဲ့ ပိုက်ဆံလဲနေကြ သာ ကျုပ် တွေ့သယ်"

"ကြက်ဝိုင်းကိုးကွ။ သွေးကြွနေတော့လည်း ပါသာထုတ်လောင်းကြတော့ သာပေါ့"

"အခုန လူကြီးက မှတ်ကြီးကို မယုံဘူးဗျ။ ကျုပ်က ကြားနေရသာရယ်။ မှတ်ကြီးကို ခိုးလာသာလားတဲ့။ မဟုတ်ဘူး ငအုန်းက ပေးသာတဲ့"

"ငအုန်းက မှတ်ကြီးကို လက်စွပ်ပေးသာ ဟုတ်ကဲ့လားကွာ။ ငအုန်းက လက်စွပ်တစ်ကွင်း အလကားမပေးလောက်ပါဘူး"

"ပေးပါသယ်ဆိုဗျာ။ ကျုပ်က ကြားလာတဲ့ဟာကို"

"အေးပါကွာ ပေးချင်လည်း ပေးမှာပေါ့။ ငအုန်းကလည်း အလောင်း အစားဆို ပါသာချည်းကိုးကွ"

www.burmeseclassic.com

www.burmeseclassic.com

ဒါပါပဲ။ ကောက်ဆွကလည်း စကားရပ်သွားတယ်။ သူ ကြားလာတာ သူပြောတာဆိုတော့ နောက်ထပ်လည်း ပြောစရာ မရှိတော့ဘူး။ စံလှဘော် ကလည်း လှည်းလမ်းဂရုစိုက်ရတာနဲ့ ကောက်ဆွစကား ခေါင်းထဲမထည့်အား ဘူး။ သည်လိုနဲ့ မောင်းလာလိုက်တာ မန်ကျည်းစုရွာတောင် လှမ်းမြင်နေရပြီ။ လှည်းလမ်းက မန်ကျည်းစုရွာထဲ တန်းဝင်လို့မရတော့ လျှိုကမ်းပါးနဲ့ မလှမ်း မကမ်း ပန်းကွေ့ရသေးတာပါ။ နေစွယ်ကျိုးပြီ။ မိုးကြီးတောင် မှောင်လှပေါ့။ ဆရာတော်ကတော့ မှာတော်မူသား။ စောစောပြန်ခဲ့ကြဆိုပေမယ့် ဒါအစောဆုံးပဲ။ စိတ်သွားတိုင်း ကိုယ်ပါတာမဟုတ်တော့ မှန်မှန်ပဲမောင်းလာခဲ့တယ်။ သည်မှာ တင် မိန်းကလေးတစ်ယောက်ရဲ့ အော်သံလိုလို ကြားလိုက်ရတယ်။ လှည်းသံ နဲ့ ထန်းခလက်လှုပ်သံနဲ့ဆိုတော့ သဲသဲကွဲကွဲတော့ မဟုတ်ဘူး။ ကောက်ဆွက အောဘီကို လှမ်းကြည့်တယ်။ သူလည်း ကြားပုံရရဲ့။

"ဗျို့... လှည်းဆရာကြီး၊ လှည်းဆရာကြီး၊ လှည်းဆရာကြီးရယ် ခဏ ခဏလေးပါ။ လာပါဦးတော်..."

သေချာသွားပြီ။ မိန်းကလေးသံ။ ခပ်ဝေးဝေး မမှောင့်တမှောင်က အော် လိုက်တဲ့အသံထဲမှာ မထိတ်သာမလန့်သာ ကြုံနေရတဲ့အသံမျိုး။ ငယ်သံများတောင် ပါလို့။ ဘာဖြစ်လို့ပါလိမ့်။ စံလှဘော်က လှည်းကို တုန့်ခနဲ ရပ်လိုက်တယ်။ ထန်းလက်တွေပေါကနေ ချက်ချင်း ခုန်ချလို့လည်း ဖြစ်တာမဟုတ်တော့ နွားကြိုး ကို အသာလျှော့ပြီး လှည်းဘီးကို ခြေကန်ဆင်းလိုက်တယ်။ ကြိုးကို လှည်းရုံတိုင် မှာ ချည်ခဲ့ပြီး ပြေးလာတော့ ကောက်ဆွပါ ပါလာခဲ့တယ်။ ဟုတ်ပါ့။ မိန်းကလေး တစ်ယောက်။ မတ်တပ်ရင်းပြီး စူးစူးဝါးဝါးအော်နေတာကလွဲပြီး ဘာမှ ကောင်း ကောင်း မကြားရဘူး။ စံလှဘော်က ခေါင်းပေါင်းကြီးပေါင်းထားတော့ ကောင်း ကောင်း ကြားရအောင် ခေါင်းပေါင်းဖြည်လိုက်တယ်။

"ဘာတုန်း ဘာဖြစ်လို့တုန်း ကလေးမ"

"အမေ ကမ်းပါးထိပ်မှာ မူးလဲသွားလို့ပါ။ ညှော်သည်မျှော်ရင်းက လဲသွား သာပါ။ ရွာနဲ့လည်းဝေး၊ လူကလည်းမရှိ ကယ်ကြပါဦး"

မိန်းကလေးက လှည်းသမား သားအဖကို ပြောပြနေတုန်းမှာပဲ ကောက်ဆွ က မှတ်မိလိုက်ပြီ။

"မမြချစ်"

"ဟယ်... ကောက်ဆွ... အော်..."

မြချစ် ဘယ်လိုမှ ထင်မထားတဲ့ စံလှဘော်နဲ့ ကောက်ဆွ။ မြချစ်က ဆက် ပြောရမလိုလို၊ ရှိပစေတော့လို့ နောက်ပြန်ဆုတ်ရတော့မလိုလို။ ဒါပေမယ့် မြေ



ပေါ်မှာ ပုံလဲနေတာက မအေ။ သည်နားမှာ နောက်ထပ် ဘယ်လိုလူမှလည်း ရောက်စရာမရှိဘူးဆိုတာလည်း သိတယ်။ စံလှဘော်တို့ ကောက်ဆွတို့တောင် ဆောင်တဲ့ထောင့်က ပေါ်လာတာမဟုတ်လား။ သည်အချိန်မှာ အနာပေါင်းကို နေရင် အမှောင်ထဲမှာ သားအမိနှစ်ယောက်တည်း ရှိရတော့မယ်။ ပြီးတော့ အမေက မေ့လဲနေသူ။ မြချစ် လက်ညှိုးထိုးပြတဲ့နေရာကို စံလှဘော် ပြေးလာခဲ့ တယ်။ အရီးအေးမေ မြေပေါ်မှာ ပုံလဲနေတာမြင်လိုက်ရတော့ ထူပူသွားတယ်။ သည်သားအမိ သည်နေရာမှာ သည်လိုပုံစံမျိုးနဲ့ တွေ့ရလိမ့်မယ်လို့ စံလှဘော် သည်း တွက်မထားဘူး။ အရေးကြီးတာက လူနာ ရွာမြန်မြန်ရောက်ရေးပဲ။ သည်တော့ လှည်းနဲ့တင်ရအောင်လည်း လှည်းပေါ်မှာ ထန်းလက်တွေအပြည့်။ ဒါတွေ ချနေရင်လည်း ကြာတော့မယ်။ သည်တော့ အရီးဒေါ်အေးမေကို ကောက် ချီပြီး နှစ်မိုင်လောက်ဝေးတဲ့ရွာဆီ သူပဲ ထမ်းသွားမယ်။ လှည်းကို ကောက်ဆွ ဆက်မောင်းသွား။

"ကောက်ဆွ လှည်းဆီပြန်သွားတော့။ လှည်းကို ထိန်းမောင်းခဲ့။ အဖေ အရီးကို ပွေ့သွားမယ်။ ကျောင်းရောက်ရင် ဆရာတော်ကို အကျိုးအကြောင်း လျှောက်နှင့်။ အဖေက အရင်ရောက်မယ် ထင်ပါရဲ့။ ကိုင်း... သွားတော့"

မြချစ်က စံလှဘော် စီစဉ်နေတာကို ကျေးဇူးတင်မိပေမယ့် ကောင်းသည် ဆိုးသည် မပြောဘူး။ ကောက်ဆွ လှည်းမောင်းသွားလို့ ဖြစ်ပါ့မလား။ မြချစ်က ကောက်ဆွကို ထန်းလက်တွေနဲ့ ဖြစ်ပါ့မလားလို့ လှမ်းမေးတယ်။ ကောက်ဆွ က ကျုပ်လည်း ကပ္ပိယပါဗျာတဲ့။ စံလှဘော်က မြချစ်ကို စောင့်မနေပါဘူး။ ဒေါ်အေးမေကို ကောက်ခနဲပွေ့ပြီး ခြေလှမ်းသွက်သွက်လှမ်းတော့တာပဲ။ အမှောင် ရိပ်ထဲမှာ စံလှဘော်က သုတ်သုတ်ကြီးလှမ်းနေတော့ မြချစ်က စံလှဘော် ခြေလှမ်း ကိုမီအောင် မနည်းကြီး အပြေးလိုက်ရတယ်။ စံလှဘော်က သုတ်သုတ်လှမ်းရင်း မြချစ်ကို ရွာရောက်နှင့်အောင် အပြေးခိုင်းတယ်။ ဆေးဆရာ ပင့်နှင့်ချေပေါ့။ ဟုတ်သားပဲ။ ရွာက ဆေးဆရာ ဆရာမှည့်ကိုပင့်ရမှာ ခုမှသတိရသွားတယ်။ မြချစ်က စံလှဘော်ကို ကျော်ပြေးလေရဲ့။ စံလှဘော်က နှစ်မိုင်လောက်ခရီးကို ကလေးပွေ့သလိုပွေ့ပြီး ပြေးရမှာ မသက်သာမှန်းသိပေမယ့် လူတစ်ယောက်ရဲ့ အသက်နဲ့ရင်းရတဲ့ အခြေအနေမှာ စံလှဘော် နှလုံးကွဲရင် ကွဲပစေတော့ ရွာ ရောက်အောင် သယ်ဖို့ပဲ ရှိတော့တာကိုး။

အမှောင်ထုက မန်ကျည်းစုရွာကလေးကို ငုံပစ်လိုက်လေရဲ့။

◻

www.burmeseclassic.com

www.burmeseclassic.com



(၁၅)

မြချစ်ရဲ့ နှစ်ဝမ်းကွဲညီမ အေးသင် ဆွမ်းဇုပ်ကြီးနဲ့ ကျောင်းဝရောက်လာတော့ စံလှဘော်က ဆီးယူတယ်။ စံလှဘော် ပြဿနာဖြစ်ပြီးကတည်းက မြချစ်တို့ သားအမိ ကျောင်းကို မလာကြတော့တာကို စံလှဘော် ရိပ်မိတယ်။ ဒါ သူတို့ ကိစ္စပဲလေလို့ သဘောထားပေမယ့် သူ မကျူးလွန်ရတဲ့ပြစ်မှု သူ့မှာ ဝန်ပိနေ တာကိုတော့ စံလှဘော် စိတ်မချမ်းသာဘူး။ သူကလည်း မြချစ်တို့အိမ်ဘက်ကို မသွားတော့ပါဘူး။ တစ်နေ့က အရိုးအေးမေကို အိမ်ပေါ်အရောက်ပို့ခဲ့ပြီး တန်း ပြန်လာခဲ့တယ်။ ရေတောင် မသောက်ခဲ့ဘူး။ မြချစ်နဲ့ မျက်နှာချင်းတောင် မဆိုင် ခဲ့ရပါဘူး။ မြချစ်ခမျာလည်း မအေဆိုတော့ ပူပင်နေရှာမှာပဲလို့တော့ စိတ်ရောက် မိသား။ ကျောင်းရောက်တော့ ကောက်ဆွလည်း မလာသေးဘူးတဲ့။ စံလှဘော် လိုက်ဖို့ပြင်တုန်းမှာပဲ ကောက်ဆွ ထန်းခလက်လည်းကြီး ကျောင်းထဲဝင်ချလာ တယ်။ ကောက်ဆွက ဘယ်ဆိုးလို့လဲ။ ကပ္ပိယလုပ်လို့ဖြစ်ပြီ။

စံလှဘော်က အကျိုးအကြောင်း ဆရာတော်ကြီးကို လျှောက်တယ်။ ဆရာတော်က နှမအတွက် စိုးရိမ်ပုံရပေမယ့် ညကြီးမင်းကြီး ရပ်ထဲရွာထဲ မကြွ ချင်လို့ မနက်မှပဲကြွတယ်။ ဆရာတော်က စံလှဘော်ကို ဘာမှမမိန့်တော့ စံလှဘော်လည်း မမေးဝံ့ဘူး။ အကျိုးအကြောင်းကြားခဲ့လို့ စံလှဘော်ကိုတော့ ချီးမွမ်းတော်မူရှာပါရဲ့။

“သူတော်ကောင်းနဲ့တွေ့သာ ကံကြီးသာပါပဲ။ ဒေါ်၊ မင်းသာမရှိရင် မြချစ်ခမျာ မအေကို ပစ်ထားခဲ့ရအခက် ရွာပြန်ပြေးရအခက်နဲ့ ဗျာများရရှာတော့ မယ်။ သာဓု... သာဓု... သာဓု။ ဒေါ် ... မင်းကုသိုလ်ကြီးသကွယ်”

ဆရာတော်က သည်လောက်ပဲ မိန့်ခဲ့တာပါ။

အေးသင်နဲ့ စံလှဘော် ဆွမ်းတွေလှယ်ကြတော့ အေးသင်က အကျိုး အကြောင်းတွေ ပြောပြတယ်။ စံလှဘော်က မြချစ်တို့ သူ့အပေါ်မကောင်းကြောင်း မပြောပါဘူး။ သူ့ကံမကောင်းလို့ အထင်မှားခံရတယ်ဆိုတာပဲ ပြောတာပါ။ အေးသင်က စံလှဘော်ကို ခင်မင်ရင်းစွဲလည်းရှိပြန်၊ သည်လို ရက်စက်တဲ့အလုပ် မျိုးကို စံလှဘော် မလုပ်ဘူးဆိုတာလည်း ယုံလေတော့ စံလှဘော်ကို သနားရှာ တယ်။

“ဦးဘော်ရယ်၊ သူတို့သားအမိက ဦးဘော်က မြချစ်ကို ကျိတ်ပိုးနေလို့ မြချစ်ဆီလာတဲ့ မြို့သားကို အသေရိုက်သာလို့ ယုံနေကြသယ်။ ဒေါ်ကြီးကတော့ မနေ့က ထူထူထောင်ထောင် ရှိပါပြီ။ ဆရာမှည့်ဆေးနဲ့ ကောင်းသွားသာပါ။ လုံးလေဆိုသာတဲ့။ ကံကောင်းလို့ပေါ့။ ဦးဘော်တို့လည်းသာ ရောက်မလာရင် ထောင်ကွင်းမှာ နေရစ်ခဲ့ရတော့မှာ”

“အေးပေါ့ဟာ၊ ငါ့ကံပေါ့။ ငါကတော့ ကျောင်းကပ္ပိယတင်မကဘူး ရွာ ကပ္ပိယလို့ပါ ခံယူထားသာပါ။ ငါ့အပေါ်ဘယ်လိုရှိရှိ ငါကတော့ ရွာစိတ်ရပ်စိတ် ထားပါသယ်။ ရွာထမင်းစားနေရသာကိုး။ ဆရာတော်ကြီးက ဒေါ် လူဆိုသာ ဆိုးလို့ရသယ်၊ မယုတ်ရဘူးတဲ့ မိန့်ဖူးသယ်။ ငါ ဘယ်သူ့အပေါ်မှ မယုတ်မာ ဘူး။ မြချစ်အပေါ်ဆို ဝေးရော့ပေါ့ဟာ”

“တစ်နေ့တော့ အဖြေပေါ်လာမှာပါ ဦးဘော်ရယ်၊ ဒေါ်ကြီးက မြချစ်ကို မြို့သားနဲ့ သဘောတူနေသာ၊ အခုက ဆရာတော်ကြီးနဲ့ မောင်နှမဆိုတော့ ဦးဘော် ကျောင်းမှာရှိနေသရွေ့ သူတို့မလာဘူးလို့ လျှောက်ကြသယ်။ ဆရာတော်ကြီး က ဦးဘော်ကို သံယောဇဉ် အင်မတန်ကြီးရှာတော့ ဦးဘော်ကို ကျောင်းမှာမထား နဲ့ဘူးလို့ ဘယ်မိန့်မှာလဲ၊ နှမနဲ့တူမကတစ်ဖက် ကပ္ပိယကတစ်ဖက် ဖြစ်နေရှာ မှာပေါ့သယ်”

“အော်...ဖြစ်ရလေဟာ၊ ငါ့ကြောင့် ဆရာတော်မှာ ကျဉ်းကျပ်နေရှာရ သတဲ့လား။ ငါ မသိပါဘူး အေးသင်ရာ။ ကျောင်းမှာ ငါမရှိလည်း ကပ္ပိယ ဆင်ယောက်တော့ ရှိလာမှာပဲ၊ ဆွေမျိုးဆိုသာကတော့ ရေကို ဓားနဲ့ခုတ်သာက ပြတ်ပြတ်မလား၊ ဖြတ်လို့မှမရသာ၊ ဆရာတော်ကြီးခမျာ ငါ့ကို ဒါတွေ တစ်ခွန်းမှ မမိန့်ရှာဘူး”

“ကျုပ်သိသာပြောသာနော် ဦးဘော်၊ ကိုင်း ကျုပ်သွားတော့မယ်၊ ဆွမ်းက ချုပ်ပဲ လာပို့ရတော့မှာ”

“အေး...သွားရော့ ငါ့နှမ၊ ဆွမ်းပို့ရင် ငါစားမှာတောင် စိုးရှာကြမယ် ထင်ပါရဲ့၊ ပြောလိုက်ပါ... စံလှဘော်က ကျောင်းကပ္ပိယပေမယ့် ဝေတ်လို့ ကပ် နေသာ မဟုတ်ဘူးလို့”

အေးသင်က ဆွမ်းဇုပ်ကို ရွက်ရင်း ကျောင်းပေါ်က ဆင်းသွားတယ်။ စံလှဘော်က ဆွမ်းဟင်းတွေ ဆွမ်းတွေကိုကြည့်ရင်း သူ ပြောလိုက်တာ လွန်များ သွားလေသလား တွေးတယ်။ လူသားပီပီ စံလှဘော်မှာ မေတ္တာဆိုတာရှိသလို နာကျည်းမှုဆိုတာလည်း ရှိတာပဲ။ မြချစ်တို့အိမ်ကပို့တဲ့ ဆွမ်းထမင်းဆွမ်းဟင်း ကို သည်ကနေ့ကစပြီး သူ မစားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဘုန်းကြီး ကျောင်းဆိုမှတော့ ထန်းလျက်ရှိတယ်။ ငှက်ပျောသီး ရှိတယ်။ ပဲကြော်ပဲလှော် ရှိတယ်။ ကြက်သွန်တစ်ဥနဲ့ဖြစ်ဖြစ် သူ စားတတ်ပါတယ်။

www.burmeseclassic.com



အဲသည်ညက စံလှဘော် အိပ်မပျော်ဘူး။ သူ့ဘေးမှာ ကောက်ဆွက အိပ်
လိုက်တာ လိမ်ခေါက်လို့။ သန်းခေါင်ကြက်တွေတွန်တော့လည်း အိပ်မပျော်ဘူး
တလူးလူးတလိမ့်လိမ့်နဲ့ မိုးသာစင်စင်လင်းသွားတော့တယ်။ မနက်လေးနာရီမှာ
အုန်းမောင်းထခေါက်တယ်။ သည်အုန်းမောင်းသံဟာ မန်ကျည်းစုရွာ ဘုန်းကြီး
ကျောင်းမှာ စံလှဘော်ထိုးတဲ့ နောက်ဆုံး အုန်းမောင်းသံများ ဖြစ်နေမလား
စံလှဘော် ကျောင်းကခွာရတော့မယ်။ သူရှိနေလို့ မကောင်းတော့ဘူးဆိုတာ သိ
ရပြီ။ စံလှဘော် ကျောင်းမှာရှိရင် မလာတော့ဘူးဆိုတဲ့စကားကြောင့် ဆရာတော်
ဘယ်လောက်စိတ်ထိခိုက် ရှာလေမလဲ။ ဆရာတော်ကြီးခမျာ သူ ဆယ်နှစ်သား
ကတည်းက ကျွေးမွေးစောင့်ရှောက်လာတာ၊ သွန်သင်ဆုံးမလာတာ၊ မိဘသဖွယ်
အရိပ်အာဝါသ ကောင်းပေးလာတာ သူအသိ။ သည်လို တပည့်ရင်းကို ဆရာ
တော် ဘယ်လို နှင်ရက်ပါ့မလဲ။

စံလှဘော်က အိပ်ပျော်နေတဲ့ ကောက်ဆွကို နှိုးလိုက်တယ်။ မနက် မိုး
တောင် စင်စင်မလင်းသေးဘူး။ စံလှဘော်နဲ့ ကောက်ဆွ ကျောင်းလှေကား
ဆင်းလာကြတော့ ဆရာတော့်မေတ္တာပို့သံကို ကြားနေရတယ်။

❐

## (၁၆)

"တုံ…တုံ…တုံ…တုံ"

စံလှဘော်က တုန်းမောင်းခေါက်ရင်း မန်ကျည်းစုမှာ မနက်တိုင်း ခေါက်
ခဲ့တဲ့တုံးမောင်းကို သတိရနေခဲ့တယ်။ အခု တုန်းမောင်းက ရွှေလှေရွာကျောင်းက
တုန်းမောင်းပါ။ မန်ကျည်းပင်မှာ ကြိုးနဲ့ဆိုင်းဆွဲထားတဲ့ သစ်သားအခေါင်းထွင်
တုန်းမောင်းကို အချက်ကျကျခေါက်ရင်း မနက်အရုဏ်ကို နှိုးရပြန်ပြီ။ အုန်းမောင်း
သံဟာ လူသူတော်ကောင်းတွေကို ဘုရားဝတ်ပြုဖို့၊ ပရိတ်ရွတ်ဖို့၊ အမျှဝေ
မေတ္တာပို့ဖို့၊ ဆွမ်းချက်ဖို့နှိုးဆော်တဲ့အသံ မဟုတ်လား။ ဒါကြောင့် မန်ကျည်း
မှာနေခဲ့တဲ့ အနှစ်နှစ်ဆယ်လုံးလုံး သည်ဝတ်ကို စံလှဘော် အပျက်မခံဘူး
နေထိုင်မကောင်းရင်တောင် ဝတ်မပျက်အောင် မနက်လေးနာရီတိုင်း ထ
ခေါက်နေကျ။

စံလှဘော်နဲ့ ကောက်ဆွက ရွှေလှေကိုရောက်လာတာ သုံးလကျော်ပြီ
ရွှေလှေဆိုတာထက် ရွှေလှေရွာကျောင်းကို ရောက်လာတာပါ။ ရွှေလှေရွာ
စံလှဘော် ဆယ်နှစ်သားအထိ ကြီးပြင်းခဲ့ရတယ်။ ဆယ်နှစ်သားမှာ အဖေဆုံးတော့



အမေကြီးနဲ့ မန်ကျည်းစုကို လိုက်သွားခဲ့ရတယ်။ စံလှဘော် ဆယ်နှစ်သားတုန်း
က ရွှေလှေရွာ မဟုတ်တော့ပါဘူး။ ဟိုတုန်းကတော့ အိမ်ခြေနှစ်ဆယ်လောက်နဲ့
ယုန်ထိုး ကြွက်ထောင်သမားတွေ စုနေကြတဲ့ တဲစုရွာကိုး။ စံလှဘော် မိဘများ
မှာ ဆွေမရှိ မျိုးမရှိ ရွှေလှေမှာနေခဲ့ကြတာဆိုတော့ ရွာက အင်မတန်ခေါင်တာ
ကလား။ အခုတော့ အနှစ်နှစ်ဆယ်အတွင်း အိမ်ခြေတစ်ရာလောက် ရှိနေပြီ။
သစ်ကြီးဝါးကြီးတွေနဲ့ စိမ်းစိမ်းစိုစို ရှိနေပြီ။ ရွာသဘာဝ ဆင်းရဲချမ်းသာ မလွတ်
ကြပေမယ့် သူ့ဟာနဲ့သူတော့ လှေဦးစိုစို လှေဦးခြောက်ခြောက်နေနိုင်ကြပြီ။
ရွာထိပ်မှာ ထရံကျောင်းကြီး တစ်ဆောင်နဲ့ ရွာဦးဆရာတော်လည်း သီတင်းသုံး
နေပြီ။ ဦးပဉ္ဇင်း နှစ်ပါး၊ ကိုရင် သုံးပါးနဲ့ ကျောင်းကြီးလည်းစည်ပြီ။ ဆွမ်းကွမ်း
ကိစ္စကအစ ဘာသာ သာသနာရေးတွေလည်း ပြုကြပြီ။

မန်ကျည်းစုရွာ ဆရာတော်ကျောင်းက တုန်းမောင်း ခေါက်အပြီးမှာ
စံလှဘော်က ကောက်ဆွလက်ကိုဆွဲ ထွက်လာခဲ့တော့ ရွာတောင် မလှုပ်သေးဘူး။
ကျောင်းခွေး လေး,ငါးကောင်တောင် ကျောင်းဝအထိ ပါလာကြသေးတယ်။
ကောက်ဆွက အိပ်ချင်တုန်း။ အစကတော့ စံလှဘော်က ကောက်ဆွကို ထားခဲ့
ဖို့ပဲ။ ဒါပေမယ့် မထားခဲ့ချင်ဘူး။ ကံတူအကျိုးပေး ကောက်ဆွကလေးကို သူ
တွယ်တာနေမိခဲ့ပြီကိုး။ ကောက်ဆွက သူ့ကို အဖေလို့ သဘောထားသလို သူ
ကလည်း ကောက်ဆွကို သားအရင်းနဲ့မခြား သံယောဇဉ်ဖြစ်နေပြီကိုး။ သည်တော့
ဝဝလင်လင် စားရတော့လည်း အတူတူ၊ တစ်လုတ်တစ်ဆုပ်စားရတော့လည်း
အတူတူဆိုပြီး တစ်ပါတည်း ခေါ်လာခဲ့တယ်။

"ဘယ်တုန်း အဖေရ၊ ခင်ဗျားဟာ မိုးတောင်မလင်းသေးဘူး"

"သည်မကျောင်းမှာ အဖေ မနေတော့ဘူး၊ ဆရာတော်ကြီးကို မလျှောက်
တင်ခဲ့ရသာ အဖေ စိတ်မချမ်းသာပေမယ့် ဆရာတော်ကြီးကိုငဲ့လို့ အဖေ ထွက်
လာခဲ့သာပဲ။ ရောက်ရာပေါက်ရာ သွားကြစို့ကွာ"

"ဘယ်သွားကြမလဲ အဖေရာ။ အဖေက ဘာလုပ်စားတတ်လို့တုန်း။
အဖေပဲ တစ်သက်လုံး ကပ္ပိယလုပ်မယ်ဆိုဗျ"

"ဘယ်မှာမဆို ဘုန်းကြီးကျောင်းရှိမှာပဲ ငါ့သားရ။ ကျောင်းဝေယျာဝစ္စ
လုပ်ပေးရင် ဆရာတော်များက တစ်ဆုပ်တစ်ခဲတော့ စွန့်ကြမှာပါကွာ မပူပါနဲ့"

"ဒါဆို အဖေတို့ရွာ သွားကြရုံပေါ့ဗျ။ ကျုပ်ရွာတော့ မသွားဘူး။ အမေနဲ့
ပထွေးကို ကျုပ် မမြင်ချင်ဘူး"

"အေး ဟုတ်သားကွ။ ရွှေလှေ ဟုတ်သယ်၊ အဖေ့ ရွှေလှေရွာကို သွားကြ
ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနဲ့ သားအဖနှစ်ယောက် ရွှေလှေကို ရောက်လာခဲ့ကြတာပါ။ ဆရာတော်ကြီးကို လျှောက်တင်တော့ နေခွင့်ပြုတယ်။ စံလှဘော်က ကပ္ပိယ ကျိုးကျနေသူဆိုတော့ ဆရာတော်ကြီးရော၊ ဦးပဉ္စင်းများပါ ဝမ်းသာကြတယ်။ ရွာကတော့ စံလှဘော်ကို ဘယ်သူမှ မမှတ်မိကြပါဘူး။ စံလှဘော်ကလည်း ဇာတ်ပေါင်း မလှန်ချင်တော့တာလည်း ပါပါတယ်။ သည်ရွာရောက်တော့လည်း စံလှဘော်က ဝါသနာကို မစွန့်နိုင်ဘူး။ အလှူရှိရှိ၊ ဘုရားပွဲရှိရှိ ကတုန်းပဲ။ စံလှဘော်ကတော့ ကောက်ဆွကလည်း ကတာကိုး။ ရွာက သဘောကျလိုက်ကြတာမှ။

အခုတော့လည်း စံလှဘော်တစ်ယောက် ရွှေလှေကျောင်းကပ္ပိယ ဖြစ်ရပြန်သပေါ့။ သားအဖနှစ်ယောက် ရွှေလှေရွာကလေးထဲ လျှောက်လည်လိုက်ကြ၊ ကျောင်းဝေယျာဝစ္စ လုပ်လိုက်ကြ။ ကောက်ဆွ နေမကောင်းတော့ စံလှဘော်က ပြုစု၊ စံလှဘော် နေထိုင်မကောင်းတော့ ကောက်ဆွက နှင်းနှိပ်ပေးနဲ့ တစ်ဝမ်းတစ်ခါး မပူရတဲ့အပြင် အေးအေးလူလူ နေကြရပါရဲ့။ ဒါပေမယ့် စံလှဘော်စိတ်ထဲမှာ မန်ကျည်းစုရွာကို နေ့စဉ်လွမ်းတာကတော့ လွမ်းတာပါပဲ။ သူ့ကိုယ်သူလည်း ဖြေပါတယ်။ ကပ္ပိယဆိုတာ ကပ္ပိယပဲပေါ့။ ဘုန်းကြီးကျောင်း ရှိနေသရွေ့ ကပ္ပိယ လုပ်နေလို့ရတာကိုး။ တတ်နိုင်သမျှ ကုသိုလ်ယူရင်း ဘဝကို နေပျော်သလိုနေရင် စိတ်ချမ်းသာတာပဲ မဟုတ်လား။ တစ်ခါတစ်ခါ ကောက်ဆွကလည်း သတိရတယ်ထင်ပါရဲ့။ ကျုပ်တို့ကို ဘယ်သူက နှင်လွှတ်လိုက်တာလဲတဲ့ မေးတယ်။ စံလှဘော်က ဘယ်သူကမှ နှင်မလွှတ်ကြပါဘူးကွာ၊ လေတိုက်လို့ လွင့်လာတာပါလို့ ဖြေတတ်တယ်။

အဲသလို မန်ကျည်းစုနဲ့ဝေးရတာကပဲ သုံးလကျော်လို့ လေးလထဲ ရောက်ပြီပေါ့ဟာ။ စံလှဘော်လည်း နေရထိုင်ရ အသားကျစတောင်ပြုခဲ့ပြီ။

တစ်ရက်။ လှည်းတစ်စီး ရွှေလှေကျောင်းဝကို ရောက်လာခဲ့တယ်။ အဲသည်နေ့က စံလှဘော်နဲ့ကောက်ဆွ မရှိကြဘူး။ ရွှေလှေကျောင်း ဦးပဉ္စင်းတစ်ပါးနဲ့ ရွာစဉ်လိုက်ပြီး ဆွမ်းဆန်တိုက် သွားနေရချိန်ပါ။ မနက်စောစောကတည်းက စံလှဘော်နဲ့ကောက်ဆွ လှည်းတစ်စီးနဲ့ ထွက်လာခဲ့ကြတယ်။ ရွှေလှေကျောင်းအတွက် ရွာတွေက နှစ်စဉ် ပဲပေါ်နှမ်းပေါ်ချိန်၊ ငွေယားကလေးရှင်ချိန်တွေမှာ ဆွမ်းဆန်လောင်းလှူရှိကြတာဆိုတော့ တစ်ရွာဝင် တစ်ရွာထွက် အလှူခံထွက်ကြရတာပေါ့။ တစ်ရွာဝင် တစ်ရွာထွက် ကြက်ဦးမတွန်ခင်က လှည့်လိုက်တာ အပြန် မိုးစုန်းစုန်းချုပ်မှ ပြန်ရောက်ကြတယ်။ ရွှေလှေက လယ်ရယ်ယာရယ်



ရှိတော့ ဆန်တို့ပဲတို့ထွက်တဲ့ နရန်းရွာတွေက တစ်နှစ်တစ်ဝါစာ လှူလေ့ရှိကြတယ်။

တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပါပဲ။ စံလှဘော် ရွှေလှေမှာ မရှိတဲ့ရက်မှာ မန်ကျည်းစုဆရာတော် ဦးဝါယမ လှည်းတစ်စီးနဲ့ ကြွလာတော်မူခဲ့တယ်။ ဆရာတော်ကြီးနဲ့အတူ မန်ကျည်းစုရွာက ရွာလူကြီးနှစ်ယောက်ပါသတဲ့။ စံလှဘော် ရွှေလှေရွာကျောင်းရောက်နေတဲ့ သတင်းကြားလို့ ဆရာတော်ကြီးက ကြွလာတာပါ။ စံလှဘော် သည်မှာရှိသလားမေးတော့ ရွှေလှေဆရာတော်က ကျောင်းမှာ ခေါင့်ရောက်ထားတဲ့အကြောင်း လျှောက်တယ်။ စံလှဘော်ကို မန်ကျည်းစုရွာကျောင်းကို ပြန်ခဲ့ဖို့အကြောင်း၊ အမှုအခင်းကိစ္စတွေ ရှင်းလင်းသွားပြီဖြစ်တဲ့အကြောင်းတွေ မှာခဲ့တယ်။ ညနေစောင်းတော့ မန်ကျည်းစုဆရာတော် ပြန်ကြွသွားခဲ့တယ်။

ညနေဘက် စံလှဘော်တို့ ဆွမ်းဆန်လှည်း ပြန်ရောက်လာတော့ စံလှဘော်ကို မန်ကျည်းစု ဆရာတော် ကြွလာတဲ့အကြောင်း၊ မန်ကျည်းစုရွာကို အမြန်ပြန်လာခဲ့ဖို့အကြောင်း မိန့်တယ်။ စံလှဘော်က ငယ်ဆရာတော်ကြီးကိုယ်တိုင် ကြွလာတော်မူတယ်ဆိုတော့ အံ့ဩသွားတယ်။ ဝမ်းလည်း နည်းသွားတယ်။ ရွာလူကြီးတွေလည်း ပါလာတယ်၊ အမှုအခင်းကိစ္စတွေ ရှင်းလင်းသွားပြီဆိုတာတွေထက် စံလှဘော်ရင်ထဲမှာ ဆရာတော်ကြီးကိုယ်တိုင် ကြွလာတော်မူတယ်ဆိုတာကတော့ ထူးဆန်းတယ်လို့ ခံစားရမိသား။ ဆရာတော်ကြီးခမျာ အကြွကြီး ကြွလာပြီးမှ သူ့ကို တွေ့မသွားရတာကို စိတ်မကောင်းဖြစ်မိတယ်။

"အဖေ...ဆရာတော်ကြီးလာတာ ဘာဖြစ်လို့လဲ"

"အဖေတို့ကို မန်ကျည်းစု ပြန်ခဲ့ဖို့လာခေါ်သာ"

"အဖေက ပြန်မှာလား"

"မင်းကကော"

"ကပ္ပိယကြီးသွားမှတော့ ကပ္ပိယကလေးက လိုက်ရုံပေါ့ဗျ"

"ရွှေလှေကျောင်းဆရာတော်ကို လျှောက်ပြီး မနက်လိုက်ကြသာပေါ့ကွာ"

ညဦးကတည်းက ရွှေလှေကျောင်းဆရာတော်ကို ဝတ်ဖြည့်ပြီး မန်ကျည်းစုကျောင်းပြန်ဖို့ ခွင့်တောင်းတယ်။ ဆရာတော်ကလည်း သက်တော်ကြီး ဆရာတော်ကြီး မန်ကျည်းစု ဆရာတော်ကြီးကိုယ်တိုင် ကြွလာတဲ့ကိစ္စဆိုတော့ ခွင့်ပြုတော်မူပါတယ်။ စံလှဘော်နဲ့ ကောက်ဆွကို ငွေစကြေးစ နည်းနည်းတောင် ချွန်းလိုက်သေးတယ်။ မနက်စောစော လေးနာရီ တုန်းမောင်းတော့ စံလှဘော်က ခေါက်ဆွ

www.burmeseclassic.com



အောင် စောင့်ခေါက်ခဲ့သေးတာပါ။ သူ့ဘဝမှာ မနက်လေးနာရီ တုန်းမောင်းခေါက်တဲ့ဝတ် မပျက်ခဲ့ဖူးဘူး။ သည်ကုသိုလ်လောက် ပီတိဖြစ်ရတာလည်း မရှိဘူး။ ဆယ်နှစ်သားအရွယ်တုန်းက ဘွားအေကြီးနဲ့ နှစ်ရက်နှင်ရတဲ့ ခရီးကို စံလှဘော်နဲ့ ကောက်ဆွ တစ်ရက်ပြင်းပြင်း လျှောက်ခဲ့ကြတယ်။ သားအဖ နှစ်ယောက် လှည်းကြုံတစ်မျိုး၊ ခြေကျင်တစ်မျိုး လျှောက်လာခဲ့ပြီး ကြုံရာရွာကျောင်းမှာ ထမင်းတစ်လုတ်တစ်ဆုပ် ဝင်စားကြတယ်။ စံလှဘော်က သီချင်းကလေးတောင် တအေးအေးဆိုလို့၊ ကောက်ဆွက တစ်ကောက်ကောက်။

မန်ကျည်းစုကျောင်းကို ညကြီးမိုးချုပ်မှ ရောက်ကြတော့တယ်။ ကျောင်းဝရောက်ရောက်ချင်း စံလှဘော်တို့ကို ကျောင်းခွေးတွေက အမြီးတနန့်နန့်နဲ့ ကြိုတယ်။ စံလှဘော်ကို ကုပ်ကတ်တွယ်တက်ပြီး တအီအီအော်ကြလို့။ စံလှဘော် နှစ်ပေါင်းနှစ်ဆယ်ကျော် နေလာခဲ့တဲ့ကျောင်း။ သူမရှိတဲ့နောက် သုံးလအတွင်းမှာ ကျောင်းကြီးတောင် ပိုအိုစာသွားသလား ထင်မိတယ်။ ခြေနင်းရာ သစ်ရွက်ခြောက်တွေ။ ကျောင်းကြီးကလည်း တိတ်ဆိတ်လို့။ မီးတိုင်ခွက် မလင်းတလင်းအောက်က ကျောင်းအိုကြီးကို ကြည့်ရင်း စံလှဘော် ဝမ်းနည်းသွားတယ်။ ကျောင်းကြီးဝေယျာဝစ္စတွေ ဘယ်သူများ လုပ်ကိုင်ပေးနေပါလိမ့်။ ဆရာတော်ကြီးကို ဝတ်ကြီးဝတ်ငယ် ဘယ်သူကများ ပြုစုပေးနေပါလိမ့်။ ရဟန်းနဲ့လူ့ဖြူယ်ပစ္စည်း အပ်စပ်အောင် ဘယ်သူ ကုသိုလ်ယူနေပါလိမ့်။ သရက်ကင်းလှေကားက နှစ်ယောက်သား တက်လာကြတော့ ကျောင်းပေါ်မှာ လသာမှန်အိမ်ကလေးက အလင်းလဲ့လဲ့ ဖိတ်ကျလို့။ ကျောင်းကြီးအိုအို၊ မီးရောင်ကလေးက ကပိုကရို။ တစ်ကျောင်းလုံးလည်း တိတ်လို့။

"ငဘော်"

ဆရာတော်ကြီးတစ်ပါးတည်း ငုတ်တုတ်ထိုင်နေတော်မူလျက်။

"တပည့်တော်ကို ခွင့်လွှတ်တော်မူပါ ဘုရား"

"ကောက်ဆွကောဟဲ့"

"ပါပါသယ် ဘုရား"

"အေး...၊ ချမ်းသာစွာနေကြ"

"တင်ပါ့ဘုရား"

မီးရောင်မှိန်မှိန် ကွက်ကွက်ကလေးမှာ ထိုင်နေတော်မူတဲ့ ဆရာတော်က ဝမ်းသာဝမ်းနည်း နှုတ်ဆက်တော်မူတယ်။ ဘုရားကိုဝတ်ဖြည့်၊ ဆရာတော်ကြီးကို ဝတ်ဖြည့်ပြီး စံလှဘော်နဲ့ ကောက်ဆွကလည်း အသာငြိမ်နေလိုက်ကြ



တယ်။ ဆရာတော့်ဆီက ကွမ်းသီးညှပ်သံသာ တဖျောက်ဖျောက် ကြားနေရတယ်။ ကျောင်းမှာ ကိုရင်တွေ မောင်ကျောင်းသားတွေတောင် ရှိပုံမပေါ်ကြဘူး။ တိတ်ဆိတ်လို့။

"လများ လငပုပ်ဖမ်းရာက လွတ်လာရသလိုပေါ့ ငဘော်ရယ်၊ အကုသိုလ်များဟာ သံဝေဂယူစရာကောင်းသယ်။ ကိုယ်ကပြုတဲ့ အကုသိုလ်ဆိုသာမပြောနဲ့၊ ကိုယ်မပြုတဲ့ကိစ္စမှာတောင် အကုသိုလ်တရားက စီးမိရင် အကျိုးပျက်ရာပျက်ကြောင်း ဖြစ်တတ်သာပဲ"

"တပည့်တော်လည်း ဆင်ခြင်မိပါသဘုရား"

"အေး...အေး၊ အကုသိုလ်ကို ဆင်ခြင်မိရင် ကုသိုလ်ပွားများဖို့ စိတ်ကူးဟဲ့။ ကိစ္စဝိစ္စတွေပြီးရင် နင် သင်္ကန်းဝတ်တော့ ငဘော်"

စံလှဘော်က အာမဘန္တေမခံဘဲ ငြိမ်နေလေတော့ ဆရာတော်ကြီးကလည်း ဆက်မမိန့်တော့ဘူး။ စံလှဘော်နဲ့ ကောက်ဆွကို မျက်လုံးနဲ့ဝေ့ပြီး အကဲခတ်တယ်။ တအောင့်နေတော့မှ ဆရာတော်က မိန့်တော်မူတယ်။

"ကဲ...ကဲ၊ နင်တို့လည်း ခရီးပန်းလာကြသယ် ထင်ပါရဲ့။ သွားတော့ နားကြချေ။ ရှိသာကို မျှတပြီး စားချေကြ"

"ကျေးဇူးကြီးပါသဘုရား"

စံလှဘော်နဲ့ကောက်ဆွ ကျောင်းအောက် ဆင်းလာခဲ့ကြတယ်။ ညက လမသာ လေမတိုက်၊ မှောင်ကြီးများ မိုက်လို့။ မှောင်ထဲမှာပဲ စံလှဘော်နဲ့ ကောက်ဆွ သရက်ကင်းလှေကားရင်းမှာ ထိုင်လိုက်ကြတယ်။ ကောက်ဆွက စံလှဘော်ကို မှီလို့။ မထိုင်ရတာ ကြာပြီလေ။

"အဖေ မနက်ကျရင် စောစောထဗျ"

"ဟေ...၊ ဘာပြုလို့တုန်း ကောင်လေးရ"

"အုန်းမောင်းခေါက်ရမှာလေ"

"အော်...၊ အေး အေး"

အဲသည်ညက ခရီးပန်းလာပေမယ့် တစ်မှေးကလေးမှေးပြီး အုန်းမောင်းထိုးချိန် မနက်လေးနာရီမှာ စံလှဘော် ဆတ်ခနဲ နိုးလာခဲ့တယ်။ ကောက်ဆွကတော့ အိပ်မောကျနေလိုက်တာ တရှူးရှူးနဲ့။ မန်ကျည်းစုရွာ နံနက်ခင်းကို စံလှဘော်ရဲ့ အုန်းမောင်းသံနဲ့ နှိုးလိုက်ရပြန်ပါပကော။

❐

www.burmeseclassic.com



## (၁၇)

"ဖြစ်ပုံက ကျောင်းရှေ့က မိဝက်ယောက်ျား တောင်က တစ်ည ညကြီးမိုးချုပ် သန်းခေါင်သန်းလွဲ ရောက်သာတောင် အိပ်မပျော်လို့ ငုတ်တုတ်ထိုင်ပြီး ဆေးလိပ် သောက်နေသတဲ့။ ညသန်းခေါင်ကျော်လို့ လူသူရယ်လို့ လမ်းပေါ်မှာ မရှိတဲ့အချိန် လူရိပ်တစ်ရိပ် ကျောင်းဝင်းဘက် ဝင်သွားသယ်ထင်လို့ ဆေးလိပ်မီးထိုးချပြီး အသာကြည့်နေသတဲ့။ လူတစ်ယောက် ဝင်သွားသာတော့ သေချာသယ်။ ကျောင်း ခွေးတွေကလည်း မဟောင်တော့ ရွာသားထဲကနေမှာပဲလို့တွက်ပြီး အသာငြိမ် နေသတဲ့။ ခဏနေတော့ လူတစ်ယောက် သုတ်သုတ်ပါအောင် ပြန်ထွက်လာ သာမြင်တော့ အသံပြုလိုက်ဦးမလို့ပေါ့လေ။ နောက်တော့ သူသိတဲ့လူဖြစ်နေလို့ အသံမပေးလိုက်တော့ဘူးပေါ့ကွာ။ အဲသည်လူက ဘယ်သူတုန်းဆိုတော့ တို့ရွာ က သူဌေးသား ငအုန်းပဲ စံလှဘော်။ ငအုန်းက ကျောင်းဝင်းထဲ ညကြီး အချိန် မတော် ဘာဝင်လုပ်သလဲ... တောင်က စဉ်းစားမိပေမယ့်လို့ မင်းအမှုနဲ့ပတ်သက် မယ် မထင်ခဲ့ဘူးတဲ့။ နောက်တော့ စံလှဘော်မာဖလာ ပဲပွဲစားအရိုက်ခံရတဲ့နေ့ က တွေ့တယ်ဆိုတော့မှ ငအုန်း လက်ချက်ဆိုသာ သူ သိသွားသယ်။ ဒါပေမယ့် တောင်က ဘယ်သူမှ မပြောဝံ့ဘူး။ အမှုထဲပါသွားမှာ စိုးသာရော၊ ငအုန်းတို့က ရွာမှာဩဇာရှိနေလေတော့ အသာငြိမ်နေရသာပေါ့ကွာ"

"အော် ဖြစ်ရလေဗျာ၊ တစ်ဖက်က ပိုက်ဆံချမ်းသာတာနဲ့ပဲ လူတွေက အမှန်တရားကို ကြောက်နေရရောတဲ့လားဗျာ။ ဒါထက် ငအုန်း သေသာကကော မှတ်ကြီး လက်ချက်ပဲဆို"

"ဟုတ်သယ်၊ မှတ်ကြီးက လက်စွပ်ကိုပေါင်ပြီး ကြက်လောင်းသယ်။ ကြက်ပွဲရှုံးတော့ လက်စွပ်လည်း ဆုံးသာပေါ့။ အဲသည် ငအုန်း လက်စွပ်ကို ငအုန်းမိဘများက တွေ့သွားရာက မီးခိုးကြွက်လျှောက် လိုက်တော့သာပေါ့။ ဒါကို ငအုန်းက အမှုပေါ်မှာစိုးတော့ မှတ်ကြီးကို ပဲပွဲစားရိုက်မှု မပွင့်အောင်လို့ မှတ်ကြီး ခိုးသာပါလို့ အပြောခိုင်းသတဲ့။ မှတ်ကြီးက လူသာမိုက်သာ သူ့ကို သူခိုးအလုပ်ခိုင်းသာတော့ မခံဘူး။ တိုတိုပြောရရင်တော့ ထန်းတောထဲ ငအုန်း နဲ့ မှတ်ကြီး စကားများ ရန်ဖြစ်ရာက မှတ်ကြီးလက်ချက်နဲ့ ငအုန်း သေသာပဲ။ မှတ်ကြီးက ဓားနဲ့ထိုးပြီး ပြေးတော့သာ။ ငအုန်းလည်း သွေးအလူးလူးနဲ့ မိုက် ဇာတ်သိမ်းရှာသယ်။ အချင်းချင်းဖော်ကြတော့မှ ရွာကလည်း အမှုကိစ္စရှင်းကြ တော့သာပေါ့ကွာ"

ပဲပွဲစားရိုက်မှုမှာ ငအုန်း သေတော့မှ တရားခံအစစ် ဇာစ်မြစ်က ပေါ် တော့တာဆိုပေမယ့် ငအုန်းကလည်း မရှိတော့ဘူး။ မှတ်ကြီးကလည်း ပြေးပြီး သည်တော့မှ မောင်တင်က ဖော်ဝံ့တော့သတဲ့။

"ကျုပ်က ငအုန်း မာဖလာဝင်ခိုးသယ် ဘယ်စဉ်းစားမိမှာတုန်း။ နောက်မှ ကပ္ပိယစံလှဘော်ကြီး ချောက်ချချင်လို့ လူရိုက်ပြီး မာဖလာထားခဲ့သာကိုးလို့ သိရသာ။ တော်တော်ရက်စက်တဲ့ကောင်တွေဗျာ"

နောက်ဆုံးတော့ မှတ်ကြီးကို ရဲက ဖမ်းမိသွားခဲ့တာပါပဲ။ ပဲပွဲစားရိုက်မှု ရှင်းသွားတဲ့နောက် ကပ္ပိယစံလှဘော် ရွာကပျောက်သွားတဲ့ပြဿနာက ပေါ်လာ ပြန်ရော။ ရွာလူကြီး ဦးကံက ကွမ်းလေးတစ်ယာ ယာရင်း ဆက်ပြောတယ်။

"မင်းပျောက်သွားတာ အကြောင်းမဟုတ်ပေမယ့် ကောက်ဆွပါ ပါသွား သာက အကြောင်းကိုး စံလှဘော်ရ။ ကောက်ဆွကို သူ့ရွာက ဆရာတော်ကြီး သက် အပ်သွားသာဆိုတော့ ဆရာတော်ကြီးအပေါ် တာဝန်ကျလာခဲ့သာပေါ့။ ဆရာတော်ကြီးခမျာ ဆွမ်းကွမ်းကလေးတောင် ဖြောင့်ဖြောင့်ဘုဉ်းမပေးနိုင်ရှာဘူး စံလှဘော်ရေ။ မင်းမရှိတဲ့နောက် ကိုရင် ကျောင်းသားကလေးတွေလည်း ညအိပ် ညဉ့်နေ ထိန်းသိမ်းရခက်တော့ နေ့ဘက် ကျောင်းမှာထားပြီး ညဘက် ကိုယ့် အိမ်ကိုယ် ပြန်အိပ်ကြပေါ့။ တို့ရွာကလည်း ကျောင်းကို လူလဲနဲ့ လာစောင့်ရှောက် ကြတယ်ဆိုပေသိ ဘယ်ထောင့်စေ့ပါ့မလဲကွာ။ မင်းနှယ် ကိုယ့်အမှုတန်းလန်းနဲ့ ကျောင်းကနေ တဖဝါးမှမခွာပါနဲ့ဆိုသာကို"

ဦးကံက အကျိုးသင့်အကြောင်းသင့် ရှင်းပြတော့ စံလှဘော် စိတ်မကောင်း ဖြစ်သွားရတယ်။ မြချစ်တို့သားအမိ ကျောင်းကို ဝင်ကြထွက်ကြပါစေတော့ဆိုတဲ့ အချက်ကလေး တစ်ချက်တည်းနဲ့ သူ ကျောင်းကခွာခဲ့တာ မဟုတ်လား။ ရွာနဲ့ ဆရာတော်အပေါ်မှာ သည်လောက်တာဝန်တွေ ပိသွားလိမ့်မယ်လို့ မထင်ခဲ့မိပဲကိုး။

အခုတော့၊ မြချစ်က သူ့ကို ဘယ်လို သဘောထားမှာပါလိမ့်။ မြချစ်ကို စံလှဘော် တွေ့ချင်လှပြီ။ ဦးဘော် ရေလို့ခေါ်ဦးမှာလား... ကြားချင်လှပြီ။

❐

## (၁၈)

"ဦးဘော်ရေ"

အဝေးက လှမ်းအော်လိုက်တဲ့အသံကြောင့် ကျောင်းနောက်ဖက် အမိုးကလေး သဲ ရေနွေးအိုးတည်နေတဲ့ စံလှဘော် ဘံစက်မြိတ်အပြင်ဘက် ထွက်လိုက်တယ်။ မြချစ်အသံ။ စံလှဘော် နတ်လမ်းဘက် မျှော်ကြည့်လိုက်တယ်။ ကျောင်းဝ



www.burmeseclassic.com

www.burmeseclassic.com



ကနေ လင်ပန်းကြီးတစ်ချပ်ရွက်လို့ ဝင်လာတဲ့ မိန်းကလေးတစ်ယောက်။ မြချစ် များလား။ ဟုတ်ပါ့။

"ဦးဘော်"

စံလှဘော် ပြေးထွက်သွားရမလား။ စုံရပ်နေရမလား။ သူက ချစ်ခင် မြတ်နိုးခဲ့တဲ့ မြချစ်။ သူ့အပေါ် စိမ်းစိမ်းကားကားရှိခဲ့တဲ့ မြချစ်။ စံလှဘော် ကျောင်းမှာရှိနေသရွေ့ ကျောင်းကို မလာတော့ဘူးဆိုတဲ့ မြချစ်။ မိခင်ကို အိမ် အရောက် ပွေ့ယူပြီး အသက်ကယ်ခဲ့တာတောင် ကျေးဇူးစကား မဆိုခဲ့သော မြချစ်။ ခုတော့ ဦးဘော်ရေတဲ့။ ခေါင်းပေါ်မှာလည်း လျှူဖွယ်တွေ တနင့်ကြီးနဲ့ မဖြစ်သေးပါဘူးလေ။

"မြချစ် လာပြီဟော့။ နင် လေးနေရော့မယ်"

စံလှဘော် နတ်လမ်းဆီကို အပြေးသွားတယ်။ မြချစ်က ရွက်ထားတဲ့ဗန်း ကို စံလှဘော်ခေါင်းပေါ် အတင်းထိုးပေးတော့ စံလှဘော်က ပြုံးပြုံးကြီး။ အခု တော့လည်း မြချစ်က အရင်လိုပါပဲလား။ မြချစ်မျက်နှာက ပြုံးသလိုလို တည်သလို လို။ မချိုမချဉ်မျက်နှာကလေးနဲ့ စံလှဘော်ကို အကဲခတ်နေတယ်။ စံလှဘော် က ခါတိုင်းလိုပဲ စကားတွေဖောင်လို့။

"မြချစ် ကျောင်းမလာတော့ဘူး ထင်နေသာဟ။ ငါကလည်း နင်တို့အိမ် မလာဝံ့ပေါင်ဗျာ၊ များလှချေလား။ ပဲပွဲစားလေး ရောက်နေသယ်ထင်သယ်"

စံလှဘော်က ရိုးရိုးပြောလိုက်တာပါ။ မြချစ်ကတော့ ရှက်သွားပုံရတယ်။ စံလှဘော် ကျောကိုထုတယ်။

"မြချစ်က လာကန်တော့သာပါ ဦးဘော်ရယ်။ ဆရာတော့်ကိုလည်း ကန်တော့မယ်။ ပြီးရင် ဦးဘော်ကိုလည်း ကန်တော့ရမှာလေ"

"အလိုဗျာ... ဦးဘော်ကို ကန်တော့စရာ မရှိပါဘူးအေ"

"ကန်တော့ရမှာပေါ့ ဦးဘော်ရယ်၊ မြချစ်တို့က သူတော်ကောင်း ဖြစ်မှာ မိတာကိုး၊ ကဗွီယသူတော်ကောင်းကြီး စော်ကားမိတာ မြချစ်တို့မှာ အပြစ်ရှိပါ သယ်၊ သည်တော့ ရှိခိုးဦးတင်ကန်တော့မှ အပြစ်ကျေမှာပေါ့ ဦးဘော်ရဲ့"

"ငါက ကျေပြီးသားပါ မြချစ်ကယ်။ တို့လို ဆင်းရဲသားများဟာ သည်လို ပါပဲ။ အချေခံရတာနဲ့ ကျေနှင့်ရသာချည်းပါဟာ"

"အဲသလို မပြောပါနဲ့ ဦးဘော်ရယ်။ မြချစ် စိတ်မကောင်းလိုက်သာတော်"

မြချစ်က မျက်ရည်ကလေး ဝိုင်းသွားတော့ စံလှဘော် မနေသာတော့ပါ ဘူး။ ပျာပျာသလဲ အရွှန်းဖောက်ရတော့တာပါ။



"နင့်ကိုပြောသာ မဟုတ်ပါဘူးဟ။ ဆင်းပြီဆိုရင် အလိုလိုနေရင်း အထု အထောင်းခံရပြီးသား။ အထောင်းခံရမှတော့ ကျေပြီပေါ့ဟ။ ငရုတ်ဆုံထဲ ထည့် ထောင်းတဲ့ ငရုတ်သီးကြည့်ပါလား။ ငါဖြင့် ပြောရင်းနဲ့တောင် စပ်လာပြီ"

မြချစ်က မျက်ရည်တွေနဲ့ပဲ စံလှဘော်ကျောကို အုန်းကနဲ တစ်ချက်ထုပြန် ရော။ သရက်ကင်းလှေကားက တက်ကြတော့ စံလှဘော်က ရှေ့က၊ မြချစ်က စံလှဘော် ခါးစဆွဲပြီး နောက်က။ ကျောင်းပေါ်ရောက်တော့ မြချစ်က ဆရာတော် ရှေ့ လှူဖွယ်တွေချပြီး ကန်တော့တယ်။ ဗန်းတစ်ချပ်နဲ့ သပ်သပ်ခွဲထားတဲ့ ပစ္စည်းတချို့နဲ့ စံလှဘော်ကို ကန်တော့တယ်။ ဆရာတော့်ရှေ့မှာ အကန်တော့ ခံရတဲ့ စံလှဘော်က ပြုံးတုံးတုံး ရှက်အမ်းအမ်းနဲ့။ မြချစ်က ဆုပေးဦးမှပေါ့ ကဗွီယကြီးရဲ့ဆိုတော့ ဆုမပေးတတ်ပြန်ဘူး။ ဆရာတော့်ရှေ့မှာဆိုတော့ ပိုဆို သာပေါ့။ သူ့ဘဝမှာ သည်လို တူတူတန်တန် အကန်တော့မခံခဲ့ဘူးတာကိုလည်း စံလှဘော် အမှတ်ထားမိသွားတယ်။

"အေးဟာ...မြချစ်၊ ငါ့နှမ ကန်တော့ရသောအကျိုးအားကြောင့် ရုပ်ပြစ် မှုစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါ ခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား..."

"ဦးဘော်ကလည်း အဲဒါ ဘုရားရှိခိုးဟာကို"

"ဟဲ့မှာပေါ့ဟ၊ အဲ ကျန်းမာချမ်းသာပါစေဗျား"

ပြီးတာနဲ့ စံလှဘော်က လှူဖွယ်ဗျပ်ကို မ,ပြီး အနောက်ဆောင်ကိုကူးလာ တော့ မြချစ်လည်း လိုက်လာတယ်။ မြချစ်က တောင်းပန်ချင်တာနဲ့ လိုက်လာ တာပါ။ စံလှဘော် ပစ္စည်းတွေသိမ်းနေတာကို စောင့်ကြည့်ရင်း စကားစရှာတယ်။ စံလှဘော်ကတော့ ပိုးဟပ်ရှာနေတာပါ။ တစ်ခါက မြချစ် ထဖက်တာကို ခုထိ သတိရတုန်း။

"ဦးဘော်"

"ဟော..."

"ဦးဘော် ကျောင်းက ဘာလို့ထွက်သွားသာလဲ။ ဘယ်သွားနေသာလဲ။ မြချစ် ကြားပါသယ်"

"မိဘများရွာ ရွှေလှေကျောင်းမှာပါဟာ"

"ရွှေလှေရွာမှာ ဦးဘော် ဘာလုပ်စားနေသာတုန်း"

"ကဗွီယလုပ်နေသာပေါ့ဟ၊ ငါ ဘာလုပ်တတ်သာမှတ်လို့"

"ကောင်းသာပေါ့ ဦးဘော်ရယ်။ ကုသိုလ်ရသာပေါ့။ ဘုရားရှိခိုး တရားရိုင် သံဃာရိုပ်က အေးမြပါဘိသနဲ့။ နေပါဦး ဦးဘော် မြချစ်ကို စိတ်မဆိုးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူးဟာ၊ စိတ်မကောင်းတော့ ဖြစ်မိသာပေါ့။ ဦးဘော်က တစ်သက် မန်ကျည်းစုက မခွာတော့ဘူး ထင်သာလေ။ တကယ်တော့ ဘယ်ဟုတ်မလဲ။ ကံကြမ္မာကနှင်ရင် လေလိုလွင့်ရသာမျိုးပါလားလို့ ဦးဘော် ဆင်ခြင်မိပါရဲ့"

"မြချစ်ကတော့လေ ဦးဘော်ကို ကျေးဇူးရှင်အဖြစ် သတ်မှတ်ပြီးပါပြီ။ အမေ့အသက်ကို ဦးဘော် ကယ်လိုက်သာ မှတ်လား။ အမေက သူတော်ကောင်း ကပွဲယကြီးကို အမေတို့ စော်ကားမိကြပြီတဲ့။ သွားကန်တော့လိုက်တဲ့"

"ငါက ခွင့်လွှတ်ပြီးသားပါဟာ။ တခြား ဘယ်သူ့ကိုမှ ဦးဘော် သည်းခံမှာ မဟုတ်ပေသိ မြချစ်ကိုတော့ ဦးဘော် သည်းခံသယ်။ စိတ်လည်း မဆိုးဘူး။ ဘာဖြစ်လို့လည်းဆိုတော့..."

စံလှဘော် ဘာစကားဆက်ရမှန်း မသိဘူး။ သူ့စကားကို သူလည်း ဘယ် စကား ဘယ်ရောက်မှန်းမသိဘူး။ သည်တုန်းမှာပဲ ပိုးဟပ်တစ်ကောင်က စံလှဘော် ကုပ်ပိုးထဲ တရွရွဝင်လာလေရဲ့။

"ဟ...မြချစ်၊ ဟ...မြချစ်၊ ပိုးဟပ်...ပိုးဟပ်"

စံလှဘော်က ကုပ်ပိုးထဲက ပိုးဟပ်ကို ခါထုတ်လိုက်တော့ မြချစ်အပေါ် လွင့်သွားရော။ မြချစ်က လန့်သွားပေမယ့် သည်တစ်ခါတော့ စံလှဘော်ကို သမဖက်တော့ပါဘူး။ ပိုးဟပ်ကို တဘက်နဲ့ရိုက်ချပြီး စံလှဘော်ကျောကို တစ် ချက် ထုလိုက်တယ်။ သည်လိုဆိုပြန်တော့လည်း စံလှဘော်မှာ ကြည်နူးဝမ်းသာ ရှိရပြန်ပါရော။

ရွှေလှေကျောင်းမှာ တစ်သက်နေရတော့မယ်ထင်ရာက ခုတော့ မန်ကျည်းရုံ ကို ရောက်ရပြီ။ မြချစ်တို့က တောင်းပန်ကြပြီ။ သည်ရွာ သည်ကျောင်းမှာ အရိုပ်ပြန်ခိုရပြီ။ မြချစ်မျက်နှာကလေးကို ခိုးကြည့်တော့ ကြည့်လို့လဲ မဝနိုင်ဘူး။ မဖြစ်နိုင်မှန်းသိပေမယ့် စံလှဘော် မြချစ်ကို မြတ်နိုးတာတော့အမှန်ပဲ။ စိတ်ကူး ကလေး ယဉ်မိတာလည်းအမှန်ပဲ။ နှစ်ဦးတစ်ဘဝ မဆုံရတောင်မှ မြချစ်ကို အရိပ် တကြည့်ကြည့် စောင့်ရှောက်ခွင့်ရရင် ကျေနပ်ပြီကိုး။ စံလှဘော်က မြချစ်ရဲ့မျက်နှာ ဝင်းဝင်းကလေးကို တစ်ချက်လှမ်းကြည့်တော့ မြချစ်နဲ့ မိသွားတယ်။ မြချစ်က ပြုံးပြတော့ စံလှဘော်ကလည်း ဘာမှန်းမသိ ပြုံးဖြီးဖြီးကြီး လုပ်ပြလိုက်တယ်။

မြချစ် ပြန်တော့ စံလှဘော်က ကျောင်းအောက်အထိ ဆင်းပို့တယ်။ သရက် ကင်း လှေကားအဆုံး ဖိနပ်ချွတ်ရောက်တော့ မြချစ်က တုန့်ခနဲရပ်ပြီး စံလှဘော် ကို မျက်နှာချင်းဆိုင်လိုက်တယ်။

"ဦးဘော်...မြချစ် အိမ်ထောင်ပြုတော့မယ်။ မြချစ်ကတော့ မပြုချင်သေး ပါဘူး ဦးဘော်ရယ်။ အမေက မိန်းကလေးဆိုသာ အရွယ်မလင့်ရဘူးတဲ့။ ပြီး တော့ မြချစ်ကို ဟိုလူကပိုး သည်လူကပိုးနဲ့ဆိုတော့ မတော်တရော်လူနဲ့ ဝါးလုံး ခင်း ဝါးခြမ်းနင်း ဖြစ်မှာစိုးသတဲ့။ မြချစ် လက်ခံလိုက်ပါသယ်။ အမေကလည်း အသက်ရရှာပြီ မဟုတ်လား"

မြချစ်စကားကြောင့် စံလှဘော် တုန်သွားရတယ်။ မြချစ်မျက်နှာကို လှမ်း ကြည့်တော့လည်း ခပ်အေးအေးပါပဲ။ စံလှဘော်က စကားလုံးခပ်ထွေးထွေးနဲ့ ပြန်မေးတယ်။

"မြချစ် အိမ်ထောင်ပြုတော့မယ်... ဟုတ်လား၊ ဘယ်သူနဲ့တုန်း မြချစ်၊ ရွာကလား"

"မြို့က ပဲပွဲစားကလေးနဲ့ပါ ဦးဘော်ရယ်။ ဟိုဘက်မိဘတွေက စကား ကမ်းတော့ အမေကလည်း ခွင့်ပြုသယ်"

"အေးဟာ... ကောင်းသာပေါ့"

ဒါပါပဲ။ မြချစ် ပြန်သွားတော့ စံလှဘော် နတ်လမ်းတစ်လျှောက် လိုက် ငေးနေမိတယ်။ မြချစ် အိမ်ထောင်ပြုတော့မှာပါလား။ အေးလေ သည်လိုပဲ ဖြစ် ရမှာပေါ့။ မြချစ်ရဲ့အိမ်ထောင်ဖက်ဟာ ကပွဲယတစ်ယောက် ဘယ်ဖြစ်နိုင်ပါ့မလဲ။ မြချစ်အမေပြောသလို မတော်မရော်ထဲက ဘယ်ဖြစ်နိုင်ပါ့မလဲ။ မြို့က ပဲပွဲစား လေးလို သက်တူရွယ်တူ တင့်တောင့်တင့်တယ်ထဲကပဲ ဖြစ်ရမှာပေါ့။ မြချစ် ခေါ်သွားတဲ့အထိ စံလှဘော် ရပ်နေမိတုန်း။

"အဖေ ဘာလုပ်နေသာတုန်း"

"မြချစ်ကို ကြည့်နေသာ၊ အဖေ့ကို လာကန်တော့သာကွ"

"အဖေ့ကို ကန်တော့တယ် ဟုတ်လား"

"အေးပေါ့ကွ...၊ သူတို့အထင်မှားမိသာကို ကန်တော့ပြီး တောင်းပန်သာ။ အဖေတို့ဘဝက သည်လိုကန်တော့ တောင်းပန်ခံရသာကပဲ ဂုဏ်မြင့်လှပါပြီကွာ။ မကောင်းပန်လည်း ခွင့်လွှတ်ကျေနပ်ကြရမယ့်သူတွေပါ။ ဘဝက နေရာချပြီးသား ပဲ ငါ့သားရဲ့။ အခုဟာကတော့ မြချစ်က အဖေ့ကို အပြီးအပိုင် ကန်တော့သွား သာပါကွာ"

စံလှဘော်မျက်နှာ ညှိုးမှိုင်းမှိုင်းကိုကြည့်ရင်း ဘောက်ဆွကနားမလည်နိုင် ဘူး။ အပြီးအပိုင် ကန်တော့တယ်ဆိုတာ ဘာပြောမှန်းမသိပေမယ့် အဖေ ဝမ်းနည်း နေမှန်းတော့ ဘောက်ဆွ အသိသား။ စံလှဘော်မျက်လုံးမှာ တစ်ခါမှ မမြင်ခဲ့ဘူး တဲ့ မျက်ရည်တွေ ဝေလို့လေ။

❐

www.burmeseclassic.com



## (၁၉)

ရွက်ကျင်ရွက်ဟောင်းတွေ တဖြုတ်ဖြုတ် ကြွေလွင့်တဲ့ ဆောင်းနှောင်းရာသီတောင် ရောက်လာခဲ့ပြန်ပြီ။ တစ်ကျောင်းလုံးလည်း သစ်ရွက်တွေက တင်းကြမ်း။ စံလှဘော်ကတော့ အားတိုင်း တံမြက်စည်းကိုင် လှည်းနေရတာပါ။ တံမြက်စည်းလှည်းနေတုန်း မိန်းမတစ်ယောက် ရောက်လာတယ်။ နွမ်းနွမ်းပါးပါး ကပိုကရိုနဲ့ပါ။ ဆံပင်တွေကလည်း ခြောက်လို့။ နှုတ်ခမ်းတွေကလည်း ကွဲလို့။ အင်္ကျီကလည်း ကြေးအထပ်ထပ်နဲ့။ ထဘီကလည်း အပွင့်တောင် မပေါ်တော့ဘူး။ မိန်းမက ကျောင်းဝင်းထဲ ဖိနပ်ချွတ်ဝတ်လာပြီး လူရိပ်သူရိပ်တွေ့လေမလားလို့ အကဲခတ်တယ်။ ကျောင်းဝမှာ ကစားနေတဲ့ ကိုရင်တွေ ကျောင်းသားတွေကို မေးနေတာလည်း ကျောင်းအောက် တိုင်လုံးကြီးတွေကြားက စံလှဘော် မြင်နေရတယ်။ ဆရာတော်ကြီး ကျိန်းနေချိန် ကျောင်းပေါ်တက်သွားမှာ စိုးတာနဲ့ စံလှဘော် တံမြက်စည်းကို ကျောင်းတိုင်ထောင်ခဲ့ပြီး လျှောက်လာခဲ့တယ်။ မိန်းမက စံလှဘော်ကိုတွေ့တော့ တုန့်ခနဲ ရပ်တယ်။

"ဘယ်သူနဲ့ တွေ့ချင်သာတုန်း"

"ဆရာတော်နဲ့"

"ဆရာတော် ကျိန်းနေသယ်။ ကိစ္စရှိလို့လား။ ဘယ်ရွာကပါလိမ့်။ မန်ကျည်းစုကတော့ ဟုတ်ဟန်မတူဘူး"

"မန်ကျည်းစုက မဟုတ်ပါဘူး။ ကျုပ်က ကောက်ဆွ အမေပါ။ သားနဲ့ တွေ့ချင်လို့။ ကျုပ်သား ကျုပ် ပြန်ခေါ်မလို့ပါ"

"ဗျာ..."

စံလှဘော် ရင်ထဲတုန်ခါသွားတယ်။ ကောက်ဆွ အမေတဲ့လား။ ကောက်ဆွကို ကလေးတွေကြားထဲ လှမ်းကြည့်တော့ မမြင်ဘူး။ သည်ကောင် ဘယ်ရောက်နေပါလိမ့်။ စံလှဘော်က ကောက်ဆွအမေကို သရက်ပင်ရိပ်ကို ခေါ်လာခဲ့တယ်။ ထိုင်ခိုင်းတယ်။ ကောက်ဆွအမေက သူ့သားပဲ တွေ့ချင်နေပုံရတယ်။ စံလှဘော်ကတော့ ကောက်ဆွအမေကို ကြည့်ပြီး စိတ်မချမ်းမသာတောင် ဖြစ်မိလေရဲ့။ သည်မိန်းမက ကောက်ဆွကို ပြန်ခေါ်မလို့တဲ့လား။

"ခင်ဗျားနာမည် ဘယ်သူတုန်း"

"မညွန့်ကြည်၊ ကျုပ်သား ကောက်ဆွ ဘယ်မှာတုန်း"

"ရှိပါသယ်၊ ရှိပါသယ်၊ နေစမ်းပါဦး။ ခင်ဗျား ကောက်ဆွကို ပြန်ခေါ်သွားလို့ ပထွေးနဲ့မတည့်ဘူးဆိုဗျ"



"အခု ကျုပ်ယောကျ်ား မရှိတော့ဘူး။ သေပြီ"

"ခင်ဗျားယောကျ်ား သေသာနဲ့ ကောက်ဆွနဲ့ ဘာဆိုင်လို့တုန်း။ ကလေးဘာ သည်မှာပျော်နေပြီဟာဗျာ၊ နေပါစေလား"

"ကျုပ်သား ကျုပ်လွမ်းလို့ လိုက်လာသာ၊ ကျုပ်မှာ ကလေးနှစ်ယောက်နဲ့ ကျန်ခဲ့သာ၊ အားကိုးစရာမရှိဘူး၊ ကောက်ဆွကို အားကိုးရမှာ"

"အခုမှ အားကိုးနေ၊ ဟမ်...ခင်ဗျားသားကို ပထွေးနှိပ်စက်တုန်းက ခင်ဗျားဘာလုပ်နေတုန်း... ဟမ်"

စံလှဘော်က မဆီမဆိုင် အော်လိုက်၊ ဟစ်လိုက်တော့ ကောက်ဆွအမေ လန့်သွားပုံပေါ်ပါရဲ့။ တအောင့်လောက်နေတော့ ကောက်ဆွ နောက်ဖေးချောင်ဘာ ပြေးထွက်လာတယ်။

ကိုရင်တွေ ကျောင်းသားတွေ သွားပြောပုံရတယ်။ ကောက်ဆွ ပုဆိုးတွေ ရေစိုနေပုံထောက်တော့ နောက်ဖေးချောင်မှာ ပန်းကန်ဆေးနေတာတူပါရဲ့"

"အမေ"

"ကောက်ဆွ ငါ့သား၊ အမေ မင်းကိုလာခေါ်သာ၊ မင်းပထွေးလည်း မရှိတော့ပါဘူး။ အမေနဲ့ ရွာပြန်လိုက်ခဲ့နော် သား"

"ကျုပ်က ကျောင်းမှာပဲ တစ်သက်လုံးနေတော့မှာဗျ။ ရွာပြန်မလိုက်ချင်ဘူး"

"ကောက်ဆွ...အမေ့ကို မသနားဘူးလား။ အမေ သားကို လွမ်းလွန်းလို့ လာခေါ်သာပါသားရယ်...။ ရွာမှာ ငဝက်တို့ မိကျေးတို့လည်းရှိသယ်။ သားညီလေးနဲ့ နှမကလေးလေ သားရဲ့"

ကောက်ဆွက မအေ့မျက်နှာကို ရှူးသိုးသိုးကြည့်တယ်။ မအေဖက်ထားတဲ့ကြားက ရုန်းထွက်တယ်။

"ငဝက်တို့ မိကျေးတို့က ပထွေးက မွေးသာ၊ ကျုပ် မချစ်ဘူး၊ အမေသာ ချစ်နေ"

"မဟုတ်သာ ကောက်ဆွရယ်၊ အမေ့လည်းကြည့်ပါဦး။ အမေ နေမကောင်းဘူး ကောက်ဆွရဲ့။ ငါ့သားကို အားကိုးရမှာ။ ရွာမှာလည်း ကျောင်းရှိသာပဲ၊ သားပျော်သလောက် အမေ သင်္ကန်းစည်းပေးမှာပေါ့"

"ကျုပ် ကိုရင် မဝတ်ချင်ဘူး။ ကပ္ပိယပဲလုပ်မှာ"

ကောက်ဆွက ပြောတော့ ကောက်ဆွအမေက မျက်လုံးပြူးသွားလေရဲ့။ စံလှဘော်ကိုလည်း လှမ်းကြည့်တယ်။ စံလှဘော်ကတော့ သည်သားအမိကို

www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ရင်း မဟာန်ပုံကို တွေးမိတယ်။ ဘာမှတော့ ဝင်မပြောဘူး။ ဆရာတော် ရှိသေးတာ မဟုတ်လား”

“ဘာပဲဖြစ်ဖြစ် မင်း အမေနဲ့ ပြန်လိုက်ခဲ့ရမယ် ကောက်ဆွ၊ ကြားလား”

“မလိုက်ဘူးဗျာ။ ကျုပ်မှာ အဖေရှိတယ်”

ကောက်ဆွက အဖေရှိတယ်ဆိုတော့ မညွှန့်ကြည်မျက်လုံးက စောစောက ထက် ပိုပြူးသွားတယ်။

“အလိုတော် ဘယ်ကအဖေတုန်း၊ မဟုတ်ကဟုတ်က ကောက်ဆွရယ်”

“အဖေ စံလှဘော်လေဗျာ၊ ကျုပ် မခွဲနိုင်ဘူး”

“စံလှဘော်၊ သည်ကပွဲယကြီးလား၊ ဟဲ့ သူက သူစိမ်းလေ၊ ငါက နင့်အမေ နင့်ကို ကိုးလလွယ် ဆယ်လဖွား အသက်နဲ့စက်မွေးခဲ့ရသာလေ ကောက်ဆွရဲ့”

သည်စကားလုံးတွေက စံလှဘော် နားထဲကို မီးကြိုးပစ်ချလိုက်သလို ဒင်းခနဲဝင်လာပြီး စံလှဘော် အသည်းနှလုံးကို ဒုတ်ဒုတ်ထိသွားသလိုပါပဲ။ အမေ...အမေ...အမေ။ အမေဆိုတာ ကိုးလလွယ် ဆယ်လဖွား အသက်နဲ့ စက်မွေးခဲ့ရတာတဲ့။ ဟုတ်သားပဲ။ စံလှဘော်ကို လူ့လောကထဲရောက်အောင် မွေးထုတ်ပေးခဲ့ပြီး အသက်ကို စွန့်ခွာသွားတဲ့ မမြင်ဖူးလိုက်တဲ့ အမေ့ ကျေးဇူး အမေ့ မေတ္တာ။ အမေ့ စက်ရိပ်။ စံလှဘော် တစ်ခါမှ မခံစားလိုက်ရဖူးဘူး သူတကာ အမေခေါ်လို့ ခေါ်စရာမရှိခဲ့တဲ့ဘဝ။

ကောက်ဆွမှာက အမေ ရှိတယ်။ ကောက်ဆွအမေကလည်း ရင်နဲ့လွယ် မွေးခဲ့ရတဲ့ သား။ အမေနဲ့ သား၊ သားနဲ့ အမေ။ သူက ဘာမှ သွေးမတော် သားမစပ်တဲ့ သူစိမ်း။

မအေက ဇွတ်ခေါ်၊ ကောက်ဆွကငြင်း၊ ဘေးမှာ စံလှဘော်က မျက်ရည်တွေနဲ့။ သည်တဒင်္ဂကလေးမှာပဲ စံလှဘော်အတွေးတွေ ဆောင်ဘင်ခတ်လို့။ သူ့ ငယ်ဘဝတွေ၊ မန်းကျည်းစုကျောင်းမှာ ကပွဲယဖြစ်လာပုံတွေ၊ မြချစ်ကို သူမြတ်နိုး ခဲ့ရတာတွေ၊ ကောက်ဆွကို သားတစ်ယောက်လို သံယောဇဉ် ခိုင်မာခဲ့ရပုံတွေ။

နောက်ဆုံးတော့ ကောက်ဆွခမျာ မအေ့နောက် ပါသွားရရှာတယ်။ ဆရာ တော်ကြီးက ကောက်ဆွကို မအေ့နောက် ထည့်ပေးလိုက်ပြီ။ စံလှဘော် ဘာမှ မတတ်သာတော့ပြီ။ ဆရာတော်ကြီး အမှာစကားတွေကိုလည်း မကြားတစ်ချက် ကြားတစ်ချက်။

“ကလေးမပျော်ရင် ပြန်ပို့လှည့်ချေ” တဲ့။

ကောက်ဆွအမေက ကောက်ဆွ အဝတ်ထုပ်ကလေးဆွဲလို့။ ကောက်ဆွ



က လှည့်ကြည့်လှည့်ကြည့်။ ကျောင်းဝရောက်တော့ ကောက်ဆွက လှမ်းအော် ခဲ့တယ်။

“အဖေ ကျုပ် ဆရာတော်ကြီးစကား နားထောင်ပြီး လိုက်သွားသာဗျ၊ ကျုပ်ပြန်လာမှာ၊ အဖေ ဘယ်မှမသွားနဲ့။ မန်ကျည်းစုမှာပဲနေ”

စံလှဘော် လက်လှမ်းပြရုံကလွဲလို့ ဘာစကားမှလည်း ထွက်လို့မရပါဘူး။ ကောက်ဆွတို့သားအမိ ကျောင်းဝက ကွယ်သွားတော့ စံလှဘော်လည်း သရက် ပင်း လေကားကြီးပေါ် စုံပစ်ချထိုင်လိုက်တယ်။ ဆရာတော် လေကားကဆင်း လာတော့ စိတ်ဆင်းရဲနေတဲ့ စံလှဘော်ကို တွေ့တယ်။ ဆရာတော်က စံလှဘော် ကို မငဲ့ပါဘူး။ သူ့မအေနဲ့သူ့သား ရင်အုပ်မကွာရှိရမှာကို တွေးပြီး ဆုံးဖြတ်လိုက် တာဆိုတော့ စိတ်ပြတ်တော်မူပြီးသားပါ။

“ငဘော်၊ သမုဒယများဟာ ဆင်းရဲခြင်းကို ဖြစ်စေသယ်။ သံသရာမှာ သမုဒယကြောင့် ဒုက္ခတွေများကြလှပြီ။ တရားနဲ့ဖြေ ကြားလား”

“တင်ပါ့ဘုရား”

အဲသည်ညက စံလှဘော် အိပ်မပျော်ပါဘူး။ ခါတိုင်း ဘေးမှာအိပ်နေကျ ကောက်ဆွကို ယောင်ယောင်စမ်းလား စမ်းနေမိရဲ့။ သည်အချိန်ဆို ကောက်ဆွ တစ်ယောက် သူ့မအေ၊ သူ့ညီ၊ သူ့နှမတွေနဲ့ ပျော်နေလောက်ရောပေါ့။ ကျောင်း ပြတင်းဝက တိုးဝင်လာတဲ့ ဆောင်းကြွင်းလေကလေးကိုတောင် အေးတယ်လို့ မထင်မိတော့ဘူး။ ယောက်ျားတန်မဲ့ ခေါင်းအုံးမှာ မျက်နှာအပ်ပြီး စံလှဘော် ငိုချ လိုက်မိတယ်။

မနက်လေးနာရီ အုန်းမောင်းထခေါက်တော့ ကောက်ဆွကို သတိရနေမိ လေရဲ့။

❒

## (၂၀)

တပေါင်း၊ တန်ခူး။ လေရူးနောက်ချိန်။

ကျောင်းဝင်း တစ်ဝင်းလုံး သစ်ရွက်ခြောက်တွေ ပြေးလွှားနေတာကို စံလှဘော် ငေးနေမိတယ်။ မနက်တိုင်း လှည်းကျင်းနေတဲ့ကြားက မနိုင်နိုင် အောင် ကြွေနေလိုက်ကြတာ။ တချို့အပင်တွေကတော့ ပုရစ်နုတွေ ထိုးကြပြီ။ နောက်နှစ်တွေမှာတော့ သည်ပုရစ်နုကလေးတွေ ရွက်ဝါအသွင်ပြောင်းပြီး ရွက် ခြောက် ကြွေကြလိမ့်ဦးမယ်။ သစ်ရွက်တွေကတော့ ကြွေပြီးရင် ရွက်နုပြန်ဆိုး

www.burmeseclassic.com



ကြတယ်။ လူတွေမှာတော့ ရွက်နုထိုးစရာ ငယ်ဘဝအသစ် မရှိတော့ပါလားလို့ တွေးမိတယ်။ သူ့ပဲကြည့်လေ။ မြချစ် မရှိတော့ဘူး။ မြို့ရောက်သွားပြီ။ မြချစ်ကို တောင်းရမ်းတဲ့နေ့က ထင်းခွဲ ရေခပ်တောင် သွားလုပ်ပေးခဲ့ရသေးတယ်။ ချစ်ရသူမျက်နှာတောင် ငေးစရာမရှိတော့တဲ့ဘဝ။ ကောက်ဆွ ပြန်သွားတာလည်း နှစ်လရှိပြီ။ မအေနဲ့ နေပျော်သွားပြီထင်ပါရဲ့။

"သူတို့ဘဝတွေနဲ့ သူတို့ပါလား။ ငါသာ ဘဝတွေ အငှားချနေချင်သာ။ ပိုင်နေချင်သာ။ တကယ်တော့ ငါသာ တစ်ယောက်တည်းနဲ့ ကျဉ်းကျပ်နေရသာပါလား"

စံလှဘော် တံမြက်စည်းဆွဲပြီး တစ်ကျော့ လှည်းပြန်တယ်။ ဆရာတော်ကြီးက စကြံလျှောက်ရာက ပြန်တက်မယ်အလုပ် ရပ်တော်မူလို့ ဆရာတော့်အနားသွားပြီး ဝတ်ဖြည့်လိုက်တယ်။ ဆရာတော် ဘာများခိုင်းချင်လို့ပါလိမ့်။

"ငဘော် ... မင်း ပဉ္စင်းဝတ်တော့၊ သင်္ကြန်ရက်ထဲ ရွာကလူတွေ ဒုလ္လဘဝတ်ကျတော့မှာ၊ မင်းပါရောပြီးဝတ်၊ ကြားလား"

စံလှဘော်က လက်အုပ်ချီတယ်။ ရဟန်းဘောင်တက်ဖို့ သူ့စိတ်နဲ့ အကြိမ်ကြိမ် ကြိုးစားဖူးပါရဲ့။ ဆရာတော်ကြီး ဆန္ဒလည်းပြည့်စေ၊ သူလည်း ဘဝအနည်ထိုင်စေဆိုတဲ့စိတ်နဲ့ပါ။ ဒါပေမယ့် သည်ရက်တွေထဲမှာ သည်စိတ်တွေ ချေဖျက်ပြီးသား ဖြစ်ရပြန်ရော။

"တပည့်တော် သင်္ကန်းမဝတ်သေးပါ ဘုရား။ ကပ္ပိယဘဝနဲ့ပဲ နေပါရစေဦး ဘုရား။ တပည့်တော် လူ့ဘဝနဲ့ လွမ်းစရာရှိသာ လွမ်းချင်သေးလို့ပါ ဘုရား"

ဆရာတော်ကြီးက ဘာမှဆက်မမိန့်တော့ဘဲ ကျောင်းပေါ်ကို တစ်လှမ်းချင်း တက်သွားတယ်။ စံလှဘော်က သူ့မျက်လုံးကို သူ့လက်ဖမိုးနဲ့ သုတ်တယ်။ မျက်ရည်စတွေနဲ့ကိုး။

**ခင်ခင်ထူး**

❐




၅၀၁၇၄၄၀၅၀၂

# ပါးကွက်ကျား

ဝတ္ထုတိုများ

ကျွန်မ ဝတ္ထုတိုများကတော့ သင်းပျံ့သည့် ရနံ့ရှိချင်မှ ရှိပါမည်။ ချစ်စရာကောင်းချင်မှ ကောင်းပါလိမ့်မည်။ သို့သော် ပါးပြင်ပေါ်က သနပ်ခါး ကွက်ကျားကလေးလို နေပူခံ၊ လေပူခံ၊ ချွေးစိုခံသည်ဆိုလျှင် ကျွန်မ ကျေနပ်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com




## ဆံရစ်ဝိုင်း

ရွှေဝတ္ထုတိုများ

(ဒုတိယအကြိမ်)

၅၀၀၃၀၆၀၃၀၇

"ငါ့မြေး နောက်နှစ် နွေရာသီ ရွာပြန်လာရင် ဆံရစ်ဝိုင်းလေး ပြန်ထားနော်၊ ငါ့မြေးရဲ့ ဆံရစ်ဝိုင်းကလေးက ငါဟာ ဗမာမကလေး လို့ ပြောနေသာကွယ့်"



## ဈေးခြင်းတောင်း

ဝတ္ထုတိုများ

(ဒုတိယအကြိမ်)

၅၀၀၈၀၁၀၅၀၈

ကျွန်မကိုယ်တိုင် ဈေးဆိုင်ထိုင်ကာ ဈေးမရောင်းဖြစ်ခဲ့သော်လည်း နေ့စဉ်ဈေးဝယ်ခြင်းအလုပ်ကို လုပ်နေရသော အိမ်ရှင်မတစ်ယောက်မို့ ဈေးနှင့်တော့ စိမ်းနေချင်လို့ မရခဲ့ပါ။ သည်အတွေ့အကြုံများထဲက တစ်ချို့ကို ကျွန်မ ဝတ္ထုတိုကလေးများ ရေးဖွဲ့ထားခြင်း ဖြစ်ပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





# ဝတ်လဲတော်ပုဆိုး တန်းထိုးလို့ကြိုမယ်

(ဒုတိယအကြိမ်)

၅၀၀၀၆၈၀၉၀၇

အရိုးခိုက်အောင် စွဲလမ်းကြသည့် ကျေးလက် နတ်ယုံကြည်မှု ဓလေ့များနှင့် ရောနှောကာ ကျွန်မ၏ ဝတ္ထုကို အညာဓလေ့ အညာငွေ့ပါအောင် ကျွန်မကြိုးစားထားခြင်း ဖြစ်ပါသည်။ သည့်အတွက် ချစ်သော စာဖတ်ပရိတ်သတ်များ နှစ်သက်နိုင်ကြလိမ့်မည်ဟု ကျွန်မ မျှော်လင့်မိပါသည်။



# ကြာဆစ်ကြိုး

မဂ္ဂဇင်းဝတ္ထုရှည်များ

(ဒုတိယအကြိမ်)

၅၀၀၅၇၆၀၅၀၉

ကျွန်မနှင့် ကျွန်မပတ်ဝန်းကျင်မှာ ထိစပ်ရသမျှ ဘဝအတွေ့တွေ့ကို ရိုးတံသဖွယ်ထား၍ ထိုဘဝများထဲမှာ အမှတ်ထင်ထင်ရှိရသော အဖြစ်အပျက်များကို ကြာဆစ်ကလေးတွေလို ချိုးရင်းရေးဖြစ်ရသော ဝတ္ထုများဟု ဆိုချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





# လှည်းယဉ်ကြော့

(ဝတ္ထုတိုများ)

၅၀၀၅၄၁၀၄၀၉

ကျွန်မမြတ်နိုးနှစ်သက်သော ကျေးလက်၏နိမိတ်ပုံ လှည်းယဉ်ကြော့ကလေးကို စာဖတ်ပရိသတ်၏ ရင်ထဲအရောက် ချူကုံးသံ ဘလွှင်လွှင်နှင့် ဆောင်ခွင့်ကို ရွယ်စေလိုက်ပါပြီ။




# ပဲသင်းကောက်

(အညာဓလေ့၊ ရွာဓလေ့)

ဝတ္ထုတိုများ

၄၀၀၃၉၄၀၃၀၈

အချို့၊ အချို့ ရပ်ဓလေ့၊ ရွာဓလေ့တွေက ပဲသင်းကောက် ရသလို ကောက်နေကြရပြီ။ သို့သော် အညာကျေးလက်တိုင်းလိုလိုမှာ သည်ဓလေ့တွေ ရှိပါသေးသည်။ မြန်မာလူမျိုးများ၏ ရိုးသားဖြူစင်သော လူနေမှုဘဝပုံစံများထဲက အလှတရားများအဖြစ် တွေ့ရဆဲရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com




# အညာသူအညာသား ကျွန်မဆွေမျိုးများ

(တတိယအကြိမ်)

၅၀၁၂၇၂၀၈၀၉

သည်ဆွေမျိုးများနှင့် ထိရင်းစပ်ရင်း၊ နေရင်းထိုင်ရင်း၊ ဆော့ရင်းကစားရင်း၊ ပဲဆွတ်ရင်း၊ မြေပဲနှုတ်ရင်း၊ နွားကျောင်းရင်း၊ ခဲထုရင်း ကြီးပြင်းခဲ့ရသည်။

ကျွန်မငယ်ဘဝကို စောင့်ရှောက်ခဲ့ကြသည့် ဆွေမျိုးများ၏ ကျေးဇူးက ကြီးမားလှပါသည်။




# ရက်ကန်းလွန်း

ဝတ္ထုတိုများ

(ဒုတိယအကြိမ်)

၅၀၀၀၇၆၀၁၁၀

အမြဲတန်းဘဝအမောများဖြင့် ပြေးလွှားရုန်းကန်နေကြရသော အညာကျေးလက် လူနေမှုဘဝများနှင့် ပုံရိပ်များကို လွန်းဆံကလေးနှင့် ခိုင်းနှိုင်းချင်၍ ဖြစ်ပါသည်။ ပြေးရင်းလွှားရင်း အကွက်အသွေး အရောင် အဆင်ကျအောင် ပုံဖော်ရသည့် လွန်းကလေးများကို ကျွန်မလေးစား အားကျမိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၅၀၀၈၄၃၀၆၀၉

## ပန်းကြာဝတ်မှုန်

(ဒုတိယအကြိမ်)

၁၉၈၀ ပြည့်လွန်ကာလများအတွင်း မန္တလေးတက္ကသိုလ်နောက်ခံ ဝတ္ထုရှည်ကြီးတစ်ပုဒ်။

မတူညီသောဘဝနှစ်ခုနှင့် မတူညီသော ဘဝနှစ်နေရာတွင် ရပ်တည်နေကြသော ချစ်သူ(သို့မဟုတ်) သူငယ်ချင်းနှစ်ဦး၏ပုံရိပ်။



၅၀၀၅၀၀၀၅၁၀


## မအိမ်ကံ

"အရှုံးဆိုသာ အပြစ်ရှိမှ ရှုံးသာမဟုတ်ဘူး…
အပြစ်မရှိဘဲနဲ့လည်း ရှုံးသာရှိသယ်…
မိန်းကလေးဆိုတာ သတိကြီးကြီးထားရသယ်…
အရှုံးရဲ့နောက်မှာ မီးပွားတွေပါလာတတ်သယ်…
မီးပွားဆိုတာ အမှိုက်တောင်းလည်း လောင်နိုင်သယ်…
ရွှေနန်းတော်ကြီးလည်း လောင်နိုင်သယ်"

မအိမ်ကံ

www.burmeseclassic.com

www.burmeseclassic.com



# ဖက်စိမ်းကွမ်းတောင်

ရွှေဝတ္ထုတိုများ

(စတုတ္ထအကြိမ်)

၅၀၁၅၀၃၁၀၀၉

လှပသော ဖက်စိမ်းကွမ်းတောင်တစ်လက်ဖြစ်ဖို့ ကျွန်မကိုယ်တိုင်တတ်ကျွမ်းသမျှ အားထုတ်ကြိုးပမ်းကြည့်ခြင်းဟု ဆိုနိုင်ပါသည်။ ကျွန်မ ဖက်စိမ်းကွမ်းတောင်ကလေးကို အလှူတော်မဏ္ဍပ်သို့ ပို့လိုက်ခြင်းသာ ဖြစ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com